www.burmeseclassic.com

# ဝင်းကြွယ်

ကင်းဆိပ်စား

အသစ်စက်စက်သုံးအုပ်တွဲသိုင်းစာစဉ်



www.burmeseclassic.com

www.burmeseclassic.com

## တက္ကသိုလ် ဝင်းကြွယ်

# ကာင်းဆိပ်ဝား

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် – ၅၀၀၀၂၈၀၁၀၇
မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၀၅၂၀၁၀၇

၂၀၀၇ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/– ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချို့တေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**နိုင်ငံတော်၏ အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com

ကင်းဆိပ်မား။

သိုင်းလောကတွင် မှီတင်းနေထိုင်ကြသူ အားလုံး နာမည်နစ်ခုကို ကြားလိုက်သည်နှင့် စိုးရိမ်ထိတ်လန့်ခြင်း၊ စိတ်ဝင်စားခြင်း၊ ရှိသေခြင်း၊ မက်မောခြင်း စသည် စသည့် ခံစားချက်ပေါင်းများစွာ ဖြစ်ပေါ်လာလေ့ရှိလေသည်။

သိုင်းလောက၌ မသိသူ မရှိသလောက် ကျော်ကြားသော နာမည်နှစ်ခုအနက် တစ်ခုမှာ လူတစ်ယောက်၏ အမည်ဖြစ်ပြီး ကျန်တစ်ခုမှာ ဓားတစ်လက်၏အမည် ဖြစ်ဖြစ်လေသည်။

သိုင်းဂိုဏ်းစုံ၊ သိုင်းပညာစုံဖြင့် အုံ့မှုယ်အပုံပုံ ရှိနေသော သိုင်းလောက၌ မည်သူတစ်ဦးတစ်ယောက်မျှ ရင်ဆိုင်ယှဉ်ပြိုင်နိုင်ခြင်း မရှိအောင် သိုင်းပညာနှင့် ပတ်သက်လာလျှင် အတော်ဆုံး အထက် မြက်ဆုံး တေဒဂ်ဘွဲ့ထူးပိုင်ရှင် သိုင်းလောကရှိ အဖြူ၊ အနက် သိုင်းပေါင်းစုံ၊ ဂိုဏ်းပေါင်းစုံ ဦးညွှတ်ရသည့် သိုင်းသမားကြီးမှာ လောကပါလ သိုင်းသမားကြီး ဗိုင်မုရှောင် ဖြစ်လေသည်။

သိုင်းလောကတစ်ခွင်မှ ထူးခြားထက်မြက်လှသည်ဆိုသော ဓားလုံ၊ လက်နက်ကိရိယာ အမျိုးမျိုးထက် ပို၍ထက်မြက်မှုရှိပြီး လက်နက်ထိပ်ခေါင် သရဖူဆောင်းနိုင်သည်မှာ "ကင်းဆိပ်ဓား" ဖြစ်သည်။

လောကပါလ သိုင်းသမားကြီးဗိုင်မုရှောင်နှင့် ထိပ်ခေါင်သရဖူ

www.burmeseclassic.com



ကင်းဆိပ်ဓားတို့သည် သိုင်းလောက၏ အထင်ကရ မော်ကွန်း မှတ်တိုင်များ ဖြစ်ပေသည်။

❖ ❖ ❖

လောကပါလသိုင်းသမားကြီး ပိုင်ဖုရှောင်သည် သိုင်းလောက၌ နှစ်ပေါင်းများစွာ ကျင်လည်ကျက်စားခဲ့သည်။

သိုင်းလောကတစ်ခွင် အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာသို့ ရောက်ခဲ့သည်။

မြေပြန့် တော်ပေါ် နယ်ခြား ပင်လယ်ထဲမှ ကျွန်းများ စသည် စသည်ဖြင့် မရောက်သည့်နေရာမရှိ။ ခြေရာချင်းထပ်အောင် ရောက်ရှိခဲ့သည်။

မိုးအဆုံး မြေအဆုံးသွားကာ သူ၏သိုင်းစွမ်းရည်ကို ပြသနိုင်ခဲ့သည်။

မိုးအောက် မြေပြင် ရှိရှိသမျှ သိုင်းသမားအားလုံးနှင့် အချေခင်ပွန်း ဖွဲ့နိုင်ခဲ့သည်။ အများအကျိုး၊ တိုင်းပြည်အကျိုးကို သိုင်းပညာဖြင့် သည်ပိုးဆောင်ရွက်ခဲ့သည်။

လောကပါလ သိုင်းသမားကြီး ပိုင်ဖုရှောင်အား အဖြူရောင်သိုင်းသမားများသာမက အနက်ရောင်သိုင်းသမားများကပါ လေးစားကြည်ညိုကာ ဦးညွှတ်ကြလေသည်။

လောကပါလ သိုင်းသမားကြီး ပိုင်ဖုရှောင်သည် အများအကျိုး၊ တိုင်းပြည်အကျိုး၊ သိုင်းလောကအကျိုး သည်ပိုးဆောင်ရွက်ရာ၌ မကောင်းသူပယ်၊ ကောင်းသူကယ်ခဲ့သော်ငြားလည်း အနှောင့်အယှက်ဖြစ်နေသည့် အနက်ရောင်သိုင်းသမားများအပေါ် ထားရှိသည့် စိတ်ထားကား အံ့ဩလေးစားလောက်အောင် စံပြဖြစ်ခဲ့လေသည်။



အနက်ရောင်သိုင်းသမားများအား နားချသည်၊ စည်းရုံးဖျောင်းဖျသည်၊ လိမ္မာယဉ်ကျေးအောင် သွန်သင်ဆုံးမသည်၊ သိုင်းစွမ်းရည် မြင့်မားလာသည့်တိုင် နိုင်လိုမင်းထက် သဘောမျိုး ဘယ်တော့မှ မလုပ်ဘဲ နှိပ်ချသောစိတ်ထားဖြင့် လူကောင်းများဖြစ်လာအောင်၊ အကျိုးပြုသိုင်းသမားများဖြစ်လာအောင် ကြိုးပမ်းခဲ့လေသည်။

လောကပါလသိုင်းသမားကြီး ပိုင်ဖုရှောင်နှင့် ရန်ဘက်များသဖွယ် တွေ့ဆုံပြီးသည့် နောက်ပိုင်း လူကောင်း သူကောင်းဖြစ်သွားသော အနက်ရောင်သိုင်းလောကသား အများအပြား ရှိခဲ့လေသည်။

ထို့ကြောင့်လည်း အများပြည်သူနှင့် အဖြူရောင်သိုင်းသမားများ၏ ရိုသေလေးစားမှု ခံယူနိုင်သည်သာမက အနက်ရောင်သိုင်းလောကသားများ၏ ယုံကြည်ကိုးစားခြင်း၊ ကြည်ညိုလေးစားခြင်းကိုပါ ခံယူနိုင်ခဲ့ခြင်း ဖြစ်လေသည်။

လောကပါလသိုင်းသမားကြီး ပိုင်ဖုရှောင်သည် သိုင်းလော[illegible] နှစ်ပေါင်းများစွာ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပြီးနော[illegible] အသက်အရွယ် ကြီးရင့်လာသောအခါ သိုင်းလောမှ အေးချမ်းစွာ[illegible] အနားယူသွားခဲ့လေသည်။

ပိုင်ဖုရှောင်သည် သိုင်းလောကမှ အနားမယူမီ သူ၏ပညာ တိမ်မြုပ်မသွားရလေအောင် အကျိုးပြုသိုင်းသမားတစ်ယောက်ကို မျိုးဆက်သစ်အဖြစ် ပညာကုန်အမွေပေးခဲ့လေသည်။

ပိုင်ဖုရှောင်သည် သူ၏ပညာ အမွေဆက်ခံသူ အကျိုးပြုသိုင်းသမား လူငယ်လေးအား နန်းတွင်းသို့တိုင် ကိုယ်တိုင်ခေါ်သွားကာ အပ်နှံပေးခဲ့လေသည်။

နန်းတွင်းမှလည်း ပိုင်ဖုရှောင်အား ဂုဏ်ထူးဆောင်သိုင်းသမားကြီးဘွဲ့ထူး ပေးအပ်ထားသည်ဖြစ်ရာ ပိုင်ဖုရှောင်၏ ပညာအမွေ

www.burmeseclassic.com



ဆက်ခံထားသော လူငယ်လေးကိုလည်း နန်းတွင်း အထူးသိုင်းသမားရာထူး ပေးအပ်ပြီး သိုင်းလောကမှ ပြဿနာများကို ဖြေရှင်းရန် တာဝန်ပေးခဲ့လေသည်။ ထိုလူငယ်သိုင်းသမားလေးမှာ ...

❖ ❖ ❖

လောကပါလသိုင်းသမားကြီး ပိုင်ဖုရှောင်နှင့်အပြိုင် ထင်ရှားခဲ့သော ကင်းဆိပ်ခါး ပေါ်ပေါက်လာပုံမှာလည်း ထူးခြားလှသည်။

သိုင်းလောက၌ ထင်ရှားသော "နဂါးနှင့်ကျား" သိုင်းသမားနှစ်ယောက်အနက် "မြောက်ပိုင်းကျား ပေ့ဟူ"သည် ရှေးဟောင်းရာဇဝင်တစ်ခုကို အခြေခံကာ ရှေးဟောင်းရတနာများကို လိုက်ရှာရင်း မမျှော်လင့်ဘဲ ကြုံဆုံခဲ့ရခြင်း ဖြစ်လေသည်။

ရေခဲများဖုံးလွှမ်းနေသော မြောက်ဘက်တောင်တန်းဒေသတွင် ခဲ့ မိုးမဖြတ်နိုင်အောင် ဆေးဖက်ဝင်သည့် "နှင်းတောင်ကြာပန်း" နှစ်တစ်ရာ မသွေးသောမှို"အစရှိသည့် ဆေးအမြုတေရတနာများ ရှားရှားပါးပါး ရှိနေသကဲ့သို့ အဖိုးတန်ကျောက်မျက်ရတနာများဖြင့် ပြည့်နှက်နေသော ရှေးဟောင်းမျိုးနွယ်စုတစ်စု၏ သင်္ချိုင်းဂူကြီးတစ်ခုလည်း ရှိနေကြောင်း သတင်းကြီးလေသည်။

မြောက်ပိုင်းကျားပေ့ဟူက ရှေးဟောင်းမျိုးနွယ်စု၏ ရတနာသိုက် သင်္ချိုင်းဂူကြီးကို လိုက်လံရှာဖွေရင်း ရေခဲတောင် တစ်နေရာတွင် အလွန်ကြီးမားသည့် လိုဏ်ဂူကြီးတစ်ခုအား ရှာဖွေတွေ့ရှိခဲ့လေသည်။

ထိုလိုဏ်ဂူကြီးအတွင်းသို့ စွန့်စားဝင်ရောက် စစ်ဆေးခဲ့ရာ သူလိုက်ရှာနေသော ရှေးဟောင်းမျိုးနွယ်စု၏ သင်္ချိုင်းဂူကြီးဖြစ်ကြောင်း သိရလေသည်။

သို့သော်



မြောက်ပိုင်း ကျားပေ့ဟူသည် ရှေးဟောင်းသင်္ချိုင်းဂူကြီးထဲမှ အဖိုးတန်ရတနာ တစ်ခုတစ်လေမျှ မရရှိခဲ့ဘဲ အသက်လု ထွက်ပြေးခဲ့ရသည်။

သင်္ချိုင်းဂူကြီးထဲ၌ အလွန်ကြီးမားသော ကင်းခြေများကြီး၏ အန္တရာယ်ကြောင့် ဖြစ်သည်။

ကင်းခြေများကြီး၏ မျက်လုံးများမှာ နီရဲကာ အလွန်ကြီးမားသည်။

ပေခြောက်ဆယ်ခန့်အရှည်ရှိကာ ထူထဲမာကျောသောအကြေးခွံကြီးများ ဖုံးအုပ်ထားသည်။ နောက်ကိုယ်လုံးပတ်မှာ အိမ်စာစ်လုံးနီးပါးရှိသည်။

ထိုကမ္ဘာဦး ကင်းခြေများကြီးသည် ရှေးဟောင်းသင်္ချိုင်းဂူထဲမှ ရတနာပစ္စည်းများအားလုံးကို စားသောက်ဝါးမြိုခဲ့သည့်အပြင် ဂူထဲဝင်လာသမျှ လူနှင့် တိရစ္ဆာန်အားလုံးကိုလည်း အလွတ်မပေးဘဲ မလွတ်တမ်းဖမ်းယူစားသောက်ပစ်လေသည်။

မြောက်ပိုင်း ကျားပေ့ဟူနှင့်အတူ ရတနာရှာဖွေသည့် ခရီး၌ လိုက်ပါသွားကြသော ဒေသခံလမ်းပြနှင့် အထမ်းသမားများမှာ ကင်းခြေများကြီး၏ ဖမ်းဆီးစားသောက်ခြင်းခံခဲ့ကြရပြီး မြောက်ပိုင်းကျားပေ့ဟူ တစ်ယောက်သာလျှင် ကံကောင်းထောက်မကာ လွတ်မြောက်လာခဲ့ခြင်းဖြစ်လေသည်။

မြောက်ပိုင်း ကျားပေ့ဟူသည် အသက်လုထွက်ပြေးခဲ့ရပြီးနောက် အိမ်ပြန်ရောက်လျှင် အပြင်းဖျားကာ ခြောက်လလုံးလုံး အိပ်ရာထဲ လဲလေတော့သည်။

အိပ်ရာထဲလဲနေချိန်၌ ရှေးဟောင်းသင်္ချိုင်းဂူကြီးနှင့် ကင်းခြေများကြီးအကြောင်းကို ကယောင်ကတမ်း ပြောဆိုခဲ့ရာမှ တစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



စကား တစ်ဆင့်နားပေါက်ကြားကာ သိုင်းလောကသားများ သိရှိသွားခဲ့ခြင်းဖြစ်သည်။

ရှေးဟောင်းသချိုင်းဂူကြီးနှင့် ကင်းခြေများကြီးအကြောင်း လူတိုင်းပါးစပ်များ၌ ရေပန်းစားခဲ့လေတော့သည်။

ထို့အပြင်

ရှေးဟောင်းဂူနှင့် ကင်းခြေများကြီးအကြောင်း၌ ရှေးဟောင်းဓားတစ်လက်အကြောင်းလည်း ပါဝင်လာလေသည်။

ကင်းခြေများကြီးသည် ဂူကြီးထဲသို့ဝင်ရောက်လာသော သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံးကို ဖမ်းဆီးဝါးမျို စားသောက်ပစ်ခဲ့သော်လည်း ဓားတစ်လက်ကိုမူ ဝါးမျိုစားသောက်ခြင်း မပြုနိုင်ခဲ့ပေ။

ကင်းခြေများကြီးသည် အခဲမကျေစွာ ထိုဓားကိုကိုက်ဖဲ့ ဝါးမျိုလိုက် ပြန်ထွေးထုတ်လိုက် တစ်ချိန်လုံးလုပ်နေခဲ့သည်ကို မြောက်ပိုင်းကျားပေ့ဟူ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပေသည်။

ထိုဓားသည် ရှေးဟောင်းမျိုးနွယ်စု၏ အရှင်သခင် ကိုင်ဆောင်သော ဓားကောင်းရတနာ ဖြစ်ဟန်တူသည်။

ထို့ကြောင့်လည်း အလွန်ကြီးမားလှသည့် ကင်းမြီးကောက်ကြီး ကိုက်ဖဲ့ဝါးမျို စားသောက်၍ မရနိုင်အောင် ဖြစ်ခဲ့ဟန်တူသည်။

ကင်းမြီးကောက်ကြီးမှာ အဆိပ်ပြင်းထန်လွန်းရကား သူအကြိမ်ကြိမ် ကိုက်ဖဲ့ ဝါးမျိုခဲ့သော ဓားရတနာကိုလည်း အဆိပ်ခြင်းစီရင်သကဲ့သို့ ရှိခဲ့၏။

ထိုဓားသည် ဖျက်ဆီးမရနိုင်သော ဓားရတနာဖြစ်ခဲ့ရုံမက အဆိပ်ဖြင့် စီရင်ထားသော ဓားရတနာတစ်လက်အသွင် ဆန်းပြားသော သတ္တိထူးများ ကိန်းအောင်းသွားလေတော့သည်။

မြောက်ပိုင်း ကျားပေ့ဟူ၏ ကယောင်ကတမ်း ပြောဆိုခဲ့



သော စကားများကြောင့် ရှေးဟောင်းသချိုင်းဂူကြီး၊ ကင်းခြေများကြီးနှင့် ဓားရတနာအကြောင်း ပေါ်ပေါက်လာခဲ့ရာမှ ကင်းခြေများကြီး၏ အဆိပ်စီရင်ထားသော ကင်းဆိပ်ဓားသည်လည်း လောကပါလ သိုင်းသမားကြီး ပိုင်ဖုရှောင်နှင့် ပခုံးချင်း ယှဉ်နိုင်အောင်ပင် ထင်ရှားကျော်ကြားခဲ့လေတော့သည်။

❖ ❖ ❖

ရေခဲတောင်များနှင့် ဖုံးနေသော တောတောင်များ ဖုံးလွှမ်းထားသည့် မြောက်ပိုင်းဒေသ၏ ရာသီဥတုမှာ ထူးခြားဆန်းကျယ်လှပေသည်။

ရာသီဥတု ကြည်လင်သာယာနေရာမှ ရုတ်ခြည်းဆိုသလို နှင်းမုန်တိုင်း ကျရောက်လာသည့်သဘောမျိုးရှိသည်။ မကြာခဏ တောင်ပြိုကျခြင်းများလည်း ဖြစ်ပေါ်လေ့ရှိရာ မြေပထဝီအနေအထားကို ခန့်မှန်းရန် ခက်ခဲလှသည်။

အရိုးကွဲမတတ် အေးစိမ့်မှုက တစ်ရှိန်ထိုးလွှမ်းမိုးထားပြီး အစာရေစာ ရှားပါးလှသည်ဖြစ်ရာ ရေခဲတောင်တန်းကြီးပေါ်၌ လူသူကျင်လည်ကျက်စားရန် မဖြစ်နိုင်လောက်အောင်ပင်။

ကင်းဆိပ်ဓားကို စိတ်ဝင်စားခဲ့ကြသော သိုင်းလောကသားများသည် မြောက်ပိုင်းရေခဲတောင်တန်းသို့ သွားကာ ရှေးဟောင်းဂူကြီးအား ရှာဖွေခဲ့ကြလေသည်။

သို့သော်

ကင်းဆိပ်ဓားကို ရဖို့မဆိုထားနှင့် ရေခဲတောင်တန်းပေါ်မှပင် ပြန်မလာနိုင်ကြတော့ဘဲ သွားရောက်ရှာဖွေသူတိုင်း ပျောက်ချင်းမလှ ပျောက်ကွယ်သွားခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အလွန်အန္တရာယ်များလှသည်ဖြစ်၍ ကင်းဆိပ်ခေါင်းအကြောင်း စိတ်ဝင်တစား ပြောဆိုကြသော်လည်း နောက်ပိုင်းတွင် သွားရောက်ရှာဖွေဖို့ လက်တွန့်သွားပြီး သိုင်းလောက ဒဏ္ဍာရီတစ်ခုအဖြစ်သာ ရှိခဲ့တော့သည်။

လောကပါလသိုင်းသမားကြီး ပိုင်ဖုရှောင် သိုင်းလောကမှ အနားယူသွားခဲ့သည်။

ကင်းဆိပ်ခေါင်းသည် ဒဏ္ဍာရီပုံပြင်တစ်ပုဒ်အလား ဖြစ်သွားသည်။

သို့ဖြင့် နှစ်ပေါင်းအတော်ကြာသွားပြီး လောကပါလ သိုင်းသမားကြီး၏ ပညာအမွေဆက်ခံနိုင်ခဲ့သော မျိုးဆက်သစ် သိုင်းသမားလူငယ်တစ်ဦး ထွက်ပေါ်လာခဲ့သည်။

လောကပါလသိုင်းသမားကြီးပိုင်ဖုရှောင်နှင့် အပြိုင်ထင်ရှားခဲ့သည့် ကင်းဆိပ်ခေါင်း၏ သတင်းအသစ်အဆန်းများသည်လည်း ပခုံးချင်းယှဉ်ကာ အပြိုင်အဆိုင် ထွက်ပေါ်လာပြန်လေသောအခါ ...

နှစ်အတန်ကြာ အေးချမ်းနေခဲ့သော သိုင်းလောကမှာ လှုပ်ရှားသက်ဝင်၍ လာလေတော့သည်။

❖ ❖ ❖

## ပြဿနာအစ

စီးရှမ်းမြို့။

စီးရှမ်းမြို့သည် အနောက်နယ်၏ ထင်ရှားသော မြို့ကြီးတစ်မြို့ ဖြစ်လေသည်။

စီးရှမ်းတစ်မြို့လုံး နှင်းမှုန်များ နှင်းပွင့်များက ဖုံးလွှမ်းထားသဖြင့် မှုန်ဝါးဝါး ဖြစ်နေသည်။

နေဝန်းနီနီသည် အနောက်ဘက်တွင် ပုန်းကွယ်ငုပ်လျှိုးသွားချေပြီ။

အလင်းမပျောက်တစ်ပျောက် မှောင်ရိပျိုးစ အအေးဓာတ်က လွှမ်းခြုံထားလိုက်သည်။

တစ်ချက်တစ်ချက် မြောက်ပြန်လေများကလည်း တဟူးဟူး မြည်ကာ တိုက်ခတ်လာလျှင် နှင်းမှုန်များ လေထဲပလူပျံသွားတော့သည်။

အရိုးကွဲမတတ်သော အေးစိမ့်မှုသည် ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံထားပြီး အအေးဓာတ်နှင့် မစိမ်းသော ဒေသခံများသည်ပင် အပြင်ထွက်လျှင် အနွေးထည်ထူထူ ဝတ်ကာ သွားလာရအောင်ပင် ...

ထိုအချိန်တွင် ...

"ခွပ်ခွပ် ... ခွပ်ခွပ် ..."

"ခွပ်ခွပ် ... ခွပ်ခွပ် ..."

www.burmeseclassic.com

www.burmeseclassic.com



မြင်းစီးသမားနှစ်ယောက်သည် သန်မာထွားကျိုင်းလှသော မြင်းညိုကြီးနှစ်ကောင်ကို အသားကျစီးနင်းရင်း စီးရှမ်းမြို့ထဲသို့ ဝင်ရောက်လာကြလေသည်။

ထိုမြင်းစီးသမားနှစ်ယောက်သည် ရပ်ဝေးမှ လာခဲ့ကြပုံရှိပြီး မိုးမချုပ်မီ စီရှမ်းမြို့သို့ ရောက်အောင် ခရီးပြင်းနှင်လာခဲ့ကြောင်း ထင်ရှားနေ၏။

ဤမျှအေးစိမ့်နေသော အချိန်တွင် မြင်းစီးသမားနှစ်ဦးစလုံး ချွေးများစိုရွှဲနေသည့်အပြင် သူတို့စီးနင်းလာသော မြင်းများသည်ပင် ချွေးတစိုစိုရွှဲနေကြသည် မဟုတ်ပါလား။

မြင်းနှစ်ကောင်၏ ပါးစပ်မှ အမြှုပ်များလည်း ထွက်ကျနေပါတော့သည်။

မြင်းစီးသမားနှစ်ယောက်သည် အလင်းရောင်မပျောက်မီ စီရှမ်းမြို့တွင်းသို့ အရောက်လာနိုင်ခဲ့ကြပြီဖြစ်၍ ကျေနပ်သွားကြပုံရှိသည်။

မြင်းအရှိန်လျှော့ကာ ခြေလှမ်းမှန်မှန်စီးနင်းရင်း နောက်ဆုံး မြို့လယ် စားသောက်ဆိုင်တစ်ဆိုင်ရှေ့၌ ဇက်ကြိုးဆွဲ၍ ရပ်တန့်လိုက်ကြသည်။ မြင်းပေါ်မှဆင်းကာ နှစ်ဦးသား သက်ပြင်းချကာ ငိုင်တွေ ဖြုံးလိုက်ကြပြီး စားသောက်ဆိုင်အတွင်းသို့ ဝင်ရောက်သွားကြလေတော့သည်။

❖ ❖ ❖

စားသောက်ဆိုင်တို့၏ ထုံးစံအတိုင်း ဆိုင်လုလင်တစ်ဦးသည် ဆိုင်အပြင်ဘက်ထွက်ကာ ရောက်လာကြသည့် ဧည့်သည်များကို ကြိုဆိုနေရာချထားပေးရလေသည်။

ပိုင်ကွမ် စားသောက်ဆိုင်မှ ဆိုင်လုလင်တစ်ဦးသည် ဧည့်ကြို



ရန် ဆိုင်ရှေ့၌ ရှိနေစဉ် ရပ်ဝေးမှ လာပုံရသော မြင်းစီးသမားနှစ်ယောက် ရောက်လာကြခြင်းဖြစ်လေသည်။

ထိုမြင်းစီးသမားနှစ်ယောက် မြင်းပေါ်မှ ဆင်းလိုက်ကြပုံကို မြင်လျှင် ဧည့်ကြိုဆိုင်လုလင် ငေးမောသွားလေသည်။

ယခုရက်ပိုင်းအတွင်း၌ စီရှမ်းမြို့သို့ ဧည့်သည်အများအပြား ရောက်ရှိလာခဲ့ကြပါသည်။

များသောအားဖြင့် ရပ်ဝေးမှဧည့်သည်များဖြစ်သည်။

အချို့သည် စီရှမ်းမြို့သို့ ရောက်လာကြသော်လည်း ခေတ္တခဏပင် ရပ်နားခြင်းမပြုဘဲ မားဂေဟာသို့ ခရီးဆက်သွားကြလေသည်။

အချို့သာလျှင် စီရှမ်းမြို့ထဲ၌ ခေတ္တအနားယူပြီးမှ ခရီးဆက်ကြခြင်းဖြစ်သည်။

ရောက်လာကြသော မျက်နှာစိမ်းဧည့်သည်များအားလုံးသည် မားဂေဟာသို့ဝင် ဦးတည်ရောက်လာခြင်းဖြစ်ကြောင်း ဆိုင်လုလင်နှင့်တကွ တစ်မြို့လုံးသိထားပြီးဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ဆိုင်လုလင်သည် ယခင်က မားဂေဟာ၌ အိမ်ဖော်လုလင်လုပ်ခဲ့ဖူးသူဖြစ်လေသည်။

ဆိုင်လုလင်သည် အလွန်ရိုးသားသူဖြစ်သည့်အတိုင်း မားဂေဟာပိုင်ရှင် မားကျောက်၏ ခက်ထန်မောက်မာမှုနှင့် ကြမ်းတမ်းသော စိတ်ထားကို ကြောက်ရွံ့ကာ နောက်ပိုင်းတွင် မားဂေဟာမှထွက်ပြီး ပိုင်ကျွမ်း စားသောက်ဆိုင်၌ လာရောက်အလုပ်လုပ်နေခြင်း ဖြစ်သည်။

ဆိုင်လုလင်သည် ဤရက်ပိုင်းအတွင်း တဖွဲဖွဲ ရောက်လာကြသော မျက်နှာစိမ်းဧည့်သည်များကြောင့်လည်းကောင်း၊ မားဂေဟာ၌ အလုပ်လုပ်ခဲ့ဖူးခြင်းကြောင့်လည်းကောင်း၊ သိုင်းလောကရှိ သိုင်းသမားများအကြောင်းကို ရင်းနှီးကျွမ်းဝင်နေပြီ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရောက်ကြကြသော ဧည့်သည်တိုင်းသည် လက်နက်ကိုယ်စီ ဆောင်ထားပြီး သိုင်းလောကတွင် နာမည်ရှိသော မားကေဟာသို့ ဦးတည်ကြသဖြင့် သိုင်းလောကသားများသည် အရေးကြီးသော ကိစ္စတစ်ခုကြောင့် ရောက်လာကြခြင်း ဖြစ်သည်ဟုလည်း သိထား၏။

ထိုအရေးကြီးသည့် ကိစ္စမှာလည်း မားကေဟာနှင့် ကျောက်ဖြူတောင်ကုန်းတို့ ရွှေလမ်းငွေလမ်း ဖောက်မည့် ကိစ္စကြောင့်ပဲ ဖြစ်ရမည်ဟု ယုံကြည်ထားလေသည်။

သိုင်းလောက သိုင်းသမားများနှင့် မစိမ်းလှသော ဆိုင်လုလင်သည် ဆိုင်ရှေ့ရောက်လာသူနှစ်ယောက်၏ မြင်းပေါ်မှဆင်းလာပုံကို ကြည့်ပြီး ကိုယ်ဖော့ပညာ အလွန်ကောင်းသူများဖြစ်ကြောင်း မှတ်ချက်ချမိပေသည်။

သူမှင်တက်မိကာ ပါးစပ်အဟောင်းသားဖြစ်သွားရသည်မှာ ထိုလူနှစ်ယောက် မြင်းပေါ်မှဆင်းလိုက်ပြီးသည်နှင့် ဆိုင်ထဲသို့ လှစ်ခနဲ ရောက်သွားကြခြင်းဖြစ်သည်။

ဆိုင်လုလင် ဧည့်ခံကြိုဆိုဖို့ပင် အချိန်မရလိုက်ဘဲ ထိုလူနှစ်ယောက်မှာ ဆိုင်ထဲရောက်ကာ စားပွဲတစ်လုံး၌ နေရာယူပြီး ဖြစ်သွားလေသည်။ ဆိုင်လုလင် မနေသာတော့ဘဲ ဆိုင်ထဲသို့ လိုက်သွားပြီး ဧည့်ခံလိုက်ရလေတော့သည်။

"ကြွပါ ခင်ဗျာ ကြွပါ၊ ဆရာတို့ ဘာများ သုံးဆောင်ကြမလဲ၊ အမိန့်ရှိပါခင်ဗျာ"

ထိုမြင်းစီးသမားနှစ်ယောက်က ဘာမှ မပြောအားကြသေးဘဲ သူတို့၏ ဦးခေါင်းပေါ်၌ ဆောင်းထားသော ခမောက်ကြီးများကိုလည်းကောင်း၊ ခန္ဓာကိုယ်ပေါ် လွှမ်းခြုံထားသော နှင်းကာဝတ်ရုံများကိုလည်းကောင်း ချွတ်နေကြသည်။



ပြီးမှ ...

"စားကောင်းမယ့်ဟင်းလျာ သုံးမျိုးလောက် ယူခဲ့ပါ၊ ထမင်းနဲ့ အရက်လဲ ယူခဲ့"

ဟု တစ်ယောက်က မှာကြားလေသည်။

ဧည့်သည်နှစ်ယောက်က မှာကြားလိုက်ပြီဖြစ်သော်လည်း ဆိုင်လုလင် ရုတ်တရက် ထွက်မသွားဖြစ်သေးပေ။

ထိုလူနှစ်ယောက်၏ ရုပ်သွင်ကို ပီပီပြင်ပြင် တွေ့မြင်ရပြီဖြစ်၍ စိတ်ဝင်စားသွားခြင်းကြောင့် ဖြစ်လေသည်။

တစ်ယောက်မှာ လူငယ်ဖြစ်ပြီး ကျန်တစ်ယောက်က လူကြီးဖြစ်သည်။

လူငယ်သည် ယောကျ်ားပီသသော ရုပ်သွင်၊ အထက်တန်းကျသော ရုပ်သွင်ပိုင်ရှင် လူချော်လူခန့်ဖြစ်ကာ မိန်းကလေးများ ဝိုင်းနေမည့်သူ ဖြစ်လေသည်။

လူကြီးကား လူငယ်နှင့်ဆန့်ကျင်ဘက် အရုပ်ဆိုး အကျည်းတန်လေသည်။

သို့သော် ...

မျက်နှာပေါက်ဆိုးသည့်တိုင် အတွင်းစိတ်သဘော ရိုးဖြောင့်တည်ကြည်သူဖြစ်ပုံရ၏။

ထိုဆန့်ကျင်ဘက် လူကြီးနှင့် လူငယ်နှစ်ယောက်အား ဆိုင်လုလင် ငေးမောကြည့်နေမိသည်မှာ အခြားအကြောင်းတစ်ခု ရှိနေပါသေးသည်။

လူငယ်၏အသွင်က ဆွဲဆောင်ထားခြင်းကြောင့်ဖြစ်သည်။ လူတိုင်း လူတိုင်းသည် ထိုလူငယ်အား အမှတ်တမဲ့ တွေ့မြင်လိုက်လျှင်ပင် စိတ်မဝင်စားဘဲ မနေနိုင်အောင် ဖြစ်သွားပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



လူငယ်ထံမှ ထူးခြားသော စွမ်းပကားတစ်ရပ်ကား ဆွဲဆောင်လိုက်သည့်သဘောဖြစ်သည်။

အားစိုက်ထုတ်ရခြင်း မရှိဘဲ တစ်ကြိမ်တွေ့လိုက်သည်နှင့် မည်သူမဆို စိတ်မဝင်စားဘဲမနေနိုင်အောင် ဆွဲဆောင်နိုင်သည့် စွမ်းပကား ပိုင်ဆိုင်ထားသည့် ထူးခြားသော ပါရမီရှင် လူငယ်တစ်ဦး ဖြစ်နေပါတော့သည်။

အသက်အရွယ်ချင်းမတူ၊ အဆင်းသဏ္ဌာန်ချင်းလည်း မတူသူ နှစ်ယောက် အတူတွဲရောက်ရှိပုံကလည်း ဆန်းကြယ်မှုတစ်ခု ဖြစ်နေသည်။

သူတို့တွင် အကြောင်းတစ်ခုခု ရှိလာလျှင်လည်း သူတို့မှထွဲပြီး မည်သူမျှ မသိနိုင်ကြမည် မဟုတ်ပေ။

လူငယ်က ပြုံးပြလိုက်တော့မှ ဆိုင်လုလင် သတိဝင်လာကာ မှာကြားသော စားစရာများကို ကပျာကယာ ပြေးယူပြီး ချည့်ခဲ့လိုက်ရတော့သည်။

ထိုလူနှစ်ယောက်အား ဆိုင်လုလင်မသိသော်လည်း သိုင်းလောကၡွ ကျင်လည်ကျက်စားနေကြသူများကား ကောင်းစွာသိနေကြမည်ဖြစ်သည်။

အသက်ငါးဆယ်ကျော်ခန့်ရှိသော လူကြီး၏ အမည်မှာ ဟာန်ရှောင်ဖြစ်သည်။

သိုင်းလောကၡွ အင်အားကောင်းသော ဗေဒါဂိုဏ်းမှ အရေးပါ အရာရောက်သည့် ထိပ်တန်းခေါင်းဆောင်ကြီးတစ်ဦး ဖြစ်သည်။

သိုင်းလောက နေရာအနှံ့အပြားတွင် ဗေဒါဂိုဏ်းဝင်များ သွားလာ လှုပ်ရှားကာ သိုင်းလောကအကျိုး သယ်ပိုးဆောင်ရွက်လျက် ရှိသည်။



စီးရှမ်းမြို့တည်ရှိရာ အနောက်ပိုင်းပြည်နယ်တစ်ခွင်၌ လှုပ်ရှားရင်း သိုင်းလောကအကျိုး အများအကျိုး သယ်ပိုးဆောင်ရွက်နေကြသော ဗေဒါဂိုဏ်းသားများအား တာဝန်ခံအုပ်ချုပ်ရသူမှာ ဗေဒါဂိုဏ်း၏ ဌာနခွဲမှူးအဆင့်ရှိသော ကျိုလင်းဆိုသူဖြစ်သည်။

ကျိုလင်းသည် ဗေဒါဂိုဏ်း၏ ထိပ်တန်းအကြီးအကဲများ၌ ပါဝင်သော အဘိုးအို ဟာန်ရှောင်ထက် ရာထူးကော သိုင်းပပညာပါ အဆင့်နိမ့်လေသည်။

ဟာန်ရှောင်သည် ဗေဒါဂိုဏ်းမှ လူတစ်ယောက်ဖြစ်သည့်အတိုင်း သူ၏ ဝတ်စားဆင်ယင်ပုံမှာ အရောင်အဆင်း မှေးမှိန်ကာ ဖရိုဖရဲနိုင်လှပေသည်။

ထို့ကြောင့်လည်း ...

အလွန်ယဉ်ကျေးသိမ်မွေ့ကာ အထက်တန်းကျလှသောလူငယ်၏ ဝတ်စားဆင်ယင်မှု၊ ပုံပန်းသဏ္ဌာန်နှင့် ယှဉ်လျှင် ဆန့်ကျင်ဘက်ရှိနေပြီး နှစ်ယောက်အတူ ယှဉ်တွဲရှိနေသောအခါ အများစိတ်ဝင်စားစရာ ဖြစ်လာရခြင်းပင်။

ထို့အပြင်

လူငယ်သည်လည်း မြင်သူတိုင်း စိတ်ဝင်စားမှုခံရသည့် ထူးကဲသော ပါရမီရှင် ဖြစ်နေသည် မဟုတ်လား။

ထိုလူငယ်ကား သိုင်းလောကတစ်ခုလုံး ဦးညွှတ်ခဲ့ရသည့် လောကပါလသိုင်းသမားကြီး ပိုင်ဖုရှောင်၏ ပညာအမွေကို လုံးဝဥဿုံ ဆက်ခံရယူနိုင်ခဲ့သော မျိုးဆက်သစ် ပါရမီရှင်လူငယ် စုမာဖုံး ဖြစ်လေသည်။

စုမာဖုံးသည် သိုင်းလောက၌ ဖြစ်ပေါ်လေ့ရှိသော ပြဿနာ အမျိုးမျိုးအား ဖြေရှင်းဆောင်ရွက်ရန် နန်းတွင်းမှ အခွင့်အာဏာ

www.burmeseclassic.com

www.burmeseclassic.com



အဝ်နှင်းကာ တာဝန်ပေးအပ်ခြင်းခံရသည့် နန်းတွင်းသိုင်းသမား သူ့ရဲကောင်းတစ်ဦးလည်း ဖြစ်လေသည်၊

လောကပါလသိုင်းသမားကြီး၏ အရှိန်အဝါကြောင့် သိုင်းလောကသားများက စုမာဖုံးအား အလိုလို လေးစားကြပြီး နန်းတွင်းတာဝန်ထမ်းဆောင်ရသူဖြစ်၍ မြို့စား နယ်စားများကပါ စုမာဖုံးကို လေးလေးစားစား ဦးစားပေးကြလေသည်။

ပါရမီရှင်သူ့ရဲကောင်းလေး စုမာဖုံး ကိုယ်တိုင်ကလည်း ထူးကဲသော အစွမ်းသတ္တိရှိသည့် လူငယ်တစ်ဦး ဖြစ်နေပါ၏။

ယခု

စုမာဖုံးနှင့် ဟန်ရှောင်တို့သည် အနောက်နယ် ရှမ်းစီးမြို့မှ ပိုင်ကျွမ်းစားသောက်ဆိုင်သို့ ရောက်လာကြ၏။

အကြောင်းမဲ့ ရောက်လာကြခြင်းမဟုတ်နိုင်ပေ။

သူတို့သည် ဆိုင်လုလင် ယူလာပေးသော ထမင်းနှင့် ဟင်းလျာများကို စားသောက်လိုက်ကြလေသည်။

အရသာခံကာ အေးအေးလူလူ စားသောက်လိုက်ကြပုံမျိုးဖြစ်သည်။

သို့သော်

သူတို့၏ မျက်လုံးများကမူ ဆိုင်အပေါက်ဝသို့ မသိမသာ အကဲခတ်နေကြ၏။

နှစ်ယောက်သား စကားမပြောကြပါ။

အကြောင်းမသိလျှင် ခရီးဝေးမှရောက်လာပြီး ဆာလောင်မွတ်သိပ်နေသဖြင့် စကားမပြောအားကြဘဲ အားရပါးရ စားသောက်နေကြပုံမျိုးရှိနေ၏။

အကဲခတ်တတ်မှသာလျှင် ဆိုင်တံခါးပေါက်ဆီသို့ အလှတ်



မပေးဘဲ ကြည့်နေသည်မှာ တစ်စုံတစ်ယောက်အား စောင့်မျှော်နေကြခြင်း ဖြစ်ကြောင်း ရိပ်မိနိုင်မည် ဖြစ်လေသည်။

မကြာမီ

စုမာဖုံးနှင့် ဟန်ရှောင်တို့ စားသောက်ပြီးစီးသွားကြလေသည်။

စားသောက်ပြီးမှ ဟင်းလျာများအကြောင်း ချီးကျူးပြောဆိုရင်း စကားစလိုက်ကြလေသည်။

"ဟင်းလျာတွေက တကယ့်ထိပ်တန်းလက်ရာပဲ၊ အရသာအတော်ကို ကောင်းမွန်တာပဲ"

"ရှမ်းစီးနယ်မှာ ပိုင်ကျွမ်းစားသောက်ဆိုင်က နာမည်အကြီးဆုံးပဲ၊ ဒါပေမယ့် ဒီမှာ အခုစားရတဲ့ ဟင်းလျာတွေက ဒုတိယအဆင့်ပဲ ရှိသေးတာ"

"ဘာများဖြစ်လို့လဲ"

"ပထမတန်းဟင်းလျာ ချက်ပြုတ်နေတဲ့ စားဖိုမှူးကြီးဟာ မားယောက် ငှားရမ်းတာနဲ့ သွားပြီး ချက်ပြုတ်ပေးနေရတယ်၊ မားလော်ကိရဲ့ စေ့စပ်ကြောင်းလမ်းပွဲကို တက်ရောက်လာကြမယ့် သိုင်းလောက ဧည့်သည်တွေကို အကောင်းဆုံးဟင်းလျာ၊ အကောင်းဆုံး လက်ရာနဲ့ ဧည့်ခံဖို့ မားယောက်က ပြင်ဆင်ထားတာ"

"ဪ..."

နှစ်ယောက်သား စကားပြောဆိုလိုက်ကြသော်လည်း သူတို့၏ မျက်လုံးများကား ဆိုင်တံခါးပေါက်မှမခွာဘဲ ရှိနေဆဲ။

ထိုစဉ်...

အသက်လေးဆယ်ခန့်ရှိပြီး ပါးဟောင်းနွမ်းသော ဒုဝတ်အစားများ ဝတ်ဆင်ထားသူတစ်ဦး ဆိုင်ထဲသို့ ဗျာယီးဗျာယာ ဝင်လာသည်ကို တွေ့မြင်လိုက်ကြရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသူမှာ တည်ကြည်ခန့်ညားသော ရုပ်သွင်ရှိသည့်တိုင်အောင် သူ၏ အဝတ်အစားများက အရောင်လွင့်ပြယ် မွေးမှိန်ကာ ပိုးသီးပတ်သီး နိုင်လှသဖြင့် အထင်ကြီးစရာ မရှိနိုင်တော့ပေ။

ဗေဒါဂိုဏ်းသားမှန်လျှင် ဂုဏ်ပကာသနကို ဖယ်ရှားရမည်ဟု တင်းကြပ်သော ဂိုဏ်းစည်းကမ်းရှိ၍ ဂိုဏ်းချုပ်မှစ၍ အောင်ခြေငယ်သားများတိုင်အောင် တသွေမတိမ်း လိုက်နာကြရသည်ဖြစ်ရာ ဗေဒါဂိုဏ်းသားများကို ရုတ်တရက် တွေ့ရလျှင် အထင်ကြီးစရာ မရှိခြင်း ဖြစ်လေသည်။

ဆိုင်ထဲသို့ ဗျာယီးဗျာယာ ဝင်လာသော အသက်လေးဆယ် ခန့်ရှိသူမှာလည်း ဗေဒါဂိုဏ်းသားတစ်ယောက်ဖြစ်သည်။

ဗေဒါဂိုဏ်း၏ စီးရှမ်းမြို့ ပါဝင်သော ကျွန်းစုနယ် တာဝန်ခံ ဌာနခွဲမှူး ကျိုလင်းဖြစ်ပါသည်။

ကျိုလင်း၏ ဝတ်စားဆင်ယင်ပုံသည် စုမာဖုံးနှင့် ယှဉ်တွဲထိုင်နေသည့် ဗေဒါဂိုဏ်း၏ အကြီးအကဲ ဟန်ရှောင်၏ ဝတ်စားဆင်ယင်ပုံမှာ ကွဲပြားခြားနားခြင်းမရှိဘဲ နင်လားငါလား ဖြစ်နေသည်။

ဗေဒါဂိုဏ်း ကျွန်းစုနယ် တာဝန်ခံ ဌာနခွဲမှူး ကျိုလင်းသည် ဆိုင်ထဲရောက်လျှင် ဟိုဟိုသည်သည် အကဲခတ်ပြီး စုမာဖုံးတို့ နှစ်ယောက်အား တွေ့မြင်ရလျှင် ခပ်သွက်သွက် လှမ်းလာလေသည်။

အနီးသို့ရောက်လျှင် ရောက်ချင်း ဦးညွှတ်ဂါရဝပြုလေသည်။

"သူရဲကောင်းလေး၊ ကျုပ်နည်းနည်း နောက်ကျသွားတာကို ခွင့်လွှတ်စေချင်ပါတယ်"

ဟုလည်း တောင်းပန်လိုက်လေသည်။

စုမာဖုံး ပြုံးသည်။

"ကိစ္စမရှိပါဘူးဗျာ၊ နောင်ကြီး ကျိုလင်း မအားမလပ် ဖြစ်နေ



မယ်ဆိုတာ ကျုပ်သိပါတယ်၊ ရောက်တာလဲ ဘာမှ မကြာသေးပါဘူး၊ အားနာစရာမလိုပါဘူးဗျာ"

ကျိုလင်း နောက်ကျနေသည်ကို စုမာဖုံး ခွင့်လွှတ်လိုက်သော်လည်း အကြီးအကဲ ဟန်လင်းကား မနှစ်မြို့သည့် အလား မျက်နှာ ညိုနေသည်။

ကျိုလင်းက ...

"အကြီးအကဲ ဟန်ကို ဂါရဝပြုပါတယ်"

ဦးညွှတ်ပြောလာသောအခါ ဟန်ရှောင်က လက်ဝှေ့ယမ်း ပြလိုက်သည်။

"ကဲ ... ရောက်လာမှတော့ ထိုင်ပါ"

"ကောင်းပါပြီ"

ကျိုလင်းက စုမာဖုံးတို့စားပွဲ၌ ဝင်ထိုင်လေသည်။

စုမာဖုံးက အရက်တစ်ခွက် ငှဲ့ပေးသည်။

"သုံးဆောင်လိုက်ပါဦး"

"ကျေးဇူးပါပဲဗျာ"

ကျိုလင်းက မငြင်းဆန်ဝံ့ဘဲ အရက်ခွက်ကိုယူကာ မော့ချလိုက်လေသည်။ ဟန်လင်းက မျက်တောင်မခတ် ကြည့်နေ၏။

ကျိုလင်း အရက်သောက်ပြီး အရက်ခွက်ကို ပြန်ချထားလိုက်မှ စုမာဖုံး မေးလေသည်။

"နောင်ကြီး ကျို ... အဆင်ပြေရဲ့လားဗျာ"

ကျိုလင်း ဦးညွှတ်လိုက်သည်။

"အဆင်ပြေပါတယ်၊ ကြားထားတဲ့ သတင်းက အမှန်ပဲ၊ ကျွန်းစုနယ်မှာ သိုင်းလောကသားတွေ လှုပ်ရှားနေကြတယ်ဆိုတာ မင်းသားလေးကိုယ်တိုင် တွေ့ခဲ့မြင်ခဲ့မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



စုမာဖုံးက…

"ကျုပ်တွေ့ခဲ့ရသမျှတော့ သိုင်းသမားကောင်းထက် ကိုယ့်သဘောနဲ့ကိုယ် လုပ်တတ်တဲ့ သိုင်းသမားတွေက ပိုများနေသလိုပဲ"

"မားကျောက်ကလဲ ဒီလိုလူစားမျိုးတွေကိုပဲ ရွေးပြီး ဖိတ်ကြားခဲ့မှာပေါ့၊ သူ့ရဲ့ မားဂေဟာကို တကယ့်သိုင်းသမားကောင်းတွေ ခြေချချင်ကြတာမှ မဟုတ်တာပဲ မင်းသားလေးရယ်"

ဤတွင် ဟန်ရှောင်က ခပ်ပြတ်ပြတ် ဝင်ပြောလေသည်။

"ဒီမှာကျိုလင်း၊ မင်းကဘာ ကျန်းစုနယ်တာဝန်ခံဖြစ်လို့ ဒီကကိစ္စတွေကို စေ့စေ့စပ်စပ် သိနေရမယ်၊ ငါတို့ဟာ ရပ်ဝေးကလာခဲ့ကြတာ၊ ခရီးပမ်း လူပမ်းဖြစ်နေတယ်၊ မင်းစကားကို ဗာရာဏသီချဲ့မနေနဲ့၊ လိုရင်းကိုသာပြော၊ မင်းရဲ့စကားကို ရှင်မောမောနဲ့ နားထောင်နေရတာမျိုး ငါမလိုချင်ဘူး"

ကျိုလင်း ချက်ချင်း တောင်းပန်လေသည်။

"ကျုပ် အပြောအဆိုမတတ်တာကို မင်းသားလေးနဲ့ အကြီးအကဲ ဟန်တို့ သည်းခံခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်"

ဟန်ရှောင်က…

"ကဲ… မင်းဘာသတင်းတွေ ရခဲ့သလဲ၊ ပြောစရာရှိတာ ပြောပေတော့"

ကျိုလင်းက…

"စုံစမ်းသိခဲ့ရမျှ သတင်းတွေကို စုစည်းလိုက်တဲ့အခါ မားဂေဟာနဲ့ ကျောက်ဖြူတောင်ကုန်းတို့ ရွှေလမ်း ငွေလမ်း ဖောက်ကြမယ့် ကိစ္စဟာ အမှန်ဖြစ်ပါတယ်၊ စေ့စပ်ကြောင်းလမ်းပွဲရဲ့ နောက်ကွယ်မှာ လျှို့ဝှက်ချက်တစ်ခု ရှိနေတာပဲ ထင်ရှားနေပါတယ်၊ ဒါပေမယ့် ဘယ်လိုကိစ္စမျိုးဆိုတာ တိတိကျကျ ပြောဖို့ ခက်ပါတယ်၊



အများကတော့ အမျိုးမျိုး ဝေဖန်နေကြပြီး တချို့သတင်းတွေကတော့ အထင်အမြင်နဲ့ မှန်းဆပြောတာဖြစ်ပြီး ခိုင်လုံမှုမရှိတာ တွေ့ရပါတယ်"

စုမာဖုံးနှင့် ဟန်ရှောင်တို့ အချင်းချင်းကြည့်ပြီး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ကြသည်။

ယခုနှစ်ဦးပိုင်းမှစ၍ သိုင်းလောက၌ ထူးခြားသော သတင်းများ ပေါ်ထွက်ခဲ့လေသည်။

တိုင်းတစ်ပါးသား မန်ချူးများက တရုတ်ပြည်ကြီးအား ကျူးကျော်ရန် ပထမခြေလှမ်းအဖြစ် သိုင်းလောကအား ဖျက်ဆီးပစ်ဖို့ နယ်ခြားရှိ အကျင့်ပျက် သိုင်းသမားအချို့ကို အားပေးအားမြှောက်ပြုလုပ်နေသည့်သတင်း။

"တောင်ပိုင်းနဂါးနှင့် မြောက်ပိုင်းကျား" သိုင်းသမားကြီးနှစ်ယောက် သိုင်းလောကသို့ လုံးဝ မထွက်တော့ဘဲ အနားယူရန် ဆုံးဖြတ်လိုက်ကြသည့်သတင်း။

ချယ်ရီကျွန်း၊ ချယ်ရီနန်းတော်မှ သခင်လေးသည် သိုင်းပညာပြည့်စုံပြီဖြစ်၍ အတွေ့အကြုံ ဗဟုသုတရှာဖွေရန် သိုင်းလောကသို့ ဆင်းလာသည့်သတင်း။

ဝမ်းစမ်းတောင် ထင်းရှူးစံအိမ်မှာ ရန်သူ၏ လုပ်ကြံခံလိုက်ရသည့်သတင်း။

အမိုက်ကျေးရွာ ပိုင်ရှင်က သိုင်းလောက လူဆိုးလူမိုက်များအား အမိုက်ကျေးရွာ၌ လက်ခံစုရုံးထားသည့်သတင်း။

ရေခဲတောင်မှ အံ့မှယ်ထူးကဲသော ကင်းဆိပ်ဓားကို သိုင်းသမားအချို့ ရှာဖွေတွေ့ရှိသွားသည့်သတင်း။

မားဂေဟာပိုင်ရှင် မားကျောက်နှင့် ကျောက်ဖြူတောင်ကုန်း

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရှင် ရိုလုံ၏ သမီး ရီချင်းတို့ စေ့စပ်ကြောင်းလမ်းကာ ရွှေလမ်း ငွေလမ်း ဖောက်သည့်သတင်း။

စသည် စသည်ဖြင့် သတင်းအမျိုးမျိုး ပေါ်ထွက်လာခဲ့လေသည်။

နန်းတွင်းမှ တာဝန်ရှိသူများသည် သိုင်းလောကလှုပ်ရှားလာသည်ကို သတိပြုမိကာ အဖြစ်မှန်ကိုစုံစမ်းရန် နန်းတွင်းသူရဲကောင်း ပါရမီရှင်လေး စုမာဖုံးအား တာဝန်ပေးပြီး သိုင်းလောကသို့ စေလွှတ်ခဲ့လေသည်။

သိုင်းလောကသည် ရှုပ်ထွေးပွေလီလှသည် ဖြစ်ရကား လှုပ်ရှားလာသည်နှင့် နောက်ဆက်တွဲပြဿနာများ ပေါ်ပေါက်လာလေ့ရှိသည်။

သိုင်းလောကပြဿနာများဖြစ်လာသည်နှင့် သွေးထွက်သံယိုတိုက်ပွဲများ အတောမသတ် ဖြစ်ပွားလေ့ရှိသည်။

ထို့ကြောင့်...

မလိုလားအပ်သော ပြဿနာများ မပေါ်ပေါက်လာရလေအောင် ရာဇဝတ်မှုများကို ကြိုတင်ကာကွယ်တားဆီးနိုင်အောင် စုမာဖုံးကို တာဝန်ပေး စေလွှတ်လိုက်ခြင်းဖြစ်သည်။

စုမာဖုံးသည် သိုင်းလောကသို့ ရောက်ရှိလာခဲ့ပြီး ဖြစ်ပေါ်နေသော သတင်းများကို စစ်ဆေးခဲ့သည်။

အချို့သတင်းများမှာ အခြေအမြစ် မရှိသော်လည်း အချို့သော သတင်းများက မှန်ကန်ပြီး ထူးခြားမှုရှိနေသည်ကို တွေ့ရှိခဲ့လေသည်။

အထူးသဖြင့်...

ကျိန်းစုပြည်နယ်အတွင်းရှိ မားဂေဟာနှင့် ကျောက်ဖြူကုန်း၏ သတင်းသည် သိုင်းလောကလှုပ်ရှားမှု၏ အဓိကအကြောင်းခံဖြစ်နေသည်ဟု ဆင်ခြင်ကာ လုပ်ခဲ့ခြင်းဖြစ်သည်။



ကျိန်းစုပြည်နယ်၌ သတင်းစုံစမ်းရ လွယ်ကူရန် ဗေဒါဝိုဏ်းနှင့် ဆက်သွယ် အကူအညီတောင်းခဲ့သည်။

ဗေဒါဝိုဏ်းမှ အကြီးအကဲ ဟန်ရှောင်ကိုယ်တိုင် လိုက်ပါကူညီခဲ့သလို ဌာနခွဲမှူး ကျိုလင်းကလည်း သတင်းအချက်အလက်များ စုဆောင်းပေးခဲ့လေသည်။

ဟန်ရှောင် နှာခေါင်းရှုံ့လိုက်သည်။

"ကျိုလင်း မင်းရဲ့သတင်းက မတင်မကျကြီးပါလား၊ မားဂေဟာ ရဲ့ စေ့စပ်ကြောင်းလမ်းပွဲရဲ့ နောက်ကွယ်မှာ ထူးခြားချက်ရှိနေတယ် ဆိုတာ ဘယ်လိုသဘောလဲ၊ ရှင်းရှင်းလင်းလင်း ပြောစမ်းပါဦး"

ကျိုလင်း ဦးညွှတ်လိုက်ပြန်သည်။

"ကြားရတဲ့ သတင်းအများစုဟာ ခိုင်လုံမှု မရှိသေးပါဘူး၊ ဒါကြောင့် အတည်ပြု မပြောနိုင်တာပါ၊ ခန့်မှန်းနိုင်တာတစ်ခုတော့ ရှိပါတယ်၊ မားဂေဟာကို သိုင်းလောကထိပ်သီး ဧည့်သည်တော်ကြီးတွေ ရောက်လာကြပါလိမ့်မယ်၊ သူတို့ တကယ်ပဲရောက်လာပြီဆိုရင်တော့ နောက်ကွယ်မှာ လျှို့ဝှက်အကြံရှိနေတာ သေချာသွားပါလိမ့်မယ်"

စုမာဖုံး၏ မျက်နှာတွင် ထူးခြားသော အရိပ်အရောင်များ ဖြစ်ပေါ်လာ၏။

ကျိုလင်းပြောသည့်အတိုင်း မားဂေဟာသို့ ထိပ်သီးသိုင်းသမားကြီးများ ရောက်လာကြမည်ဖြစ်ပြီး ဓားဆိပ်ဓားနှင့် ပတ်သက်နေသည်ဟူသော သတင်းအချို့ကို သူကြားခဲ့ပြီးဖြစ်သည်။

ကိုယ်နည်းကိုယ့်ဟန်ဖြင့် လျှို့ဝှက်စုံစမ်းခဲ့ခြင်း ဖြစ်လေသည်။

အကြီးအကဲ ဟန်ရှောင်ကိုယ်တိုင်လည်း သတင်းအချို့ကို

www.burmeseclassic.com

www.burmeseclassic.com



သိထားရာ သတင်းချင်းစိုက်ဆိုင်စစ်ဆေးလိုသည့်သဘောဖြင့် ကျိုလင်းကို မေးလိုက်လေသည်။

"မားဂေဟာကို ဘယ်လို သိုင်းထိပ်သီးတွေ ရောက်လာကြမှာလဲ၊ မင်းဘာတွေ ကြားထားလို့လဲ ပြောစမ်းပါဦး"

"ဟုတ်ကဲ့"

ကျိုလင်း၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"မားဂေဟာကို ရောက်လာမယ်လို့ သတင်းကြီးနေတဲ့ ထိပ်သီးသိုင်းသမားကြီးတွေထဲမှာ ရှောင်လင်ကျောင်းက ဆရာတော် ဝိရှမ်းဂူမီးသိုင်းဆရာ ကျင်းထို၊ ဂူတန်းချီရသေ့နဲ့ ဝါဆန်း သိုင်းမယ်ဝှားလျှံတို့ ပါဝင်နေကြပါတယ်၊ သူတို့သာ တကယ့်ကို ရောက်လာမယ်ဆိုရင် အရေးကြီးတဲ့ကိစ္စရှိနေတာ ပေါ်လွင်လာပါလိမ့်မယ်၊ သူတို့ ရောက်မလာရင်တော့ မားဂေဟာရဲ့ ကိစ္စဟာ ထင်သလောက်ကြီးကျယ်မှာ မဟုတ်တော့ပါဘူး"

သူ၏ သုံးသပ်ချက်ကို စုမာဖုံးနှင့် ဟန်ရှောင်တို့ လက်ခံလိုက်ကြလေသည်။

ဟန်ရှောင်က စုမာဖုံးအား ပြောသည်။

"မိတ်ဆွေလေး ... မားဂေဟာရဲ့ ကိစ္စကိုပဲ လောလောဆယ် အာရုံစိုက်ထားလိုက်ရင် ကောင်းမယ် ထင်ပါတယ်၊ မိတ်ဆွေလေးကော ဘယ်လိုသဘောရသလဲ"

စုမာဖုံး သဘောတူလေသည်။

"ကျုပ်လဲ ဒီအတိုင်းပဲ စိတ်ကူးထားပါတယ်၊ ဒါထက် ..."

မားဂေဟာက အကြောင်းကို စိတ်ဝင်စားစွာ မေးလိုက်လေသည်။

"ဒါထက် မားဂေဟာပိုင်ရှင် မားကျောက်ဟာ သိုင်းပညာ



အားကိုးနဲ့ ထင်ရာစိုင်းချင်စိတ်ရှိတဲ့ လူတစ်ယောက်ဆိုတာ အမှန်ပဲလားဗျာ"

ဟန်လင်း ပြုံးလိုက်သည်။

"သွေးထွက်အောင် မှန်တာပေါ့၊ မားကျောက်က ဘယ်သူ့ကိုမှ လူထင်တာ မဟုတ်ဘူး၊ ဒါပေမယ့် သိပ်တော့ စိုးရိမ်စရာမရှိပါဘူး၊ မားကျောက်ရဲ့ ပညာနဲ့ သိုင်းလောကကို ကိုင်လှုပ်ဖို့ဆိုတာ မဖြစ်နိုင်လောက်ပါဘူး၊ ဆုံးမမယ့်သူ မရှိသေးလို့ ဝင့်ကြွားမောက်မာနေပေမယ့် ဆုံးမမယ့်လူ ပေါ်လာပြီဆိုတာနဲ့ ငြိမ်ကုပ်ပြီး ပြပြင်သွားနိုင်တဲ့ လူပါ၊ မားကျောက်တစ်ယောက်တည်းနဲ့တော့ ဘာမှ ပူစရာမရှိပါဘူး"

စုမာဖုံး အနည်းငယ်စဉ်းစားကာ မေးလိုက်ပြန်သည်။

"မားကျောက် တစ်ယောက်တည်း မဟုတ်ဘဲ တခြား ရှာစ်ယောက်ယောက်က စိုးရိမ်စရာကောင်းတယ်လို့ ဦးဆိုင်လာချင်တာလားဗျာ"

ဟန်ရှောင်က ...

"မားကျောက် ထင်ရာစိုင်းချင်တဲ့စိတ်ရှိတာကို သိလျက်နဲ့ သမီးဖြစ်သူနဲ့ လက်ထပ်ပေးဖို့ သဘောတူလိုက်တဲ့ ရိလုံရဲ့ သဘောထားကို ကျုပ်နားမလည်နိုင်တာပါ၊ ရိလုံဟာ မာနကြီးတဲ့ လူတစ်ယောက်ပဲ၊ မားကျောက်လို လူစားမျိုးကို သူ့သမီးနဲ့ တူတယ်တန်တယ်လို့ မထင်ဘူး၊ ခုတော့ မထင်တာ ဖြစ်နေတယ်"

စုမာဖုံးက ...

"ငြင်းပယ်လို့မရနိုင်အောင် နည်းလမ်းတစ်ခုခု အသုံးပြုပြီး မားကျောက်က အကြပ်ကိုင်ခဲ့တာမျိုး ရှိကောင်း ရှိနိုင်တာပေါ့လေ"

"စေ့စပ်ကြောင်းလမ်းပွဲ ကျင်းပဖို့ သဘောတူလိုက်ပြီ ဆိုကတည်းက ဘာမဆို ဖြစ်လာနိုင်ပါတယ် မင်းသားလေး"

www.burmeseclassic.com

www.burmeseclassic.com



စုမာဖုံး ကျေနပ်သွားလေသည်။

ကျိုလင်းက ပြောလာသည်။

"မားဂေဟာရှင်ဟာ အစကတည်းက ခက်ထန်မောက်မာ လွန်းလို့ အများအော့ကျောလန့်နေချိန်မှာ ကျောက်ဖြူတောင်ကုန်းနဲ့ ဖတ်သက်သွားတော့ ကျားကို အတောင်တပ်ပေးလိုက်သလို ဖြစ်သွားနိုင်ပါတယ်"

ကျောက်ဖြူတောင်ကုန်းမှာ မားဂေဟာထက်ပို၍ အရှိန်အဝါ ကြီးမားသည်ဖြစ်ရာ သိုင်းလောကအတွက် အခက်အခဲတစ်ရပ် ဖြစ်လာမည်ကို စိုးရိမ်နေမိသည်။

စုမာဖုံးက နှစ်သိမ့်လိုက်သည်။

"သိပ်လဲ စိတ်မပူပါနဲ့ဗျာ၊ မားဂေဟာကော ကျောက်ဖြူတောင် ကုန်းပါ သိုင်းလောကကို ဒုက္ခပေးဖို့ ကြံစည်လာရင် ကျုပ်လက်ပိုက် ကြည့်မနေပါဘူး"

သူက ဝါကြွားပြောဆိုသည့် အထင်ကြီးတခွဲသားဖြင့် ဘဝင်မြင့် စွာ ပြောဆိုနေသည်ဟု ကျိုလင်းရော ဟန်ရှောင်ပါ မထင်မိကြပါချေ။

လောကပါလသိုင်းသမားကြီးထံမှ ပညာကုန်ရခဲ့ပြီးနောက် စုမာဖုံး၏ သိုင်းပညာ မှန်းဆ၍ မရနိုင်တော့ပါ။

ပြောသည့်အတိုင်း ဆုံးမနိုင်လိမ့်မည်ဟူ၍ လည်းကောင်း၊ မာကျောက်နှင့် ကျောက်ဖြူတောင်ကုန်းတို့အား ဆုံးမနိုင်လိမ့်မည့် အပြင် သူတို့ထက်ပိုပြီး ကြောက်စရာကောင်းသူ သိုင်းအဆင့်မြင့် သူများကိုပင် လက်တွေ့ဆုံးနိုင်ကြောင်း ယုံကြည်ထားကြလေတော့ သည်။

ဟန်ရှောင်က ...

"ယောက္ခမအားကိုးပြီး ထောင်လွှားလာမယ့် မာကျောက်နဲ့



မားကျောက်လိုလူစားမျိုးကို သားမက်ရွေးလိုက်တဲ့ ကျောက်ဖြူတောင် ကုန်းပိုင်ရှင် ရိုလုံတို့နှစ်ယောက်မှာ ဘယ်လိုအကြံအစည် ရှိနေတယ် ဆိုတာ ရှင်းရှင်းလင်းလင်း သိရအောင် မားဂေဟာကို တိုက်ရိုက် သွားလိုက်တာ အကောင်းဆုံးပါပဲ၊ မင်းသားလေး သဘောတူရဲ့လား"

စုမာဖုံး လက်ခံလေသည်။

"ဒါ ရိုးရိုးစင်းစင်းနဲ့ အကောင်းဆုံး နည်းလမ်းပါပဲ၊ ကျုပ် သဘောတူပါတယ်"

သူတို့သည် မားဂေဟာသို့ ဖြောင့်ကျကျ သွားရန် ဆုံးဖြတ် လိုက်ကြလေသည်။

စုမာဖုံးက ကျိုလင်းကို မေး၏။

"မားဂေဟာရဲ့ ဇာစပ်ကြောင်းလမ်းပွဲကို ဘယ်နေ့ ဘယ်ရက် မှာ ကျင်းပဖို့ စီစဉ်ထားသလဲဆိုတာကို နောင်ကြီး ကျို သိပါသလား ဗျာ"

ကျိုလင်း ခေါင်းညိတ်၏။

"သိပါတယ်၊ ဆယ့်တစ်လပိုင်း ရှစ်ရက်နေ့ပါ"

နေ့ရက်အတိအကျ သိလိုက်ရသဖြင့် စုမာဖုံး ပိုပြီး သဘော ကျသွား၏။

"ဒါဆို မနက်ဖြန်ပဲ၊ ဘာမှ စောင့်ဆိုင်းနေစရာ မလိုတော့ ဘူး၊ အဆင်ပြေတာပေါ့၊ ကဲ...ကျုပ်တို့ မားဂေဟာကို သွားကြ တာပေါ့"

ဟန်ရှောင်က...

"ကျုပ်တို့ ဒီအတိုင်းသွားကြမယ့်အစား မင်္ဂလာလက်ဖွဲ့ ခဲခဲခု ခု ယူသွားကြရင် ပိုမကောင်းဘူးလား"

ဟု အရွှန်းဖောက်လိုက်လျှင် စုမာဖုံး ရယ်မောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒီကိစ္စကို နောင်ကြီး ကျိုလင်းပဲ တာဝန်ယူပေးပါဗျာ"

မင်္ဂလာလက်ဖွဲ့ ဝယ်ယူရန် ငွေထုတ်ပေးလိုက်လေတော့သည်။

❖ ❖ ❖

ရောက်လာမစဲ တဖွဲဖွဲ။

ဆယ့်တစ်လပိုင်း ရှစ်ရက်နေ့။

နေမွန်းတည့်ချိန်။

စိုရှမ်းမြို့နှင့် မဝေးကွာလှသော မားဂေဟာ၌ အထူးပင် စည်ကားသိုက်မြိုက်နေလေသည်။

မားဂေဟာသည် မားကျောက်၏ စံအိမ်ဝင်ဖြစ်သည်။

အနောက်ပိုင်းနယ်တွင် မသိသူမရှိသလောက် ထင်ရှားကျော်ကြားသည်။

ယနေ့ ... ဆယ့်တစ်လပိုင်း ရှစ်ရက်နေ့တွင် မားကျောက်၏ ဈေးစပ်ပွဲ ကျင်းပမည်ဖြစ်ရာ ဧည့်ပရိသတ်များဖြင့် စည်ကားသိုက်မြိုက်နေခြင်း ဖြစ်ပါတော့သည်။

မားကျောက်သည် အနောက်ပိုင်းပြည်နယ်ငါးခုမှ သိုင်းလောက မိတ်ဆွေများအား သူ၏ ဈေးစပ်ကြောင်းလမ်းပွဲသို့ တက်ရောက်ရန် ဖိတ်ကြားထားလေသည်။

ထို့ကြောင့်

အနောက်ပိုင်းပြည်နယ်ငါးခုမှ အဖြူ၊ အနက်သိုင်းသမားများသည် မားကျောက်ဂေဟာသို့ တဖွဲဖွဲ ရောက်ရှိလာခဲ့ကြတော့သည်။

ဈေးစပ်ကြောင်းလမ်းသည့် မင်္ဂလာပွဲကျင်းပမည့် အချိန်မှာ ညနေဝါးငါးချက်ခေါက်အချိန် ဖြစ်ပါသည်။



ပြည်နယ်ငါးခုမှ သိုင်းသမားများ ရောက်လာကြသော်လည်း၏ သိုင်းလောက၌ လူသိများ ထင်ရှားသည့် သိုင်းသမားကြီးများ ရောက်မလာကြသေးပါချေ။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

ဝါးငါးချက်ခေါက်အချိန်သို့ပင် ရောက်ရှိလာပြီ

ထိပ်တန်းသိုင်းသမားကြီးများ ရောက်မလာကြ

မားကျောက်သည် အဖြူရောင်သိုင်းသမားကြီးမဲ့ဖြစ်သည်။ အပေါ် သဘောမကျဖြစ်နေကြောင်း ကောင်းစွာသိရှိနားလည်မှာ ဝါစဉ် ပေသည်။

ထို့ကြောင့်

သိုင်းလောက၏ နာမည်ကျော်သိုင်းသမားများထဲမှ သူနှင့် အဆင်ပြေနိုင်သော သူမျက်စိကျမိသော သိုင်းသမားကြီးများကိုသာ ရွေးဖိတ်ခဲ့ပြီး သူနှင့် သဟဇာတ မဖြစ်သူများ၊ သူ့အား နှောင့်ယှက်နိုင်သူများအား လုံးဝမဖိတ်ဘဲ ချန်လှပ်ထားခဲ့လေသည်။

သိုင်းလောက ဖိတ်စာများကို မားကျောက်ကိုယ်တိုင် ဝေငှခဲ့ခြင်းဖြစ်ရာ မားဂေဟာမှ တာဝန်ခံ မားကျိုးပင် မည်သူမည်ဝါအား ဖိတ်ကြားထားသည် မဖိတ်ဘဲနေသည်များကို မသိခဲ့ချေ။

ပြည်နယ်ငါးခုမှ ဧည့်သည်များရောက်မလာကြသည့်တိုင် သိုင်းလောကမှ ဧည့်သည်များ ရောက်မလာကြသေးသဖြင့် စိတ်ပူလာတော့သည်။

မားကျိုး အံ့သြနေသည်။

"ငါတို့ဂေဟာရှင်ဟာ သိုင်းလောကက ဂိုဏ်းချုပ်တစ်ဦးနဲ့ အဆင့်အတန်းချင်း တူတယ်၊ အသက်ငယ်ရွယ်ပေမယ့် သိုင်းပညာ ခေတာမဟုတ်ဘူး၊ သူ့ရဲ့ဈေးစပ်ပွဲကို သိုင်းသမားကြီးတွေ လာပြီး

www.burmeseclassic.com

www.burmeseclassic.com



ိုးမြှင့်မြှောက်စားသင့်တာပေါ့၊ ဂေဟာရှင် စေ့စပ်လိုက်တဲ့ အမျိုးသမီး ပါဗျာ့လည်း ခေတာမှ မဟုတ်ဘဲ၊ တစ်ယောက်မှ ရောက်မလာကြသေး

ထူးခြားတယ်၊ ဂေဟာရှင်ကို မိတ်ဆွေလို့ သဘောမထားဘဲ

ိ သဘောထားနေကြတာကြောင့်များလား"

ကျုံး ဟိုဟိုစည်သည် တွေးနေမိလေသည်။

ရောက်ရှုပမှာ သဘောထားကြမည်ဆိုပါက စေ့စပ်ပွဲကျင်းပချိန်၌

ဆယ္ကကို နှောင့်ယှက်ဖို့ အကောင်းဆုံးအချိန် မဟုတ်ပါလား။

နေအင်း ခုလို အချိန်မျိုးမှာ ပြဿနာတွေ မပေါ်ပေါက်လာပါ

ရှု့ ဆုတောင်းရတော့မှာပဲ"

စည် သူတွေးတောနေစဉ်မှာပင်...

"ဟေး... ဟေး..."

"ခွပ်ခွပ်... ခွပ်ခွပ်..."

"ခွပ်ခွပ်... ခွပ်ခွပ်..."

ညာသံပေးသံများ၊ မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာကာ မြင်းစီးသမားတစ်စု ဒုန်းစိုင်းနှင်လာနေကြသည်ကို တွေ့လိုက်ရလေသည်။

ထိုမြင်းစီးသမားများသည် အရောင်အသွေးမျိုးစုံ ဝတ်ဆင်ထားကြပြီး ဓားလှံ လေးမြား လက်နက်မျိုးစုံ ဆောင်ထားကြလေသည်။

ကြီးသူ ငယ်သူ ယောကျ်ားမိန်းမ အသက်အရွယ် စုံလင်လှသည်။ ရှေ့ဆုံးမှ လူလေးယောက်က ဦးဆောင်လာပြီး စုစုပေါင်း ငါးဆယ်ခန့် ရှိလေသည်။ ထိုလူစုရောက်လာသည်ကို မြင်လျှင် တာဝန်ခံမာကျူး ဝမ်းသာရမလို ထိတ်လန့်ရမလို ဝေခွဲမရဖြစ်သွား၏။

သူမျှော်လင့်နေသည့် သိုင်းလောကမှ ထိပ်သီးပုဂ္ဂိုလ်များ ရောက်လာကြပြီ မဟုတ်ပါလား။



ရှေ့ဆုံးမှ ဦးဆောင်လာသူလေးယောက်မှာ သိုင်းလောက၏ အထင်ကရ ဂိုဏ်းကြီးလေးဂိုဏ်းမှ ဖြစ်လေသည်။

ရှောင်လင်ဆရာတော် စီရှမ်း။

ဂူဖီးဂိုဏ်းဆရာ ကျင်းထုံ။

ဂူတန်း ချီရသေ့။

ဝါဆန်းဂိုဏ်းမှ သိုင်းမယ် ရှားလျှံ။

ထိတ်ထိတ်ကြဲ သိုင်းသမားများ ရောက်ရှိလာပြီဖြစ်သည်။

ထိုလေးယောက်တွင် ရှောင်လင်ဆရာတော် စီရှမ်းမှာ ဝါစဉ်အကြီးဆုံး အသက်အကြီးဆုံး ဖြစ်ပြီး သူ၏နောက်မှ ဂူဖီး သိုင်းဆရာ ကျင်းထုံ၊ ဂူတန်း ချီရသေ့နှင့် ဝါဆန်းသိုင်းမယ် ရှားလျှံတို့ အစဉ်လိုက် ရှိကြလေသည်။

ဝါဆန်းသိုင်းမယ် ရှားလျှံမှာ အသက်အငယ်ဆုံးဖြစ်သည်။

ဝါဆန်းဂိုဏ်းချုပ်သည် ကျန်းမာရေးမကောင်းတော့သဖြင့် သိုင်းလောကကိစ္စအဝဝကို သူမ၏ အချစ်ဆုံးတပည့် အတော်ဆုံးဖြစ်သော သိုင်းမယ် ရှားလျှံနှင့် မျက်နှာလွှဲထားခဲ့လေသည်။

ရှားလျှံမှာ အသက်ငယ်ရွယ်ပြီး ချောမောလှပသောမိန်းကလေး တစ်ယောက်ဖြစ်သည်။

သို့တိုင် ...

ဝါဆန်းဂိုဏ်းချုပ်ကိုယ်စား သိုင်းလောကကိစ္စများ ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားခြင်း ခံရသဖြင့် အားလုံးက ဝါဆန်းဂိုဏ်းချုပ်ကဲ့သို့ သဘောထားကြပေတော့သည်။

သိုင်းလောက ထိပ်သီးဂိုဏ်းကြီးများမှ သိုင်းသမားကြီးများ ရောက်ရှိလာကြရာ တာဝန်ခံ မာကျူး ပျာပျာသလဲ ကြိုဆိုလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝါဆန်းဂိုဏ်းချုပ်ကိုယ်စား သိုင်းမယ်ရှားလျှံ တာဝန်ယူထားရသကဲ့သို့ နာမည်ကျော်ဗေဒါဂိုဏ်းချုပ်လည်း ကိုယ်တိုင် ရောက်မလာနိုင်ဘဲ ဗေဒါဂိုဏ်းချုပ်ပြီးလျှင် ဝါစဉ်အကြီးဆုံး ဖြစ်သော ဝှမောင်အား ကိုယ်စားစေလွှတ်လိုက်လေသည်။

သိုင်းစွမ်းရည်မြင့်မားသော ဝှမောင်ရောက်လာခြင်းသည် ဗေဒါဂိုဏ်းချုပ် ကိုယ်တိုင် ရောက်လာခြင်းကဲ့သို့ မှတ်ယူရမည် ဖြစ်လေသည်။

သိုင်းထိပ်သီးများ ရောက်လာသည်ဖြစ်ရာ တာဝန်ခံ မားကျူး အလုပ်များသွားလေတော့သည်။

"ကြွပါခင်ဗျား ကြွပါ"

ဧည့်သည်တော်များအား မားဂေဟာထဲသို့ ဖိတ်ခေါ်ပြီး နေရာထိုင်ခင်းပေးကာ လိုလေသေးမရှိ ဧည့်ခံလေသည်။

ရှောင်လင်ဆရာတော် ဇီရှမ်းဦးဆောင်သော လူစုရောက်ရှိလာကြသဖြင့် မားဂေဟာမှာ ပို၍ စည်ကားသိုက်မြိုက်ကာ ပို၍ ဂုဏ်ရှိသွားလေသည်။

ယခုမှ စေ့စပ်မင်္ဂလာပွဲ အခမ်းအနား ပြည့်စုံသွားတော့သည်ဟု မားကျူး ကျေနပ်သွားချိန်မှာပင် နောက်ထပ် ထူးခြားသော ဧည့်သည် တစ်ယောက် ရောက်ရှိလာပြန်လေတော့သည်။

❖ ❖ ❖

ရောက်ရှိလာသောဧည့်သည်မှာ အရပ်ထောင်ထောင်မောင်းမောင်း ခန္ဓာကိုယ်ထွားကျိုင်းသန်မာသူဖြစ်သည်။

ဦးခေါင်းတစ်ခုလုံး ဆွတ်ဆွတ်ဖြူဖွေးနေသည်။

ထို့အပြင် ...



ရှည်လျားဖြူဖွေးသော မုတ်ဆိတ်ရှည်များသည် ရင်ဘတ်သို့တိုင် ကျနေသည်။

မီးခိုးရောင်အဝတ်အစားများ ချပ်ချပ်ဝတ်ထားသော အဘိုးအိုတစ်ယောက် ဖြစ်လေသည်။

ထိုအဘိုးအိုကိုမြင်လျှင် တာဝန်ခံမားကျူး၏ ရင်ထဲမှ ပီတိကလေးများ ပျောက်ကာ စိုးရိမ်ပူပန်မှုများ အလိုလို ဖြစ်ပေါ်လာတော့သည်။

ရှောင်လင်ဇီရှမ်း ဆရာတော်နှင့် အဖော်များသည်လည်း ထိုအဘိုးအိုအား စိတ်ဝင်စားသွားကြလေသည်။

တာဝန်ခံ မားကျူးသည် ဧည့်ခံကြိုဆိုရမည် ဖြစ်သော်လည်း ထူးခြားသည့် သွင်ပြင်ရှိသော အဘိုးအိုကို ငေးကြည့်မိကာ နှုတ်မဆက်မကြိုဆိုနိုင်အောင် ဖြစ်နေခြင်းကြောင့် ရှောင်လင်ဇီရှမ်းဆရာတော်ကပင် လှမ်းပြီး နှုတ်ဆက်လိုက်လေသည်။

"အလို ... ဆရာကြီးလဲ ရောက်လာတာကိုး၊ အခုလို မမျှော်လင့်ဘဲ ပြန်တွေ့ရတာ ဂုဏ်ယူဝမ်းမြောက်မိပါတယ်"

ဇီရှမ်းဆရာတော်ကိုယ်တိုင် ဆရာကြီးဟု ဂုဏ်ပုဒ်ပြုကာ နှုတ်ဆက်လိုက်ခြင်းကြောင့် ထိုမီးခိုးရောင်ဝတ်ရုံရှည်ဝတ် အဘိုးအိုသည် ထိတ်ထိတ်ကြဲတစ်ယောက် ဖြစ်ရမည်ဟု ယုံမှားသံသယဖြစ်စရာ မလိုတော့ပေ။

မှန်ပေသည်။

ထိုအဘိုးအိုကား သိုင်းလောကၡ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သည့် မိုးမြေသိုင်းသမားနှစ်ယောက်၌ ပါဝင်သော မြေဇောင့်သိုင်းသမား(ဝါ)သက်ပြတ်ဓားရှင် ချိန်ဟုတ် ဖြစ်လေသည်။

မြေဇောင့် သိုင်းသမား(ဝါ)သက်ပြတ်ဓားရှင် ချိန်ဟုတ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတင်သိုင်းသမား ယဉ်ကြိုင်တို့အား သိုင်းလောကသားများက မိုးမြေသိုင်းနှစ်ဖော်ဟု တင်စားခဲ့ကြသော်လည်း သူတို့နှစ်ယောက်သည် သိုင်းဝညာချင်း အယူအဆချင်း ရပ်တည်မှုချင်း မတူကြဘဲ မိုးနှင့် မြေကြီးဆိုသည့်အတိုင်း ဆန့်ကျင်ဘက်ရှိကြလေသည်။

မြေစောင့်သက်ပြတ်ဓားချိန်ဟုတ်၊ ကောင်းကင်သိုင်းသမား ယဉ်ကြိုင်တို့သည် မိုးမြေသိုင်းနှစ်ဖော်ဟု တင်စားခံရသကဲ့သို့ သိုင်းလောက၏ သိုင်းပါရဂူများတွင် ပါဝင်ခဲ့ကြလေသည်။

မြေစောင့်သက်ပြတ်ဓားချိန်ဟုတ်သည် ပြိုင်ဘက်ကို ဖြင်းထန်စွာ တိုက်ခိုက်တတ်သဖြင့် ရက်စက်ကြမ်းကြုတ်သည်ဟု သတ်မှတ်ခံရပြီး သိုင်းလောကသား အများစုက သူ့အား ဝေးဝေးမှ ရှောင်ရှားကြလေသည်။

သို့သော်

အကြောင်းသိသူများကမူ ချိန်ဟုတ်အား ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံကြလေသည်။

ချိန်ဟုတ်သည် အမှန်တရားကို မြတ်နိုးသောစိတ် ရှိနေခြင်းကြောင့် ဖြစ်လေသည်။

ယခု

ရှောင်လင်စီရှမ်းဆရာတော်ကိုယ်တိုင် နှုတ်ဆက်လိုက်လျှင် မြေစောင့်ချိန်ဟုတ်ကလည်း အရေးတယူပြန်လည်ဂါရဝပြု နှုတ်ဆက်လိုက်လေသည်။

"ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ရောက်နေတာကိုး၊ အင်း... ဒီအတိုင်းဆိုရင် မားဂေဟာပိုင်ရှင် မားကျောက်ပာ အတော့်ကို မျက်နှာပန်းပွင့်တဲ့ လူတစ်ယောက်ဖြစ်နေပြီ"

ရင်းရင်းနှီးနှီး ရယ်ရယ်မောမော ပြော၏။



သို့သော်...

သူ၏စကားတွင် အစိမ်းပွှာယ်များစွာ ပါဝင်နေကြောင်း စီရှမ်းဆရာတော်တို့ သတိပြုမိခဲ့ကြလေသည်။

မားကျောက်ကဲ့သို့ လူစားမျိုးအား ထိပ်သီးသိုင်းသမားကြီးများက နေရာပေးကြမည် မဟုတ်ချေ။ တန်းတူရည်တူ ဆက်ဆံကြမည် မဟုတ်ချေ။

မားကျောက် မျက်နှာပွင့်စရာအကြောင်းမရှိပါ။

တကယ်တမ်း မျက်နှာပွင့်ခဲ့သည်ဆိုလျှင်လည်း အခြားအကြောင်းကိစ္စ တစ်ခုခုကြောင့်သာ ဖြစ်ရပေလိမ့်မည်။

မြေစောင့်သိုင်းသမား ချိန်ဟုတ်သည် ရယ်ရယ်မောမောဖြင့် ထိုင်ခုံတစ်လုံး၌ နေရာယူလိုက်၏။

တာဝန်ခံ မားကျိုး သက်ပြင်းကျမိလေသည်။

သူကြိုဆိုဧည့်ခံစရာ မလိုတော့ဘဲ ချိန်ဟုတ်က ကိုယ့်ဘာသာ နေရာယူသွားပြီ မဟုတ်ပါလား။

စီရှမ်းဆရာတော်တို့ ရောက်ရှိလာကြပြီး မကြာမီဆေ့စပ်မင်္ဂလာပွဲ ကျင်းပဖို့ အချိန်အခါ ကျရောက်လာလေတော့သည်။

❖ ❖ ❖

အနောက်ပိုင်းပြည်နယ် ငါးခုမှ သိုင်းသမားများသည် သိုင်းလောက၏ ထိတ်ထိတ်ကြဲ သိုင်းသမားကြီးများ ရောက်လာကြသဖြင့် အံ့သြမဆုံး ဖြစ်နေကြ၏။

မားကျောက်သည် ဤမျှအရေးပေးခံရစရာ အကြောင်းမရှိသဖြင့် သိုင်းသမားကြီးများ ရောက်ရှိလာသည်မှာ လျှို့ဝှက်ချက်တစ်ခုခု ရှိရမည်ဟု ရိပ်မိသွားကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အချင်းချင်း တီးတိုးဝေဖန် ပြောဆိုရင်း အခြေအနေကို အကဲခတ် စောင့်ကြည့်နေကြလေတော့သည်။

မင်္ဂလာအချိန် ကျရောက်လာပြီဖြစ်ရကား သာယာငြိမ့်ညောင်းသော တူရိယာသံများ ထွက်ပေါ်လာလေသည်။

ခမ်းနားကျယ်ဝန်းလှသော ဧည့်ခန်းမဆောင်ကြီးထဲ၌ အနယ်နယ် အရပ်ရပ်မှ ရောက်ရှိလာသော သိုင်းလောက ဧည့်သည် ငါးရာကျော်ခန့် စုရုံးရောက်ရှိနေရာ အလွန်ပင် စည်ကားသိုက်မြိုက်နေပါတော့သည်။

တေးသံသာများနှင့် မရှေးမနှောင်းမှာပင် အခြွေအရံများက သတို့သမီး သတို့သားနှစ်ယောက်အား ခြံရံကာ ဧည့်ခန်းမဆောင်ကြီးထဲ ဝင်ရောက်လာခဲ့ကြလေသည်။

သတို့သား မားကျောက်မှာ ထွားကြိုင်း သန်မာပြီး ရုပ်ရည်ကြမ်းတမ်းလေသည်။ စိတ်ထင်ရာ တခောက်ကန်းလုပ်မည့် အသွင်မျိုး ဖြစ်သည်။ သတို့သမီး ရီချင်းကား သေးသေးသွယ်သွယ်ဖြင့် ချောမောလှပသူ ဖြစ်သည်။

ကျောက်ဖြူတောင်ကုန်းပိုင်ရှင် ရီလုံ၏ သမီးဖြစ်သည်နှင့်အညီ သိုင်းလောက၌ အဆင့်အတန်းရှိလေသည်။

ရီလုံနှင့် မားကျောက်တို့ မင်္ဂလာစုံတွဲမှာ လုံးဝ လိုက်ဖက်ခြင်း မရှိကြောင်း ဧည့်ပရိသတ်အပေါင်း နားလည်မိကြသော်လည်း လျစ်လျူရှုထားလိုက်ကြလေသည်။

ရီလုံနှင့် မားကျောက်တို့နှစ်ယောက် နှစ်ဖက်သော လူကြီးမိဘများအား ကန်တော့ရန် အခမ်းအနားမှူးက ကြေညာလိုက်လေသည်။

ကန်တော့ခံမည့် နှစ်ဖက်သော လူကြီးမိဘများမှာ ခန်းမ အလယ်၌ နေရာယူထားကြ၏။



သခင်မလေး ရီချင်းဘက်မှ ဖခင်ကြီးရီလုံဖြစ်ပြီး သတို့သား မားကျောက်ဘက်မှ အဘိုးအိုတစ်ယောက်ဖြစ်သည်။ ကျောက်ဖြူတောင်ကုန်းပိုင်ရှင် ရီလုံကိုသိုင်းလောကသားများ ကောင်းစွာ သိထားကြ၏။

မားကျောက်ဘက်မှ လူကြီးမိဘဖြစ်သော ထိပ်ပြောင်အဘိုးအိုကို မည်သူမည်ဝါမှန်း ရုတ်တရက် ဝေခွဲမရ ဖြစ်နေကြပါတော့သည်။

ထိုအဘိုးအိုသည် သိုင်းလောကဝါစဉ်နုသူများအတွက် မျက်နှာစိမ်း တစ်ယောက်ကဲ့သို့ ရှိနေသော်လည်း ဝါစဉ်ကြီးသူများကား မည်သူမည်ဝါဖြစ်ကြောင်း မှတ်မိကာ အံ့ဩနေကြလေသည်။

ထိပ်ပြောင်အဘိုးအိုသည် ပျော်ရွှင်ချမ်းမြေ့စရာ မင်္ဂလာ အချိန်အခါမှာပင် အေးစက်သုန်မှုန်သော မျက်နှာထားရှိနေပါတော့သည်။

ထိုထိပ်ပြောင်အဘိုးအိုသည် မားအမျိုးအနွယ် မဟုတ်ပါ။ မားကျောက်၏ မိဘဆွေမျိုးသားချင်းလည်း မဟုတ်ပါ။

လုံးဝ သွေးသားမတော်စပ်ကြောင်း စီရှမ်းဆရာတော်တို့ သိထားကြ၏။ သို့ပါလျက် မားကျောက်က မိဘအကြီးအကဲနေရာ ထားရပါသနည်း။

မားဂေဟာ၏ ဓေ့စပ်ပွဲသည် အားလုံးမျှော်လင့်ထားသည့် အတိုင်း လျှို့ဝှက်ချက်များဖြင့် အစပျိုးလာခဲ့ပြီ ဖြစ်လေသည်။

ဝူတန်းချီရသေ့ မျက်မှောင်ကုပ်၏။

သူ၏ရင်ထဲမှ စကားများ မအောင့်အည်းနိုင်တော့ဘဲ ပွင့်အန်ထွက်လာ၏။

"သူက မားကျောက်နဲ့ ဘာတော်လို့လဲ၊ ဘာကြောင့် မားကျောက်ရဲ့ မိဘအကြီးအကဲ နေရာမှာ အခန့်သား နေရာယူထားရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဂူဖိုးသိုင်းဆရာ ကျင်းတုံ မဲ့ပြုံးပြုံးလိုက်သည်။

"မားကျောက်က သူနဲ့ ပတ်သက်နေတယ်လေ၊ လူတွေ သိပ်မသိကြဘူး၊ မားကျောက်က သူ့တပည့်ရင်း ဖြစ်နေတာ်ယ်"

ဂူတာန်ချိုရသေ့ အံ့ဩသွားလေသည်။

"ဖြစ်ရလေတယ်၊ မားကျောက်က သူရဲ့ တပည့်ရင်းကိုး၊ အစကတည်းက ဒီလိုမှန်းသိရင် ဒီစေ့စပ်ပွဲကို ကျုပ် လုံးဝ မလာပါဘူး"

ရှောင်လင်စီရှမ်းဆရာတော် ဆေးလေးနက်နက် ပြုံးလိုက်လေသည်။

"ရောက်လာပြီးမှတော့ ဒီအကြောင်းတွေ မေ့ထားလိုက်တာ အကောင်းဆုံးပါပဲ"

ဂုာဆန်းဂိုဏ်းမှ သိုင်းမယ် ရှားလျှံက ချစ်ဖွယ်လေး ပြုံးလိုက်သည်။

"မိုးမြေသိုင်းနှစ်ဖော် သိုင်းလောကက ပျောက်ကွယ်နေကြတာ အတော်ကြာပါပြီ၊ ပြန်ပေါ်လာတော့လဲ နှစ်ယောက်စလုံးကို တစ်ချိန်တည်း တစ်နေရာတည်းမှာ တွေ့ရတော့တာပဲ၊ မားဂေဟာရဲ့ စေ့စပ်ပွဲက စတင်အကြောင်းပြုပြီး ကြီးကျယ်တဲ့အိစ္စတစ်ခု ပေါ်ပေါက်လာတော့မယ်ဆိုတာ သေချာနေပါပြီ"

ဖြူဖွေးသော မုတ်ဆိတ်ရှည်များနှင့် မြေစောင့်သက်ပြတ်ဓား ချိန်ဟုတ်ဟာ မိုးမြေနှစ်ဖော်၌ ပါဝင်ခဲ့ရာ ကျွန်တစ်ယောက်သည် သိုင်းမယ်ရှားလျှံ သုံးသပ်လိုက်သောစကားအရ မားကျောက်၏ဆရာ ဆိုသည့် ထိပ်ပြောင်အဘိုးအိုပင် ဖြစ်ရပေမည်။

ထိုအဘိုးအိုမှာ ကောင်းကင်သိုင်းသမား ယဉ်ကြိုင်ပင် ဖြစ်ရတော့မည် မဟုတ်ပါလား။



ချိန်ဟုတ် မဲ့ပြုံးပြုံးလိုက်သည်။

"မားကျောက်က စေ့စပ်ပွဲကျင်းပပြီး သိုင်းလောကသားတွေကို ဖိတ်ခေါ်ဝံ့တာ၊ ယဉ်ကြိုင် ကျောထောက်နောက်ခံရှိနေလို့ပဲကိုး၊ သူတို့ဆရာတပည့်နှစ်ယောက်မှာ မကောင်းတဲ့ အကြံတစ်ခုခု မရှိဘူးလို့ ဘယ်သူပြောနိုင်မလဲ၊ မိန်းကလေးပြောသလို ကြီးကျယ်တဲ့ ကိစ္စမရှိရင် ကျုပ်တို့ အပင်ပန်းခံပြီး ဒီနေရာကို လာစရာ မလိုဘူးပေါ့"

စေ့စပ်ပွဲနောက်ကွယ်၌ လျှို့ဝှက်ကိစ္စတစ်ခု ရှိနေသည်မှာ တဖြည်းဖြည်း ရုပ်လုံးပေါ်လာလေတော့သည်။

ချိန်ဟုတ်သည် ဘယ်တုန်းကမှ မျက်နှာကြောမတည့်ခဲ့သော ထိပ်ပြောင်အဘိုးအို(ဝါ)ကောင်းကင်သိုင်းသမား ယဉ်ကြိုင်နှင့် ပြန်ဆုံတွေ့ရပြီး လျှို့ဝှက်ကိစ္စကြီးတစ်ခုနှင့် ပတ်သက်ရတော့မည်ဖြစ်၍ သဘောကျ ကျေနပ်နေလေတော့သည်။

ရှောင်လင်စီရှမ်း ဆရာတော်က ချိန်ဟုတ်ကိုအကဲခတ်လိုက်၏။

"မိတ်ဆွေဟာ စေ့စပ်ဂလာပွဲကိုတက်ရောက်ဖို့ လာခဲ့တာ မဟုတ်ဘူးလား"

ချိန်ဟုတ်က ပြန်မေးသည်။

"ဒါဖြင့် ဆရာတော်ကော တကူးတက လာတက်တာပဲလား ဗျာ"

စီရှမ်းဆရာတော်၊ ချိန်ရသေ့၊ သိုင်းမယ်ရှားလျှံနှင့် ဂူဖိုးသိုင်းဆရာ ကျင်းတုံတို့ အချင်းချင်း ကြည့်လိုက်ကြ၏။

ချိန်ဟုတ်က ငယ်ရွယ်သူဖြစ်သော သိုင်းမယ်ရှားလျှံကို စိုက်ကြည့်လိုက်လေသည်။

"သိုင်းမယ်လေးကော ဘာများ ပြောချင်သေးသလဲ"

သိုင်းမယ်ရှားလျှံမှာ ငယ်ရွယ်သူဖြစ်သည့်အတိုင်း ရှည်ရှည်

www.burmeseclassic.com

www.burmeseclassic.com



ဝေးဝေး တွေးတောချိန်ဆမနေဘဲ ဟောဟောဒိုင်းဒိုင်း ပြောလိုက်လေသည်။

"ကျွန်မက ကိစ္စတစ်ခုကို စုံစမ်းချင်လို့ ရောက်လာခဲ့တာပါ"

ချိန်ဟုတ်က ဗေဒါအဖွဲ့မှ ကိုယ်စားလှယ် ဂူဖောင်ကို မေးလိုက်သည်။

"ဗေဒါဂိုဏ်းက မိတ်ဆွေကကောဗျာ"

ဂူဖောင် ပခုံးတွန့်လိုက်သည်။

"ကျုပ်ကတော့ ဗေဒါဂိုဏ်းချုပ်က စေ့စပ်မင်္ဂလာပွဲ တက်ရောက်ဖို့ တာဝန်ပေး စေလွှတ်လိုက်တာကြောင့် ရောက်လာခဲ့တာပဲ၊ ထူးခြားတဲ့ကိစ္စတစ်ခု ရှိတယ်လို့ အတိအကျ မသိနိုင် မပြောနိုင်သေးပါဘူးဗျာ"

ဂူဖောင်သည် စကားကို အမှန်အတိုင်း ပြောတတ်ကြောင်း သတင်းကြီးသူဖြစ်လေသည်။

ချိန်ဟုတ် ကျေနပ်သွား၏။

"အင်း... တခြားလူတစ်ယောက်ဆိုရင် ကျုပ် ယုံချင်မှ ယုံမှာ၊ ခင်ဗျားပြောတာကိုတော့ ယုံပါတယ်ဗျာ"

သူတို့ပြောဆိုနေစဉ် သတို့သမီး သတို့သား၏ မိဘအကြီးအကဲ ကန်တော့ပွဲ ပြီးဆုံးသွားလေသည်။

ငြိမ့်ညောင်းသာယာသော တေးသံသာများ ပြန်လည်ထွက်ပေါ်လာကာ စားသောက်ပွဲကြီးလည်း စတင်လိုက်လေသည်။

မားဂေဟာမှ လိုလေသေးမရှိ ဧည့်ဝတ်ပြုလေသည်။

ထိပ်သီးသိုင်းသမားကြီးများ အပါအဝင် ကြွရောက်လာသော ဧည့်သည်အပေါင်းလည်း မားဂေဟာ၏ စေတနာကို အသိအမှတ်ပြုသည့် သဘောဖြင့် အားရပါးရ စားသောက်လိုက်ကြလေသည်။



ပိုင်ချွမ်းစားသောက်ဆိုင်မှ စားတော်ကဲကြီး၏ လက်ရာ ဟင်းလျာများမှာ အထူးပင် ကောင်းမွန်ကာ စားသောက်သူတိုင်း ခံတွင်းတွေ့ကြလေသည်။

အရက်ကလည်း အကောင်းစား အနှောက်နယ် စပျစ်အရက် ဖြစ်လေသည်။

ယခုအချိန်တွင် လျှို့ဝှက်ချက်ကို ဖော်ထုတ်ဖို့ မသင့်သေးဘဲ အချိန်အခါ စောင့်ရဦးမည်ဟု နားလည်ထားကြသော ချိန်ဟုတ်နှင့် ချိန်ရသေ့၊ ဂူဖီးသိုင်းသမား ကျူးထုံ၊ သိုင်းမယ်ရှားလျှံနှင့် ရှောင်လင်စီရှမ်းဆရာတော်တို့လည်း အနည်းငယ် စားသောက်လိုက်ကြလေသည်။

ထိုစဉ်...

မားဂေဟာမှ လူယုံတစ်ယောက်သည် အနီရောင်ဖိတ်စာတစ်စောင်ကိုင်ကာ အလောတကြီး ပြေးဝင်လာပြီး မားကျောက်ထံသို့ တန်းသွားကာ ဖိတ်စာကို ရိုရိုသေသေ ပေးလိုက်လေသည်။

မားကျောက်သည် လူယုံ၏ အပြုအမူကြောင့် အံ့သြကာ ဖိတ်စာကို ချက်ချင်းဖတ်ကြည့်လိုက်၏။

ထိုအချင်းအရာကို သတိပြုမိလိုက်ကြသည့် သိုင်းမယ်ရှားလျှံတို့ လူစုက မသိမသာ အကဲခတ်နေကြပါသည်။

မားကျောက်သည် ဖိတ်စာကို ဖတ်ပြီး မျက်လုံးပြူးသွား၏။

မဆိုင်းမတွပင် အမိန့်ပေးလိုက်သည်။

"မင်းတို့ တော်တော်ခက်ပါလား၊ ဧည့်သည်ကို မြန်မြန်ဝင်ခိုင်း လိုက်၊ လိုလေသေးမရှိအောင် ဧည့်ခံဖို့ ပြင်ထားကြစမ်း"

"ကောင်းပါပြီ သခင်"

လူယုံ ချက်ချင်းပြန်ထွက်သွားပြီး အနီးအနား၌ ရှိနေကြသူ

www.burmeseclassic.com

www.burmeseclassic.com



များက နောက်ထပ်ရောက်လာသော ဧည့်သည်ကို ဧည့်ခံဖို့ ပြင်ဆင်ကြလေသည်။

ဧည့်ခန်းမဆောင်ကြီးအတွင်း၌ ဧည့်ခံဖို့ အကောင်းဆုံးနေရာမှာ သိုင်းမယ်ရှားလျှံတို့ထိုင်နေသော စားပွဲရှည်ကြီးဖြစ်၍ ထိုစားပွဲမှာပင် အလိုက်သင့် ပြင်ပေးလိုက်ကြလေသည်။

စီရှမ်းဆရာတော်တို့ လူစုက စိတ်ဝင်စားစွာ စောင့်ကြည့်နေကြပါသည်။

မကြာပါချေ။

တာဝန်ခံမားကျူးက လူငယ်တစ်ယောက်နှင့် အဘိုးအိုနှစ်ယောက်တို့အား လေးလေးစားစား ခေါ်ဆောင်လာသည်ကို တွေ့ရ၏။

နန်းတွင်းသူရဲကောင်း သိုင်းသမား ပါရမီ-စုမာဖုံးနှင့် ဗေဒါကြီး ဟန်ရှောင်၊ ဗေဒါဂိုဏ်း ကျုန်းစုနယ်တာဝန်ခံ ဗွာနမ္မူး ကျိုလင်းတို့ ရောက်လာကြခြင်း ဖြစ်လေသည်။

သူတို့သည် စေ့စပ်မင်္ဂလာပွဲအတွက် လက်ဆောင်ပစ္စည်းများကိုပါ တစ်ပါတည်း သယ်ဆောင်လာခဲ့ကြလေသည်။

ဟန်ရှောင်နှင့် ကျိုလင်းတို့နှစ်ယောက်အား သိုင်းလောကသားတိုင်း သိထားကြ၏။

ယခုလည်း ဧည့်ခန်းမဆောင်ထဲ ရောက်နေကြသော သိုင်းဧည့်သည် ပရိသတ်များက ချက်ချင်းမှတ်မိလိုက်ကြ၏။

သို့တိုင်...

ဟန်ရှောင်တို့နှင့်အတူပါလာသော လူငယ်(ဝါ)စုမာဖုံးကိုမူ ရုတ်တရက် မည်သူမည်ဝါဖြစ်ကြောင်း မသိသူများလေသည်။

ယခုနှစ်များအတွင်း သိုင်းလောက၏ လူငယ်လူရွယ်များတွင်



အထင်ရှားဆုံး အကျော်ကြားဆုံး လူငယ်လူရွယ်နှစ်ယောက်မှာ စုမာဖုံးနှင့် ချယ်ရီကျွန်းမှ သခင်လေး လီဟေးတို့ ဖြစ်ကြလေသည်။

လူတိုင်း လူတိုင်းသည် စုမာဖုံးနှင့် လီဟေးတို့၏ အမည်ကို ကြားဖူးထားကြသော်လည်း နာမည်ကိုသာ သိကြပြီး လူကို မတွေ့ဖူးမမြင်ဘူးသူ အများအပြားရှိကြလေသည်။

ယခုလည်း မားဧဟာ၏ ဧည့်ခန်းဆောင်အတွင်း၌ ရောက်ရှိနေကြသူများတွင် အများစုက မသိကြချေ။

မြေစောင့်သက်ပြတ်ဓားချိန်ဟုတ်နှင့် ဗေဒါဂိုဏ်းမှ ဒုတိယအကြီးအကဲ ပူဆောင်တို့သာလျှင် တွေ့မြင်လိုက်သည်နှင့် စုမာဖုံးဖြစ်ကြောင်း သိလိုက်ကြခြင်း ဖြစ်သည်။

စီရှမ်းဆရာတော်တို့သည် စုမာဖုံးနှင့် ပတ်သက်၍ အံ့သြစိတ်များ ဖြစ်သွားကြ၏။

စုမာဖုံးကို တစ်ကြိမ်တွေ့လိုက်ရသည်နှင့် နှစ်ခြိုက်သဘောကျသည့် စိတ်များ ဖြစ်လာသလို သိုင်းသမားကြီး နှစ်ပဦးဖြစ်သော ဟန်ရှောင်နှင့် ကျိုလင်းတို့နှစ်ယောက်သည် စုမာပုံး၏ ဦးဆောင်မှုဖြင့် ခန်းမဆောင်ထဲဝင်လာကြခြင်းဖြစ်နေ၍ အံ့သြမိကြခြင်း ဖြစ်လေသည်။

သာမန်လူများအတွက် မည်သို့မျှ ထူးခြားမည်မဟုတ်သော်လည်း ဝိရှမ်းဆရာတော်အတွက်ကား အလွန်ထူးဆန်းနေပါသည်။

နာမည်ရှိသော ဟန်ရှောင်နှင့် ကျိုလင်းတို့ ဦးဆောင်လာရမည်ဖြစ်သည်။

စုမာဖုံးက ဦးဆောင်လာသည်မှာ အမြင်ဆန်းကာ ဖောက်လော်ကန့်လန့် ဖြစ်နေ၍ အလွန်ထူးဆန်းပြီး စုမာဖုံးမှာ ခေသူမဟုတ်ကြောင်း သိုင်းလောက၌ ကျော်ကြားနေသော လူငယ်သိုင်းသမား

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးအနက် တစ်ဦးဖြစ်နိုင်ကြောင်း၊ နန်းတွင်းမှနေ၍ သိုင်းလောက အရေးကိစ္စများ စီရင်ကင်းရှင်းရန် အလွန်ကြီးလေးသော တာဝန်ဝတ္တရား ပေးအပ်ခြင်းခံရသော ပါရမီရှင် စုမာဖုံးပင် ဖြစ်ရမည်ဟုလည်း ကျိုးကြောင်းဆက်စပ် တွေးတောပြီး ဆင်ခြင်မိလိုက်ကြလေတော့သည်။

စုမာဖုံးသည် ဂေဟာရှင် မားကျောက်ရှေ့သို့ လှမ်းသွားပြီး လောကဝတ်ပြုလိုက်သည်။

တစ်ဆက်တည်းပင် ကြည်လင်ပြတ်သားသော လေသံဖြင့် ပြောလိုက်လေသည်။

"ကျုပ်က စုမာဖုံးပါ၊ ဂေဟာရှင်ရဲ့ ဧည့်ခံပွဲမင်္ဂလာအတွက် လက်ဆောင်ပစ္စည်း လာရောက်ပေးအပ်ပါတယ်"

သူ၏စကားသံကို နားထောင်ရုံဖြင့် အတွင်းအား အလွန်ကောင်းသူဖြစ်ကြောင်း ထင်ရှားစွာ သိနိုင်သည်။

မားကျောက် ရင်ထိတ်ကာ မျက်နှာမပျက်အောင် မနည်းပင် ကြိုးစားဆည်ရလေသည်။

နန်းတွင်းသိုင်းသမားစုမာဖုံး ရောက်လာမည်ဟု လုံးဝ မမျှော်လင့်မထားခဲ့ပါ။

သို့သော် ချက်ချင်း ဟန်ဆောင်ပြုံးလိုက်သည်။

"မမျှော်လင့်ဘဲ မိတ်ဆွေလေး ကြွရောက်ချီးမြှင့်တဲ့ အတွက် ဝမ်းမြောက်ဂုဏ်ယူပါတယ်၊ လက်ဖွဲ့ပစ္စည်း ပေးအပ်လို့လဲ ကျေးဇူးတင်ပါတယ်၊ ကဲ... မိတ်ဆွေလေး အေးအေးဆေးဆေး အနားယူပြီး မင်္ဂလာအရက်ကို သုံးဆောင်ပါဦးဗျာ"

စုမာဖုံးအကြောင်း သိထားသော်လည်း ဦးစားပေးဆက်ဆံပါက ဧည့်ပရိသတ်များရှေ့၌ သိက္ခာကျစရာဖြစ်လာနိုင်သည်ကို တွေးပြီး



အခြားဧည့်သည်များနှင့် အဆင့်အတန်း အတူတူထားကာ ဧည့်ဝတ်ပြုလိုက်လေသည်။

စုမာဖုံးကလည်း မားကျောက် မည်သည့်ပုံစံချိုးသည်ကို ရိပ်မိလေသည်။

သူမည်သူမည်ဝါဖြစ်မှန်း သိလိုက်သော်လည်း အခြားဧည့်သည်များထက် ပို၍ အရေးကြီးသည်ဟု မယူဆဘဲ တန်းတူရည်တူ ဆက်ဆံသည်က မရိုးသားသောသဘောရှိကြောင်းလည်း ဆင်ခြင်မိကာ ရယ်မောလိုက်လေသည်။

"ဂေဟာရှင်ကြီးရဲ့ ဧည့်ဝတ်ပြုမှုကို လေးစားပါတယ်၊ မင်္ဂလာအရက်ဆိုတော့ အားရပါးရ သောက်ရမှာပေါ့"

တာဝန်ခံမာကျူးက စုမာဖုံးအား စီရှမ်းဆရာတော်တို့လူစုနှင့် တစ်ဝိုင်းတည်း နေရာချထားပေးလိုက်လေသည်။

စုမာဖုံးသည် မားဂေဟာသို့လာရန် ရည်ရွယ်ထားကြသူများ လူစုံတက်စုံ ရောက်လာကြစေရန် တမင်အချိန်နောက်ကျခံပြီး လာခဲ့ခြင်းဖြစ်သည်။

လူမစေ့ တက်မစုံလျှင် လျှို့ဝှက်သောကိစ္စ ပေါ်ပေါက်လာဦးမည် မဟုတ်ချေ။

စုမာဖုံးက မြေဓောင့်သက်ပြတ်စားချိန်ဟုတ်ကို ဦးညွှတ် နှုတ်ဆက်လိုက်လေသည်။

"ဦးရိုးတော်လဲ ရောက်နေတာကိုး၊ ကျန်းကျန်းမာမာပဲ မဟုတ်လား ခင်ဗျာ"

ချိန်ဟုတ်...

"တူမောင်... မင်းလည်း ဒီဧည့်ခံပွဲကို ရောက်လာတာကိုး၊ တကယ့်ကို အံ့သြစရာပါပဲ"

—

www.burmeseclassic.com

www.burmeseclassic.com



"ဦးရိုးတော်နဲ့ ဒီမှာ ဆုံတွေ့မိလို့ ကျွန်တော်လဲ အံ့ဩနေရပါတယ် ခင်ဗျာ"

နှစ်ယောက်သား ရှင်းရှင်းနိုးနိုး ရယ်ရယ်မောမော ရှိနေကြ၏။

"တူတော်မောင်က သတို့သားနဲ့ တွေ့ခဲ့ပေမယ့် သတို့သားရဲ့ အကြီးအကဲနဲ့ သတို့သမီးရဲ့ အကြီးအကဲကိုတော့ မသိသေးဘူး ထင်တယ်"

"ကျွန်တော် မသိသေးရင်လဲ နောက်တော့ ဦးရိုးတော်ကို မိတ်ဆက်ခိုင်းရမှာပါပဲ"

"မိတ်ဆက်ရုံဆိုရင် အရေးမကြီးပါဘူး၊ သူတို့ မခေကြတော့ ထိပ်တိုက်တိုးမယ်ဆိုရင် ကျုပ်အနေနဲ့ ခက်သွားမယ်ထင်တယ်"

စုမာဖုံး ပြုံးလိုက်သည်။

"သိုင်းလောကမှာ မိတ်ဖြစ်ဆွေဖြစ် သိုင်းပညာဖလှယ်ကြတဲ့ ကိစ္စတွေ အများကြီးရှိခဲ့ဖူးပါတယ်၊ ဒီလိုသဘောမျိုးက နေရာတကာမှာ ဖြစ်ပေါ်လေ့ရှိတာပဲ မဟုတ်လား"

သူတို့နှစ်ယောက် ပြောဆိုနေကြသော စကားများ အဓိပ္ပာယ် တစ်မျိုးဆောင်နေသည်ကို စီရှမ်းဆရာတော်၊ သိုင်းဆရာကျင်းထုံ၊ ချိန်ရသေ့နှင့် သိုင်းမယ် ရှားလျှံတို့ ရိပ်မိကြလေသည်။

ချိန်ဟုတ် ရယ်မောလိုက်လေသည်။

"ကောင်းပြီလေ၊ တူတော်မောင်ရဲ့ သဘောပဲ၊ တကယ်လို့ မှားယွင်းခဲ့တာ တစ်ခုခုရှိရင်တော့ ကျုပ်က ကြိုတင် သတိမပေးဘူးလို့ တူတော်မောင်ရဲ့ ဆရာကို သွားမပြောရဘူးနော်"

"စိတ်ချပါခင်ဗျာ၊ ကျွန်တော် အသုံးမကျခဲ့ရင် ဆရာကို ထိခိုက်သွားမှာတောင် စိုးရိမ်ပါသေးတယ်၊ ဆရာကို သွားတိုင်ဖို့ဆို တာမျိုး စိတ်မကူးဝံ့ပါဘူး"



စီရှမ်းဆရာတော် စိတ်ဝင်စားလာပြီး မသိမသာ စုံစမ်းလိုက်လေသည်။

"မိတ်ဆွေ... ဒီသူတော်လေးဆရာဟာ ဘယ်သူများဖြစ်နေလို့လဲ"

ရသေ့ချိန်၊ ကျင်းထုံနှင့် ရှားလျှံတို့သည်လည်း ထိုမေးခွန်းကို မေးလိုနေကြသည်။

ငယ်ရွယ်ပြီး ချောမောလှပသော ရှားလျှံမှာ စုမာဖုံးကို ကြည့်ရင်း ရင်ထဲဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေတော့သည်။

ချိန်ဟုတ်လည်း ပြောလက်စနှင့် တစ်ခါတည်း ပြောလိုက်၏။

"ဘယ်သူရှိမလဲ ပိုင်ဖုရှောင်ပေါ့"

ပိုင်ဖုရှောင်ဆိုသော အမည်ကို ကြားလျှင် အားလုံး ဟန်မဆောင်နိုင်အောင် အံ့ဩသွားကြတော့သည်။

စီရှမ်းဆရာတော် သက်ပြင်းချလိုက်လေသည်။

"လက်စသတ်တော့ သိုင်းလောကရဲ့ကျေးဇူးရှင် လောကပါလ သိုင်းသမားကြီး ပိုင်ဖုရှောင်ရဲ့ တပည့် ဖြစ်နေတာကိုး၊ ဒါကြောင့် တွေ့လိုက်တာနဲ့ ထူးခြားပါတယ်လို့ စိတ်ထဲ ခံစားလိုက်ရတာ"

ချက်ချင်းပင် စုမာဖုံးအား လှမ်းပြီး နှုတ်ဆက်လိုက်လေသည်။

"ဆရာကြီး ပိုင်ဖုရှောင်ကို ကျုပ်တို့ ရှောင်လင်ကျောင်းက တကယ်ပဲ လေးစားပါတယ်၊ ရှောင်လင်ကျောင်းရဲ့ အခက်အခဲ တစ်ချို့ကို ကူညီဖြေရှင်းပေးခဲ့ဖူးတဲ့ ကျေးဇူးကိုလဲ မမေ့ကြပါဘူး ကျုပ်ဟာ ဆရာကြီးနဲ့ ရင်းရင်းနှီးနှီး မရှိခဲ့ပေမယ့် သုံးလေးကြိမ် လောက်တော့ တွေ့ဆုံစကားပြောဖူးပါတယ်၊ ဆရာကြီး ကျန်းခံ့ သာလို့ မာတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



စုမာဖုံး ဦးညွှတ်လိုက်သည်။

"ဆရာကြီးဟာ ကျန်းကျန်းမာမာပါပဲ၊ ကျွန်တော်တို့ လူငယ်လူရွယ်တွေထက်တောင် ပိုပြီး ကျန်းမာသန်စွမ်းပါသေးတယ်၊ ခုဆိုရင် အသက်ကိုးဆယ်ကျော်လို့ တစ်ရာပြည့်ပါတော့မယ်၊ ဆရာဟာ လောကီရေးရာတွေကို စွန့်ပယ်ပြီး လောကုတ္တရာတရား လိုက်စားနေလိုက်ပါပြီ"

"ကောင်းပါပေတယ်ကွယ်"

စီရှမ်းဆရာတော်က သာဓုသုံးကြိမ် ခေါ်လိုက်၏။

စုမာဖုံးက နှုတ်သွက်လျှာသွက် မေးလေသည်။

"ဆရာတော်တို့ ဒီကိုရောက်လာကြတာ မင်္ဂလာပွဲ ချီးမြှင့်ဖို့ သက်သက်ပဲလားဆိုတာ သိပါရစေ"

စီရှမ်းဆရာတော် ရုတ်တရက် အဖြေမပေးနိုင်ဘဲ ဖြစ်သွား၏။

ဝါဆန်းသိုင်မယ် ရှားလျှံက ကြားဝင်ပြော၏။

သူမသည် စုမာဖုံးနှင့် စကားပြောရသောအခါ အလိုလို စိတ်ရွှင် လန်းကာ ပြုံးပြုံးရွှင်ရွှင် ဖြစ်နေပါတော့သည်။

"မားဂေဟာလို သိုင်းအဖွဲ့မျိုးရဲ့ မင်္ဂလာပွဲကို အဝေးက တကူးတက လာပြီး တက်ရောက်တယ်ဆိုတာ မင်္ဂလာပွဲတက်ဖို့သက်သက်ပဲ ဖြစ်နိုင်ပါ့မလားရှင်"

သူ၏စကားက အကြောင်းရှိ၍ တကူးတက လာခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံရာရောက်နေ၏။

ချိန်ရသေ့က တည်ကြည်သော မျက်နှာထားဖြင့် မေး၏။

"မောင်ရင်လေးဟာ လောကပါလသိုင်းသမားကြီးနဲ့ အပြိုင်ထင်ရှား ကျော်ကြားခဲ့တဲ့ ကင်းဆိပ်မားအကြောင်းကို ကြားဖူးမှာပေါ့နော်"



စုမာဖုံးမှာ အလွန်ပါးနပ်သော လူငယ်လေးတစ်ယောက်လည်း ဖြစ်နေပါသည်။

"ကင်းဆိပ်မားရဲ့ ကျော်ကြားမှုဟာ သိုင်းလောကမှာ ခြေချမိသူတိုင်း မကြားမိဘဲ ရှိကြမှာ မဟုတ်ပါဘူး၊ ရသေ့ကြီးတို့ ခုကိုစုရုံးရောက်ရှိနေတာ အရေးမကြီးဘဲ မဖြစ်နိုင်ပါဘူး၊ ဒီအနီးပတ်ဝန်းကျင်မှာ ကင်းဆိပ်မားနဲ့ ပတ်သက်တဲ့ သတင်းရထားလို့ ဖြစ်မယ်ထင်တယ်၊ ကျွန်တော့်ရဲ့ သုံးသပ်ချက် မှားယွင်းနေရင် ခွင့်လွှတ်ပါ"

ချိန်ရသေ့ လက်ကာပြလိုက်သည်။

"မမှားဘူး ... မမှားဘူး ... ကင်းဆိပ်မား ရရှိပိုင်ဆိုင်ထားသူဟာ ဟောဒီ မားဂေဟာရဲ့ မင်္ဂလာဧည့်ခန်းမဆောင်ထဲမှာ ရှိနေမယ်လို့ ကျုပ်ပြောဝံ့ပါတယ်"

စုမာဖုံး ကျေနပ်သွား၏။

"ဘယ်သူများဖြစ်မယ်ဆိုတာ ကျွန်တော် သိချင်ပါသေးတယ်၊ ပြောနိုင်ရင် ပြောပြပေးဖို့ မေတ္တာရပ်ခံပါတယ်ခင်ဗျာ"

ချိန်ရသေ့ ကွယ်ဝှက်မနေပါချေ။

"ဘယ်သူရှိရမလဲ၊ ကျောက်ဖြူတောင်ကုန်းပိုင်ရှင်ပေါ့"

"ဆရာရိုလုံ ဟုတ်လား"

"အေး ... သူပဲပေါ့"

စုမာဖုံး သက်ပြင်းချလိုက်သည်။

"ဒီလိုဆိုရင်တော့ ကျွန်တော် ကြားထားတဲ့ သတင်းကော ကျွန်တော် တွေးထင်ထားတာတွေနဲ့ပါ လွဲချော်နေပါပြီ"

"မောင်ရင်လေးက ဘယ်လိုတွေးထားလို့လဲ"

"ခြေ ... ကင်းဆိပ်မားဟာ မားဂေဟာပိုင်ရှင် ဖြစ်တဲ့ မားကျောက်ရဲ့လက်ထဲမှာ ရှိနေမယ်လို့ တွေးထင်ထားခဲ့တာပါ"

www.burmeseclassic.com



သိုင်းမယ်ရှာကျင်းက သဘောကျစွာ ပြုံးလေသည်။

"ဘာထူးမှာတဲ့လဲရှင်၊ ယောက္ခမရဲ့လက်ထဲမှာ ရှိနေတော့လဲ တစ်နေ့ကျရင် သမက်ဖြစ်သူ ပိုင်ဆိုင်ခွင့်ရှိမယ် မဟုတ်လား"

စုမာဖုံး၏အတွေး လွဲချော်နေသည်ဆိုလျှင် ဖာထေးပေးလိုက်သည့် သဘောဖြစ်သည်။

စုမာဖုံးဘက်မှ ရပ်တည်ကူညီလိုစိတ် ရှိနေကြောင်း ပေါ်လွင်သွားလေတော့သည်။

သို့သော်...

စုမာဖုံးကား စကားမပြောတော့ဘဲ တည်ကြည်သော မျက်နှာထားဖြင့် ငြိမ်နေလိုက်လေသည်။ တစ်စုံတစ်ခုအား အလေးအနက်ထား စဉ်းစားနေပုံမျိုး ဖြစ်သည်။

သိုင်းမယ်ရှားလျှံက ဖာထေးကာ ပြောပေးသော်လည်း ဘဝင်မကျ ဖြစ်နေပုံရသည်။

ကင်းဆိပ်ဓားသည် ရီလုံ၏လက်ထဲ၌ ရှိမနေဘဲ ဓားကျောက်၏ လက်ထဲ၌ ရှိနေသည်ဟု အခိုင်အမာ ယုံကြည်ထားသည်။

ထို့ကြောင့်...

သူ၏စကား မှန်ကန်နေသည်ကို လက်တွေ့ပြလိုနေပါသည်။

စုမာဖုံးသည် ဇဝေဇဝါ ဖြစ်နေမည့်လူစားမျိုး မဟုတ်ဘဲ သူ၏ယုံကြည်ချက် ဆုံးဖြတ်ချက်ကို အခိုင်အမာ ဆုပ်ကိုင်ထားတတ်သူ ဖြစ်သည်။

တဖွတ်ထိုး ခေါင်းမာပုံမျိုးလည်း မဟုတ်ပါ။

အဖက်ဖက်က လေ့လာဝေဖန် သုံးသပ်ပြီးမှ ဆုံးဖြတ်ချက်ချလေ့ရှိပြီး ထိုဆုံးဖြတ်ချက်အတိုင်း လက်ဆုပ်လက်ကိုင် ပြသည့် သဘော ဖြစ်လေသည်။



ချိန်ဟုတ်က ရှားလျှံဘက်သို့ လှည့်လိုက်၏။

"ကင်းဆိပ်ဓားဟာ နာမည်ကျော်သလောက် လျှို့ဝှက်ဆန်းကြယ်တဲ့ ဓားတစ်လက်ပါ၊ သိုင်းလောကသားတွေ နှစ်ပေါင်းအတန်ကြာအောင် သဲကြီးမဲကြီး ရှာဖွေခဲ့ကြပေမယ့် တွေ့ခဲ့တယ်၊ ရရှိခဲ့တယ်လို့ မကြားမိဘူး၊ လိုက်ရှာတဲ့လူတွေသာ ကံဆိုးသွားကြတာများတယ်၊ ခုတော့ သိုင်းသမားလောကမှာ ဖြန်းစားကြီး ထွက်ပေါ်လာတယ်၊ ရီလုံရဲ့လက်ထဲ ရောက်နေတယ်လို့ သတင်းတွေ ဖြစ်လာတယ်၊ မိန်းကလေးကော ဒီသတင်းတွေနဲ့ ပတ်သက်ပြီး ဘယ်လိုသဘောရသလဲ"

ရှားလျှံက...

"သတင်းတွေကတော့ စုံနေတာပဲ၊ အမျိုးမျိုး ပြောဆိုနေကြတာပါ၊ ဘယ်သတင်းလဲအမှန်လဲဆိုတာ ပြောဖို့ခက်ပါတယ်၊ ဒါပေမယ့် ကျောက်ဖြူတောင်ကုန်းပိုင်ရှင် ရီလုံရဲ့လက်ထဲမှာ ရောက်နေတယ် ဆိုတဲ့ သတင်းကတော့ လူပြောအများဆုံးပါပဲ"

သည့်သတင်းကြောင့် ကင်းဆိပ်ဓားဟာ ရီလုံရဲ့ လက်ထဲမှာ ရောက်နေတာ လူတိုင်း သိနေလောက်ကြပြီပေါ့"

"ဟုတ်ပါတယ်ရှင်"

စုမာဖုံး သက်ပြင်းချလိုက်သည်။

"ဒီပြီး သေချာသွားအောင် ဆရာရီလုံကို ပွင့်ပွင့်လင်းလင်း မေးကြည့်လိုက်တာ အကောင်းဆုံးပါပဲ၊ ဆရာရသေ့ ဘယ်လိုသဘောရပါသလဲ"

ဝိရှမ်းဆရာတော်၊ သိုင်းသမားကျင်းထုံနှင့် ရှာလျှံတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ နာမည်ကြီးနေသည့် စုမာဖုံးကလည်း ကင်းဆိပ်ဓားကို အကြောင်းပြုကာ ရောက်လာခဲ့ခြင်းပင် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



စုမာဖုံးက ဗြောင်ဖွင့်မေး၍ လူပုံအလယ်တွင် ရိုလို့ ဖွင့်ပြောမည် မထင်ပါ။ စုမာဖုံးကလည်း အလျှော့ပေးမည့်အသွင်မရှိ၍ မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်လာနိုင်ပေသည်။

ချိန်ဟုတ်က ထိန်းထိန်းသိမ်းသိမ်း လုပ်လေသည်။

"မောင်ရင်လေး အလောတကြီး မလုပ်သင့်သေးပါဘူး၊ မင်္ဂလာပွဲပျက်အောင် လုပ်မိတဲ့အဖြစ်မျိုးကို ရှောင်ရှားသင့်ပါတယ်၊ သတို့သမီးနဲ့ သတို့သားဟာ ဧည့်သည်တွေကို လိုက်နှုတ်ဆက်နေပါပြီ၊ မင်္ဂလာပွဲ ပြီးဆုံးတော့မှာပါ၊ ပြီးမှပဲ ကင်းဆိပ်မားနဲ့ ပတ်သက်ပြီး ဆွေးနွေးမေးမြန်းကြတာ ပိုသင့်လျော်ပါမယ်"

စုမာဖုံးသည် ချက်ချင်းဖြေရှင်းလိုသော်လည်း မင်္ဂလာပွဲကို နှောင့်ယှက်သည့် သဘောမျိုး ဖြစ်မည်မို့ ချိန်ဟုတ်၏ စကားကို လက်ခံလိုက်လေသည်။

"ကောင်းပါပြီခင်ဗျာ"

ထိုစဉ်...

သတို့သား မားကျောက်နှင့် သတို့သမီး ရိုချင်းတို့သည် ထိုင်ရာမှ ထကာ လူကြီးများနှင့်အတူ ဧည့်သည်များအား ကျေးဇူးတင်စကား ပြောဆိုရန် စီစဉ်နေချိန်ဖြစ်သည်။ မားကျောက်နှင့် ရိုချင်းတို့သည် ရှေးဦးစွာ ချိန်ဟုတ်တို့စားပွဲသို့ ရောက်လာပြီး ကျေးဇူးတင်စကား ဦးဦးဖျားဖျား ပြောကြလေသည်။

ထို့နောက်...

အခြားစားပွဲဝိုင်းများသို့ ဆက်၍လျှောက်သွားကြပြီး နှုတ်ဆက်ကြသည်။ ကျေးဇူးတင်စကား ပြောကြလေသည်။

စုမာဖုံးက တိတ်ဆိတ်ငြိမ်သက်စွာဖြင့် စောင့်ကြည့်နေလိုက်လေသည်။



မကြာမီသူတို့ထံသို့ ရောက်လာကြတော့မည် မဟုတ်ပါလား။

မားကျောက်နှင့် ရိုချင်းတို့က ဝိရှမ်းဆရာတော်တို့ စားပွဲဆီသို့ ဦးဆုံးလာသင့်သော်လည်း မလာဘဲ အခြားစားပွဲများသို့ သွားခဲ့ကြသည်မှာ နာမည်အရှိန်အဝါ သေးငယ်သော သိုင်းသမားဧည့်သည်များသည် သူတို့မှာ မျက်နှာမွဲများဖြစ်ကြ၍ ခွဲခြားဆက်ဆံသည်ဟု အထင်မှားနိုင်ခြင်းကြောင့်လည်းကောင်း၊ မားဂေဟာသို့ လာရသည်မှာ ဂုဏ်ငယ်သည်ဟု အားငယ်စိတ်ဝင်သွားနိုင်သည်က တစ်ကြောင်းမို့ ဦးစားပေး နှုတ်ဆက်ကြခြင်း ဖြစ်သည်။

ဝိရှမ်းဆရာတော်တို့ကလည်း နားလည်မှုရှိကာ သဘောထားကြီးစွာ ခွင့်လွှတ်ခဲ့ကြလေသည်။

သူတို့၏စားပွဲသို့ ရောက်လာမည့်အချိန်ကို စိတ်ရှည်ရှည်ဖြင့် စောင့်ဆိုင်းနေလိုက်ကြလေသည်။

သို့သော်...

မားကျောက်တို့ ရောက်မလာနိုင်အောင် အနှောင့်အယှက်တစ်ခု ပေါ်ပေါက်လာလေသည်။

အဝေးမှ စူးရှသောလေချွန်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရခြင်း ဖြစ်လေသည်။

လေချွန်သံသည် သေးငယ်ပြီး စူးရှလွန်းလှသည်။

လူတိုင်းလူတိုင်း၏ နားထဲသို့ သံဆူးချွန်ဖြင့် ထိုးလိုက်သကဲ့သို့ စူးစူးရှရှ တိုးဝင်လာသည်ဟု ခံစားလိုက်ကြရလေသည်။

ခန်းမဆောင်ထဲမှ စကားပြောသံ ရယ်မောသံများ ချက်ချင်း တိတ်ဆိတ်သွားလေသည်။

အားလုံးသည် စူးရှသောလေချွန်သံကို စိတ်ဝင်စားသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှိ..."

လေချွန်သံက တစ်ထောက်တစ်ခ နီးကပ်လာလေသည်။

လေချွန်သံရှင်မှာ မားဂေဟာသို့ ဦးတည်လာနေကြောင်း ထင်ရှားပေါ်လွင်လာ၏။

ထိုလူမှာ မည်သူဖြစ်ပါသနည်း။

ထူးခြားသူတစ်ယောက် မားဂေဟာသို့ ရောက်ရှိလာပြီဖြစ်လေသည်။

❖ ❖ ❖

## မားလုမယ့်လူ

"ရှိ..."

လေချွန်သံကို ဦးဆုံးကြားလိုက်ရချိန်က အဝေးမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

"ရှိ..."

ဒုတိယအကြိမ် ကြားလိုက်ရသောအခါ အတော်ကလေး နီးကပ်လာ၏။

"ရှိ..."

တတိယအကြိမ် ကြားလိုက်ရသောအခါ လေချွန်သံရှင်မှာ မားဂေဟာရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပြီဖြစ်ကြောင်း အားလုံး သိလိုက်ရလေသည်။

လေချွန်သံ သုံးကြိမ်ထွက်ပေါ်လာရာ တစ်ကြိမ်နှင့်တစ်ကြိမ် မျက်တောင်တစ်ခတ်သာ ကြာမည်ထင်ရ၏။

မျက်တောင်သုံးချက်ခတ် အချိန်အတွင်း အဝေးမှနေ၍ မားဂေဟာရှေ့သို့ ရောက်အောင်လာနိုင်သူမှာ ကိုယ်ဖော့ပညာ အလွန်ကောင်းသူဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ဟန်ဆောင်မနေနိုင်တော့ဘဲ လွှတ်ခနဲ ပြောလိုက်သည်။

"ကိုယ်ဖော့ပညာ ကောင်းလှချည်လား"

ရုမာဖုံးက ဖြည့်စွက်ပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သိုင်းလောကမှာ အတော်ဆုံးလို့ ပြောနိုင်လောက်ပါတယ်"

သူ၏စကားကြောင့် ဝီရမ်းဆရာတော်၊ သိုင်းသမားကျင်းထုံ၊ ချိန်ရသေ့နှင့် သိုင်းမယ်ရှားလျှံတို့က စိတ်ဝင်တစား ကြည့်လာကြ၏။

သိုင်းလောက၌ ကိုယ်ဖော့ပညာ အကောင်းဆုံးဟု ဆိုရလောက်သည့် သိုင်းသမားမှာ မည်သူဖြစ်သနည်းဆိုသည်ကိုပါ တစ်ဆက်တည်း တွေးတောစဉ်းစားလိုက်ကြလေသည်။

မြေစောင့်သကာချွေးများ ချိန်ဟုတ် မဲ့ပြုံးပြုံးလိုက်သည်။

"တူတော်မောင်က လူမမြင်ရဘဲ အသံကိုနားထောင်ရုံနဲ့ မှန်မှန်ကန်ကန် သုံးသပ်နိုင်သားပဲ၊ ဒီလူဟာ သိုင်းလောက ထိပ်ဆုံးစာရင်းဝင်တဲ့ သိုင်းသမားတွေထဲမှာ ပါဝင်နေတဲ့လူပဲ၊ သူ့ရဲ့ ကိုယ်ဖော့ပညာ မကောင်းပဲနေပါ့မလား"

စုမာပုံးသည် ချိန်ဟုတ်၏ အမှန်းတင်စကားကြောင့် ရောက်ရှိလာသူ မည်သူမည်ဝါဖြစ်ကြောင်း သိထားလိမ့်မည်ဟု နားလည်လိုက်လေသည်။

"ဦးရီးတော်က ဘယ်သူဘယ်ဝါ ဆိုတာ ခွဲခြားသိနေပြီထင်ပါရဲ့"

"ဟား…ဟား…ဟား…မသိဘဲနေပါ့မလား၊အသံကိုနားထောင်ကြည့်ရင် လေချွန်သံလို့ ထင်ရပေမယ့် ဒါဟာ စွန်ရဲတစ်ကောင်ရဲ့ အော်မြည်သံကို တုပထားတဲ့ အသံလို့ ခွဲခြားသိနိုင်ပါတယ်၊ ပြီးတော့ သိုင်းလောကမှာ လေဟုန်စီးစွန်ရဲလောက် ကိုယ်ဖော့ပညာကောင်းတဲ့လူ ရှိနိုင်ပါဦးမလား၊ သူ့လောက် ဘယ်သူမှ ဒီလောက်မြန်မြန် ပြေးလွှားလာနိုင်မှာ မဟုတ်ဘူး"

"လေဟုန်စီးစွန်ရဲဆိုတော့ လုံယွမ်ဆိုတဲ့လူများ ဖြစ်နေမလား ဦးရီးတော်"



"သေချာတာပေါ့ သူမှ သူပါပဲလေ"

ချိန်ဟုတ်၏မျက်နှာ တည်ကြည်လေးနက်သွားပြီး လက်ပြောလေသည်။

"တူတော်မောင် စောင့်ကြည့်နေပါ၊ ကျုပ်တို့ထက်အရင် သူကအားလုံး လှုပ်လှုပ်ရှားရှားဖြစ်အောင် လုပ်လိမ့်မယ်"

ဗေဒါကိုထီးမှ ဒုတိယအကြီးအကဲ ငူးဖောင်က မှတ်ချက်ချလိုက်လေသည်။

"လေဟုန်စီးစွန်ရဲ ယုံယွမ်း သိုင်းလောကထဲက ပျောက်သွားတာ နှစ်အတော်ကြာခဲ့ပြီ၊ အခုမှ ဗြုန်းစားကြီး ပြန်ထွက်ပေါ်လာတယ် ဆိုတော့… အင်း…"

ကင်းဆိပ်မား၏ သတင်းကြောင့်သာ ဖြစ်ရမည်ဟု ဆိုလိုချင်ဟန် ရှိလေသည်။ သူတို့ဝေဖန်ပြောဆိုနေကြစဉ်မှာပင် လူတစ်ယောက်က ခန်းမဆောင်ထဲ လှမ်းဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူသည် မျက်နှာသွယ်သွယ် နှာခေါင်းကောက်ကောက်ရှုးရှုတောက်ပသော မျက်လုံးများရှိရာ တကယ့်စွန်ရဲတစ်ကောင်၏ မျက်နှာမျိုးရှိသူဖြစ်သည်။

စွန်ရဲတစ်ကောင်၏ အရောင်အသွေးကဲ့သို့ ညိုမှိုင်းမှိုင်းအရောင် အဝတ်အစားများ ဝတ်ဆင်ထားသည်။

ခန္ဓာကိုယ်ကြွခိုင်သော်လည်း ခြေလက်များက အရိုးငေါက်ငေါက်ဖြစ်နေပြီး စွန်ရဲခြေထောက်နှင့် တူနေသည်။

ထိုလူ၏ ပုံပန်းသဏ္ဌာန်မှာ အကြည့်ရဆိုးလှ၏။

အားလုံးက ထိုလူအား အကဲခတ်ကြည့်နေကြသကဲ့သို့ ထိုလူသည်လည်း ခန်းမအလယ်သို့ လှမ်းသွားကာ မားမားမတ်မတ် ရပ်ပြီး ထိမထင်သောအသွင်ဖြင့် အားလုံးကို စေ့စေ့ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အကြည့်သည် ကျောက်ဖြူတောင်ကုန်းပိုင်ရှင် ရိုလုံထံသို့ အရောက်တွင် ရပ်တန့်သွားလေသည်။

ထို့နောက်

မည်သူ့ကိုမျှ အမှုမထားတော့ဘဲ ရိုလုံ၏ မျက်နှာကိုသာလျှင် စူးစိုက်ကြည့်နေလိုက်တော့သည်။

သူ၏အကြည့်က ထူးခြားနေသည်။

ခန်းမတစ်ခုလုံး၏ တိတ်ဆိတ်ငြိမ်သက်ကာ ခန်းမထဲမှ လူများကလည်း ထိုလူအား ကြည့်နေကြသည်။

ထိုလူသည် ရိုလုံနှင့်ပတ်သက်ပြီး လာခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါတော့သည်။

ရိုလုံသည် သိုင်းလောကတစ်ခုလုံး မက်မောနေသည့် ကင်းဆိပ်ဓားနှင့် ပတ်သက်နေသည်ဟု သိုင်းလောကသတင်းများဖြစ်ပေါ်နေ၏။

ထိုလူသည် ကင်းဆိပ်ဓားအတွက် ရိုလုံနှင့် စာရင်းရှင်းဖို့ လာခဲ့သည်လေလော။

ထိုလူမှာ လေဟုန်စီးစွန်ရဲလုံယွမ် ဖြစ်လေသည်။

ကျောက်ဖြူတောင်ကုန်းပိုင်ရှင် ရိုလုံသည် လေဟုန်စီးစွန်ရဲ လုံယွမ်ကို တွေ့လိုက်သည်နှင့် ချက်ချင်းမျက်လုံးပြူးကာ ထိုင်ရာမှ ထရပ်လိုက်လေသည်။

ရိုလုံနည်းတူ မားကျောက်၏ဆရာ ကောင်းကင်သိုင်းသမား ယဉ်ကြိုင်လည်း ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်လေသည်။

သူတို့နှစ်ယောက်၏ အံ့သြတကြီး ဆတ်ခနဲ ဆတ်ခနဲ ထရပ်လိုက်ကြသော်လည်း ရန်လိုမုန်းထားသည့်သဘော မဟုတ်ဘဲ အိမ်ရှင်ဧည့်သည်ကို ကြိုဆိုသည့် သဘောမျိုး ဖြစ်နေကြောင်း စုမာဖုံး အကဲခတ်မိလေသည်။



လေဟုန်စီးစွန်ရဲ လုံယွမ်မှာ သိုင်းလောက၌ ထင်ရှားခဲ့သည့် ထိပ်သီးသိုင်းသမားကြီးငါးယောက်တွင် ပါဝင်ခဲ့သူဖြစ်သည်။

လေဟုန်စီးစွန်ရဲ လုံယွမ်၊ ကောင်းကင်သိုင်းသမား ယဉ်ကြိုင်၊ သက်ပြတ်ဓား ချိန်ဟုတ်တို့သည် ထိုထိပ်သီးငါးဖော်တွင် ပါဝင်ခဲ့ကြသူများ ဖြစ်သည်။

တစ်ချိန်က လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော ထိပ်သီးသိုင်းငါးဖော်မှ သိုင်းသမားကြီးသုံးဦး မားဧဟာသို့ စုဝေးရောက်ရှိနေကြပြီ ဖြစ်သည်။

ကျန်ထိပ်သီးသိုင်းသမားကြီး နှစ်ယောက်ကော ရောက်လာကြဦးမည်လား။

မားဧဟာပိုင်ရှင် မားကျောက်၏ ဆရာဖြစ်သကဲ့သို့ မင်္ဂလာပွဲတွင် မားကျောက်၏ အကြီးအကဲနေရာယူထားသူ ကောင်းကင်သိုင်းသမား ယဉ်ကြိုင်က စတင်နှုတ်ဆက်လိုက်လေသည်။

"မိတ်ဆွေကြီး ယုံယွမ်၊ ဘယ်လေတိုက်ပြီး ရောက်လာတာလဲဗျာ"

လေဟုန်စီးစွန်ရဲ လုံယွမ်က...

"လေတိုက်လို့ ရောက်လာတာထက် သားကောင်ရဲ့အနံ့ရလို့ ရောက်လာတဲ့ စွန်ရဲတစ်ကောင်ဆိုရင် ပိုမှန်လိမ့်မယ်"

မထိတရီ အပြုံးဖြင့် ပြော၏။

တစ်ဆက်တည်းမှာပင် ယဉ်ကြိုင်အား အပြစ်စကား ပြောလိုက်လေသည်။

"နေပါဦး၊ ခင်ဗျားရဲ့တပည့် စေ့စပ်ပွဲလုပ်တာတောင်မှ ကျုပ်ကို အကြောင်းကြား ဖိတ်စာမပို့တာ ဘယ်လိုသဘောလဲဗျာ၊ အတော့်ကို စိမ်းကားနေပြီလို့ ဆိုနိုင်တာပေါ့၊ ဟုတ်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကြိုင်သည် သူ၏ ချို့ယွင်းချက်ဖြစ်နေ၍ တောင်းပန်လိုက်လေသည်။

"မိတ်ဆွေဟာ တကယ့်စွန့်ရဲတစ်ကောင် လေဟုန်စီးနေသလို လေယာဉ်ရာအရပ်ကို လွှင့်ပါးနေတော့ ကျုပ်တို့အနေနဲ့ ရှာဖွေဖို့ ခက်ခဲလှပါတယ်၊ ဒါကြောင့် တောင်းပန်ပါတယ်ဗျာ"

မလှမ်းမကမ်းရှိ စားပွဲဆီသို့ ညွှန်ပြလိုက်သည်။

"ခုတော့လဲ မိတ်ဆွေကြီးရောက်လာပါပြီလေ၊ ကဲ... အေးအေးဆေးဆေး ထိုင်ပါဦး၊ ကျုပ်ကိုယ်တိုင် မင်္ဂလာအရက် သုံးခွက်လောက် တိုက်ပါရစေဗျာ"

လေဟုန်စီးစွန့်ရဲ လုံယွမ် လက်မခံဘဲ ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ်မ်ပွင့်ပွင့်လင်းလင်းပဲ ပြောတော့မယ်၊ ကျုပ်ကို ဖိတ်ကြားသည်ဖြစ်စေ မဖိတ်ကြားဘဲ နေသည်ဖြစ်စေ ဒီမင်္ဂလာပွဲဟာ ကျုပ်အတွက် လုံးဝ အရေးမကြီးပါဘူး၊ ကျုပ်က တခြားအရေးကြီးတဲ့ အကြောင်းကိစ္စတစ်ခုနဲ့ လာခဲ့တာ"

စုမာဖိုးနှင့် ဟန်ရှောင်တို့ အချင်းချင်း ကြည့်လိုက်ကြ၏။

ဝီရှမ်းဆရာတော်၊ သိုင်းဆရာကျင်းထုံ၊ ချိန်ရှသေ၊ သိုင်းမယ်ရှားလျံတို့သည်လည်း ဘယ်လိုလည်းဟူသော သဘောဖြင့် အချင်းချင်း ကြည့်နေကြလေသည်။

လေဟုန်စီးစွန့်ရဲ လုံယွမ်၏ စကားကြောင့် ယဉ်ကြိုင်မျက်နှာ ကွက်ခနဲ ပျက်သွားသော်လည်း ချက်ချင်းပြန်ဆည်ကာ ပြုံးလိုက်လေသည်။

"သြော်... သြော်... ဘယ်လိုအရေးကြီးတဲ့ အကြောင်းကိစ္စ ရှိနေသလဲဆိုတာ ပြောပါဦးဗျာ"



လုံယွမ်က ခပ်တွင်းတင်းပင်ပြော၏။

"ခင်ဗျားတို့ပည့်နဲ့ ယောက္ခမတော်စပ်မယ့် ကျောက်ဖြူတောင်ကုန်းပိုင်ရှင် ရိုလုံနဲ့ တွေ့ချင်လို့ လာခဲ့တာ"

ပြဿနာကား စချေပြီ။

လုံယွမ်သည်လည်း ကင်းဆိပ်ဓားရထားသည်ဟု သတင်းကြီးနေသည့် ရိုလုံအား တွေ့ဖို့လာခဲ့သည် မဟုတ်လား။

ယဉ်ကြိုင်က...

"နေပါဦး၊ ခင်ဗျားက ကျောက်ဖြူတောင်ကုန်းပိုင်ရှင်ကို ဘယ်လို အကြောင်းကိစ္စနဲ့ တွေ့ချင်ရတာလဲ ပြောစမ်းပါဦး"

သေချာအောင် မေးလေသည်။

လုံယွမ်က...

"ကျုပ်ကို မေးနေစရာမလိုပါဘူး၊ ကာယကံရှင်က ကျုပ်ဘာကြောင့် သူ့ကို လာရှာတယ်၊ တွေ့ချင်ရတယ်ဆိုတာကို မသိဘဲနေမှာ မဟုတ်ပါဘူး"

ရိုလုံ မျက်နှာပျက်နေသည်။

လူ့ပုံအလယ်၌ ရန်ရှာခံရသဖြင့် စိတ်ဆိုးနေပုံရှိ၏။

အကယ်၍ လေဟုန်စီးစွန့်ရဲ လုံယွမ် မဟုတ်ဘဲ အခြားတစ်ယောက်ယောက်သာဆိုလျှင် လက်ပိုက်ကြည့်မနေဘဲ ဆုံးမလိုက်မည်မှာ သေချာနေ၏။

လုံယွမ်ဖြစ်နေခြင်းကြောင့်သာလျှင် အသာငြိမ်နေခြင်းဖြစ်လေသည်။

ထိုမျှမကသေး။

လုံယွမ်က အဘယ်သို့သောကိစ္စကြောင့် ရောက်လာသည်ကို သဲသဲကွဲကွဲ သိလိုနေသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကြိုင်က အခြေအနေကို ထိန်းသိမ်းလိုက်သည်။

ပြုံးရွှင်သော မျက်နှာထားဖြင့် ဖျောင်းဖျောင်းဖျဖျ ပြောလိုက်လေသည်။

"မိတ်ဆွေ ဘယ်လိုကိစ္စမျိုးမဆို အေးအေးဆေးဆေး ဖြေရှင်းလို့ ရပါတယ်ဗျာ၊ ကျုပ်တို့စားသောက်ရင်း ဆွေးနွေးကြတာ ပိုမကောင်းဘူးလား၊ ကိုယ့်အချင်းချင်းတွေပဲဗျာ၊ ဖြေရှင်းလို့မရတဲ့ကိစ္စ မရှိနိုင်ပါဘူး"

လုံးယွမ်ကမူ အားမနာတမ်း ပြောလေသည်။

"အခုကိစ္စက အေးအေးဆေးဆေး ဖြေရှင်းလို့ရမယ့်ကိစ္စမဟုတ်ဘူးဗျ"

တစ်ဖန်...

"ရိုလုံ... ခင်ဗျားရဲ့ ဘောင်ကုန်းမှာ လူသတ်သမား ဘယ်နှစ်ယောက်လောက် မွေးထားသလဲ ပြောစမ်းပါ"

ရိုလုံအား ခြောင်ရန်စကာ စိန်ခေါ်လိုက်သည့်သဘော ဖြစ်နေပါတော့သည်။

ငြိမ်သက်နေသော ခန်းမဆောင်ထဲ၌ လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။ လုံးယွမ် ရောက်လာပြီး ပြောဆိုနေသောစကားများနှင့် ပတ်သက်၍ အချင်းချင်း တီးတိုးဝေဖန် ပြောဆိုနေကြ၏။

ကောင်းကင်သိုင်းသမား ယဉ်ကြိုင်နှင့် ရိုလုံတို့ အခက်တွေ့နေစဉ် သူတို့၏ ပြိုင်ဘက်ဖြစ်သော မြေခောင့်သက်ပြတ်မား ချိန်ဟုတ်က စုမာဖုံးအား ပြုံးပြလိုက်သည်။

"လေဟုန်စီးစွန်ရဲ့ဟာ အတော်ကို ခက်ထန်တယ်၊ တကယ့်တစောက်ကန်းကြီးပါပဲ၊ သူစိတ်ဆိုးလာရင် မလွယ်ဘူး၊ ပွဲကြီးပွဲကောင်း ကြည့်ရဖို့ သေချာနေပြီ"



စုမာဖုံး ထောက်ခံလိုက်သည်။

"သူ့ရဲ့စကားအတိုင်းဆိုရင် ရိုလုံရဲ့ ကျောက်ဖြူတောင်ကုန်းက လူတစ်ယောက်ယောက်ဟာ သူ့ကို ထိပါးခဲ့လို့ပဲ ဖြစ်နိုင်ပါတယ်"

"လုံးယွမ်က တော်တော်ဒေါသဖြစ်နေပြီ၊ သူ့ကို ထိန်းဖို့မလွယ်တော့ဘူး။ ရိုလုံကလဲ ဟန်ဆောင်နေရပေမယ့် လူပုံအလယ်မှာ စော်ကားလာရင် ဆက်ပြီး သည်းခံနေမှာ မဟုတ်ဘူး"

သူပြောသလို ပွဲကြီးပွဲကောင်းတစ်ခု ဖြစ်ပေါ်လာတော့မည်မှာ သေချာနေပါတော့သည်။

ရိုလုံ၏မျက်နှာ ခက်ထန်လာ၏။

သူတို့က မင်္ဂလာပွဲကျင်းပသည့်နေ့ရက် ဖြစ်နေ၍ ပြဿနာ မပေါ်ပေါက်စေလိုသော်လည်း လုံးယွမ်က နှုတ်တိုးစော်ကားလာသည်ဟု ယူဆလိုက်လေသည်။

"မိတ်ဆွေ လုံးယွမ်၊ ခင်ဗျားရဲ့ စကားတွေ အတော်ကို စည်းဝါးလွတ်နေပါပြီ၊ ကျုပ်တို့ ကျောက်ဖြူတောင်ကုန်းဟာ ခင်ဗျားအပေါ်မှာ ဘယ်တုန်းကများ မလေးမစား လုပ်ခဲ့ဖူးလို့လဲ ပြောပါဦး"

လုံးယွမ်က...

"မလေးမစား မလုပ်ဘူး ဟုတ်လား၊ ရိုလုံ ခင်ဗျား တော်တော်ဟန်ဆောင်ကောင်းနေပါလား၊ မင်္ဂလာပွဲမှာ လူကြီးလူကောင်းလုပ်ရတဲ့အရှိန် မသေသေးဘူး ထင်တယ်၊ ဟား...ဟား...ဟား..."

အမှန်တော့

ကောင်းကင်သိုင်းသမား ယဉ်ကြိုင်သည် မြေခောင့်သတ်ပြတ်မား ချိန်ဟုတ်၊ လေဟုန်စီးစွန်ရဲ လုံးယွမ်တို့နှင့် ပခုံးချင်းယှဉ်နိုင်သူဖြစ်သော်လည်း ကျောက်ဖြူတောင်ကုန်းပိုင်ရှင်ရိုလုံကား တစ်ဆင့်နိမ့်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်

လုံယွမ်နှင့် ပြဿနာမဖြစ်လိုပါ။

မလွှဲမရှောင်သာဘဲ ထိပ်တိုက်ရင်ဆိုင်ရမည်ဆိုလျှင်လည်း သေသေချာချာ စဉ်းစားရပေလိမ့်မည်။

ယခုအချိန်တွင် ရိလုံ မစဉ်းစားအားတော့ပေ။

"လုံယွမ်...ခင်ဗျားဟာ သိုင်းထိပ်သီးငါးဖော်ထဲမှာ အပါအဝင် ဖြစ်တယ်ဆိုပြီး ဒီလောက် ခက်ထန်မောက်မာနေတာ မကောင်းပါဘူးဗျာ၊ ကျုပ်ရဲ့ ဂုဏ်သိက္ခာကျဆင်းအောင် ဘာကြောင့် မဟုတ်မတရား စွပ်စွဲပြောဆိုနေရတယ်ဆိုတာကို အားလုံးသိအောင် ရှင်းပြရပါလိမ့်မယ်"

လုံယွမ်ကလည်း အလျှော့ပေးဖို့ မစဉ်းစားတော့ပေ။

"ရိလုံ...ခင်ဗျား ခုချိန်ထိ ဟန်ဆောင်ဖို့ကြိုးစားနေတုန်းပဲလား၊ ခင်ဗျားရဲ့ ဟန်ဆောင်မျက်နှာဖုံးစွပ်ကို လူအလယ်မှာ ကျုပ်ခွာချပစ်တော့မယ်"

"အပိုတွေပြောမနေပါနဲ့လေ၊ ခင်ဗျားရဲ့စွပ်စွဲမှုကို ခိုင်ခိုင်လုံလုံ သက်သေပြရလိမ့်မယ်၊ ကဲ...ပြောပါ"

"စိတ်ချ၊ ကျုပ်ပြောဖို့ အချိန်မီလာခဲ့တာ"

နှစ်ယောက်သား စကားစစ်ထိုးရင်း လေဟုန်စီးစွန်ရဲ့ လုံယွမ် ရောက်လာရသည့်အကြောင်းရင်း ပေါ်ပေါက်လာတော့မည် ဖြစ်လေသည်။

လုံယွမ်သည် စကားမပြောမီ ညှော်မရိသတ်များကို တစ်ချက် ဝေ့ကြည့်လိုက်သည်။

ချိန်ဟုတ်နှင့် ဂူဖောင်တို့အား တွေ့မြင်သွားလျှင် မသိမသာ ခေါင်းညိတ်ပြလိုက်သည်။



သူလာရင်းကိစ္စ ထုတ်ဖော်ပြောဆိုတော့မည့် သဘောဖြစ်ပါသည်။

ထို့နောက်

ယဉ်ကြိုင်နှင့် ရိလုံတို့ဘက်သို့ပြန်လှည့်ကာ ရိလုံအား ဟန်ပါပါ မေးလိုက်လေသည်။

"ချန်အန်းမြို့က တိမ်ဖြူစုံအိမ်ဆိုတာ ကြားဖူးတယ် မဟုတ်လားဗျာ"

ကင်းဆိပ်ဓားအကြောင်း မေးမြန်းလိမ့်မည်ဟု အားလုံး ထင်မှတ်ထားကြရာ လုံယွမ် မေးလိုက်သော စကားကြောင့် အံ့သြသွားကြလေသည်။

ချန်အန်းမြို့ရှိ တိမ်ဖြူစုံအိမ်မှာ နာမည်ရှိသောသိုင်းအဖွဲ့အစည်း တစ်ခု ဖြစ်လေသည်။

စံအိမ်ပိုင်ရှင် ဟောင်ချင်အား သိုင်းလောကသား အတော်များများ သိရှိထားကြလေသည်။

လုံယွမ်သည် မဆီမဆိုင် ဟောင်ချင်း အကြောင်း မေးလိုက်သည်မှာ အဘယ်ကြောင့်ပါနည်း။

ဟောင်ချင်းနှင့် မည်သို့ ပတ်သက်နေပါသနည်း။

ယဉ်ကြိုင် မျက်မှောင်ကုပ်သွားပြီးမှ ခေါင်းဆတ်ခနဲ ညိတ်လိုက်လေသည်။

"ကြားဖူးပါတယ်၊ အင်မတန် မာကျောပြီး ကျောက်ဆောင်ကြီးနဲ့ တူတယ်လို့ တိမ်ဖြူစုံအိမ်ပိုင်ရှင် ဟောင်ချင်းကို သိုင်းလောကသားတွေ ချီးကျူးပြောဆိုကြတာပဲ မဟုတ်လား၊ ခက်တာက သူဟာ နာမည်ရှိတဲ့ လူတစ်ယောက်ဖြစ်ပေမယ့် ကျုပ်က သူ့ကို မတွေ့ဖူးသေးတာပဲ"

---

www.burmeseclassic.com

www.burmeseclassic.com



လုံယွန်မိက ...

"ဒါဖြင့် ကျုပ်နဲ့ ဟောင်ချင်း ဘယ်လိုပတ်သက်နေတယ်ဆိုတာကော ခင်ဗျား သိသလား"

"ကျုပ်လဲ ဒါကိုပဲ မေးမလို့ပါဗျာ"

လုံယွန်မိက မပြောသေးဘဲ ရီလုံကို ငေါက်လိုက်သည်။

"ခင်ဗျားကော သိသလား"

ရီလုံမှာ လုံယွန်မိနှင့် ယဉ်ကြိုင်တို့နှစ်ယောက်ရှေ့၌ မျက်နှာမဲ့တစ်ယောက်ပမာ ရှိနေပါတော့သည်။

"ကျုပ်ဘယ်လိုလုပ် သိနိုင်မှာလဲဗျာ"

လုံယွန်မိ မဲ့ပြုံးပြုံးလိုက်သည်။

"ကောင်းပြီ၊ မသိရင် မှတ်ထား၊ ကျုပ်ပြောမယ်"

"ဟောင်ချင်းဟာ တစ်ချိန်က ကျုပ်နဲ့ ပညာသင်ဘက် ဂိုဏ်းတူ ညီလေးတစ်ယောက် ဖြစ်ခဲ့တယ်၊ ကဲ ...ရှင်းပြီလား"

ရီလုံ ဘာမျှပြောဘဲနေ၏။

ယဉ်ကြိုင်က ...

"အင်း ...ဟောင်ချင်းဟာ ခင်ဗျားရဲ့ ဂိုဏ်းတူ ညီလေး တစ်ယောက်ဆိုတာ ခင်ဗျားပြောမှပဲ သိတော့တယ်၊ နေပါဦး၊ ဟောင်ချင်းအတွက် ခင်ဗျား ဘာတွေ မကျေမနပ် ဖြစ်နေတာလဲ၊ ပြောပါဦးဗျ"

လုံယွန်မိသည် ဟောင်ချင်းအကြောင်းပြောရင်း ဒေါသထွက်လာပုံရ၏။

ရီလုံအား ကြည့်နေသော မျက်လုံးအစုံမှာ ဝင်းဝင်းတောက်လာပြီး မီးတောက်မီးလျှံများ ထွက်ပေါ်လာတော့မည်ဟုပင် ထင်မှတ်ရလေသည်။

"လွန်ခဲ့တဲ့ လဝက်လောက်က ကျုပ်ရဲ့ ဂိုဏ်းတူညီလေး ဟောင်ချင်းနဲ့ တိမ်ဖြူစံအိမ် ရက်ရက်စက်စက် သတ်ဖြတ်လုပ်ကြံခံလိုက်ရတယ်၊ ကျုပ်စိတ်မဆိုးဘဲ နေနိုင်ပါတော့မလားဗျာ"



ရီလုံ ထိတ်လန့်သွားလေသည်။

"ဟောင်ချင်း အသတ်ခံလိုက်ရတယ် ဟုတ်လား၊ ကျုပ် ဘာမှမသိရပါလား၊ ကျုပ်တို့နှစ်ယောက်ကြားမှာ ပတ်သက်စရာ ကိစ္စမှမရှိတာပဲ၊ ဟောင်ချင်း လုပ်ကြံခံရတဲ့ သတင်းကို ကျုပ်လုံးလုံးမကြားမိသေးပါဘူး"

ခန်းမဆောင်ထဲရှိ ဧည့်ပရိသတ်များထဲမှ တီးတိုးဝေဖန် ပြောဆိုသံများ ထွက်ပေါ်လာပြန်သည်။

အများစုမှာ ဟောင်ချင်းလုပ်ကြံခံရသည့်သတင်းကို မသိကြချေ။

ယဉ်ကြိုင် သက်ပြင်းချလိုက်သည်။

"ဆိုးရွားတဲ့ ကိစ္စပါလား၊ ဟောင်ချင်းကို ဘယ်သူကများ လုပ်ကြံသွားတာလဲဗျာ"

"ဘယ်သူရှိမလဲ ရီလုံပေါ့"

"ဟာ ..."

ဟောင်ချင်းနဲ့ တစ်မိသားစုလုံး ရက်ရက်စက်စက် လုပ်ကြံခံရတာ ရီလုံ လက်ချက်ပဲ"

ရီလုံ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"အဓိပ္ပာယ်မရှိတာဗျာ၊ ကျုပ်နဲ့ ဟောင်ချင်း ရန်ငြိုးရန်စမှ မရှိတာ၊ ဘာကြောင့် ကျုပ်က ရက်ရက်စက်စက် လုပ်ရမှာလဲဗျ"

"အေး ...ဘာကြောင့်လဲဆိုတာ မင်းအသိဆုံးပဲ"

လုံယွန်မိက အော်ငေါက်ရင်း ရှေ့တိုးလိုက်လေသည်။

ယဉ်ကြိုင် တားဆီးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေ ... ခဏကလေးဗျာ၊ ခင်ဗျားရဲ့ ဂိုဏ်းတူ ညီလေး လွန်ခဲ့တဲ့ လဝက်လောက်က လုပ်ကြံခံရတာ အမှန်ပဲလား၊ အရေးကြီးလို့ ကျုပ်ကို တစ်ခေါက်လောက် ထပ်ပြောပြပါလား"

"တစ်ခေါက်မဟုတ်ဘူး၊ ဆယ်ခေါက်လောက် ထပ်ပြောပြလို့လဲ ရတယ်၊ ဟောင်ချင်းဟာ လွန်ခဲ့တဲ့ လဝက်လောက်က လုပ်ကြံခံခဲ့ရတာပဲ"

လုံယွမ်၏ စကားအဆုံးတွင် ယဉ်ကြိုင်၏ မျက်နှာ ပြုံးရွှင်သွားတော့သည်။

"ဒါဆိုရင် ဖြေရှင်းလို့ ရပါပြီ"

"ဘာဗျ ..."

"ဟောင်ချင်း လုပ်ကြံခံရတာ ရီလုံရဲ့ လက်ချက် မဟုတ်ပါဘူးဗျာ"

"ဩော် ... ခင်ဗျားက ရီလုံဘက်က ..."

"နေပါဦး ... မိတ်ဆွေကြီး၊ ကျုပ်ရှင်းပြပါရစေဦး၊ ညီလေး ကျုပ်စကားကို ဆုံးအောင် နားထောင်ပါဦး"

လုံယွမ် ဒေါသချုပ်ထိန်းထားလိုက်ရ၏။

ယဉ်ကြိုင်က တည်ကြည်သော မျက်နှာထားဖြင့် ပြော၏။

"ကျုပ် ဒီကနေ့ မင်္ဂလာပွဲကျင်းပနိုင်အောင် ကျုပ်နဲ့ ရီလုံတို့ လွန်ခဲ့တဲ့တစ်လလောက်ကတည်းက တိုင်ပင်ဆွေးနွေးပြီး လိုအပ်တာတွေကို စီစဉ်ဆောင်ရွက်ခဲ့ကြပါတယ်၊ ရီလုံဟာ တစ်ချိန်လုံး ကျုပ်နဲ့ အတူတူ ရှိနေခဲ့တာပါ၊ ချန်အန်းကိုသွားပြီး ဟောင်ချင်ကို လုပ်ကြံဖို့ ဘယ်လိုလုပ်ဖြစ်နိုင်တော့မှာလဲ"

"ဒါက ..."

လုံယွမ် စောဒကတက်မည်အပြုတွင် ...



"ကျုပ်စကားမဆုံးသေးပါဘူး၊ ကျုပ်ဟာ သိုင်းလောကထဲမှာ နေချင်သလိုနေ လုပ်ချင်ရာလုပ်ခဲ့ပေမယ့် ဘယ်တုန်းကမှ လိမ်မပြောခဲ့ဘူးဆိုတာ အားလုံးသိကြပါတယ်"

ယဉ်ကြိုင် ဆက်ပြောပြီး ဧည့်ပရိသတ်များအား ဝေ့ကြည့်လိုက်သည်။

ဝိရှမ်းဆရာတော် သက်ပြင်းချလိုက်သည်။

"ယဉ်ကြိုင်ကို ကျုပ်သဘောမကျပါဘူး၊ ဒါပေမယ့် သူဟာ ဘယ်တုန်းကမှ လိမ်မပြောခဲ့ဘူးဆိုတာတော့ လက်ခံပါတယ်"

သိုင်းဆရာကျင်းထုံ၊ ချိန်ရသေ့၊ သိုင်းမယ် ရှားလျှံ၊ ဗေဒါဂိုဏ်းမှ ဂူဖောင်၊ ဟန်ရှောင်၊ မြေခေါင့်သက်ပြတ်ဓား ချိန်ဟုတ်တို့သည် ဝိရှမ်းဆရာတော်၏ စကားကို လက်ခံသည့်အလား ဦးခေါင်း တညိတ်ညိတ် ရှိနေကြပါတော့သည်။

လေဟုန်စီးစွန်ရဲ လုံယွမ်လည်း တွေဝေသွားလေသည်။

ယဉ်ကြိုင်မှာ နာမည်ပျက်ရှိခဲ့သော်လည်း ဘယ်တုန်းကမှ စကားကို လိမ်မပြောသူဖြစ်ကြောင်း လက်ခံထားခြင်းကြောင့် ဖြစ်လေသည်။

ယဉ်ကြိုင် ဆက်ပြောသည်။

"ဟောင်ချင်ရဲ့ သိုင်းပညာကလဲ မခေပါဘူး၊ ဆရာရီလုံဟာ ဟောင်ချင်းတို့ တစ်မိသားစုလုံးကို သတ်ပစ်နိုင်လောက်အောင် သိုင်းပညာမရှိပါဘူး၊ ဒါကို အားလုံး တွေးတောချိန်ဆလို့ ရနိုင်ပါတယ်"

လုံယွမ် ခပ်ပြင်းသော လေသံဖြင့် အော်ပြောလိုက်သည်။

"ရီလုံရဲ့ပညာ နည်းပေမယ့် သူ့လက်ထဲမှာ ကင်းဆိပ်ဓား ရှိနေရင် ဟောင်ချင်းထက် ဆယ်ဆသာတဲ့လူကိုတောင် ရှင်းပစ်နိုင်မှာပဲ၊ ဒါကို စဉ်းစားစရာ မလိုတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ...မဟုတ်တာဗျာ"

လုံယွမ် ခံပြင်းစွာ ရယ်မောလိုက်လေသည်။

ရိုလုံက...

"ဆရာလုံယွမ်...ခင်ဗျား မှားနေပါပြီဗျာ"

ကပျာကယာ ပြောလေသည်။

ယဉ်ကြိုင်က...

"သူဟာ ကျုပ်နဲ့အတူ တစ်ချိန်လုံးရှိနေပါတယ်ဆိုမှ ခင်ဗျား မယုံဘဲ ခုချိန်ထိ စွပ်စွဲချင်တုန်းပဲလား၊ ဒါဆို တကယ့် တရားခံ အစစ်ကို ခင်ဗျား ဖော်ထုတ်နိုင်မှာ မဟုတ်တော့ဘူး"

"ဘာဗျ..."

"ဟောင်ချင်းကို တခြားတစ်ယောက်ယောက်က လုပ်ကြံခဲ့တာဆိုရင် ခင်ဗျားက ရိုလုံကို မဲနေတာဆိုတော့ တကယ့်တရားခံ အစစ် လွတ်မြောက်နေတော့မှာပေါ့"

ယခုတစ်ကြိမ် လုံယွမ်သည် ဒေါသမကြီးနိုင်ဘဲ တွေတွေ ကလေး ဖြစ်သွားတော့သည်။

ယဉ်ကြိုင်က...

"ကျုပ်က မုသားမပြောဘူး၊ ဒီတစ်ချက်နဲ့ပဲ ဟောင်ချင်းတို့ မိသားစု အသတ်ခံရတာ ဆရာရိုလုံနဲ့ ဘာမှ မဆိုင်ပါဘူးဆိုတာ လက်ခံလို့ ရနေပါပြီ"

လုံယွမ် သက်ပြင်းချလိုက်သည်။

"ကင်းဆိပ်မားဟာ သိုင်းလောကမှာ ထွက်ပေါ်လာပြီး ရိုလုံရဲ့ လက်ထဲ ရောက်နေတယ်ဆိုတဲ့ သတင်းတွေ သိုင်းလောကမှာ ဘာ ကြောင့် ထွက်ပေါ်နေရတာလဲ၊ ကင်းဆိပ်မား ရှိနေတယ်ဆိုတာကြောင့် ရိုလုံရဲ့ လက်ချက် ဖြစ်မယ်လို့ ကျုပ်စွပ်စွဲတာပေါ့"



"ဒုက္ခပါပဲ၊ ရိုလုံက ကြားအချောင် နာမည်ကြီးနေတာ၊ ဒုက္ခ ဖြစ်ဖို့ပဲ၊ ကင်းဆိပ်မား သူ့ဆီမှာ မရှိပါဘူးဗျာ"

ယဉ်ကြိုင်က ညည်းတွားလိုက်သဖြင့် ရိုလုံလည်း မချိပြုံး ပြုံးလိုက်လေသည်။

ယဉ်ကြိုင် ဆက်ပြော၏။

"ခက်တော့ ခက်နေပါပြီ၊ တစ်ယောက်ယောက်ဟာ ဆရာရိုလုံ ကို တမင်ဒုက္ခရောက်အောင် လုပ်နေပါပြီ၊ ကင်းဆိပ်မားကို ရထား တယ်ဆိုပြီး တမင်လုပ်ကြံ သတင်းလွှင့်ချောက်တွန်းလိုက်တာပါပဲ"

လုံယွမ် မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားပြောတဲ့အတိုင်း ဖြစ်ပါစေလို့ ကျုပ်ဆုတောင်းပါတယ် ဗျာ၊ ဒါမှ မဟုတ်ခဲ့ရင် ရိုလုံသာမကဘူး၊ ခင်ဗျားကိုလဲ ခွင့်လွှတ် နိုင်တော့မှာ မဟုတ်ဘူး"

သေဆုံးသွားရသော ဟောင်ချင်းအတွက် သွေးကြွေးဆပ်ဖို့ ဘာပဲလုပ်ရလုပ်ရ လုပ်မည့်သဘောမျိုး ရှိလေသည်။

မည်သူ့ကိုမျှ အမှုထားမည်မဟုတ်ကြောင်းလည်း ထင်ရှား နေပါသည်။

ယဉ်ကြိုင်က...

"ကဲ...မင်္ဂလာအရက် တိုက်ပါရစေ၊ သုံးဆောင်လိုက်ပါဦး"

"ကိစ္စမရှိပါဘူး၊ ကျုပ်က ကင်းဆိပ်မားနောက်ကို လိုက်ရဦး မယ်၊ ဒီမားရထားတဲ့သူဟာ ဟောင်ချင်းကိုသတ်တဲ့လူပဲ၊ ဒီကိစ္စ ဖြေရှင်းဖို့ အရေးကြီးနေလို့ ကျုပ်သွားတော့မယ်"

စကားဆုံးသည်နှင့် လုံယွမ်က ထွက်သွားဖို့ ဟန်ပြင်လိုက် လေသည်။

ထိုစဉ်...

www.burmeseclassic.com

www.burmeseclassic.com



"ခဏကလေး"

ဟန့်တားသံ ထွက်ပေါ်လာလေသည်။

လူရိပ်တစ်ခု ရိပ်ခနဲရောက်လာသည်။

စိတ်ဆတ်သော လုံယွမ်က အော်ငေါက်လိုက်သကဲ့သို့ လက်ဝါးတစ်ချက်ကို ထုတ်လိုက်သည်။

"ဘယ်သူက ငါ့ကို တားရဲတာ"

သူ၏လက်ဝါး ဆန့်ထုတ်လိုက်သည်နှင့် ပြင်းထန်သောအရှိန် ဖြစ်ပေါ်လာလေသည်။

"ဟူး..."

အဖြူရောင်လူရိပ်သည်လည်း လက်ဝါးရိုက်ထုတ်ကာ ပြန်လည် ခုခံလိုက်လေသည်။

လက်ဝါးနှစ်ဖက် ဆုံတွေ့မိလိုက်သည်နှင့် ဝုန်းခနဲအသံ ထွက်ပေါ်လာကာ လုံယွမ် နောက်ဆုတ်ပေးလိုက်ရလေတော့သည်။

❖ ❖ ❖

လေဟုန်စီးစွန်ရဲ လုံယွမ်အား ဟန့်တားခဲ့သူသည် လုံယွမ်၏ လက်ဝါးရိုက်ချက်ကို တုံ့ပြန်ကာ နောက်ဆုတ်သွားအောင် ပြုလုပ်နိုင်ခဲ့သဖြင့် အားလုံးအံ့သြသွားကြလေသည်။

ဟန့်တားသူမှာ လူငယ်လေး စုမာဖုံး ဖြစ်နေသည်ကို တွေ့မြင်ရလျှင် ပို၍ပင် အံ့သြသွားကြလေသည်။

လုံယွမ်က မျက်လုံးကြီးပြူးကာ ကြည့်လိုက်၏။

သူ့အား ချိန်ဟုတ်က တားသည်ထင်ကာ တိုက်ခိုက်မိလိုက်ခြင်းဖြစ်သည်။

ယခုမှ...



"ဟိတ်...မင်းက ဘယ်သူ့အားကိုးနဲ့ ငါ့ကို ဝင်တားဆီးရတာလဲ ပြောစမ်း"

ရှက်လည်းရှက် ဒေါသလည်းထွက်ကာ အော်ငေါက်လိုက်လေသည်။

လူပုံအလယ်တွင် လူငယ်တစ်ယောက်က သူ၏ လက်ဝါးရိုက်ချက်ကို ခုခံနိုင်သည့်အပြင် နောက်ဆုတ်ရအောင် တားဆီးနိုင်သည်ကို မယုံနိုင်အောင် ဖြစ်နေသည်။

စုမာဖုံးက သိုင်းလောကထုံးစံအရ လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

"ကျွန်တော့်နာမည် စုမာဖုံးပါ၊ အခုလို အနှောင့်အယှက်ပေးမိတာကို တောင်းပန်ပါတယ်၊ စိတ်လောကြီးသွားလို့ ခုလိုဖြစ်ရတာ ဝမ်းနည်းပါတယ်ခင်ဗျာ"

သူ၏အပြောအဆို အမူအရာ ယဉ်ကျေးသိမ်မွေ့လှသည်။ လက်ဝါးကျင်း ယှဉ်တိုက်ပြီး လုံယွမ်အား နောက်ဆုတ်သွားစေနိုင်ခဲ့သူ တစ်ယောက်ဟုပင် ထင်စရာမရှိချေ။

လုံယွမ်သည် စုမာဖုံးအား ခြေဆုံးခေါင်းဆုံး အကဲခတ်ရင်း မြေစောင့်သက်ပြတ်မား ချိန်ဟုတ်နံဘေး၌ ထိုင်နေခဲ့သောသူပင် ဖြစ်ကြောင်း သတိပြုမိသွား၏။ ချိန်ဟုတ်၏ တပည့်တစ်ယောက်ဖြစ်မည်ဟု သဘောထားမိခဲ့သည်။

ယခုတော့ သူမျှော်လင့်သလို မဟုတ်ဘဲ သိုင်းပညာအလွန်ထူးချွန်ပြီး သတ္တိကောင်းသော လူငယ်တစ်ဦးဖြစ်နေပါသည်။

"မောင်ရင်ဟာ ငယ်ရွယ်သူဖြစ်ပေမယ့် သိုင်းပညာက အမြင့်ခန်းရှိနေတာကိုး၊ ကဲ...ဘယ်လိုသဘောနဲ့ ကျုပ်ကို တားဆီးရတာလဲ၊ ပြောစမ်းပါဦး"

www.burmeseclassic.com



စုမာဖုံးက ...

ကျွန်တော်က နောင့်ယှက်တဲ့သဘောမဟုတ်ဘဲ စေတနာအရင်းခံပြီး တားဆီးခဲ့တာပါ၊ ဆရာကြီး ထွက်သွားရင် ကင်းဆိပ်ဓားနဲ့ ပတ်သက်လို့ ပင်ပန်းနေမှာ စိုးရိမ်လို့ပါ”

လုံယွမ်က ...

“ကျုပ်ထွက်သွားရင် ပင်ပန်းမယ်ဆိုတော့ ကင်းဆိပ်ဓားက ဒီမှာရှိနေလို့လား”

“ဒီကိစ္စ မကြာခင် အဖြေပေါ်လာတော့မှာပါ၊ ဒါကြောင့် ဆရာကြီးကို ထွက်မသွားချင်တာပါ”

လုံယွမ် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

“ကောင်းတယ် ... ကောင်းတယ်၊ မောင်ရင်က ချိန်ဟုတ်နဲ့ ဘယ်လိုများ ပတ်သက်နေသလဲ ပြောပါဦး”

“ကျွန်တော်တို့ဟာ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေဟွေ ဖြစ်ကြပါတယ်ဗျာ”

ချိန်ဟုတ်ကလည်း ထောက်ခံပြောဆိုလိုက်လေသည်။

“ဒါအမှန်ပဲ၊ သူဟာ ကျုပ်ရဲ့ ညီတော်မောင်တစ်ဦးလို့ ကျုပ်သဘောထားပါတယ်၊ ခင်ဗျားလဲ ဆန္ဒရှိမယ်ဆိုရင် ကျုပ်လိုပဲ သဘောထားနိုင်ပါတယ်လေ”

လုံယွမ် ရုတ်တရက် စကားမပြောနိုင်အောင် ဖြစ်သွား၏။

ချိန်ဟုတ်ကဲ့သို့ လူစားမျိုးကပင် အလွန်အရေးပေး ဆက်ဆံနေသဖြင့် ခေသူမဟုတ်မှန်း ကောင်းကောင်းကြီး နားလည်သွားလေသည်။

စုမာဖုံး မည်သူမည်ဝါဖြစ်ကြောင်း တိတိကျကျ သိရလေအောင် ချိန်ဟုတ်အား လှမ်းမေးလိုက်၏။



“ခင်ဗျားလို လူစားမျိုးတောင် ညီလေးတစ်ယောက်လို သဘောထားတယ်ဆိုရင် ဒီကောင်လေးဟာ ပေါ့သေးသေး မဟုတ်နိုင်တော့ဘူး”

ချိန်ဟုတ်က ...

“သေချာတာပေါ့၊ လောကပါလသိုင်းသမားကြီးရဲ့ ပညာကုန်ရထားတဲ့ တစ်ဦးတည်းသော တပည့်ဟာ ဘယ်လိုလုပ်ပြီး ပေါ့သေးသေး ဖြစ်နိုင်တော့မှာလဲဗျာ”

“ဟာ ...”

လုံယွမ် ဟာခနဲ ဖြစ်သွားသကဲ့သို့ စုမာဖုံးအကြောင်းကို မသိကြသေးသော ခန်းမဆောင်ထဲမှ လူများသည်းလည်း ဟင်ခနဲ ဟာခနဲ ဖြစ်သွားကြလေတော့သည်။

လုံယွမ်၏မျက်နှာထား ချက်ချင်းပြောင်းလဲသွားတော့သည်။

အလွန်ရင်းနှီးဖော်ရွေသော လေသံဖြင့် စုမာဖုံးအား လှမ်းပြောလိုက်လေသည်။

“လက်စသတ်တော့ လောကပါလသိုင်းသမားကြီးရဲ့တပည့် ဖြစ်နေတာကိုး၊ ဆရာကြီးကော ကျန်းကျန်းမာမာပဲ မဟုတ်လား၊ ကျုပ်လုံယွမ်က ဆရာကြီးကို အမြဲဂါရဝပြု ဦးညွှတ်ပါတယ်လေ”

မည်သို့သော သိုင်းသမားမျိုးဖြစ်ပါစေ ပိုင်ဖုရှောင်၏အမည်ကို ကြားသည်နှင့် ကြည်ညိုလေးစားပြီး ဦးညွှတ်ကြသည်ချည်း ဖြစ်လေသည်။

စုမာဖုံးမှာဆရာကောင်းတပည့် ပန်းကောင်းပန်ဆိုသကဲ့သို့ သိုင်းလောက၌ အလိုလို နေရာရခဲ့တော့သည်။

စုမာဖုံးက ...

“ဆရာ ကျန်းကျန်းမာမာပါပဲ၊ လောကဓ္ဓာရာဇာများ ကြီးပမ်း

www.burmeseclassic.com

www.burmeseclassic.com



အားထုတ်နေပါတယ်၊ ဒါထက် ဆရာကြီးအနေနဲ့ ကင်းဆိပ်မား ဘယ်သူ့လက်ထဲ ရောက်နေတယ်ဆိုတာ စိတ်ဝင်စားတယ် မဟုတ်လားဗျာ"

လုံယွမ် ဝန်ခံလိုက်သည်။

"ဒါအမှန်ပဲ"

"ဒါဆိုရင်တော့ ဒီနေရာက ထွက်မသွားသင့်ပါဘူး"

လုံယွမ်သည် အကြောင်းထူးရှိနေပြီဖြစ်ကြောင်း သဘောပေါက်လိုက်လေသည်။

ထို့ကြောင့်

"ကင်းဆိပ်မားအကြောင်း သိရနိုင်မယ်ဆိုရင် ကျုပ်ဒီမှာ ဆက်နေလို့ ဘာကြောင့်မဖြစ်ရမှာလဲကွယ့်"

ဟု လက်ခံလိုက်ရာ စုမာဖုံးလည်း ကျေနပ်သွား၏။

"ဒီကိစ္စကို အေးအေးဆေးဆေး တိုင်ပင်ဆောင်ရွက်ဖို့ လိုပါတယ်၊ ဆရာကြီး ခရီးပမ်းလာတော့ စားသောက်ပြီး ခေတ္တခဏ အနားယူပါဦးလို့ မေတ္တာရပ်ခံပါတယ်ခင်ဗျာ"

လုံယွမ်သည် စုမာဖုံးနှင့်အတူ ချိန်ဟုတ်တို့ထိုင်နေသော စားပွဲဆီသို့ လိုက်ပါသွားလေတော့သည်။

❖ ❖ ❖

## မှန်သောအတွေး

မားဂေဟာ၏ ဧည့်ခံပွဲကြီးကား ပြီးဆုံးသွားချေပြီ။

ဧည့်ပရိသတ်များလည်း စားသောက်ပြီးစီးသွားကြချေပြီ။

သို့သော်...

မည်သူတစ်ဦးတစ်ယောက်မှ ပြန်လည်ထွက်ခွာသွားကြခြင်း မရှိကြသေးချေ။

ကင်းဆိပ်မားသည် သိုင်းလောကတစ်ခုလုံး စိတ်ဝင်စားသည့် သိုင်းလောက ရတနာမားတစ်လက် ဖြစ်နေသည် မဟုတ်ပါလား။

ကင်းဆိပ်မားအကြောင်း ဝေဖန်ပြောဆိုသံများက ဧည့်ပရိသတ်များ ထွက်မသွားနိုင်အောင် ဆွဲဆောင်ထားခြင်း ဖြစ်ပါတော့သည်။

လုံယွမ်သည် ချိန်ဟုတ်နှင့် မျက်နှာချင်းဆိုင်ထိုင်ချလိုက်၏။

"သောက်လိုက်ပါဦး"

ချိန်ဟုတ် ငှဲ့ပေးသော အရက်တစ်ခွက်ကို သောက်လိုက်သည်။

သို့သော်...

စိတ်ရှမ်း ဆရာတော်တို့ လူသိုက်ကိုပင် နှုတ်မဆက်နိုင်အောင် အရေးတကြီး ဖြစ်နေပါသည်။

စုမာဖုံးအား အလောတကြီး မေးလိုက်သည်။

"ကင်းဆိပ်မားက ဘယ်သူ့လက်ထဲရောက်နေတာလဲ၊ ကျုပ်ကို ပြောပါဦး"

www.burmeseclassic.com



"အဲဒီလူဟာ ဒီခန်းမဆောင်ထဲမှာ ရှိနေပါတယ်ခင်ဗျာ"

"မောင်ရင်လေး စကားထာဝှက်မနေပါနဲ့၊ ဘယ်သူလဲဆိုတာ ကျုပ်ကို ရှင်းရှင်းသာ ပြောဖြလိုက်စမ်းပါ"

စုမာဖုံး ပြုံးလိုက်သည်။

"ဒီလိုဆိုရင်တော့ မားကျော့က်ရဲ့လက်ထဲမှာ ရောက်နေတာလို့ပဲ ပြောရပါလိမ့်မယ်ခင်ဗျာ"

ဝီရှမ်းဆရာတော်နှင့်တကွ အားလုံးမှာ ကင်းဆိပ်ဓားသည် ရိုလုံထံ၌ ရှိနေသည်ဟု ယုံကြည်နေကြ၏။

စုမာဖုံးကမူ မားကျော့က်ထံ၌ ရှိရမည်ဟု တသမတ်တည်း ပြောနေသည်။

ထို့အတွက်ကြောင့် ဝါဆန်းသိုင်းမယ် ရှာဖျ့ သက်ပြင်းချမိလေသည်။

"သူ့ရဲ့ ယုံကြည်ချက်ကို မလွှတ်တမ်း စွဲကိုင်ထားတာပါပဲလား"

ငြင်းခုန်နေစရာ အကြောင်းမရှိပါ။

မကြာမီ အဖြေပေါ်လာတော့မည်ဖြစ်ကြောင်း အားလုံးသိထားကြလေတော့သည်။

လုံယွမ်က အထိတ်တလန့်ဖြစ်နေကြသော မားကျော့က်၊ ရိုလုံနှင့် မနည်းကြွေ့ဆည်နေသော ယဉ်ကြိုင်တို့လူစုကို တစ်ချက်လှမ်းကြည့်လိုက်၏။

သတို့သမီးလေး ရှီချင်းကား မျက်နှာငယ်လေးနှင့် ရှိနေ၏။

သူတို့၏ဆွေစပ်ပွဲသည် ပျော်စရာမကောင်းသည့်အပြင် ထိတ်လန့် တုန်လှုပ်စရာ ဖြစ်နေပြီ မဟုတ်လား။

လုံယွမ်က စုမာဖုံးကို မေး၏။



"မားကျော့က်က မားဂေဟာ ထူထောင်ထားတယ်ဆိုပြီး ဘဝင်မြင့်နေတာ၊ သိုင်းလောကမှာ အဆင့်မရှိပါဘူး။ သူ့ရဲ့လက်ထဲကို ကင်းဆိပ်ဓား ဘယ်လိုလုပ်ပြီး ရောက်နေရတာလဲ"

စုမာဖုံးက...

"မကြာခင် ဒါတွေအားလုံး ရှင်းရှင်းလင်းလင်း ဖြစ်သွားပါလိမ့်မယ် ခင်ဗျာ"

"ဘာလဲ...ကျုပ်က စောင့်ဆိုင်းနေရဦးမှာလား"

"နည်းနည်းတော့ သည်းခံပါခင်ဗျာ"

လုံယွမ် သည်းမခံလိုပါ၊ စိတ်မရှည်နိုင်ပါချေ။

သို့သော်...

စုမာဖုံးသည် ဖြေရှင်းခြင်းမပြုသေးဘဲ အချိန်ယူနေသည်မှာ ထူးခြားသော အကြောင်းကိစ္စတစ်ခုခု ရှိနေရမည်ဟု တွေးမိပြီး သည်းခံလိုက်ရတော့သည်။

"ကင်းဆိပ်ဓားနဲ့ ပတ်သက်ပြီး ဖြေရှင်းပေးနိုင်မယ့် လူတစ်ယောက်ယောက်ကို သူစောင့်ဆိုင်းနေတာပဲဖြစ်ရမယ်"

လုံယွမ် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ကောင်းပြီလေ၊ မောင်ရင်က တစ်ယောက်ယောက်ကို စောင့်ချင်သေးတယ်ဆိုရင် ကျုပ်လဲ သည်းခံပြီး စောင့်ရတော့မှာပေါ့၊ ဒါပေမယ့် ဘယ်သူ့ကို စောင့်မျှော်ရတယ်ဆိုတာ သိရရင် ကျုပ် သည်းခံ စောင့်ဆိုင်းရတာ ပိုပြီး အဓိပ္ပာယ်ရှိတော့မှာပေါ့"

သူ၏စကား ပညာသားပါသဖြင့် စုမာဖုံး ပြုံးလိုက်သည်။

"တခြားလူမဟုတ်ပါဘူး၊ အမိုက်ကျေးရွာက ရောက်လာမယ့် လူတစ်ယောက်ကို စောင့်ရမှာပါ ခင်ဗျာ"

"ဟေ..."

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ ကြားလိုက်ရသည့်စကားကြောင့် လုံယွမ်မျက်လုံးပြူးသွားလေသည်။

"သိုင်းလောကရဲ့ အကျင့်ပျက်သိုင်းသမားတွေ စုဝေးနေထိုင်ကြတဲ့ အမိုက်ကျေးရွာက လူတစ်ယောက်ကို စောင့်ရှောက်မယ်ဆိုရင် ဒီကိစ္စဟာ ပိုပြီး ရှုပ်ထွေးသွားပြီပေါ့"

အမိုက်ကျေးရွာ၏အမည်ကို စုမာဖုံးပြောသဖြင့် ဝိရှမ်းဆရာတော်တို့ လူစု စိတ်ဝင်သွားကြ၏။

သူတို့ မသိကြသေးသော ကိစ္စအချို့ကို စုမာဖုံး သိရှိထားသည်ဟုလည်း ဆင်ခြင်မိသွားကြလေသည်။

ချိန်ရှသေ့က ...

"တူတော်မောင် ... မားဂေဟာပိုင်ရှင်ဟာ ထိုတ်လန့်စရာကောင်းတဲ့ အမိုက်ကျေးရွာက လူတွေနဲ့ ပတ်သက်ဝံ့ပါ့မလား၊ အမိုက်ကျေးရွာပိုင်ရှင်ဟာ သိုင်းလောကတစ်ခုလုံးမှာရှိတဲ့ အကျင့်ပျက်သိုင်းသမားတွေကို သူ့ရဲ့ကျေးရွာမှာ စုစည်းထား ပိုလေသေးမရှိအောင် ကျွေးမွေးပေးကမ်းထားတာပဲ၊ သူတို့နဲ့ ဘယ်သူမှ မပတ်သက်ဝံ့ကြပါဘူးလေ"

သိုင်းဆရာကျင်းထုံ ထောက်ခံလိုက်သည်။

" အမိုက်ကျေးရွာပိုင်ရှင်နဲ့ "ဟိုချိုလှုံတောင်"၊ မရဏာစံအိမ်"က လူတွေ မဟာမိတ်ဖွဲ့ခဲ့တယ်လို့ သိုင်းလောကမှာ သတင်းဖြစ်ပေါ်ခဲ့သေးတယ်၊ သူတို့နဲ့ ပတ်သက်ဖို့ နေနေသာသာ ဝေးဝေးရှောင်ရမယ်ဆိုတာ ဘယ်သူမဆို နားလည်ကြမှာပါ"

ဟိုချိုလှုံတောင်မှာ ဝေးလံလှသည်။ နယ်ခြားဒေသ၌ ရှိနေသော်လည်း သိုင်းလောကကို ခြိမ်းခြောက်နိုင်စွမ်း ရှိခဲ့ပေသည်။

ဟိုချိုလှုံတောင်ပေါ်မှ မရဏာစံအိမ်ပိုင်ရှင် မရဏာဂိုဏ်းချုပ်



ကြူးလေ၏ သိုင်းပညာမှာ အလွန်အဆင့်မြင့်မားကာ သိုင်းလောကအား ခြိမ်းခြောက်နိုင်စွမ်းရှိနေသည်။

မရဏာဂိုဏ်းတည်ရှိရာ နယ်ခြားဒေသတွင် ဆန်းပြားသောသိုင်းပညာပိုင်ရှင် နယ်ခြားသိုင်းသမားများလည်း အများအပြားရှိကြရာ မရဏာဂိုဏ်း၏ ဦးဆောင်မှုဖြင့် သိုင်းလောကထဲဆင်းလာကြလျှင်ခက်မည်ဟု သိုင်းလောကသားများ စိုးရိမ်ပူပန်ခဲ့ကြလေသည်။

မရဏာဂိုဏ်းသည် ကင်းဆိပ်ဓားနောက်သို့ သဲကြီးမဲကြီးလိုက်နေသော ဂိုဏ်းတစ်ခုလည်း ဖြစ်နေသည်။

မရဏာဂိုဏ်းနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ခဲ့သော်လည်း မရဏာဂိုဏ်းသည် ယနေ့ထက်တိုင် သိုင်းလောကသို့ဆင်းလာခြင်းမရှိခဲ့ပေ။ ကင်းဆိပ်ဓား၏သတင်း ထွက်ပေါ်လာခဲ့ပြီးလိုက်လံရှာဖွေကြသည်။ သိုင်းလောကသားများတွင် မရဏာဂိုဏ်းပါဝင်ခဲ့သလို အမိုက်ကျေးရွာလည်း ပါဝင်ခဲ့လေသည်။

မရဏာဂိုဏ်းနှင့် အမိုက်ကျေးရွာ မဟာမိတ်ဖွဲ့ ပူးပေါင်းပြီးကင်းဆိပ်ဓားကို ရှာဖွေခဲ့ကြသည်ဟု သတင်းထွက်ပေါ်ခဲ့ဖူးလေသည်။

ထိပ်သီးသိုင်းသမားကြီးများသည် မားကျောက်အနေဖြင့် ကျော်ကြားလှသည်။ အမိုက်ကျေးရွာနှင့် ပတ်သက်ဝံ့မည် မဟုတ်ဟုသဘောထားရှိနေကြသည်။

ဟန်ရှောင်နှင့် ချိန်ဟုတ်တို့ကား စုမာဖုံးက အကြောင်းမရှိဘဲပြောမည်မဟုတ်ဟု သုံးသပ်ကာ စုမာဖုံး၏ စကားကို ယုံကြည်ကြလေသည်။

လုံယွမ်ကိုယ်တိုင်လည်း ဇဝေဇဝါ ဖြစ်သွားပြီးမှ ...

"အမိုက်ကျေးရွာပိုင်ရှင် ရောက်လာရင် သိပ်ကောင်းတာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်သိုင်းသမား ယဉ်ကြိုင်၊ မြေစောင့်သက်ပြတ်စား ချိန်ဟုတ်တို့ကို တစ်ချက်စေ့ကြည့်ပြီး ဆက်ပြောသည်။

"ထိပ်သီးသိုင်းသမားငါးလက်ထဲက သုံးယောက်ဟာ ဟောဒီခန်းမဆောင်ထဲမှာ ရောက်နေကြပါပြီ၊ အမိုက်ကျေးရွာပိုင်ရှင် ရောက်လာရင် လေးယောက်ဖြစ်သွားလိမ့်မယ်၊ လူစေ့တက်စေ့ ဖြစ်ဖို့ တစ်ယောက်ပဲ လိုတော့မယ်"

စုမာဖုံးက ...

"အမိုက်ကျေးရွာက လူတစ်ယောက် ရောက်လာလိမ့်မယ်လို့ ကျွန်တော် တွက်ဆထားပါတယ်၊ ကျေးရွာပိုင်ရှင်ကိုယ်တိုင် ရောက်လာပါစေလို့လဲ မျှော်လင့်နေပါတယ်"

ထိုစဉ်...

"ဝူး..."

ရူးရူကျယ်လောင်သော အသံတစ်ခု အဝေးမှထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ အသံက ရူးရူကျယ်လောင်ပြီး အူတုန်အသည်းတုန်သွားစေ နိုင်လောက်သော အသံမျိုးဖြစ်သည်။

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။ ဆေဒါဂိုဏ်းမှ ဒုတိယအကြီးအကဲ ဂူဖောင် လွတ်ခနဲ ရေရွတ်လိုက်သည်။

"သူတို့လာကြပြီ"

စုမာဖုံးမျှော်လင့်နေသည့် အမိုက်ကျေးရွာမှ လူများ ရောက်ရှိလာကြပြီလော။

"ဝူး ..."

အသည်းတုန်စရာကောင်းသော အသံကြီးက တဖြည်းဖြည်းနီးကပ်လာလေတော့သည်။

❖ ❖ ❖

## ကျားထက်ဆိုးတဲ့ မြေခွေး

"ဝူး ...ဝူး ..."

ရူးရူကျယ်လောင်သော အသံကြီးက အူလှိုက်သည်းလှိုက် ထွက်ပေါ်လာလေသည်။

ဂူဖောင် တီးတိုးရေရွတ်နေ၏။

"အမိုက်ကျေးရွာကလူတွေ ရောက်လာကြပြီ ထင်တယ်"

သူနှင့်ဘေးချင်းကပ်လျက် ထိုင်နေသော ချိန်ရသေ့ သက်ပြင်းချလိုက်သည်။

"အမိုက်ကျေးရွာမှာ ရောက်နေကြတဲ့ အကျင့်ပျက် သိုင်းသမားတွေထဲမှာ ထူးခြားတဲ့သိုင်းစွမ်းရှိတဲ့ လူတွေ အတော်များများ ပါဝင်နေပါတယ်၊ ဒါပေမယ့် အခုရောက်လာသူဟာ အမိုက်ကျေးရွာက မဖြစ်နိုင်ပါဘူး"

ချိန်ဟုတ်က ထောက်ခံလိုက်သည်။

"မှန်လိုက်လေဗျာ၊ လူစင်စစ်က ရက်စက်ကြမ်းကြုတ်တဲ့ တိရစ္ဆာန်မာန်ဖီသံမျိုးနဲ့ လူတိုင်းကို အူတုန်သည်းတုန်ဖြစ်အောင် လုပ်တတ်တဲ့လူ သိုင်းလောကမှာ တစ်ယောက်ထက်မပိုပါဘူး၊ သူ့အသံကို ညဘက်ကြားရရင် ပိုတောင် ထိတ်လန့်စရာ ကောင်းဦးမယ်"

"ဒါဖြင့် သူဟာ အမိုက်ကျေးရွာက မဟုတ်ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဗျာ"

"ဒါဖြင့် ဘယ်သူဖြစ်မလဲ"

ချိန်ဟုတ်သည် လုံယွမ်သတိရလာစေရန် အဖြစ်အပျက် တစ်ခုကို ပြောလိုက်လေသည်။

"မိတ်ဆွေကြီး လုံယွမ်၊ ကျုပ်တို့ လောကပါလသိုင်းသမားကြီးနဲ့ သိုင်းပညာဆွေးနွေးဖလှယ်တုန်းက ဂမယ်တောင်မှာ ဒီလို တိရစ္ဆာန်ရိုင်း အော်သံမျိုး ကြားဖူးခဲ့တယ် မဟုတ်လား"

လုံယွမ် တွေဝေသွားပြီးမှ မျက်တောင်တဖျပ်ဖျပ် ခတ်လိုက်လေသည်။

"ဟာ ... ဟုတ်သားပဲ၊ ကြားခဲ့တာပေါ့၊ မြေခွေးတစ်ကောင်ရဲ့ အူသံလိုလို မာန်ဖီသံလိုလိုနဲ့ လူတွေ တုန်လှုပ်ချောက်ချားသွားအောင် ဒီလိုအသံပေးတတ်တာ မြေခွေးနက်ကြီးတစ်ကောင်ပဲရှိတယ်"

"ဟဲ ... ဟဲ ... မှန်လိုက်လေဗျာ။ သူမှ သူအစစ်ပဲ"

သူတို့နှစ်ယောက်ပြောဆိုနေသော စကားများ ကြားရသူတိုင်း ရင်ထိတ်သွားကြလေတော့သည်။

"မြေခွေးနက်"

မြေခွေးနက်သည် သိုင်းလောကသားများ ကြောက်ရွံ့ထိတ်လန့်ရသည့် သိုင်းသမားများတွင် ရှေ့တန်းမှ ပါဝင်နေသူ ဖြစ်လေသည်။

တစ်ချိန်က ...

ချိန်ဟုတ်၊ လုံယွမ်နှင့် လောကပါလသိုင်းသမားကြီးတို့သည် ပေယီတောင်၌ ဆုံတွေ့မိကာ သိုင်းပညာရပ်များနှင့် ပတ်သက်ပြီး ဆွေးနွေးဖလှယ်ခဲ့ကြလေသည်။

ထိုအချိန်မှာပင် တိရစ္ဆာန်ရိုင်းတစ်ကောင်၏ အော်သံမျိုး ထွက်ပေါ်လာကာ အားလုံး အူတုန်သည်းတုန် ဖြစ်ခဲ့ကြရသည်။



မြေခွေးနက် ရောက်ရှိလာပြီး လောကပါလသိုင်းသမား ပိုင်ဖုရှောင်ကို စိန်ခေါ်ခဲ့လေသည်။

ပိုင်ဖုရှောင် မငြင်းသာဘဲ လက်ခံယှဉ်ပြိုင်ခဲ့သည်။ သိုင်းကွက် တစ်ထောင်နီးပါး အသုမးပြုယှဉ်ပြိုင်ပြီးမှ မြေခွေးနက် ရှုံးနိမ့်သွားခဲ့လေသည်။

မြေခွေးနက်သည် အရှက်ကြီးရှက်ကာ သိုင်းလောကမှ လုံးဝ ပျောက်ကွယ်သွားသည်မှာ ယနေ့ထိုက်တိုင်အောင် ဖြစ်လေသည်။

ယခု...

ကြားလိုက်ရသောအသံမှာ မြေခွေးနက်၏အသံဖြစ်ကြောင်း ချိန်ဟုတ်နှင့် လုံယွမ်တို့က အတည်ပြုလိုက်ကြသဖြင့် အားလုံး ရင်လေးသွားကြ၏။

နှစ်ပေါင်းများစွာ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သော မြေခွေးနက် ကဲ့သို့ လူစားမျိုး ပြန်လည်ပေါ်ပေါက်လာသည်မှာ သိုင်းလောက အတွက် ကောင်းသောလက္ခဏာ မဟုတ်ပါချေ။

မြေခွေးနက်သည် ဘာကိုမျှအမှုမထားဘဲ ထင်ရာစိုင်းသည့် နေရာ၌ နာမည်ကျော်ပြီး သိုင်းလောကတစ်ခုလုံး ခေါင်းကိုက်ရသူ ဖြစ်လေသည်။

ကင်းဆိပ်စား ပေါ်ပေါက်လာသကဲ့သို့ တိမ်မြုပ်နေသော မှုင်းထိပ်သီးများ တစ်ယောက်ပြီးတစ်ယောက် ပြန်လည်ပေါ်ထွက်လာခြင်း မှာလည်း ကျိုးကြောင်းဆက်စပ်နေမည် ဖြစ်ပေသည်။

လူတိုင်း လူတိုင်း မျက်နှာမသာမယာ ဖြစ်သွားသော်လည်း စုမာဖုံးက မတုန်မလှုပ်ဘဲ တည်ကြည်စွာ ရှိနေသည်။

မြေခွေးနက် သိုင်းလောက၌ ပြန်လည်ပေါ်ပေါက်လာသည်မှာ မည်သည့်ရည်ရွယ်ချက်ကြောင့် ဖြစ်ကြောင်း ရိပ်မိသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ချိန်ဟုတ်ကို ပြောလိုက်သည်။

"သူဟာ ကျွန်တော့်ဆရာကို သဘောကျမယ် မထင်ဘူး"

သူ၏စကားက အစလှဝ်ပေးလိုက်သလိုရှိနေ၍ ချိန်ဟုတ် လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့သည်။

"ဟာ... ကျုပ်အခုမှ တွေးမိတယ်၊ မြေခွေးနက်က ကင်းဆိပ်ဓားကြောင့် ရောက်လာတာပဲ ဖြစ်မယ်၊ သူဟာ တခြားလူတွေနဲ့ မတူဘူး၊ ဆရာကြီး ပိုင်ဖုရှောင်ကို ရှုံးလိုက်ရလို့ အခဲမကျေဖြစ်နေတာ၊ သိုင်းလောကက ဓာတ်မြုပ်သွားတာပဲ ကြည့်ပါလား၊ ခုတော့ ကင်းဆိပ်ဓားကိုရရင် ဆရာကြီး ပိုင်ဖုရှောင်ကို ယှဉ်ပြိုင်အနိုင်ယူလိမ့်မယ်ဆိုတဲ့ အကြံနဲ့ ထွက်ပေါ်လာတာ ဖြစ်ဖို့များတယ်"

စုမာဖုံး ပြုံးလိုက်သည်။

"မြေခွေးနက်တစ်ယောက်ပဲ အခဲမကျေတဲ့သဘောရှိပြီး ကျန်တဲ့ အမြုအမည်း သိုင်းသမားအားလုံးက နားလည်သဘောပေါက်မှု ရှိကြတယ်လို့ ဆရာက ပြောဖူးပါတယ်၊ သူရောက်လာလဲ ကိစ္စမရှိပါဘူး ခင်ဗျာ၊ ဆရာ့ကိုယ်စား ကျွန်တော်ပဲ တာဝန်ယူဖြေရှင်းလိုက်ပါ့မယ်"

ချိန်ဟုတ်က...

"မြေခွေးနက်ဟာ တကယ့်မြေခွေးတစ်ကောင်လိုပဲ၊ ကောက်ကျစ်တယ်၊ ဉာဏ်များတယ်၊ ရက်စက်ကြမ်းကြုတ်တယ်၊ သူ့ကို တခြားလူတွေလို တွက်ဆလို့ မရဘူးနော်၊ သူနဲ့ ရင်ဆိုင်မယ်ဆိုရင်တော့ မောင်ရင်လေး အတော့်ကို သတိထားမှဖြစ်မှာ"

စုမာဖုံး၏ မျက်နှာ တည်ကြည်လေးနက်သွား၏။

အလွန်ထူးခြားသော လေသံဖြင့် ပြောလေသည်။

"သူ့ရဲ့စိတ် မပြောင်းလဲသေးဘူးဆိုရင် သူ့ကို ဆုံးမဖို့ ဆရာ ခွင့်ပြုထားပါတယ်၊ ကျွန်တော် ဆန်းစစ်ကြည့်ပါမယ်၊ လိုအပ်လာရင် ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သွားမှာပါ"



ထိုစဉ် လုံယွမ်က စိုးရိမ်စိတ်ဖြင့် ပြောလာ၏။

"မြေခွေးနက်က မလွယ်ဘူး၊ အမိုက်ခံပြီး သူနဲ့ ရန်မဖြစ်သင့်ဘူးလို့ ကျုပ်ထင်တယ်"

စုမာဖုံး ဦးညွှတ်လိုက်၏။

"ခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

သူတို့ပြောဆိုနေကြစဉ်မှာပင် လေအေးတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာကာ ခန်းမဆောင်ထဲသို့ လူတစ်ယောက် ရောက်ရှိလာလေတော့သည်။

❖ ❖ ❖

တိရစ္ဆာန်ရိုင်းတစ်ကောင်၏ အော်မြည်သံမျိုးကို ကြားလိုက်ရပြီးနောက် အားလုံးသတိထားနေကြရာ ခန်းမဆောင်ထဲသို့ လူတစ်ယောက် ရောက်ရှိလာသည်ကို လူတိုင်း တွေ့မြင်လိုက်ကြလေသည်။

ထိုလူ၏မျက်နှာမှာ ရှည်မျောမျော ဖြစ်နေရကား သူ၏ဦးခေါင်းနှင့် ပါးစပ်သည် မြေခွေးတစ်ကောင်၏ နုတ်သီးနှင့်ပင် တူနေတော့သည်။ ခြေလက် မျက်နှာများတွင် အနက်ရောင် အမွှေးကြမ်းများ ဖုံးလွှမ်းထားပြီး အနက်ရောင်ဝတ်ထားသေး၏။

နားရွက်များက အပေါ်ထောင်ကာ ခပ်ချွန်ချွန်ရှိသည်။ ဖော်တရက်ကြည့်လျှင် မြေခွေးနက်တစ်ကောင် လူ့အဝတ်အစား ဝတ်ဆင်ထားပြီး မတ်တပ်ရပ်နေသည်ဟုပင် ထင်ရလေသည်။

ထိုလူအား တွေ့မြင်ရလျှင် လူတိုင်းလူတိုင်း ရင်ထဲ၌ အေးစိမ့်သော ခံစားချက်များ ဖြစ်ပေါ်လာကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကား လှစင်စစ်မှ ရက်စက်ကြမ်းကြုတ်သည့် မြွေဆိုး တစ်ကောင်၏ စိတ်ထားရှိသည့် ထိပ်သီးသိုင်းသမားကြီး မြွေဆိုးနက် ပင် ဖြစ်လေသည်။

သိုင်းလောကမှ နှစ်ပေါင်းများစွာ ပျောက်ကွယ်နေခဲ့ပြီး ပြန်ပေါ် လာတော့လည်း ဆိုင်းမဆင့် ပုံမပါ ဗြုန်းစားကြီးဖြစ်နေသည်။

မြွေဆိုးနက်သည် ရောက်သည့်အရပ်တိုင်း၌ အားလုံးက သူ့ကို ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့သွားရမည်ဟု ခံယူထားသည့် အလား ထိမထင်သည့် အသွင်ဖြင့် ခန်းမဆောင်ထဲ လှမ်းဝင်လာခြင်းလည်း ဖြစ်လေသည်။

ယနေ့အဖို့...

မည်သူမည်ဝါ ရောက်လာသည်ဖြစ်စေ ကြိုဆိုရမည်မှာ ယဉ်ကြိုင်နှင့် ရိလုံတို့၏ တာဝန်ဖြစ်နေပါသည်။

နှစ်ယောက်သား ထိုင်ရာမှ ကပျာကယာ ထကာ ခရီးဦးကြိုဆို လိုက်ကြလေသည်။

"နောင်တော် ရောက်လာလိမ့်မယ်လို့ လုံးဝ မမျှော်လင့်ခဲ့ ပေမယ့် ခုလို ရောက်လာတာကိုပဲ ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်ရပါတယ်၊ ထိုင်ပါဦး၊ မင်္ဂလာအရက်နဲ့ ဧည့်ခံပါရစေ"

"နောင်တော်ကြီးကြွပါ"

သူတို့ ပျာပျာသလဲ ကြိုဆိုလိုက်ကြသော်လည်း မြွေဆိုးနက်က အမှုမထားချေ။

"ကျုပ်က အရက်သောက်ဖို့လာတာ မဟုတ်ဘူး"

တစ်ဆက်တည်းပင် မားဂေဟာမိုင်ရှင် မားကျောက်ဘက်သို့ လှည့်လိုက်လေသည်။

"မားကျောက်ဆိုတာ မင်းလား"



မားကျောက် ထိတ်လန့်ကာ နေစရာမရှိအောင် ဖြစ်သွား လေတော့သည်။

"ဟုတ် ဟုတ်ပါတယ်ခင်ဗျာ"

မြွေဆိုးနက်က...

"ဒါဖြင့် မားထုတ်လိုက်စမ်း"

"ဗျာ..."

"မင်း ဘာအူကြောင်ကြောင် လုပ်နေတာလဲ၊ ကင်းဆိပ်ဓားကို ထုတ်ပေးဖို့ ပြောနေတာ"

"ဗျာ..."

မားကျောက်မှာ 'ဗျာ'တစ်လုံးမှ လွဲပြီး အခြားစကားကို မပြော တတ်သူနှင့် တူသွား၏။

မြွေဆိုးနက်ကား အခြားသူနှင့်မတူဘဲ အလွန်စိတ်မြန်သူဖြစ်နေ ပါသည်။

မားကျောက် တဗျာတည်းဗျာနေသဖြင့် မြွေဆိုးနက်သည် သူ၏ဗီဇအတိုင်း စိတ်မရှည်နိုင်တော့ဘဲ ရှေ့သို့ လျှပ်တစ်ပြက် တိုး ကာ မားကျောက်၏ ပခုံးတစ်ဖက်ကို ဖမ်းဆုပ်လိုက်လေသည်။

တစ်ဆက်တည်းပင် ဒေါသတကြီး အော်ငေါက်လိုက်သည်။

"မားကျောက် မင်းက ငါ့ကို ဘယ်လိုလူစားမျိုး တင်နေလို့လဲ၊ သူများကို လှည့်စားလို့ရမယ်၊ ငါ့ကိုတော့ ဘယ်တော့မှ မရဘူးဆိုတာ မှတ်ထားပါ"

မားကျောက်မှာ ဗျာတစ်လုံးပြောရန်ပင် အသံမထွက်နိုင်အောင် ဖြစ်သွားလေတော့သည်။ သူ၏ပခုံး၌ ပြင်းထန်သောအင်အားကြီးဖြင့် ဖျစ်ညှစ်ခံထားရပြီး မခံမရပ်နိုင်အောင် နာကျင်သွားခြင်းကြောင့် မျက်နှာကြီး ရှုံ့မဲ့သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြေခွေးနက်၏လှုပ်ရှားမှုကား လျှပ်ပြက်သလို လျင်မြန်နေပါသည်။ မားကျောက်အနီး၌ရှိနေကြသော ရဲလုံနှင့် ယဉ်ကြိုင်တို့ပင် လျှင် ကြားဝင်ဟန့်တားဖို့ အချိန်မရဘဲ ဖြစ်သွား၏။

မားကျောက်သည် အရိုးကွဲမတတ် နာကျင်မှုဝေဒနာကို မခံစားနိုင်တော့သည့်နောက်ဆုံး မြေခွေးနက်ကို အသနားခံလိုက်တော့သည်။

"ဆရာကြီးရယ် ကျုပ်ဟာ မဂ်လာပွဲကို ဦးစားပေးနေတဲ့လူပါ၊ တခြားဘာကိစ္စမှ မသိပါဘူး၊ ဆရာကြီးက ကျုပ်ရဲ့ အသေးအဖွဲ့ မင်္ဂလာပွဲလေးမှာတောင် လောကဝတ်ကို ဂရုမစိုက်ဘဲ နှောင့်ယှက်တယ်လို့ အများရဲ့ အပြစ်တင်မှု ခံရနိုင်ပါတယ်။ ကျုပ်လို ပါမွှားတစ်ယောက်ကို ချမ်းသာပေးပါဗျာ"

မြေခွေးနက် ခေါင်းခါယမ်းလိုက်သည်။

"ချမ်းသာမပေးနိုင်ဘူး"

"ဗျာ..."

"မင်းကို သတ်ပစ်ဖို့တောင် ငါဆုံးဖြတ်ရမှာ"

"ဟာ...မ မလုပ်ပါနဲ့ဗျာ"

မားကျောက် ဆောက်တည်ရာမရ ဖြစ်နေတော့သည်။

ယဉ်ကြိုင် မနေနိုင်တော့ဘဲ...

"မားကျောက်...မင်းက အလိုက်မသိတတ်ဘဲ လူကြီးတစ်ယောက်ကို စိတ်ဆိုးသွားအောင် လုပ်ခဲ့တာကိုး"

မားကျောက်ကို အပြစ်တင်စကားပြောပြီး မြေခွေးနက်ဘက်သို့ လှည့်လိုက်၏။

မြေခွေးနက် နှာခေါင်းရှုံ့လိုက်သည်။

"ယဉ်ကြိုင် ခင်ဗျားမဆိုးဘူး၊ ကျုပ် လူသတ်လာတာ မနည်းတော့ဘူး၊ ကျုပ်စိတ်မရှည်အောင် လုပ်ရင် သတ်ပစ်ရမှာပဲ"



ယဉ်ကြိုင်က...

"ခင်ဗျားအကြောင်းကို ကျုပ်သိပါတယ်ဗျာ၊ ကျုပ်ရဲ့တပည့်ဟာ မင်္ဂလာကိစ္စနဲ့ ရှုပ်ထွေးပြီး အပြောအဆို အဆင်မပြေ ဖြစ်ခဲ့တာ၊ အမှားအယွင်းရှိရင် တောင်းပန်ပါတယ်ဗျာ၊ သူ့ကို ခွင့်လွှတ်စေချင်ပါတယ်"

မြေခွေးနက်က အမှုမထားချေ။

"ကျုပ်က ကင်းဆိပ်ဓားကိုယူဖို့ လာခဲ့တာ၊ မြန်မြန်သာ ထုတ် ပေးလိုက်၊ ဓားယူပြီး ကျုပ်ချက်ချင်း ထွက်သွားမယ်၊ ခင်ဗျားတပည့် ကိုလဲ လွှတ်ပေးလိုက်မယ်၊ ဒါမှမဟုတ်ရင် ကျုပ်အကြောင်း သိတယ် နော်"

ယဉ်ကြိုင် သက်ပြင်းချလိုက်သည်။

"ကင်းဆိပ်ဓားဟာ ကျုပ်တပည့်ရဲ့လက်ထဲမှာ ရှိနေတယ်ဆိုရင် သူ့ရဲ့အသက်ထက်ပိုပြီး အရေးကြီးနိုင်တော့မှာ မဟုတ်ပါဘူး၊ စိတ်မလောပါနဲ့ဗျာ"

မြေခွေးနက်က...

"ကောင်းပြီ...ကင်းဆိပ်ဓားကိုပေး၊ ခင်ဗျားတပည့် ဘာမှ မဖြစ်စေရဘူး"

ယဉ်ကြိုင်က မားကျောက်ကိုမေးသည်။

"မားကျောက်...ငါ့ကိုပြောစမ်းပါဦး၊ ဆရာကြီး မြေခွေးနက်လို ပုဂ္ဂိုလ်မျိုး မျက်စိကျရလောက်အောင် ထက်မြက်တဲ့ဓားတစ်ချောင်း မင်းဆီမှာ ရှိနေလို့လား"

မားကျောက် ခေါင်းခါယမ်းလိုက်သည်။

"မရှိပါဘူးဆရာ၊ ဘာဓားမျိုးမှ မရှိပါဘူး၊ ကျွန်တော့်ကို ယုံကြည်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်နေသော သူ၏အသံမှာ ငိုသံပါနေတော့သည်။

ယဉ်ကြိုင်က မြေခွေးနက်ဘက် ပြန်လှည့်လိုက်သည်။

"ကဲ ... မိတ်ဆွေ ကြားတဲ့အတိုင်းပဲ၊ သူ့ဆီမှာ ဘာဓားမှ မရှိဘူး။"

မြေခွေးနက်၏မျက်နှာ နီမြန်းလာသည်။

"မားကျောက်၊ မင်းမသိချင်ဟန်ဆောင်နေတာ သေချင်လို့ပဲ ဖြစ်မယ်၊ သိုင်းလောကတစ်ခုလုံး လိုချင်မက်မောနေကြတဲ့ ကင်းဆိပ်ဓားဟာ မင်းလက်ထဲ ရောက်နေတာ ငါမသိဘူး မှတ်နေသလား၊ ဒီကိစ္စကို မင်းရဲ့ဆရာမသိအောင် ဖုံးကွယ်ထားတာပေါ့လေ၊ အံ့ပါရဲ့ကွာ၊ မင်းလိုကောင်မျိုးကို လက်ဝါးနဲ့တစ်ချက်ရိုက်ပြီး အဆုံးစီရင်သင့်တာ"

ပြောပြောဆိုဆို လက်တစ်ဖက် အပေါ်မြှောက်လိုက်လေသည်။

မားကျောက်၏ ဖြစ်အင်ကို တွေ့မြင်ရသူတိုင်း ကြက်သီးမွေးညင်း ထမိကြလေသည်။

ယဉ်ကြိုင်နှင့် ရိုလုံတို့လည်း မျက်နှာပျက်နေကြ၏။

ကင်းဆိပ်ဓား မားကျောက်၏လက်ထဲရောက်နေမည်ဟု မည်သူမျှ မျှော်လင့်မထားကြပေ။

သူတို့သည် လေဟုန်စီးစွန်ရဲ လုံယွမ် ရောက်လာကတည်းက အခြေအနေ မဟန်မှန်း နားလည်ထားကြသည်။

ယခုတစ်ဖန် ...

မြေခွေးနက် ရောက်လာပြန်သဖြင့် စိတ်ညစ်သွားကြ၏။

ရိုလုံသည် ဒုက္ခရောက်နေသော မားကျောက်ကိုကြည့်ပြီး ခံပြင်းလာသည်။

မားကျောက်မှာ သူ၏ သားမက်ဖြစ်နေပြီ မဟုတ်လား။



မြေခွေးနက်က မားကျောက်အား ဆက်၍ ဒုက္ခပေးလျှင် လက်ပိုက်ကြည့်နေ၍ ရတော့မည် မဟုတ်ပါ။

ယဉ်ကြိုင်သည်လည်း တပည့်အတွက် မြေခွေးနက်နှင့် ရင်ဆိုင်ရတော့မည် ဖြစ်သည်။

မားဇေဟာ၏ မင်္ဂလာခန်းမအတွင်းမှ အခြေအနေသည် အရှိန်အဟုန် မြင့်မားလာကာ ပို၍ တင်းမာသွားပြီး ပေါက်ကွဲလုလု ဖြစ်လာလေတော့သည်။

စုမာဖုံးပင် သက်ရှိက်ကာ ချိန်မှာတ်ကို ကြည့်လိုက်၏။

"ဒီအတိုင်းဆိုရင် ကျွန်တော်ကြားထားတဲ့ သတင်းဟာ မှန်ကန်ဖို့ အတော်နီးစပ်နေပါပြီ"

ဝိရှမ်းဆရာတော်တို့က ကင်းဆိပ်ဓားသည် ရိုလုံထံ၌ ရှိရမည်ဟု သိုင်းလောကသတင်းစကားများ ကိုးကား၍ အခိုင်အမာ ပြောခဲ့ကြသည်။

စုမာဖုံးကမူ ကင်းဆိပ်ဓားသည် မားကျောက်ထံ၌ ရှိနေနိုင်ပြီး အမိုက်ကျေးရွာနှင့် ပတ်သက်နေနိုင်သည်ဟု ပြောခဲ့လေသည်။

စုမာဖုံး၏ အယူအဆနှင့် ဝိရှမ်းဆရာတော်တို့၏ အယူအဆ ကွဲလွဲနေခဲ့သည်။

ယခု ...

စုမာဖုံး၏ အယူအဆ မှန်ကန်နေနိုင်သည်ဟု အခြေအနေများက ဖော်ပြလာနေပြီဖြစ်ပါသည်။

ဝိရှမ်းဆရာတော် ပြုံးလိုက်သည်။

"သူရဲကောင်းလေး စုမာဖုံရဲ့ အကွက်မြင်တတ်မှုကို ချီးကျူးပါတယ်၊ ကျုပ်တို့သာ ကြားခဲ့ရတဲ့သတင်းတွေကို အမှန်ပဲသိမိရင် ရှေလိုက်လွဲသွားနိုင်တာပေါ့၊ ဒါထက် သူရဲကောင်းလေး ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



နေရာမျိုးက သတင်းခြေရာခံမီတယ်ဆိုတာ ပြောပြနိုင်ပါမလား"

စုမာဖုံးက ဟန်ရှောင်ကို ညွှန်ပြလိုက်၏။

"ဆရာကြီးရှန်ရှောင်နဲ့ ဗေဒါဂိုဏ်းရဲ့ ကျေးဇူးပါပဲ၊ အားလုံး ဝိုင်းဝန်း ကူညီပံ့ပိုးခဲ့ကြလို့ပါခင်ဗျာ"

ဗေဒါဂိုဏ်းမှာ ဂိုဏ်းသားအင်အား ရာထောင်ချီရှိ၏။

နေရာအနှံ့ အပြားတွင် အသွင်အမျိုးမျိုးဖြင့် ကျင်လည် ကျက်စားနေကြသည်။

ထို့ကြောင့် သိုင်းလောက၏ သတင်းစုံကြားသိနိုင်သည်မှာ မဆန်းတော့ချေ။

ဝီရှမ်းဆရာတော် ခေါင်းညိတ်လိုက်သည်။

"လက်စသတ်တော့ ဗေဒါဂိုဏ်းရဲ့ အစွမ်းအစကြောင့်ကိုး ချီးကျူးပါတယ်"

ချီးကျူးစကားအား ဗေဒါဂိုဏ်းမှ ဒုတိယအကြီးအကဲ ဂူဖောင်ဘက်သို့ လှည့်ပြောလိုက်ခြင်းဖြစ်သည်။

ရှောင်လင်ကျောင်း၏ ချီးကျူးမှုခံရသဖြင့် ဂူဖောင်၏မျက်နှာကြီး ပြုံးရွှင်သွားသည်။

"ဆရာဟန်ရှောင် တာဝန်ခံ ကျိုလင်းနဲ့ ဗေဒါဂိုဏ်းသားတွေရဲ့ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုပါတယ်၊ အားလုံးကို ချီးကျူးပါတယ်"

ဟန်ရှောင်တို့အား တစ်ဆင့်ထပ်ပြီး ချီးကျူးလိုက်လေသည်။

ဟန်ရှောင်နှင့် ကျိုလင်းတို့လည်း မျက်နှာတပြုံးပြုံး ဖြစ်သွားကြသည်။

စုမာဖုံးနှင့် လက်တွဲဆောင်ရွက်ခြင်းဖြင့် ဂုဏ်ရှိသဖြင့် စုမာဖုံးကို ကျေးဇူးတင်လိုက်မိကြလေသည်။



ချိန်ဟုတ်က ထူးခြားသောစကားဆိုလေသည်။

"မြေခွေးနက်မှာ အကျင့်တစ်ခုရှိတယ်၊ မပိုင်ဘဲ ဘယ်တော့မှ မလုပ်ဘူး၊ အခု မောက်ကျင်းလက်ထဲမှာ ကင်းဆိပ်မားရှိတယ်လို့ အတတ်စွပ်စွဲနေတာ သူ့ဘက်က သေချာလို့ပဲဖြစ်မယ်"

ထိုစဉ် ယဉ်ကြိုင်၏ အော်ငေါက်သံ ထွက်ပေါ်လာ၏။

"မားကျော့က်...မင်းတော်တော်ဆိုးဝါးပါလား၊ ကင်းဆိပ်မားဟာ မင်းဆီမှာ တကယ်ပဲရှိနေတာလား၊ မှန်မှန်ပြောစမ်း"

မားကျော့က်၏မျက်နှာ သွေးရောင်ကင်းမဲ့ကာ ဖြူဖွေးသွားလေတော့သည်။

မြေခွေးနက်သာမက ဆရာဖြစ်သူကပါ အော်ငေါက်ကြိမ်းမောင်းလာနေပြီ မဟုတ်ပါလား။

အချိန်မရွေး သူ၏ ဇီဝိန်ကို ခြွေပစ်နိုင်သူနှစ်ယောက်ကြား၌ ညပ်နေ၏။

မားကျော့က် အကြောက်အကန် ငြင်းလိုက်လေသည်။

"ဆရာရယ်၊ ဒီလောက် နာမည်ကျော်တဲ့ ကင်းဆိပ်မားကို ရရင် ဆရာ့ကို အသိမပေးဘဲ နေပါ့မလား၊ ကျွန်တော် ဘာမှ မသိပါဘူး၊ တစ်ယောက်ယောက်က ကျွန်တော် ဒုက္ခရောက်အောင် ချောက်တွန်းလိုက်တာပဲ ဖြစ်မှာပါဆရာ"

မြေခွေးနက်ထံမှ ဟင်းခနဲ နှာခေါင်းရှုံ့သံ ထွက်ပေါ်လာလေသည်။

"မင်း အကြောက်အကန် ငြင်းနေလို့ ငါယုံမယ်များ မှတ်နေသလား၊ ဒီမှာ မားကျော့က်...မင်းဟာ ကင်းဆိပ်မားကို ရခဲ့တဲ့အပြင် အင်မတန် မိုက်မဲတဲ့ အမှုကိစ္စတစ်ခုကိုပါ လွန်ကျူးခဲ့သေးတာပဲ၊ မင်း ဘာပြောချင်သေးသလဲ"

www.burmeseclassic.com

www.burmeseclassic.com



အတွင်းအားထုတ်ကာ မားကျောက်၏ပခုံးကို အားစိုက်ဖျစ်ညှစ်လိုက်လေသည်။

ဖျိုးဖျိုးဖျောက်ဖျောက်အသံများ ထွက်ပေါ်လာ၏။

နာကျင်လွန်းသဖြင့် အော်ဟစ်ရန် ပါးစပ်ဖြဲလိုက်သော်လည်း အသံပါပျောက်နေ၏။

မျက်ဝန်းအစုံမှာလည်း မျက်ရည်များ ရစ်ဝဲလာတော့သည်။

သတို့သမီး ရီချင်းသည် မားကျောက်ဒုက္ခရောက်နေသဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေ၏။

မားကျောက် ဒုက္ခရောက်နေသည်ကို မကြည့်ရက်ပါ။

သို့သော် ဖခင်ကြီးကိုယ်တိုင် စိတ်လိုက်မာန်ပါ မလုပ်ဝံ့ဘဲ အခြေအနေ စောင့်ကြည့်နေသည်ဖြစ်ရာ သူမလည်း ကျိတ်မှိတ်မျိုသိပ်နေရလေတော့သည်။

ဆရာဖြစ်သူကော ယောက္ခမကြီးပါ မလှုပ်ရှားဝံ့ကြသေးဘဲ ရှိနေသလို မြေခွေးနက်ကလည်း ညှာတာမည့်ပုံမရှိသဖြင့် မားကျောက်မှာ ခံပြင်းလာတော့သည်။ ကြောက်သည့်စိတ်ကို ဖယ်ရှားကာ ဒေါသတကြီး အော်ပြောလိုက်လေသည်။

"မြေခွေးကြီး...ခင်ဗျား လူကြီးဖြစ်ပြီး ဒီလောက်တောင် မတရားလုပ်နေရင် ကျုပ် ခေါင်းငုံ့မခံနိုင်တော့ဘူးဗျ"

ဤတွင် ယဉ်ကြိုင်လည်း မနေနိုင်တော့ဘဲ ကြားဝင်လာရတော့သည်။

"မြေခွေးကြီး...ကျုပ်တပည့်အပေါ် ခင်ဗျားစွပ်စွဲတာတွေ မှန်နေရင် ကျုပ်ဖြေရှင်းပေးဖို့ အသင့်ပါပဲ၊ ဒါပေမယ့် ခင်ဗျားစွပ်စွဲသလို မဟုတ်ရင်တော့ နောက်ဆက်တွဲဖြစ်ပေါ်လာမယ့် အကျိုးဆက်တွေဟာ ခင်ဗျားရဲ့ တာဝန်ပဲဖြစ်သွားလိမ့်မယ်"



ရီလုံလည်း လှုပ်လှုပ်ရှားရှား ဖြစ်လာလေတော့သည်။

"ဟား... ဟား... ဟား..."

ဘာကိုမှ အမှုမထားသော မြေခွေးနက်က ဟားတိုက်ရယ်မောလိုက်လေသည်။

"တယ်လဲ သဘောကျစရာကောင်းပါလား၊ မြေခွေးကြီးက မပိုင်ရင် ဘာမှ မပြောဘူး၊ မလုပ်ဘူးဆိုတာ ခင်ဗျားတို့ မေ့နေကြပြီလား"

ရီလုံက...

"ဒါဖြင့် ခင်ဗျားပြောတာ အမှန်တွေချည်းပဲပေါ့"

ဟု ဝင်မေးလိုက်၏။

မြေခွေးကြီး ခေါင်းညိတ်လိုက်၏။

"မှန်တယ်၊ သွေးထွက်အောင် မှန်တယ်လေ"

ယဉ်ကြိုင်ကော ရီလုံပါ ရုတ်တရက် မည်သို့ပြောရမှန်းမသိဖြစ်သွားကြတော့သည်။

မားကျောက်သည် ရီလုံနှင့် ယဉ်ကြိုင်တို့ ကြားဝင်လာကြသဖြင့် ဝမ်းသာသွားသော်လည်း မြေခွေးနက်၏ စကားကြောင့် ပြန်လည်ငြိမ်သက်ကာ တွေဝေသွားကြသောအခါ မျှော်လင့်ချက်နည်းပြီဖြစ်ကြောင်း ရိပ်မိသွား၏။

သူ့ကို အားလုံး အထင်သေးစွာ ရှိနေသည်ကို အခွင့်ကောင်းယူပြီး အမှတ်မထင် လှုပ်ရှားလိုက်လေသည်။

ပခုံးကိုကြို့ပြီး အောက်ဘက်သို့ ဝပ်ချလိုက်၏။

မြေခွေးနက်မှာ ရီလုံနှင့် ယဉ်ကြိုင်တို့ထံသို့ အာရုံစိုက်နေသဖြင့် အငိုက်မိသွား၏။

"ဗြိ..."

www.burmeseclassic.com

www.burmeseclassic.com



မားကျောက်၏ ပခုံးမှ အင်္ကျီစ စုတ်ပြဲသွား၏။

မားကျောက် လွတ်မြောက်သွားသည်နှင့်...

"ဗိုး..."

ခန္ဓာကိုယ်တစ်ပတ်လှည့်ကာ ရှောင်ထွက်လိုက်လေသည်။

သို့သော်

"မင်း လွတ်မယ် ထင်လို့လား"

မြေခွေးနက်က လက်တစ်ဖက် ဆန့်ထုတ်လိုက်လျှင် မားကျောက်၏ နောက်ထပ် ပခုံးတစ်ဖက်ကို ဆုတ်ဖြဲသား ဖြစ်သွားလေသည်။

"ဟာ..."

မားကျောက် ချက်ချင်း မျက်နှာငယ်လေးဖြစ်သွား၏။

အလစ်အငိုက် ကြိုးစားလိုက်သည့်တိုင်အောင် မြေခွေးနက်က သူ့ထက် ပို၍ လျင်မြန်နေသဖြင့် မလွတ်နိုင်ဘဲ အဖမ်းခံလိုက်ရပြန်လေတော့သည်။

ထိုဖြစ်ရပ်သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ဖြစ်ပျက်သွားခဲ့ခြင်းပင်။

မျက်စိလျှင်သူများပင်လျှင် ရိပ်ခနဲသာ မြင်တွေ့လိုက်ရ၏။

အချို့လူများကား ဘာမျှမသိလိုက်ကြဘဲ မြေခွေးကြီးက ယာဘက်ပခုံးမှ ဝဲဘက်ပခုံးကို လွှဲပြောင်းကာ ဖမ်းဆုပ်ထားလိုက်သည်ဟုသာ ထင်မှတ်လိုက်ကြလေသည်။ ရိုလုံလည်း မနေနိုင်တော့ဘဲ ယဉ်ကြိုင်အနီးသို့ ချဉ်းကပ်ကာ နှစ်ကိုယ်ကြား ပြောဆိုလိုက်၏။

"မားကျောက်မှားတယ်ပဲထားပါဗျာ၊ မြေခွေးကြီးက သူ့ရဲ့ အဆင့်အတန်းနဲ့ မားကျောက်ကို ခုလို လုပ်တာတော့ မကောင်းပါဘူး၊ ကျုပ်တို့လဲ သိက္ခာကျတာပဲ မဟုတ်လားဗျ"



"လူပုံအလယ်မှာ အစော်ကားခံရသလို ဖြစ်နေပြီဆိုတာ ကျုပ် နားလည်ပါတယ်၊ ဒါပေမယ့် အရှုံးလုပ်လို့ မဖြစ်သေးဘူး၊ အရင်ဆုံး ခံရမယ့်သူဟာ မားကျောက်ပဲ မဟုတ်လား"

ထိုစဉ် မြေခွေးကြီး၏စကားသံ ထွက်ပေါ်လာလေသည်။

"ခုချိန်မှာ ခင်ဗျားတို့နှစ်ယောက် အခြေအနေကို အမှန်အတိုင်း နားလည်ထားကြတာ အကောင်းဆုံးပဲ"

ရိုလုံနှင့် ယဉ်ကြိုင်တို့ တိုးတိုးပြောဆိုနေသည့်စကားများကို အတိုင်းသား ကြားနေရပါသည်။

"ယဉ်ကြိုင် အဖြစ်မှန်ပေါ်ပေါက်လာအောင် ခင်ဗျားတပည့်ကို ခင်ဗျားကိုယ်တိုင် ဆုံးမတာ ပိုကောင်းမယ်"

ယဉ်ကြိုင်က...

"ခက်ပါလား၊ ကျုပ်တပည့်က ခင်ဗျားစွပ်စွဲသလို မဟုတ်ဘူး၊ ကင်းဆိပ်မား သူ့ဆီမှာမရှိဘူးလို့ ပြောနေတာတောင်မှ ခင်ဗျား မယုံနိုင်အောင် ဖြစ်နေမှတော့ ကျုပ်ကကော ဘာများတတ်နိုင်မှာ တဲ့လဲ"

"ဩော်... ဒီလိုလား"

မြေခွေးကြီး လက်ဝှေ့ယမ်းပြလိုက်လေသည်။

"မားကျောက်ရဲ့ မင်္ဂလာခန်းမထဲကို ဝင်ကြည့်လိုက်စမ်းပါဦး၊ သိုင်းလောကရဲ့ အထင်ကရ သိုင်းသမားကြီးတွေ စုရုံးရောက်ရှိနေကြတာကို တွေ့ရပါလိမ့်မယ်၊ သူတို့ဟာ မားကျောက်လို ပမွှားဂေဟာ လေးတစ်ခုရဲ့ မင်္ဂလာပွဲကို တက်ရောက်ဖို့ တကူးတက အပင်ပန်းခံပြီး လာခဲ့ကြတယ်များ ထင်နေသလား၊ ပြီးတော့ သိုင်းလောကက ပျောက်နေတဲ့ လေဟုန်စီးစွန်ရဲ့ လုံယွမ်နဲ့ မြေစောင့် သက်ပြတ်မား ချိန်ဟုတ်တို့က အပျင်းပြေထွက်ပေါ်လာကြတာများ ထင်နေသလား"

www.burmeseclassic.com



စုမာဖုံးသည် မြေခွေးကြီး၏ မျက်စိလျှင်မြန်မှုနှင့် အကင်းပါးမှုကို စိတ်ထဲမှကျိတ်ပြီး ချီးကျူးမိလိုက်လေသည်။

ရီလုံနှင့် ယဉ်ကြိုင်တို့ အချင်းချင်း ကြည့်လိုက်ကြသည်။

မြေခွေးကြီးက ...

"ဒီကိုရောက်လာတဲ့ ဧည့်သည်တွေ ဆယ်ပုံကိုးပုံဟာ ကင်းဆိပ်ဓားကိုအကြောင်းပြုပြီး ရောက်လာကြတယ်ဆိုတာ မှတ်ထားပါဗျာ"

ယဉ်ကြိုင်က ...

"ခုလို စုရုံးရောက်လာကြတာတော့ ဟုတ်ပါပြီ၊ ဒီမှာ ကင်းဆိပ်ဓား မရှိတော့ ဘယ်လိုလုပ်မလဲ၊ မားကျောက်ကို ဝိုင်းပြီး ဖျက်ဆီးပစ်ကြမှာလား"

မနစ်မြို့နိုင်စွာဖြင့် အငေါ်တူးလိုက်၏။

မြေခွေးနက် မကျေမနပ် ရှုံ့ရှုံ့ရားရား ဖြစ်သွား၏။

"ကျုပ်ဒီလောက် ရှင်းပြနေတာတောင် ခင်ဗျားရဲ့တပည့်အပေါ် ယုံကြည်စိတ်ချနေတုန်းပဲလား၊ ဒီမှာ ယဉ်ကြိုင် ခင်ဗျားကောင်က လိမ်ပြောနေတာဗျ၊ ကင်းဆိပ်ဓားအကြောင်း သူကောင်းကောင်း သိထားတယ်"

ယဉ်ကြိုင်က ...

"ခင်ဗျား ဒီလိုပြောတော့လဲ ကျုပ်ကပြောရဦးမယ်၊ ကျုပ်သိထားသလောက် ကင်းဆိပ်ဓားဟာ မိတ်ဆွေကြီးရီလုံ ရရှိထားတယ်လို့ သတင်းတွေ ဖြစ်ပေါ်နေတာပါ၊ ကျုပ်တပည့်နဲ့ မဆိုင်ပါဘူး"

ရီလုံ ကပျာကယာ ဝင်ပြော၏။

"ကျုပ်နဲ့လဲ မဆိုင်ပါဘူး၊ ဘာကင်းဆိပ်ဓားမှ ကျုပ်ဆီမှာ မရှိပါဘူး၊ ဒီလိုမှန်းသိရင် မင်္ဂလာကိစ္စကို လက်မခံဘဲ ငြင်းလိုက်ပါတယ်ဗျာ"



သူ၏သမီး ရချင်း၏ ဖူးစာဟုပင် ဆိုရပေမည်။

ရီချင်းသည် မားကျောက်နှင့် မေတ္တာသက်ဝင်နေပြီး ယဉ်ကြိုင်၏ မျက်နှာလဲရှိနေသဖြင့် မင်္ဂလာကိစ္စကို ရီလုံ သဘောတူခဲ့ခြင်း ဖြစ်ပါသည်။ မြေခွေးနက်က ရီလုံဘက်မှ ဝင်ပြော၏။

"ရီလုံပြောတာ မှန်တယ်၊ ဒီကိစ္စ သူဘာမှ မသိဘူး၊ တစ်ယောက်ယောက်က မားကျောက်အပေါ် အာရုံသိပ်မရောက်အောင် လမ်းလွှဲပေးထားတာ၊ အားလုံးက ရီလုံကိုပဲ ဂရုစိုက်အောင် လုပ်ကြံသတင်းလွှင့်ထားတာပါဗျာ"

ရီလုံသည် သူ့ဘက်မှ ပြောဆိုပေးသော်လည်း မြေခွေးနက်ကို ပြန်မေးလိုက်လေသည်။

"ကျုပ်သားမက်ကို နောက်ကွယ်က ကြိုးကိုင်တဲ့လူ ရှိနေပြီ၊ ကျုပ်ကို ပြန်ဒုက္ခပေးခိုင်းတဲ့ သဘောလား၊ ဒီလိုတော့ မဖြစ်နိုင်ဘူး ထင်တယ်"

မြေခွေးနက်၏ ပင်ကိုဗီဇအတိုင်း စိတ်မရှည်မှုများ ပြန်လည်ဖြစ်ပေါ်လာသည်။

"အို ...ရှုပ်ပါတယ်၊ မားကျောက်လက်ထဲမှာ ကင်းဆိပ်ဓားရှိတာကော၊ နောက်ကွယ်မှာ ကြိုးကိုင်တဲ့လူရှိတာကော ဒါတွေပြောနေလို့ အချိန်ကုန်ရုံပဲရှိတယ်၊ ကျုပ်လိုချင်တာ ကင်းဆိပ်ဓားပဲ၊ ရရင်ပြီးရော၊ အဲ ...မရရင် ကျုပ်အကြောင်းသိရမယ်"

ကင်းဆိပ်ဓားရရှိဖို့ မိုက်မိုက်ကန်းကန်း လုပ်တော့မည်ဖြစ်ကြောင်း ထင်ရှားနေပါသည်။

မားကျောက်ကိုလည်း ခပ်ပြတ်ပြတ်ပြောလိုက်၏။

"ကဲ ...မားကျောက်၊ ကင်းဆိပ်ဓားကို ပေးမလား ၊ အသက်အသေခံမလား၊ မင်းကြိုက်တဲ့လမ်းကို ရွေးစမ်း"

www.burmeseclassic.com

www.burmeseclassic.com



မားကျောက်ကား ကြောက်ရွံ့နေ၍လည်း အကြောင်းမထူးတော့ဟု သဘောပိုက်နေပြီဖြစ်သည်။

မြေခွေးနက်အား မာမာတင်းတင်းပင် ရင်ဆိုင်လိုက်လေသည်။

"မြေခွေးကြီး ခင်ဗျားဟာ လောကပါလသိုင်းသမားကြီး တစ်ယောက်ကိုပဲ ရှုံးခဲ့ဖူးတယ်၊ တခြားဘယ်သူ့ကိုမှ မှုစရာမလိုဘူးလို့ ခံယူထားတာ ကျုပ်သိတယ်၊ ဒါပေမယ့် ဒီကနေ့ ခင်ဗျားရဲ့ မာန်မာနတွေ သိုင်းပညာတွေနဲ့ ခင်ဗျားလိုချင်တာ မရနိုင်ဘူးဆိုတာ မှတ်ထားပါ၊ ကျုပ်ကို သတ်ပစ်လိုက်ရင် ဘယ်သူကမှ ခင်ဗျားကို လက်မခံဘဲ ဝိုင်းဝန်းဆန့်ကျင်ကြလိမ့်မယ်ဆိုတာ မမေ့ပါနဲ့"

"ဟား ... ဟား ... ဟား ..."

မြေခွေးနက်က လှောင်ပြောင် ရယ်မောလိုက်လေသည်။

"မားကျောက်...မင်း တော်တော် သတ္တိကောင်းနေပါလား၊ မင်းကို သတ်ပစ်လိုက်တော့ကော ဘာဖြစ်ဦးမှာလဲ၊ ပြောစမ်းပါဦးကွ"

"စိတ်ချ၊ ခင်ဗျားလဲ မားဂေဟာက လွယ်လွယ်နဲ့ ထွက်သွားလို့ မရနိုင်ပါဘူး"

အခြေအနေစောင့်ကြည့်နေကြသော စုမာဖုံးနှင့် ချိန်ဟုတ်တို့ အချင်းချင်း ကြည့်မိလိုက်ကြပြန်သည်။

"မားကျောက်ရဲ့ စာတီရုပ်ပေါ်လာပြီ၊ သူပြောတဲ့စကားတွေ အဓိပ္ပာယ်မနည်းဘူး"

"ဟုတ်ကဲ့...ကျွန်တော်လဲ ဒီလိုပဲ တွေးမိပါတယ်"

နှစ်ယောက်သား အတွေးချင်း တူနေ၏။

မားကျောက်သည် အကြောက်အလန့်မရှိတော့ဘဲ သူ့အား သတ်ပစ်လျှင် မြေခွေးနက်လည်း မားဂေဟာထဲမှ အေးအေးဆေးဆေး



ပြန်ထွက်သွား၍မရနိုင်ဟု ပြောခဲ့သည့်စကား နောက်ကွယ်တွင် အကြောင်းရှိနေသည်ကို သတိပြုကြခြင်းဖြစ်သည်။

စုမာဖုံးက...

"ဒီအတိုင်းဆိုရင် ဒီကနေ့ သွေးထွက်သံယိုမှုတွေ မဖြစ်ဘဲ ပြီးဆုံးသွားနိုင်တော့မှာ မဟုတ်ဘူး၊ မင်္ဂလာပွဲကနေ အသက်လုပွဲကြီး အဖြစ် ပြောင်းလဲသွားတော့မှာပဲ"

ဟု မှတ်ချက်ချလိုက်ပြန်လေသည်။

ချိန်ဟုတ်၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

"ဒီခန်းမကျယ်ကြီးထဲမှာ ထိပ်သီးသိုင်းသမားကြီးတွေ စုရုံးရောက်ရှိနေကြတာပဲ၊ ဘယ်သူကများ သွေးထွက်သံယိုဖြစ်အောင် ရမ်းကားဝံ့မှာလဲ၊ တကယ်လို့ ရမ်းကားလာမယ်ဆိုရင်လဲ ဘယ်သူကမှ လိုက်ပိုက်ကြည့်နေကြမယ် မထင်ဘူး၊ မောင်ရင်လေး သိပ်ပြီး စိတ်ပူ မနေပါနဲ့ကွယ်"

"ကျွန်တော်က မြေခွေးကြီး သောင်းကျန်းရဲမယ်လို့ ပြောတာ မဟုတ်ပါဘူး"

"ဒါဆို..."

"မားကျောက်ကို နောက်ကွယ်က ကြိုးကိုင်ထားတဲ့ လူကို ပြောချင်တာပါ"

ချိန်ဟုတ် မျက်မှောင်ကုတ်သွားသည်။

"အမိုက်ကျေးရွာပိုင်ရှင်ကို ပြောတာလား"

စုမာဖုံးက...

"မားကျောက်ကသာ အမိုက်ကျေးရွာပိုင်ရှင်ကို ကျောထောက် နောက်ခံ ပြုမထားရင် ကြောက်ရွံ့ထိတ်လန့်နေရာကနေ ချက်ချင်းကြီး သတ္တိကောင်းလာဖို့ မလွယ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဝေဖန် ပြောဆိုနေသော စကားများကြောင့် လေဟုန်စီး စွန်ရဲ လုံယွမ်မှာလည်း မနေနိုင်တော့ဘဲ စကားဝိုင်းထဲ ဝင်လာလေတော့သည်။

"အမိုက်ကျေးရွာ နာမည်ရှိပေမယ့် ကျုပ်ကတော့ သူတို့ကို မမှုသေးပါဘူး၊ ကင်းဆိပ်မားကိစ္စမှာ ပါဝင်ပတ်သက်နေခဲ့ရင် သူတို့ ဒီကိုရောက်မလာကြဘူးဆိုရင်တောင် ကျုပ်က အမိုက်ကျေးရွာကို လိုက်သွားပြီး စာရင်းရှင်းလိုက်ပါ့မယ်၊ မကောင်းဘူးလား"

စုမာဖုံး သဘောတူ၏။

"ကျားကလှူထဲက ထွက်မလာရင် ကျွန်တော်တို့ ကျားဂူထဲ ဝင်ရမှာပါပဲ၊ ခက်နေတာက မြေခွေးကြီးပါ"

"မြေခွေးကြီးက ဘာဖြစ်လို့လဲ"

"စိတ်မရှည်ဘဲ တစွတ်ထိုးလျှောက်လုပ်ရင်ခက်မယ်၊ အဆိုးဆုံးကတော့ မားကျောက်ဟာ မခံနိုင်တော့တဲ့နောက်ဆုံး ကင်းဆိပ်ဆေးကို ထုတ်ပေးလိုက်လို့ သူ့လက်ထဲရောက်သွားရင် မတွေးဝံ့စရာပဲ"

"မြေခွေးကို အတောင်တပ်ပေးလိုက်တာ၊ ကျားကို အတောင်တပ်ပေးလိုက်တာထက်တောင် ဆိုးဦးမယ်"

ဤတွင် ဓိရှမ်းဆရာတော်လည်း မနေနိုင်တော့ပေ။

"ဒကာလေးက ဒီကိစ္စကို ဘယ်လိုစီစဉ် ဆောင်ရွက်ချင်သလဲ ပြောပါဦး"

ဟု မေးလာသည်။

ချိန်ရသေ့၊ သိုင်းဆရာကျင်းထုံနှင့် သိုင်းမယ် ရှားလျှံတို့လည်း စိတ်ဝင်စားနေကြသည်။

ယခု အားလုံးသည် စုမာဖုံးအား လေးလေးစားစားရှိနေကြပြီ ဖြစ်ပါသည်။



စုမာဖုံး၏ တွေးတောယူဆချက်များ မှန်ကန်နေခြင်းကြောင့် ပင်ကိုအရည်အချင်းရှိသူဟု လက်ခံလာကြခြင်းဖြစ်သည်။

ယခင်ကဆိုလျှင် လောကပါလ သိုင်းသမားကြီး၏ တပည့်ဟူသော ဂုဏ်ပုဒ်ဖြင့် ဆက်ဆံခဲ့ကြခြင်း ဖြစ်လေသည်။

ချိန်ရသေ့က ...

"ကျုပ်တို့ ကင်းဆိပ်မားရဲ့သတင်း ကြားလို့ ဒီကို လာခဲ့ကြပေမယ့် အမှန်ကိုဝန်ခံရရင် တချို့ကိစ္စတွေကို ထဲထဲဝင်ဝင် သိတာ မဟုတ်ပါဘူး၊ မောင်ရင်လေးကိုကြည့်ရတာ နိုက်နိုက်ချွတ်ချွတ် စုံစမ်းထားပုံရတယ်၊ ဒီတော့ မောင်ရင်လေးပဲ ဘယ်လိုလုပ်ကိုင် ဆောင်ရွက်သင့်တယ်ဆိုတာ ကျုပ်တို့ကို အကြံဉာဏ်ပေးရင် ကောင်းမယ်"

သိုင်းဆရာကျင်းထုံ ပြုံးလိုက်သည်။

"ခုမှ မထူးတော့ပါဘူး၊ ကျုပ်တို့ကို အကြံဉာဏ်ပေးနေမယ့် အစား မောင်ရင်လေးပဲ တာဝန်ယူဖြေရှင်းပေးတာ အကောင်းဆုံး ဖြစ်မှာပါ၊ မောင်ရင်လေးဟာ နန်းတွင်းရဲ့တာဝန်ကို ထမ်းဆောင်နေရသေးတာပဲ မဟုတ်လား"

အမှန်အတိုင်းဆိုလျှင် ကင်းဆိပ်မားနှင့် ပတ်သက်ပြီး စုမာဖုံးတွင် တာဝန်အရှိဆုံး ဖြစ်လေသည်။

ကင်းဆိပ်မားကြောင့် သွေးထွက်သံယိုမှုများ ဖြစ်ပေါ်မလာရလေအောင် ဖြေရှင်းဆောင်ရွက်ဖို့ နန်းတွင်းမှ တာဝန်ပေးအပ်ထားသည် မဟုတ်လား။

စုမာဖုံးလည်း တာဝန်ဝတ္တရားများကို ရှောင်လွှဲမည့်သူမဟုတ်ဘဲ တရားဥပဒေစိုးမိုးရေးနှင့် သိုင်းလောက အေးချမ်းသာယာရေးအတွက် အရိုးကြေကြေ အရေခမ်းခမ်း အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်သာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စုမာဖုံ၏မျက်နှာ ပို၍ ဖြည်ကြည်လေးနက်လာလေသည်။

"ကင်းဆိပ်မားဟာ မားကျောက်ရဲ့လက်ထဲမှာ ရှိနေတယ်လို့ ကျွန်တော် ယုံကြည်ထားပါတယ်၊ ဒါကြောင့် မားကျောက်ကို မြေခွေးကြီးရဲ့ လက်ထဲက အရင်ဆုံး ကယ်ထုတ်ရမှာပါ၊ မားကျောက်အရှုံးပေးပြီး မားထုတ်ပေးလိုက်လို့ မြေခွေးကြီးလက်ထဲ ရောက်သွားရင် အခြေအနေ ပိုဆိုးသွားပါလိမ့်မယ်"

မြေခွေးကြီး၏လက်ထဲသာ ကင်းဆိပ်မား ရောက်သွားပါက ဤခန်းမဆောင်ထဲရှိ သိုင်းသမားများသာမက သိုင်းလောကတစ်ခုလုံးပါ အခြေအနေဆိုးသွားမည် ဖြစ်ကြောင်း တွေးမိပြီး အားလုံး ခေါင်းတညိတ်ညိတ် ဖြစ်သွားကြလေသည်။

စုမာဖုံး စကားဆက်လိုက်သည်။

"ဒီအခြေအနေမျိုး ရောက်လာတော့မယ်ဆိုရင် အကြမ်းနည်းသုံးသင့်ရင် သုံးရတော့မှာပါ"

မြေခွေးကြီးနှင့် ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ရမည့်သဘောဆိုလိုခြင်းဖြစ်သည်။

"ဒါပေမယ့် မားကျောက် မျှော်လင့်နေတဲ့လူဟာ၊ အချိန်မီ ရောက်လာလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ထားပါတယ်၊ ဒါကြောင့် မြေခွေးကြီးက မားကျောက် မခံမရပ်နိုင်အောင် အကြမ်းမဖက်ခင် တားဆီးရပါမယ်"

တားဆီးရမည်ဆိုသည်မှာ မားကျောက် မျှော်လင့်နေသူ ရောက်လာသည်အထိ မြေခွေးကြီးအား အချိန်ဆွဲထားရမည့်သဘောဖြစ်ကြောင်းလည်း အားလုံးနားလည်လိုက်ကြ၏။

ဝိရှမ်းဆရာတော် ပြုံးလိုက်သည်။

"ဒီလောက်တော့ ကျုပ်တို့ လုပ်နိုင်ပါသေးတယ်"



စကားဆုံးလျှင် မတ်တပ်ရပ်လိုက်၏။

ချိန်ရသေ၊ သိုင်းဆရာကျင်းထုံ၊ သိုင်းမယ် ရှားလျှံ၊ လုံယွမ်နှင့် ချိန်ဟုတ်တို့လည်း ထိုင်ရာမှ ထရပ်လိုက်ကြလေတော့သည်။

❖ ❖ ❖

မြေခွေးကြီး ဒေါသထွက်နေပါသည်။

မားကျောက်ကလည်း ကြောက်ရွံ့ခြင်းမရှိတော့သည့်အပြင် အာခံနေသဖြင့် အခက်ကြုံနေ၏။

ကင်းဆိပ်မားကို လွယ်လင့်တကူ မရနိုင်တော့ကြောင်းလည်း သဘောပေါက်နေပြီ ဖြစ်ပါသည်။

မားကျောက်ကို လက်ဝါးတစ်ချက်တည်း ရိုက်ကာ အဆုံးစီရင်ပစ်လိုသော်လည်း လုပ်၍မဖြစ်သေး၍ မချင့်မရဲ ဖြစ်နေပါတော့သည်။

ထိုစဉ်...

စုမာဖုံးတို့လူစု ထိုင်ရာမှ ထကာ လှမ်းလာနေကြသည်ကို မြင်လျှင် မျက်မှောင်ကုတ်သွား၏။

ပို၍လည်း ဒေါသထွက်သွား၏။

"ဒါက ဘာသဘောလဲ"

ဟု ဆီး၍ အော်ငေါက်လိုက်လေသည်။

မြေခွေးကြီးမှာ တကယ့်မြေခွေးတစ်ကောင်ကဲ့သို့ ကြမ်းတမ်းရိုင်းစိုင်းနေပြီ ဖြစ်ပါသည်။

စုမာဖုံး ပြုံးလိုက်သည်။

"ကျုပ်တို့က ခင်ဗျားဘက်ကနေပြီး မားကေဟာပိုင်ရှင်ကို ဝိုင်းဝန်းထိန်းသိမ်းပေးမလို့ပါဗျာ"

မြေခွေးကြီး ရှုံ့ရှုံ့ရှားရှား ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး၊ ကျုပ်ကိုစွတ်ထဲ ဝင်မပါစမ်းပါနဲ့၊ ကျုပ်က စိတ်ရှည်တာ မဟုတ်ဘူးနော်"

စုမာဖုံးက...

"ခင်ဗျားရဲ့အကြောင်းကို ကျုပ်သိပါတယ်၊ မားဂေဟာရှင်ကို လက်တစ်ဖက်မပြောနဲ့ လက်ညှိုးတစ်ချောင်းတည်းနဲ့တောင် ထိန်းထားနိုင်တယ်ဆိုတာ ကျုပ်သိပါတယ်၊ ဒါပေမယ့်..."

"ကောင်လေး...ရှည်ရှည်ဝေးဝေး လုပ်မနေနဲ့၊ ဒါပေမယ့် ဘာဖြစ်သလဲပြောစမ်း"

"သြော်...မားဂေဟာရှင်ရဲ့ နောက်ကွယ်မှာ ရှိနေသူ ရောက်လာရင်တော့ ခင်ဗျား ထိန်းချုပ်ထားဖို့ မလွယ်ကူတော့မှာကို စိုးရိမ်လို့ပါဗျာ"

"ဘာကွ..."

မြေခွေးနက်က ချွန်ထက်နေသောသွားများ ပေါ်လာအောင် မြေခွေးတစ်ကောင် မာန်ဖီသည့် ပုံမန်းသဏ္ဍာန်ဖြင့် ပြော၏။

"မားကျောက်ရဲ့ နောက်ကွယ်ကလူကို ကျုပ်မှုမယ့် ထင်နေတာလား"

စုမာဖုံးက...

"ခင်ဗျားရဲ့ သိုင်းပညာ သိပ်တော်ပါတယ်၊ ဒါပေမယ့် 'ကိုထင်း' လဲ ခေတ်ဲ့လူတစ်ယောက် မဟုတ်ပါဘူးဗျာ"

ကိုထင်းဆိုသော အမည်ကြောင့် မြေခွေးကြီးအနည်းငယ် ကြောတွန့်သွားသည်က အမှန်ပင်။

ကိုထင်းမှာ သိုင်းလောကလူဆိုးများ စုပေါင်းခိုလှုံနေသည့် အမိုက်ကျေးရွာပိုင်ရှင် ဖြစ်သည်။

မြေခွေးနက်၏ သိုင်းပညာ မည်မျှထက်မြက်စေကာမူ အမိုက်



ကျေးရွာပိုင်ရှင် ကိုထင်းအား မြတ်မြတ်သားသား အနိုင်ယူဖို့တော့ မလွယ်သေးပါ။

ကိုထင်းမှာ ခေသူမဟုတ်ဘဲ သိုင်းလောက၌ နာမည်တစ်လုံးဖြင့် နေလာခဲ့သည်မှာ နှစ်လရှည်ကြခဲ့ပြီ မဟုတ်လား။

အမိုက်ကျေးရွာ၌ မှီတင်းနေထိုင်သော သိုင်းလူဆိုးအားလုံး သိုင်းလောကထဲ ထွက်လာကြသည်ဆိုလျှင် သိုင်းလောက ပြောင်းဆန်သွားမည်မှာ မြေကြီးလက်ခတ်မလွဲချေ။

အမိုက်ကျေးရွာပိုင်ရှင် ကိုထင် ရောက်လာ၍ လွတ်လွတ်လပ်လပ် ယှဉ်ပြိုင်ရမည်ဆိုပါက မြေခွေးနက် မမှုပါ။

ယခုတော့...

ခန်းမဆောင်ထဲ ရောက်ရှိနေကြသည့် သိုင်းသမားများ ရှိနေသေး၍ မြေခွေးနက် အခက်ကြုံကာ အားမလိုအားမရ ဖြစ်မိတော့သည်။

မြေခွေးကြီး စိတ်အနှောင့်အယှက်ဖြစ်သွားသကဲ့သို့ စိုးရိမ်ပူပန်မှုများလည်း ဖြစ်ပေါ်လာလေသည်။

မည်သို့ဆိုစေ

ခက်ထန်ကြမ်းတမ်းပြီး တဖောက်ကန်းလုပ်လိုစိတ် ရှိနေဆဲပင်...

"ဟိတ်...ဘယ်သူပဲရောက်လာလာ ကျုပ်တွေးပူနေမယ် ထင် နဲ့၊ ကျုပ်စိတ်အနှောင့်အယှက်ဖြစ်လာတာနဲ့ ကျုပ်လက်ထဲက မားကျောက်ကို အရင်ဆုံး သတ်ပစ်လိုက်မှာပဲ"

စုမာဖုံးက...

"မားကျောက် သေဆုံးသွားတာနဲ့ ကိစ္စပြီးပြီပေါ့ဗျာ၊ ကင်းဆိပ်ခါးနဲ့ ပတ်သက်ပြီး 'သဲလွန်စပျောက်ပြီပေါ့'"

www.burmeseclassic.com

www.burmeseclassic.com



ညော်ရှုပ်ပင်ဒေါ်သကြီးစေကာမူ၊ ခက်ထန်ကြမ်းတမ်းစေကာမူ စုမာဖုံးက အချက်ကျကျ ပြောလိုက်လျှင် မြခွေးနက် ငိုင်သွားလေတော့သည်။

မားကျောက်သေဆုံးသွားလျှင် သဲလွန်စပျောက်ဆုံးသွားမည်က အသေအချာပင်။

ရိုလုံနှင့် ယဉ်ကြိုင်တို့ ဘာမျှ မပြောနိုင်ကြပါ။

အမိုက်ကျေးရွာသခင် ကိုထင်းအား သွားမေးဖို့ဆိုသည်မှာလည်း အတော်ပင်ခက်ခဲသော အလုပ်ဖြစ်သည်။

ကင်းဆိပ်ဓားကိုရရှိဖို့ ကျိန်းသေ အလှမ်းဝေးသွားတော့မည်ဖြစ်ပါသည်။

စုမာဖုံးသည် ပထမခြေလှမ်း အောင်မြင်သွားပြီဖြစ်ရာ ဒုတိယခြေလှမ်း လှမ်းလိုက်လေသည်။

"မားကျောက် အသက်ရှင်နေမှ မျှော်လင့်ချက်ရှိမယ်၊ အမိုက်ကျေးရွာပိုင်ရှင် ကိုထင်း ရောက်လာရင် အားလုံး အဖြေပေါ်သွားမှာပါ၊ ခင်ဗျားက သူ့ကို ရင်ဆိုင်ချင်ရင် လွတ်လွတ်လပ်လပ်ရှိနေမှ ဖြစ်မယ်"

မြခွေးနက် မျက်မှောင်ကုတ်သွား၏။

မားကျောက်ကို ညွှန်ပြလိုက်သည်။

"သူဟာ ကျုပ်အတွက် ရှုပ်နေတယ် ဟုတ်လား"

"ဒါ အမှန်ပါပဲ"

မြခွေးနက် တွေဝေသွားပြန်သည်။

စုမာဖုံးက...

"ခင်ဗျားမှာ အခက်အခဲ ရှိနေရင် ကျုပ်အကြံပေးနိုင်ပါတယ်"

"ဪ..."



မြခွေးနက် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"လက်စသတ်တော့ မင်းမှာ အကြံရှိနေတာကိုး"

"ခင်ဗျား လက်ခံမှာပါ"

"ကဲပါ...မင်းဘာတွေ ကြံစည်ထားသလဲ ပြောပါဦး"

မြခွေးနက်၏စကားက အဓိပ္ပာယ်နှစ်ခု ထွက်လေသည်

စုမာဖုံး မည်သို့မျှ သဘောမထားဘဲ တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်၏။

"မားကျောက်ကို ရှောင်လင်ဝိရှမ်းလူစုက တာဝန်ယူပြီး ထိန်းသိမ်းထားပေးပါ့မယ်၊ ဒါဆို ခင်ဗျား နောက်ဆံတင်းနေစရာ မလိုတော့ပါဘူး၊ ဘယ်ကိစ္စမဆို လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်တော့မှာပါ၊ ကျုပ်က စေတနာနဲ့ အကြံပေးတာပါ"

"ဟား...ဟား...ဟား..."

မြခွေးနက် ဟားတိုက်ရယ်မောလိုက်လေသည်။

"လက်စသတ်တော့ ကျုပ်လက်ထဲက မားကျောက်ကို တစ်ဖက်လှည့်နဲ့ လိုချင်နေတာကိုး"

"သူ့ကို ခဏထိန်းသိမ်းပေးထားတဲ့ သဘောပါ၊ ခင်ဗျား ကိုယ်စားပါ၊ ခင်ဗျားတို့ ဖြေရှင်းပြီးကြပြီဆိုရင် သူ့ကို ခင်ဗျားလက်ထဲ ပြန်ထည့်ပေးလိုက်မှာပါ၊ ကျုပ် အာမခံပါတယ်"

မြခွေးနက် နှာခေါင်းရှုံ့လိုက်သည်။

"ငါ့ကို သူငယ်နှပ်စားလေးများ မှတ်နေသလား၊ မားကျောက်ဟာ ကင်းဆိပ်ဓားနဲ့ ပတ်သက်ပြီး အရေးအကြီးဆုံးလူပဲ၊ မင်းတို့လက်ထဲ အပ်နံ့ထားရအောင် ငါက မိုက်မဲမယ်များ ထင်နေသလား"

စုမာဖုံး သက်ပြင်းချလိုက်သည်။

"ကျုပ် ကတိပေးတာတောင် ခင်ဗျား လက်မခံဘူး၊ မယုံကြည်

www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုရင်လဲ မတတ်နိုင်တော့ဘူးပေါ့လေ၊ ခင်ဗျားသဘောပါပဲ၊ ခင်ဗျားကြိုက်သလို ဆောင်ရွက်နိုင်ပါတယ်၊ ကျုပ်ပြောခဲ့တဲ့ စကားတွေကို ပြန်ရုပ်သိမ်းပါတယ်ဗျာ"

စကားဆုံးလျှင် ရုမာဖုံးက နောက်သို့ပြန်ဆုတ်ပြီး ဝိရှမ်းဆရာတော်အား ဦးညွှတ်လိုက်သည်။

"သူက ဆရာတော်တို့လို ပုဂ္ဂိုလ်ကြီးတွေရဲ့ သိက္ခာ သမာဓိကို ယုံကြည်မှုမရှိဘူးဆိုတော့ ဆက်ပြောလဲ အကြောင်းမထူးနိုင်တော့ပါဘူး၊ တကယ်လို့ ကျေးရွာပိုင်ရှင် ကိုထင်း ရောက်လာရင် ဆရာကြီးလုံယွမ်နဲ့ အပေးအယူတည့်သွားရင်တော့ သိပ်စိတ်မပူရပါဘူး၊ ကင်းဆိပ်ဓား အန္တရာယ်ကို ဖယ်ရှားဖို့ မျှော်လင့်နိုင်ပါတယ်"

"ကောင်းပါတယ် ဒကာလေး၊ ဒီနေရာမှာ သွေးထွက်သံယိုကိစ္စတွေ မဖြစ်ပွားခင် အချိန်မီ ထွက်သွားကြတာ အကောင်းဆုံးဖြစ်ပါလိမ့်မယ်"

သူတို့နှစ်ယောက် ပြောနေသော စကားများသည် မြေခွေးနက်ကို လှုပ်ရှားသွားစေခဲ့ပြန်သည်။

လေဟုန်စီးစွန်ရဲ့ လုံယွမ်နှင့် မိုက်ကျေးရွာပိုင်ရှင် ကိုထင်းတို့ လက်တွဲမိပါက သူတို့နှစ်ယောက်အား ရင်ဆိုင်ဖို့ မလွယ်တော့ပါ။

အလွန်ကြောက်မက်ဖွယ်ကောင်းသော ပြိုင်ဘက်များ ဖြစ်လာပေတော့မည်။

မြေခွေးနက် တွေးတောနေစဉ်မှာပင် ရုမာဖုံး၊ ဝိရှမ်းဆရာတော်တို့ လူစုက ခန်းမဆောင်ထဲမှ ထွက်သွားရန် ဟန်ပြင်လိုက်ကြလေသည်။

မြေခွေးနက် မနေနိုင်တော့ဘဲ ဟန့်တားလိုက်လေသည်။

"မောင်ရင်...ခဏလောက်"



ရုမာဖုံး ခြေလှမ်းရပ်လိုက်သည်။

" ခင်ဗျား ဘာများ ပြောချင်သေးလို့လဲ"

မြေခွေးနက်သည် ဟန့်တားလိုက်သော်လည်း ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်နေသည်။

ရုမာဖုံးက လောဆော်လိုက်သည်။

"ခင်ဗျားပြောစရာရှိရင် မြန်မြန်ပြောပါ၊ ကျုပ်တို့ အချိန်မနှောင်းခင် ဒီကထွက်သွားမှဖြစ်မယ်၊ အမိုက်ကျေးရွာပိုင်ရှင် ကိုထင်း ရောက်လာဖို့ အချိန်နီးနေပြီဗျ"

မြေခွေးနက်သည် တွေဝေနေရာမှ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ဟန်ဖြင့် ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပြီ၊ မင်းပြောတဲ့အတိုင်း ကျုပ်လက်ခံတယ်"

ပြောရင်း လက်တစ်ဖက်မြှောက်ကာ လက်ဝါးဖြင့်မားကျောက်၏ ခန္ဓာကိုယ်ပေါ် ဖိချလိုက်လေသည်။

"အင် ..."

မားကျောက်၏ မသဲမကွဲ ညည်းညူသံ ထွက်ပေါ်လာ၏။

မြေခွေးနက်က ကျေနပ်စွာ ပြုံးရင်း ...

"မင်းတို့လက်ထဲ သူ့ကို ခဏအပ်ထားလိုက်မယ်"

ဟု ပြောလေသည်။

❖ ❖ ❖

မြေခွေးနက်သည် ကောက်ကျစ်ပြီး ဉာဏ်များသူဖြစ်သည်။ ပင်ကို မကောင်းသည့်စိတ်ထားရှိခြင်းကြောင့် သူတစ်ပါးကိုလည်း ဘယ်တောမှ ယုံကြည်စိတ်ရှိသူ မဟုတ်ပေ။

ယခု...

www.burmeseclassic.com

www.burmeseclassic.com



မြေခွေးကြီးသည် မားကျောက်ကို ယုံယုံကြည်ကြည်ဖြင့် စုမာဖုံးတို့လူစု လက်ထဲ အပ်နှံလိုက်ပြီဖြစ်သည်။

စုမာဖုံးနှင့်တကွ ဝိရှမ်းဆရာတော် ဦးဆောင်သော ထိပ်သီးသိုင်းသမားကြီးများ၏ အကျင့် ဂုဏ်သိက္ခာကို ယုံကြည်စိတ်ချ၍လော...

မည်သူ့ကိုမျှ မယုံသော မြေခွေးနက်သည် စုမာဖုံးတို့လူစုကိုလည်း ဘယ်တော့မှ ယုံကြည်လိမ့်မည် မဟုတ်ပါချေ။

သူသေဆုံးသွားသည့်တိုင်အောင် မည်သူ့ကိုမျှ မယုံကြည်သောသူ၏စိတ်ထား ပြောင်းလဲသွားလိမ့်မည် မဟုတ်ပါချေ။

မားကျောက်သည် ကင်းဆိပ်မားနှင့် ပတ်သက်၍လည်း အရေးပါသူ တစ်ယောက် ဖြစ်နေသည်။ မားကျောက်ကို မည်သည့်နည်းနှင့်မျှ လက်မလွှတ်နိုင်ပါ။ မားကျောက်ရှိနေမှ ကင်းဆိပ်မားကိုရရှိနိုင်မည် မဟုတ်ပါလား။

ထို့ကြောင့်

မြေခွေးကြီးက မားကျောက်အား စုမာဖုံးတို့လူစု၏ လက်ထဲအပ်လိုက်သည်မှာ အလွန်ထူးခြားသောကိစ္စ ဖြစ်နေပါတော့သည်။

မြေခွေးနက်သည် စုမာဖုံးပြောသည့်အတိုင်း အမိုက်ကျေးရွာပိုင်ရှင် ရောက်လာမည်ဟု ယုံကြည်ထားပုံရနေသည်။

အမိုက်ကျေးရွာပိုင်ရှင် ကိုထင်း မည်သည့်အချိန်၌ ရောက်လာမည်နည်း။

သိုင်းလူဆိုးများအား အမိုက်ကျေးရွာ၌ လက်ခံထားသည့်ကိုထင်း၏ သဘောထား မည်သို့ရှိပါသနည်း။ ကျော်ကြားလှသည့် ကင်းဆိပ်မားနှင့် မည်သို့ ပတ်သက်နေပါသနည်း။

မြေခွေးနက်က မားကျောက်ကို စုမာဖုံးတို့လူစုလက်ထဲ အပ်လိုက်ခြင်းကြောင့် အခြေအနေ အရပ်ရပ်မှာ စိတ်ဝင်စားဖွယ် ကောင်းသွားလေတော့သည်။

ဗေဒါဂိုဏ်းမှ ဒုတိယအကြီးအကဲ ဂူဖောင်ကြိုင်နဲ့ ရိုလုံကိုလဲ ထွက်ကာ မားကျောက်ကို လွှဲပြောင်းယူလိုက်သည်။ ဂယ်တင်ဖို့ အခမ့

မားကျောက်အခြေအနေကိုမြင်လျှင် ဂူဖောင်\
သွားကာ မြေခွေးနက်ကို လှမ်းမေးလိုက်လေသည်။

"မြေခွေးကြီး...ခင်ဗျား သူ့ကို ဘယ်လိုလုပ်ထားလို့" ကျ ကြားဝင်

မြေခွေးကြီး ရယ်မောလိုက်သည်။

"ဟဲ...ဟဲ...ကျုပ်ရဲ့ ကိုယ်ပိုင် နည်းစနစ်နဲ့ သွေး ပိတ်ထားလိုက်တာလေ၊ ကျုပ်ကိုယ်တိုင် သွေးကြောပြန်ဖွင့်မပေး သုံးရက်မြောက်တဲ့နေ့မှာပဲ လုံးပါးပါးပြီး အသက်ပျောက်သွားလိမ့်မယ်"

ထိုစကားကြောင့် ဝေ့ရှမ်းဆရာတော်က ရှေ့သို့လှမ်းထွက်ကာ မားကျောက်အား စစ်ဆေးကြည့်လိုက်၏။

ဝေ့ရှမ်းဆရာတော် မျက်နှာပျက်သွား၏။

"ဆန့်ကျင်ဘက် သွေးကြောနှစ်ခုရာကို တစ်ပြိုင်တည်း ပိတ်ထားလိုက်တာကိုး"

ချိန်ရသေ့ သက်ပြင်းချလိုက်၏။

"အကြောင်းမသိဘဲ သွေးကြောဖွင့်ပေးဖို့ ကြိုးစားပြီး သွေးကြော တစ်ခုပြီးမှတစ်ခု ဖွင့်ပေးမိလိုက်ရင် မလွယ်ဘူး"

သိုင်းမယ်ရှားလျှက...

"ဆန့်ကျင်ဘက်ဖြစ်နေတော့ သွေးကြောတစ်ခု ပွင့်သွားတာနဲ့ ကျန်တဲ့သွေးကြောတစ်ခုအပေါ်ကို ဖိပြီး ဖိအားသက်ရောက်သွားမှာပဲ၊ ဒါဆို ကံကောင်းရင်တောင် ဒုက္ခိတဘဝက မလွတ်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မြေခွေးကြီးပါတယ်ဗျာ၊ ချီးကျူးပါတယ်၊ မြေခွေးကြီးရဲ့ သွေးတို့လူစု လက်ထဲကတော့ ပြိုင်စံရှားပါပဲ”

စုမာဖုံးနှင့်ကျင်းထုံက ချီးကျူးစကား ပြောလိုက်လေသည်။ သိုင်းသမားကြီးဇက်မှာ ဆန့်ကျင်ဘက်သွေးကြောနှစ်ခုကို တစ်ပြိုင်လော... ခံထားရသဖြင့် လှုပ်ရှားဖို့မဆိုထားနှင့် စကားပင်

မည်သော့ချေ။

လည်း ဘယ်ဖက်ရှိသော်လည်း ကျောက်ရုပ်တစ်ရုပ်နှင့်မခြား ဖြစ်သွား

သွားသည်။

သူ၏စီဖုမာဖုံး မဲ့ပြုံးပြုံးလိုက်သည်။

“အကောင်းဆုံး သွေးကြောပိတ်နည်းစနစ်တစ်ခုပါပဲ၊ သွေးပါကြာ ဖွင့်ပေးမယ်ဆိုရင် အချိန်ယူပြီး ဂရုတစိုက် လုပ်ရတော့မယ်၊ ဒါဆိုရင် သွေးကြောဖွင့်ပေးမယ့်လူကို ဟန့်တားဖို့ ခင်ဗျားအတွက် အချိန်လုံလုံလောက်လောက်ရပြီပေါ့၊ ခင်ဗျားခွင့်မပြုဘဲ ဘယ်သူကမှ သွေးကြောဖွင့်ပေးလို့မရအောင် လုပ်လိုက်တာ မဟုတ်လား”

“ဟား ...ဟား ...ဟား ...မှန်တာပေါ့ကွာ၊ ဒီအတိုင်းပါပဲ”

မြေခွေးနက်၏လုပ်ကိုင်ဆောင်ရွက်သမျှ အားလုံး ကောက်ကျစ်စဉ်းလဲမှုကို အခြေခံနေပါတော့သည်။

စုမာဖုံးက ဝူဖောင်ကို ပြောလိုက်သည်။

“အကြောင်းမသိတဲ့ လူတစ်ယောက်ယောက်က မားကျောက်ကို သွေးကြောဖွင့်ပေးဖို့ မကြိုးစားနိုင်အောင် သူ့ကို စောင့်ရှောက်ထားမှ ဖြစ်ပါလိမ့်မယ်”

ဝူဖောင်ကလည်း သဘောပေါက် နားလည်ဟန်ဖြင့်...

“ကောင်းပြီလေ၊ မောင်ရင်လေး ဘယ်လိုလုပ်ချင်သလဲ ပြောပါ”



စုမာဖုံးက သူ၏အစီအစဉ်ကို ပြောပြလိုက်လေသည်။

“ဆရာကြီးဝူး၊ မားကျောက်ကို အလယ်မှာထားပြီး ဘေးကဝိုင်းရံစောင့်ရှောက်ထားမှ ဖြစ်ပါလိမ့်မယ်၊ ယဉ်ကြိုင်နဲ့ ရိလုံကိုလဲ စိတ်ချထားလို့ မရဘူး၊ သူတို့က မားကျောက်ကိုကယ်တင်ဖို့ အခမ့နည်းနဲ့ ကြိုးစားနိုင်တယ်”

ရိလုံတို့ မားကျောက်တို့အား ဝင်လုနိုင်ကြောင်း လေသံဖြင့် ပြောပြီး ရှေ့ဆက်ပြောရန် ဟန်ပြင်စဉ် သိုင်းမယ်ရှားလျှံက ကြားဝင် ပြောလိုက်လေသည်။

“စိတ်ချပါရှင်၊ သူတို့နှစ်ယောက် လှုပ်ရှားလာမယ်ဆိုရင်လဲ ကျွန်မတို့ ကောင်းကောင်းထိန်းထားနိုင်ပါတယ်”

သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြ၏။

ထို့နောက် ပြိုင်တူ ပြုံးလိုက်ကြသည်။

မိန်းမချောလေး သိုင်းမယ်ရှာလျှံမှာ စုမာဖုံးအား စိတ်ဝင်စားနေပြီ ဖြစ်ပါသည်။ စုမာဖုံးသည်လည်း ရှားလျံ၏ ဆွဲဆောင်မှုကြောင့် ရင်ထဲ၌ ထူးခြားသော ခံစားချက်များ ဖြစ်ပေါ်ခံစားလာရတော့သည်။

ထိုစဉ်...

“ကျုပ်တို့က မားကျောက်ကို နံဘေးက ဝိုင်းရံထား ကမယ်၊ တစ်ယောက်ယောက်က ကြိုးစားလာရင် သူ့ရဲ့ ကြိုးစားမှု အချည်းနှီး ဖြစ်သွားမှာပဲ”

ဝီရှမ်းဆရာတော်က ပြောလာလေသည်။

“ကောင်းပါပြီ ဆရာတော်”

စုမာဖုံး သဘောတူလိုက်လေသည်။

ဝီရှမ်းဆရာတော်တို့သည် မားကျောက်အား ခန်းမအလယ်သို့ ခေါ်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန်...

မားကျောက်ကို အလယ်မှာထားကာ စက်ဝိုင်းပုံသဏ္ဌာန်ဖြင့် နံဘေးမှ ဝိုင်းရံထားလိုက်ကြ၏။

တစ်ယောက်ယောက်က မားကျောက်ကို လုယူဖို့ကြိုးစားမည် ဆိုပါလျှင် ဝိရှမ်းဆရာတော်တို့လူစုနှင့် အရင်ဆုံး ရင်ဆိုင်ရမည်ဖြစ်လေသည်။

မြေခွေးနက်သည် ထိုအချင်းအရာကိုမြင်လျှင် သဘောကျစွာ ရယ်မောလိုက်လေသည်။

"ကောင်းတယ်ဟေ့...ဟား...ဟား...ဟား..."

ထိုစဉ် ယဉ်ကြိုင်နှင့် ရိုလုံတို့ မနေနိုင်တော့ဘဲ ရှေ့သို့ တိုးလာကြလေသည်။

သတို့သမီး ရီချင်းသည်လည်း စိုးရိမ်ပူပန်စွာ လိုက်လာ၏။

သုံးယောက်သား ဝိရှမ်းဆရာတော်တို့၏ စည်းဝိုင်းနှင့် ခြေငါးလှမ်းခန့်အကွာ၌ ရပ်တန့်လိုက်ကြလေသည်။

ရိုလုံတို့သည် မားကျောက်ကို ကယ်တင်ဖို့ ကြိုးစားကြတော့မည်လော။

ဝိရှမ်းဆရာတော်တို့က လက်ခံကြမည် မဟုတ်ပါ။

ဤသို့ဆိုလျှင်...

မားကျောက်နှင့် ပတ်သက်၍ ထိပ်သီးသိုင်းသမားကြီးများ၏ တိုက်ပွဲ ဖြစ်ပေါ်လာတော့မည် မလွဲဧကန်ပင်။

ကင်းဆိပ်ဓားနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော ပြိုင်ဆိုင်မှုသည် တစ်စထက်တစ်စ ပို၍ ပြင်းထန်လာ၏။

မားဂေဟာသည် အချိန်မရွေး ပေါက်ကွဲတော့မည့် ယမ်းအိုးကြီးနှင့် တူလာသည်။



ယန်းကြိုင်နှင့် ရိုလုံတို့ ခေသများ မဟုတ်ကြပါ။

ခန်းမဆောင်ထဲ၌ မားဂေဟာနှင့် ကျောက်ဖြူတောင်ကုန်းမှ သိုင်းသမားများလည်း ရှိနေကြသေး၏။

တိုက်ပွဲဖြစ်ပေါ်လာသည်နှင့် အဆုံးသတ်တော့မည် မဟုတ်ပါ။

ဝိရှမ်းဆရာတော်တို့အား ယဉ်ကြိုင်နှင့် ရိုလုံတို့ ယှဉ်ပြိုင်ထိုးဖောက်ကာ မားကျောက်ကို ကယ်တင်နိုင်ခဲ့ပါမည်လော။ စုမာဖုံးသည် စိုးရိမ်စိတ် တစ်စက်ကလေး မရှိဘဲ အေးအေးဆေးဆေး လက်ပိုက်ကြည့်နေ၏။

သူက ယဉ်ကြိုင်နှင့် ရိုလုံတို့အား စိတ်မဝင်စားပါ။

မားဂေဟာ၌ တိုက်ပွဲစတင်မည့်သူမှာ ယဉ်ကြိုင်နှင့် ရိုလုံတို့ မဟုတ်ကြောင်း ကောင်းစွာ နားလည်ထား၍ ဖြစ်သည်။

ဤသို့ဆိုလျှင်...

မားဂေဟာ၌ တိုက်ပွဲစတင် ဖြစ်ပေါ်စေမည့်သူမှာ မည်သူဖြစ်ပါသနည်း။

စုမာဖုံးက လူတစ်ယောက်အား စောင့်ဆိုင်းနေ၏။

ထိုလူ မကြာမီ ရောက်ရှိလာလိမ့်မည်ဟုလည်း ယုံကြည်ထားလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ပြဿနာ ရှင်းပေးမယ့်လူ

မြွေခွေးနက်သည် စုမာဖုံး၏ အစီအစဉ်ကို အလွန်ပင် သဘောကျကာ ဦးခေါင်းတညိတ်ညိတ် ရှိနေ၏။

သိုင်းပညာဖြင့် ထင်ရှားနေသော သိုင်းသမားကြီး ငါးယောက်အားပင် လည်းမှ ဝိုင်းရံစောင့်ရှောက်ထားကြပြီးနောက် မည်သူကမှ မားကျောက်ကို လုယူနိုင်တော့မည်မဟုတ်မှာလည်း ယုံကြည်လေသည်။

စုမာဖုံးသည် သဉ၏စကားအတိုင်း လက်တွေ့ဆောင်ရွက်ပြခဲ့သဖြင့် စိတ်ထဲမှ ချီးကျူးမိလိုက်သည်။

သည်ကောင်လေး လူသာငယ်ပေမယ့် မခေဘူး"

တစ်ဖန် ...

"မင်း မဆိုးပါလားကွ၊ သည်လို ကာကွယ်တဲ့ နည်းစနစ်ကို ဘယ်တသင်ယူခဲ့တာလဲ၊ ပြောစမ်းပါဦး"

ဟု စုမာဖုံးအား လှမ်းမေးလိုက်၏။

စုမာဖုံး ရယ်မောလိုက်လေသည်။

"ဂိုဏ်းဆရာကြီးတွေ သူတို့ဘာသာ" စီစဉ်လိုက်ကြတာပါဗျာ"

ရုတ်တရက် ...

စုမာဖဉမး၏ ရယ်မောသံ ရပ်တန့်သွား၏။



မျက်နှာတွင် စိုးရိမ်ပူပန်သော အသွင် ဖြစ်ပေါ်လာပြီး အော်ပြောလိုက်လေသည်။

"အို ... ဘာကြောင့် အရမ်းလုပ်ချင်ရတာလဲ"

မြွေခွေးနက် ကြောင်အမ်းအမ်း ဖြစ်သွား၏။

သေသေချာချာ ကြည့်လိုက်တော့မှ စုမာဖုံး အဘယ်ကြောင့် လှမ်းအော်ပြီး သတိတပေးလိုက်ရသည့် အကြောင်းရင်းကို တွေ့မြင်လိုက်ရလေသည်။

ကောင်းကင်သိုင်းသမား ယဉ်ကြိုင်သည် မားကျောက်အား ကာယ်တင်လိုစိတ်ဖြင့် ဝိရှမ်းဆရာတော်ကို ဝိုင်းရံထားသော စည်းဝိုင်းကို ထိုးဖောက်ရန် ဟန်ပြင်နေခြင်း ဖြစ်လေသည်။

စုမာဖုံး ဟန့်တားလိုက်သဖြင့် ယဉ်ကြိုင်လည်း ဆက်၍ မကြိုးစားဝံ့တော့ဘဲ ကိုယ်ရှိန်သတ်လိုက်၏။

မြွေခွေးနက်က ...

"တပည့်ကို သည်လောက်တောင် သံယောဇဉ်ကြီးနေတာကိုး၊ မဆင်မခြင်လုပ်လိုက်ရင် ကိုယ့်ပဲ ခံရမယ်ဆိုတာတောင် မတွေးမိတာ အံ့ပါရဲ့"

နှာခေါင်းရှုံ့ကာ ကဲ့ရဲ့လိုက်၏။

ယဉ်ကြိုင် မကြားချင်ဟန်ဆောင်နေလိုက်သည်။

မားကျောက်ကို ကယ်လိုသဖြင့် မဆင်မခြင် တိုးဝင်လိုက်လျှင် ဝိရှမ်းဆရာတော်တို့နှင့် ထိပ်တိုက်ရင်ဆိုင်ရကာ သူ၏သိုင်းအားမည်သို့ပင် ရှိစေကာမူ နောက်ဆုံး ရှုံးနိမ့်ခြင်းနှင့် ကြုံရမည်ဖြစ်သည်။

ဝိရှမ်းဆရာတော်တို့၏ တစ်ယောက်ချင်း စွမ်းပကား ထက်မြက်ကြရာ စုပေါင်းတိုက်လျှင် အလွန်ပင် ကြောက်မက်ဖွယ်ကောင်းသွားမည်ဖြစ်ပြီး ထိုးဖောက်၍ ရနိုင်တော့မည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မိုက်မိုက်မဲမဲ တိုးဖောက်ဖို့ ကြိုးစားသူသာလျှင် ဒုက္ခရောက်သွားလိမ့်မည် ဖြစ်ပေသည်။

ယဉ်ကြိုင် သတိဝင်ကာ အချိန်မီ ရပ်တန့်နိုင်ခဲ့သော်လည်း သတို့သမီး ရိလုံကား ငယ်ရွယ်သူဖြစ်၍ မှန်သည် မှားသည် မဆင်ခြင်နိုင်ခဲ့ချေ။

"အစ်ကို ...!"

မားကျောက်ထံ ပြေးသွားရန် ကြိုးစားလိုက်လေသည်။

စုမာဖုံးသည် ယဉ်ကြိုင်ကို ဟန့်တားနိုင်ခဲ့ပြီး ရိပ်ခနဲ ပြေးဝင်သွားသည့် ရိချင်းကိုမူ အချိန်မီ တားဆီးနိုင်ခြင်း မရှိခဲ့တော့ပါ။

ဝိရှမ်းဆရာတော်တို့က မားကျောက်အား ဝိုင်းရံစောင့်ရှောက်ထားရာ၌ သည်အတိုင်း ရပ်စောင့်နေကြခြင်း မဟုတ်ပေ။

တစ်ယောက်နှင့်တစ်ယောက် လက်ချင်းချိတ်ထားကြပြီး ကျန်လက်တစ်ဖက်ကို ရင်ဘတ်ရှေ့၌ လက်ဝါးလှန်ထားသည့် ပုံသဏ္ဌာန်ဖြင့် ရပ်နေကြခြင်းဖြစ်သည်။ ငါးယောက်သား အတွင်းအား ချိတ်ဆက်လှည့်ပတ်ကာ အရှိန်အဟုန်ကြီးမားလှသည့် အတွင်းအား စက်ကွင်းကို ဖော်ထုတ်ထားလိုက်ကြခြင်း ဖြစ်သည်။

မည်သူမဆို ...

မားကျောက်အား ကယ်တင်ဖို့ ကြိုးစားတိုးဖောက်မည်ဆိုပါလျှင် ဝိရှမ်းဆရာတော်တို့ ငါးယောက်ပေါင်း စွမ်းပကားနှင့် ရင်ဆိုင်ရမည်သာ ဖြစ်ပါသည်။

သတို့သမီး ရိချင်းသည် ရိလုံ၏ သမီးဖြစ်၍ သိုင်းပညာမဆိုးသော်လည်း ဝိရှမ်းဆရာတော်တို့ကဲ့သို့ ထိပ်သီးသိုင်းသမားကြီးများနှင့် ပြိုင်ဘက်မဟုတ်ချေ။

ထို့ကြောင့် ...



သူမ အမေလာစကြီး ကြိုးစားလိုက်သည်နှင့် ဝိရှမ်းဆရာတော်တို့၏ အတွင်းအားစက်ဝန်းကို ခံနိုင်မည်မဟုတ်ဘဲ အသက်မသေလျှင်ပင် ပြင်းထန်စွာ ဒဏ်ရာရရှိသွားလိမ့်မည် ဖြစ်ပေသည်။

ရိချင်း ကြိုးစားလိမ့်မည်ဟု စုမာဖုံးပင် သတိမထားမိလိုက်သဖြင့် အခြားသူများ သတိထားမိစရာ အကြောင်းမရှိတော့ပေ။

စုမာဖုံးသည် ယဉ်ကြိုင်ကို အာရုံစိုက် တားဆီးလိုက်သည့် တဒင်္ဂအချိန်လေး၌ ဖြစ်ပျက်သွားရာ မည်သို့မျှ မဟန့်တားသာတော့ပါ။

မိုက်မိုက်မဲမဲ တိုးဝင်လိုက်သည့် ရိချင်း ဒုက္ခရောက်ဖို့သာ ရှိတော့သည်။

ထိုစဉ် ...

"ဟူး ..."

အေးစိမ့်သော လေပြင်း ဝှေ့ယမ်းတိုက်ခတ်လာ၏။

အနီရောင် အရိပ်တစ်ခု လှုပ်ရှားသွားသည်ကို အားလုံး ရိပ်ခနဲ တွေ့လိုက်ကြရသည်။

သေးသွယ်သော ရိချင်း၏ ခန္ဓာကိုယ်သည် ထိုအနီရောင်လူရိပ်သဏ္ဌာန်နှင့် ရောထွေးကာ ပျောက်ကွယ်သွား၏။

အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှသဖြင့် အားလုံး မှင်တက်မိကာ တအံ့တသြ ဖြစ်နေကြလေသည်။

စုမာဖုံး ပင့်သက်ရှိုက်မိ၏။

လူတစ်ယောက် အချိန်မီ ရောက်ရှိလာကာ ရိချင်းအား ကယ်တင်သွားကြောင်း သိရှိလိုက်လေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



ညှော်ပရိသတ်အပေါင်း စုံစုံလင်လင် ရှိနေသည့် ခန်းမဆောင်ကြီးအတွင်းသို့ အပ်ကျသံကြားရလောက်အောင်ဝင် တိတ်ဆိတ် ငြိမ်သက်သွားလေသည်။

အားလုံး၏ အကြည့်သည် ခန်းမဆောင်ထဲ တစ္ဆေ သံရဲများပမာ မည်သူမျှ မရိပ်မိအောင် တိတ်တဆိတ် ရောက်လာကြသူ သုံးယောက်ကို တအံ့တဩ ကြည့်နေကြသည်။

ခန်းမဆောင်ထဲသို့ တိုက်ခတ်လာသော လေအေးနှင့်အတူ လူသုံးယောက် လွင့်မျောပါလာသည်ဟု ထင်ရ၏။

တိတ်ဆိတ်စွာ ရောက်လာသူ သုံးယောက်အနက် အလယ်မှလူမှာ အဘိုးအိုဖြစ်ပြီး အနီရောင်ဝတ်ရုံ လွှမ်းခြုံထားလေသည်။

ထိုအဘိုးအို၏ ဝဲယာတစ်ဖက်တစ်ချက်တွင် အဝါရောင်နှင့် အဖြူရောင် ဝတ်ဆင်ထားသူ နှစ်ယောက်ရှိနေ၏။

သူတို့သုံးယောက်အား သေသေချာချာ တွေ့မြင်လိုက်ရလျှင် ဗေဒါဂိုဏ်းမှ ဟန်ရှောင် အထိတ်တလန့် ဖြစ်သွားလေသည်။

"နောက်ဆုံးတော့ သူတို့ ရောက်လာကြပြီကိုး"

ဟုလည်း တီးတိုး ရေရွတ်လိုက်လေသည်။

ထိုလူသုံးယောက်အား ဟန်ရှောင်သာမက အခြားလူများပါ ကောင်းကောင်းကြီး သိထားကြလေသည်။

အလယ်၌ ရပ်နေသော အဘိုးအိုမှာ စုဓာဖုံး မျှော်လင့်စောင့်စားနေသည့် အမိုက်ကျေးရွာပိုင်ရှင် ကိုထင်းဖြစ်နေပါသည်။

ကိုထင်း၏၏ ဝဲယာတစ်ဖက်တစ်ချက်၌ ရပ်နေသူများမှာ ညာလက်ရုံး ဖေယင်နှင့် ဘယ်လက်ရုံး ဟာထိတို့ ဖြစ်သည်။

အမိုက်ကျေးရွာပိုင်ရှင် ကိုထင်းကား လူထူးဆန်းကြီးဟု ထင်ရှားပေသည်။



ကိုထင်းသည် သိုင်းလောကမှ သိုင်းလူဆိုးများအား သူ၏ အမိုက်ကျေးရွာသို့ ဖိတ်ခေါ်ကာ နေစရာ၊ စားစရာပေးပြီး မွေးအောင်ထားခဲ့သည်။

အမိုက်ကျေးရွာ၌ သိုင်းလူဆိုးများ စုရုံးရောက်ရှိနေသည်မှာ ကိုထင်းက သိုင်းလောကအား လွှမ်းမိုးရန် အကြံရှိ၍ အင်အားစုစည်းနေခြင်းဟု သိုင်းလောကသားများ ယူဆကြ၏။

ကိုထင်း၏ အမိုက်ကျေးရွာသည် တစ်ချိန်တွင် ခေါင်းထောင်ကာ သိုင်းလောကကို ဖျက်ဆီးလိမ့်မည်ဟုလည်း ပြောဆိုနေကြ၏။

သိုင်းလောကသားများက ကိုထင်း၏ အမိုက်ကျေးရွာကို မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့ကြလေသည်။

ယခု ...

အမိုက်ကျေးရွာပိုင်ရှင် ကိုထင်းသည် သူ၏ လက်ရုံးနှစ်ဖော်နှင့်အတူ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

အားလုံး၏ မြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့သည့် ရီချင်းမှာ အမိုက်ကျေးရွာပိုင်ရှင် ကိုထင်း၏ လက်ထဲ ရောက်ရှိနေပါသည်။

ယခုမှ ကျောက်ဖြူတောင်ကုန်းပိုင်ရှင် ရီလုံ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ချက်ချင်း ရှေ့တိုးသွားပြီး ဦးညွှတ်လိုက်သည်။

"ကျုပ်ရဲ့ သမီးလေးကို အချိန်မီ တားဆီးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

"ခြော် ..."

ကိုထင်းက ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"လက်စသတ်တော့ ခင်ဗျား သမီးကိုး၊ ဒါနဲ့တောင် ဒီနွတ်ထိုးလုပ်ဝံ့တာ အံ့ဩစရာပဲ၊ ကျုပ် အချိန်မီရောက်လာလို့ပေါ့၊ ဒါမှ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ရင် ဂိုဏ်းချုပ်ကြီးတွေရဲ့ စုပေါင်းအင်အားနဲ့ တိုးပြီး ဒုက္ခရောက်သွားမှာ ပွဲချင်းပြီး မသေရင်တောင် ဒုက္ခိတဖြစ်သွားမှာ သေချာတယ်"

ရီချင်းအား အပြစ်တင်စကား ပြောနေခြင်းမဟုတ်ဘဲ ရီလုံကို အပြစ်တင်နေခြင်း ဖြစ်လေသည်။

ရီလုံသည် သမီးဖြစ်သူကို ကြိုတင်သတိပေး တားဆီးထားရမည် မဟုတ်လား။

ရီလုံ စိတ်မဆိုးနိုင်ပါ။

သူ၏ချို့ယွင်းချက်ဖြစ်သည်ကို ဝန်ခံလိုက်၏။

"ကျုပ်က တစ်ချက်ကလေး သတိလစ်သွားပြီး သမီးကိုလည်း ကြိုတင် သတိပေး တားဆီးမထားခဲ့တာ ကျုပ်အပြစ်ပါဗျာ"

ကို့ထင်းက ...

"အသက်က တစ်ချောင်းပဲရှိတာ၊ နှစ်ခါမှားစေနဲ့ပေါ့ဗျာ။ ကဲ ... ခင်ဗျား သမီး ပြန်ခေါ်ပါ"

သူ၏ ပခုံးတစ်ချက် ကျုံ့သွားသည်ကို တွေ့ရပြီး ရီချင်းမှာ ရီလုံအနီးသို့ ရောက်သွားတော့သည်။

ရီလုံ ကမန်းကတန်း ဆီးကြိုပွေ့ပိုက်ထားလိုက်ရ၏။

တစ်ဖန် ...

"သမီး တော်တော် မိုက်မဲတာပဲကိုး"

ဟုလည်း အပြစ်တင်လိုက်လေသည်။

ရီချင်း၏ မျက်နှာ နီရဲသွား၏။

မျက်ဝန်းအစုံ၌လည်း မျက်ရည်များ ရစ်ဝဲလာကာ ခေါင်းငုံ့ထားလိုက်လေတော့သည်။

❖ ❖ ❖



အမိုက်ကျေးရွာပိုင်ရှင် ကို့ထင်းသည် နာမည်ဆိုးဖြင့် သတင်းကြီးနေသည့်တိုင် ရီချင်း၏ အသက်ကို အချိန်မီ ကယ်တင်ပေးခဲ့သည်မှာ ကျေးဇူးတင်စရာကောင်းနေ၏။

အားလုံးက ကို့ထင်းကို ကျေးဇူးတင်မိနေစဉ် ...

"ဝိုး ..."

ကို့ထင်းက မည်သူမျှ မထင်မှတ်သော လှုပ်ရှားမှုတစ်ခု ပြုလုပ်လိုက်လေသည်။

ညာလက်ကို မြှောက်ကာ လေထဲသို့ ရိုက်ထုတ်လိုက်ခြင်းဖြစ်သည်။

သူနှင့် မျက်နှာချင်းဆိုင်၌နေသော ဝိရှမ်းဆရာတော်အား တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ဝိရှမ်းဆရာတော်လည်း တုံ့ဆိုင်းမနေဘဲ ရင်ဝ၌ ကပ်ထားသော လက်ဝါးကိုရှေ့သို့ဆန့်ထုတ်လိုက်၏။

ကို့ထင်း ရောက်လာကတည်းက အချိန်မရွေး တိုက်ခိုက်လာနိုင်သည်ကို ရိပ်မိကာ သတိထား စောင့်ကြည့်နေခြင်းကြောင့် ကို့ထင်း လှုပ်တစ်ပြက် တိုက်ခိုက်လာသည်နှင့် ချက်ချင်း ခုခံတုံ့ပြန်နိုင်လိုက်ခြင်း ဖြစ်လေသည်။

"ဝုန်း ..."

ပြင်းထန်သော လေပွေလှိုင်းနှစ်ခုသည် လေထဲ၌ ဆုံတွေ့မိလိုက်ပြီး ခန်းမဆောင်ကြီးတစ်ခုလုံး သိမ့်သိမ့်တုန်သွားသည်ဟုပင် ထင်မှတ်လိုက်ရပေသည်။

အမှန်တော့ ကို့ထင်းက ဝိရှမ်းဆရာတော်တို့၏ စုပေါင်းစွမ်းပကား မည်သို့အခြေအနေရှိသည်ကို စမ်းသပ်ကြည့်လိုက်ခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ် စမ်းသပ်ပြီး ဆက်၍ လှုပ်ရှားဖို့ မစဉ်းစားဘဲ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"မဆိုးပါဘူး၊ ဒါပေမယ့် မားကျောက်ကို ကာကွယ်ဖို့ ဆရာတော်တို့ ငါးယောက်ရဲ့ အင်အားနဲ့ လုံလောက်ပါ့မလား၊ လုံလောက်တယ် ထင်နေရင်တော့ ကိုယ့်ကိုယ်ကို အထင်ကြီးနေကြတာပဲ ဖြစ်မယ်လို့ ပြောပါရစေ"

ဝိရှမ်းဆရာတော်ကလည်း အားကျမခံ ပြန်ပြောလိုက်၏။

"ဗကာကြီးကတော့ တစ်ယောက်တည်းနဲ့ လုယူနိုင်ပါ့မလား၊ နောက်ဆုံး လုယူနိုင်တယ်ထားဦး၊ တန်ဖိုးကြီးကြီး ပေးဆပ်ခဲ့ရမယ်ဆိုတာ နားလည်သင့်ပါတယ်"

ကို့ထင်း မဲ့ပြုံး ပြုံးလိုက်လေသည်။

"မားကျောက်လို ဘာမဟုတ်တဲ့ လူတစ်ယောက်ကို ထိပ်သီးသိုင်းအကျော်အမော်ကြီးတွေ ဝိုင်းပြီး စောင့်ရှောက်နေကြတာ အမြင်မတော် ဆင်ကော်နဲ့ ခလောက် ဆိုတာမျိုး ဖြစ်နေပါပြီလေ၊ ဆရာတော်တို့ ကိုယ့်သိက္ခာကိုယ် နည်းနည်းလေးမှ မထိန်းကြတော့ဘူးလား"

ဝိရှမ်းဆရာတော်တို့လူစု စုဏ်သိက္ခာကို ဦးစားပေးမည်ဆိုလျှင် ငါးယောက် စုဝေးနေ၍ မဖြစ်တော့ဘဲ လူချင်းခွဲကာ သီးခြားရပ်တည်ရတော့မည်ဖြစ်သည်။

ကို့ထင်းက ရိုးရိုးရှင်းရှင်းလေး ပြောကာ ဝိရှမ်းဆရာတော်တို့အား လူချင်းခွဲလိုက်ခြင်း ဖြစ်သည်။

စုမာဖုံးသည် ကို့ထင်း၏ စကားကို ဝိရှမ်းဆရာတော်တို့ နားယောင်သွားမည်ကို စိုးရိမ်သွားသည်။

သို့သော် ...



ဝိရှမ်းဆရာတော်တို့ တုံ့ပြန်ခြင်းမရှိမီ ကို့ထင်း အာရုံပြောင်းသွားလေသည်။

သူ၏ ပဉ္စလက်ဆန်သော မျက်လုံးများက မလှမ်းမကမ်း၌ ရပ်နေသော မြေခွေးနက်ကြီးအား တွေ့မြင်သွားလေသည်။

"ဩော် ... ခင်ဗျားလည်း သည်နေရာမှာ ရောက်နေတာကိုး၊ ဒါဆိုရင်တော့ အရေးကြီးတဲ့ ကိစ္စတစ်ခုခု ပေါ်ပေါက်နေလို့ပဲ ဖြစ်ရမယ်"

ကင်းဆိပ်မားနှင့် ပတ်သက်ပြီး သိုင်းလောကသားများ စုရုံးရောက်ရှိနေကြောင်း မသိ၍လော၊ သို့မဟုတ် သိလျက်နှင့် တမင်မသိဟန်ဆောင်ကာ မေးလိုက်ခြင်းလော မည်သူမျှ အတတ်မပြောနိုင်ချေ။ ကာယကံရှင် ကို့ထင်းသာလျှင် အသိဆုံးဖြစ်ပေမည်။

မြေခွေးကြီးက ...

"အမိုက်ကျေးရွာက ရောက်လာလိမ့်မယ်ဆိုတာ အစောကြီးက သတင်းကြီးနေတာပဲ၊ ဒါပေမယ့် ခင်ဗျားကိုယ်တိုင် ရောက်လာပါ့မလားလို့ သံသယဖြစ်ခဲ့တာ၊ ခုတော့ အင်နဲ့အားနဲ့ ကိုယ်တိုင်ခေါင်းဆောင်ပြီး ရောက်လာတော့တာပဲကိုး"

ကို့ထင်း၏ လက်ရုံးနှစ်ယောက် ပါလာသည်ကို ရည်ရွယ်ကာ ပြောလိုက်ခြင်းဖြစ်သည်။

ကို့ထင်း၏ လက်ရုံးနှစ်လက်ဖြစ်သော ညာလက်ရုံး ဖေ့ယင်နှင့် ဘယ်လက်ရုံး ဟထိတို့သည် သိုင်းအဆင့်မြင့်မားပြီး နာမည်ရှိသူများ ဖြစ်လေသည်။

သူတို့နှစ်ယောက်၏ သိုင်းစွမ်းသည် အမိုက်ကျေးရွာပိုင်ရှင် ကို့ထင်းအား ကောင်းစွာ အထောက်အကူပေးစွမ်းနိုင်လေသည်။

ကို့ထင်း ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မလာလို့လည်း မဖြစ်ဘူးမဟုတ်လား၊ ကျုပ် ရောက်မလာခဲ့ရင် သည်ကနေ့ဟာ ခင်ဗျားအတွက် မျှော်လင့်ချက်အရှိဆုံးနေ့ ဖြစ်သွားမှာပေါ့၊ ကဲ ... ပြောတာမှားနေသလား"

မြေခွေးနက်က ...

"ခင်ဗျားက လေဟုန်စီး ဗွန်ရဲ လုံယွင်နဲ့ မြေခောင်းသက်ပြတ်မား ချိန်ပုတ်ကိုကော ထည့်မတွက်တော့ဘူးလား"

ကို့ထင်း အံ့သြသွားပုံဖြင့် ...

"သည်လိုလား ... သူတို့ ရောက်နေကြသတဲ့လား"

ပြောရင်း ဟိုဟိုသည်သည် ကြည့်ကာ လုံယွမ်နဲ့ ချိန်ဟုတ်ကိုယခုမှ တွေ့မြင်သွားပုံဖြင့် လှမ်းပြီးနှုတ်ဆက်လိုက်လေသည်။

"မိတ်ဆွေကြီးတို့ နှစ်ယောက်လည်း ရောက်နေကြတာ ကျန်းကျန်းမာမာပဲနော်"

ချိန်ဟုတ်က ...

"အချင်းချင်းတွေ အကြောင်းသိပြီးသားပါဗျာ၊ အခုမှ တွေ့မြင်ချန်ဟန် မနေစမ်းပါနဲ့"

လုံယွမ်ကလည်း

"ကျုပ်တို့ ခင်ဗျားကို စောင့်နေရတာ လည်ပင်းတောင် ရှည်နေပြီ၊ ကဲ ... ခင်ဗျား ရောက်လာပြီဆိုတော့ မေးစရာရှိတာ မေးရတော့မယ်၊ ခင်ဗျား အမှန်အတိုင်း ဖြေမှာလား"

ကို့ထင်းက ...

"လက်စသတ်တော့ ကျုပ်ကို စောင့်မျှော်နေကြတာကိုး၊ ခင်ဗျားက ဘာတွေသိချင်လို့ ဘာတွေ မေးမှာလဲဗျာ၊ ကျုပ်တို့ကခုမှ သိကျွမ်းကြတာ မဟုတ်တာ၊ ကျုပ်သိတာရှိရင် ဖြေနိုင်တာရှိရင် မပြောဘဲ မဖြေဘဲမနေပါဘူးလေ"



တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသည့် စုမာဖုံး သဘောကျစွာ ပြုံးလိုက်မိလေသည်။

အမှောင်ကျေးရွာပိုင်ရှင် ကို့ထင်းသည် သိုင်းပညာမခေသည့်အပြင် စကားပြောဆိုရာ၌လည်း အဲလွှန်ပါးနပ်ပြီး ပရိယာယ် ကြွယ်လှသည် မဟုတ်ပါလား။

လုံယွမ်က ...

"ခင်ဗျားရဲ့ စကားကြားရတာ ဝမ်းသာပါတယ်ဗျာ၊ ကျုပ်မေးချင်တာ တခြားမဟုတ်ပါဘူး၊ ကျော်ကြားနေတဲ့ ကင်းဆိပ်ဓားဟာ မားကျောက် လက်ထဲမှာ ရောက်နေတယ်လို့သတင်းကြားတယ်၊ ခင်ဗျားကော ဘယ်လိုကြားမိသလဲ၊ သည်ကိစ္စကို ဘယ်လိုထင်မိသလဲ ပြောပါဦး"

ကို့ထင်းက ...

"ဘာများလဲလို့ဗျာ၊ မေးမယ့် မေးတော့ ဘာမှလည်း မဟုတ်ပါလား၊ သည်မေးခွန်း ကာယကံရှင် မားကျောက်ကို မေးကြည့်လိုက်ရင် ပြီးတာပဲ မဟုတ်လား"

မားကျောက်နှင့် ပတ်သက်လာပြီဖြစ်ရာ ယဉ်ကြိုင်နှင့် ရိုလုံတို့မျက်နှာပျက်သွားကြသည်။ ထိုစဉ် လုံယွင်က ...

"ကျုပ် မေးပြီးပါပြီ ကင်းဆိပ်ဓားကို သူကိုယ်တိုင် သူ့ကိုခဏငှားရမ်းလိုက်တာလို့ ပြောပါတယ်"

ကို့ထင်း ရောက်လာတော့မှ အမှန်စကားများ ထွက်ပေါ်လာလေသည်။

ကင်းဆိပ်ဓားကို မားကျောက် ရရှိထားကြောင်း အတိအလင်းပေါ်ပေါက်လာတော့သည်။

ကို့ထင်းက အလွန် အံ့သြသွားဟန်ဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"သည်လောက်ကြီးကျယ်တဲ့ ဓားတစ်လက်ကို ဘာမဟုတ်တဲ့ မားဂေဟာရှင်လက်ထဲ ငှားရမ်းလိုက်တာ ဘယ်သူများလဲ၊ ဒီလူ သဘောကောင်းလိုက်တာ အံ့ပါ့ဗျာ"

လုံယွမ်က ...

"ဘယ်သူရှိမလဲ၊ ခင်ဗျားပေါ့ဗျာ ..."

"ဪ ..."

လုံယွမ်သည် ရှင်းရှင်းဘွင်းဘွင်း ပြောချလိုက်၏။

သူပြောသည့် စကားကို သူတာဝန်ယူသည့် သဘောရှိသည်။

အနိုင်အမာ စွပ်စွဲလိုက်ခြင်းလည်း ဖြစ်သည်။

လုံယွမ်က ပြတ်သားသဖြင့် ကို့ထင်းကိုယ်တိုင် ရုတ်တရက် မည်သို့ပြောရမှန်းမသိအောင် ဖြစ်သွား၏။

တစ်ခဏကြာမှ ...

"နေပါဦး ... မားကျောက် ပြောတိုင်း ခင်ဗျား ယုံတာပဲလား" ဟု ပြန်လည် မေးခွန်းထုတ်လိုက်လေသည်။

လုံယွမ်သည် ကင်းဆိပ်ဓားနှင့် ပတ်သက်၍ အရှုပ်ကို ရှင်းနိုင်မည့် အစတစ်စကို ဆုပ်ကိုင်မိလိုက်ပြီဟု နားလည်ကျေနပ်စွာ ရယ်မောလိုက်လေတော့သည်။

"ဟဲ ... ဟဲ ... ယုံတာပေါ့ဗျာ၊ ကျုပ်တစ်ယောက်တည်း မဟုတ်ပါဘူး၊ သည်ခန်းမဆောင်ထဲမှာ ရောက်နေတဲ့ လူအားလုံး ယုံနေကြပါတယ်ဗျာ"

"ဪ ..."

ကို့ထင်းက ခန်းမဆောင်ထဲ၌ ရှိနေသူများအား တစ်ဦးချင်း သေသေချာချာ အကဲခတ်ကြည့်လိုက်လေသည်။

ရုတ်တရက် ...



စုမာဖုံးအား တွေ့မြင်သွားလျှင် မျက်မှောင်ကြုတ်သွားသကဲ့သို့ ထူးခြားသည့် အရိပ်အရောင်များဖြစ်ပေါ်လာ၏။

ခန်းမဆောင်အတွင်း၌ ထိပ်သီး သိုင်းအကျော်အမော်များ ရောက်ရှိနေကြသဖြင့် အရှိန်အဝါဖြင့် ထည်ဝါနေ၏။

သို့သော် ...

စုမာဖုံးကဲ့သို့ လူငယ်လေးတစ်ယောက်မှာ အားလုံးထက်ပို၍ ထူးခြားထည်ဝါနေသည်ဟု သတိပြုမိလိုက်ခြင်း ဖြစ်ပါသည်။

စုမာဖုံးသည် အားလုံးနှင့်အတူ တစ်မူထူးခြားသူ ဖြစ်နေပါသည်။

ကို့ထင်းက လုံယွမ်ဘက်သို့ ပြန်လှည့်လိုက်သည်။

"ခင်ဗျား ယုံကြည်နေရင် ကျုပ်လည်း မပြောလို့မဖြစ်တော့ဘူးပေါ့၊ ခုလို အခြေအနေရောက်လာမှ ကျုပ် မငြင်းတော့ပါဘူးဗျာ"

ဤတွင် ခန်းမဆောင်ထဲ ရောက်ရှိနေသူအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

ဗိုရှမ်းဆရာတော်တို့ လူစုသည် စုမာဖုံးအား ချီးကျူးသော အကြည့်ဖြင့် လှမ်းကြည့်ကြလေသည်။

စုမာဖုံး ပြောသည့် စကားများ သွေးထွက်အောင် မှန်ကန်နေပြီ မဟုတ်ပါလား။

လုံယွမ် ချီးကျူးလိုက်သည်။

"ခင်ဗျား ခုလို အမှန်အတိုင်း ဝန်ခံရဲတာကို ချီးကျူးပါတယ်ဗျာ၊ ချီးကျူးပါတယ်"

ကို့ထင်းက ရင်ကော့ပြီး ပြော၏။

"ကျုပ် တစ်သက်မှာ မကောင်းတဲ့ ကိစ္စတွေ အများကြီး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖူးတယ်၊ ကောင်းတဲ့ကိစ္စတွေလည်း လုပ်ဖူးတယ်၊ အခု ကင်းဆိပ်ဓားကို ကျုပ်ကပဲ မားကျောက်ကို ငှားရမ်းလိုက်တယ်လို့ အားလုံး ထင်နေကြတယ်၊ ဘယ်လောက်ဆိုးဝါးတဲ့ ကိစ္စကြီးလဲ၊ ကျုပ်က ငြင်းဖို့ ရှိဦးမလား၊ ကောင်းပြီ ကျုပ် ငှားလိုက်တယ်ဆိုရင်ကော ခင်ဗျားတို့ ဘာလုပ်ချင်ကြမလဲ”

အားလုံး မကျေမနပ် ဖြစ်သွားကြ၏။

ကိုထင်းက မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ စိန်ခေါ်နေခြင်းဟု ခံယူကာ ခံပြင်းသွားကြလေသည်။

စုမာဖုံးကား ခြွင်းချက်ဖြစ်သည်။

စုမာဖုံးသည် ကိုထင်း၏ စကားကို နားထောင်ရင်း ထူးခြားချက်တစ်ခုခု ရှိနေကြောင်း သတိပြုမိလိုက်လေသည်။

ကင်းဆိပ်ဓားသည် ကိုထင်းနှင့် ပတ်သက်နေခြင်းက အမှန်ပင် ဖြစ်နိုင်သည်။

ကိုထင်းက မားကျောက်အား ငှားရမ်းလိုက်သည် ဆိုခြင်းက သဘောမကျချေ။

ကိုထင်းမှာ မားကျောက်အား ဖုတ်လေသည့်ငပိ ရှိသည်ဟုပင် သဘောထားလိမ့်မည် မဟုတ်ပေ။

ကိုထင်းထံမှ တစ်စုံတစ်ယောက် ရရှိသွားပေမည်။

ထိုလူငယ် လက်ထဲမှ တစ်ဆင့် မားကျောက်ရသွားဟန်တူ၏။

ကင်းဆိပ်ဓားကို ရပြီးမှ လက်လွှတ်ခဲ့ရသဖြင့် ကိုထင်း ဒေါသထွက်နေပုံရှိသည်။

ယခုလည်း ထိုကိစ္စကို ဖြေရှင်းဖို့ ရောက်လာခြင်း ဖြစ်နိုင်၏။

လုံယွမ်၏ အမေးစကားကြောင့် တမင်အရွဲ့တိုက်ကာ အဖြေပေးလိုက်ခြင်း ဖြစ်ရမည်ဟု စုမာဖုံး တွေးတောနေမိလေတော့သည်။



ကိုထင်းက အရွဲ့တိုက် ပြောလိုက်သဖြင့် အခြေအနေ ပို၍ တင်းမာသွားသည်။

ကိုထင်းက ဘာလုပ်ချင်သလဲဆိုရင် ယင်းသိုင်းလောကသားများက တိုက်ခိုက်ကြလိမ့်မည်သာ ဖြစ်လေသည်။

ခန်းမဆောင်ထဲ၌ တကယ့် သွေးထွက်သံယို တိုက်ပွဲကြီး ပေါ်ပေါက်လာဖို့ လက်မတင်လေး လိုတော့သည်။

ကိုထင်း၏ ဘယ်လက်ရုံးနှင့် ညာလက်ရုံးတို့လည်း လှုပ်လှုပ်ရှားရှား ဖြစ်လာကြလေသည်။

ညာလက်ရုံး ဖေ့ယင်က အေးတိအေးစက် ပြောသည်။

“အစ်ကိုကြီး ... သည်ကနေ့တော့ ပါးစပ်နဲ့ ဖြေရှင်းလို့ မရတော့ဘူး၊ ဘာပဲဖြစ်ဖြစ် ကင်းဆိပ်ဓားအကြောင်း စုံစမ်းဖော်ထုတ်ဖို့ လာခဲ့ကြာဆိုတော့ အဖြေမရဘဲ နောက်ဆုတ်လို့ မရဘူး၊ သိုင်းလောကသားတွေနဲ့ ထိပ်တိုက်ရင်ဆိုင်ရတော့မှာပါပဲ”

ညာလက်ရုံး ဖေ့ယင်သည် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သူ တစ်ဦး ဖြစ်ပါသည်။

သိုင်းလောက၌ ထင်လို ဆိုးသွမ်းသောင်းကျန်းခဲ့ပြီး သူ့အမည်ကို ကြားသည်နှင့် ဖိန့်ဖိန့်တုန်အောင် ကြောက်လန့်ခဲ့ရသည် နောက်ပိုင်းတွင် ဖေ့ယင်သည် သိုင်းလောကမှ ထူးထူးဆန်းဆန်း ပျောက်ကွယ်သွားပြီး သတင်းမကြားရတော့ပါ။

ယခုမှ ...

အမိုက်ကျေးဖုသို့ ရောက်ရှိကာ ကိုထင်း၏ ညာလက်ရုံးအဖြစ် ပြန်လည်တွေ့မြင်လိုက်ရခြင်း ဖြစ်လေသည်။

ဖေ့ယင်သည် ကိုထင်းနှင့် ဆွေမျိုးသားချင်း တော်စပ်သူ တစ်ယောက်လည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုထင်းနှင့် ဖေယင်းတို့သည် ဆရာတပည့် သဘောမျိုးမဟုတ်ဘဲ ညီအစ်ကိုများပမာ ဆက်ဆံကြလေသည်။

ကိုထင်း ဖျောင်းဖျလိုက်သည်။

“ညီလေး ဖေယင်း ... အတတ်နိုင်ဆုံးစိတ်ကို ထိန်းထားစမ်းပါ၊ ကင်းဆိပ်ဓားကိစ္စက မပြီးပြတ်သေးဘူး၊ သိုင်းလောကသားတွေနဲ့ ထပ်ပြီး ရန်ငြိုးဖွဲ့ရရင် ခက်မယ်၊ ကျုပ်တို့ အမိုက်ကျေးရွာ ဘယ်လိုသဘောထားရှိတယ်ဆိုတာ ညီလေး သိပြီးသားပဲ မဟုတ်လား”

ဖေယင်း သက်ပြင်းချကာ ဘာမှ မပြောဘဲ နေလိုက်လေတော့သည်။

ကိုထင်းက မြွေခွေးနက်ကို လှမ်းမေးလိုက်သည်။

“ခင်ဗျားကော ကင်းဆိပ်ဓားအတွက် လာခဲ့တာပဲလား”

မြွေခွေးနက်သည် စုမာဖုံး သတိပေးထားသဖြင့် မားကျောက်ကို ဝိရှမ်းဆရာတော်တို့လက်သို့ အပ်ကာ ယခုအခါ လွတ်လွတ်သဘော်လပ် ရှိနေပြီဖြစ်သည်။

ထို့ကြောင့် ကိုထင်းနှင့် ရင်ဆိုင်ရမည်ဆိုလျှင်လည်း ဝန်ပင် မလေးတော့ချေ။

ကိုထင်း မေးလျှင် ပမာမခန့် ပြန်ပြောလိုက်လေသည်။

“သိပ်မှန်တာပေါ့ဗျာ၊ ကင်းဆိပ်ဓားကို ရယူဖို့ထက် အဓိက ကျတာ ဘာမှမရှိတော့ဘူး၊ ကင်းဆိပ်ဓားအတွက် ကျုပ်လာခဲ့တာပဲ”

ကိုထင်း ခေါင်းညိတ်လိုက်သည်။

“ယုံပါတယ်ဗျာ၊ တခြားကိစ္စနဲ့ ဆိုင်ရင် ခင်ဗျား သိုင်းလောကထဲ ထွက်လာဦးမှာမဟုတ်ပါဘူး၊ ကင်းဆိပ်ဓားကြောင့် ဘယ်လိုမှ မနေနိုင်တော့ဘဲ ထွက်လာခဲ့တယ်ဆိုတာ ယုံပါတယ်”



စုမာဖုံးအား ညွှန်ပြလိုက်သည်။

“သည်သူငယ်လေးကကော ခင်ဗျားနဲ့အတူ ပါလာခဲ့တာလားဗျ”

မြွေခွေးနက် ခေါင်းခါယမ်းလိုက်သည်။

“ဒါတော့ မဟုတ်ဘူးဗျ”

“ဪ ...”

“ကျုပ်က စောစောကမှ ရောက်တာ၊ ခင်ဗျားနဲ့ မကွာဘူး၊ ရှေ့ဆင့်နောက်ဆင့်ပဲ၊ သူက ရောက်နေတာကြာပြီ၊ ကျန်ထက်စောတယ်၊ ကျုပ်တောင် သူ့ရဲ့နာမည်ကို စောစောကမှ သိရတာ”

“ဪ ...”

ကိုထင်း ခေါင်းညိတ်လိုက်သည်။

“သူ့နာမည်ကို သိရပြီဆိုတော့ သူ့ရဲ့ ဇစ်မြစ်ကော သိပြီးလားဗျ”

စုမာဖုံး၏ အကြောင်းကို မြွေခွေးနက်ထံမှတစ်ဆင့် စုံစမ်းနေခြင်း ဖြစ်လေသည်။

စုမာဖုံးမှာ ပါရမီရှင်လူငယ်တစ်ယောက် ဖြစ်လေသည်။ မည်သူမဆို သူ့အား တွေ့မြင်လိုက်သည်နှင့် စိတ်ဝင်စားသွားလိမ့်မည် မဟုတ်ပါလား။

မြွေခွေးနက် ခေါင်းခါယမ်းလိုက်သည်။

“သည်ကောင်လေးဟာ စိတ်ဝင်စားစရာ ကောင်းတယ်ဆိုတာ ကျုပ်သိပါတယ်၊ ဒါပေမယ့် ကင်းဆိပ်ဓားကို ကျုပ်က ပိုပြီး အဓိကထားတော့ သူ့အကြောင်း မစုံစမ်းရသေးဘူး၊ ခင်ဗျား သိချင်ရင်တော့ ချိန်ဟုယ်နဲ့ လုံယွမ်ကို မေးကြည့်ပါလား၊ သူတို့ချင်း ရင်းရင်းနှီးနှီး ရှိနေကြတာ မြင်တဲ့အတိုင်းပဲ”

www.burmeseclassic.com

www.burmeseclassic.com



ကိုထင်း၏ အကြည့်က ချိန်ဟုတ်ထံသို့ ရောက်သွား၏။

"ဆရာချိန်ဟုတ် သူက ဘယ်သူ့တပည့်လဲဗျ၊ ခင်ဗျား သိတယ်မဟုတ်လား"

မြေစောင်းသက်ပြတ်မား ချိန်ဟုတ်က မြေခွေးနက်ကို တစ်ချက် စောင်းငဲ့ကြည့်ရင်းမှ သဘောကျစွာ ပြုံးရင်း အဖြေပေးလိုက်သည်။

"သူ့ကို သတိပြုမိတာ စိတ်ဝင်စားတာ ခင်ဗျား မမှားပါဘူး၊ ဘာကြောင့်လဲဆိုတော့ သူဟာ မြေခွေးနက်ကြီးရဲ့ မဟာရန်ဘက်ဖြစ်တဲ့ လောကပါလ သိုင်းသမားကြီး ပိုင်စုရှောင်ရဲ့ တစ်ဦးတည်းသော တပည့်ဖြစ်နေလို့ပါပဲ"

သူ၏စကားအဆုံးတွင် ...

"ဟာ ..."

မြေခွေးနက် လွှတ်ခနဲ ရေရွတ်လိုက်၏။

နောက်သို့လည်း ခြေတစ်လှမ်း ဆုတ်သွား၏။

စုမာဖုံးအား မမြင်ဖူးသူသာ ရှိမည်၊ မကြားဖူးသူ မရှိပေ။

မြေခွေးနက်ကော ကိုထင်းပါ စုမာဖုံး အမည်ကို နားမဆန့်အောင် ကြားသိထားပြီး ဖြစ်လေသည်။

"လက်စသတ်တော့ သိုင်းလောကမှာ သတင်းကြီးနေတဲ့ လူငယ်သိုင်းသမား နှစ်ယောက်က လောကပါလသိုင်းဆရာကြီး ပိုင်စုရှောင်ရဲ့ တစ်ဦးတည်းသော တပည့်ဖြစ်နေနေတာကိုး၊ နန်းတွင်းကတောင် အားထားနေရတဲ့ ပါရမီရှင် လူငယ်လေး စုမာဖုံး သည် နေရာမှာ ရောက်နေမယ်လို့ ကျုပ်ဖြင့် ထင်မတောင်မထင်မိခဲ့ဘူး"

ကိုထင်း သက်ပြင်းတစ်ချက်ချပြီး သူ၏စကားကို ဆက်လိုက်သည်။



"အင်းလေ ... ကင်းဆိပ်မားက သည်လောက် နာမည်ကြီးနေတော့လည်း သိုင်းလောကအရေးကို မျှော်တွေးပြီး ရောက်လာရတော့မှာပေါ့၊ ကင်းဆိပ်မားကြောင့် သိုင်းလောကမှာ ပြဿနာတွေ မပေါ်ပေါက်လာရလေအောင် တားဆီးကာကွယ်သွားဖို့ ဝတ္တရားရှိနေတာပဲ"

စုမာဖုံး ပြုံးမိသည်။

ကိုထင်းနှင့် ပတ်သက်ပြီး ထူးခြားမှုတစ်ခု ရှိနေသည်ဟု သူ တွေးမိခဲ့သည်မှာ မှန်နေပြီဖြစ်ရာ ကျေနပ်သွားခြင်းဖြစ်သည်။

ထိုထူးခြားချက်မှာ မည်သို့ဖြစ်ကြောင်း ရိပ်မိလိုက်သော်လည်း ကိုထင်းကိုယ်တိုင် ထုတ်ဖော်လာသည်အထိ စောင့်ဆိုင်းလိုက်မည်ဟု ဆုံးဖြတ်လိုက်၏။ ကိုထင်းက စုမာဖုံးကို ချီးကျူးနေသော်လည်း မြေခွေးနက်ကြီးက ကြည့်မရအောင် ဘဝင်မကျဖြစ်နေ၏။

မရှုမလှ ရှုံးနိမ့်ခဲ့သော မဟာရန်သူတော်ကြီး၏ တပည့်ရှေ့တွင် နေရ ထိုင်ရသည်မှာ ခွကျနေပါတော့သည်။

ကိုထင်းကပင် စုမာဖုံးအား စတင်နှုတ်ဆက်လိုက်၏။

"မောင်ရင်လေးဟာ ဆရာကြီး ပိုင်မုရှောင်ရဲ့ တပည့်ဖြစ်နေတာကိုး၊ တွေ့ရတာ ဝမ်းသာပါတယ်ကွယ်"

စုမာဖုံးကလည်း ပြန်လည်၍ ဦးညွှတ်လိုက်၏။

"ဟုတ်ကဲ့ ... ဆရာကြီးနဲ့ မမျှော်လင့်ဘဲ ဆုံဆည်းမိရတာကို ကျွန်တော်လည်း ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်ရပါတယ် ခင်ဗျား"

ဝိရှမ်းဆရာတော်တို့ လူစုနှင့် အခြားသိုင်းလောကသားများသည် ကြောက်မက်ဖွယ်ကောင်းလှသော အမိုက်ကျေးရွာပိုင်ရှင် ကိုထင်းနှင့် စုမာဖုံးတို့ မိတ်ဆွေသဘောဆောင်သည့် ဆက်ဆံပုံကြောင့် အံ့သြဖြစ်သွားကြလေသည်။

ကိုထင်း ရောက်လာလျှင် တကယ့် ရန်သူကြီးများပမာ ပြင်း

www.burmeseclassic.com

www.burmeseclassic.com



ထန်စွာ တိုက်ခိုက်ရတော့မည်ဟု အားလုံး ယုံကြည်ထားကြသည် မဟုတ်လား။

နာမည်ဆိုးနေသော ကိုထင်းအား စုမာဖုံးက ကောင်းမွန်စွာ ဆက်ဆံနေခြင်းကို အမိက နားမလည်နိုင်အောင် ဖြစ်နေကြသည်။

ကိုထင်းက ...

"ဆရာကြီးကော ကျန်းကျန်းမာမာပဲ မဟုတ်လား"

စုမာဖုံးက ...

"ဟုတ်ကဲ့ ... ကျန်းမာပါတယ် ခင်ဗျာ"

ကိုထင်းက ...

"ဒါထက် မိတ်ဆွေလေးက ကင်းဆိပ်ဓားအကြောင်း စုံစမ်းဖို့ ရောက်လာတာ ထင်ပါရဲ့"

စုမာဖုံး တည်ကြည်သော မျက်နှာထားဖြင့် ပြော၏။

"မှန်ပါတယ်ခင်ဗျား၊ ကင်းဆိပ်ဓားအကြောင်း စုံစမ်းဖို့ ရောက်လာတာပါ၊ ဆရာကြီးအနေနဲ့ ဓားကျော့က်ကို ဓားငှားလိုက်တာ မဟုတ်ရင် တခြား ဘယ်လိုအကြောင်းများ ရှိနေသလဲဆိုတာ ပြောပြစေချင်ပါတယ်၊ အမှန်ကို မသိရတော့ ရင်ထဲ မရှင်းလင်းဘဲ အထင်လွဲနေမှာ စိုးရိမ်မိလို့ပါ ခင်ဗျာ"

သူတို့နှစ်ယောက် ပြောနေကြသော စကားများ အဓိပ္ပာယ်ရှိနေသည်။

သို့သော် ...

သိမ်မွေ့နက်နဲသော အသွင်ဆောင်နေခြင်းကြောင့် မည်သူမျှ ရှင်းရှင်းလင်းလင်း နားမလည်နိုင်ကြချေ။

ကိုထင်း တွေဝေသွားလေသည်။

အတန်ကြာအောင် စဉ်းစားလိုက်ပြီးမှ ...



"အင်း ... မောင်ရင့်နေရာမှာ တခြားတစ်ယောက်ဆိုရင် ကျုပ် အမှုထားမှာမဟုတ်ပါဘူး၊ မောင်ရင်လေးက မေးလာပြီဆိုတော့လည်း ဘယ်နည်းဘယ်ပုံ ဖြစ်ပျက်ခဲ့ရတယ်ဆိုတာ ကျုပ် ရှင်းပြပါ့မယ်၊ ဒါပေမယ့် စိတ်ရှည်ရှည်ထားစေချင်တယ်ကွယ့်"

"ကောင်းပါပြီ ခင်ဗျာ"

စုမာဖုံး သဘောတူလိုက်လေသည်။

မြေခွေးနက်ကဲ့သို့ပင် သိုင်းလောက၌ မည်သူ့ကိုမျှ အမှုမထားခဲ့သည့် အမိုက်ကျေးရွာပိုင်ရှင်မှာ စုမာဖုံးအပေါ် သဘောကောင်းနေ၏။

အဘယ့်ကြောင့်ပါနည်း။

ကိုထင်း၏ မျက်လုံးများ ရီဝေလာလေသည်။

"ကျုပ်အကြောင်းကို မောင်ရင် ကြားဖူးမှာပါ၊ ကျုပ်ဟာ သိုင်းလောကမှာ ထင်တိုင်းကျဲခဲ့ကာ ကျုပ်လက်ချက်ကြောင့် ဒုက္ခရောက်ခဲ့ရသူတွေ ရေတွက်လို့တောင် ရနိုင်မယ်မထင်ဘူး"

စုမာဖုံး ပြုံးနေ၏။

ကိုထင်းက ...

"ကျုပ် ဘယ်လောက်တောင် ဆိုးဝါးခဲ့သလဲဆိုရင် သိုင်းလောကတစ်ခုလုံးက ကျုပ်ကို သုတ်သင်ရှင်းလင်းပစ်ဖို့ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြတဲ့အထိပဲ၊ ဒါကြောင့်လည်း နန့်ရဲတောင်မှာ ကျုပ် အခက်တွေ့ခဲ့တာပေါ့"

နန့်ရဲတောင်သည် ထိုက်စန်းတောင်တန်း၌ ပါဝင်သော တောင်တစ်လုံးဖြစ်ပြီး အလွန်သာယာလှပသည့် ရှုမျှော်ခင်းများ ရှိသဖြင့် ထင်ရှားကျော်ကြားလေသည်။

ကိုထင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"နန့်ရဲတောင်မှာ မမျှော်လင့်ဘဲ သိုင်းသမား နှစ်ယောက်နဲ့ ကျုပ် ရင်ဆိုင်တွေ့ခဲ့ရတယ်၊ သူတို့က ကျုပ်ကို ဆုံးမဖို့ ကြိုးစားတော့ ကျုပ်လည်း အညှုံမခံဘဲ ပြန်ပြီး ရင်ဆိုင်ခဲ့တာပေါ့၊ တစ်ယောက်ချင်း ဆိုရင် ကျုပ်မမှုပါဘူး၊ ခုတော့ နှစ်ယောက် တစ်ယောက် ဖြစ်နေတယ်၊ ကျုပ် ဘယ်လောက်ပဲ ကြိုးစားခဲ့ပေမယ့် နောက်ဆုံး မယှဉ်နိုင်ဘဲ အရေးနိမ့်ရတာ"

ကိုထင်းအား ဆုံးမနိုင်သည့် သိုင်းသမားများ ရှိနေသေးသဖြင့် အားလုံး ဝမ်းသာမိကြလေသည်။

ထိုဆုံးမနိုင်သူများမှာ ရာမရှား သိုင်းသမားများ ဖြစ်ရမည်ဟု မပြောဘဲ ရိပ်မိကြ၏။

မည်သူမည်ဝါ ဖြစ်သည်ကိုလည်း စိတ်ဝင်စားလာကြ၏။

ကိုထင်းက ...

"သူတို့နှစ်ယောက်က ကျုပ်ကို အနိုင်ယူနိုင်ခဲ့လို့ သတ်ပစ်ကြမယ်ဆိုရင် ကျုပ် မမှုပါဘူး၊ သူတို့က ကျုပ်ရဲ့ သွေးကြောတွေနဲ့ သိုင်းပညာကို ဖျက်ဆီးဖို့လုပ်ကြတော့ ကျုပ် အတော့်ကို ကြောက်လန့်သွားခဲ့တာ အမှန်အတိုင်း ဝန်ခံပါတယ်၊ သည်အချိန်မှာ လူတစ်ယောက်သာ ရောက်မလာခဲ့ရင် တွေးဝံ့စရာကို မရှိတော့ဘူး"

စုမာဖုံးက မေးလိုက်သည်။

"ကျွန်တော့်ဆရာ ရောက်လာတာများလားဗျာ"

ကိုထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ကွယ် ... လောကပါလသိုင်းသမားကြီး ပိုင်မှုရှောင် ရောက်လာတယ်၊ ကျုပ်ကို ချမ်းသာပေးဖို့ ကြားဝင်တောင်းပန်ပေးတယ်၊ သိုင်းသမား နှစ်ယောက်က ဆရာကြီး ပိုင်မှုရှောင်ကို အားနာပေမယ့် ကျုပ်ကို မယုံကြည်ဘူး၊ ဒါကို ဆရာကြီး ပိုင်မှုရှောင်



ကလည်း ကျုပ်ဟာ နောက်ထပ် မဆိုးသွမ်းစေရပါဘူး၊ သိုင်းလောကကို ဒုက္ခမပေးစေရပါဘူး၊ သူ အာမခံပါတယ်ဆိုတဲ့ အထိ တာဝန်ယူတော့မှ သူတို့က ကျုပ်ကို ချမ်းသာပေးလိုက်ကြတာ၊ ဆရာကြီးရဲ့ ကျေးဇူးကြောင့် မဟုတ်ရင် ခုချိန်မှာ ကျုပ်ကို တွေ့ရမြင်ရဖို့ မရှိတော့ပါဘူး"

သူ၏ စကားက အကြီးအကျယ် နောင်တရခဲ့ကြောင်း ပေါ်လွင်နေသည်။

ပိုင်မှုရှောင်၏ ကျေးဇူးကိုလည်း သည်တစ်သက် မမေ့နိုင်တော့သည့်သဘော ဖြစ်လေသည်။

ဝိရှမ်းဆရာတော်၊ သိုင်းဆရာ ကျင်းထုံ၊ သိုင်းမယ် ဗှားလျှို၊ ချိန်ရသေ့၊ လေဟုန်စီး စွန်ရဲလုံယွမ် စသည့် သိုင်းသမားကြီးများသည် ကိုတင်း၏ စကားများ ထူးခြားနေကြောင်း ယခုမှ တွေးလာမိကြလေသည်။

ကိုထင်း ပြောဆိုနေပုံက နောင်တရနေသူ တစ်ယောက်နှင့် တူနေသည်။

ကိုထင်း နောင်တရကာ လူကောင်းတစ်ယောက် ဖြစ်သွားပြီဆိုလျှင် အမိုက်ကျေးရွာနှင့် ပတ်သက်ပြီး မည်သို့ သဘောထားကြရမည်နည်း။

အမိုက်ကျေးရွာ၌ သိုင်းလူဆိုးများ စုရုံးနေထိုင်လျက် ရှိလေသောကြောင့် သိုင်းလောကအား ဒုက္ခပေးနိုင်သည့် နေရာတစ်ခုဟု အားလုံး သတ်မှတ်ထားကြသည် မဟုတ်ပါလား။

စုမာဖုံး သတိပြုမိခဲ့သည်ကလည်း ကိုထင်းသည် သိုင်းသမားဆိုး တစ်ယောက် မဟုတ်တော့ဘဲ နောင်တရသူတစ်ယောက်ဖြစ်နေသည်ဟူ၍ပင်။

www.burmeseclassic.com

www.burmeseclassic.com



ကိုထင်းသာ အမှန်တကယ် နောင်တရသူဖြစ်နေပါက ကင်းဆိပ်မားနှင့် ပတ်သက်၍ ဖြေရှင်းရသည်မှာ လွယ်ကူသွားတော့မည် ဖြစ်လေသည်။

ချိန်ဟုတ် မနေနိုင်တော့ဘဲ မေးလိုက်သည်။

"အံ့ဩစရာသတင်းပဲ၊ ရွာပိုင်ရှင်နဲ့ လောကပါလ သိုင်းသမားကြီး ဆက်စပ်နေလိမ့်မယ်လို့ မထင်မှတ်ခဲ့ဘူး၊ ဒါထက် ရွာပိုင်ရှင်ကြီးနဲ့ ရင်ဆိုင်ခဲ့ကြတဲ့ သိုင်းသမားနှစ်ယောက်က ဘယ်သူ ဘယ်ဝါတွေဆိုတာ မသိရဘူးလားဗျာ"

ကိုထင်းကိုပင် အနိုင်ယူနိုင်သည်ဆိုလျှင် ထိုလူ နှစ်ယောက်မခေမှန်း အားလုံး သတိပြုမိပြီး စိတ်ဝင်စားနေကြတော့သည်။

ကိုထင်းက ...

"ဘယ်သူ ရှိရဦးမှာလဲဗျာ၊ တောင်ပိုင်းနဂါး နန်းလုံနဲ့ မြောက်ပိုင်းကျား ပေ့ဟူတို့ပဲပေါ့"

"လက်စသတ်တော့ သူတို့နှစ်ယောက် ဖြစ်နေကြတာကိုး"

"လောကပါလသိုင်းသမားကြီးသာ မကောင်းရင် မတွေးဝံ့လောက်အောင်ပဲဗျ"

ကိုထင်းသည် ကင်းဆိပ်မားနောက်သို့ သဲကြီးမဲကြီး လိုက်ခဲ့သူတစ်ယောက်ဟုလည်း သတင်းကြီးလေသည်။

ကင်းဆိပ်မားအား ရှာဖွေတွေ့ရှိခဲ့သူမှာ မြောက်ပိုင်းကျား ပေဟူဖြစ်နေသည်။

"လောကပါလသိုင်းသမားကြီးကိုယ်တိုင် တာဝန်ယူခဲ့လို့ နန်းလုံနဲ့ ပေ့ဟူက ကျုပ်ကို ချမ်းသာပေးခဲ့တယ်၊ သူတို့ဟာ ကျုပ် ဘယ်လောက်ပြောင်းလဲမှု ရှိမရှိ စောင့်ကြည့်နေခဲ့ကြပြီး နောက်ပိုင်းမှာ ခင်မင်ရင်းနှီးသွားခဲ့ရတာပါ၊ ဒါကြောင့် မြောက်ပိုင်းကျား ပေ့ဟူ



က ထူးဆန်းတဲ့ ကင်းဆိပ်မားကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ဘယ်နေရာမှာ ရှာရတယ်ဆိုတာ သူ့ဆီကတစ်ဆင့် သတင်းရခဲ့တာပါပဲ"

ကင်းဆိပ်မား သိုင်းလောကထဲ ရောက်ရှိလာရခြင်းမှာ ကိုထင်းနှင့် ထဲထဲဝင်ဝင် ပတ်သက်နေကြောင်း ပေါ်ပေါက်လာပြီ ဖြစ်လေသည်။

ကိုထင်းနှင့် ကင်းဆိပ်မားရှိသည့် လိုဏ်ဂူကြီးကို ရှာဖွေတွေ့ရှိခဲ့သော မြောက်ပိုင်းကျား ပေ့ဟူတို့သည် ရန်သူအဖြစ်မှ မိတ်ဆွေအဖြစ် ကူးပြောင်းသွားခဲ့ကြပေသည်။

ထို့ကြောင့် ပေ့ဟူထံမှ တစ်ဆင့် ကိုထင်း သတင်းရခဲ့ခြင်းဖြစ်ကြောင်း ပေါ်လွင်လာလေသည်။

စုမားဖုံးသည် ကိုထင်း ကြိုတင်စကားခံထားသည့်အတိုင်း စိတ်ရှည်ရှည် ထားကာ သည်းခံစောင့်ဆိုင်းနေလိုက်လေသည်။

လုံယွမ်နှင့် ချိန်ဟုတ်တို့သည် ကင်းဆိပ်မားအကြောင်း အမှန်အတိုင်း ပေါ်ပေါက်လာတော့မည်ဖြစ်သလို ကိုထင်းလည်း မျှော်လင့်သလိုမဟုတ်ဘဲ ပြောင်းလဲသွားပြီဖြစ်ကြောင်း ဆင်ခြင်မိကြလျှင် အားတုံ့အားနာ ဖြစ်လာကြတော့သည်။

ချိန်ဟုတ်က ဝင်မေးလိုက်လေသည်။

"ကိုထင်း ... ခင်ဗျား သိုင်းလောကထဲ ခြေမချတော့တာ အတော်ကြာသွားပါပြီ၊ ကျုပ်သိပါတယ်၊ ဒါပေမယ့် အမိုက်ကျေးရွာ ထူထောင်ပြီး သိုင်းလူဆိုးတွေကို လက်ခံထားတာ ဘာသဘောလဲဗျ၊ ဆရာကြီး ပိုင်မှုရှောင်ကို မလေးစားတဲ့ သဘောဖြစ်မနေဘူးလား"

ကိုထင်းက ...

"ကောင်းပြီ ... မိတ်ဆွေကြီး မေးလို့ ကျုပ်လည်း ပြန်ဖြေချင်ပါတယ်၊ အမိုက်ကျေးရွာမှာ သိုင်းလူဆိုးတွေ စုဝေးနေပြီး တစ်ချိန်

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကကို ဒုက္ခပေးဖို့ ကြိုတင်ပြီး ကြံစည်နေတယ်လို့သတင်းတွေ ထွက်ပေါ်နေတယ် မဟုတ်လား"

လုံယွမ်က ...

"သည်သတင်း အမှန်ပါပဲ"

ကိုထင်းက ...

"သတင်းတွေ ဖြစ်ပေါ်ခဲ့ပေမယ့် အမိုက်ကျေးရွာဟာ သိုင်းလောကကို နှောင့်ယှက်တယ်လို့ သတင်းသိုးသိုးသန့်သန့်တောင် ကြားမိရဲ့လား"

လုံယွမ် ငိုင်သွားလေသည်။

ကိုထင်းက ...

"ကျုပ်မေးတာကို ဖြေပါဦးဗျာ"

လုံယွမ် သက်ပြင်းချလိုက်သည်။

"သည်လို သတင်းမျိုးတော့ တစ်ကြိမ်တစ်ခါမှ မကြားမိသေးပါဘူး"

"လက်တွေ့ ဘာမှမဖြစ်ဘဲ စိတ်ထင်တိုင်း စွပ်စွဲပြောဆိုနေကြတာ မကောင်းပါဘူး၊ အမိုက်ကျေးရွာရဲ့ ရပ်တည်ချက် သဘောထားအမှန်ကို ကျုပ် ပြောပြပါ့မယ်"

ကိုထင်းက ချောင်းတစ်ချက်ဟန့်ကာ တည်ကြည်သော မျက်နှာထားဖြင့် ဆက်ပြောလိုက်လေသည်။

"ကျုပ် မကောင်းတာမလုပ်တော့ဘူး၊ ကောင်းကျိုးတတ်စွမ်းသလောက် ဆောင်ရွက်ပါ့မယ်လို့ ဆရာကြီး ပိုင်မုရှောင်ကို ကတိပေးခဲ့တယ်၊ ကတိပေးတဲ့အတိုင်း ဆိုးသွမ်းတဲ့ သိုင်းသမားတွေကို စည်းရုံးသိမ်းသွင်းပြီး ကျုပ်ရဲ့ အမိုက်ကျေးရွာမှာ နေထိုင်စေခဲ့တယ်၊ သူတို့ကို ပျော်အောင်ထားတယ်၊ စားဝတ်နေရေး တာဝန်ယူတယ်၊



အမိုက်ကျေးရွာမှာ ပျော်ရွှင်နေသမျှ ကာလပတ်လုံး သိုင်းလောကကို ဒုက္ခပေးဖို့ စဉ်းစားကြတော့မှာ မဟုတ်ဘူး"

သူ၏ ဘယ်ညာလက်ရုံး နှစ်ဖော်ဖြစ်သော ပေ့ယင်နှင့် ဟထိတို့သည်လည်း ယခုအချိန်တွင် မကောင်းမှုကို စွန့်ကာ ပြုပြင်လိုက်ကြပြီ ဖြစ်လေသည်။

ကိုထင်း အဘယ်ကြောင့် အမိုက်ကျေးရွာ၌ သိုင်းလူဆိုးများ စုစည်းထားရသည်ကို ယခုမှ အားလုံး နားလည်သဘောပေါက်သွားကြတော့သည်။

ကိုထင်းက သူ့နည်းသူ့ဟန်ဖြင့် သိုင်းလောကအကျိုးပြုနေခြင်း ဖြစ်သည်။

သိုင်းလူဆိုးများ အမိုက်ကျေးရွာ၌ ပျော်မွေ့နေသမျှ သိုင်းလောကသို့ ထွက်ကာ ဒုက္ခပေးဖို့ စဉ်းစားကြတော့မည်မဟုတ်ပေ။

သိုင်းလူဆိုးများအား ထိန်းသိမ်းထားပြီး တဖြည်းဖြည်း စည်းရုံးသိမ်းသွင်းယူရသည့် ကိစ္စကလည်း တကယ် မလွယ်သော ကိစ္စဖြစ်သည်။

ကိုထင်း အလွန်ပင် ခေါင်းကိုက်ရလိမ့်မည်ဖြစ်သည်။

လုံယွမ်နှင့် ချင်းဟုတ်တို့ ငြိုင်တူ ဦးညွှတ်လိုက်ကြသည်။

"မိတ်ဆွေကို လေးစားပါတယ်ဗျာ"

"ကျုပ်တို့ အထင်လွဲမိခဲ့တာတွေကို တောင်းပန်ပါတယ်"

ကိုထင်းလည်း ကျေးနပ်သွားကာ ပြန်လည်ဂါရဝပြုလိုက်လေတော့သည်။

"ကိစ္စမရှိပါဘူးဗျာ၊ မိတ်ဆွေတို့ နားလည်သွားကြတာကိုပဲ ကျုပ် ဝမ်းသာရမှာပါ"

စုမာဖုံးလည်း တောင်းပန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ဆရာကြီးအပေါ် မရိုမသေပြုမိသလို ရှိရင် တောင်းပန်ပါတယ်ဗျာ"

"ကဲ ... ကဲ ... မောင်ရင်လေး ပြောစရာမလိုပါဘူး၊ ကျုပ်အကြောင်း ဘယ်သူ့ကိုမှ ရှင်းမပြခဲ့တာ ဘယ်သူမှ မသိဘဲ အထင်လွဲစရာ ဖြစ်နေတာ မဆန်းပါဘူး၊ ကျုပ်လည်း အမိုက်ကျေးရွာမှာ ရောက်နေတဲ့ သိုင်းလူဆိုးအားလုံးကို စည်းရုံးသိမ်းသွင်းလို့ မရနိုင်သေးတာကြောင့် ကျုပ်ရဲ့ သဘောထားကို သိုင်းလောကတစ်ခုလုံး သိအောင် မကြေညာသေးတာပါ"

စုမာဖုံးက ...

"ခံယူချက်အမျိုးမျိုး သဘောထားအမျိုးမျိုး ရှိကြတဲ့ သိုင်းလူဆိုးတွေကို ကိုယ့်ဘက်ပါလာအောင် တစည်းတလုံးတည်း ရှိအောင် မကောင်းမှုတွေ စွန့်လွှတ်သွားအောင် စည်းရုံးသိမ်းသွင်းဖို့ဆိုတာ အင်မတန် ခက်ခဲတဲ့ ကိစ္စပါ၊ ဆရာကြီး ဘယ်လောက်ပင်ပမ်းဦးမယ်ဆိုတာ ကျွန်တော် ကိုယ်ချင်းစာမိပါတယ်"

ကို့ထင်း ယဲ့ယဲ့ ပြုံးသည်။

"ဒါတော့ မှန်တယ်ကွယ့်၊ သိုင်းလူဆိုးအားလုံးကို ပြုပြင်သွားအောင် စည်းရုံးလို့မရသေးဘူး၊ သုံးပုံတစ်ပုံလောက်ဟာ သူတို့အကျင့်တွေကို မပျောက်နိုင်ကြသေးဘူး၊ ကျုပ်ရဲ့ လုပ်ရပ်ဟာ ကြိုးတန်းပေါ် လမ်းလျှောက်တဲ့လူလို အန္တရာယ် များလွန်းတယ်လို့ မောင်ရင်လေး မထင်ဘူးလား"

စုမဖုံး ရယ်မောလိုက်လေသည်။

ကို့ထင်း သက်ပြင်းချလိုက်သည်။

"ကင်းဆိပ်မား ပေါ်ပေါက်လာတော့ အခြေအနေက ပိုပြီး ရှုပ်ထွေးသွားသေးတယ်၊ ကျုပ်ရဲ့ ကြိုးပမ်းမှုတွေ သဲထဲရေသွန် ဖြစ်



ကုန်မှာတောင် စိုးရိမ်နေရပြီ၊ ဒါကြောင့် သည်ကိစ္စကို အမြန်ဆုံး ဖြေရှင်းဖို့ ယဉ်ကြိုင်နောက်ကို ကျုပ် လိုက်လာခဲ့တာပါပဲ"

ယဉ်ကြိုင်သည်လည်း ကင်းဆိပ်မားနှင့် ထဲထဲဝင်ဝင် ပတ်သက်နေသူ ဖြစ်နေပြီတည်း။

"အားလုံး လှမ်းကြည့်လိုက်ကြလျှင် ယဉ်ကြိုင် မျက်နှာပျက်သွား၏။

စုမာဖုံးက ...

"သူက အမိုက်ကျေးရွာမှာ မွေးနောက်ခဲ့ပြီထင်ပါတယ်"

ကို့ထင်း ခေါင်းညိတ်လိုက်၏။

"သေချာတာပေါ့"

ပြောရင်း သူ၏မျက်နှာထား ခက်ထန်တင်းမာလာသည်။

"မြောက်ပိုင်းကျား မေ့ဟူဆီကို ကျုပ်ရောက်ခဲ့တယ်၊ ကျုပ်သွားတုန်းက ကင်းဆိပ်မားကြောင့် မဟုတ်ဘဲ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက် အခက်ကြုံနေတာကို ဘယ်လို ကူညီရမလဲဆိုတဲ့ သဘောနဲ့ သွားဖြစ်ခဲ့တာ၊ ကျုပ်က လေးစားမှုရှိတယ်ဆိုတာ ပြသချင်လို့ ကျုပ်ရဲ့ဇနီးသည်ကိုပါ ခေါ်ပြီး ဇနီးမောင်နှံနှစ်ယောက် သွားခဲ့ကြတာ၊ လက်ဆောင်ပစ္စည်းတွေလည်း ယူသွားတာပေါ့"

ခန်းမဆောင်ထဲ၌ အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေပြီး ကို့ထင်း၏ စကားသံ ဖြည်းဖြည်းမှန်မှန် ထွက်ပေါ်နေ၏။ အားလုံး ကြည်လင်ပြတ်သားစွာ ကြားနေရလေသည်။

"ကျုပ် ကံကောင်းသွားတယ်၊ ရောက်သွားတဲ့အချိန်မှာ ဟူမေ့ဟာ လန်းလန်းဆန်းဆန်း ရှိနေတယ်၊ စိတ်ကလည်း ပုံမှန် ရှိနေတယ်၊ ကျုပ်တို့ ဇနီးမောင်နှံ ရောက်လာတော့ သူကိုယ်တိုင် ခရီးဦးကြိုပြီး လိုလေသေးမရှိ ဧည့်ဝတ်ပြုခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



မြောက်ပိုင်းကျား ပေ့ဟူသည် ကင်းဆိပ်ဓားကို ရှာဖွေတွေ့ရှိခဲ့ရသော်လည်း လက်ဝယ်ပိုင်ပိုင် ရယူနိုင်ခြင်း မရှိဘဲ ကင်းခြေများကြီး၏ အန္တရာယ်များ ရခဲ့သလို အဆိပ်လည်း မိခဲ့သည်။

ထို့ပြင် ...

ဆိုးဝါးလှသော ရာသီဥတုဒဏ်ကြောင့် အိမ်ပြန်ရောက်လျှင် အိပ်ရာထဲ ဘုန်းဘုန်းလဲတော့သည်။

သမားတော်များ ဂရုစိုက် ကုသပေးကြသော်လည်း ခံစားနေရသော ဝေဒနာများ ရှင်းရှင်းလင်းလင်း သက်သာမသွားခဲ့ချေ။

နောက်ပိုင်းတွင် စိတ်ချောက်ချားခဲ့ရသည်အတွက်ကြောင့် ပုံမှန်မရှိတော့ဘဲ စိတ်ဖောက်ပြန်သွားခဲ့သည်။

မြောက်ပိုင်းကျား ပေ့ဟူ ရူးသွပ်သွားပြီဟု သိုင်းလောက၌ သတင်းများ ထွက်ပေါ်ခဲ့သေးသည် မဟုတ်လား။

ကိုထင်း ရောက်သွားချိန်၌ စိတ်အခြေအနေ ပုံမှန်ရှိနေသည်မှာ ကံကောင်းသွားခြင်းဖြစ်လေသည်။

ပေ့ဟူက ကင်းဆိပ်ဓားဟာ သိုင်းလောကအတွက် အန္တရာယ်ရှိတဲ့ ဓားတစ်လက်ဖြစ်တဲ့အကြောင်း၊ မသူတော်လက်ထဲ ရောက်သွားရင် သိုင်းလောက ပျက်စီးသွားနိုင်တဲ့အကြောင်း ပြောပြတယ်၊ သွားရှာပြီး ဖျက်ဆီးပစ်ဖို့ တိုက်တွန်းခဲ့တယ်"

ကင်းဆိပ်ဓား ရှိနေတဲ့ နေရာကိုလည်း လမ်းညွှန်ပေးခဲ့တယ်"

လုံယွမ်က ...

"ဒါနဲ့ပဲ ခင်ဗျား သွားရှာခဲ့တာပေါ့ ဟုတ်လား"

ကိုထင်း ခေါင်းညိတ်လိုက်သည်။

"ကျုပ်က ရှာဖွေဖျက်ဆီးပစ်ပါ့မယ်လို့ ကတိပေးခဲ့ပါတယ်၊ ဒါနဲ့ပဲ ပေ့ဟူဆီက အပြန် ကင်းဆိပ်ဓားကို သွားရှာခဲ့တာ"



"ရခဲ့သလား ..."

လုံယွမ်က အလောတကြီး မေး၏။

ကိုထင်း ခေါင်းညိတ်လိုက်သည်။

"ရခဲ့ပါတယ်"

ခန်းမဆောင်ထဲ၌ ချက်ချင်း လှုပ်ရှားသက်ဝင်ကာ ဝေဖန်ပြောဆိုသံများ ဆူဆူညံညံ ထွက်ပေါ်လာလေတော့သည်။

ကင်းဆိပ်ဓားကို ရခဲ့သူမှာ ကိုထင်းဖြစ်နေသည်။

ကိုထင်းကသာ မကောင်းသည့်စိတ်ထားရှိခဲ့လျှင် သိုင်းလောကတစ်ခုလုံး ပြောင်းဆန်သွားတော့မည် ဖြစ်လေသည်။

ယခုတော့ ...

ကင်းဆိပ်ဓားသည် ကိုထင်း၏ လက်ထဲ ရှိနေပုံ မပေါ်တော့ချေ။

ကင်းဆိပ်ဓားနှင့် ပတ်သက်ပြီး ကိုထင်းကိုယ်တိုင် အမိုက်ကျေးရွာမှ ထွက်ကာ လိုက်ရှာနေရပြီ မဟုတ်လား။

ယဉ်ကြိုင်၊ ရိလုံနှင့် ရိချင်းတို့ သုံးယောက်က ဟိုဟိုသည်သည် ကြည့်နေကြ၏။

ပြေးပေါက်ရှာနေခြင်းလောဟုပင် ထင်ရသည်။

စိတ်မရှည်သော မြေခွေးနက်သည်ပင် စိတ်ရှည်လက်ရှည် နားထောင်နေခဲ့ပြီး စိတ်ဝင်စားမှုကို မထိန်းချုပ်နိုင်တော့သည့်အလား လှမ်းမေးလိုက်သည်။

"ကင်းဆိပ်ဓားကို လွယ်လွယ်နဲ့တော့ မရနိုင်ဘူး၊ ခင်ဗျား ဘယ်လို အစွမ်းအစတွေ ထုတ်ပြီး ရခဲ့သလဲဆိုတာ ပြောစမ်းပါဦး"

ကိုထင်း ပြုံးလိုက်သည်။

"မှန်ပါတယ်ဗျာ ... ကျုပ် တစ်ယောက်တည်း စွမ်းပကားနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ ကင်းဆိပ်ခေါးရှိတဲ့ ကျောက်ဂူကြီးကို ရောက်တော့ ဟိုလျှံတောင် မရဏာစံအိမ်က လူတွေနဲ့ တွေ့ဆုံခဲ့ရတယ်”

“သူတို့ကလည်း ကင်းဆိပ်ခေါးကို ရယူဖို့ ကြိုးစားနေကြတာလား”

“ဟုတ်တယ်”

လုံယွမ် မျက်လုံးပြူးသွားသည်။

“မရဏာစံအိမ်သခင်မ ကြူးလေရဲ့ သိုင်းပညာ ခေတာမဟုတ်ဘူး၊ ကင်းဆိပ်ခေါးသာ သူ့လက်ထဲရောက်သွားရင် သိုင်းလောကအတွက် ခက်မှာသေချာတာပေါ့”

ချိန်ဟုတ်က ...

“မရဏာစံအိမ်သခင်မ ကြူးလေရဲ့ လက်ထောက်ဖြစ်တဲ့ ဂူးလျှံ မိန်းကလေးက ပိုတောင်ဆိုးသေးတယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ရက်စက်ကြမ်းကြုတ်တာ ကမ်းကုန်တယ်၊ ကောက်ကျစ်ပြီး ဉာဏ်နီဉာဏ်နက်လည်း များသေးတယ်၊ မြေခွေးကြီးနဲ့ သားအဖ တော်စပ်မလား ထင်ရတယ်”

သူ၏ စကားအဆုံးတွင် ...

“ဝုန်း ...”

မြေခွေးနက်က ကြမ်းပြင်ကို ဝုန်းခနဲမြည်အောင် ဖနောက်ဆောင့်လိုက်သည်။

“ချိန်ဟုတ် ... ခင်ဗျား ဘာစကားပြောတာလဲ၊ ကျုပ်ကို စော်ကားတာလား”

ချိန်ဟုတ်က သူ့ကိုမပြောသလို မကြားချင်ဟန်ဆောင်နေလိုက်လေသည်။



ကိုထင်းက စကားမဆုံးမီ ပြဿနာ မပေါ်ရလေအောင် ကြားဝင်ကာ ခပ်သွက်သွက်ပြောလိုက်၏။

“မရဏာစံအိမ်က လူတွေဟာ ကျုပ်က ပေ့ဟူနဲ့တွေ့ပြီး ကင်းဆိပ်ခေါး ရှိနေတဲ့ လိုဏ်ဂူကြီး ရှိတဲ့အရပ်ကို သိသွားတယ်ဆိုတာ သတင်းရလို့ တိတ်တဆိတ် နောက်ယောင်ခံ လိုက်လာခဲ့ကြတယ်ဆိုတာ နောက်မှ သိရတယ်ဗျ”

လုံယွမ်က ...

“ဒါဆိုရင်တော့ မရဏာစံအိမ်က လူတွေကို ဦးဆောင်လာတာ လက်ထောက် ဂူးလျှံပဲ ဖြစ်လိမ့်မယ်”

တပ်အပ်သေချာ ပြောလိုက်လေသည်။

စုမာဖုံး ပြုံးလိုက်သည်။

“မရဏာစံအိမ်ပိုင်ရှင် သခင်မ ကြူးလေ သိုင်းလောကထဲ မထွက်တော့တာ နှစ်အတော်ကြာပါပြီ၊ မရဏာ စံအိမ်နဲ့ ပတ်သက်တဲ့ ကိစ္စဟာ လက်ထောက်ဂူးလျှံက သူ့သဘောနဲ့သူ လုပ်နေတာလို့ ကျွန်တော့် စုံစမ်းသိရှိထားပါတယ်၊ လက်ထောက်ဂူးလျှံကို အချိန်တန်ရင် အရေးယူဖို့ရှိပါတယ်”

သိုင်းလောကအား တကယ်တမ်း နှောင့်ယှက် ဖျက်ဆီးလိုသည်မှာ မရဏာစံအိမ်မှ လက်ထောက်ဂူးလျှံဖြစ်ကြောင်း အားလုံး သိထားကြလေသည်။

နန်းတွင်းကလည်း လက်ပိုက်ကြည့်မနေဘဲ အရေးယူဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသဖြင့် အားလုံး ကျေနပ်သွားကြလေသည်။

ကိုထင်းမှာမူ မလွဲမရှောင်သာသဖြင့် လက်ထောက်ဂူးလျှံနှင့် လက်တွဲဆောင်ရွက်ခဲ့ရပုံ ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကင်းဆိပ်စား ရှိနေတဲ့ လိုဏ်ဂူကြီးထဲမှာ အင်မတန် ကြီးမားတဲ့ ကင်းခြေများကြီးတစ်ကောင် ရှိနေတယ်ဆိုတာလည်း အမှန်ပဲ၊ ကျွန်ုပ် လိုဏ်ဂူကြီးထဲ ရောက်ပြီး အခက်ကြုံနေရချိန်မှာ ငွေးလျှံက မရေအစံအိမ်က ငယ်သားတွေနဲ့ မှူးပြီး ကင်းခြေများကြီးကို လိုဏ်ဂူအပြင်ဘက်ရောက်အောင် မှူးထုတ်ပေးနိုင်ခဲ့လို့ ကင်းဆိပ်စားကို ရယူနိုင်ခဲ့တာ"

"ကင်းခြေများကြီးကော ..."

"သည်ကောင်ကြီးက လိုဏ်ဂူကြီးထဲပဲ နှစ်ပေါင်းများစွာ နေခဲ့တော့ အစာမက်ပြီး အပြင်ထွက်မိတာနဲ့ နေရောင်ခြည်ဒဏ်ကို မခံနိုင်ဘူးလေ၊ ဂူထဲပြန်ဝင်ဖို့ ကြိုးစားတော့ ငွေးလျှံက ကျောက်တုံးတွေ လိမ့်ချပြီး ဂူပေါက်ကို မပိတ်ပစ်လိုက်တာ၊ နောက်တော့ နေရောင်ဒဏ် မခံနိုင်တဲ့ ကင်းခြေများကြီးကို သုတ်သင်ရှင်းလင်းပစ်နိုင်ခဲ့ကြတာပေါ့"

ကင်းခြေများကြီးအား သုတ်သင်ရှင်းလင်းပစ်နိုင်ခဲ့သလို ကင်းဆိပ်စားကိုလည်း ရယူနိုင်ခဲ့သည် ဖြစ်ရာ ကို့ထင်းနှင့် ငွေးလျှံတို့ အောင်ပွဲခံနိုင်ခဲ့သည်ဟု ဆိုနိုင်ပေသည်။

"ငွေးလျှံက ကင်းခြေများကြီးကို မီးရှို့ပစ်လိုက်တယ်၊ ပြာတွေကို ယူသွားတယ်၊ အင်မတန် အဆိပ်ပြင်းတဲ့ ကင်းခြေများပြာကို ရသွားတာပေါ့"

ချိန်ဟုတ်က ...

"ခင်ဗျားလည်း ကင်းဆိပ်စားကို ရခဲ့တယ်မဟုတ်လား၊ ငွေးလျှံက ဘာပြောသေးသလဲ"

ကို့ထင်း ပြုံးလိုက်ပြန်သည်။

"သူနဲ့လည်း တစ်ဝက်ဆိုင်တယ်ဆိုပြီး ကျုပ်ဆီက အတင်း



တောင်းတာပေါ့၊ သူ့အကြောင်း သိထားလို့ ကျုပ်က မပေးဘူး၊ ငွေးလျှံ လုယူဖို့လည်း မကြိုးစားဝံ့ပါဘူး၊ ကျုပ်လက်ထဲမှာ ကင်းဆိပ်စား ရှိနေပြီကိုး၊ ကင်းဆိပ်စားနဲ့ ပထမဆုံး အစမ်းသပ်ခံရတာမျိုး သူမ မလိုလားပါဘူး၊ နောက်ဆုံး လက်လျှော့ပြန်သွားတယ်၊ ဒါတောင် သူ့ကို တစ်ကြိမ်လောက် လေ့လာခွင့်ပြုပါလို့ ခွင့်တောင်းသွားသေးတယ်၊ ကျုပ်လည်း သူလက်လျှော့သွားရင် ပြီးရောလို့ သဘောတူလိုက်တာပါ"

မြေခွေးနက်ကြီးက အသံဝါကြီးဖြင့် ဝင်မေးသည်။

"ဒါဖြင့် ကင်းဆိပ်စား ပျောက်ဆုံးသွားတာလက်ထောက် ငွေးလျှံရဲ့ လက်ချက်ကြောင့်ပေါ့ ဟုတ်လား"

ကို့ထင်း၏ စကားအရ သူ၏လက်ထဲ၌ ကင်းဆိပ်စား မရှိတော့ဘဲ အခြားတစ်ယောက်ယောက်၏ လက်ထဲ ရောက်သွားပြီ ဖြစ်ကြောင်း ပေါ်လွင်နေရာ မြေခွေးနက်ကြီးလည်း ရိပ်မိနေခြင်းဖြစ်လေသည်။

ကို့ထင်း ခေါင်းခါယမ်းလိုက်လေသည်။

"ငွေးလျှံ ယူသွားတာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်သူလဲ ..."

ကို့ထင်းက ယဉ်ကြိုင်ကို ညွှန်ပြလိုက်သည်။

"သူပါပဲ ..." ယခု ...

ကင်းဆိပ်စားသည် ယဉ်ကြိုင်၏ လက်ထဲသို့ ရောက်ရှိနေကြောင်း ကို့ထင်းက ဖော်ထုတ်လိုက်ပြီ ဖြစ်လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အကောက်ကြံခြင်း

ကင်းဆိပ်မား ...။

အလွန် အန္တရာယ်ကြီးမားပြီး အစွမ်းထက်လှသော ကင်းဆိပ်မားမှာ ကောင်းကင်သိုင်းသမား ယဉ်ကြိုင်၏ လက်ထဲ ရောက်ရှိနေပြီ ဖြစ်လေသည်။

ကိုထင်းက ဖော်ထုတ်လိုက်ပြီဖြစ်သည်။

အားလုံး လှမ်းကြည့်လိုက်ကြသောအခါ ယဉ်ကြိုင်က ခပ်အေးအေးဆေးဆေးပင် ရှိနေသည်ကို တွေ့ရ၏။

ထိတ်လန့်ခြင်း၊ စိုးရိမ်ပူပန်ခြင်း စသည့် အရိပ်အရောင်များ လုံးပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

သူ၏ အမူအရာသည် မယုံနိုင်စရာကောင်းအောင်ပင် တည်ငြိမ်နေသည်။

ကင်းဆိပ်မား လက်ထဲ၌ ရှိနေပြီဖြစ်ကြောင်း မည်သူ့ကိုမှ အမှုထားစရာမလိုတော့ဟူသည့် သဘောဖြစ်သည်။

ကင်းဆိပ်မားအကြောင်း အမှန်အတိုင်း ပေါ်ပေါက်သွားသဖြင့် မထူးတော့ဟု သဘောထားလိုက်ပုံမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

ကိုထင်းက ရိလုံဘက်သို့ လှည့်လိုက်၏။

“ရိလုံ ... ခင်ဗျား ယဉ်ကြိုင်အကြောင်း နည်းနည်းလေးမှ မရိပ်မိခဲ့ဘူးလား”



ရိလုံမှာ ဣန္ဒြေမဆည်နိုင်အောင် မျက်နှာပျက်နေပါသည်။

“ကျုပ် ဘာမှ မသိပါဘူးဗျာ”

“အင်းလေ ... မသိလို့ ခင်ဗျားသမီးနဲ့ မားကျောက်ကို စေ့စပ်တာ လက်ခံလိုက်တာပေါ့၊ တကယ်ဆို ယဉ်ကြိုင်ဟာ ခင်ဗျားရဲ့ ကျောက်ဖြူတောင်ကုန်းကိုကော မားကျောက်ရဲ့ မားကေဟကိုပါ အသုံးချချင်နေတာ”

ရိလုံက ...

“ကျုပ်ကတော့ ဆရာယဉ်ကြိုင်ကို မိုးမြေသိုင်းသမား နှစ်ယောက်ထဲမှာ ပါဝင်နေလို့ အစကတည်းက ရိုသေလေးစားနေမိတာပါဗျာ”

ယဉ်ကြိုင်သည် ရိလုံနှင့် မာကျောက်ကို အသုံးချဖို့ စီစဉ်ခဲ့ပုံကို ကိုထင်း ဖော်ထုတ်ပေးသဖြင့် စုမာဖုံး ကျေးဇူးတင်သွားသလေ၏။

သို့တိုင် မရှင်းလင်းသေးသည့် ကိစ္စတစ်ခု ရှိနေသဖြင့် ပို၍ ရှင်းရှင်းလင်းလင်း ဖြစ်သွားစေရန် ဖွင့်မေးလိုက်လေသည်။

“ကင်းဆိပ်မား သူ့လက်ထဲကို ဘယ်လိုကြောင့် ရောက်သွားတယ်ဆိုတာကော ရှင်းပြနိုင်မလားဗျာ၊ သည်ကိစ္စလေး သိရရင်တော့ အားလုံး ရှင်းရှင်းလင်းလင်း ဖြစ်သွားမှာပါ”

ကိုထင်း သက်ပြင်းချလိုက်မိသည်။

“သည်ကိစ္စကိုတော့ ကျုပ်မပြောချင်ဆုံးပဲ၊ ဒါပေမယ့် ပြောပါ့မယ်၊ သည်ကိစ္စမှာ ကျုပ်ရဲ့ ဇနီးသည် ပါဝင်ပတ်သက်နေပါတယ်”

“သြော် ...”

ကိုထင်း၏ ဇနီးသည်မှာလည်း ခေသူမဟုတ်ဘဲ သိုင်းလောက၌ အမုန်းဒေဝီဟု နာမည်ရှိသူဖြစ်လေသည်။

သူမ၏ အမည်ရင်းမှာ ယင်းလီနီဖြစ်ကာ ကိုထင်းနဲ့ လက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ညီညီ သိုင်းလောကကို ဒုက္ခပေးခဲ့ဖူးသူဖြစ်သည်။ အမုန်းဒေဝီဟု တွဲ့ထူးခံယူထားသည့်အတိုင်း မည်သူ့ကိုမှ အလိုမကျဘဲ ပြုံးနေတတ်ကာ အများကြည်ညို လေးစားသည့် အဖြူရောင်သိုင်းသမားကြီးများအား အလိုလို မုန်းသွားနေသူဖြစ်သည်။

ခင်ပွန်းသည် ကိုထင်းနှင့် အတူ ဆိုင်းလောကကို နှောင့်ယှက်ရာတွင် လက်တွဲညီခဲ့သည့်တိုင် အခြားသော အချိန်များ၌ကား မျက်နှာချင်းဆိုင်မရဘဲ တကျက်ကျက် ဖြစ်နေတတ်ပါတော့သည်။

ကိုထင်း၏ ဇနီးသည် အမုန်းဒေဝီ ယင်းဇလိမ်သည် ကင်းဆိပ်ဓား ကိစ္စတွင် မည်သို့ ပါဝင်ပတ်သက်နေပါသနည်း။ ကိုထင်းအတွက် မျက်နှာပူစရာ ဖြစ်နေ၏။

"ကျုပ်ရဲ့ ဇနီးသည်ဟာ မလိမ္မာဘဲ မိုက်မဲခဲ့ပါတယ်၊ သူ့ရဲ့ အစ်ကိုဝမ်းကွဲက ကင်းဆိပ်ဓားရဲ့ သတင်း ရသွားတာနဲ့ ကျုပ်မသိအောင် ခဏလောကကြည့်ပါရစေလို့ အပူကပ်ခဲ့တာ၊ ကျုပ်ဇနီးသည်ကလည်း ဘာမှမဖြစ်လောက်ဖူးဆိုပြီး ကျုပ်မသိအောင် အလစ်မှာ ယူပြလိုက်တယ်၊ အစ်ကိုဝမ်းကွဲလုပ်သူက ဓားကိုယူပြီး တစ်ခါတည်း ထွက်ပြေးသွားတော့တာပါပဲ"

ခက်ခက်ခဲခဲ ရရှိခဲ့သော ကင်းဆိပ်ဓားမှာလွယ်လွယ်ကလေး ကာလိန်ကျခံလိုက်ရခြင်း ဖြစ်လေသည်။

ကိုထင်း စကားဆက်လိုက်သည်။

"ကျုပ်ဇနီးသည်ဟာ သူ့အမှားကို သိသွားပြီး ကျုပ်နဲ့ မျက်နှာချင်းမဆိုင်ဝံ့တော့ဘဲ အိမ်က ထွက်သွားတယ်၊ ခုတော့ သိုင်းလောကကို ကျောခိုင်းပြီး သီလရှင်ဝတ်သွားပါပြီ"

ကင်းဆိပ်ဓားသည် ကံကောင်းစေသော ဓားတစ်လက်မဟုတ်ဘဲ ဂြိုဟ်မွှေသော ဓားတစ်လက်ဖြစ်နေပါသည်။



ကင်းဆိပ်ဓား ရလိုက်သည့် ကိုထင်းတို့ အိမ်ထောင်ရေး ပြိုကွဲသွားခဲ့ရပြီ မဟုတ်ပါလား။

စုမာဖုံးက ...

"ဦး ဇနီးသည်ရဲ့ ဘစ်ကိုဝမ်းကွဲဆိုတာ ..."

"သူလည်း အသတ်ခံလိုက်ရပါပြီ၊ ကင်းဆိပ်ဓားကို ယူပြေးရင်း ယဉ်ကြိုင်နဲ့ တွေ့သွားတယ်ထင်လေ၊ ယဉ်ကြိုင်က သူ့ကို အဆုံးစီရင်ပြီး လွယ်လွယ်ကလေး ရသွားတာ၊ အခု သူက ဘာကြောင့် သူ့တပည့် မာနကျောက်နဲ့ ရိုလုံရဲ့ သမီး ရှိချင်းတို့ကို စေ့စပ်ပွဲလုပ်ပေးပြီး ကင်းဆိပ်ဓားနဲ့ ပတ်သက်တဲ့ သတင်း လွှင့်လိုက်ရသလဲဆိုတာ ဖော်ထုတ်ရတော့မယ်"

"ဦးပြောတာ မှန်ပါတယ်ခင်ဗျာ"

စုမာဖုံး သဘောတူလိုက်လေသည်။

ကိုထင်း ရှင်းပြသဖြင့် အားလုံး ဓာတ်ရည်လည်သွားကြပြီ ဖြစ်ပါသည်။

ကိုထင်းကို မုန်းတီးမနေကြတော့ဘဲ လေးစားလာကြ၏။

ယခု ...

ဆက်၍ အဖြေပေးရမည့်သူမှာ ယဉ်ကြိုင် ဖြစ်သွားလေပြီ။

ယဉ်ကြိုင်က ရှင်းရှင်းလင်းလင်း ဖြစ်သွားဖို့ လိုလားပါမည်လား။

ယဉ်ကြိုင် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

ထို့နောက် ...

"ဟား ... ဟား ... ဟား"

ခေါင်းမော့ကာ ကျယ်လောင်စွာရယ်မောလိုက်လေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကြိုင်၏ ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်နေပါသည်။

အလွန်သဘောကျနေသည့်အလား အရှိုက်သည်းလှိုက် ရယ်မောနေခြင်း ဖြစ်လေသည်။

ကိုထင်း သက်ပြင်းချလိုက်သည်။

"ယဉ်ကြိုင် မလွယ်ဘူး၊ မရဏစံအိမ်က ဂူးလျှံနဲ့ အဆက်အသွယ် ရှိတယ်လို့ ကျုပ် သတင်းကြားထားတယ်၊ ကင်းဆိပ်စားအကြောင်း သိုင်းလောကသားတွေ သိအောင် သတင်းလွှင့်တော့လည်း ကျုပ်အကြောင်းပါအောင် လုပ်ခဲ့တာ၊ ကျုပ် ထင်တယ်၊ မောင်ရင်လေးနဲ့ ရန်တိုက်ပေးပြီး ကျုပ်ကို ဖယ်ရှားဖို့ ကြံစည်နေတာပဲ ဖြစ်မယ်"

စုမာဖုံး ပြုံးလိုက်သည်။

"ဦးပြောသလို ဖြစ်နိုင်ပါတယ်၊ စေ့စပ်ပွဲကို စီစဉ်တာကိုက သိုင်းလောကကို ဒုက္ခပေးဖို့ ခြေလှမ်းပြင်တာပဲ ဖြစ်ရပါလိမ့်မယ်"

စုမာဖုံး ပြောသည့် စကားဆိုလျှင် အားလုံး လက်ခံနေကြပြီ ဖြစ်ပါသည်။

စုမာဖုံးက ပြောလျှင် ပြောသည့်အတိုင်း ဖြစ်နေဟန်သည် မဟုတ်ပါလား။

ဝိရှမ်းဆရာတော်တို့ကဲ့သို့ ထိပ်သီးသိုင်းသမားကြီးများပင်လျှင် စုမာဖုံး၏ စကားကို ခြွင်းချက်မရှိ ယုံကြည်၍ လက်ခံနေကြပြီဖြစ်သည်။

ယဉ်ကြိုင်၏ ရယ်မောသံ တဖြည်းဖြည်း ရပ်တန့်ပျောက်ကွယ်သွား၏။

သူ၏ မျက်နှာတည်ကြည်လေးနက်သွား၏။



ကိုထင်းကို စိုက်ကြည့်ပြီးမှ စုမာဖုံးတို့ဘက်သို့ လှည့်ကာ ပြောလိုက်သည်။

"သူဟာ တစ်ချိန်က သိုင်းလောကကို ဒုက္ခပေးခဲ့တဲ့ လူတစ်ယောက်ဆိုတာ မောင်ရင် သိတယ်မဟုတ်လား"

စုမာဖုံးက...

"မှန်ပါတယ်ဗျာ..."

ယဉ်ကြိုင်က...

"ခုချိန်မှာတော့ သိုင်းလူဆိုးတွေကို သူ့ရဲ့ အမိုက်ကျေးရွာမှာ လက်ခံစုစည်းထားတာ အားလုံး အသိပဲမဟုတ်လား"

"ဒါလည်း မှန်ပါတယ်"

"ကောင်းပြီ... ကိုထင်းလို လူစားမျိုးက နောင်တတရားရပြီး သိုင်းလောကအကျိုး ဆောင်ရွက်မယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

စုမာဖုံး ဘာမှမပြောဘဲ နေလိုက်၏။

ယဉ်ကြိုင်က...

"ကိုထင်းဟာ အများက သူ့အပေါ် ယုံကြည်လအောင် လုပ်ပြီးမှ အားလုံးကို ဒုက္ခပေးမယ့် လူတစ်ယောက်ဆိုရင်တော့ မိတ်ဆွေလေး လက်ခံနိုင်မလား"

စုမာဖုံး သက်ပြင်းချလိုက်လေသည်။

ယဉ်ကြိုင်သည် ကိုထင်း သူ့အပေါ် စွပ်စွဲခဲ့သည့်များကို ပြန်လည်ချေပနေပြီဖြစ်ပါသည်။

ကိုထင်းသည်လည်း တစ်ချိန်က ဆိုးသွမ်းသောင်းကျန်းခဲ့သူဖြစ်ရာ ယခုအချိန်၌ စိတ်ချလက်ချ ယုံကြည်ဖို့ခက်နေ၏။

ယဉ်ကြိုင်က...

"သူ့ဇနီး အမုန်းဒေဝီကြောင့် သိုင်းလောကသားတွေ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လောက် ဒုက္ခရောက်နေခဲ့သလဲ။ သူကကော နောင်တရမယ့် လူတစ်ယောက်လား။ နောင်တရခဲ့ရင် သိုင်းလောက အကျိုး ဆောင်ရွက်ဖို့ ကြိုးပမ်းအားထုတ်မယ်ဆိုတာ ဖြစ်နိုင်ပါ့မလား”

ကိုထင်းတို့ ဖနီးမောင်နှံနှင့် ပတ်သက်၍ မေးခွန်းတစ်ခုပြီး တစ်ခု ထုတ်နေသည်။

သူ၏ စကား မဆုံးသေးမှန်းသိ၍ စုမာဖုံး ဘာမှ ပြန်မပြောဘဲ နားထောင်နေလိုက်သည်။

ယဉ်ကြိုင်က ...

ကိုထင်းနဲ့ မရဏစံအိမ်က လူတွေ ပတ်သက်မှုရှိနေတာကို သူကိုယ်တိုင် ဝန်ခံခဲ့တာပဲ၊ သူဟာ နောင်တရနေပြီး သိုင်းလောက အကျိုး ဆောင်ရွက်မယ်လို့ ပြောနေတာ အပိုတွေပဲ ဖြစ်မှာပေါ့ဗျာ”

အချို့သော သိုင်းသမားညီသည်များသည် ယဉ်ကြိုင် ပြောသည့်အတိုင်းလည်း ဖြစ်နိုင်ချေရှိသည်ဟု ယူဆကာ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ကြလေသည်။

ယဉ်ပြိုင်က ...

“ကဲ ... မိတ်ဆွေလေး စုမာဖုံး ကျုပ်ပြောတဲ့ စကားတွေကို စဉ်းစားကြည့်ပါဦး၊ ကိုထင်းကို ယုံကြည်လို့ ဖြစ်ပါ့မလား”

ဝိရုမ်းဆရာတော်၊ ချိန်ရသေ့၊ သိုင်းဆရာကျင့်ထုံး၊ သိုင်းနယ်ရှားလျှံ၊ ချိန်ဟုတ်နှင့် လုံယွမ်တို့သည် စုမာဖုံးအား အကဲခတ်ကြည့်နေကြလေသည်။

ယဉ်ကြိုင်၏ အမေးစကားကို စုမာဖုံး မည်သို့ ပြန်ဖြေမည်နည်းဟု စိတ်ဝင်စားနေကြခြင်းဖြစ်သည်။

ကိုထင်းက မလှုပ်မယှက် ရှိနေသည်။

သူ၏မျက်နှာ တည်ကြည်လေးနက်နေ၏။



စုမာဖုံးကို လှမ်းပြောလိုက်သည်။

“ကျုပ်ကို ဘာမှ အားနာစရာမလိုဘူး၊ ပြောစရာရှိတာ ပြောနိုင်ပါတယ်”

စုမာဖုံး ပြုံးလိုက်သည်။

“ဟုတ်ကဲ့ ... ကျွန်တော်ကလည်း ပွင့်ပွင့်လင်းလင်းပြောမှာပါ”

ယဉ်ကြိုင် ကျေနပ်နေ၏။

စုမာဖုံးသည် ကိုထင်း၏ စကားကို တကယ် ယုံကြည်လက်ခံဖို့ မဖြစ်နိုင်ကြောင်း နားလည်ထား၍ဖြစ်သည်။

သို့သော် ...

စုမာဖုံး ပြောလိုက်သည့် စကားကို ကြားရသောအခါ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

“အမိုက်ကျေးရွာပိုင်ရှင် ပြောတဲ့ စကားတွေကို ကျွန်တော် အကြွင်းမဲ့ယုံကြည်ပါတယ် ခင်ဗျာ”

ယဉ်ပြိုင်၏ မေးခွန်းများကြောင့် ဇဝေဇဝါ ဖြစ်နေကြသူများလည်း ဟင်ခနဲ ဟာခနဲ ဖြစ်သွားကြလေတော့သည်။

❖ ❖ ❖

စုမာဖုံးသည် တွေဝေနေခြင်းမရှိ၊ တွေးတောစဉ်းစားနေခြင်း မရှိဘဲ ကိုထင်း၏ စကားကို ယုံကြည်လက်ခံကြောင်း ရှင်းရှင်းဘွင်းဘွင်းကြီး ပြောလိုက်ပြီဖြစ်သည်။

သိုင်းသမားကြီးများသည် အကြောင်းရှိ၍ စုမာဖုံး ထိုသို့ ပြောခြင်းဖြစ်ကြောင်း နားလည်လိုက်ကြ၏။

ညှိုပရိသတ်များကား အဘယ်ကြောင့် ပြောသည်ကို စဉ်းစား မရအောင် ဖြစ်၍နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကြိုင် အံ့ဩသွား၏။

"မောင်ရင်လေး ဘယ်လိုပြောလိုက်တာလဲ"

စုမာဖုံးက ...

"အမိုက်ကျေးရွာပိုင်ရှင်ရဲ့ စကားကို ကျွန်တော် လက်ခံယုံကြည်တယ်လို့ ပြောတာပါဗျာ"

ကိုထင်း၏ စကားကို ယုံလျှင် သူ၏စကားကို မယုံသကဲ့သို့ ဖြစ်နေသည်။

ယဉ်ကြိုင် ဒေါသထွက်သွားလေသည်။

"နေပါဦး ... သူပြောသမျှကို နားရှိလို့သာ ကြားရတာပဲ မဟုတ်လား၊ ဘယ်မှာ သက်သေသက္ခာယ ရှိလို့လဲ၊ မောင်ရင်လေးဟာ သူများပြောတိုင်း ယုံတတ်တဲ့ လူတစ်ယောက် မဖြစ်နိုင်ပါဘူး၊ ဒီလို လူစားမျိုးဖြစ်ခဲ့တင် ကျုပ်ပြောတဲ့ စကားကိုလည်း ယုံရမှာပေါ့"

စုမာဖုံး ရှင်းပြလိုက်သည်။

"ကျွန်တော့်မှာ သက်သေအထောက်အထား ရှိလို့ အမိုက်ကျေးရွာပိုင်ရှင်ရဲ့ စကားကို ယုံကြည်လိုက်တာပါ"

ယဉ်ကြိုင် မဲ့ပြုံးပြုံးလိုက်သည်။

"အံ့ဩပါရဲ့၊ ကျုပ်တော့ ဘယ်လို သက်သေအထောက်အထားမှ မမြင်ကြပါလား"

"ရှိပါတယ်ဗျာ၊ အင်မတန် ခိုင်လုံတဲ့ သက်သေပါ"

"ဒါဖြင့် ပြောစမ်းပါဦး"

ယဉ်ကြိုင်ကိုယ်တိုင်လည်း သိချင်သွား၏။

စုမာဖုံးက တည်ကြည်သော မျက်နှာထားဖြင့် ပြောသည်။

"အဲဒီ သက်သေအထောက်အထားကတော့ ကျွန်တော့်ဆရာကိုယ်တိုင်ပါပဲ"



ကိုထင်းမှာ စုမာဖုံး သူ့ဘက်မှ ထောက်ခံပြောဆိုနေခြင်း၊ သူ၏စကားကို ယုံကြည်လက်ခံခြင်းတို့ကြောင့် ဝမ်းသာနေပါသည်။

စုမာဖုံးက ...

"ကျွန်တော့်ရဲ့ ဆရာဟာ တောင်ပိုင်းနဂါးနဲ့ မြောက်ပိုင်းကျားတို့ရဲ့ လက်ချက်ကြောင့် ဒုက္ခရောက်နေတဲ့ အမိုက်ကျေးရွာပိုင်ရှင်ကို ကြားဝင်ကူညီဖူးတဲ့အကြောင်း ကျွန်တော့်ကို ပြောပြဖူးပါတယ်"

ယဉ်ကြိုင် မည်သို့ပြောရမှန်းမသိ ဖြစ်နေသည်။ လောကပါလ သိုင်းသမားကြီး ပိုင်မုရှောင်၏ စကားကို မည်သူမဆို လက်ခံကြမည်သာ ဖြစ်ပါသည်။

စုမာဖုံး စကားဆက်လိုက်သည်။

"အမိုက်ကျေးရွာ ပိုင်ရှင်ဟာ အတော့်ကို ဆိုးသွမ်းလို့ ဖယ်ရှားသင့်တဲ့လူတစ်ယောက် ဖြစ်ပေမယ့် လူကောင်းဖြစ်လောက်အောင် ဆွဲဆောင်ရင်း သိုင်းလောကအတွက် အကျိုးရှိလိမ့်မည်လို့ ဆရာပြောပါတယ်"

အမိုက်ကျေးရွာပိုင်ရှင်မှာ ဘယ်တော့မှ လူကောင်းဖြစ်လာမည် မဟုတ်ဟု အားလုံး ယူဆထား၏။

လောကပါလ သိုင်းသမားကြီး ပိုင်မုရှောင်က ပြုပြင်ရန် ကြိုးစားလိုစိတ် ရှိခြင်းသည် သူ၏အစွမ်းအစကို စမ်းသပ်သည့် ခက်ခဲသော စိမ်ခေါ်မှုတစ်ရပ် ဖြစ်နေမည်မှာ သေချာ၏။

စုမာဖုံး ဆက်ပြောလိုက်သော စကားကြားရလျှင် အားလုံး ရှင်းရှင်းလင်းလင်း ဖြစ်သွားလေတော့သည်။

"ဆရာဟာ အမိုက်ကျေးရွာသခင်ကို သည်အတိုင်း ပြုပြင်လို့ ဘယ်တော့မှ မရနိုင်ဘူးဆိုတာကို သဘောပေါက် နားလည်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် နဂါးနဲ့ ကျား သိုင်းသမားနှစ်ယောက် ရှေ့မှာ ဘယ်တော့မှ မဆိုးသွမ်းစေရတော့ဘူး၊ နောင်တရ ဖြူပြင်ပြီး သိုင်းလောကအကျိုးဆောင်ရွက်သူ ဖြစ်လာစေရမယ်လို့ ရဲရဲဝံ့ဝံ့ အာမခံချက် ပေးလိုက်တယ်၊ အမိုက်ကျေးရွာပိုင်ရှင်နဲ့ ပတ်သက်တဲ့ ကိစ္စအဝဝကို ကာဝန်ယူလိုက်ပါတယ်"

ယဉ်ကြိုင်က ...

"ဒါနဲ့ပဲ ကိုထင်းက လူကောင်းတစ်ယောက် ဖြစ်သွားတာပဲလား"

ရာမဖုံးက ...

"မှန်ပါတယ်ဗျာ ... ဆရာကိုယ်တိုင် တာဝန်ယူခဲ့တဲ့အတွက် နဂါးနဲ့ ကျား သိုင်းသမားနှစ်ယောက် ကျေနပ်သွားကြသလို အမိုက်ကျေးရွာပိုင်ရှင်လည်း ကျေးဇူးတင်သွားသလို နောင်တလည်း ရသွားပါတယ်"

ဝီရှမ်းဆရာတော် ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

"ဆရာကြီး ဝိုင်မှရှောင်ရဲ့ အကြံက တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲကိုး၊ အင်မတန် အမျှော်အမြင်ကြီးမားတဲ့ ပုဂ္ဂိုလ်ကြီးပါပဲ"

မအောင့်အည်းနိုင်ဘဲ ချီးကျူးလိုက်လေသည်။

ဆုံးမရ ခက်လှသည့် ကိုထင်းအား ရဲဝံ့သော သက်သေခံချက် တစ်ခုဖြင့် မလွှဲနိုင်အောင် ချည်နှောင်ကာ အပြောင်းလဲကြီး ပြောင်းလဲသွားစေခဲ့ခြင်း ဖြစ်လေသည်။

"ဒါဟာ အမိုက်ကျေးရွာပိုင်ရှင်အပေါ်မှာ ကျွန်တော် ယုံကြည်ရတဲ့ သက်သေဝါပဲ"

ဟု ပြောကာ စကား လက်စသတ်လိုက်လေသည်။

လေဟုန်စီး ခွန်ရဲ လုံပွမ် တဟားဟား ရယ်မောလိုက်လေ၏။



"လောကပါလ သိုင်းသမားကြီး ကိုယ်တိုင် သက်သေအထောက်အထား ရှိနေပြီဆိုတော့ တခြား ဘာလိုဦးမှာလဲဗျာ"

အားလုံး ခေါင်းတညိတ်ညိတ် ဖြစ်သွားကြ၏။

ယဉ်ကြိုင် ခံပြင်းသွားသည်။

သူ့ အရှုံးကြီး ရှုံးသွားပြီဖြစ်ကြောင်း နားလည်သွား၏။

ရာမဖုံးအား စည်းရုံး၍မရနိုင်တော့လျှင် ရိလုံဘက်သို့ လှည့်ပြီး မာန်မဲလိုက်လေသည်။

"ခင်ဗျားကော တစ်ချိန်လုံး ကျောက်ရုပ်ကြီးလို လုပ်နေပြီး စကားမပြောတာ ဘာသဘောလဲ၊ သူတို့က ကျုပ်ကို လူဆိုးဓားပြတစ်ယောက်လို ဖြစ်အောင် ပြောကြတာတောင် ခင်ဗျား သည်အတိုင်း လက်ပိုက်ကြည့်နေကြတာပဲလား"

"ကျုပ် ... ကျုပ်"

ရိလုံ မည်သို့ပြောရမှန်းမသိ ဖြစ်နေပါသည်။

ယဉ်ကြိုင်က ...

"ကျုပ်တပည့်နဲ့ ခင်ဗျားရဲ့ သမီး ခေ့စပ်ပြီးပြီ၊ ကျုပ်တို့ ဆွေမျိုးတွေဖြစ်နေပြီ၊ အခု သူတို့က ကျုပ်ကို ဝိုင်းပြီး အပြစ်တင်နေကြတယ်၊ ကျုပ် တစ်ခုခုဖြစ်သွားရင် ခင်ဗျားကော လွယ်မယ်ထင်သလား"

ဟု ခြိမ်းခြောက်လိုက်ပြန်သည်။

ရိလုံ မျက်နှာပျက်သွားလေသည်။

"ကျုပ် ဘာလုပ်ပေးရမှာလဲဗျ"

"တော်စမ်းဗျာ"

ယဉ်ကြိုင်သည် အားကိုး၍မရသော ရိလုံကို စိတ်ပျက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရီချင်း မျက်နှာငယ်လေးဖြင့် ရှိနေ၏။

ဖခင်ကြီးအား ယဉ်ကြိုင်က ကြိမ်းမောင်းနေသောအခါ ပို၍ စိတ်မကောင်း ဖြစ်သွားလေသည်။

"ဖေဖေရယ် သမီးတို့ သည်ကထွက်သွားကြပါရို့နော်"

ဖခင်ကြီးအား တောင်းပန်လိုက်လေသည်။

ရီလုံ၊ ရီချင်းတို့ သားအဖနှင့် မားဂေဟာရှင် မားကျော့ကျော်မှာ ကြားထဲမှ မားစာခံဖြစ်နေရသည်ကို ဝီရှမ်းဆရာတော်တို့လူစု နားလည်လိုက်ကြလေသည်။

ယဉ်ကြိုင်သည် မည်သူ့ကိုမှ ပြောစရာမရှိတော့သည့်နောက်ဆုံး မလှမ်းမကမ်းရှိ စားပွဲတစ်လုံးသို့ လှမ်းသွားလိုက်၏။

ထိုင်ခုံတစ်လုံး ဆွဲကာ ထိုင်ချလိုက်လေသည်။

လေဟုန်စီး စွန်ရဲလုံယွမ်က ...

"ယဉ်ကြိုင် ခင်ဗျား ဘယ်လိုဖြစ်သွားတာလဲဗျ"

ဟူ၍ လှမ်းမေးလိုက်၏။

ယဉ်ကြိုင်က ...

"စိတ်ချ ... ကင်းဆိပ်မားနဲ့ ပတ်သက်ပြီး အားလုံး ကျေနပ်အောင် ကျွန်တော် ဖြေရှင်းပေးမယ်၊ ဒါပေမယ့် ကျုပ်ရဲ့ မိတ်ဆွေတစ်ယောက် ရောက်လာတဲ့အထိ စောင့်ကြပါဦး"

"ခင်ဗျားရဲ့ မိတ်ဆွေက ဘယ်သူလဲ"

"အချိန်တန်တော့ သိရမှာပေါ့ဗျာ"

ဤတွင် ...

တစ်လက်စတည်း ဖြေရှင်းနိုင်ရန် ယဉ်ကြိုင်၏ မိတ်ဆွေကို စောင့်ဆိုင်းဖို့ အားလုံး သဘောတူလိုက်ကြလေတော့သည်။

❖ ❖ ❖



အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

ညဥ့်နက်လာပြီဖြစ်၍ အေးစိမ့်မှု လွှမ်းခြုံလိုက်၏။

မားဂေဟာမှ လူများသည် မားဂေဟာတစ်ခုလုံး နေ့ဘက်နှင့် မခြား ထိန်ထိန်လင်းသွားအောင် မီးအိမ်များ ထွန်းညှိထားလိုက်ကြပြီ ဖြစ်လေသည်။

ခန်းမဆောင်ကြီး၏ တံခါးမကြီးကိုလည်းကောင်း၊ ပြတင်းတံခါးများကိုလည်းကောင်း ယခုတိုင် ဖွင့်ထားဆဲ ... ။

ယဉ်ကြိုင်၏ မိတ်ဆွေ ရောက်လာဦးမည်မဟုတ်လား။

ထို့ကြောင့် ...

မည်သည့်နေရာမှ မဆို ဝင်ရောက်လာနိုင်အောင် တံခါးအားလုံး ဖွင့်ထားခြင်း ဖြစ်လေသည်။

စုရုံးရောက်ရှိနေကြသော သိုင်းလောက ဧည့်သည်များသည်လည်း တိတ်ဆိတ်ငြိမ်သက်စွာဖြင့် စောင့်ဆိုင်းနေကြလေသည်။

ကင်းဆိပ်မားကြောင့် ယဉ်ကြိုင်သည် ကြောက်လန့်စရာကောင်းသူ ဖြစ်နေချေပြီ။

ထို့အပြင် မိတ်ဆွေတစ်ယောက်လည်း ရှိနေသေးသဖြင့် အန္တရာယ်ရှိသည်ဟု အားလုံး နားလည်ထားကြတော့သည်။

ယဉ်ကြိုင်၏ မိတ်ဆွေ မည်သူမည်ဝါဖြစ်မည်နည်းဟုလည်း အမျိုးမျိုး တွေးတောစဉ်းစားနေကြလေ၏။

အချိန်များ တဖြည်းဖြည်း ကုန်ဆုံးသွားသော်လည်း ယဉ်ကြိုင်၏ မိတ်ဆွေ ရောက်မလာသေးချေ။

စောင့်ဆိုင်းနေရသူမှာ စိတ်ထဲ မအီမသာ ဖြစ်လာကြလေသည်။

"သူ့ရဲ့မိတ်ဆွေက ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် ခုချိန်ထိ ရောက်မလာရသေးတာလဲ"

"ဘယ်သူပဲဖြစ်ဖြစ် သည်အချိန်ဆိုရင် ရောက်လာဖို့ ကောင်းနေပါပြီ"

အချိန်ကြာလာသည်နှင့်အမျှ တီးတိုးဝေဖန် ပြောဆိုသံများ ထွက်ပေါ်လာလေတော့သည်။

စုမာဖုံး၏ မျက်နှာတွင် ထူးခြားသည့် အရိပ်အယောင်များ ဖြစ်ပေါ်လာလေသည်။

ကိုထင်းကလည်း ယဉ်ကြိုင်ကို အကဲခတ်နေ၏။

ရိုလုံက ထွက်မသွားသေးပါ။

သမီးဖြစ်သူက ထွက်သွားဖို့ပြောသော်လည်း မသွားဘဲ ပေကပ်၍ နေခြင်းမှာ အဘယ်ကြောင့် ဖြစ်ပါသနည်း။

မျှော်လင့်ချက် တစ်စုံတစ်ရာ ရှိနေ၍လော။

ယဉ်ကြိုင်မှာ အချိန်ကြာလာလေလေ ပို၍ တည်ငြိမ်လာလေလေပင်။

သူ၏ မျက်နှာ တည်တြည်လေးနက်ဟာ ကိုယ့်ကိုယ်ကို ယုံစိတ်ချသည့် အသွင် အထင်းသား ဖြစ်ပေါ်လာ၏။

အားလုံး စိတ်လှုပ်ရှားနေချိန်၌ ယဉ်ကြိုင် တည်တည်ငြိမ်ငြိမ် ဖြစ်သွားခြင်းမှာ ထူးခြားမှုတစ်ခုပင်။

အမှောင်လောက၌ ကျင်လည်ခဲ့ဖူးသော ကိုထင်း၏ စိတ်ထဲ သက်ာမကင်း ဖြစ်လာတော့သည်။

အနီး၌ရှိနေသည့် စုမာဖုံးကို ပြောလိုက်သည်။

"ကျုပ်စိတ်ထဲမှာတော့ တစ်ခုခုဖြစ်ပြီထင်ပါတယ်၊ မောင်ရင်လေးကော ဘယ်လိုသဘောရသလဲ"

စုမာဖုံးက ...



"ယဉ်ကြိုင်တို့ လူစုမှာ အကြံတစ်ခုခု ရှိနေပုံရပါတယ် ခင်ဗျာ"

"ဘယ်လို အကြံအစည်မျိုးလဲဆိုတာ မောင်ရင်လေး ခန့်မှန်းလို့ ရသလား"

"ဒါကို ပြောဖို့ခက်ပါတယ်၊ ကျွန်တော့်စိတ်ထဲမှာတော့ ဘယ်သူမှ ရောက်လာကြမှာ မဟုတ်ဘူး၊ ယဉ်ကြိုင်က တမင်အချိန်ဆွဲနေတာ ဖြစ်မယ် ထင်မိတာပါပဲ"

ကိုထင်းက ...

"ဒါဆို ကျုပ် ထင်သလိုများ ဖြစ်နေမလား"

"ဦးက ဘယ်လိုများ တွေးမိလို့လဲဗျာ"

စုမာဖုံးက ကိုထင်းထံမှ သဘောထား တောင်းခံလိုက်လေသည်။

ကိုထင်း စိုးရိမ်ပူပန်သော ပုံမျိုး ရှိလေသည်။

"မောင်ရင်လေး တစ်ချက်လောက် အသက်ပြင်းပြင်း ရှူကြည့်လိုက်စမ်းပါ"

စုမာဖုံး ပြုံးလိုက်၏။

"အဆန်းပါပဲလား"

ကိုထင်းပြောသည့်အတိုင်း အသက်ပင်းပြင်း ရှူရှိုက်ကြည့်လိုက်လေသည်။

ကိုထင်း စိတ်ဝင်စားစွာ ကြည့်နေ၏။

အလွန်အရေးကြီးသဖြင့် အသက်ပင် မရှူရှိုက်ဘဲ အသက်အောင့်ထားကြည့်နေပုံမျိုး ဖြစ်သည်။

စုမာဖုံး အသက်ရှူရှိုက်ပြီးသည်နှင့် ချက်ချင်း မေးလေသည်။

"ဘယ်လိုနေသလဲ"

စုမာဖုံး ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း … ဘာမှမဖြစ်ပါဘူး"

"ဘယ်လိုဖြစ်တာလဲ"

ကို့ထင်း ညည်းတွားလိုက်လေသည်။

စုမာဖုံးက …

"ဦးက ဘယ်လိုဖြစ်မယ်လို့ မျှော်လင့်ထားလို့လဲဗျာ"

ထိုစဉ် …

"အဟမ်း …"

ယဉ်ကြိုင်၏ ချောင်းဟန့်သံ ထွက်ပေါ်လာလေသည်။

စုမာဖုံးနှင့် ကို့ထင်းတို့ လှည့်ကြည့်လိုက်ကြသောအခါ ယဉ်ကြိုင်၏ မျက်နှာ ပြုံးရွှင်နေသည်ကို အံ့သြဖွယ်ရာ တွေ့မြင်လိုက်ကြရလေသည်။

ယဉ်ကြိုင် အဘယ်ကြောင့် ပြုံးနေပါသနည်း။

သူ၏မိတ်ဆွေ ရောက်လာပြီလော …။

မကြာမီ အဖြေပေါ်လာလေသည်။

❖ ❖ ❖

## မိတ်ဆွေဆိုသည်မှာ

"အဟမ်း … အဟမ်း"

ယဉ်ကြိုင်က ချောင်းဟန့်နေသည်။

သူ့ကို အားလုံး သတိပြုကြည့်လာအောင် ပြုလုပ်နေခြင်းပေလော …။

သူ၏မျက်နှာပေါ်မှ အပြုံးကလည်း လျှို့ဝှက်အပြုံးဖြစ်နေသည်။

ယဉ်ပြုံင်တစ်ယောက်တည်း ထူးခြားနေသည်မဟုတ်ပါ။

ရိလုံသည်လည်း ယခုမှ နေသာထိုင်သာ ရှိသွားသော အသွင်မျိုး ဖြစ်နေ၏။

ထို့ကြောင့် ရိလုံနှင့် ယဉ်ကြိုင်သည် တစ်စုံတစ်ခုကို လျှို့ဝှက်ထားပြီး နှစ်ယောက်စလုံး သိရှိကာ အကြံတူညဏ်တူဖြစ်နိုင်သည်ဟု စုမာဖုံး သတိပြုမိ၏။

ယဉ်ကြိုင်၏ ဦးဆောင်မှုကို ရိလုံ မလွန်ဆန်နိုင်ဘဲ ယဉ်ကြိုင်၏ သဘောအတိုင်း လိုက်လံလုပ်ကိုင်ဆောင်ရွက်နေရသည်ဟုလည်း တွေးမိ၏။

ကို့ထင်းက အသက်ပြင်းပြင်း ရှူရှိုက်ခဲ့သည်မှာလည်း အဓိပ္ပာယ်ရှိရပေမည်။

စုမာဖုံး မအောင့်အည်းနိုင်တော့ဘဲ အနီး၌ ရှိနေသည့် ချိန်မှတ်နှင့် တီးတိုးတိုင်ပင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး ခင်ဗျား ... ကျွန်တော်နဲ့ အမိုက်ကျေးရွာပိုင်ရှင်တို့ ပြောဆိုကြတဲ့ စကားတွေကို ဆရာကြီး ကြားမိမယ် ထင်ပါတယ်"

ချိန်ဟုတ် ခေါင်းညိတ်လိုက်လေသည်။

"ကြားမိပါတယ်"

"အမိုက်ကျေးရွာရှင်က ကျွန်တော့်ကို အသက်ပြင်းပြင်း ရှူခိုင်းကြည့်တာ အဓိပ္ပာယ်ရှိနေမယ်ထင်ပါတယ်၊ ဆရာကြီးကော ဘယ်လို သဘောရပါသလဲ"

ချိန်ဟုတ် အနည်းငယ် စဉ်းစားပြီးမှ ပြောလေသည်။

"အသက်ပြင်းပြင်း ရှူခိုင်းတာ ခန္ဓာကိုယ်ထဲက အခြေအနေကို စစ်ဆေးကြည့်ခိုင်းတဲ့ သဘောပါ၊ အတွင်းဒဏ်ရာရတာတို့ အဆိပ်မိတာတို့မှာ သည်လိုစစ်ဆေးတဲ့နည်းလမ်းကို အသုံးပြုတတ်ကြတာပဲ မဟုတ်လား"

စုမာဖုံးက ...

"ကျွန်တော် သဘောပေါက်ပါပြီ၊ ဒါပေမယ့် စစ်ဆေးကြည့်တဲ့အခါ ဘာမှထူးခြားမှု မရှိပါဘူး"

ချိန်ဟုတ်က ...

"မောင်ရင်လေး မထူးခြားပေမယ့် ထူးခြားတဲ့ လူ ရှိကောင်း ရှိနေနိုင်တာပေါ့ကွယ်"

စုမာဖုံး၏ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားလေသည်။

"ဆရာကြီးက အမိုက်ကျေးရွာပိုင်ရှင်ကို ဆိုလိုတာများလား ဗျာ"

ချိန်ဟုတ် ပင့်သက်ရှိုက်လိုက်သည်။

"သူသာ တစ်ခုခုဖြစ်နေပြီဆိုရင် ကျွန်တော်တို့လူတွေလည်း သက်သာမှာ မဟုတ်ဘူး"



ယဉ်ကြိုင်သည် မားဂေဟာ၌ အကြံအစည်တစ်ခုခု ရှိရပေမည်။

သူ၏အကြံ မအောင်မြင်လျှင် စုရုံးရောက်ရှိနေသည့် သိုင်းသမားများအား ရင်ဆိုင်နိုင်မည့် နည်းလမ်းတစ်ခုခု ကြိုတင်ရွေးချယ်ထားမည်သာ ဖြစ်သည်။

ကောက်ကျစ်စဉ်းလဲသော နည်းလမ်းသာလျှင် ဖြစ်ရပေလိမ့်မည်။

ချိန်ဟုတ်က ...

"လက်ရှိ အခြေအနေအရ ယဉ်ကြိုင် အသုံးပြုနိုင်တဲ့ နည်းလမ်းတစ်ခုပဲ ရှိတယ်၊ အဲသည့် နည်းလမ်းက သူ့အတွက် အကောင်းဆုံးပဲ"

စုမာဖုံးက ...

"အဆိပ်ကို အသုံးပြုတဲ့နည်းလမ်းများလားဗျာ"

"သေချာတာပေါ့၊ သည်လောက် လူအများကြီးနဲ့ ရင်ဆိုင်ဖို့ အဆိပ်ကို အသုံးပြုတဲ့နည်းလမ်းက အကောင်းဆုံးပဲ မဟုတ်လား"

စုမာဖုံး တွေးကြည့်လိုက်သည်။

ယဉ်ကြိုင်သည် သူတို့နှင့်အတူ တစ်ချိန်လုံး ရှိနေခဲ့သည်။ မသင်္ကာစရာကောင်းသော လှုပ်ရှားမှုမျိုး မတွေ့ရပါ။

အဆိပ်ခတ်[illegible]လုပ်ကြံမည်ဟု မထင်ရပေ။

သို့သော် ...

ကင်းဆိပ်စားနှင့် ပတ်သက်လျှင် ဘာမဆို ဖြစ်လာနိုင်သည်တွေးပြီး ကျန်သိုင်းသမားကြီးများ အခြေအနေ မည်သို့ရှိသည်ကို အကဲခတ်ကြည့်လိုက်လေသည်။

ထိုအခါ ... အချို့ လှုပ်လှုပ်ရှားရှား ဂဏှာမငြိမ်ဖြစ်လာကြသည်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုထင်းသည်လည်း စိတ်ပျက်သည့် အသွင် ဖြစ်ပေါ်လာ၏။

"အရက်ထဲမှာ အဆိပ်ခတ်ထားဖို့ များတယ်"

သူ၏ စကားကြောင့် ချိန်ဟုတ်က ...

"ဒါဆို ကျုပ်လည်း မလွတ်ဘူး၊ အရက် သုံးခွက်လောက် သောက်ထားမိတာ ..."

ဤခန်းမဆောင်ထဲ ရောက်နေသူအားလုံး မင်္ဂလာအရက် သောက်သုံးခဲ့ကြသည်ချည်း ဖြစ်သည်။

နောက်ဆုံးမှ ရောက်လာကြသော ကိုထင်းနှင့် မြေခွေးနက်ကြီးတို့သာလျှင် အရက်သောက်ချိန်မရဘဲ ပြဿနာကို ဖြေရှင်းဖို့ ကြိုးစားနေခြင်းကြောင့် ဘရက်သောက်ဖို့ အချိန်မရခဲ့သည်မှာ ကံကောင်းသွားခြင်း ဖြစ်သည်။

မည်သို့ဆိုစေ ယဉ်ကြိုင်က ဒုက္ခပေးတော့မည်ဆိုလျှင် သူတို့နှစ်ယောက်ကို လည်း အလွတ်ပေးမည် မဟုတ်ပါ။

ချိန်ဟုတ်က စုမာဖုံးအား ခြေဆုံးခေါင်းဆုံး ကြည့်၏။

"မင်း ဘာမှမဖြစ်ဘူးနော်"

စုမာဖုံးက ...

"ဟုတ်ကဲ့ ... ဘာမှမဖြစ်ပါဘူး"

"ထူးဆန်းတယ်၊ တကယ်လို့ သူများတွေ အဆိပ်မိခဲ့ကြပြီး မင်းကျ အဆိပ်မမိဘူးဆိုရင်တော့ မင်းရဲ့ဆရာ လောကပါလသိုင်းသမားကြီးကို ကျေးဇူးတင်ရမှာ"

ချိန်ဟုတ်၏ စကားကြောင့် စုမာဖုံး ရယ်မောလိုက်လေသည်။

ကိုထင်းက ...

"သေချာနေပါပြီ၊ ရောက်လာတဲ့ ဧည့်သည်တွေကို အဆိပ်ခတ်ထားတဲ့ အရက်နဲ့ စားသောက်စရာတွေ ကျွေးမွေးဧည့်ခံခဲ့တာပဲ"



စုမာဖုံးက ...

"သည်မှာ ရောက်နေကြသူ အများစုဟာ သိုင်းပညာရှိကြပါတယ်၊ အဆိပ်ထားတယ်ဆိုရင် မရိပ်မိနိုင်ကြဘူးလား ခင်ဗျာ"

ချိန်ဟုတ်က ရှင်းပြလေသည်။

"အဆိပ်ဆိုတဲ့ သဘောက ထူးခြားတယ်၊ သိုင်းသမားတိုင်း အတွင်းအား လေ့ကျင့်ထားကြတော့ အဆိပ်က ရုတ်တရက် အစွမ်းမပြတတ်ဘူး၊ အချိန်ကြာလာတော့မှ အစွမ်းပြတတ်တာမျိုးလည်း ရှိတယ်၊ အခု ကြုံတွေ့နေရတာ သည်သဘောမျိုး ဖြစ်နိုင်တယ်"

"အဆိပ်ခတ်ထားတဲ့ အရက်နဲ့ အစားအစာတွေကို စားသောက်ပြီး ချက်ချင်း မထူးခြားပဲ အချိန်ကြာလာတာနဲ့အမျှ အဆိပ်အစွမ်း ပြလာမှ အဆိပ်မိပြီဆိုတာ သိရရင် အချိန်မနှောင်းဘူးလား"

"သေချာတာပေါ့၊ သိလိုက်တဲ့အချိန်မှာ အဆိပ်မိနေပြီဆိုတော့ ဘာမှမတတ်နိုင်တော့ဘူး"

ထိုစဉ် ကိုထင်း ခံပြင်းစိတ်ကို မထိန်းနိုင်ဘဲ အော်ပြောလိုက်သည်ကို ကြားရသဖြင့် ချိန်ဟုတ်နှင့် စုမာဖုံးတို့ စကားပြတ်သွားကြ၏။ ကိုထင်း၏ အသံကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

"ယဉ်ကြိုင် ခင်ဗျားအကြံ ဒါအကုန်ပဲလား"

ယဉ်ကြိုင် ရယ်မောလိုက်သည်။

"ဟုတ်ပါတယ်ကွာ၊ ကျုပ်ရဲ့ မိတ်ဆွေလည်း ရောက်လာပါပြီ"

အကြောင်းမသိသူများက ဟိုဟိုသည်သည် ကြည့်လိုက်ကြ၏။

မည်သူ့ကိုမှ မတွေ့ရပါ။

ယဉ်ကြိုင်က ...

"ခင်ဗျားတို့ လိုက်ရှာမနေကြပါနဲ့ဗျာ၊ ခင်ဗျားတို့ကို ဆုံးစေမယ့် ကျုပ်မိတ်ဆွေဟာ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ရောက်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာအရက် သောက်ခဲ့သူအားလုံး အဆိပ်မိနေကြပြီ ဖြစ်ကြောင်း ထုတ်ဖော်ကြေညာလိုက်ခြင်း ဖြစ်လေသည်။

ကိုထင်းက ...

"တော်တော် အကြံကြီးတဲ့ လူပဲ၊ ဒါပေမယ့် ကျုပ် ရောက်လာမယ်ဆိုတာကော စုထင်းဖုံးက အဆိပ်မကြောက်ဘူးဆိုတာကိုပါ ထည့်မတွက်မိသေးဘူး၊ ဒါဟာ ခင်ဗျားရဲ့ ချို့ယွင်းချက်တစ်ခုပဲ"

အရေးကြီးသော အချိန်အခါမျိုး၌ ချို့ယွင်းချက်တစ်ခုခု ရှိနေခဲ့လျှင် ရှုံးနိမ့်ခြင်း၊ ကျဆုံးခြင်းများနှင့် ကြုံတွေ့ရတတ်ကြောင်း လူတိုင်း နားလည်ထားကြပေတော့သည်။

ယဉ်ပြိုင်က ...

"တော်ရုံတန်ရုံ ကိစ္စကိုတော့ ကျုပ်ရဲ့ မိတ်ဆွေကို အားမကိုးဘဲ ကျုပ်ကိုယ်တိုင် ကြိုးစားအားထုတ်ရမှာပေါ့ဗျာ"

သူ့ထံတွင် ရှိနေသော ကင်းဆိပ်စား အားကိုးဖြင့် ပြောခြင်း ဖြစ်ပုံရ၏။

ကင်းဆိပ်စားဖြင့် ကိုထင်း စုမာဖုံးတို့အား ရင်ဆိုင်နိုင်မည်ဟု ယုံကြည်ထားပုံရသည်။

ကိုထင်းက ...

"ခင်ဗျား မတတ်နိုင်ပါဘူး၊ ခင်ဗျားရဲ့ မကောင်းတဲ့အကြံအစည်တွေကို ရပ်တန့်က ရပ်လိုက်ပါ၊ ဒါမှ မဟုတ်ရင် ခင်ဗျား ဒုက္ခရောက်သွားမှာကို ဘယ်သူမှ ကယ်တင်နိုင်ကြတော့မှာ မဟုတ်ဘူး"

စုမာဖုံး သက်ပြင်းချလိုက်၏။

ကိုထင်းသည် စိတ်လိုက်မာန်ပါမလုပ်ဘဲ ထိန်းထိန်းသိမ်းသိမ်း ရှိနေသည်။



ယဉ်ပြိုင်များယွင်းနေသော်လည်း အချိန်မီပြုပြင်ဖို့ အခွင့်အရေး ပေးနေသည်။

သိုင်းသမားကောင်းတစ်ယောက်ကဲ့သို့ ပြုမူကျင့်ကြံနေခြင်း ဖြစ်သည်။

ကိုထင်းမှာ အမှန်ပင် နောင်တရကာ ပြုပြင်လိုက်ပြီဟု တွေးမိ၏။

ယဉ်ပြိုင်ကား အပြောရခက်လှပေသည်။

"အမိုက်ကျေးရွာပိုင်ရှင်က ဘယ်လိုသဘောလဲဗျာ၊ ရောက်လာကတည်းက စကားတစ်လုံးမှ အကောင်းမပြောသေးပါလားဗျာ"

ကိုထင်းက ...

"ခင်ဗျား အဆိပ်ခတ်ပြီး အများကိုဒုက္ခပေးဖို့ကြံစည်တာကော ဘာပြောချင်သေးသလဲ"

"အို ... ကျုပ်မှ မဟုတ်တာ"

"နေပါဦး ... စောစောကပဲ ခင်ဗျားရဲ့မိတ်ဆွေဟာ အချိန်ကျရင် ရောက်လာပြီး ဒုက္ခပေးဖို့အားလုံးရဲ့ခန္ဓာကိုယ်ထဲမှာ ရောက်လာပြီလို့ ခင်ဗျားပဲ ပြောခဲ့သေးတယ်မဟုတ်လား"

"ကျုပ်ပြောမိလို့လား"

"ခင်ဗျာ ..."

ကိုထင်း ဒေါသထွက်သွားလေတော့သည်။

ချက်ချင်းပင် ယဉ်ပြိုင်အား ပြေးဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

စုမာဖုံး အချိန်မီ သတိပေးလိုက်ရလေသည်။

"ရွာပိုင်ရှင်ကြီး၊ အဆိပ်မိထားတဲ့လူတွေကို ငဲ့ညှာပါဦးဗျာ"

ကိုထင်းလည်း စိတ်လျှော့ကာ ရပ်တန့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူ တော်တော်ယုတ်မာတာပဲ"

စုမာဖုံးက...

"သိပ်လည်း စိတ်မပူပါနဲ့ခင်ဗျာ၊ ဖြေရှင်းနိုင်တဲ့နည်းလမ်း တစ်ခုတော့ ရှိမှာပါ"

ထိုစဉ်...

လေဟုန်စီးစွန်ရဲလုံယွမ်၏ အောက်ပေါက်သံထွက်ပေါ်လာ၏။

"ယဉ်ကြိုင် ခင်ဗျားဘယ်လိုအဆိပ်မျိုးအသုံးပြုထားတယ်ဆိုတာ ကျုပ်ကောင်းကောင်း ခွဲခြားနိုင်ခဲ့ပြီဆိုတာ မှတ်ထားပါ"

လုံယွမ်သည် ထိပ်တန်းသိုင်းပညာရှိသကဲ့သို့ ဆေးပညာနှင့် ပတ်သက်လျှင်လည်း ရင်းနှီးကျွမ်းဝင်သူဖြစ်သည်။

သမားတော်တစ်ယောက်နှင့်မခြား တော်ရုံရောဂါဝေဒနာကို သက်သာပျောက်ကင်းအောင် ကုသနိုင်စွမ်းရှိသည်။

သိုင်းလောက၌ အများဆုံးဖြစ်ပွားတတ်သော အတွင်းဒဏ် ထိခိုက်ဒဏ်ရာရမှုနှင့် အဆိပ်ဝေဒနာများအကြောင်း အထူးအားစိုက် လေ့လာထားသူဖြစ်လေသည်။

ယဉ်ကြိုင် ပခုံးတွန့်လိုက်သည်။

"ကျုပ်က အဆိပ်အသုံးပြုထားတယ် ဟုတ်လား"

"သေချာတာပေါ့"

ယဉ်ကြိုင် ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"ခင်ဗျားဟာ သိုင်းပညာသာမက ဆေးပညာပါ တတ်ကျွမ်း နားလည်တာ လူတိုင်းသိကြပါတယ်၊ အဆိပ်အကြောင်းကို ခွဲခြား သိနိုင်တာ ဘာဆန်းမှာမို့လို့လဲဗျာ"

"ကျုပ်အကြောင်း ခင်ဗျားသိထားရင် ပြီးတာပဲ"

လုံယွမ်က ချိန်ဟုတ်ဘက်သို့လှည့်လိုက်သည်။



"သူက အတွင်းအားယုတ်လျော့စေတဲ့ အဆိပ်ကို အသုံးပြုထား တာဗျ"

"ဟာ..."

ချိန်ဟုတ် လွှတ်ခနဲအော်လိုက်လေသည်။

သိုင်းပညာအသုံးပြုရာ၌ အတွင်းအားပညာက အဓိကပံ့ပိုး နိုင်စွမ်းရှိလေသည်။

အတွင်းအားကောင်းလျှင် တော်ရုံသိုင်းကွက်များပင်လျှင် ထက် မြက်မှု ရှိသွားတတ်လေသည်။

အတွင်းအားမရှိပါက အကောင်းဆုံးသိုင်းကွက်များ တတ် မြောက်ထားပါစေ ထိရောက်အောင်အသုံးပြုနိုင်လိမ့်မည် မဟုတ်ပါ။

သိုင်းလောကသားများသည် မိမိတို့အတွင်းအားထက်မြက်သည် ထက်ပို၍ ထက်မြက်လာအောင် ကြိုးစားအားထုတ်လေ့ရှိကြလေသည်။

အတွင်းအားယုတ်လျော့သွားမည်ကိုလည်း အလွန်ပင်စိုးရိမ် ပူပန်တတ်ကြသည်။

အတွင်းအားယုတ်လျော့ ပျောက်ကွယ်သွားလျှင် သိုင်းသမား ဟု ခံယူနိုင်တော့မည်မဟုတ်တော့ဘဲ သာမန်လူတစ်ယောက်နှင့် ထူးမခြားဖြစ်သွားမည် မဟုတ်လား။

သိုင်းလောကသားတိုင်း အတွင်းအားယုတ်လျော့သွားမည်ကို အလွန်စိုးရိမ်ပူပန်တတ်ကြောင်း နားလည်ထားသည့် စုမာဖုံး သဘော မကျနိုင်အောင် ဖြစ်သွား၏။

"တော်တော်ဆိုးတဲ့လူပဲ၊ ဒါထက် ဒီအဆိပ်မျိုးမှာ ဖြေဆေး ရှိတယ်မဟုတ်လား ခင်ဗျာ"

လုံယွမ်က...

"ရှိပါတယ်၊ ဒါပေမယ့် ချက်ချင်းပျောက်နိုင်တဲ့ဆေးက

www.burmeseclassic.com

www.burmeseclassic.com



အင်မတန်ရှားတယ်၊ စိတ် စိတ်ရှည်လက်ရှည်ကုရတဲ့ဝေဒနာမျိုးပါ၊ ဖြေဆေးသောက်ရတာတောင် ချက်ချင်းမပျောက်နိုင်ဘူးကွယ့်”

ဝှမာဖုံးက သေချာအောင် မေးလိုက်သည်။

“ချက်ချင်းမပျောက်နိုင်ဘူးဆိုတာ အတွင်းအားပြန်ပြီး ပြည့်ဝလာအောင် အနားယူစောင့်ဆိုင်းရတဲ့သဘောမျိုးလားဗျာ”

လုံယွမ် ခေါင်းညိတ်လိုက်၏။

“ဒါအမှန်ပဲ၊ ဖြေဆေးသောက်ပြီး အချိန်ပေးအနားယူရမယ်၊ ဒါဆိုရင် အတွင်းအား ပြန်ရလာမှာပါ”

အတွင်းအားမရှိလျှင် သိုင်းပညာအသုံးမချနိုင်ပါ။ သိုင်းသမားများ သိုင်းပညာ အသုံးမပြုနိုင်လျှင် ကင်းဆိပ်ခါး ရထားသည့် ယဉ်ကြိုင်က လုပ်ချင်ရာလုပ်နိုင်လိမ့်မည်ဖြစ်သည်။

ယဉ်ကြိုင်က အကြံပိုင်လှပေသည်။

အတွင်းအားလျော့သွားကာ သိုင်းပညာအသုံးမပြုနိုင်သေးသည့် သိုင်းသမားများအား ကင်းဆိပ်ခါးဖြင့် ချုပ်ကိုင်ကာ အကြပ်ကိုင်နိုင်ပေမည်။

သူ၏အကျိုးအတွက် လိုရာခိုင်းစေနိုင်လိမ့်မည်ဖြစ်လေသည်။

“ယုတ်မာလှချည်လား”

“ကျုပ်တို့ ခေါင်းငုံ့ခံနေမယ် ထင်သလား”

“အကြံဝက်စက်တဲ့ မားလောက်ကို ချေမှုန်းပစ်ရမယ်”

ဒေါသညည့်သိုင်းသမားများလည်း မခံမရပ်နိုင်ဖြစ်ကာ ဆူပူအုံကြွလေတော့သည်။

လုံယွမ်လည်း ပြောရင်း ဒေါသထွက်လာလေသည်။

“ယဉ်ကြိုင် ခင်ဗျားဟာ ကောင်းကင်သိုင်းသမားဆိုပြီး နာမည်တစ်လုံးနဲ့နေခဲ့တာပါ၊ ထိပ်သီးသိုင်း ငါးလက်ထဲမှာလည်း နာမည်



စာရင်းအသွင်းခံရသူပါ။ သိုင်းလောကတစ်ခုလုံး ခင်ဗျားကို လေးလေးစားစားရှိမယ်၊ ခင်ဗျားကတော့ အောက်လမ်းဆန်တဲ့နည်းလမ်းနဲ့ ဒုက္ခပေးဖို့ကြိုးစားတာ ကျုပ်လက်မခံနိုင်တော့ဘူး၊ ဒီကနေ့ ခင်ဗျားနဲ့ ပြတ်ပြတ်သားသား စာရင်းရှင်းရတော့မှာပဲ”

သူ့အား မည်သူမှ တားဆီးဖို့အချိန်မရလိုက်ချေ။

“ဟူး”

ရုတ်တရက်ခုန်ထွက်ကာ ယဉ်ကြိုင်နှင့် ရင်ဆိုင်လိုက်၏။

လက်တစ်ဖက်ဆန့်ထုတ်ကာ လက်ဝါးဖြင့်ရိုက်ချလိုက်ခြင်းဖြစ်လေသည်။

သူ၏လှုပ်ရှားမှုနှင့် တိုက်ကွက်က လျင်မြန်လွန်းလှပေတော့သည်။

ယဉ်ကြိုင်သည် ရှောင်ဖို့အချိန်မရလိုက်တော့ပါ။

ထို့ကြောင့်. . .

“ဟိတ်”

ညာသံတစ်ချက်ပေးကာ လက်ဝါးဖြင့်ပင် ဆီးကြိုရင်ဆိုင်လိုက်လေသည်။

“ဖျောင်း”

လက်ဝါးချင်း ပြင်းထန်စွာရိုက်မိသောအသံထွက်ပေါ်လာရလေသည်။ ထို့နောက် နှစ်ယောက်သား ဖြိုင်တူနောက်ဆုတ်သွားကြသည်ကို တွေ့မြင်လိုက်ရလေသည်။

❖ ❖ ❖

လုံယွမ်မှာ ခေသူမဟုတ်ပါ။

ယဉ်ကြိုင်သည်လည်း ထိပ်သီးသိုင်းငါးလက်၌ပါဝင်သူဖြစ်၏။

www.burmeseclassic.com



လုံယွမ်သည် ယဉ်ကြိုင်နှင့်တစ်ကြိမ် လက်ဝါးချင်းရင်ဆိုင်ခဲ့ပြီးပြီဖြစ်သည်။

ယဉ်ကြိုင်က မမှုခဲ့ပါ။

ယဉ်ကြိုင်၏ သိုင်းစွမ်းရည်ကို လုံယွမ် တအံ့တသြ ဖြစ်ခဲ့ရလေသည်။

သူတို့လူချင်းမဆုံမိခဲ့သည်မှာ အတန်ကြာခဲ့ပြီဖြစ်ပါသည်။

ဆယ်နှစ်ကျော်ခန့်ရှိပြီဟုပင် ဆိုနိုင်သည်။

ထိုဆယ်နှစ်အတွင်း ယဉ်ကြိုင်၏ သိုင်းပညာ ပို၍တိုးတက်လာပုံ ရှိလေသည်။

ယခု…

ယဉ်ကြိုင်က တိုက်ခိုက်လာပြီဖြစ်ရာ လုံယွမ် မပေါ့ဆဝံ့ဘဲ သတိကြီးစွာထားကာ ပြန်လည်တိုက်ခိုက်လိုက်ရ၏။

လက်ဝါးချင်းရင်ဆိုင်ရန် လက်တစ်ဖက်ကို မြှောက်လိုက်၏။

လုံယွမ်သည် ယဉ်ကြိုင်အား ယှဉ်နိုင်တော့ပါမည်လော…။

စုမာဖုံးသက်ပြင်းချလိုက်လေသည်။

"ဆရာကြီး လုံယွမ်၊ ခုချိန်မှာ စိတ်ကိုထိန်းပြီး အဆိပ်မိထားသူတွေကို အရင်ဆုံးကယ်တင်ကြတာ ပိုကောင်းပါလိမ့်မယ်ခင်ဗျာ"

သူက တားဆီးလိုက်သဖြင့် လုံယွမ်ကယှဉ်ပြိုင်ခြင်းမပြုတော့လျှင်လည်း ယဉ်ကြိုင်က ငြိမ်နေမည်မဟုတ်ဘဲ အခွင့်အရေးယူကာ ဆက်၍တိုက်ခိုက်လိမ့်မည်သာဖြစ်လေသည်။

ထို့ကြောင့်…

မယှဉ်ဘဲနေမည့် လုံယွမ်ထိခိုက်သွားဖို့သာရှိတော့သည်။

စုမာဖုံးက လုံယွမ်ကို ဟန့်တားပြီး လုံယွမ်ထိခိုက်မည်ကို လက်ပိုက်ကြည့်နေမည့်သူ မဟုတ်ပေ။



"ဟူး"

ရုတ်တရက်…

စုမာဖုံးသည် လုံယွမ်၏ရှေ့သို့ ရိပ်ခနဲရောက်သွားပြီး ယဉ်ကြိုင်နှင့် ရင်ဆိုင်လိုက်၏။

လုံယွမ်ကိုယ်စား ကြားဝင်ရင်ဆိုင်ပေးလိုက်ရခြင်းဖြစ်သည်။

စုမာဖုံး၏ရင်ဆိုင်ပုံကို တွေ့မြင်ရလျှင် အားလုံး ဟင်ခနဲ ဟက်ခနဲ ဖြစ်သွားကြလေသည်။

❖ ❖ ❖

စုမာဖုံးသည် လျှပ်ပြက်သကဲ့သို့ လျင်မြန်စွာပင် လုံယွမ်၏ရှေ့သို့ ရောက်ရှိသွားလေသည်။

သူက လုံယွမ်ကိုယ်စား ကြားဝင်လိုက်ခြင်းဖြစ်ပြီး ယဉ်ကြိုင်ကို တိုက်ခိုက်ခြင်းမပြုပါ။

ယဉ်ကြိုင်၏လက်ဝါးရိုက်ချက်ကို အရိုက်ခံလိုက်ခြင်းသာဖြစ်လေသည်။

စုထင်းဖုံး၏ အပြုအမူကြောင့် အားလုံး အထိတ်တလန့်ဖြစ်သွားကြလေတော့သည်။

စုထင်းဖုံးမှာ မိုက်ရူးရဲဆန်လွန်းလှပေသည်။

ရူးသွပ်နေသူတစ်ယောက်ပင် ထိုကဲ့သို့ပြုလုပ်လိမ့်မည် မဟုတ်ဟု လုံယွမ် တွေးလိုက်သည်။

ယဉ်ကြိုင်မှာ အတွင်းအားကောင်းပြီး သူ၏လက်ဝါးရိုက်ချက်အလွန်ပြင်းထန်နေကြောင်းလည်း နားလည်ထားလေသည်။

မှန်ပေသည်။ ယဉ်ကြိုင်၏လက်ဝါးရိုက်ချက်မှာ ကိ[illegible] မြန်ဆန်သည်။ ပြင်းထန်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းအားကိုလည်း အပြည့်အဝ အသုံးပြုထားခြင်းဖြစ်လေသည်။

သို့သော်...

ထိုပြင်းထန်လှသော လက်ဝါးရိုက်ချက်ကို စုမာဖုံးက လက်ဝါးဖြင့် တုံ့ပြန်ခြင်းမပြုဘဲ ခန္ဓာကိုယ်ဖြင့် ဆီးခံလိုက်ခြင်းဖြစ်နေသည်။

စုမာဖုံးအတွက် လုံ့ယွမ်မစဉ်းစားဝံ့အောင် ဖြစ်သွားလေသည်။

"မင်း ဘယ်လိုလုပ်လိုက်..."

စိုးရိမ်ပူပန်စွာ အော်ဟစ်ပြောလိုက်ရာ ထစ်ထစ်ငေါ့ငေါ့ဖြစ်နေတော့သည်။

သူ၏အော်ပြောသံမဆုံးမီ ယဉ်ကြိုင်၏လက်ဝါးက စုမာဖုံး၏ ခန္ဓာကိုယ်ပေါ်သို့ တည့်တည့်မတ်မတ်ကျရောက်သွားလေတော့သည်။

"ဝုန်း"

❖ ❖ ❖

ယဉ်ကြိုင်၏လက်ဝါးသည် စုမာဖုံးအား ထိထိမိမိ ရိုက်ချမိလိုက်ပြီဖြစ်ပါသည်။

ပြင်းထန်သော ရိုက်ချက်ဖြစ်၍ စုမာဖုံး၏ အဝေးသို့လွင့်စဉ်သွားတော့မည်လော...

သို့မဟုတ်...

အရိုးများ ကျေမွကာ ပုံလျက်သားလဲကျသွားမည်လော...

အားလုံး ကြက်သေ သေသွား၏။

ပါးစပ်အဟောင်းသား ဖြစ်သွား၏။

စုမာဖုံးတော့ သွားပြီဟု မှတ်လိုက်ကြ၏။

သို့သော်...



စုမာဖုံးက ဘာမှမဖြစ်ဘဲ ဒီအတိုင်း မလှုပ်မယှက်ရပ်နေ၏။ ယုတ်စွအဆုံး သူ၏အင်္ကျီစပင် လှုပ်ခတ်တွန့်ကြေသွားခြင်းမရှိပါချေ။

အားလုံး မယုံနိုင်အောင် ဖြစ်သွားကြပြန်လေတော့သည်။

ယခုတစ်ကြိမ်...

စုမာဖုံး ဘာမှမဖြစ်ခြင်းကြောင့် အံ့သြတကြီးဖြစ်သွားကြရခြင်းပင်။

လက်ဝါးခြင်းအရိုက်ခံရသည့် စုမာဖုံး ဘာမှမဖြစ်သော်လည်း လက်ဝါးဖြင့် အရိုက်ခံရသည့် စုမာဖုံး ဘာမှမဖြစ်သော်လည်း လက်ဝါးဖြင့်ရိုက်ချခဲ့သည့် ယဉ်ကြိုင်ကား ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားကာ မပျာကယာ နောက်ဆုတ်လိုက်ရလေတော့သည်။

မျက်စိမျက်နှာပျက်ကာ ထိတ်လန့်တကြားဖြစ်သွား၏။

နောက်သို့ ခြေသုံးလေးလှမ်းဆုတ်လိုက်ပြီးမှ အရှိန်သတ်ရပ်နိုင်ခဲ့တော့သည်။

စုမာဖုံး၏သိုင်းစွမ်းရည်ကား တွေ့မြင်ရသူအပေါင်း လက်ဖျားခါရလောက်အောင်ပင်။

လောကပါလာ သိုင်းသမားကြီးထံမှ ပညာကုန်ရခဲ့သည်မှာ အားလုံးအမြင်ပေါ်လွင်သွားလေသည်။

ဆရာကောင်းတပည့် ပန်းကောင်းပန်နိုင်ခဲ့ခြင်းဖြစ်ပါတော့သည်။

လူငယ်တစ်ယောက်က ထိပ်သီးသိုင်းငါးလက်၌ ပါဝင်သော သိုင်းသမားကြီးတစ်ယောက်၏ လက်ဝါးရိုက်ချက်ကိုခံနိုင်ရည်ရှိနေသည်မှာ ဩချစရာဖြစ်နေသည်။

ယဉ်ကြိုင်သည် ပါးစပ်အဟောင်းသားဖြင့် စုမာဖုံးအား ငေးကြည့်နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချိန်ဟုတ်သည် အခြေအနေ အချိန်အခါကိုကြည့်ကာ ကြားခင် ပြောလိုက်လေသည်။

"ယဉ်ကြိုင် ခုလိုအခြေအနေရောက်မှ ခင်ဗျားရဲ့အပြစ်တွေကို ဝန်ခံလိုက်တာကောင်းမယ်၊ ခင်ဗျား တောင်းပန်ရင် စုမာဖုံး နှင်လွှတ် လိမ့်မယ်၊ ဒါမှမဟုတ်ရင် ခင်ဗျားဒုက္ခရောက်ဖို့ပဲ ရှိတော့တယ်"

ယဉ်ကြိုင်ကို ဖျောင်းဖျကြည့်လိုက်ခြင်းဖြစ်သည်။

ယဉ်ကြိုင်ကသာ စိတ်လျှော့ချလိုက်လျှင် ကင်းဆိပ်ဓားနှင့် ပတ်သက်၍ အားလုံးစိတ်အေးသွားကြရလိမ့်မည်ဖြစ်ပါသည်။

ယဉ်ကြိုင် သတိဝင်လာ၏။

"ချိန်ဟုတ် ဘယ်လိုလဲဗျာ၊ ခင်ဗျားက စုမာဖုံးကို အထင် ကြီးလွန်းနေပြီ၊ သိုင်းလောကမှာ သူတစ်ယောက်တည်းရှိတာမဟုတ် ပါဘူး၊ ကျုပ်ကလည်း ထိပ်သီးငါးလက်စာရင်းထဲမှာ ပါဝင်နေပါ သေးတယ်ဗျာ"

သူ၏လေသံက စုမာဖုံးအား ရင်ဆိုင်နိုင်သည့်နည်းလမ်း ရှိထား ပုံမျိုးဖြစ်လေသည်။ ကိုထင်းကမူ...

"ယဉ်ကြိုင် ခင်ဗျားဖာသာဘာပဲဖြစ်ဖြစ် လုပ်ချင်ရာလုပ်ပြီး ကျုပ်အပေါ် အပြစ်ပုံချဖို့ကြံစည်ခဲ့တယ်ဆိုတာကိုတော့ ထုတ်ဖော် ဝန်ခံသွားမှဖြစ်မယ်၊ ဒါမှမဟုတ်ဘဲ စုမာဖုံးရဲ့လက်ချက်ကြောင့် ခင်ဗျားသေသွားရင် လူတွေ ကျုပ်ကို အထင်လွဲနေကြဦးမယ်"

သူ၏စကားကြောင့် ပြုံးသူပြုံးမိကြ၏။

ကိုထင်းက ဆက်ပြောသည်။

"ကင်းဆိပ်ဓားက သိုင်းလောကထဲရောက်အောင် ကျုပ်ပဲ သယ်ဆောင်လာခဲ့တာ၊ အစရှိရင်အဆုံးရှိရမယ်၊ ကင်းဆိပ်ဓားကို ကျုပ်ပဲပြန်ယူပြီး အဆုံးသတ်ပေးမယ်"



ယဉ်ကြိုင်က...

"ကြီးကျယ်လိုက်တာ၊ မြောက်ပိုင်း ကျေးပေ့ဟူက ကင်းဆိပ် ဓားကိုရှာဖွေပြီး ဖျက်ဆီးပစ်လို့ မှာခဲ့တာကို ခင်ဗျား ဆောင်ရွက်ပေး မယ် ကတိပေးပြီး တကယ်တမ်း ရလိုက်တော့ မဖျက်ဆီးဘဲ အမိုက် ကျေးရွာကိုယူသွားတာက ဘာသဘောလဲ၊ ခင်ဗျားအကျိုးအတွက် အပိုင်စီးချင်လို့ပဲမဟုတ်လား၊ ခင်ဗျားရဲ့အမှားကြောင့် ခုလိုပြဿနာ တွေရှုပ်ထွေးသွားရတယ်ဆိုတာ ဝန်ခံလိုက်စမ်းပါ"

ကိုထင်း သက်ပြင်းချလိုက်သည်။

"ကျုပ် ကိုယ်ကျိုးအတွက် အသုံးချချင်လို့ တမင်ယူသွားတာ မဟုတ်ဘူး၊ ကျုပ်ဟာ သိုင်းလောကသားတစ်ယောက်မို့ သိုင်းသမား တွေရဲ့စိတ်ဓာတ်နဲ့အကျင့်စရိုက်ရှိနေခဲ့တာပဲ၊ ဒီလောက်သတင်းကြီးတဲ့ ကင်းဆိပ်ဓားကို သေသေချာချာလေ့လာကြည့်လိုစိတ်ရှိခဲ့လို့ ဖျက်ဆီး မပစ်သေးဘဲ အမိုက်ကျေးရွာကိုယူသွားမိတာ၊ ဒီစကားအမှန်ပဲဆိုတာ ကျုပ်သစ္စာဆိုဝံ့တယ်"

"ဟား...ဟား...ဟား၊ မှသားသစ္စာဆိုတာမျိုးပေါ့ဗျာ"

ယဉ်ကြိုင် လှောင်ပြောင်ရယ်မောလိုက်လေသည်။

ကိုထင်းက ယဉ်ကြိုင်၏ မကောင်းမှုများကိုဖော်ထုတ်နေပေ သည်။

ထို့ကြောင့် ယဉ်ကြိုင်ကလည်း ကိုထင်းဒုက္ခရောက်အောင် မျိုးမျိုး ပြောနေပါတော့သည်။

သူတို့နှစ်ယောက်စလုံး၏ စကားများ သဘာဝကျကာ ကျိုး ကြောင်း ဆီလျော်နေသဖြင့် စုမာဖုံးတို့လူစုမှလွဲပြီး ကျန်သိုင်းလောက ရှိသည်များမှာ သို့လောသို့လော အတွေးများနေကြလေတော့ သည်။

www.burmeseclassic.com



ကိုထင်းသည် ကင်းဆိပ်မားကို ရလိုက်သည်နှင့် သိုင်းလောကအတွက် အန္တရာယ်ကြီးမှန်း နားလည်သဘောပေါက်ရမည်ဖြစ်ပါသည်။

လက်မနှေးဘဲ ဖျက်ဆီးပစ်ရမည်ဖြစ်ပါသည်။

ယခုတော့...

ကိုထင်းက ကင်းဆိပ်မားကို အမိုက်ကျေးရွာအထိ ယူသွားသဖြင့် နောက်ဆက်တွဲဆိုးကျိုးများ ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်သည်။

ကင်းဆိပ်မားနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော ကိစ္စတိုင်းတွင် ကိုထင်း၌တာဝန်ရှိနေသည်ဆိုနိုင်သည်။

ကိုထင်းသည် သိုင်းလောကအတွက် အပြစ်ရှိသူ၊ ပြဿနာဖြစ်လာအောင် ဖန်တီး မီးမွှေးခဲ့သူအဖြစ်ပေါ်လွင်လာအောင် ယဉ်ကြိုင်ပြောဆိုခဲ့ခြင်းကြောင့် သို့လောသို့လော အတွေးများကုန်ရခြင်း ဖြစ်ပါသည်။

စုမာဖုံးတို့လူစုကား ယဉ်ကြိုင်၏စကား ကိုထင်း၏စကားကိုပါ ယုံကြည်ထားကြလေသည်။

ကိုထင်းသည်သိုင်းလောကသားဘဝတလျှောက်လုံး ကျင်လည်ကျက်စားခဲ့သူဖြစ်ပါသည်။

သိုင်းသမားအကျင့်စရိုက်၊ သိုင်းသမားဓိဇများရှိနေသူသာ ဖြစ်သည်။

သိုင်းသမားဟူသည် သိုင်းပညာနှင့်ပတ်သက်လာလျှင် စိတ်ဝင်တစား ရှိတတ်ကြပေသည်။

ကင်းဆိပ်မားသည် ဆိုးကျိုးပေးစွမ်းနိုင်သော်လည်း သိုင်းပညာအရကြည့်လျှင် အလွန်ထူးခြားသော လက်နက်ဆန်း (ဝါ) ဓားတစ်လက်ဖြစ်နေသည်။



ထို့ကြောင့်...

ကင်းဆိပမား၏အစွမ်းကို ကိုထင်းသာမဟုတ်ဘဲ မည်သည့်သိုင်းသမားမဆို သိလိုကြမည်၊ စိတ်ဝင်စားကြမည်သာဖြစ်လေသည်။

ကိုထင်းစိတ်ဝင်စားမိသည်မှာ အပြစ်မဆိုသာပါချေ။

စုမာဖုံးတို့လူစုသည်လည်း သိုင်းလောကသားများဖြစ်ကြ၍ ကိုထင်းအား ကိုယ်ချင်းစာနာ နားလည်ကာ ခွင့်လွှတ်နိုင်ခဲ့ကြခြင်းဖြစ်ပါတော့သည်။

ကိုထင်း၏မျက်နှာ တည်ကြည်လေးနက်နေသည်။ ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသားဆုံးဖြတ်လိုက်ပုံမျိုး ဖြစ်သည်။

"ကောင်းပြီ၊ ကျုပ်ကြောင့် ကင်းဆိပ်မားရဲ့ နောက်ဆက်တွဲအကျိုးဆက်တွေဖြစ်ခဲ့ရတယ်၊ ကင်းဆိပ်မားကို ကျုပ်ကိုယ်တိုင်ရအောင်ယူပြီး အများရှေ့မှာဖျက်ဆီးပစ်ပါ့မယ်၊ ယဉ်ကြိုင် အေးအေးဆေးဆေးသာ ထုတ်ပေးလိုက်တော့၊ ဒါမှမဟုတ်ရင် ကျုပ် မင်းကိုတိုက်ခိုက်ရလိမ့်မယ်"

ယဉ်ကြိုင် ခေါင်းယမ်းလိုက်သည်။

"ကျုပ်ဆီမှာမရှိတာ ဘယ်လိုလုပ်ပေးရမလဲဟင်"

"ခင်ဗျား စကား အမျိုးမျိုးမပြောနဲ့"

ကိုထင်း ပိုပြီး ဒေါသထွက်သွား၏။

စုမာဖုံး သက်ပြင်းချမိသည်။

ခန်းမဆောင်ထဲရောက်ရှိနေသူအားလုံး သိုင်းသမားပီသစွာစကားကို အတည်ပြောကြသည်။

ယဉ်ကြိုင်တစ်ယောက်သာလျှင် ထိပ်သီးသိုင်းသမားကြီး ဟူသော ဂုဏ်ပုဒ်ကို မထောက်ထားဘဲ တစ်ခုမျိုး တော်ကြာတစ်မျိုးပြောနေပြီး စကားမတည်ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားယုံဖို့ခက်လှသည်။

ယဉ်ကြိုင်သည် ဒုက္ခပေးမည်သူဖြစ်သည်ဟု စုမာဖုံး စိတ်ဒုန်းဒုန်းချထားလိုက်လေသည်။

ယဉ်ကြိုင်သည် တဟားဟား ရယ်မောကာ ကိုထင်း၏စကားကို ပြန်လည်ချေပလိုက်လေသည်။

"ကိုထင်း ဒီပြဿနာကို ခင်ဗျားဖန်တီးတာလား၊ ကျုပ်ဖန်တီးတာလား၊ သိုင်းလောကသားတွေက ကျုပ်ကိုအထင်လွဲအောင်လုပ်ပြီး ခင်ဗျား ကိုယ်လွတ်ရုန်းထွက်ဖို့ကြိုးစားနေတာမဟုတ်လား၊ ကင်းဆိပ်ဓားလည်း ခင်ဗျားဆီမှာပဲ မဟုတ်လား"

တစ်ယောက်တစ်မျိုးပြောရင်း အခြေအနေပါရှုပ်ထွေးလာတော့သည်။ ကိုထင်းနှင့်အတူ လိုက်လာခဲ့ကြသည့် ညာလက်ရုံး ဖေယင်းနှင့် ဘယ်လက်ရုံး ဟထိတို့ ခံပြင်းနေကြလေသည်။

ဖေယင်းက ကိုထင်းကို ပြောလိုက်သည်။

"အစ်ကိုကြီး ဒီလူယုတ်မာနဲ့ စကားယှဉ်ပြောနေတာထက် လက်ချင်းယှဉ်လိုက်တာ ပိုကောင်းမယ်၊ သူ့ကိုဆုံးမပြီး အမှန်အတိုင်းဖွင့်ဟဝန်ခံအောင် လုပ်လိုက်ကြတာပေါ့"

ဘယ်လက်ရုံး ဟတိလည်း တိုက်ခိုက်မည်တကဲကဲဖြစ်နေ၏။

"ဟုတ်တယ် အစ်ကိုကြီး၊ မိန်းမတစ်ယောက်လို စကားမတည်တဲ့ ဒီလူကို သွားကျိုးအောင် ရိုက်နှက်ဆုံးမသင့်ပါတယ်"

ကိုထင်းကသာ သဘောတူလျှင် ယဉ်ကြိုင်ကို ချက်ချင်း တိုက်ခိုက်ကြမည်ဖြစ်လေသည်။

သို့သော်...

"ငါ့ညီတို့ သိပ်မပြောကြပါနဲ့ဦး၊ သူ့ အမှန်အတိုင်း ဝန်ခံလာအောင် လုပ်နိုင်တဲ့နည်းလမ်း ကျုပ်ဆီမှာ ရှိပါတယ်"



ကိုထင်း ဟန့်တားသဖြင့် ဖေယင်းနှင့် ဟထိတို့ အားမလိုအားမရဖြစ်သွားကြလေတော့သည်။

ကိုထင်း၏စကားကို မလွန်ဆန်လိုသဖြင့် မကျေမနပ်စိတ်ကို မျိုသိပ်ကာ ငြိမ်နေလိုက်ကြတော့သည်။

ကိုထင်းက ယဉ်ကြိုင်ကို စေ့စေ့ကြည့်လိုက်၏။

"ယဉ်ကြိုင် ကျုပ်သက်သေအထောက်အထားပြမယ်၊ ခင်ဗျားငြင်းနိုင်ငံ ငြင်းပေတော့"

ဟုလည်း စိန်ခေါ်လိုက်သည်။

တစ်ဆက်တည်းမှင် ဖေယင်းကိုပြောလိုက်လေသည်။

"ကဲ ငါ့ညီက အိမ်ဖော်မလေး ကျုံးဟိုကို သွားခေါ်ခဲ့ပါ"

ဖေယင်း ဦးညွှတ်လိုက်သည်။

"ကောင်းပါပြီ အစ်ကိုကြီး"

ဖေယင်းသည် ထွက်သွားရန်ဟန်ပြင်ပြီးမှ တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် ကိုထင်းကို ဦးညွှတ်ကာမေး၏။

"အစ်ကိုကြီး မမကိုကော ခေါ်ရမလား"

ကိုထင်း ခေါင်းညိတ်လိုက်၏။

သူလည်း ဖြေရှင်းချင်လို့ လိုက်လာမှတော့ ခေါ်လာခဲ့တာ ကောင်းပါတယ်"

" ဟုတ်ကဲ့ အစ်ကိုကြီး"

"ဖေယင်း"

"ဗျာ အစ်ကိုကြီး"

ကိုထင်းက တိုးကျပြတ်သားသော လေသံဖြင့်ပြော၏။

"မင်း အပြင်ကိုရောက်သွားရင် ထွက်ပေါက်မှန်သမျှ သေသေချာချာပိတ်ဆို့ထားဖို့နဲ့ ဟောဒီခန်းမဆောင်ကြီးထဲမှာရှိတဲ့ သိုင်းဆရာ

www.burmeseclassic.com



ကြီးတွေ မပြန်သေးဘဲ မားဂေဟာနဲ့ ကျောက်ဖြူတောင်ကုန်းက လူ မှန်သမျှ တစ်ယောက်မှ အပြင်ထွက်ခွင့်မပြုဘူးလို့ ကျုပ်အမိန့် ထုတ်တဲ့အကြောင်း ပြောပါ"

"ကောင်းပါပြီ အစ်ကိုကြီး"

ဖေ့ယင်း အလျင်အမြန်ထွက်သွားလေတော့သည်။

စုမာဖုံး၊ ချိန်ဟုတ်နှင့် ဟန်ရှောင်တို့ အချင်းချင်းကြည့်လိုက်ကြလေသည်။

ချိန်ဟုတ် ပြုံးလိုက်သည်။

"ကိုထင်းက ဆိုးတော့လည်း တကယ့်လူဆိုးပဲ၊ အခု ဂေဟာင်းသွားတော့လည်း ချီးကျူးစရာဖြစ်နေပြီ"

ဟန်ရှောင်က....

"အမိုက်ကျေးရွာကလူတွေ အပြင်ဘက်မှာ ဝိုင်းရံထားကြပုံရတယ်၊ ဒီအတိုင်းဆိုရင် ကိုထင်းက ယဉ်ကြိုင်ကို အလွတ်ပေးမှာ မဟုတ်ဘူး၊ ယဉ်ကြိုင်နဲ့ ပြတ်ပြတ်သားသား စာရင်းရှင်းဖို့ ကြိုတင်စီစဉ်ထားတာပဲ"

အမိုက်ကျေးရွာမှ လူများကား တိုက်ရဲခိုက်ရဲ သေရဲကြသော သိုင်းလူဆိုးများချည်း ဖြစ်လေသည်။

အမိုက်ကျေးရွာနှင့်ယှဉ်လျှင် မားဂေဟာနှင့် ကျောက်ဖြူတောင်ကုန်းမှ သိုင်းသမားအင်အားက ပိုများသွားမည်ဖြစ်သည်။

သို့သော်...

လူအားများခြင်းသာရှိပြီး အမိုက်ကျေးရွာမှ သိုင်းသမားဆိုးများကို ယှဉ်ပြိုင်နိုင်မည်မထင်ပေ။

တိုက်ပွဲဖြစ်ပွားလာပါလျှင် အမိုက်ဂေဟာမှ သိုင်းသမားဆိုးများသည် မားဂေဟာနှင့် ကျောက်ဖြူတောင်ကုန်းမှလူများအား



တစ်ယောက်မကျန် သုတ်သင်ရှင်းလင်းပစ်ကြလိမ့်မည်သာဖြစ်လေသည်။

ကိုထင်းသည် အမိုက်ဂေဟာမှ သိုင်းသမားဆိုးများကိုပါ ခေါ်ဆောင်လာခဲ့ပြီး မားဂေဟာအား အပြင်ဘက်မှ ဝိုင်းရံထားစေကြောင်း ပေါ်လွင်သဖြင့် ခန်းမဆောင်ထဲရောက်ရှိနေသော ဧည့်ပရိသတ်များပါ ဂနာမငြိမ်ဖြစ်လာကြ၏။

တိုက်ပွဲများဖြစ်ပေါ်လာလျှင် မည်သည့်ဘက်မှ ပါဝင်ရမှန်းမသိသေးမီ နှစ်ဖက်ညှပ်တိုက်ခိုက်ခံရမည့်အန္တရာယ်ကို တွေးမိကြ၍ဖြစ်သည်။

မည်သည့်ဘက်ကိုမှ ပါဝင်ခြင်းမပြုဘဲနေ၍လည်း သက်သာနိုင်မည်မဟုတ်ဘဲ နှစ်ဘက်တိုက်ပွဲကြား၌ ကြားညှပ်သွားမည်မှာ မလွဲဧကန်ပင်။

စုမာဖုံးတို့လူစုသည် ပြဿနာကို မဖြေရှင်းနိုင်မီ မားဂေဟာမှ သည်သူမှ ထွက်ခွာသွား၍မရနိုင်အောင် ကြိုတင်စီစဉ်ထားခြင်းကို သဘောကျသွားသော်လည်း မြေခွေးနက်ကြီးကား မနှစ်မြို့နိုင်အောင် ဖြစ်သွားလေသည်။

"ကိုထင်း ခင်ဗျားက ဘာသဘောလဲဗျ"

ဟု လှမ်းမေးလိုက်၏။

ကိုထင်း မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

မြေခွေးနက်ကြီးက...

"မားဂေဟာထဲက ဘယ်သူ့ကိုမှ အပြင်သွားခွင့်မပြုတာ ဘာသဘောလဲလို့မေးတာ"

"ဪ..."

www.burmeseclassic.com

www.burmeseclassic.com



ကိုထင်း ခေါင်းညိတ်လိုက်သည်။

"ဘယ်သူ့ကိုမှ ထွက်ခွင့်မပြုနိုင်ဘူးဆိုမှတော့ ရှင်းနေပြီပေါ့ဗျာ၊ ကင်းဆိပ်စား ပြဿနာကို မရှင်းနိုင်မချင်း ဘယ်သူမှထွက်သွားလို့ မရဘူး၊ ထွက်သွားဖို့ကြိုးစားတဲ့လူရှိလာရင် ကျုပ်က တားဆီးသွားမှာပဲ"

သူ၏သဘောထား ပေါ်လွင်နေသည်။

မြေခွေးနက်ကြီးလည်း ခပ်ပြတ်ပြတ်ပင် တုံ့ပြန်လေသည်။

"ကောင်းပြီလေ၊ ခင်ဗျားက ပြတ်သားနေမှ ကျုပ်ကလည်း ပြတ်သားရတော့မှာပေါ့ဗျာ"

ရင်ကော့ပြီး ထီးမထင်သည့်အသွင်ဖြင့် ဆက်ပြောလိုက်လေသည်။

"ကျုပ်က ကင်းဆိပ်စားအတွက် ဒီနေရာကိုရောက်လာခဲ့တာ၊ ကင်းဆိပ်စားကလွဲပြီး ဘာကိုမှ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးဆိုတာ တစ်ခါတည်းပြောထားလိုက်မယ်၊ ကင်းဆိပ်စားကို ကျုပ်ရယူတဲ့နေရာမှာ နှောင့်ယှက်တားဆီးယင်း ဘယ်သူ့ကိုပဲဖြစ်ဖြစ် ရန်သူလို့သဘောထားရလိမ့်မယ်၊ ဒါ ကျုပ်သဘောထားပဲ"

ကိုထင်း ပြုံးလိုက်သည်။

"ခင်ဗျားရဲ့ပြတ်သားမှုကတော့ ချီးကျူးစရာပါပဲ၊ ကျုပ်တစ်ခုတော့ ပြောပါရစေ"

"ပြောပါ"

"သိုင်းလောကမှာမဆိုထားနဲ့ ဒီခန်းမဆောင်လိုနေရာမျိုးလေးမှာတောင် ကင်းဆိပ်စားနဲ့ပတ်သက်ပြီး ခုတစ်မျိုး၊ တော်ကြာတစ်မျိုး အမျိုးမျိုးပြောနေကြတာ ခင်ဗျားကြားမှာပါ၊ မြင်တွေ့နေရမှာပါ"

မြေခွေးနက်ကြီး ခေါင်းညိတ်လိုက်၏။



" ဟုတ်တယ်၊ သဘောမကျစရာပဲ၊ အတော့်ကို စိတ်ရှုပ်ရှုပ်ထားပြီး သည်းခံနေရတာ"

ကိုထင်းက ..."

"ကင်းဆိပ်စား ထွက်ပေါ်လာတော့မှပဲ ဘယ်သူ့လက်ထဲမှာ တကယ်ရှိနေတယ်ဆိုတာ သိနိုင်တော့မှာပါ၊ ဒါကြောင့် အားလုံး မျက်မြင်ထွက်ပေါ်လာတဲ့ အချိန်အထိတော့ ခင်ဗျားသည်းခံပြီး စောင့်ကြည့်နေစေချင်ပါတယ်ဗျာ"

မြေခွေးနက်ကြီး စဉ်းစားခြင်းပင်မပြုဘဲ သဘောတူလိုက်၏။

"ကောင်းပြီလေ၊ ကင်းဆိပ်စားကို မမြင်ရသေးဘဲတော့ ကျုပ်က အရမ်းလုပ်မှာမဟုတ်ပါဘူး"

သူ၏စကားကြောင့် ကိုထင်း ရယ်မောလိုက်၏။

ခက်ထန်သော မြေခွေးနက်ကြီးလည်း အံ့သြစရာကောင်းအောင် ရယ်မောလိုက်လေသည်။

သူ၏ရယ်သံများ ခန်းမဆောင်ထဲလွင့်ပျံ့သွား၏။

ရယ်သံများကြောင့် ပျော်ရွှင်စရာကောင်းနေသည်ဟု ထင်ရ၏။

သို့သော် ...

ခန်းမဆောင်ကြီးသည် ပျော်စရာမကောင်းဘဲ စိတ်ပျက်စရာ၊ စိတ်ညစ်စရာကောင်းနေသည်ဟု အားလုံးနားလည်ထားကြလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com



## သက်သေ

ကိုထင်းနှင့် မြေခွေးနက်ကြီးတို့၏ ရယ်သံများ တဖြည်းဖြည်း တိတ်ဆိတ်ကွယ်ပျောက်သွားလေသည်။

နဂိုအတိုင်း ရှုပ်ထွေးနေသော အခြေအနေများ ပြန်လည်ဖြစ်ပေါ်လာလေသည်။

ကင်းဆိပ်ဓား ထွက်ပေါ်လာမချင်း ရှုပ်ထွေးနေဦးမည်သာ ဖြစ်လေသည်။

ရယ်သံများကွယ်ပျောက်သွားသည်နှင့် ခန်းမဆောင်ထဲ အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ရုတ်တရက် ခြေသံများ ထွက်ပေါ်လာသည်။

ဖေ့ယင်းက လူနှစ်ယောက်ကို ဦးဆောင်ကာ ခန်းမထဲ ဝင်ရောက်လာလေသည်။

အားလုံးသည် ဖေ့ယင်းခေါ်လာသူနှစ်ယောက်အား စိတ်ဝင်စားစွာ ကြည့်လိုက်ကြလေသည်။

ထိုလူနှစ်ယောက်အနက် တစ်ယောက်မှာ သီလရှင်ကြီးတစ်ပါး ဖြစ်ပြီး ကျန်တစ်ယောက်မှာ ငယ်ရွယ်သောမိန်းကလေးဖြစ်လေသည်။

ကိုထင်၏ အမိန့်အတိုင်း ဖေ့ယင်းခေါ်လာခဲ့ခြင်းပင်ဖြစ်သည်။

ဖေ့ယင်း ဦးညွှတ်လိုက်၏။

"ကျုံးဟိုကို ခေါ်လာပါ အစ်ကိုကြီး"



ကိုထင်းက . . .

"အပြင်ဘက်မှာကော . . ."

"ဟုတ်ကဲ့ . . . အမိန့်ထုတ်ထားပြီးပါပြီ၊ လူတစ်ယောက်မပြောနဲ့ ယင်ကောင်တစ်ကောင်တောင်မှ အစ်ကိုကြီးရဲ့ ခွင့်ပြုချက်မရဘဲ အပြင်ထွက်လို့ မရပါဘူး"

"ကောင်းပြီ"

ကိုထင်း ကျေနပ်သွားလေသည်။

ဖေ့ယင်းနှင့်အတူ လိုက်လာကြသည့် သီလရှင်ကြီးနှင့် မိန်းကလေးတို့အား စုမာဖုံးတို့က အကဲခတ်ကြည့်လိုက်ကြသည်။

သီလရှင်ကြီးကား ကိုထင်းနှင့် အသက်ချင်း မတိမ်းမယိမ်း ရှိပြီး တည်ကြည်သောရုပ်သွင်ရှိ၏။ ငယ်စဉ်က ချောမောလှပခဲ့သော အမျိုးသမီးတစ်ယောက် ဖြစ်ရမည်မှာ ထင်ရှားလေသည်။

ထိုသီလရှင်ကြီးသည် အမိုက်ကျေးရွာပိုင်ရှင် ကိုထင်း၏ ဇနီးသည် ယင်းလိန်ဖြစ်လေသည်။

ယင်းလိန်သည် အမုန်းဒေဝီဟူသော အမည်ဖြင့် သိုင်းလောကအား မွှေနှောက်ခဲ့ပြီး သိုင်းလောကတစ်ခုလုံးအား ဖိန့်ဖိန့်တုန်စေခဲ့သူဖြစ်ကြောင်း စီရှမ်းဆရာတော်တို့ မမေ့ကြပါချေ။

နောက်ပိုင်းတွင် အမုန်းဒေဝီ ယင်းလိန်က သိပ်မတွေ့ရတော့ဘဲ သိုင်းလောကမှ ပျောက်ကွယ်သွား၏။

ကိုထင်းပြောပြ၍သာ သူမလည်း နောင်တရပြီး မကောင်းမှုများ စွန့်လွှတ်လိုက်သည်။ မိမိကိုယ်ကိုပြုပြင်ကာ ဓာတ်မြုပ်နေခဲ့သည်ဟု သိကြရခြင်းဖြစ်လေသည်။

အမုန်းဒေဝီယင်းလိန်တစ်ယောက် သီလရှင်ဘဝသို့ ပြောင်းလဲသွားခြင်းကြောင့် အားလုံးအံ့သြနေကြပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းလိန်ရောက်လာလျှင် ချိန်ဟုတ်က ဦးဆုံးနှုတ်ဆက်လိုက်လေသည်။

"အစ်မကြီးယင်းလိန် နေကောင်းတယ် မဟုတ်လားဗျာ"

ယင်းလိန် ပြုံးလိုက်သည်။

"ဘယ်သူများလဲမှတ်တယ်...ဆရာကြီး ချိန်ဟုတ်ကိုး"

"ဟုတ်ပါဗျာ"

"ကျွန်မ နေကောင်းပါတယ်ရှင့်၊ ဆရာကြီးကော ကျန်းကျန်းမာမာပဲမဟုတ်လား"

"ဟဲ...ဟဲ...ကျုပ်က အမြဲတမ်းလှုပ်လှုပ်ရှားရှားလုပ်နေတော့ ချွေးထွက်ပြီး ကျန်းမာရေးကောင်းနေတာလား မသိပါဘူးဗျာ"

ယင်းလိန်က...

"ကျွန်မတို့မတွေ့ကြတာ ဆယ်နှစ်ကျော်လောက်ရှိပြီ ထင်ပါရဲ့"

"ဟုတ်ပါတယ်ဗျာ၊ ဒီအချိန်ကာလအတွင်းမှာ အပြောင်းအလဲတွေ တော်များများဖြစ်ပျက်သွားခဲ့တာပါပဲ"

ယင်းလိန်သည် မလှမ်းမကမ်း၌ ရှိနေသည့် လုံယွမ်နှင့် မြေခွေးနက်ကြီးကို လှမ်းကြည့်လိုက်၏။

လုံယွမ် ဦးညွှတ်လိုက်သည်။

"တျုပ်တို့ ပြန်ဆုံကြပြန်ပြီနော်"

ယင်းလိန် ရယ်မောလိုက်သည်။

"ဒါပေမယ့် အရင်က အခြေအနေမျိုးမဟုတ်တော့ပါဘူး၊ ရှင်လက်ခံတယ် မဟုတ်လား"

"လက်ခံပါတယ်ဗျာ၊ လက်ခံပါတယ်"

လုံယွမ်သည် လူထူးဆန်းကြီးတစ်ယောက်ဖြစ်ရကား တစ်ခါ



တရံ သိုင်းလောကအကျိုးပြုလုပ်ငန်းများကို စိတ်ပါလက်ပါဖြင့် သူမတူအောင် လုပ်ကိုင်ဆောင်ရွက်တတ်ပေရာ သိုင်းလောကသားများ အံ့ဩချီးကျူးခဲ့ရပေသည်။

ယင်းလိန်သည် အမုန်းအေဝိဘွဲ့ထူးဖြင့် ခင်ပွန်းသည်နှင့် ပခုံးချင်းယှဉ်ကာ သိုင်းလောက၌ သောင်းကျန်းခဲ့ရာ လုံယွမ်က ရင်ဆိုင်နှိမ်နင်းဖို့ ကြိုးစားခဲ့ဖူး၏။

သို့သော်...

သူတို့နှစ်ယောက် ထိပ်တိုက်တွေ့ပြီး သူသေကိုယ်သေ ရင်ဆိုင်ရခြင်းမျိုး မရှိခဲ့ပေ။

ယခုတော့...

လုံယွမ်သည် အခြေအနေကိုသိမြင်ပြီး ယင်းလိန်အပေါ် ရန်သူပမာ သဘောထားမရှိတော့ပေ။

ယင်းလိန်ကလည်း ယခင်ကလို အမုန်းစိတ်များမရှိတော့ပါချေ။

သူတို့ချင်း မိတ်ဆွေရင်းချာပမာ ပြောဆိုဆက်ဆံလာနိုင်ကြပြီဖြစ်လေသည်။

ထိုအချင်းအရာကိုကြည့်ပြီး စုမာဖုံး ကျေနပ်နေ၏။

သိုင်းလောကသားအချင်းချင်း စည်းလုံးညီညွတ်မှု ရှိကြပြီး အများအကျိုး တိုင်းပြည်အကျိုး ဝိုင်းဝန်းသယ်ပိုးထမ်းဆောင်ကြမယ်ဆိုရင် သိုင်းလောကကြီး ဘယ်လောက်အေးချမ်းသာယာသွားလိမ့်မလဲ"

ဟုလည်း တွေးတောနေမိလေသည်။

အမှန်အတိုင်းဆိုလျှင် စုမာဖုံးသည် ကင်းဆိပ်မားပြဿနာကို အမြန်ဆုံးဖြေရှင်းပြီးစီးသွားလိုစိတ်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



တိုင်းတစ်ပါးသားများသည် ကျူးကျော်နယ်ချဲ့ရန်ကြံစည်နေကြပြီး ပထမခြေလှမ်းအဖြစ် နယ်ခြားဒေသမှ သိုင်းသမားဆိုးများအား စည်းရုံးသိမ်းသွင်းကာ သိုင်းလောကအား ဖျက်ဆီးပစ်ရန် ကြိုးပမ်းအားထုတ်နေကြ၏။

တိုင်းတစ်ပါးသား နယ်ချဲ့များ၏အန္တရာယ်က ပို၍ကြီးမားနေသဖြင့် ကင်းဆိပ်မားပြဿနာကို ဖြေရှင်းပြီးသည်နှင့် နယ်ခြားသို့သွားကာ နယ်ချဲ့လက်ပါးစေသိုင်းသမားဆိုးများအား ချေမှုန်းနှိမ်နင်းရန် တာဝန်ရှိနေသည်။

စုမာဖုံးတွေးတောစဉ်းစားနေစဉ် မြေခွေးနက်ကြီး၏ နှုတ်ဆက်စကားသံ ထွက်ပေါ်လာသဖြင့် အံ့ဩသွားရ၏။

ယင်းအမိန့်ကို မြေခွေးနက်ကြီးသည်ပင် ဥပေက္ခာပြုမထားနိုင်ခဲ့ပေ။ မြေခွေးနက်က နှုတ်ဆက်လိုက်သည်မှာလည်း အကြောင်းရှိနေပါသည်။

ယင်းလိန်ဆိုးသွမ်းခဲ့စဉ်က အကျင့်စရိုက်တူနေသောကြောင့် သူတို့ချင်း မိတ်ဆွေများပမာ ဆက်ဆံခဲ့ဖူးကြသည် မဟုတ်ပါလား။

"နေကောင်းရဲ့နော်၊ ဒီကနေ့ ခင်ဗျားနဲ့တွေ့ရလိမ့်မယ်လို့ မမျှော်လင့်ခဲ့ဘူး"

ယင်းလိန်က...

"ဒေါင်ဒေါင်မြည်ပါပဲရှင်၊ ကျွန်မလည်း ရှင်ကျန်းကျန်းမာမာရှိတာကိုတွေ့ရလို့ ဝမ်းသာပါတယ်၊ ရှင်ခုချိန်အထိ မပြောင်းမလဲရှိနေသေးတာကိုလည်း အံ့ဩမိပါတယ်ရှင်"

သူမ၏စကား အဓိပ္ပာယ်ရှိနေသည်။

မြေခွေးနက်ကြီး မကောင်းမှုများ စွန့်လွှတ်ခြင်းမပြုရသေးသည်ကို ရည်ရွယ်ကာပြောလိုက်ခြင်းဖြစ်လေသည်။



မြေခွေးနက်ကြီး နားလည်မိသော်လည်း တမင်မသိကျိုးကျင်ပြုနေလိုက်လေသည်။

ယင်းလိန်သည် ကိုထင်းရှေ့သို့ရောက်သွားပြီး မေးလိုက်၏။

"အခြေအနေ ဘယ်လိုလဲ"

ကိုထင်း ခေါင်းခါယမ်းလိုက်၏။

ယင်းလိန်က...

"သူဝန်မခံသေးဘူး ဟုတ်လား"

"ဟုတ်တယ်"

ကိုထင်း ခံပြင်းနေသည်။

"သူက စကားမတည်ဘူး၊ ခုတစ်မျိုး တော်ကြာတစ်မျိုး လျှောက်ပြောပြီး အခြေအနေရှုပ်ထွေးအောင် လုပ်နေတယ်၊ ဒီကို ရောက်လာတဲ့လူတွေကိုလည်း အတွင်းအားယုတ်လျော့စေတဲ့ အဆိပ်နဲ့ ဒုက္ခပေးထားတယ်"

ယင်းလိန်သက်ပြင်းချလိုက်သည်။

"ကျွန်မရဲ့အမှားကြောင့် အခြေအနေရှုပ်ထွေးသွားခဲ့ရတာပဲ၊ သူခုလို ခေါင်းမာနေနိုင်တာ ကျွန်မအသုံးမကျလို့ ဖြစ်ရတာ"

သူမတွင် အမှားရှိနေသည်ကို ယူကြုံးမရဖြစ်နေပုံရှိလေသည်။

ကိုထင်း ဖျောင်းဖျလိုက်သည်။

"ပြီးခဲ့တဲ့ကိစ္စတွေ ပြောမနေပါနဲ့တော့၊ သူဝန်ခံလာအောင် မင်းကို ခေါ်ခိုင်းလိုက်တာ"

ယင်းလိန်က...

"ဒီအခြေနေရောက်မှ လွယ်လွယ်နဲ့တော့ ဝန်ခံမှာမဟုတ်ဘူး၊ ကျူးဟိုလေးရှိနေလို့ တော်သေးတာပေါ့ရှင်"

ကျူးဟိုဆိုသည်မှာ ယင်းလိန်နှင့်အတူပါလာပြီး နောက်ပါး၌

www.burmeseclassic.com

www.burmeseclassic.com



ခပ်ယိုယိုလေးရပ်နေသော အိမ်ဖော်မိန်းကလေးအားပြောခြင်းဖြစ်လေသည်။

အိမ်ဖော်မိန်းကလေးတစ်ယောက် ထူးထူးခြားခြား အရေးပါနေသည့်မှာ အဘယ်ကြောင့်ပါနည်း။

ကိုထင်းနှင့် ယင်းလိန်တို့ပြောဆိုနေကြသော စကားများကြောင့် အားလုံးက ကျူးဟိုမိန်းကလေးကို စိတ်ဝင်တစားကြည့်မိကြလေသည်။

ကျူးဟိုမိန်းကလေးမှာ အိမ်ဖော်မလေးဖြစ်သော်လည်း ချောမောလှပသူလေး ဖြစ်နေပါသည်။

သို့သော်...

သူမဘာစပေးအကြောင်းမလှဘဲ ဒုက္ခိတဖြစ်ခဲ့ပုံရ၏။

သူမ၏လက်တစ်ဖက်ကို မတွေ့ရဘဲ တွဲလောင်းကျနေသော အင်္ကျီလက်သာလျှင် ရှိနေသည်မဟုတ်လား။

ကိုထင်း ကျေနပ်စွာ ပြုံးလိုက်လေသည်။

"ကျူးဟို မိန်းကလေး ပါလာပြီဆိုတော့ သူတို့ငြင်းစရာ အကြောင်းမရှိတော့ဘူး"

ယင်းလိန်က...

"ဒီကိစ္စမှာ မားကျောက်ကို ဘေးဖယ်ထားလို့မရဘူး၊ သူလည်း ပါဝင်ဖြေရှင်းပေးမှ အားလုံးရှင်းရှင်းလင်းလင်းဖြစ်သွားမှာ"

သူမသည် ဝိရှမ်းဆရာတော်တို့လူစုအား တစ်ချက်လှမ်းကြည့်ပြီး စကားဆက်လိုက်လေသည်။

"ဝိရှမ်းဆရာတော်တို့က မားကျောက်ကို ဘယ်သူမှနှောင့်ယှက်လို့မရအောင် ကာကွယ်ပေးထားကြတာ မှန်သွားတယ်"

မားကျောက်မှာ မရှိလျှင်မဖြစ်သူတစ်ယောက်ဟု သူမ သဘောထားပုံရ၏။



မားကျောက် ဖြေရှင်းပေးလျှင် ယဉ်ကြိုင် သည်းမခံဘဲနေနိုင်တော့မည် မဟုတ်ဟု ယူဆထားပုံရှိလေသည်။

ကိုထင်းသည် သဘောတူလေသည်။

"ဟုတ်တာပေါ့၊ သူတို့သုံးဦးသုံးဖလှယ် ဖြေရှင်းကြတာ အကောင်းဆုံးပဲ"

ကိုထင်းနှင့် ယင်းလိန်တို့၏ အစီအစဉ်အတိုင်းဆိုလျှင် မားကျောက်ကို သွေးကြောဖွင့်ကာ လွှတ်ပေးလိုက်မှဖြစ်ပေမည်။

မားကျောက်အား မြေခွေးကြီးက သွေးကြောဖွင့်လာပါမည်လော။

ကိုထင်းနှင့် ယင်းလိန်တို့ စိတ်တိုင်းကျဆောင်ရွက်နိုင်ရန် ပါဝင်ကူညီရမည်လော။

ဝိရှမ်းဆရာတော်တို့သည် မားကျောက်အား မည်သို့မျှ မနှောင့်ယှက်နိုင်အောင် စောင့်ရှောက်ပေးရန် ကတိပြုထားကြလေသည်။

ယင်းလိန်က မားကျောက်ပါဝင်လာမှဖြစ်မည်ဟုပြောသော်လည်း မြေခွေးကြီး သဘောတူလျှင် ဝိရှမ်းဆရာတော်တို့အား မားကျောက်ကို ထုတ်ပေးဖို့ ခက်ခဲလေသည်။

မြေခွေးကြီး သဘောမတူခဲ့လျှင်...

ယင်းလိန်နှင့်ကိုထင်းကလည်း မားကျောက်ကို အရေးတကြီး ခေါ်ထုတ်လာကြလျှင်...

ဝိရှမ်းဆရာတော်တို့လူစုသည် ကတိအတိုင်း မားကျောက်ကို ကာကွယ်စောင့်ရှောက်ဖို့ ယင်းလိန်နှင့် ရင်ဆိုင်ရတော့မည်ဖြစ်သည်။

ထိုအချက်ကို တွေးတောစဉ်းစားမိလိုက်သဖြင့် စုမာဖုံး သက်ပြင်းအခါခါ ချမိတော့၏။

ချိန်ဟုတ် သတိပြုမိသွားပြီး မေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်လေး သက်ပြင်းချလှချည်လား၊ စိတ်ရှုပ်ထွေးစရာ ရှိနေပြီထင်တယ်"

စုမာဖုံးက...

"အဖြစ်အပျက်က ရှင်းရှင်းလင်းလင်း ဖြစ်သွားတော့မလို့နဲ့ ကွေ့ပတ်ပြီး ပြန်ရှုပ်ထွေးသွားတာကို စဉ်းစားမိလို့ပါ"

သူစဉ်းစားမိထားသည့်အတိုင်း ရှင်းပြလိုက်လေသည်။

ချိန်ပှတ်၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"အင်း...မောင်ရင်လေးပြောတာ သဘာဝကျတယ်၊ မြေခွေးနက်ကြီးကို ယုံစားလို့ရတာမဟုတ်ဘူး၊ သူ့အတွက် အကျိုးမရှိနိုင်ဘူးဆိုရင် ဘယ်သူဘာပြောပြော သူက ခက်ခဲမှာမဟုတ်ဘူး၊ သူသဘော မတူရင် ဝိရှမ်းဆရာတော်တို့အတွက် ခက်မယ်"

ကိုထင်း ယင်းလိန်တို့ဇနီးမောင်နှံနှင့် ဝိရှမ်းဆရာတော်တို့ လှုသိုက် ယှဉ်ပြိုင်တိုက်ခိုက်ရသည်အထိ အခြေအနေဆိုးဝါးသွားနိုင်ပေသည်။

သေသေချာချာ တွေးတောစဉ်းစားကြည့်မှသာ ထိုကိစ္စကို သိမြင်နိုင်လိမ့်မည်ဖြစ်လေသည်။

ယင်းလိန်အကဲခတ်လိုက်သည်နှင့် ဝိရှမ်းဆရာတော်ကို ဝိုင်းရံထားကြသည့်အလယ်တွင် မားကျောက် မလှုပ်မယှက်ရှိနေသည်ကို တွေ့သွား၏။

ယင်းလိန် မျက်မှောင်ကြုတ်သွားသည်။

"ဒီကောင့်ကို ဘယ်သူက သွေးကြောပိတ်ထားတာလဲ"

သူမ၏အသံ ကျယ်လောင်သွား၏။

တစ်ချက်ကြည့်လိုက်သည်နှင့် သွေးကြောပိတ်ခံထားရကြောင်း ဒက်ထိပြောနိုင်ရာ သူမ၏ပညာမခေကြောင်း ထင်ရှားလေသည်။



"ဟား...ဟား...ဟား"

မြေခွေးနက်၏ရယ်သံ ထွက်ပေါ်လာလေသည်။

ယင်းလိန်က မြေခွေးနက်ဘက် လှည့်လိုက်၏။

"ရှင့်လက်ချက်လား"

မြေခွေးနက် ဝန်ခံလေသည်။

"ကျုပ်ကလွဲပြီး ဘယ်သူရှိဦးမှာလဲ"

ယင်းလိန်က...

"ရှင့်ရဲ့ သွေးကြောပိတ်ပညာက သူများနဲ့မတူဘဲ ထူးခြားမှု ရှိတယ်လို့ပြောဆိုကြတာတွေကို ကျွန်မ ကြားခဲ့ဖူးတယ်"

မြေခွေးနက်က...

"သိပ်မှန်တာပေါ့ဗျာ"

ယင်းလိန်က...

"ရှင်သေချာရဲ့လားရှင်"

မြေခွေးနက် လက်ဖွေ့ယမ်းလိုက်၏။

"ကျွန်မက မသေချာဘဲပြောပါ့မလား၊ ဘာလဲ ခင်ဗျားမယုံဘူးလား"

ယင်းလိန်က...

"ဒီလောက် လူပြောများနေတာ ကျွန်မ မယုံလို့ ဘယ်ဖြစ်ပါ့မလဲရှင်၊ ဒါပေမယ့်..."

သူမစကား တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်သဖြင့် မြေခွေးနက်ကြီး မျက်မှောင်ကြုတ်သွားလေသည်။

"ဒါပေမယ့် ဘာဖြစ်သလဲ ပြောပါဦး"

ယင်းလိန်က...

"ကျွန်မကလည်း ဘယ်လိုသွေးကြောပိတ်ပညာမျိုးကိုမဆို

www.burmeseclassic.com

www.burmeseclassic.com



မမှုဘဲ ရအောင်သွေးကြောဖွင့်ပေးလိုက်တဲ့ပညာရှိနေတာကြောင့် ရှင့်ပညာ ဟန်ပါ့မလားလို့ တွေးနေမိတာပါရှင်"

မြေခွေးနက်ကြီး မခံမရပ်နိုင်အောင်ဖြစ်သွားလေသည်။

"ခင်ဗျားရဲ့ပညာ ဒီလောက်ကောင်းနေရင် ဘာကြောင့် လက်တွေ့မစမ်းသပ်ကြည့်သေးတာလဲ၊ ကိုယ့်ကိုယ်ကို မယုံကြည်ရာ ကျမှာကို မစိုးရိမ်ဘူးလား"

ပညာချင်းပြိုင် စိန်ခေါ်စကားပြောလိုက်လေသည်။

ယင်းလိန် ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ၊ ကျွန်မ လက်တွေ့စမ်းသပ်ကြည့်လိုက်ပါ့မယ်"

စကားဆုံးလျှင် ရှေ့သို့လှမ်းထွက်လိုက်လေတော့သည်။

❖ ❖ ❖

# ပညာပြိုင်ပွဲ

ကိုထင်းသည် ယဉ်ကြိုင်က ကင်းဆိပ်မား ရယူခဲ့သည်ဟု ဖော်ထုတ်ရင်း သက်သေအထောက်အထားအဖြစ် ဖနီးသည်နှင့် ကျူးဟိုမိန်းကလေးကို ခေါ်ယူလိုက်ပြီဖြစ်ပါသည်။

သက်သေခံမည့်သူများရောက်ရှိလာသဖြင့် ယဉ်ကြိုင် မျက်နှာ ဖျက်နေ၏။

ထိုအချိန်တွင်...

အံ့သြစရာကောင်းအောင်ပင် ယင်းလိန်၏ ဦးတည်ချက်ပြောင်း လဲသွားလေသည်။

ဝိရှမ်းဆရာတော်တို့ တာဝန်ယူထားသည့် မားကျောက်ဘက်သို့ မြားဦးလှည့်သွားသည်မဟုတ်ပါလား။

ယင်းလိန်က ဝိရှမ်းဆရာတော်တို့ထံသို့ လှမ်းသွားရန် ဟန်ပြင် လိုက်လေသည်။

ထိုစဉ်...

"ယင်းလိန်...မင်း သတိထားမှဖြစ်မယ်"

ကိုထင်း ကပျာကယာ လမ်းပိတ်ဟန့်တားလိုက်လေတော့ သည်။

ယင်းလိန်က...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက..."

"ဝိရှမ်းဆရာတော်တို့က အတွင်းအားဆက်တဲ့နည်းနဲ့ လက်ချင်းဆက်ပြီး အတွင်းအားစည်းဝိုင်းတားထားတာ၊ အကြောင်းမသိဘဲ ဝင်သွားယင် ဝိရှမ်းဆရာတော်တို့ ငါးယောက်ရဲ့ အတွင်းအားလှိုင်းဒဏ်ကို ခံရလိမ့်မယ်"

ယင်းလိန်က...

"ဂိုဏ်းချုပ်ကြီးတွေရဲ့ တစ်ဦးချင်းပညာတောင် ယှဉ်ဖို့ခက်ပါတယ်၊ ငါးယောက်ပေါင်းစပ်ထားတဲ့ အတွင်းအားလှိုင်းဒဏ်ကို ဘယ်လို သိုင်းသမားမျိုးက ခံနိုင်မှာတဲ့လဲရှင်"

ကိုထင်း ခေါင်းညိတ်လိုက်သည်။

"ဒါကြောင့် ညီမ သတိမထားဘဲ ဝင်သွားမှာစိုးရိမ်လို့ သတိပေးရတာ"

"ကျွန်မအတွက် မပူပါနဲ့ရှင်"

ယင်းလိန် ပြုံး၍ စကားဆက်လိုက်သည်။

"ကျွန်မ မလေးမစားမလုပ်ပါဘူး၊ အားလုံးနဲ့ တိုင်ပင်ဆွေးနွေးပြီး လုပ်ကိုင်ဆောင်ရွက်သွားမှာပါ၊ စိတ်ချပါရှင်"

ယခုမှ ကိုထင်းလည်း စိတ်အေးသွားရလေတော့သည်။

ယင်းလိန်အား ဆက်၍တားဆီးထားခြင်းမပြုတော့ဘဲ ဘေးဖယ်ပေးလိုက်သည်။

ကျင်းလိန်ကလည်း ဝိရှမ်းဆရာတော်တို့ထံသို့ ဆက်၍ လှမ်းသွားလိုက်လေသည်။

ဝိရှမ်းဆရာတော်တို့လူစုသည် တစ်ချိန်လုံး အကဲခတ်စောင့်ကြည့်နေခဲ့ကြပါသည်။



အပြောင်းအလဲများ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်လာသကဲ့သို့ အဖြစ်အပျက်ကလည်း တဖြည်းဖြည်း ရှင်းရှင်းလင်းလင်းဖြစ်လာသော ကင်းဆိပ်ဓားအန္တရာယ် မည်သို့ကာကွယ်ဖြေရှင်းရမည်ကို ကောင်းစွာ သဘောပေါက်လာကြလေသည်။

ကိုထင်းနှင့် ယင်းလိန်တို့ကို ကူညီမှဖြစ်မည်လည်း နားလည်ကြ၏။

ထို့ကြောင့်...

ယင်းလိန်ရောက်လာသည်အထိ စောင့်နေလိုက်ကြ၏။

ယင်းလိန်သည်လည်း သူတို့ရှေ့သို့ ရောက်လာကာ တစ်ခုံတစ်ခု တီးတိုးပြောလိုက်လေသည်။

ထို့နောက်...

ဝိရှမ်းဆရာတော်၏မျက်နှာ တည်ကြည်လေးနက်နေ၏။

ယင်းလိန်၏စကားကို နားထောင်ပြီးလျှင် ထူးခြားသော အသံတစ်ခုပြုလိုက်၏။

အဖွဲ့သားများအား အချက်ပေးလိုက်ခြင်းဖြစ်သည်။

ဤတွင်...

ချိန်ရသေ့ သိုင်းဆရာ ကျင်းထုံနှင့် သိုင်းမယ် ရှားလုဒ်တို့က ဆန့်တန်းထားသော လက်နှစ်ဖက် ပြန်လည်ရုပ်သိမ်းလိုက်ကြလေသည်။

အလွန်အန္တရာယ်များသော အချိန်လေးဖြစ်ပါသည်။

ယင်းလိန်နှင့် ဝိရှမ်းဆရာတော်တို့လူစု နားလည်မှုရသွားသည်နှင့် ပြင်းထန်သော တိုက်ပွဲကြီး ချက်ချင်းဖြစ်ပေါ်လာပေလိမ့်မည်။

www.burmeseclassic.com



ယခု...

ယင်းလိမ်နှင့် ဝိရှမ်းဆရာတော်တို့ နားလည်မှုရသွားသည်ဖြစ်၍ အားလုံး စိတ်သက်သာရာရရှိသွားကြလေတော့သည်။

မားကျောက်က အမှန်ကိုထုတ်ဖော်ဝန်ခံလိုက်သည်နှင့် ကိစ္စအားလုံး ပြီးပြတ်သွားလိမ့်မည်ဖြစ်ပါသည်။

သို့သော်...

ယခုအချိန်ထိအောင် မထင်မှတ်သော ကိစ္စများကဖြစ်ပေါ်နေဆဲပင်။

ဝိရှမ်းဆရာတော်တို့အတွင်းအားစည်းဝိုင်းကို ရုပ်သိမ်းဖို့ ဟန်ပြင်လိုက်စဉ်မှာပင် ထူးခြားသောဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာလေတော့သည်။

"ဟူး"

အဝတ်အစား လေတိုးသံများထွက်ပေါ်လာသည်။

လူရိပ်တစ်ခုသည် ဝိရှမ်းဆရာတော်တို့ထံသို့ ရိပ်ခနဲ ခုန်ဝင်သွားသည်ကို တွေ့မြင်လိုက်ကြရလေတော့သည်။

❖ ❖ ❖

"ဟူး...ဟူး"

အဝတ်အစားလေတိုးသံများနှင့်အတူ လူရိပ်တစ်ခုသည် ဝိရှမ်းဆရာတော်တို့ထံသို့ ခုန်ဝင်သွားလေသည်။

ကျောက်ဖြူတောင်ကုန်းပိုင်ရှင် ရီလုံဖြစ်ပါသည်။

ရီလုံသည်လည်း တစ်ချိန်လုံးအကဲခတ်ကြည့်နေခဲ့ပြီး အခွင့်အရေးပေါ်လာသည်နှင့် ယင်းလိမ်ထက် အရင်လက်ဦးအောင် ခုန်ဝင်



သွားပြီး မားကျောက်အား ကယ်တင်ဖို့ကြိုးစားလိုက်ခြင်းဖြစ်လေသည်။

ယဉ်ကြိုင်နှင့်ပေါင်းသင်းပြီး ရီလုံသည်လည်း စိတ်မချရသူတစ်ယောက်ဖြစ်လာလေတော့သည်။

ရီလုံသည် မားကျောက်အား ကယ်တင်ရန် အလစ်အငိုက်ကြိုးစားလိုက်သည်ကို ရုတ်တရက် မည်သူမျှမဟန့်တားနိုင်အောင်ဖြစ်သွားကြလေသည်။

ရီလုံ၏လက်ထဲ မားကျောက်ပါသွားတော့မည်လော။

မားကျောက်အား ရီလုံ ယဉ်ကြိုင်တို့ ရရှိသွားပါက ကင်းဆိပ်မားကိစ္စ ဖြေရှင်းဖို့ ပို၍ခက်ခဲသွားတော့မည်ဖြစ်ပါသည်။

"တင်..."

"ဟာ..."

အားလုံး တအံ့တဩဖြစ်သွားကြ၏။

လူတစ်ယောက်သည် မည်သည့်အချိန်ကရောက်ရှိလာမှန်းမသိ ဝိရှမ်းဆရာတော်တို့အနီးသို့ ရောက်ရှိလာကာ ရီလုံကို ဟန့်တားလိုက်လေသည်။

ထိုလူနှင့် ရီလုံတို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလေသည်။

"ယား..."

"ဝုန်း..."

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေတော့သည်။

ရီလုံ၏ခန္ဓာကိုယ်သည် လျှော့ကြီးဖြင့် ဆွဲလိုက်သည့်အလားနောက်ပြန်လွင့်စဉ်သွားခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရိလုံသည် စားသောက်ဖွယ်ရာ ဟင်းခွက်များရှိနေသည့် စားပွဲရှည်ကြီးပေါ်သို့ ခြေပစ်လက်ပစ်ပြုတ်ကျသွားတော့သည်။

သူ၏တစ်ကိုယ်လုံး နာကျင်ကာ ရုတ်တရက်ပြန်ထမလာနိုင်တော့ဘဲ...

"ဝုန်း"

"ခွမ်း...ခွမ်း"

ပန်းကန်ခွက်ယောက်များ ကွဲကျေကုန်၏။

ဟင်းရည်ဟင်းဖတ်များသည်လည်း ရိလုံ၏တစ်ကိုယ်လုံး ပေကျံသွားလေတော့သည်။

ရိလုံ၏အဖြစ်မှာ ကြောက်စရာမကောင်းဘဲ ရယ်စရာကောင်းနေတော့သည်။

ရိလုံ လွင့်စဉ်သွားပြီးမှ မည်သို့ဖြစ်ပျက်ခဲ့ကြောင်း ရှင်းလင်းစွာ ပေါ်ပေါက်လာ၏။

စုမာဖုံးသည် ဝိရှမ်းဆရာတော်တို့၏စည်းဝိုင်းထဲ၌ ရောက်နေသည်။

ရိလုံ၏ကြိုးစားမှုကို အချိန်မီဟန့်တားကာကွယ်လိုက်သူမှာ စုမာဖုံး ဖြစ်လာသည်။

စုမာဖုံးသည် အတွင်းအားပါသော လက်ဝါးကို ရိလုံမယှဉ်နိုင်ခဲ့ပါချေ။

အခြေအနေဆိုးဝါးမသွားရလေအောင် စုမာဖုံးက အချိန်မီကြားဝင်လိုက်ခြင်းဖြစ်ပါသည်။

ချိန့်ဟုတ်နှင့် လုံယွမ်တို့ သက်ပြင်းချလိုက်၏။

စုမာဖုံး သူတို့ရှေ့၌ရှိနေပြီး ဘယ်အချိန်က ဘယ်လိုခုန်ထွက်သွားသည်ကိုပင် သူတို့ မသိနိုင်ခဲ့တော့ချေ။



"လောကပါလ သိုင်းသမားကြီးရဲ့ တပည့် ပီသပါပေတယ်"

"စုမာဖုံးလို လူငယ်လူရွယ်မျိုး ဒီတစ်ခါပဲတွေ့ဖူးသေးတယ်၊ ရှားမှရှားပါပဲ"

နှစ်ယောက်သား မချီးကျူးဘဲ မနေနိုင်အောင်ဖြစ်သွားကြတော့သည်။

ယင်းလိန်သည် စုမာဖုံးအား လှမ်းကြည့်၏။

စိတ်ဆိုး ဒေါသထွက်ပုံမျိုး ရန်လိုပုံမျိုးမဟုတ်ဘဲ ကျေးဇူးတင်သည့်အကြည့်ဖြင့် ကြည့်လိုက်ခြင်းဖြစ်သည်။

တစ်ဆက်တည်းမှာပင်...

"သူငယ် မင်းကိုကျေးဇူးတင်ရမှာပဲ၊ ကျုပ်က လောကြီးနေတော့ ရိလုံအမြတ်ထုတ်ဖို့ အချိန်ရသွားတယ်၊ မင်းသာ ဝင်မကူရင် အခြေအနေ တစ်မျိုးပြောင်းသွားမှာ သေချာတယ်၊ ကျေးဇူးပါပဲ"

ကိုထင်းက...

"ညီမ သူဟာ သာမန်မဟုတ်ဘူး၊ နန်းတွင်းရဲ့ တာဝန်ပေးအပ်ခြင်းခံရတဲ့ သိုင်းလုလင်စုမာဖုံးပဲ၊ လောကပါလ သိုင်းသမားကြီး ပိုင်ပုရှောင်ရဲ့တပည့်ရင်းလင်းဖြစ်တယ်"

ဟု လှမ်းပြီး ရှင်းပြလိုက်၏။

စုမာဖုံးအပေါ် အထင်အမြင်လွဲမှားကာ ရင်ဆိုင်ဖို့ကြိုးစားမိပါက နောက်ဆက်တွဲဆိုးကျိုးများဖြစ်ပေါ်လာနိုင်ခြင်းကြောင့် အချိန်မီသတိပေးလိုက်ခြင်းဖြစ်သည်။

ယင်းလိန်သည် စုမာဖုံးအား ခြေဆုံးခေါင်းဆုံးကြည့်၏။

"လက်စသတ်တော့ သိုင်းလောကမှာ နာမည်ကြီးနေတဲ့ စုမာဖုံးဆိုတာ မင်းကိုး၊ ကျုပ် အနောက်ပိုင်းကို ရောက်ခဲ့တုန်းက အတော်

www.burmeseclassic.com

www.burmeseclassic.com



ကို ထက်မြက်တဲ့ လူငယ်တစ်ယောက်ကို တွေ့ဖူးတယ်၊ သူ့ကို စုမာဖုံးလို့ ထင်ခဲ့မိတာ နောက်ကျမှ စုမာဖုံး မဟုတ်ဘဲ လီယောဆိုတဲ့ လူငယ်ဖြစ်နေတာ သိခဲ့ရတယ်၊ ခုတော့ စုမာဖုံးနဲ့ ဆိုက်ဆိုက်မြိုက် ဆုံရပြီပေါ့"

စုမဖုံး ဦးညွှတ်လိုက်သည်။

"ကျွန်တော်လည်း ခေါ်ခေါ်နဲ့ ခုလို မမျှော်လင့်ဘဲ တွေ့ဆုံခွင့် ရတာ ဝမ်းသာဂုဏ်ယူလို့ မဆုံးပါဘူး ခင်ဗျာ"

ယင်းလိန်က ...

"မင်းရဲ့ ဆရာဟာ ကျုပ်တို့ ဖနီးမောင်နှံရဲ့ ကျေးဇူးရှင်ပါပဲ"

သူမသည် ရင်ထဲမှ စကားကို လှိုက်လှိုက်လှဲလှဲ ပြောလိုက်လေသည်။

"မင်းရဲ့ပညာဟာ ကိုယ့်အတွက် ဘာမှ လိုလေသေးမရှိတဲ့ အပြင် တခြားလူကိုတောင် ကူညီနိုင်ပါသေးတယ်၊ ဒါပေမယ့် မင်း အတွက် အခက်ကြုံစရာရှိရင် ကျုပ်နဲ့ ကိုထင်းတို့ နှစ်ယောက်စလုံး က မင်းအတွက် အသက်စွန့်ကူညီဖို့ အသင့်ပါပဲ"

စုမဖုံး ကျေနပ်သွားလေသည်။

ယခုအချိန်တွင် သူ့အပေါ် တကယ်တမ်း အကောက်ကြံလို သူမှာ မြေခွေးနက်ကြီးသာ ရှိလေသည်။

ယင်းလိန်၏ စကားမှာ မြေခွေးနက်ကြီးအား ပြတ်ပြတ်သား သား ရင်ဆိုင်သွားမည်ဟု အဓိပ္ပာယ်သက်ရောက်နေပေသည်။

စုမာဖုံး ဦးညွှတ်လိုက်သည်။

"ကျွန်တော့်အပေါ် စေတနာထားတာသိရလို့ ကျေးဇူးတင်ပါ တယ်၊ ဝမ်းသာဂုဏ်ယူပါမိပါတယ် ခင်ဗျာ"



ရိုလုံက မားကျောက်ကို ကယ်ထုတ်ဖို့ ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပါချေ။

မားကျောက်သည် စုမာဖုံးတို့၏ လက်တွင်းမှာပင် ရှိနေသည် ဟု ဆိုနိုင်သည်။

မောက်ထင်းရဲသည် မားကျောက်ကို သွေးကြောပိတ်ထားသော် လည်း မပိုင်တော့ဘဲ လက်လွှတ်ဆုံးရှုံးလိုက်ရသည့် အခြေအနေမျိုး ရှိနေသည်။

မားကျောက် သွေးကြောပွင့်သွားပြီး လှုပ်ရှားလာနိုင်ကာ အမှန်ကို ထုတ်ဖော်ဝန်ခံလိုက်လျှင် အခြေအနေ မကောင်းနိုင်ကြောင်း ယဉ်ကြိုင်တွေးနေ၏။

အားလုံးသည် အတွေးကိုယ်စီဖြင့် စိတ်လှုပ်ရှားနေကြပါတော့ သည်။

ယင်းလိန် ပြုံးလိုက်သည်။

"မြေခွေးနက်ကြီးက သူ့ရဲ့သွေးကြောပိတ်ပညာဟာအကောင်း ဆုံး ဖြစ်တယ်လို့ ဝင့်ကြွားနေတာပါ၊ မောင်ရင်ကော ဘယ်လိုသဘော ရသလဲ"

စုမာဖုံးက ...

"ပြောနေတာထက် ဘယ်သူ ပညာပိုကောင်းတယ်ဆိုတာ လက်တွေ့ပြလိုက်တာ ပိုကောင်းမယ်လို့ ထင်ပါတယ်"

"ဟင်း ... ဟင်း ... မှန်လိုက်လေ"

သူမ ရှေ့တိုးလိုက်လေသည်။

စုမာဖုံးနှင့် ဝိရှမ်းဆရာတော်တို့ လူစု အသာအယာ နောက် ဆုတ်ပေးလိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေခွေးနက်ကြီးနှင့် ယဥ်ကြိုင်တို့က မျက်တောင်မခတ် ကြည့်နေကြ၏။

ယင်းလီန်သည် မားကျောက်အနီးသို့ ရောက်သွား၏။

"ကဲ ... လှုပ်ရှားလိုက်စမ်း"

,,ဟု ငေါက်ကာ မားကျောက်၏ ရှင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်လေတော့သည်။

(ပထမပိုင်းပြီး၏)

တက္ကသိုလ် ဝင်းကြွယ်

www.burmeseclassic.com

www.burmeseclassic.com

## မရှောင်သာပြီ

မားဂေဟာမှ ဈေးစပ်ကြောင်းလမ်းပွဲသည် သိုင်းလောကသားတို့၏ ပြဿနာ ဖြေရှင်းပွဲကြီး တစ်ခုအသွင် ပြောင်းလဲသွားခဲ့လေသည်။

အေးစိမ့်သော ညာလေများ တိုက်ခတ်တိုးဝင်လာ၏။

ညဥ့်နက်ပြီ ဖြစ်သည်။

မားဂေဟာ ဧည့်ခန်းမဆောင်ကြီး အတွင်း၌ မီးရောင်များ ထိန်ထိန်လင်းကာ နေ့ဘက်နှင့်မခြားပေ။

မီးလင်းထိန်နေခြင်းကြောင့်လည်းကောင်း၊ ခန်းမဆောင်ထဲမှ အဖြစ်အပျက်များသည် အလွန်စိတ်ဝင်စားဖွယ် ကောင်းနေခြင်းကြောင့် လည်းကောင်း ညဥ့်နက်လာပြီ ဖြစ်သည်ကို သတိမထားမိနိုင်ကြအောင်ပင်။

ယင်းလိန်သည် မားကျောက်အနီးသို့ ရောက်ရှိသွားပြီး မားကျောက်၏ ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်သည့် သူမ၏ လက်ဝါးရိုက်ချက်မှာ အစွမ်းအားပါပြီး ပြင်းထန်လှသည်။

လက်ဝါးရိုက်ချက်ကြောင့် မားကျောက်ဒုက္ခရောက်သွားမည်ဟုပင် ထင်ရလေသည်။

သို့သော် မားကျောက် ဒုက္ခမရောက်ဘဲ သွေးကြောပွင့်ကာ လှုပ်ရှားလာနိုင်တော့မည်ဟု အနီးတွင်ရှိနေသည့် စုမာဖုံး ယုံကြည်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းလိန်ကလည်း အမှုမထားတော့ဘဲ လှုပ်ရှားစကားပြောလာနိုင်ပြီဖြစ်သော မားကျောက်ဘက်သို့ လှည့်လိုက်လေသည်။

မားကျောက်ကို စေ့စေ့ကြည့်လိုက်သည်။

"မင်း ... ငါ့ကို မှတ်မိတယ် မဟုတ်လား"

မားကျောက်သည် ယင်းလိန်ကို ကောင်းစွာ သိနေပါ၏။

ယင်းလိန်ကိုမြင်လျှင် အဆိပ်ပြင်းလှသော မြွေဟောက်တစ်ကောင်ကို တွေ့မြင်လိုက်ရသည့်ပမာ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

"ခင် ... ခင်ဗျား ..."

ယင်းလိန်က ...

"ငါ့ကို သိသလားမသိဘူးလား ... ပြောစမ်း"

ခပ်ထန်ထန် အော်ငေါက်လိုက်သည်။

မားကျောက် တုန်တုန်ယင်ယင် ဖြစ်နေ၏။

"ကျွန် ... ကျွန်တော် ..."

ထိုစဉ် ...

"အဟမ်း ..."

ယဉ်ကြိုင်၏ ချောင်းဟန့်သံ ထွက်ပေါ်လာလေသည်။

မားကျောက် ချက်ခြင်းပါးစပ်ပိတ်သွားလေသည်။

ယင်းလိန်က ယဉ်ကြိုင်ကို မျက်စောင်းထိုးလိုက်၏။

တဖန် ...

"မားကျောက် ... ငါမေးတာ မပြောဘူးဆိုရင် တစ်သက်လုံး မင်း လှုပ်ရှားလို့မရအောင် စကားပြောလို့ မရအောင် သွေးကြောပိတ်ထားလိုက်မယ်၊ ဘယ်လိုလဲ ..."

မားကျောက် မျက်လုံးပြူးသွားတော့သည်။



ယင်းလိန်က ...

"မင်းဟာ တိုးတက်ဖို့ အလားအလာရှိတဲ့ လူငယ်လေးတစ်ယောက်ပါ၊ အသက်ရှင်လျက် မလှုပ်ရှားနိုင် စကားမပြောနိုင်ဘဲ ဘဝ သေသွားတာမျိုး မဖြစ်သင့်ဘူး၊ ဒါပေမယ့် သည်အဖြစ်မျိုးကို မင်းလိုလားတယ် ဆိုရင်တော့ ငါ ကူညီပါ့မယ်"

မားကျောက် ခေါင်းငုံ့သွား၏။

ယင်းလိန်က ကို့ထင်းနှင့် ကျူးဟို မိန်းကလေးတို့ဘက်သို့ လှည့်လိုက်လေသည်။

ကို့ထင်းသည် ယင်းလိန်၏ သဘောကိုရိပ်မိပြီး ကျူးဟိုကို အမိန့်ပေးလိုက်သည်။

"ကျူးဟို ... မင်းသွားလိုက်ပါ"

ကျူးဟို ဦးညွှတ်လိုက်သည်။

"ကောင်းပါပြီ သခင်ကြီး ..."

ချက်ခြင်းပင် ယင်းလိန်ထံသို့ လှမ်းသွား၏။

ယင်းလိန်က ...

"ညည်း ... သူ့ကို သိတယ် မဟုတ်လား"

ကျူးဟို မိန်းကလေး ခေါင်းညိတ်၏။

"သိပါတယ် သခင်မကြီး ..."

ယင်းလိန်က ...

"သူကတော့ ညည်းကို မသိသလိုပါပဲလား"

ကျူးဟိုက မားကျောက်ကို ကြည့်လိုက်၏။

သူမ ဝမ်းနည်းကြေကွဲလာလေသည်။

မျက်ဝန်းအစုံမှ မျက်ရည်များလည်း ပါးပြင်ပေါ် တလိမ့်လိမ့် စီးကျလာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုရယ် ... အစ်ကိုကြောင့် ကျွန်မ ဒုက္ခတာဘ၀ ရောက်ခဲ့ရတာယ်၊ အစ်ကိုကတော့ နေနိုင်လိုက်တာနော်၊ ကျွန်မအပေါ် သနားညှာတာ စိတ်လေးတောင် မရှိတော့ဘူးလားရှင်"

မားကျောက်၏ ခန္ဓာကိုယ်မှာ တုန်တုန်ယင်ယင်ဖြစ်လာသည်။ မျက်နှာလည်း သွေးရောင်ကင်းမဲ့ကာ ဖြူဖတ်ဖြူရော် ဖြစ်သွားလေတော့သည်။

"အစ်ကိုရယ် ..."

ကျုံးဟိုသည် တစ်ဘက်တည်းသော လက်ဝါးဖြင့် မျက်နှာကို အုပ်ကာ ငိုရှိုက်လိုက်လေသည်။

"ညီမ ..."

မားကျောက် လွှတ်ခနဲ ခေါ်လိုက်သည်။

သို့သော် သတိဝင်လာဟန်ဖြင့် ချက်ချင်း ခေါင်းပြန်ငုံ့သွား၏။

မားကျောက်သည် ကျောက်ဖြူတောင်ကုန်းပိုင်ရှင် ရီလုံ၏ သမီး ရီချင်းနှင့် လက်ထပ်မည့်သူ ဖြစ်သည်။

အဘယ့်ကြောင့် ကျုံးဟိုမိန်းခလေးနှင့် ပတ်သက်နေပါသနည်း။

ထူးခြားသော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာပြန်သောကြောင့် အားလုံး စိတ်ဝင်စားစွာ စောင့်ကြည့်နေလိုက်ကြတော့သည်။

ယင်းလိန်သည် မားကျောက်က ကျုံးဟိုအပေါ် သံယောဇဉ်ရှိနေဆဲဖြစ်ပြီး ကျုံးဟိုနှင့် ပတ်သက်၍ စိတ်ထိခိုက်နေကြောင်း ရိပ်မိလိုက်လေသည်။

ထို့ကြောင့် ...

"မားကျောက် ... မင်း ဘာကြောင့် စကားမပြောတာလဲ၊ ကျုံးဟိုခမျာ မင်းကြောင့် ဒုက္ခတာဘ၀ကို ရောက်ရပြီ၊ မင်း တော်တော် စိမ်းကားရက်စက်တာပဲ"



အပြစ်တင်စကားဖြင့် အစပျိုးလိုက်၏။ ကျုံးဟိုသည်လည်း ဝမ်းနည်းကြေကွဲမှုကို မချုပ်တည်းနိုင်တော့ဘဲ၊ ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေတော့သည်။

"အစ်ကိုရယ် ... အစ်ကို့ကြောင့် ကျွန်မ ဒုက္ခရောက်ခဲ့ရပေမယ့် အစ်ကိုအပေါ် ကျွန်မ စိတ်မနာနိုင်ပါဘူး၊ အစ်ကို့ကို ဘယ်တော့မှ မုန်းမေ့နိုင်မှာ မဟုတ်ပါဘူး"

သတို့သား မားကျောက်သည် အခြား မိန်းကလေးတစ်ယောက်နှင့် ပတ်သက်နေသည်ကို မြင်လျှင် ရီလုံနှင့် ရီချင်းတို့သားအဖ နှစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်ကုန်တော့သည်။

"ဖေဖေ ... သမီးကို ဘယ်လိုလုပ်ကြမလဲ"

ရီချင်း အလွန်ရှက်နေသည်။

ရီလုံလည်း ရုတ်တရက် မည်သို့ပြောရမှန်း မသိအောင် ဖြစ်နေပါသည်။

"ခဏလောက်တော့ စောင့်ကြည့်လိုက်ကြသေးတာပေါ့"

သိုင်းလောက ကိစ္စမဟုတ်ဘဲ အခြား မိန်းကလေးတစ်ယောက်နှင့် ပတ်သက်နေသည်ကို ရီလုံလည်း သဘောမကျနိုင်ပေ။

လူပုံအလယ်တွင် အရှက်ကြီး ရှက်နေလေတော့သည်။

စုမာဖုံးသည် ရီလုံ၊ ရီချင်း၊ ယဉ်ကြိုင်နှင့် မြေခွေးနက်ကြီးကို တစ်လှည့် ...

ယင်းလိန်၊ ကျုံးဟိုမိန်းကလေးနှင့် မားကျောက်တို့ကိုတစ်လှည့် အကဲခတ် ကြည့်နေလိုက်လေသည်။

ကျုံးဟိုက ...

"အစ်ကို့ကြောင့် ကျွန်မဘ၀ ဆုံးခဲ့ရပေမယ့် အစ်ကို့ကို ဘယ်တော့မှ မမုန်းပါဘူးရှင်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ငိုကြွေးရင်း တဖွဖွ ပြောနေတော့သည်။

သူမ၏ ငိုရှိုက်သံနှင့် စကားသံတို့သည် မားကျောက်၏ အသဲနှလုံးကို ဆွဲကိုင်လှုပ်ယမ်းလိုက်တော့သည်။

မားကျောက်၏ မျက်နှာပေါ်၌ ချွေးသီးချွေးပေါက်များ စို့ရွဲလာလေသည်။

အလွန် ပြင်းထန်သော ဝေဒနာတစ်ရပ် ခံစားနေရသူ တစ်ယောက်အသွင် ဖြစ်သွား၏။

စုမာဖုံးသည် မားကျောက်၏ ဖြစ်အင်ကိုကြည့်ရင်း ယင်းလိန်ကို ချီးကျူးမိသည်။

ယင်းလိန်က မားကျောက်ကို အညာကိုင်လိုက်နိုင်ခဲ့ပြီ မဟုတ်ပါလား။

မားကျောက် အမျိုးမျိုး စဉ်းစားလိုက်၏။

ရိုလုံ၏သမီး ရိုချင်းနှင့် စေ့စပ်ကြောင်းလမ်းပွဲကို လှုပ်အလယ်ကျင်းပပြီးမှ ကျူးဟိုနှင့် ဆက်ဆံရဦးမည်လော။

ကျူးဟိုကို ဥပေက္ခာ ပြုထားလိုက်ရတော့မည် ဖြစ်သည်။

သို့သော် . . .

ဥပေက္ခာ ပြုလိုက်သည်နှင့် ယင်းလိန်က ဒေါသတကြီး တုန့်ပြန်လာပေမည်။

စုမာဖုံးကလည်း မလှမ်းမကမ်းမှ အေးအေးဆေးဆေး လက်ပိုက်ကြည့်နေသေးသည်။

ကျူးဟိုကို ခါးခါးသီးသီး ဆက်ဆံလိုက်လျှင် စုမာဖုံးကလည်း ရှေ့ဆက် လက်ပိုက်ကြည့်နေတော့မည် မဟုတ်ပါ။

ဘေးကြပ်နံကြပ် ဖြစ်နေပြီး ချွေးချေးများ တစ်ကိုယ်လုံး စိုရွှဲသွားခြင်း ဖြစ်ပါတော့သည်။



မားကျောက် ချောင်ပိတ်မိနေသည့် အဖြစ်ကို ယဉ်ကြိုင်နှင့် လုရိုတို့ နားလည်ထားကြပါသော်လည်း ကြားဝင်စွက်ဖို့ အခြေအနေ မပေးသေးချေ။

မားကျောက်သည် မလွန်ဆန်နိုင်တော့ဘဲ အမှန်အတိုင်း ထုတ်ဖော် ဝန်ခံရလိုက်မည်ဆိုလျှင် အဆိုးဆုံး အခြေအနေနှင့် ရင်ဆိုင်ရမည်ဖြစ်သည်ကို ယဉ်ကြိုင်နှင့် ရိုလုံတို့ သိကြ၏။

မည်သို့ ဖြေရှင်းရမည်ကို စဉ်းစားထားကြပြီး ဖြစ်သည်။

ခန်းမဆောင်ထဲ၌ အခြေအနေပို၍ တင်းမာလာကာ ပေါက်ကွဲလုနီးပါး ဖြစ်လာလေတော့သည်။

❋ ◆ ❋

www.burmeseclassic.com

www.burmeseclassic.com

## ဝိညဉ်နုတ်အပ်

မားကျောက်က ခေါင်းမာပြီး အဖြေမပေးဘဲနေလျှင် ယင်းလိန်၏ ကြိုးစားချက် အချည်းနှီး ဖြစ်သွားပေမည်။

ကိုထင်း ဒေါသထွက်ဖို့သာ ရှိသည်။

စုမာဖုံးလည်း ဘာမှ တတ်နိုင်မည် မဟုတ်ပေ။

မားကျောက် စိတ်ပြောင်းကာ ထုတ်ဖော် ဝန်ခံလိုက်လျှင်မူ ရီလုံနှင့် ယဉ်ကြိုင်တို့ ကျိန်းသေအခက်ကြုံရမည် ဖြစ်သည်။

သူတို့၏ ကဲကြမ္မာသည် မားကျောက်အပေါ် မှုတည်နေသည်။

မားကျောက် တစ်ခုခု ပြောလိုက်မည်ကို စိုးရိမ်နေကြ၏။

ကိုထင်းက မတ်ဝန်းကျင်ကို သတိဖြင့် အကဲခတ်နေပါသည်။

အမှောင်လောကၥ် နှစ်ပေါင်းများစွာ ကျင်လည်ကျက်စားခဲ့ဖူးရာ အမှောင်လောကမှ လူများ၏ သဘောကိုကောင်းစွာ သိနားလည်ထားပါသည်။

ပြဿနာ တစ်စုံတစ်ခု ဖြစ်ပေါ်လာလျှင် ထိုပြဿနာကို ဖော်ထုတ်မည့်သူရှိလျှင် သုတ်သင်ရှင်းလင်းပစ်သည့် နည်းလမ်းဖြင့် ဖြေရှင်းတတ်ကြသည်ကို သိနေ၏။

ယခု မားကျောက်သည် မမျှော်လင့်ဘဲ အရေးပါဆုံး လူတစ်ယောက် ဖြစ်လာသည်။

မားကျောက်ကို နှုတ်ပိတ်ပစ်ဖို့ ကြိုးစားနိုင်ပါတော့သည်။



ထိုအချိန်တွင် ...

လေဟုန်စီးစွန်ရဲ ယုံယွမ်က သူ၏ ကိုယ်ပိုင်အဆိပ်ဖြေဆေးတစ်လုံး သေကာ်ကာ ကြမ်းပြင်ပေါ် တင်ပျဉ်ခွေ ထိုင်ချလိုက်ပြီး အတွင်းအား ထုတ်ဖော်၍ ခန္ဓာကိုယ်ထဲ၌ ရောက်ရှိနေသော အဆိပ်များကို အရေပြား မွေးညှင်းပေါက်များမှတစ်ဆင့် ခန္ဓာကိုယ် ပြင်ပသို့ ညှစ်ထုတ်ပစ်နိုင်ရန် ကြိုးစားနေ၏။

မကြာမီ ...

တိုက်ပွဲကြီးတစ်ခု ဆင်နွှဲရတော့မည်ဟု ယုံကြည်ထားပုံရှိသည်။

တိုက်ပွဲကြီးနှင့် ရင်ဆိုင်နိုင်ရန် ကြိုတင်ပြင်ဆင်သည့် သဘောမျိုး ဖြစ်နေပါတော့သည်။

ချိန်ဟုတ်မှာမူ ယဉ်ကြိုင်၏ အတွင်းအား ယုတ်လျော့ကွယ်ပျောက်သွားစေသော အဆိပ်ကို လုံးဝ အမှုထားပုံ မရပါချေ။

ကြောက်ရွံ့ ထိတ်လန့်စိတ်လည်း လုံးဝမရှိဘဲ အေးကြုပ်နံကြပ်ဖြစ်နေသော ရီလုံနှင့် ယဉ်ကြိုင်တို့အား ခပ်ပြုံးပြုံးကြည့်နေသည်။

စီရှမ်းဆရာတော်တို့ ငါးယောက်က စက်ဝိုင်းပုံသဏ္ဍာန်ဖြင့် ကြမ်းပြင်ပေါ် ဝိုင်းဖွဲ့ထိုင်ကာ တစ်ယောက်နှင့်တစ်ယောက် လက်ချင်းချိတ်လျက် မျက်လုံးမှိတ်ထားကြ၏။

ဝါရင့် သိုင်းဆရာကြီးများအား ယဉ်ကြိုင်၏ အဆိပ်သည် ဒုက္ခပေးနိုင်ပါမည်လော ...။

မြေခွေးနက်ကြီးသာလျှင် လက်နှစ်ဖက်နောက်ပ ကာ ဟိုဘက်လျှောက်လိုက် ဒီဘက်လျှောက်ဖြင့် ဂဏာမငြိမ် ရှိနေသည်။

သူ၏ မျက်လုံးများကို ထောင့်ကပ်ပြီး ယဉ်ကြိုင်ကိုကြည့်နေသေး၏။

စုမာဖုံး သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကို့ထင်းက စုမာဖုံးအနီးသို့ ရောက်သွားလေသည်။

"မြေခွေးကြီး မှုမမှန်ဘူး"

ဟု တီးတိုး ပြောလိုက်၏။

စုမာဖုံး သဘောတူလေသည်။

"ဟုတ်တယ်..., သူက ဆရာယဉ်ကြိုင်ကို အလစ်ချောင်းနေတာပဲ၊ အခွင့်အရေးရလိုက်တာနဲ့ တိုက်ခိုက်မှာပဲ၊ ယဉ်ကြိုင်ဆီမှာ ကင်းဆိပ်ဓား ရှိနေတာကို သူ ရိပ်မိထားတယ်"

ကင်းဆိပ်ဓားသည် ယဉ်ကြိုင်ထံ၌ ရှိရမည်ဟု အားလုံးက ယုံကြည်ထားလေသည်။

သို့သော်...

ယဉ်ကြိုင်အား တိုက်ခိုက်ခြင်း မပြုကြသေးသည်မှာ ပါဝင်ပတ်သက်နေသည့် ကို့ထင်းတို့လူစုအပေါ် သိုင်းလောကတစ်ခုလုံး အမြင်ရှင်းသွားစေရန် သက်သေ အထောက်အထားဖြင့် ရှင်းလင်းလို၍ဖြစ်ပါသည်။

တကယ့် တရားခံအစစ် မည်သူမည်ဝါဖြစ်ကြောင်း အားလုံးသိအောင် ဖော်ထုတ်ရှင်းလင်းပြီးသည်နှင့် ယဉ်ကြိုင်အား ဆုံးမရလိမ့်မည် ဖြစ်လေသည်။

စုမာဖုံးသည် ကို့ထင်းကို စိုက်ကြည့်လိုက်သည်။

"ကျွန်တော့်စိတ်ထဲမှာ မတင်မကျ ဖြစ်နေပါတယ်"

ဟုလည်း ပြောလိုက်သည်။

ကို့ထင်းက ...

"ကင်းဆိပ်ဓားနဲ့ ပတ်သက်ပြီး ကျုပ် ပြောခဲ့တဲ့စကားတိုင်းဟာ မှန်ကန်မှု မရှိဘူးလို့ ဆိုလိုချင်တာ မဟုတ်လား၊ ကျုပ် သိပါတယ်။ ကင်းဆိပ်ဓား ဆုံးရှုံးလိုက်ရတဲ့ကိစ္စမှာ ကျုပ်ဇနီးက ပါဝင်



ပတ်သက်ခဲ့တာ အမှန်ပါ၊ သူဟာ သီလရှင်ဝတ်ပြီး အားလုံးကို ကျောခိုင်းလိုက်ပေမယ့် ကျုပ် အခက်ကြုံရမယ် ဆိုတာသိလို့ နောက်ကြောင်းပြန်လှည့်လာပြီး ဖြေရှင်းပေးဖို့ ကြိုးစားခဲ့ရတာပါပဲ"

စုမာဖုံးသည် ကျူးဟိုမိန်းခလေးအကြောင်း မေးမြန်းရန် ဟန်ပြင်လိုက်ပြီးမှ မမေးဘဲ နေလိုက်၏။

ကို့ထင်းက ထိုကိစ္စကို တစ်လက်စတည်း ပြောလေသည်။

"သည်ကိစ္စမှာ ကျုပ်ဇနီးသည်ဘက်က ကာကွယ်ပြီး ပြောဆိုခဲ့ရတာပါ၊ ဘာကြောင့်လည်းဆိုရင် ကင်းဆိပ်ဓားကို ကျုပ်ရခဲ့တော့ ဇနီးသည်က ကြည့်ချင်တယ်ဆိုတာနဲ့ ကျုပ် ပြသခဲ့ပါတယ်၊ ယင်းလိန်ကတစ်ဆင့် သူ့ရဲ့အစ်ကိုဝမ်းကွဲလက်ထဲ ရောက်သွားတယ်၊ နောက်တော့ အစ်ကိုဝမ်းကွဲ အသတ်ခံရပြီး ကင်းဆိပ်ဓား လုံးဝပျောက်ဆုံးသွားတယ်လို့ ကျုပ် ပြောခဲ့သေးတာပဲ မဟုတ်လား"

စုမာဖုံး ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်၊ ဦး သည်လိုပဲပြောခဲ့ပါတယ်"

ကို့ထင်းက ...

"ကျုပ် ဇနီးသည်က သီလရှင်ဝတ်သွားပြီဆိုတာ မောင်ရင်လေး အမြင်ပါပဲ၊ ကျုပ်က အမှန်အတိုင်း ပြောခဲ့ပေမယ့် တစ်ချို့တစ်ဝက်ကို ချန်ထားခဲ့ပါတယ်၊ အဲဒါက ကျုပ်တို့ ဇနီးမောင်နှံနှစ်ယောက်စလုံး သမီးလေးတစ်ယောက်လို သဘောထားခဲ့ကြတဲ့ ကျူးဟို မိန်းကလေးနဲ့ ပတ်သက်နေလို့ပါ၊ ကျုပ်ဇနီးက ကျုပ်ချစ်တာထက်ပိုပြီး သူ့ကို ချစ်ပါတယ်၊ ဒါကြောင့် ကျုပ်ဇနီးမှာ အပြစ်တင်စရာတွေ များနေမှာစိုးရိမ်လို့ တစ်ချို့တစ်ဝက်ကို မပြောဘဲ ချန်လှပ်ထားခဲ့တာပါပဲ"

စုမာဖုံးက ...

www.burmeseclassic.com

www.burmeseclassic.com



"ဦး ဘယ်လိုခံစားရမယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်၊ ဘာတွေ ဖြစ်ပျက်ခဲ့တယ်ဆိုတာကို ကျွန်တော်လည်း ရိပ်မိသလောက် ရှိနေပါပြီ၊ ကင်းဆိပ်မားနဲ့ ပတ်သက်ပြီး ဦး ဘယ်လောက် ဒုက္ခခံခဲ့ရတယ်၊ ဘယ်လောက် တာဝန်ယူခဲ့တယ်ဆိုတာ ကျွန်တော်- နားလည်ပါတယ်ခင်ဗျာ"

ကိုထင်း ကျေနပ်သွားလေသည်။

မောင်ရင်လေးရဲ့စကား ကြားရတာ ဝမ်းသာပါတယ်၊ ကျုပ်က မောင်ရင်လေးရဲ့ဆရာကို ကတိပေးခဲ့တယ်၊ သိုင်းလောကမှာ ထပ်ပြီး နာမည်မပျက်ချင်တော့ဘူး၊ ခုလိုနားလည် သဘောပေါက်တယ်ဆိုရင် ကျေနပ်ပါပြီ၊ တခြားလူတွေ ကျုပ်ကို ဘယ်လိုပဲ သဘောထားကြပါစေ၊ အရေးမကြီးတော့ပါဘူး"

ကိုထင်းကဲ့သို့ လူတစ်ယောက် အပြောင်းလည်းကြီး ပြောင်းလည်းသွားသည်မှာ မယုံနိုင်စရာ ကောင်းလှသည်။

ကိုထင်း ပြောင်းလည်းသွားသဖြင့် သိုင်းလောကအတွက် ပို၍ပြီး အကျိုးရှိသွားသည် မဟုတ်လား။

သူ၏ဆရာသည် အမြော်အမြင် ကြီးစွာဖြင့် ကိုထင်းအား ကယ်တင်ခဲ့ခြင်းဖြစ်ရာ စုမာဖုံးမှာ ပိုင်မုရှောင်၏တပည့် ဖြစ်ရသည်ကို ဂုဏ်ယူမဆုံး ဖြစ်ရလေတော့သည်။

ထိုစဉ် ... အခြေအနေက အပြောင်းအလဲ ဖြစ်လာသည်။

မားကျောက်သည် အမျိုးမျိုးတွေးတော စဉ်းစားပြီးလျှင် တစ်စုံတစ်ခု ဖွင့်ပြောရန် ဆုံးဖြတ်လိုက်ပုံရှိ၏။

ခန္ဓာကိုယ် တုန်ယင်နေသကဲ့သို့ ပါးစပ်တလှုပ်လှုပ် ဖြစ်လာလေသည်။

မားကျောက်အား မျက်ခြည်မပြတ် အကဲခတ်နေကြသော ရိုလုံ



နှင့် ယဉ်ကြိုင်တို့လည်း မားကျောက် ဖွင့်ပြောတော့မည်ဖြစ်ကြောင်း ရိပ်မိသွားကြတော့သည်။

ရိုလုံ ကပျာကယာနှင့် လှမ်းပြောလိုက်သည်။

"မားကျောက် ... မင်း အကြပ်ရိုက်နေတာ ငါတို့ နားလည်ပါတယ်၊ ခေါင်းအေးအေးထားပြီး စဉ်းစဉ်းစားစား လုပ်ပါ၊ ခုချိန်မှာ သေသေချာချာ စဉ်းစားနိုင်မှ ဖြစ်မယ်၊ ဘာမှ အလောတကြီး မလုပ်မိပါစေနဲ့"

မားကျောက်ကို အားပေးနှစ်သိမ့်သလိုဖြင့် အမှန်ကို ဖွင့်မပြောဖို့ သွယ်ဝိုက်ဟန့်တားလိုက်ခြင်း ဖြစ်လေသည်။

ယဉ်ကြိုင်လည်း ဝင်ပြောလိုက်သည်။

"မားကျောက် ... သူတို့က မင်းကို ဘာလုပ်နိုင်မှာမို့လဲကွ၊ တွေဝေမနေစမ်းပါနဲ့"

ဤတွင် မားကျောက်သည် ဘာမှမပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

ယင်းလိန် ဒေါသထွက်သွားလေတော့သည်။

"မားကျောက် မပြောရဲအောင်ဝင်ပြီး ဟန့်တားကြတာကိုး ... ကောင်းပြီ သူမပြောဘဲ မနေနိုင်တဲ့နည်းလမ်းကို အသုံးပြုရတော့မှာပေါ့လေ"

သူမ အပိုပြောနေခြင်း မဟုတ်ဘဲ လက်တွေ့လုပ်လိမ့်မည်ဟု စုမာဖုံး ယုံကြည်ထားလေသည်။

ယင်းလိန်က ...

"မောင်ရင် ကျုပ်ကို ကူညီမလား"

စုမာဖုံး ပြုံးလိုက်သည်။

"ရပါတယ် ဒေါ်ဒေါ် ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မားကျောက်ရဲ့ ညာဘက်ချိုင်းသွေးကြောကို အလျင် ပိတ်ပါ၊ ပြီးရင် ယိကျင်သွေးကြောနဲ့ တိန်ရှိ့သွေးကြောနှစ်ခုကို တစ်ပြိုင်နက်တည်း ပိတ်ပစ်လိုက်ပါ"

စုမာဖုံး ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီ ဒေါ်ဒေါ် ..."

ချက်ချင်းပင် ယင်းလိန်ပြောသည့်အတိုင်း ဆောင်ရွက်ပေးဖို့ လက်တစ်ဘက် ဆန့်ထုတ်လိုက်လေသည်။

"နေဦး ..."

မားကျောက် ကပျာကယာ ဟန့်တားလိုက်သည်။

သူ၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြင့် ကြောက်လန့်တကြား ဖြစ်နေပါသည်။ စုမာဖုံးက ဆန့်ထုတ်လိုက်သောလက်ကို ချက်ချင်းပြန်ရုပ်သိမ်းလိုက်လေသည်။

တစ်ဖန် ...

"ခင်ဗျား ဖွင့်ပြောတော့ မလို့လား"

ဟု မေးလိုက်သည်။

ယင်းလိန်ပြောသည့် သွေးကြောများကို အပိတ်ခံလိုက်ရလျှင် အလွန်ပြင်းထန်သော ဝေဒနာကို မချိမဆန့် ခံစားရမည် ဖြစ်သည်။

ဝေဒနာ ခံစားရရုံမက ခြေလက်များ အကြောသေကာ တစ်သက်လုံး ဒုက္ခိတဖြစ်သွားပေမည်။

သိုင်းပညာ အသုံးပြုနိုင်ဖို့ဝေးစွ တစ်သက်လုံး လူစဉ်မမီ ဒုက္ခိတဘဝ ရောက်သွားမည် ဖြစ်ပါသည်။

မားကျောက်သည် ကြောက်လန့်တကြား တားဆီးလိုက်ခြင်း ဖြစ်ပါတော့သည်။ စုမာဖုံးက မားကျောက်၏ တုန့်ပြန်စကားသံကို စောင့်မျှော်နေလိုက်လေသည်။



မားကျောက်က ...

"ကျုပ် ... ကျုပ် ..."

ယင်းလိန် စိတ်မရှည်နိုင်ဘဲ အော်လိုက်သည်။

"မောင်ရင် ... သူ့ကို စောင့်မနေနဲ့၊ လုပ်စရာရှိတာသာ လုပ်လိုက်ပါ"

စုမာဖုံးက ...

"ကောင်းပါပြီခင်ဗျာ"

ထိုစဉ် ရိုလုံ၏ စကားသံ ထွက်ပေါ်လာသည်။

"မားကျောက် ... မင်းမကြောက်နဲ့၊ ယင်းလိန်ရဲ့ သွေးကြောပိတ်ပညာက ရက်စက်ပေမယ့် မင်းကို ဒုက္ခမပေးပါဘူး၊ မင်းတစ်ခုခု ဖြစ်ရင် သူ့တာဝန် ဖြစ်သွားမယ်၊ သိုင်းလောက တစ်ခုလုံးက သူ့ကို ဝိုင်းပြီး အပြစ်တင်ကြမှာပဲ"

သူ၏ စကားကလည်း သဘာဝကျနေသဖြင့် မားကျောက် အခက်တွေ့သွားလေသည်။

ရိုလုံ၏စကားကို နားထောင်ရမည်လော ...

သို့မဟုတ် ... အမှန်အတိုင်း ဖွင့်ပြောရမည်လော ...

တွေဝေသွားပြီး စုမားဖုံးကို မဝံ့မရဲ ကြည့်လိုက်သည်။

စုမာဖုံး၏မျက်နှာ တည်ကြည် လေးနက်နေ၏။

စုမာဖုံးနှင့် သေသေချာချာ မျက်လုံးချင်း ဆုံမိလိုက်လျှင် မားကျောက်၏ရင်ထဲတွင် ထူးခြားသော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

စုမာဖုံးကို ယုံကြည်အားကိုးသော စိတ်များ ဖြစ်ပေါ်လာခြင်း ဖြစ်လေသည်။

"ကျုပ် တစ်ခုမေးပါရစေဗျာ"

www.burmeseclassic.com

www.burmeseclassic.com



စုမာဖုံး ခေါင်းညိတ်လိုက်သည်။

"မေးပါဗျာ"

"ကျုပ်က အမှန်အတိုင်းဝန်ခံရင် ကျုပ်ကို အားလုံးက ခွင့်လွှတ်ကြမှာလား"

"ဒါက ခင်ဗျားရဲ့ အပြစ်တွေ ဘယ်လောက်ကြီးမားတယ်ဆိုတဲ့အပေါ် မူတည်နေပါတယ်၊ ခွင့်လွှတ်နိုင်တဲ့ အပြစ်လောက်ဆိုရင် အားလုံးက ခွင့်လွှတ်ကြမှာပါ၊ သည် ခန်းမဆောင်ထဲမှာ စုရုံးရောက်ရှိနေကြတဲ့ သိုင်းဆရာကြီးတွေဟာ မနောကောင်းသလို သဘောထားကြီးကြပါတယ်၊ ဒါပေမယ့် ..."

"ဒါပေမယ့် ... ဘာဖြစ်သလဲဗျာ"

"ခင်ဗျားရဲ့ အပြစ်က ရာဇဝတ်မှု ဖြစ်နေရင်တော့ ဘယ်သူမှ ခွင့်လွှတ်လို့ မရပါဘူး၊ ဥပဒေအရ အရေးယူခံရမှာပါပဲ"

"ဟာ ... သည်လို မဟုတ်ပါဘူးဗျာ"

မားကျော်က ကပျာကယာ ပြောလေသည်။

"ကျုပ်က လူကောင်းမဟုတ်ဘူးလို့ အပြောခံခဲ့ရပေမယ့် မတရားတဲ့ အလုပ်မျိုးကို တစ်ခါမှလုပ်ခဲ့တာ မဟုတ်ပါဘူး"

"ဒါဆိုရင်လည်း ဘာကြောက်နေစရာ ရှိသလဲ၊ ပြောစရာရှိတာကို ပြောပေါ့ဗျာ"

မားကျော် အားတက်သွားလေသည်။

ယဉ်ကြိုင်နှင့် ရိုလုံတို့ဘက်သို့ တစ်ချက် စောင်းငဲ့ကြည့်လိုက်လေသည်။ ယဉ်ကြိုင်၏ မျက်နှာကြီး နီရဲခက်ထန်နေသည်။

မားကျော်က အထိတ်တလန့် တောင်းပန်းလိုက်၏။

"ဆရာ ... ကျွန်တော့်မှားသွားပါပြီ၊ ဆရာ့ကို မရိုမသေ လုပ်မိတာကို ခွင့်လွှတ်ပါဆရာ ..."



ယဉ်ကြိုင်က အော်ငေါက် ဓာန်မဲလိုက်လေသည်။

"မားကျော် ... မင်း ဘာတွေပြောနေတာလဲ၊ မင်းက ငါ့ကို ဆရာလို့ ခေါ်ရဲသေးသလား"

မားကျော် ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ပါဘူးဆရာ၊ အခုလို ဖြစ်ရတာ ကျွန်တော့်အပြစ် မဟုတ်ပါဘူး၊ ကျွန်တော် အစောကြီးကတည်းက ဆရာ့ကို ပြောခဲ့တာပဲ"

"မင်း ... ပါးစပ်ပိတ်ထားလိုက်စမ်း"

ယဉ်ကြိုင်က အော်ငေါက်ရင်း ညာဘက်လက်ညှိုးနှင့် လက်ခလယ်ကို တောက်ထုတ်လိုက်လေသည်။

သူ၏ လက်ထဲမှ သေးမျှင်သော ငွေရောင် အလင်းတန်းလေး တစ်ခု လျင်မြန်စွာ ပြေးထွက်သွားလေသည်။

"ဝှစ် ..."

လေတိုးသံနှင့်အတူ ထိုငွေရောင် အလင်းတန်းကလေးသည် မားကျော်၏ လည်ပင်းသို့ တိုးဝင်သွားလေသည်။

စုမာဖုံး ရင်ထိတ်သွား၏။

"မားကျော် ... သတိထားပါ"

မားကျော်ကို သတိပေးပြီး လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်၏။

"ဟူး ..."

သူ၏အကျီလက် လွှပ်ခတ်သွားလျှင် လေပွေလှိုင်းတစ်ခု ထွက်ပေါ်လာကာ တိုးဝင်လာသော ငွေရောင်အလင်းတန်းကို ရိုက်ချခပ်လိုက်လေသည်။

ယဉ်ကြိုင်သည် မားကျော်က အမှန်အတိုင်း ဖွင့်ပြောမည်ကို

www.burmeseclassic.com

www.burmeseclassic.com



လက်မခံဘဲ လက်နက်ပုန်းကလေးတစ်ခု ပစ်လွှင့်ကာ နှုတ်ပိတ်ပစ်လိုက်ခြင်း ဖြစ်လေသည်။

စုမာဖုံးသာ ချိန်မှီ တားဆီးနိုင်ခြင်း မပြုလျှင် မားကျောက်သေဆုံးသွားရမည်မှာ သေချာနေပါတော့သည်။

"ထောက် ..."

လက်နက်ပုန်းကလေးသည် ကြမ်းပြင်ပေါ်သို့ ကျသွားလေတော့သည်။ စုမာဖုံးက ယဉ်ကြိုင်ကို မကျေမနပ် ပြောလိုက်၏။

"ခင်ဗျား တော်တော်ရက်စက်ပါလား၊ ကိုယ့်တပည့်ကိုတောင်ဖြန့်ပြီး လုပ်ကြမလို့လား"

စုမာဖုံး၏ လှုပ်ရှားမှုသာ အနည်းငယ် နောက်ကျသွားလျှင်မားကျောက်အတွက် မတွေးဝံ့စရာပင် ...

ယဉ်ကြိုင်က မားကျောက်ကို နှုတ်ပိတ်ပစ်လိုက်ဖို့အထိ ကြံစားခဲ့သည်မှာ တရားလွန်သွားပြီ ဖြစ်လေသည်။

ကို့ထင်းက ရယ်မောလိုက်လေသည်။

"ယဉ်ကြိုင် သိုင်းလောကက ကွယ်ပျောက်နေတဲ့ အချိန်မှာခင်ဗျားက ဝိညဉ်နုတ်အပ် ပစ်တဲ့ပညာ လေ့လာနေတာကိုး၊ သည်လောက်ရက်စက်တဲ့ လက်နက်ပုန်းမျိုးကို အသုံးမပြုသင့်ပါဘူး"

ဝိညာဉ်နုတ်အပ် ပညာမှာ ကြောက်မက်ဖွယ်ကောင်းသောလက်နက်ပုန်း ပညာတစ်ရပ် ဖြစ်လေသည်။

သေကွင်းသေကွက်များကို သေးမျှင်သော အပ်ချောင်းလေးဖြင့် ပစ်ခတ်ရခြင်း ဖြစ်ပြီး ထိမှန်သည်နှင့် ဘုန်းခနဲ လဲကျသေဆုံးသွားစေမည် ဖြစ်သည်။

တစ်စက်ကလေးမှ ချမ်းသာမပေးဘဲ အသက်ဝိညာဉ်နုတ်ယူသော ပညာဖြစ်၍ အလွန်ရက်စက် ကြမ်းကြုတ်သော ပညာအဖြစ်



သိုင်းလောကတစ်ခုလုံး သတ်မှတ်ထားကြပြီး ထိုပညာကို အသုံးပြုသူအား ဝိုင်းဝန်း ဆန့်ကျင်တတ်ကြပေတော့သည်။

ဗေဒါပိုတ်အားမှ ဟန်ရှောင်က ကြမ်းပြင်ပေါ် ကျသွားသောဝိညာဉ်နုတ်အပ်ကို ကောက်ယူလိုက်သည်။

စုမာဖုံးအား လှမ်းပေးလိုက်သည်။

စုမာဖုံးက ယူရန်ဟန်ပြင်စဉ် ယင်းလိန်က စိုးရိမ်တကြီးသတိပေးလိုက်လေသည်။

"အပ်ရဲ့ အရင်းပိုင်းကိုသာ သတိထားပြီး ကိုင်ပါ၊ အဖျားပိုင်းကို လုံးဝ မကိုင်မိပါစေနဲ့၊ အပ်ထိပ်ဖျားပိုင်းမှာ သုတ်လိမ်းထားတဲ့အဆိပ်က ကြောက်စရာကောင်းအောင် ပြင်းထန်လှတယ်"

စုမာဖုံးက ...

"ဟုတ်ကဲ့ ... အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်"

ဝိညာဉ်နုတ်အပ်ကို လှမ်းယူကာ စစ်ဆေးကြည့်လိုက်လေသည်။

သေးမျှင်လှသော ငွေအပ်ကလေး ထိပ်ဖျားပိုင်း၌ ခရမ်းရောင်တောက်ပနေသည်။

ယဉ်ကြိုင်သည် အလွန် ရက်စက်ကြမ်းကြုတ်သော လက်နက်ပုန်းကို အသုံးပြုချေပြီ။

စုမာဖုံးက မားကျောက်ကို မေးလိုက်သည်။

ခင်ဗျားရဲ့ဆရာကိုယ်တိုင် ခင်ဗျားကို ရက်ရက်စက်စက် လုပ်ကြံနေပြီ၊ ခင်ဗျား ဘာပြောချင်သေးသလဲ"

မားကျောက် လုံးဝ စိတ်ဓာတ်ကျဆင်းသွား၏။

စကားတစ်လုံးမှ မပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။

❋ ◆ ❋

www.burmeseclassic.com

www.burmeseclassic.com

## အဖြေ

ယဉ်ကြိုင်သည် မားကျောက်ကို လုပ်ကြံပစ်ဖို့ ကြိုးစားခြင်း ကြောင့် ကင်းဆိပ်ဓားကို မကောင်းသဖြင့် ကြံစည်ကာ ရယူထား ကြောင်း ပေါ်လွင်သွား၏။

အားလုံးက ယဉ်ကြိုင်၏အမှားကို သိနေကြပြီ ဖြစ်သည်။

သို့သော် သက်သေ အထောက်အထားအဖြစ် မားကျောက် ဖွင့်ဟဝန်ခံသည့် စကားကို ကြားလိုနေကြပေသည်။

မားကျောက်ကြက်နာကြီး လည်လိမ်ထားသကဲ့သို့ ခေါင်းငိုက် စိုက် ဖြစ်နေသည်။

စိတ်ဓာတ်အကြီးအကျယ် ကျဆင်းသွားပြီ ဖြစ်သည်။

ယဉ်ကြိုင်နှင့် ဆက်၍ ပေါင်းသည်းနေ၍လည်း အကျိုးမရှိ နိုင်ဘဲ ဒုက္ခရောက်ဖို့သာရှိကြောင်း ကောင်းစွာ နားလည်သွားပြီ ဖြစ်လေသည်။

စုမာဖုံးက ...

"မားကျောက် ... ခင်ဗျား ဝန်ခံတော့မလား"

မားကျောက် ခေါင်းထောင်လာ၏။

"ကျုပ် ... "

"ခင်ဗျားဆရာကတောင် ခင်ဗျားကို မလိုချင်းတော့ပါဘူး၊ ခင်ဗျား ဆက်ပြီး စဉ်းစားနေဦးမှာလား"



"ကျုပ် မစဉ်းစားတော့ပါဘူး"

မားကျောက်သည် ယဉ်ကြိုင်ကို လှမ်းကြည့်လိုက်၏။

သူ၏အကြည့်တွင် ကြောက်ရွံ့ ထိတ်လန့်ခြင်းအပြင် နာ ကြည်းမှုများလည်း ရောယှက်ပါဝင်နေလေသည်။

"ဆရာ ... ဆရာပဲ ကျွန်တော့်ကို ပြုစုပျိုးထောင်ပေးခဲ့တယ်၊ ဆရာပဲ ကျွန်တော့်ကို ပြန်ပြီး ဖျက်ဆီးပစ်ဖို့ ကြိုးစားခဲ့တာပဲနော်"

ယဉ်ကြိုင်က မျက်နှာလွှဲထားလိုက်၏။

မားကျောက်က ...

"ကျွန်တော်ဟာ ဆရာနိုင်းသမျှ တသွေမတိမ်း လုပ်ကိုင် ဆောင်ရွက်ပေးခဲ့တာချည်းပါပဲ၊ ကင်းဆိပ်ဓား အမိုက်ကျေးရွာကို ရောက်လာပြီဆိုတဲ့သတင်း ကြားတာနဲ့ ကျွန်တော့်ကို ဆရာ အသုံးချ ခဲ့တာပဲ မဟုတ်လား"

ယဉ်ကြိုင် လှည့်မကြည့်ဘဲ အော်လိုက်လေသည်။

"မင်း ပါးစပ်ပိတ်ထားလိုက်စမ်း"

မားကျောက် ခေါင်းခါယမ်းလိုက်၏။

"ကျွန်တော်ပါးစပ်ပိတ်ရမယ့်အချိန် ကုန်ဆုံးသွားပါပြီ ဆရာ"

"ဘာကွ ..."

"အဖြစ်မှန်ကို ကျွန်တော် ဖွင့်ပြောရပါတော့မယ"

"မင်း ..."

"ကျွန်တော် တောင်းပန်ပါတယ်၊ ဆရာ ကျွန်တော့်ကို ခွင့် လွှတ်ပါခင်ဗျာ"

မားကျောက်က စုမာဖုံးဘက် လှည့်လိုက်လေသည်။

"ကျုပ် အမှန်အတိုင်း ပြောပြပါ့မယ်"

စုမာဖုံး ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ … ခင်ဗျား ဘာမှ နှောင်တမရပါနဲ့၊ အကောင်းဆုံး လမ်းကို ခင်ဗျား ရွေးချယ်နိုင်ခဲ့တာပါပဲ"

မားကျောက်၏ မျက်နှာ တည်ကြည်လေးနက်သွားသည်။

"ကင်းဆိပ်မား အမိုက်ကျေးရွာမှာ ရောက်နေတဲ့သတင်း ကြားတော့ ဆရာက ကျုပ်ကို တာဝန်ပေးခဲ့ပါတယ်၊ ဒါနဲ့ ကျုပ်လည်း အမိုက်ကျေးရွာကို ထိုးဖောက်ဝင်နိုင်အောင် ကြိုးစားရင်း ကျူးဟို မိန်းခလေးနဲ့ ဆုံမိပါတယ်၊ ကျုပ်တို့နှစ်ယောက် မေတ္တာမျှခဲ့ပါတယ်"

ကျူးဟို မိန်းကလေးနှင့် ပတ်သက်ခဲ့ပုံ ပေါ်ပေါက်လာ၏။

မားကျောက် ဆက်ပြောသည်။

"ကျူးဟိုမိန်းခလေးက တစ်ဆင့် အမိုက်ကျေးရွာပိုင်ရှင်ရဲ့ ဇနီးသည် ယင်းလိန်က ကင်းဆိပ်မားကို သူ့ရဲ့ အစ်ကိုဝမ်းကွဲကို ပြသခဲ့တာ အစ်ကိုဝမ်းကွဲက ခိုးယူထွက်ပြေးသွားတဲ့အကြောင်းကို သိခဲ့ရပါတယ်"

စုမာဖုံးက စကားထောက်ပေးလိုက်သည်။

"ဒါနဲ့ အစ်ကိုဝမ်းကွဲနောက်ကို ခင်ဗျားတို့ ဆရာတပည့် နှစ်ယောက် လိုက်ခဲ့ကြတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် … ကျူးဟိုလည်း ပါ,ပါတယ်"

"သူ့ကို ဘာကြောင့် ခေါ်သွားရတာလဲ"

"ကျူးဟိုက အစ်ကိုဝမ်းကွဲ ပုန်းအောင်းနေတဲ့ နေရာကို သိထားလို့ပါ"

"ဪ …"

စုမာဖုံး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

ကျူးဟိုမိန်းကလေးသည် မားကျောက်နှင့် ပတ်သက်မိသဖြင့် ဒုက္ခရောက်ခဲ့ရခြင်း ဖြစ်သည်။



မေတ္တာတရားကား ထူးခြားဆန်းကြယ်လှပေစွ …

ကျူးဟိုမိန်းခလေးသည် မားကျောက်အပေါ် မေတ္တာသက်ဝင်မိခြင်းကြောင့် ဒုက္ခရောက်ခဲ့ရခြင်းပင် …

မားကျောက်က …

"ကျူးဟို မိန်းကလေးကြောင့် အစ်ကိုဝမ်းကွဲကို ရှာတွေ့ခဲ့ပြီး သုတ်သင်နိုင်ခဲ့ပါတယ်၊ ကင်းဆိပ်မားကို ရယူနိုင်ခဲ့ကြပါတယ်"

ယင်းလိန် တစ်ချက်ကလေး မှားခဲ့သည်နှင့် ယဉ်ကြိုင်မှာ တန်ဖိုးကြီးလှသော ကင်းဆိပ်မားကို လွယ်လွယ်ကလေး ရသွားခဲ့ခြင်း ဖြစ်လေသည်။

အမိုက်ကျေးရွာပိုင်ရှင် ကို့ထင်း သက်စွန့်ဆံဖျား ခဏ်ခက်ခဲခဲ ရယူခဲ့ရသော ကင်းဆိပ်မား ယဉ်ကြိုင်၏ လက်ထဲရောက်သွားပုံမှာ လွယ်ကူလွန်းလှသည်။

စုမာဖုံး မေးလိုက်ပြန်သည်။

"ကျူးဟို မိန်းကလေးက ဘယ်လိုလုပ်ပြီး ဒုက္ခိတဖြစ်သွားခဲ့ရတာလဲ"

မားကျောက် မျက်နှာပျက်သွား၏။

သို့သော် …

ပြောမိသည့်နောက် မခြွင်းမချန် ပြောရလေတော့သည်။

"ကင်းဆိပ်မားကို ရပြီးတဲ့နောက်ပိုင်းမှာ နောက်ကြောင်းရှင်းအောင် လုပ်ရမယ်ဆိုပြီး ဆရာကိုယ်တိုင် လုပ်ကြံခဲ့တာပါ၊ သူ့ရဲ့ လက်တစ်ဘက် ပြတ်သွားပြီး တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲသွားတဲ့အခါ သွေးလွန်ပြီး သေသွားလိမ့်မယ်ဆိုပြီး တောထဲမှာ ပစ်ထားခဲ့တာပါ"

"တော်တော်ရက်စက်တာပဲ …"

www.burmeseclassic.com

www.burmeseclassic.com



စုမာဖုံးက မကျေမနပ် ဖြစ်သွားလေသည်။

ယင်းလိန်အော်ပြော၏။

"ငါတို့က အခ်စ်ကိုဝမ်းလျှံကို လိုက်ရှာရင်း မမျှော်လင့်ဘဲ ကျုံးဟို မိန်းခလေးကို တွေ့ပြီး ကယ်တင်ခဲ့ရတယ်၊ အချိန်မီ ဆေးကုသပေးနိုင်လို့ အသက်ချမ်းသာရာ ရခဲ့တာ၊ မင်းတို့ဆရာတပည့် နှစ်ယောက် ရက်စက်ယုတ်မာလိုက်ကြတာ ကမ်းကုန်အောင်ပဲ"

မားကျောက်က ...

"ဆရာ့ကို မလွန်ဆန်ဝံ့လို့ ခိုင်းတဲ့အတိုင်း လုပ်ခဲ့ရတာပါ၊ အမှန်ကို ဝန်ခံရရင် ကျုံးဟိုမိန်းကလေးကို ကျွန်တော် တကယ် မေတ္တာ ရှိခဲ့တာပါ"

ယင်းလိန် ခါးထောက်လိုက်သည်။

"ဩော် ... မင်းမို့ သည်လိုစကားမျိုး ပြောဝံ့တာပဲ၊ ကျုံးဟိုကို မေတ္တာရှိတယ်ဆိုပြီး ကျောက်ဖြူတောင်ကုန်းက သခင်မလေးနဲ့ စေ့စပ်ကြောင်းလမ်းတာ ဘာသဘောလဲ၊ ပြောစမ်းပါဦး"

မားကျောက်က ...

"ဆရာ့ကို မလွန်ဆန်နိုင်လို့ ဆရာ့သဘောအတိုင်း လုပ်ခဲ့ရတယ်ဆိုတာ ကျွန်တော် ပြောခဲ့ပါတယ်"

"မင်းက ယဉ်ကြိုင်အပေါ် ရှိသမျှအပြစ်တွေ ပုံချနေတာလား"

"သည်လို မဟုတ်ပါဘူးခင်ဗျာ၊ ဆရာက ကျွန်တော့်ကို တကယ်ခိုင်းခဲ့သလား၊ မခိုင်းခဲ့ဘူးလားဆိုတာကို မေးကြည့်လို့ ရပါတယ်"

ယင်းလိန်က ...

"မင်း သေချာတယ်နော်"

"ကျွန်တော် လိမ်မပြောဝံ့ပါဘူးခင်ဗျာ"



"ကောင်းပြီ ..."

ယင်းလိန်က ကျုံးဟို မိန်းကလေးအား ညွှန်ပြလိုက်၏။

"ကျုံးဟို ဒုက္ခိတဖြစ်နေပြီ၊ ဒါပေမယ့် သူ့အပေါ်မှာ မင်း တကယ်ပဲ မေတ္တာရှိရင် သူ့ကို လက်ထပ်ရမှာပေါ့"

မားကျောက် ရင်ကော့လိုက်၏။

"ကျွန်တော် လက်ထပ်ယူဝံ့ပါတယ်"

"သခင်မလေး ရီချင်းကိုကော ဘယ်လိုလုပ်မလဲ"

"ကျွန်တော် တောင်းပန်မှာပါ၊ စေ့စပ်ပွဲကိုလည်း ဖျက်သိမ်းလိုက်မှာပါ"

ထိုစဉ် ...

"သမီး ရှက်တယ်ဖေဖေ ..."

ရီချင်းသည် ဖခင်ရီလုံ၏ ရင်ခွင်ထဲသို့ တိုးဝင်ကာ ငိုကြွေးလိုက်လေတော့သည်။

ရီလုံ၏ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေ၏။

ယဉ်ကြိုင်နှင့် ပေါင်းမိသည်မှာ မှားယွင်းနေပြီဟု နောင်တရလာပုံ ရှိလေသည်။

မားကျောက်က ပြတ်သားစွာပြောလာသဖြင့် ယင်းလိန် ကျေနပ်သွားလေသည်။

ဦးခေါင်းဆတ်ခနဲ ညိတ်လိုက်၏။

သူမ၏ မျက်နှာပေါ်မှ တင်းမာမှုများ ပျောက်ကွယ်သွားကာ အပြုံးရိပ်များ ဖြစ်ပေါ်လာလေသည်။

"ကောင်းပြီ ... ကျုံးဟိုကို လက်ထပ်ယူဝံ့တယ်ဆိုတဲ့ စကားတစ်လုံးနဲ့ပဲ မင်းရဲ့ အပြစ်တွေကို ငါ ခွင့်လွှတ်လိုက်ပါပြီ"

ချော့တန်ချော့ ခြောက်တန်ခြောက်ဖြင့် လိုသလိုမိုသွင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



မားကျောက်ကို ဝန်ခံကာအောင် အများရှေ့၌ အဖြစ်မှန်ပေါ်ပေါက်လာအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်၍ ကျေနပ်နေပါတော့သည်။

ကင်းဆိပ်ဓား သိုင်းလောကထဲ ရောက်ရှိလာခြင်း၊ မားဂေဟာ၌ ကင်းဆိပ်ဓားနှင့် ပတ်သက်၍ သိုင်းလောကသားများ ရောက်ရှိလာခဲ့ကြပြီး အခြေအနေ ရှုပ်ထွေးသွားခြင်း စသည့်စသည့် ဖြစ်ရပ်များအား ရှင်းရှင်းလင်းလင်း ဖြစ်သွားခဲ့ပေပြီ။

ကင်းဆိပ်ဓားကို အချောင်ရယူကာ သိုင်းလောကကို ဒုက္ခပေးဖို့ ကြံစည်ခဲ့သည့် ယဉ်ကြိုင်အား ဆုံးမဖို့သာကျန်တော့သည် မဟုတ်ပါလား။

အားလုံး၏ အကြည့်သည် ယဉ်ကြိုင်ထံသို့ စုပြုံရောက်ရှိသွားလေတော့သည်။

❋ ◆ ❋

အားလုံး ရှင်းရှင်းလင်းလင်း ဖြစ်သွားချေပြီ။

ကင်းဆိပ်ဓားသည် ယဉ်ကြိုင်၏ လက်ထဲ၌ ရောက်ရှိနေပြီဖြစ်ပါသည်။

ကောင်းကင်သိုင်းသမား ယဉ်ကြိုင်သည် သိုင်းစွမ်းရင်ကြောင့် ထိပ်သီးသိုင်းသမား ငါးဖော်၌ ပါဝင်ခဲ့သော်လည်း သိုင်းလောကအကျိုး၊ အများအကျိုး ဆောင်ရွက်သည့် အဖြူရောင် သိုင်းသမားကြီးတစ်ယောက်တော့ မဖြစ်ခဲ့ပါချေ။ နဂိုကပင် ကိုယ့်သဘောနှင့်ကိုယ် ထင်ရာလုပ်တတ်သူတစ်ယောက် ဖြစ်လေသည်။

ယခု ...

လက်ထဲ၌ ကင်းဆိပ်ဓား ရောက်ရှိလာသောအခါ ပို၍ပင် ထင်ရာစိုင်းလိုသည့်သဘော ရှိနေသည်။



သူ၏ သိုင်းပညာနှင့် ကင်းဆိပ်ဓား၏ စွမ်းပကားကို ပေါင်းစပ်ကာ သိုင်းလောကအား လွှမ်းမိုးရန်ဝင် ကြံစည်ထားကြောင်း ထင်ရှားနေတော့သည်။

စုမာဖုံး သက်ပြင်းချမိသည်။

ယဉ်ကြိုင်အား တားဆီးနိုင်မှ သိုင်းလောက အေးချမ်းသာယာလိမ့်မည်ဟု နားလည်သွားလေသည်။

သို့သော် ...

ယဉ်ကြိုင်အား တားဆီးဖို့ လှုပ်ရှားခြင်း မပြုသေးပါ။ မလှမ်းမကမ်း၌ ရပ်နေသော မြေခွေးနက်ကြီးကိုသာလျှင် အကဲခတ်ကြည့်နေလိုက်၏။

ဤခန်းမဆောင်ထဲ၌ ရောက်ရှိနေသူ အများစုသည် ယဉ်ကြိုင်နှင့် ကင်းဆိပ်ဓား အန္တရာယ်ကို နားလည်သဘောပေါက်ကြကာ သဘောကျမည် မဟုတ်ပေ။

မြေခွေးနက်ကြီးကာ ထူးခြားသူ ဖြစ်သည်။

ကင်းဆိပ်ဓားမှလွဲပြီး အခြား ဘာကိုမှ စိတ်ဝင်စားသူ မဟုတ်ပါချေ။

ကင်းဆိပ်ဓားကို ရယူလိုသော ဆန္ဒပြင်းပျနေသူလည်း ဖြစ်လေသည်။

ထို့ကြောင့် ...

ကင်းဆိပ်ဓားကိုရဖို့ ဘာမဆို လုပ်နိုင်သည်။

မြေခွေးနက်ကြီး၏ လက်ထဲ ကင်းဆိပ်ဓား ရောက်ရှိသွားလျှင် ယဉ်ကြိုင်၏လက်ထဲ ရောက်သွားသည်ထက်ပင် ပို၍ ဆိုးဝါးသွားမည် ဖြစ်လေသည်။

ဤ ခန်းမဆောင်ထဲ၌ နိုးရိမ်စရာ ကောင်းသူဟူ၍ မြေခွေးနက်

www.burmeseclassic.com

www.burmeseclassic.com



ကြီး တစ်ယောက်သာလျှင် ရှိရကား စုမာဖုံးက အထူး သတိထားနေလိုက်ခြင်း ဖြစ်ပေသည်။

မားကျောက်က ကင်းဆိပ်မား ရရှိခဲ့ပုံ၊ ယဉ်ကြိုင်၏ လက်ထဲရောက်ရှိပုံတို့ကို တိုတိုနှင့်လိုရင်း ပြောသည်။ အမှန်အတိုင်း ဖွင့်ပြောလိုက်ပြီ ဖြစ်သည်။

အနည်းငယ်မျှ ဝန်ခံပြောဆိုလိုက်သည်နှင့် အဖြေက ရှင်းရှင်းလင်းလင်း ဖြစ်သွား၏။

ကိုထင်သည်လည်း သိုင်းလောကသားများ၏ အထင်လွဲခြင်းခံရမည့် ဘေးအန္တရာယ်မှ ကင်းလွတ်သွားခဲ့ချေပြီ။

ကင်းဆိပ်မား ရထားသည့် ယဉ်ကြိုင်နှင့်လည်းကောင်း ကင်းဆိပ်မားကို ရယူဖို့ ကြံစည်နေသည့် မြေခွေးနက်ကြီးနှင့်လည်းကောင်း ရင်ဆိုင်ဖြေရှင်းဖို့သာ ကျန်တော့သည်။

ယဉ်ကြိုင်သည် ကင်းဆိပ်မားကို ရထားသည့်အပြင် ရောက်ရှိလာကြသော ဧည့်သည် သိုင်းသမားများကိုလည်း အတွင်းအားယုတ်လျော့စေသည့် အဆိပ်ခတ်ကာ အကောက်ကြံထားသေး၏။

ရှေ့ဆက်၍ကော မည်သို့ ဒုက္ခပေးဦးမည်နည်း။

စုမာဖုံး မျက်ခြည်မပြတ် အကဲခတ်နေစဉ်မှာပင် မြေခွေးနက်ကြီး စတင်လှုပ်ရှားလာသည်ကို တွေ့လိုက်ရလေသည်။

မြေခွေးနက်ကြီးသည် ရိပ်ခနဲ ရှေ့သို့ လှမ်းထွက်လိုက်လေ၏။

သူ၏ အော်ငေါက်သံလည်း ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

"ဟိတ် ... ယဉ်ကြိုင်၊ ကင်းဆိပ်မား ဘယ်မှာလဲ၊ ကျုပ်ကို မြန်မြန်ထုတ်ပေးစမ်း"

အားလုံးသည် မြေခွေးနက်ကြီး၏ အသံသည် မိုးခြိမ်းသံပမာ



ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရတော့မှ သတိပြုမိသွားကြလေသည်။

"ဟူး ... "

မြေခွေးနက်ကြီးသည် ယဉ်ကြိုင်ထံသို့ ရိပ်ခနဲခုန်ဝင်သွားသည်ကိုလည်း တွေ့လိုက်ကြရလေသည်။

မြေခွေးနက်ကြီးကား ဘာကိုမှ ဂရုမစိုက်ဘဲ 'ကင်းဆိပ်မား' ရရှိဖို့ ယဉ်ကြိုင်အား တိုက်ခိုက်တော့မည် ဖြစ်သည်။

မြေခွေးနက်ကြီးကြောင့် အခြေအနေ ရှုပ်ထွေးသွားတော့မည်ကို ရိပ်မိလိုက်သည့် ကိုထင်းက ကပျာကယာ ဟန့်တားလိုက်လေသည်။

"ခင်ဗျား ... ဒေါသမကြီးနဲ့၊ ရပ်လိုက်ပါ"

သူ၏အသံလည်း မြေခွေးနက်ကြီးနှင့်အပြိုင် မိုးခြိမ်းသံပမာ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

အသံကို နားထောင်ရုံဖြင့် အတွင်းအား အလွန်ကောင်းသူဖြစ်ကြောင်း ထင်ရှားစွာ ပေါ်လွင်နေတော့သည်။

မြေခွေးနက်ကြီးမှာ ယဉ်ကြိုင်ထံမှ ကင်းဆိပ်မားကို လုယူဖို့ ဆန္ဒ ပြင်းပြနေပါသည်။

သို့သော်ငြားလည်း ကိုထင်း ကြားဝင်လာလျှင် ယဉ်ကြိုင်ကို ရင်ဆိုင်ဖို့ ခက်မည်ဖြစ်ကြောင်း နားလည်၏။

ကိုထင်းနှင့် ယဉ်ကြိုင် နှစ်ယောက်ပေါင်းလိုက်လျှင် သူ၏ သိုင်းပညာ မည်မျှထက်မြက်စေသော်လည်း ယှဉ်နိုင်စွမ်းရှိမည်မဟုတ်။ သူ မျှော်လင့်သလို ကင်းဆိပ်မားကို ရနိုင်တော့မည် မဟုတ်ဟု တွေးမိကာ ကပျာကယာ ကိုယ်ရှိန်သတ်လိုက်လေသည်။

စုမာဖုံး ပြုံးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"သည်လိုဆိုတော့လည်း မြေခွေးနက်ကြီးက ပါးနပ်သားပဲ" စိတ်ထဲမှ ရေရွတ်မိလိုက်လေသည်။

မြေခွေးနက်ကြီးသည် ကိုထင်းအား ရှုသိုးသိုးမျက်နှာထားဖြင့် ကြည့်ရင်း မကျေမနပ် ပြောလိုက်လေသည်။

"ခင်ဗျားက ဘာသဘောလဲ၊ ယဉ်ကြိုင်ကို သဘောမကျဘူး ဆိုပြီး ဘာကြောင့် ယဉ်ကြိုင်ဘက်က ပါဝင်ပြီး ကျုပ်ကို ဟန့်တား ရတာလဲ"

ကိုထင်း ခပ်အေးအေးပင် ပြောလေသည်။

"ခင်ဗျား ဒုက္ခရောက်သွားမှာ စိုးရိမ်လို့ စေတနာနဲ့ တားမြစ် ရတာပါဗျာ"

မြေခွေးနက်ကြီး နှာခေါင်းရှုံ့လိုက်သည်။

"ကျုပ်ဒုက္ခရောက်မှာ စိုးရိမ်တယ် ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ ..."

"ကျုပ်ကို စေတနာထားတယ် ဟုတ်လား"

"ဒါ အမှန်ပဲ ..."

"ဟွန့် ... ရယ်စရာကောင်းလိုက်တာ၊ နေစမ်းပါဦး၊ ဘာ ကြောင့်များ ကျုပ်ကို သည်လောက်တောင် စေတနာပိုနေရတာလဲ၊ ပြောစမ်းပါဦး"

မြေခွေးနက်ကြီးက ခနဲ့မေး မေးမြန်းလေသည်။

ကိုထင်းက ...

"စိတ်ချ ... ခင်ဗျား မကြာခင် လက်တွေ့သိရမှာပါဗျာ"

မြေခွေးနက်ကြီးက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ကင်းဆိပ်ခါး ရသွားမှာကို ခင်ဗျား စိုးရိမ်နေတယ် မဟုတ်လား"



"ခုချိန်မှာတော့ သည်သဘောမျိုး မဟုတ်သေးပါဘူးဗျာ"

"ဒါဖြင့် ဘယ်အချိန်လဲ ..."

"မကြာခင် အဲသည်အချိန် ရောက်လာမယ် ထင်ပါတယ်"

"ဟား ... ဟား ... ဟား ..."

မြေခွေးနက်ကြီးက ဟားတိုက်ရယ်မောလိုက်သည်။

ပါးစပ်က ရယ်နေသော်လည်း သူ၏မျက်နှာကား ခက်ထန် တင်းမာနေပါသည်။

ရယ်သံဆုံးလျှင် ခက်ထန်သော လေသံဖြင့် ပြောလေသည်။

"ဘာပဲဖြစ်ဖြစ် ကျုပ်က ယဉ်ကြိုင်နဲ့ ဖြေရှင်းတဲ့အခါ ခင်ဗျား ဝင်မပါဘဲ ဘေးဖယ်နေရင် ကောင်းမယ်"

ကိုထင်း ဘာမှဝင်မပြောဘဲ နေလိုက်သည်။

မြေခွေးနက်ကြီးက ပြတ်သားလေသည်။

"ကျုပ်က ကင်းဆိပ်ခါးကြောင့် ရောက်လာတယ်ဆိုတာ အစောကြီးကတည်းက ပြောခဲ့ပြီးပြီ၊ ဒါကြောင့် ယဉ်ကြိုင်နဲ့ တစ် ယောက်ချင်း ဖြေရှင်းချင်တယ်၊ ခင်ဗျား ဝင်မပါပါနဲ့"

ကိုထင်း ဝင်မပါစေလိုပါ။

"ခင်ဗျား ဝင်ပါရင်တော့ ခင်ဗျားဘာတွေပဲပြောပြော ယဉ်ကြိုင် နဲ့ တကျိတ်တည်း တစ်ဘက်တည်းပဲဆိုတာ ပေါ်သွားမှာပဲ"

ကိုထင်းအား စကားဖြင့် ချည်နှောင်လိုက်သည်။

ကိုထင်း၏ ချို့ယွင်းချက်များကြောင့် သိုင်းလောကသားများ အထင်လွဲစရာ ဖြစ်ခဲ့ရသည်မှာ အမှန်ပင်။

ယခုတစ်ကြိမ် ...

ယဉ်ကြိုင်ဘက်မှ ရပ်တည်ကာ မြေခွေးနက်ကြီးအား ရင်ဆိုင် လျှင် အထင်မှားစရာ ဖြစ်လာဦးမည်မှာ အမှန်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ကိုထင်းအတွက် ဘေးကြပ်နံကြပ် ဖြစ်နေသည်။

သို့သော် ... ကိုထင်း မပူပါ။

အခက်အခဲများကို ဖြေရှင်းပေးမည့် စုမာဖုံးတစ်ယောက်လုံး ရှိနေသေးသည် မဟုတ်လား။

ထို့ကြောင့် ...

"ကောင်းပြီလေ၊ ခင်ဗျားက စကားနဲ့ချည်နှောင်နေတော့လည်း ကျုပ် မတတ်နိုင်တော့ဘူးပေါ့၊ ကျုပ်ဟာ ယဉ်ကြိုင်နဲ့ တစ်ကျိုက်တည်း တစ်ဉာဏ်တည်း မဟုတ်ဘူးဆိုတာ သက်သေပြဖို့ လက်ပိုက်ကြည့်နေရတော့မှာပေါ့"

ဟု ပြောလိုက်လျှင် ...

"ဟား ... ဟား ... ဟား ..."

မြေခွေးနက်ကြီးက သဘောကျသွားလေသည်။

"သည်လိုမှပေါ့ဗျာ"

ကိုထင်း သက်ပြင်းချလိုက်သည်။

"ကျုပ်က စေတနာနဲ့ သတိပေးတာပါ၊ ခင်ဗျား လက်မခံရင် ခင်ဗျားပဲ ဒုက္ခရောက်လိမ့်မယ်၊ ကျုပ်က ဘာမှဖြစ်မှာ မဟုတ်ဘူး"

မြေခွေးနက်ကြီးက ...

"မလိုပါဘူး၊ ခင်ဗျား ဝင်မပါရင် ပြီးတာပဲ"

စကားဆုံးလျှင် ယဉ်ကြိုင်ထံသို့ လှမ်းသွားလိုက်၏။

ကိုထင်း ဝင်ပါတော့မည် မဟုတ်၍ စိတ်အေးလက်အေးဖြစ်သွားလေသည်။

ယဉ်ကြိုင်က အကဲခတ်နေပါသည်။

မြေခွေးနက်ကြီး ရန်ရှာတော့မည်ဖြစ်ကြောင်း ရိပ်မိထား၏။

ကိုထင်းပါ ဝင်ပါလာမည်ကို စိုးရိမ်နေသည်။



မြေခွေးနက်ကြီးကြောင့် ကိုထင်းက နောက်ဆုတ်သွားလျှင် စိတ်ထဲမှကျိတ်၍ ကျေနပ်သွားလေသည်။

သူ့ဆီ မလှမ်းမကမ်းသို့ ရောက်လာသော မြေခွေးနက်ကြီးကို ကြည့်ကာ ပြုံးလိုက်လေသည်။

"ခင်ဗျားက ကင်းဆိပ်စားကို တော်တော်လိုချင်နေတယ် မဟုတ်လား"

မြေခွေးနက်ကြီးက ခေါင်းညိတ်လိုက်၏။

"သိပ်မှန်တာပေါ့၊ ကျုပ် အဘွားကြီးက အပင်ပန်းခံပြီး ဘာ မဟုတ်တဲ့ မားဂေဟာကို အကြောင်းမဲ့ လာခဲ့ပါ့မလား"

ယဉ်ကြိုင်က ...

"ခင်ဗျား တော်တော်ပင်ပန်းခဲ့တာပဲကိုး ..."

"ဟုတ်တယ် ... သည်ကို ရောက်လာပြီးမှ ပင်ပန်းရကျိုးနပ် ရမှာပေါ့"

"ဟုတ်ပါတယ် ... ဟုတ်ပါတယ် ..."

ယဉ်ကြိုင် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

တဖန် ...

"ခင်ဗျား ပင်ပန်းသလို အားလုံး ပင်ပန်းခဲ့ကြသူတွေချည်းပါပဲဗျာ၊ ဒါပေမယ့် သည်လောက် အပင်ပန်းခံရုံလေးနဲ့တော့ မဖြစ်သေးပါဘူး"

"ခင်ဗျားက ဘာသဘောလဲ"

"သြော် ... ခင်ဗျား ပင်ပန်းတယ်ဆိုတာ စာဖွဲ့မရသေးလို့ပါ၊ ကင်းဆိပ်စားက သည်ထက်မက တန်ဖိုးကြီးနေတာပဲ မဟုတ်လား"

မြေခွေးနက်ကြီး မဲ့ပြုံးပြုံးလိုက်သည်။

"အပိုတွေ ပြောမနေနဲ့တော့၊ ခင်ဗျား လက်ထဲမှာရှိနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကင်းဆိပ်ဓား ကျုပ်ကို အေးအေးဆေးဆေး ထုတ်ပေးလိုက်ရင် ကောင်းမယ်"

ယဉ်ကြိုင်က ...

"ခင်ဗျားလိုချင်ရင် ရပါတယ်၊ ဒါပေမယ့် ထိုက်တန်တဲ့ တန်ဖိုးတော့ ပေးရလိမ့်မယ်"

မြေခွေးနက်ကြီး ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ခင်ဗျားက ကင်းဆိပ်ဓားကို ရောင်းမယ် ဟုတ်လား၊ ပြောစမ်းပါဦး၊ ကျုပ် ဘယ်လောက်ပေးရမှာလဲ"

ယဉ်ကြိုင်က ခေါင်းခါယမ်းလိုက်သည်။

"မရောင်းပါဘူးဗျာ၊ ကျုပ်ပြောတာ ငွေကြေးစကား မပါ,ပါဘူး၊ တန်ဖိုးကြီးကြီး ပေးရမယ်လို့ ပြောတာပါ"

မြေခွေးနက်ကြီးက ကြမ်းပြင်ပေါ် ဒုန်းခနဲမြည်အောင် ခြေဆောင့်လိုက်၏။

"ကျုပ်သိပြီ ... ကင်းဆိပ်ဓားကို လိုချင်ရင် ကျုပ်အသက်ကို ပေးရမယ်ဆိုတဲ့ သဘောမျိုး ပြောတာမဟုတ်လား"

ယဉ်ကြိုင် ခေါင်းခါယမ်းလိုက်သည်။

"သည်လောက်အထိလည်း မဟုတ်သေးပါဘူးဗျာ"

"ခင်ဗျားစကားကို ရှင်းရှင်းပြောရင် ကောင်းမယ်"

"ဒါဖြင့် ခင်ဗျားစိတ်ရှည်ရှည် နားထောင်မှ ဖြစ်မယ်"

"ကောင်းပြီ ... ပြောပါ"

ယဉ်ကြိုင်၏မျက်နှာ တည်ကြည် လေးနက်သွား၏။

"ရုတ်တရက်ကြည့်ရင် ကင်းဆိပ်ဓားကို ကျုပ်က လွယ်လွယ်ကလေးနဲ့ ရခဲ့တယ်လို့ ထင်ရမှာပဲ၊ ဒါပေမယ့် လွယ်လွယ်ကူကူ ရအောင် ကျုပ် ဘယ်လောက်တွေးတော စဉ်းစားခဲ့ရတယ်၊ အကြံဉာဏ်သုံးခဲ့ရတယ်ဆိုတာ ဘယ်သူမှ သိကြမှာ မဟုတ်ဘူး၊ တွေးမိကြမှာလည်း မဟုတ်ဘူး"



အားလုံးက ယဉ်ကြိုင် ကြီးကြီးကျယ်ကျယ် ပြောနေသည်ဟု နှာခေါင်းရှုံ့မိကြသော်လည်း စုမာဖုံးက ထိုစကားကို လက်ခံသည်။

ယဉ်ကြိုင်သည် ကင်းဆိပ်ဓားကို ရရှိနိုင်အောင် မားကျောက်နှင့် ကျူးဟို မိန်းကလေးတို့အား အသုံးချနိုင်ခဲ့သည်။

ချွေးတစ်စက်မှ မထွက်ရဘဲ ကင်းဆိပ်ဓားကို ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

အလွန် ရိုးရှင်းလွယ်ကူလှသော နည်းလမ်းမျိုးကို လူအများ မျက်စိလျှမ်းတတ်ကြပေသည်။

အခက်အခဲ အန္တရာယ်များဖြင့် ကြမ်းတမ်းသော နည်းလမ်းမျိုးကိုသာ တွေးမိတတ်သူ များပေမည်။

ကင်းဆိပ်ဓားကို ရယူလိုသူသည် အရင်ဦးဆုံး အမိုက်ကျေးရွာပိုင်ရှင်နှင့် ရင်ဆိုင်ရမည့် နည်းလမ်းကိုသာ ယေဘုယျ တွေးတောကြံဆကြလိမ့်မည်သာ ဖြစ်ပါသည်။

ယဉ်ကြိုင်ကဲ့သို့ အလွန်လွယ်ကူပြီး သေချာပေါက် ရနိုင်မည့် နည်းလမ်းမျိုးကို တွေးမိကြမည် မဟုတ်ပါ။

ယဉ်ကြိုင်၏ အားသာချက်ကား ကင်းဆိပ်ဓား၏ လျှို့ဝှက်သတင်းကို ရအောင်စုံစမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

သတင်းရအောင် စုံစမ်းနိုင်ဖို့ မားကျောက်ကို အသုံးချရန် တွေးတောကြံဆနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

ယဉ်ကြိုင်က မြေခွေးနက်ကြီးကို ပြုံးပြလိုက်သည်။

"ကျုပ် အကြံဉာဏ် သုံးခဲ့ရသလို ခင်ဗျားလည်း အကြံလေး ဉာဏ်လေး ထုတ်ဦးမှပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



မြေခွေးနက်ကြီးက ...

"ကျုပ်က ဘာအကြံဉာဏ် ထုတ်ရမှာလဲ"

ယဉ်ကြိုင်က ...

"ကျုပ်နဲ့ ပူးပေါင်းလက်တွဲဖို့ပေါ့ဗျာ"

"ဘာ ..."

မြေခွေးနက်ကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"လက်စသတ်တော့ ကျုပ်ကို အသုံးချဖို့ စည်းရုံးသိမ်းသွင်းနေတာကိုး ..."

ယဉ်ကြိုင် သက်ပြင်းချလိုက်သည်။

"ခက်ပါလား၊ ခုချိန်ထိအောင် ခင်ဗျား အခြေအနေမှန်ကို အသုံးမချတတ်သေးဘူးလား၊ နားမလည်သေးဘူးလားဗျာ"

မြေခွေးနက်ကြီးက ...

"ခင်ဗျား အပိုတွေပြောမနေနဲ့"

ဟု အော်လိုက်၏။

ယဉ်ကြိုင်က စိတ်ပျက်စွာ ပြောလေသည်။

"ခင်ဗျား စဉ်းစားကြည့်စမ်းပါ၊ ကင်းဆိပ်ဓားဟာ ကျုပ်လက်ထဲမှာ ရှိနေတယ်၊ ကျုပ်နဲ့ ပူးပေါင်းဆောင်ရွက်မှ ခင်ဗျားလိုချင်တဲ့အတိုင်း ရနိုင်မယ်၊ သူများတွေနဲ့ပေါင်းလို့ ရနိုင်ပါ့မလား"

မြေခွေးနက်ကြီးက စုမှာဖုံးတို့အား မသိမသာ လှမ်းကြည့်လိုက်လေသည်။ စုမှာဖုံးတို့အားလုံး တုတ်တုတ် မလှုပ်ကြချေ။

အခြေအနေ စောင့်ကြည့်နေကြခြင်း ဖြစ်လေသည်။

ယဉ်ကြိုင်က ...

"ကောင်းပြီ ... ကျုပ်ဆီက လုယူနိုင်လို့ ကင်းဆိပ်ဓားကို ခင်ဗျားရသွားပြီ ထားပါဦး၊ သူတို့က ခင်ဗျားကို အေးအေးဆေးဆေး



လက်ပိုက် ကြည့်နေကြမှာတဲ့လား၊ သူတို့အားလုံး ဝိုင်းလာကြမယ်ဆိုရင် ခင်ဗျားတစ်ယောက်တည်းနဲ့ ဖြစ်မလား"

မြေခွေးနက်ကြီး ငိုင်သွား၏။

ကင်းဆိပ်ဓား သတင်းကြီးသော်လည်း ဤခန်းမဆောင်ထဲရောက်နေသည့် သိုင်းလောက ထိပ်သီးသမားကြီးများကို ရင်ဆိုင်နိုင်ဖို့ စိတ်ချထား၍ မဖြစ်ပါ။

သိုင်းထိပ်သီးကြီးများ စုပေါင်း တိုက်ခိုက်လာပါလျှင် ကင်းဆိပ်ဓား ရှိနေသော်လည်း အခက်မကြုံဟု မပြောနိုင်ပါ။

အလွန် အန္တရာယ်များသည့် အခြေအနေဖြစ်သည်။

ယဉ်ကြိုင်သည် မြေခွေးနက်ကြီး တွေဝေနေသည်ကို အခွင့်ကောင်းယူကာ ဆက်ပြောလိုက်သည်။

"ကျုပ်နဲ့ ပူးပေါင်းပါ၊ ကျုပ်အကြံ အောင်မြင်တာနဲ့ ကင်းဆိပ်ဓားကို ခင်ဗျားလက်ထဲ ထည့်ပေးလိုက်မယ်"

မြေခွေးနက်ကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ခင်ဗျား တကယ်ပြောတာလား"

"တကယ်ပေါ့ဗျာ ..."

"ကောင်းပြီ ... ခင်ဗျားအကြံ ဘာလဲဆိုတာ အရင်ပြောပါဦး"

ယဉ်ကြိုင်က ကျေနပ်စွာဖြင့် လက်ဖေ့ယမ်း ပြလိုက်သည်။

"ဟောသည့် ခန်းမဆောင်ကြီးထဲမှာ ရောက်နေတဲ့ သိုင်းသမားကြီးတွေကို ဆုံးမဖို့ပေါ့ဗျာ"

မြေခွေးနက်ကြီး နှာခေါင်းရှုံ့လိုက်၏။

"ဟွန်း ... သည်လူတွေ အားလုံးကို ဆုံးမနိုင်မယ် ထင်ရအောင် ခင်ဗျားမှာ ဘာအစွမ်းအစများ ရှိလို့လဲ"

ယဉ်ကြိုင် ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်က အတွင်းအား ယုတ်လျော့စေတဲ့ အဆိပ်ဆေးကို အသုံးပြုထားခဲ့ပြီးပြီဆိုတာ ခင်ဗျား မေ့နေပြီထင်တယ်"

"ဩော် ... ခင်ဗျားမှာ အားကိုးရှိနေသေးတာကိုး"

"ဘယ်လိုလဲ ... ကျွန်ုပ်နဲ့ ပူးပေါင်းတော့မလား"

မြေခွေးနက်ကြီး မည်သို့အဖြေပေးမည်ကို စုမာဖုံးတို့အားလုံး စိတ်ဝင်စားနေကြလေတော့သည်။

မြေခွေးနက်ကြီးက စွဦးပင် မစဉ်းစားပါချေ။

"မဖြစ်ဘူး ... ကျွန်ုပ်က တစ်သက်လုံး ကျွန်ုပ်သဘောနဲ့ ကျွန်ုပ်တစ်ယောက်ထဲ လုပ်ခဲ့တာ၊ သူများနဲ့ ပူးပေါင်းလက်တွဲဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ဝါသနာလည်း မပါဘူး၊ ခင်ဗျား တခြားနည်းလမ်း ပြင်ပြောရင် ကောင်းမယ်"

ယဉ်ကြိုင်က ...

"ခင်ဗျားအကြောင်း ကျွန်ုပ်သိပြီးသားပါ၊ ကျွန်ုပ်တို့ ရေရှည် ပူးပေါင်း လက်တွဲကြမှာ မဟုတ်ဘဲ၊ သည်ကနေ့ တစ်ရက်တည်း ပူးပေါင်းကြမယ် ဆိုရင်ကော မဖြစ်နိုင်ဘူးလား"

စုမာဖုံးသည် ယဉ်ကြိုင် ဉာဏ်များလှသည်ဟု တွေးပြီး သက်ပြင်းချမိသည်။

"အံ့သြစရာပဲ ... ယဉ်ကြိုင်ဟာ မြေခွေးနက်ကြီးထက်တောင် ပိုပြီး ဉာဏ်နီဉာဏ်နက် များနေပါသေးလား"

မြေခွေးနက်ကြီး၏ စကားသံ ထွက်ပေါ်လာ၏။

"လက်စသတ်တော့ သိုင်းထိပ်သီးတွေကို ခင်ဗျားတစ်ယောက်တည်း ရင်မဆိုင်ရဲတာကြောင့် ကျွန်ုပ်ကို အဖော်ခေါ်နေတာကိုး ..."

"ကျွန်ုပ်တို့နှစ်ယောက် လက်တွဲလိုက်ရင် အောင်မြင်မှုရမှာ သေချာပါတယ်လေ"



"ကျွန်ုပ် လက်မခံဘူး ဆိုရင်ကော ..."

"ဒါဆို ... ကင်းဆိပ်ဓားကိုရဖို့ မမျှော်လင့်နဲ့တော့ပေါ့ဗျာ"

မြေခွေးနက်ကြီးက ...

"ကျွန်ုပ်ကို လှည့်စားပြီး အသုံးချလို့ရမယ် မထင်နဲ့"

"ခင်ဗျားသဘောပဲလေ၊ ခင်ဗျားရသွားလည်း သူတို့က ခင်ဗျားကို လက်ပိုက်ကြည့်နေကြမှာမှ မဟုတ်တာ"

"ခင်ဗျားကော ဘာထူးလို့လဲ"

"ဒါကြောင့် ကျွန်ုပ်တို့နှစ်ယောက် ပူးပေါင်းဖို့ ပြောတာပေါ့"

"ကောင်းပြီ ... ကျွန်ုပ် လက်ခံရင် ကင်းဆိပ်ဓားကို ပေးမလား"

"စိတ်ချ ... ပြဿနာတွေ ဖြေရှင်းပြီးတာနဲ့ ကင်းဆိပ်ဓားကို ခင်ဗျားလက်ထဲ ရောက်လာစေရမယ်"

"ခင်ဗျား ကတိတည်တယ်နော်"

"စိတ်ချစမ်းပါဗျာ၊ ဟား ... ဟား ... ဟား ..."

စကားပြောဆိုကြရင်း မြေခွေးနက်ကြီးသည် သူ့ထက်ပို၍ ဉာဏ်များနေသော ယဉ်ကြိုင်၏ စည်းရုံးသိမ်းသွင်းမှုကို ခံနေရပြီ ဖြစ်ကြောင်း ဆင်ခြင်မိသည့် ကိုထင်းက ကြားဝင်လိုက်လေသည်။

"မြေခွေးနက်ကြီး ... ကိစ္စပြီးတာနဲ့ ခင်ဗျားကိုပါ ချမ်းသာပေးမှာ မဟုတ်ဘူးဆိုတာ ခင်ဗျား မစဉ်းစားမိတော့ဘူးလား၊ သူ့အတွက် အန္တရာယ် မရှိတော့မှ ခင်ဗျားကို အမှုထားပါဦးမလား"

မြေခွေးနက်ကြီးက ...

"ကျွန်ုပ်ကို လွယ်လွယ်နဲ့ ရမလား"

"စိတ်ချ ... နှောင့်ယှက်မယ့်လူ မရှိတော့ဘဲ အေးအေးဆေး ဆေး ရင်ဆိုင်ရမယ်ဆိုရင် ယဉ်ကြိုင်မှုမှာ မဟုတ်ဘူး၊ ကင်းဆိပ်ဓားရဲ့ စွမ်းပကားကိုလည်း လျော့မတွက်သင့်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မြေခွေးနက်ကြီး ခေါင်းခါယမ်းလိုက်၏။

"ခေါင်းရှုပ်တယ်၊ ကျုပ် ဘာမှ မစဉ်းစားချင်တော့ဘူး၊ ကဲ ... ယဉ်ကြိုင် ကျုပ် ကင်းဆိပ်ဓားကို ကြည့်ချင်တယ်၊ ကင်းဆိပ်ဓားကို တွေ့ရပြီးမှ ဘာလုပ်သင့်တယ်ဆိုတာကို ကျုပ် ဆုံးဖြတ်တော့မယ်"

ယဉ်ကြိုင်သည် မြေခွေးနက်ကြီး ဇဝေဇဝါ ဖြစ်နေသည့် သဘောကို စောကြောမိလိုက်သဖြင့် သဘောတူလိုက်သည်။

"ကောင်းပြီလေ ... သည်ကိစ္စက ခဲယဉ်းတဲ့ကိစ္စမှ မဟုတ်တာ"

စကားဆုံးလျှင် ကင်းဆိပ်ဓားကို ထုတ်ယူလိုက်တော့သည်။

❋ ● ❋

သိုင်းလောက တစ်ခုလုံး စိတ်ဝင်စားနေသည့် ကင်းဆိပ်ဓားမှာ ယဉ်ကြိုင်၏ လက်ထဲသို့ ရောက်နေသည်။

ယခု ...

ယဉ်ကြိုင်က အားလုံးမြင်သာအောင် ကင်းဆိပ်ဓားကို ထုတ်ပြလိုက်ပြီ ဖြစ်သည်။

ယဉ်ကြိုင်က အင်္ကျီရင်ဘတ်ကြား လက်နှိုက်လိုက်၏။

သူ၏လက်ကို ပြန်ထုတ်လိုက်သောအခါခါးစည်းကြိုးသဏ္ဍာန် ရစ်ခွေထားသော အရာဝတ္ထုတစ်ခု ပါလာ၏။

အမည်းရောင် ရှိသည်။

ထို ခါးစည်းကြိုးသဏ္ဍာန်ရှိသော ပစ္စည်းကို တွေ့မြင်လိုက်ရသည်နှင့် ဓားပျော့တစ်ချောင်းဖြစ်ကြောင်း အားလုံး သိလိုက်ကြ၏။

အကောင်းစားသံဖြင့် ပြုလုပ်ကာ လိမ်ခွေ၍ရအောင် ပါးလွှာလေသည်။ ဓားရောင်မှာ မည်းနက်နေသဖြင့် အဆိပ်များ ကိန်းအောင်းနေကြောင်း ထင်ရှား၏။



ကင်းဆိပ်ဓား၏ အခြား ထူးခြားချက်မှာ သွေးနှင့်မထိတွေ့ဘဲ အဆိပ်ဒဏ် မခံစားရခြင်း ဖြစ်ပါသည်။

ဓားဖြင့်ထိ၍ သွေးထွက်မည်ဆိုလျှင် အဆိပ်မိသွားမည်ဖြစ်၏။

ဓားကို သည်အတိုင်း ကိုင်ရုံဖြင့် အဆိပ်မမိနိုင်ပါချေ။

ယဉ်ကြိုင်က လက်ကိုဆန့်ထုတ်လိုက်၏။

"ရှမ်း ..."

ခါးစည်းကြိုးတစ်ချောင်း ရစ်ခွေထားသကဲ့သို့ ရှိနေသော ကင်းဆိပ်ဓားသည် လိပ်ထားရာမှ လျောခနဲဖြစ်ကာ ဓားတစ်လက်အသွင် ချက်ချင်း ပြောင်းလည်းသွားတော့သည်။

အားလုံးက ကင်းဆိပ်ဓားကို စိတ်ဝင်စားစွာ ကြည့်နေကြ၏။

ရုတ်တရက်ဆိုလျှင် ကျော်ကြားမှုနှင့် လိုက်လျောညီထွေ မရှိ။ ပုံဆိုးပန်းဆိုး အထင်ကြီးစရာ လုံးဝမရှိသော ဓားတစ်လက်ဟု မှတ်ယူနိုင်သည်။

သို့သော် ...

မည်သူမျှ အထင်မသေးဝံ့ကြပါ။

မြေခွေးနက်ကြီး၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပြောင် လာတော့သည်။

"ဒါဟာ ... ကင်းဆိပ်ဓားတဲ့လား"

ဟုလည်း ရေရွတ်လိုက်လေသည်။

တဆက်တည်းပင် ရှေ့သို့ ခြေလှမ်းတိုးလိုက်၏။

"ကင်းဆိပ်ဓားကို တွေ့ရတာ ကျေနပ်စရာပဲ၊ ကျုပ်ကို ခဏလောက် ကိုင်တွယ်စစ်ဆေး ကြည့်ရှုခွင့် ပေးနိုင်မလား"

ယဉ်ကြိုင်က ဓားတစ်ချက် ဝှေ့ယမ်းလိုက်၏။

"ဝှစ် ..."

www.burmeseclassic.com

www.burmeseclassic.com



အေးစိမ့်သော ဓား၏အရှင့်အသက်များ ထွက်ပေါ်လာ၏။

မကောင်းသည့် အတိတ်နိမိတ်ကို ဆောင်သော မည်းမည်း အရိပ်ကြီးကလည်း ရိပ်ခနဲ လွှမ်းခြုံသွား၏။

မြေခွေးနက်ကြီး ကပျာကယာ နောက်ဆုတ်လိုက်သည်။

ယဥ်ကြိုင်ကို မကျေမနပ်ဖြစ်သွား၏။

"ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ"

ကင်းဆိပ်ဓားဖြင့် ခြစ်မိလိုက်ရုံဖြင့် သွေးစို့သော ဒဏ်ရာလေး တစ်ခု ရရှိစေလိုက်သည်နှင့် အဆိပ်မိကာ အသက်ပေးလိုက်ရမည် မဟုတ်ပါလား။

မြေခွေးနက်ကြီးက မကျေမနပ် အော်လိုက်သောအခါ ယဥ်ကြိုင် ရယ်မောလိုက်လေသည်။

"ခင်ဗျား ထင်ထင်ရှားရှား မြင်ရအောင် ဇော့ယမ်းပြတဲ့သဘော ပါဗျာ၊ ဘယ်လိုမှ မအောင်းမေ့ပါနဲ့၊ ခင်ဗျားပဲ စစ်ဆေးကြည့်ချင် တယ်လို့ ပြောခဲ့တာ မဟုတ်လားဗျ"

မြေခွေးနက်ကြီးက ...

"ကျုပ် လက်ထဲကိုင်ပြီး စစ်ဆေးကြည့်ချင်တယ်လို့ ပြောတာ၊ ဘာလဲ ... ကျုပ်ကို အလစ်တိုက်ခိုက်ချင်တာလား"

ယဥ်ကြိုင်က ...

"ခက်ပါလား ... ကျုပ်နဲ့ ပူးပေါင်းရင် ခင်ဗျားကို ပေးမယ်လို့ ပြောပြီးပြီ၊ ကျုပ်က ခင်ဗျားကို တိုက်ခိုက်ရဦးမှာလား"

မြေခွေးနက်ကြီးက ...

"ကျုပ်နဲ့ ပူးပေါင်းချင်တာ ကျုပ်ကို အသုံးချမလို့ ဆိုတာ မသိဘူး မှတ်နေသလား"

ယဥ်ကြိုင် ခေါင်းခါယမ်းလိုက်သည်။



"ခင်ဗျားမှားနေပြီ၊ ခင်ဗျားကို အသုံးချတာ မဟုတ်ဘူး၊ ခင်ဗျားရဲ့ အကူအညီ လိုအပ်နေလို့ ပြောနေတာဗျ"

"တော်စမ်းပါ ... သူများတွေကို ဆုံးမပြီးရင် ကျုပ်ကိုလည်း အကောက်ကြံမှာပဲ မဟုတ်လား"

"ခင်ဗျားက ကိုထင်းစကားကိုယုံပြီး ကျုပ်ကို အထင်လွဲနေ တာကိုး၊ ကျုပ် ရှင်းရှင်းပြောမယ်၊ သည်ကနေ့ ကျုပ်က ကင်းဆိပ် ဓားကိုစွန့်ပြီး သည်ကထွက်သွားချင်လို့ပဲ၊ သူတို့ သွားခွင့်ပေးကြမှာ မဟုတ်ဘူး၊ ကျုပ် အသက်ထက်ပိုပြီး အရေးကြီးတာ ဘာမှ မရှိဘူး၊ ကင်းဆိပ်ဓား မရှိလည်း ကိစ္စမရှိဘူး၊ ကျုပ် သည်နေရာက အေးအေး ဆေးဆေး ထွက်သွားနိုင်ဖို့ပဲ မျှော်လင့်ထားတာ"

"ခင်ဗျားကို သူတို့ ချမ်းသာပေးကြမှာ မဟုတ်ဘူးဆိုတာ ထူးခြားနေပြီ၊ ခင်ဗျား မဟုတ်တာတွေ ဘယ်လောကလ်များ လုပ် ထားလို့လဲ၊ ကိုထင်းလို လူတစ်ယောက်ကိုတောင် သူတို့ ခွင့်လွှတ် နိုင်ကြသေးတာ၊ ခင်ဗျားကို ခွင့်လွှတ်မှာ မဟုတ်ဘူးဆိုတော့ ခင်ဗျား သိပ်လွန်နေပြီ ထင်တယ်"

ယဥ်ကြိုင် လက်ဇော့ယမ်းပြလိုက်သည်။

"ဒါတွေ အသာထားလိုက်စမ်းပါ၊ ကင်းဆိပ်ဓားကို ခင်ဗျား လိုချင်သလား၊ မလိုချင်ဘူးလား ဆိုတာသာ ပြောပါ"

"ကျုပ် မလိုချင်ဘဲ နေ့ပါ့မလား"

"ဒါဖြင့် ... ကျုပ်နဲ့ လက်တွဲပြီး သူတို့နဲ့ ရင်ဆိုင်ရမယ်၊ သူ တို့ကို ဆုံးမပြီးရင် ကင်းဆိပ်ဓားကို ခင်ဗျားလက်ထဲ ထည့်လိုက်မယ်၊ ကျုပ်လည်း သည်နေရာက ထွက်သွားမယ်၊ ကဲ ... ဘယ်လိုလဲ"

ကင်းဆိပ်ဓားကိုပင် မမက်မောတော့ဘဲ ဤနေရာမှ အေးကောင်း ချမ်းကင်း ထွက်သွားလိုစိတ်သာရှိကြောင်း ပြောဆိုနေ၏။

www.burmeseclassic.com

www.burmeseclassic.com



မြေခွေးနက်ကြီး တွေဝေသွားသည်။

ယခုတစ်ကြိမ် ...

ယဉ်ကြိုင် ပြောဆိုနေသည်မှာ အမှန်ပင်ဖြစ်ကြောင်း နားလည်ထားသူတစ်ယောက် ရှိနေ၏။

စုမာဖုံးပင် ဖြစ်လေသည်။

အခြားသူများက ယဉ်ကြိုင်အား မည်သို့မျှ မယုံကြချေ။

လိမ်လည်လှည့်ဖြားကာ မြေခွေးနက်ကြီးအား စည်းရုံးသိမ်းသွင်းဖို့ ကြိုးစားနေသည်ဟု သဘောထားနေ၏။

စုမာဖုံးက အဘယ့်ကြောင့် ယဉ်ကြိုင်၏စကားကို ယုံကြည်နေရပါသနည်း။

စုမာဖုံးသည် ယဉ်ကြိုင်နှင့် ဖြေရှင်းစရာအကြောင်း တစ်ခုရှိနေပါတော့သည်။

မြေခွေးနက်ကြီးသည်လည်း အခြားသူများကဲ့သို့ပင် ယဉ်ကြိုင်၏ စကားကို မယုံချေ။

"ခင်ဗျား ကောင်းကင်နဲ့မြေကြီးကို သစ္စာပြုပြီး ပြောမယ်ဆိုရင်တောင် စဉ်းစားစရာပဲ၊ ခင်ဗျားလို လူစားမျိုးက ကင်းဆိပ်ခါးကို လွယ်လွယ်ကူကူနဲ့ စွန့်လွှတ်ပါ့မလား၊ ခင်ဗျားပြောတာ သိပ်လွယ်နေတယ်"

ယဉ်ကြိုင်က ...

"အကြောင်းရှိလို့ပေါ့ဗျာ"

ပြောရင်း မလှမ်းမကမ်း၌ ရှိနေသော စုမာဖုံးအား လှမ်းကြည့်လိုက်လေသည်။

စုမာဖုံး၏မျက်နှာ တည်ကြည်လေးနက်နေသည်ကို မြင်လိုက်လျှင် ခပ်ရှိန်ရှိန် ဖြစ်သွားလေသည်။



မြေခွေးနက်က ရုတ်တရက် လက်မခံသဖြင့် ယဉ်ကြိုင်သည် ကိုထင်းဘက်သို့ မြှားဦးလှည့်လိုက်လေသည်။

"ကိုထင်း ... ခင်ဗျားကော ဘယ်လိုသဘောရသလဲ"

ကိုထင်းက ...

"ခင်ဗျား ဘာဆိုလိုတာလဲ ..."

ယဉ်ကြိုင်က ...

"ခင်ဗျားသာ ကျုပ်နဲ့ လက်တွဲရင် ကင်းဆိပ်ခါးကို ရနိုင်မယ်ဆိုတာကိုပေါ့"

ကိုထင်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်အတွက်လည်း ကင်းဆိပ်ခါးက အရေးမကြီးပါဘူး"

ယဉ်ကြိုင်က ...

"ဒါဖြင့် ဘာက အရေးကြီးသလဲ ပြောပါဦး"

ကိုတင်း၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ခင်ဗျားကို ဆုံးမနိုင်ဖို့က အရေးအကြီးဆုံးပါပဲ"

ယဉ်ကြိုင် မျက်နှာပျက်သွားတော့သည်။

ကိုထင်းက ...

"ကျုပ် ဇနီးကလည်း သူ့ရဲ့သမီးလို ဖြစ်နေတဲ့ ကျုံးဟိုမိန်းကလေးအတွက် ခင်ဗျားကိုဘယ်တော့မှချမ်းသာပေးမှာမဟုတ်ပါဘူး"

ယဉ်ကြိုင် အံကြိတ်လိုက်သည်။

"ခင်ဗျားထင်သလို မရနိုင်ပါဘူး"

ကိုထင်းအား စည်းရုံး၍ မရနိုင်သည်က ထင်ရှားလေ၏။

ကိုထင်းက ...

"ယဉ်ကြိုင် ... ခင်ဗျားလက်လျှော့လိုက်ပါ၊ အပြစ်ကို ခံယူပါ၊ ဒါဟာ ခင်ဗျားအတွက် အသက်ညှာဆုံး နည်းလမ်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကြိုင် ပခုံးတွန့်လိုက်သည်။

"ခင်ဗျားပြောတာ မဆိုးဘူး၊ ဒါပေမယ့် ကျုပ် ကြိုးစားကြည့်လိုက်ဦးမယ်"

စကားဆုံးလျှင် လက်ထဲမှ ကင်းဆိပ်စားကို တဝီဝီ မြည်အောင် ဇေ့ယမ်းလိုက်လေတော့သည်။

❋ ◆ ❋

အေးစိမ့်သော အရိပ်မည်းကြီးက ခန်းမဆောင်ထဲသို့ ဖုံးလွှမ်းသွားလေသည်။

ရှိရှိသမျှသော လူအားလုံး မကောင်းသောအတိတ်နိမိတ်များ ခံစားလိုက်ရလေသည်။

အချို့က ရင်ဆိုင်ရန် အသင့်ပြင်ဆင်ထားကြပြီး အချို့က ထွက်ပြေးရှောင်တိမ်းသွားဖို့ပင် စဉ်းစားမိကြသည်။

ယဉ်ကြိုင်ကား ထိတ်လန့်ကြောက်မက်ဖွယ်ကောင်းသူ ဖြစ်ကြောင်း ပေါ်လွင်လာသည်။

သူ၏သိုင်းပညာစွမ်းနှင့် ကင်းဆိပ်စား၏အစွမ်း ပေါင်းစပ်လိုက်လျှင် မည်သို့ရှိမည်နည်း။

"စုန်း ..."

ယဉ်ကြိုင်က ဓားဇေ့ယမ်းမှုကို ရပ်တန့်လိုက်၏။

ယခုမှ ...

အသက်ဝဝ ရှူနိုင်တော့သည်ဟု ခံစားသူများ ခံစားနေရသည်။

စုမာဖုံးကား မလှုပ်မယှက် ...

ယဉ်ကြိုင်က ၊ သူ၏အစွမ်းအစတို့ ထုတ်ဖော်ပြသလာတော့မည်ဟု နားလည်ထားသည်။



စုမာဖုံး တွေးတောနေစဉ်မှာပင် ယဉ်ကြိုင်၏ စကားသံ ထွက်ပေါ်လာလေသည်။

"မိတ်ဆွေတို့ ... ကျုပ်တပည့်ရဲ့ဓနစပ်ပွဲကို ကြွရောက် ချီးမြှင့်ကြတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ဦးစွာပထမပြောကြားပါရစေ"

ချိန်ဟုတ် ပြုံးလိုက်သည်။

"ခုမှပဲ ယဉ်ကြိုင် ဘာတွေကြံစည်ထားတယ် ဆိုတာကို သိရတော့မယ်"

ဟန်ရှောင်က ...

"သူ့အကြံက ဘယ်တော့မှ ကောင်းမှာမဟုတ်ဘူး"

လုံယွမ်၊ ကိုထင်း၊ ယင်းလိန်၊ ဝီရှမ်းဆရာတော်တို့ လူစုက အခြေအနေ စောင့်ကြည့်နေပါသည်။

ယခုမှ ...

အရေးအကြီးဆုံးအချိန် ရောက်လာပြီဖြစ်ကြောင်း နားလည်မိကြလေသည်။

ယဉ်ကြိုင်က ...

"ကျုပ်က ဓနစပ်ပွဲကို အကြောင်းပြုပြီး ကင်းဆိပ်စားရဲ့ ဆက်သက်တဲ့ ပြဿနာအရပ်ရပ်ကို ဖြေရှင်းဖို့ ဝါရင့်သိုင်းသမားကြီးတွေလည်း ရောက်ရှိလာကြတော့ ပိုပြီး ပြည့်စုံပြီး အားရကျေနပ်ရပါပဲ၊ ခုလို စုရုံးရောက်ရှိလာကြတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့လည်း ထပ်လောင်းပြောချင်ပါတယ်"

မြွေခွေးနက်ကြီးကား ဗိုအေ့တိုင်း စိတ်မရှည်နိုင်ဆုံး ဖြစ်နေပါတော့သည်။

"ယဉ်ကြိုင် ... မင်း ဘာပြောချင်တာလဲ၊ မြန်မြန်ပြောရင် ကောင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကြိုင် ပြုံးလိုက်သည်။

"ကျုပ်က ခင်ဗျားတစ်ယောက်တည်း မဟုတ်ဘဲ အားလုံးကို ရည်ရွယ်ပြီး ပြောနေတာပါ၊ စိတ်ရှည်ရှည်ထားပြီး နားထောင်မှ ကျုပ်ရဲ့ ရည်ရွယ်ချက်နဲ့ စေတနာကို နားလည် သဘောပေါက်နိုင်တော့မှာပေါ့ဗျာ"

"ကြီးကျယ်လိုက်တာ ..."

မြေခွေးနက်ကြီးက နှာခေါင်းရှုံ့လိုက်သော်လည်း ထပ်မပြောတော့ပါ။

ယဉ်ကြိုင်က ခန်းမဆောင်ထဲမှ သိုင်းသမားများအား တစ်ချက်ဝေ့ကြည့်လိုက်ပြန်သည်။

"မိတ်ဆွေအပေါင်းတို့ခင်ဗျား ... ကျုပ်ဟာ ငယ်စဉ်ကတည်းက သိုင်းလောကထဲမှာ ခြေချပြီး ကျင်လည်ကျက်စားလာခဲ့တဲ့ သိုင်းသမားစစ်စစ်ဖြစ်တာ အားလုံးသိကြပါလိမ့်မယ်၊ သိုင်းလောကမှာ နေပြီး သိုင်းသမားဘဝ ခံယူထားသူတစ်ယောက်ဟာ သိုင်းလောကကို အလုပ်အကျွေး ပြုရပါလိမ့်မယ်၊ ကျုပ်ပြောတာကို လက်ခံနိုင်ကြမယ် ထင်ပါတယ်"

သိုင်းသမားများ အချင်းချင်း ကြည့်လိုက်ကြ၏။

"ယဉ်ကြိုင်က သဘောကောင်းနေပါလား"

"သဘောကောင်းတာ မဟုတ်ဘူး၊ အပြောကောင်းတာဗျ"

"ဟုတ်တယ် ... အပြောနဲ့အလုပ် တခြားစီပဲဆိုတာ သူလိုလူစားမျိုးပေါ့"

တစ်ယောက်တစ်ခွန်း တီးတိုးဝေဖန် ပြောဆိုသံများ ထွက်ပေါ်လာလေသည်။

ယဉ်ကြိုင်က အမှုမထားအဲ ဆက်ပြောလိုက်သည်။



"ကျုပ်ကလည်း သိုင်းသမားပီသအောင်၊ သိုင်းလောကကို အကျိုးပြုဖို့ ဆုံးဖြတ်ထားပါတယ်၊ သိုင်းလောကကြီးကို ဘယ်လို ကျေးဇူးဆပ်ရမလဲ ဆိုတာကို အချိန်ရှိသရွေ့ တွေးတောစဉ်းစားနေခဲ့မိပါတယ်ဗျာ"

"ဟား ... ဟား ... ဟား ..."

လုံယွမ် မအောင့်နိုင်ဘဲ ရယ်မောလိုက်လေသည်။

ဤတွင် အခြားသူများ၏ တီးတိုးဝေဖန်သံ၊ ခပ်အုပ်အုပ် ရယ်မောသံများ ထွက်ပေါ်လာလေသည်။

ယဉ်ကြိုင်ကလည်း သူပြောချင်ရာ ပြောနေ၏။

မည်သူ မည်သို့ရှိစေ သူပြောချင်သည့်စကားကို ဆုံးအောင် ပြောမည်သာ ဖြစ်သည်။

"သိုင်းလောကကို ကျေးဇူးဆပ်ဖို့ နောက်ဆုံးမှာ ကျုပ် ဆုံးဖြတ်ချက်တစ်ခု ချမိတယ်၊ ကျုပ် ဘယ်လိုဆုံးဖြတ်ခဲ့ရတယ်၊ ဘာကြောင့်လဲဆိုတာ ရှင်းပြချင်ပါတယ်"

သူ၏စကားကို ပေါ့ပျက်ပျက် သဘောထားခဲ့ကြရာမှ တဖြည်းဖြည်း စိတ်ဝင်စားလာကြပြီး ခန်းမဆောင်ထဲ ငြိမ်ကျသွား၏။

ယဉ်ကြိုင် မည်သို့လှည့်စားမည်ကို နားထောင်လိုက်ဦးမည်ဟု တေးထားလိုက်ကြသည်။

ယဉ်ကြိုင်က ...

"သိုင်းလောကကြီးဟာ ဇာကယ့်ကို ကျေးဇူးကြီးပါတယ်၊ မှတ်သက်စွဲလန်းဖို့ ကောင်းပါတယ်၊ မှီတင်းနေထိုင်ကြတဲ့ သိုင်းလောကသားအားလုံးကို ကျောသားရင်သား မခွဲခြားဘဲ အားလုံး တန်းတူ သက်ခံထားခဲ့ပါတယ်၊ ဒါပေမယ့် သိုင်းလောကသားတွေကတော့ သိုင်းလောကရဲ့ အေးချမ်းတည်ငြိမ်မှုနဲ့ သာယာလှပမှုအပေါင်းကို

www.burmeseclassic.com

www.burmeseclassic.com



ဖျက်ဆီးဖို့၊ အရုပ်ဆိုး အကျည်းတန်အောင်လုပ်ဖို့ ရှေးယခင်ကစပြီး ခုချိန်ထိ ကြိုးစားနေကြတုန်းပါပဲ၊ ကဲ ... ဘယ်လောက်များ ဝမ်းနည်းစရာ ကောင်းသလဲဆိုတာ စဉ်းစားကြည့်ကြပါဗျာ”

တိုစဉ် ...

“သည်လို ဝမ်းနည်းစရာကောင်းတဲ့ ကိစ္စတွေဖြစ်လာအောင် ခင်ဗျားကော မလုပ်ဘူးလား”

မည်သူပြောလိုက်မှန်း မသိ၊ ညှော့ပရိသတ်ထဲမှ စကားသံ ထွက်ပေါ်လာလေသည်။

ယဉ်ကြိုင် မကျေမနပ် ဖြစ်သွား၏။

မျက်နှာကြီး နီမြန်းသွားသည်။

သို့သော် ...

ချက်ချင်း ဣန္ဒြေဆည်ကာ ပြောစရာရှိသည်ကို ဆက်ပြောလေသည်။

“သိုင်းလောက အရုပ်ဆိုး အကျည်းတန်အောင် သိုင်းလောကသားတွေကိုယ်တိုင်က လုပ်နေကြတာ၊ ဘာကြောင့်လဲဆိုတာကို ကျုပ် သေသေချာချာ စဉ်းစားကြည့်လိုက်တော့ အဓိကကျတဲ့ အချက်တစ်ချက်ကို တွေ့လာခဲ့တယ်၊ အဲဒါကတော့ သိုင်းပညာ ဂုဏ်မောက်နေကျတာပါပဲ”

စုမာဖုံး ပြုံးလိုက်ပြန်သည်။

လုံယွမ်က ...

“မောင်ရင်လေး ဘာတွေ သဘောကျနေတာလဲ”

ဟု တီးတိုး မေးလာသည်။

ချဉ်ဟုတ်လည်း ခေါင်းညိတ်လိုက်၏။

စုမာဖုံးက ...



“သူ ပြောတဲ့စကားတွေ မှန်နေလို့ပါ၊ အခြေခံကျတဲ့ သဘောတရားတွေကို သူ နားလည်ထားတာပဲ”

လုံယွမ်မှာ နှာခေါင်းရှုံ့လိုက်သည်။

“အတတ်ကျူး ဘီလူးဆိုတာ ဒါမျိုးပေါ့”

သူ၏စကားကြောင့် စုမာဖုံး ပိုပြီး ပြုံးလိုက်မိလေတော့သည်။

ယဉ်ကြိုင်က ဆက်ပြောနေ၏။

“သိုင်းလောကသားတွေဟာ တတ်မြောက်ထားတဲ့ ပညာကို အခြေခံပြီး သည်မွေမှာ ငါလောက်တော်တဲ့လူ မရှိတော့ဘူးလို့ သွေးနားထင်ရောက်ကြတယ်၊ ခက်ထန်မောက်မာကြတယ်၊ ဘာကိုမှ အမှုမထားကြတော့ဘူး၊ သည်လိုနဲ့ပဲ ပြဿနာပေါင်းများစွာ ဖြစ်ပေါ်လာပြီး သိုင်းလောက အရုပ်ဆိုး အကျည်းတန်ခဲ့ရတာပေါ့ဗျာ”

လုံယွမ်က ...

“သိုင်းလောက လှပအောင် ခင်ဗျားကကော ဘာများလုပ်ပေးနိုင်လို့လဲ၊ ပြောစမ်းပါဦး”

ဟု လှမ်းမေးလိုက်၏။

ယဉ်ကြိုင် ခေါင်းညိတ်လိုက်သည်။

“အရင်က ကျုပ် မသိခဲ့လို့ ဘာမှ လုပ်မပေးနိုင်ခဲ့ပါဘူး၊ အခုတော့ ကျုပ်သိပြီ၊ ဒါကြောင့် ကျုပ်လုပ်ပေးဖို့ ကြိုးစားနေတာပါ”

ချိန်ဟုတ်က ...

“သိုင်းလောကကြီး သာယာလှပလာအောင် ရောက်လာသမျှ လူတွေကို အဆိပ်ခတ် လုပ်ကြံခဲ့တာပေါ့ ဟုတ်လား”

ဟု အငေါ်တူးလိုက်လေသည်။

သို့သော် ...

“ဟုတ်ပါတယ်ဗျာ”

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကြိုင်က ဝန်ခံလိုက်ရာ ချိန်ဟုတ် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

လုံယွမ်က လှမ်းပြောလိုက်သည်။

"သိုင်းလောကကြီး သာယာစေချင်တာနဲ့ သည်ကိုရောက်လာတဲ့ လူတွေကို အဆိပ်ခတ်ရတာ ဘာဆိုင်လို့လဲ"

ယဉ်ကြိုင်က ...

"ဆိုင်တာပေါ့ဗျာ၊ သိုင်းသမားတွေဟာ သိုင်းပညာနဲ့ ပတ်သက်ပြီး မောက်မာကြတယ်၊ မာနကြီးကြတယ်၊ တကယ်လို့ သူတို့အားလုံး သိုင်းပညာ ဆုံးရှုံးသွားကြမယ်ဆိုရင် ဘယ်သူမှ မာန်မာနထောင်လွှားစရာအကြောင်း မရှိဘူးပေါ့"

"ဘာဗျ ..."

"သိုင်းပညာ မရှိတော့ရင် ပညာမာန ကွယ်ပျောက်သွားမယ်၊ ပြိုင်ဆိုင်တာတွေ တိုက်ပွဲတွေ ကင်းဝေးသွားမယ်၊ သည်လိုဆိုရင် သိုင်းလောကကြီး အေးချမ်းသာယာသွားတော့မှာပဲ မဟုတ်လားဗျာ"

လုံယွမ်က ...

"ခင်ဗျား တော်တော် ပေါက်ပေါက်ရှာရှာ ပြောတာပဲ"

"ကျုပ်က စေတနာနဲ့ ပြောတာပါ၊ တကယ်ပါဗျာ၊ သိုင်းလောကဟာ မာနတရားတွေ ပျောက်ကွယ်သွားအောင် အေးချမ်းပြီး သာယာလှပလာအောင် ကျုပ် စီစဉ်ရတာပါ"

စုမာဖုံးလည်း မအောင့်နိုင်တော့ဘဲ ရယ်မောလိုက်လေသည်။

"တစ်ခုတော့ ရှိတယ်၊ ကျုပ်က စေတနာထားပါလျက် သဘောပေါက် နားလည်မှု မရှိကြဘဲ ကျုပ်ရဲ့စေတနာကို စော်ကားကြမယ်ဆိုရင်တော့ ဘယ်နည်းနဲ့မှ သည်းခံနိုင်မှာ မဟုတ်ပါဘူးဗျာ"

လုံယွမ် ခနဲ့လိုက်ပြန်သည်။



"သည်းမခံရင် ခင်ဗျားက ဘာလုပ်ချင်သလဲ ပြောပြပါ"

"လွယ်ပါတယ် ... မှတ်လောက်သားလောက်အောင် ဆုံးမလိုက်ဖို့ပဲ ရှိပါတယ်"

"ဟား ... ဟား ... ဟား ..."

လုံယွမ်က သဘောကျနေသော်လည်း ကိုထင်းကာ ဒေါသတကြီး ဖြစ်နေပါတော့သည်။

"ယဉ်ကြိုင် ... ခင်ဗျား တော်တော် စော်ကားပါလား၊ သည်မှာရောက်နေတဲ့ လူတွေကို သူငယ်နှပ်စားလေးတွေများ ထင်နေသလား"

တစ်ဆက်တည်းပင် လုံယွမ်ကို ပြောလိုက်၏။

"လုံယွမ် ... သူဟာ ကင်းဆိပ်စားကို ရသွားတာနဲ့ လက်တွေ့စမ်းသပ်မှုတွေ လုပ်ခဲ့သေးတယ်၊ ကင်းဆိပ်စား ဘယ်လောက် ထက်မြက်သလဲဆိုတာ သိရအောင် တိုက်ပွဲကြီးဖန်တီးပြီး လက်တွေ့စမ်းသပ်ကြည့်တဲ့ သဘောပေါ့"

ထိုအခါမှ လုံယွမ် သတိဝင်လာလေသည်။

"လက်စသတ်တော့ ကျုပ်ရဲ့ပညာသင်ဘက် ညီအစ်ကိုကို လုပ်ကြံပစ်လိုက်တာ ခင်ဗျားကိုး ... ဟုတ်လား ယဉ်ကြိုင်၊ အမှန်အတိုင်း ဝန်ခံစမ်းပါဦးဗျ"

ယခုအချိန် ယဉ်ကြိုင်သည် မည်သူ့ကိုမှ အမှုမထားတော့ချေ။

"ဟုတ်ပါတယ်ဗျာ ... ကျုပ် ပြောခဲ့တာပဲ၊ ကျုပ်ရဲ့ စေတနာကို တန်ဘိုးမှ မထားတာ၊ ကျုပ်ကိုတောင် ရန်လုပ်သေးတယ်၊ ဒါနဲ့ပဲ ကျုပ်က ပညာပေး ဆုံးမလိုက်ရာပေါ့"

"တောက် ..."

လုံယွမ် ကြမ်းပြင်ပေါ် ခြေဆောင့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သည်ကိစ္စအတွက် ကျုပ် လက်တုန့်ပြန်ရလိမ့်မယ်၊ ခင်ဗျားကို ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး"

ယဉ်ကြိုင်က ...

"ကျုပ် စေတနာကို နားမလည်ရင် ဘယ်သူ့ကိုမဆို ဆုံးမဖို့ ကျုပ် ဝန်မလေးဘူးနော်"

မျက်နှာထား တင်းတင်းဖြင့် ခပ်ပြတ်ပြတ် ပြောလေသည်။

ယဉ်ကြိုင်ကား မည်သူ့ကိုမှ အမှုမထားတော့ပါ။

ကင်းဆိပ်မားကို လက်ထဲတွင် ဆွဲကိုင်ကာ အားလုံးနှင့် ရင်ဆိုင်ရန် အသင့်ဖြစ်နေချေပြီ။

"ကောင်းပြီ ... ခင်ဗျားဘယ်လို ဆုံးမ,မလဲဆိုတာ ကျုပ် လက်တွေ့ သိချင်နေသေးတယ်"

လုံယွှမ်က ရှေ့သို့လှမ်းထွက်ကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ...

"ခဏနေပါဦးခင်ဗျာ"

စုမာဖုံးက ရိပ်ခနဲ လုံယွှမ်ရှေ့သို့ ရောက်ရှိသွား၏။

လုံယွှမ်အား ဟန့်တားလိုက်လေသည်။

လုံယွှမ်က ...

"မောင်ရင်လေး ... သူ့ရဲ့လုပ်ရပ်တွေကို ကျုပ် ဘယ်နည်းနဲ့မှ သည်းမခံနိုင်တော့ဘူး၊ ကျုပ်ကို ခွင့်လွှတ်ပါဗျာ"

စုမာဖုံး ဖျောင်းဖျလိုက်သည်။

"ကျွန်တော် မေတ္တာရပ်ခံပါတယ်ခင်ဗျာ၊ ဦးကိုယ်စား ကျွန်တော် ဖြေရှင်းပေးချင်ပါတယ်"

"မောင်ရင်လေးက ..."



"ကျွန်တော့်ကို နန်းတွင်းက ပေးအပ်လိုက်တဲ့ တာဝန်ဝတ္တရားအတိုင်း ဆောင်ရွက်နိုင်ဖို့ နားလည် ခွင့်လွှတ်စေချင်ပါတယ်"

လုံယွှင်း သက်ပြင်းချလိုက်သည်။

စုမာဖုံးက သူ လက်ခံလာနိုင်အောင် နန်းတွင်းတာဝန်တစ်ရပ်ဟု ထည့်သွင်းပြောကြားခြင်း ဖြစ်ကြောင်း နားလည်မိသည်။

ယဉ်ကြိုင်၏ လက်ထဲ၌ ကင်းဆိပ်မား ရှိနေသည်။

ထို့ကြောင့် ... ယဉ်ကြိုင်ကို ရင်ဆိုင်ဖို့ ခက်ခဲနေပြီး အခန့်မသင့်လျှင် ကင်းဆိပ်မားကြောင့် အဆိပ်မိကာ ဒုက္ခရောက်ရမည်ကို စိုးရိမ်သဖြင့် တားဆီးနေကြောင်း နားလည်မိလေသည်။

စိတ်လိုက်မာန်ပါ လုပ်၍ မဖြစ်ကြောင်းလည်း ဆင်ခြင်မိလျှင် ဒေါသစိတ်များ လျော့ပါး ပျောက်ကွယ်သွားလေတော့သည်။

လုံယွှမ် သက်ပြင်းချလိုက်သည်။

စုမာဖုံးက ...

"ကျွန်တော် တာဝန်ယူပါရစေ"

ဟု ပြောလာလျှင် ...

"ကောင်းပြီ ... မောင်ရင်လေး တာဝန်ယူမယ်ဆိုရင် ကျုပ် သဘောတူပါတယ်"

ချက်ချင်း နောက်ဆုတ်ပေးလိုက်လေတော့သည်။

❋ ◆ ❋

www.burmeseclassic.com

www.burmeseclassic.com

## အဆိပ်မကြောက်သူ

ခန်းမဆောင်ထဲ၌ ရုတ်ရုတ်သဲသဲ ဖြစ်နေပါသည်။

ယဉ်ကြိုင်၏ အကောက်ကြံခံရသော သိုင်းသမား ဧည့်သည်များသည် မကျေနပ်သူ၊ ထိတ်လန့်သူ ဟူ၍ နှစ်ပိုင်းကွဲသွားကာ အမျိုးမျိုး ဝေဖန် ပြောဆိုနေကြလေသည်။

မင်္ဂလာအရက်နှင့် အစားအစာ စားသောက်ထားသူ အားလုံး အဆိပ်မိခဲ့ကြသည်။

အတွင်းအား ယုတ်လျော့စေသည့် အဆိပ်ရေကား အချိန်ကြာလာသည်နှင့်အမျှ အတွင်းအားများလည်း သိသိသာသာ ကုန်ခမ်းလျော့ကျသွားကြ၏။

သိုင်းဝါစဉ်နုသူများ အတွင်းအားနည်းသူများမှာ အတွင်းအား ကုန်ခမ်းကာ သာမန်လူနှင့်မခြား ဖြစ်သွားကြလေသည်။

ထိုလူများသည် ကြောက်ရွံ့နေသော်လည်း ခံပြင်းစိတ်လည်း ရှိနေကြသဖြင့် ညည်းတွားနေကြသည့်အပြင် ယဉ်ကြိုင်အား အမျိုးမျိုး ကျိန်ဆဲနေကြလေသည်။

သို့သော် ...

ယဉ်ကြိုင် လုံးဝ အရေးမထားပါ။

ရိုလုံ၏ မျက်နှာ ကြည်ကြည်လင်လင် ဖြစ်လာလေသည်။

ယဉ်ကြိုင်က ရောက်လာသူ ကြီးကြီးငယ်ငယ်မဟူ သိုင်းစွမ်း



နည်းသူ၊ သိုင်းစွမ်းထက်မြက်သူမဟူ အတွင်းအား ယုတ်လျော့စေသည့် အဆိပ်ဖြင့် ထိန်းချုပ်ထားနိုင်ခဲ့သည် မဟုတ်ပါလား။

သိုင်းလောကသားများ ဒုက္ခကြုံတွေ့ရကာ နောက်ဆုံးတွင် ယဉ်ကြိုင်သာ အောင်ပွဲခံနိုင်မည်ဟု ယုံကြည်သွားလေသည်။

စေ့စပ်မင်္ဂလာပွဲ ကျင်းပခဲ့သည့် မင်္ဂလာခန်းမဆောင်ထဲ၌ မင်္ဂလာ တစ်စက်ကလေးမှ မရှိတော့ဘဲ အ,မင်္ဂလာ ဖြစ်နေခဲ့ပေပြီ။

ယဉ်ကြိုင် အောင်ပွဲခံနိုင်ပြီဆိုသည်နှင့် မိမိတို့လည်း ထိုက်ထိုက်တန်တန် နေရာရလိမ့်မည်ဟု ယုံကြည်လာ၏။

ယဉ်ကြိုင်နှင့် လက်တွဲဆောင်ရွက်လိုစိတ်များ တစ်ကျော့ ပြန်၍ ဖြစ်ပေါ်လေတော့သည်။

ရိုချင်းကမူ ...

"ဖေဖေ ... သမီးတို့ သည်က ထွက်သွားကြပါစို့နော်၊ သူတို့သဘောထားက ဆိုးညစ်လှပါတယ်၊ သမီးတို့ ကျောက်ဖြူတောင်ကုန်းက သူတို့အကျိုးအတွက် အသုံးချဖို့ ကြံစည်ခဲ့ကြတာပဲ၊ သူတို့နဲ့ ဝေးဝေးရှောင်လိုက်တာ အကောင်းဆုံးပါပဲဖေဖေ၊ စေ့စပ်ကြောင်းလမ်းထားတာကိုလည်း ဖျက်သိမ်းလိုက်ပါတော့ ..."

သူမသည် မားကျောက်ကိုလည်း မုန်းသွားပြီဖြစ်သည်။

မားကျောက် စိတ်မကောင်းပါချေ။

သို့သော် အပြစ်ရှိနေရကား ရိုလုံတို့ သားအဖကို မကြည့်ဝံ့တော့ပဲ ခေါင်းငုံ့ထားလိုက်လေတော့သည်။

ရိုလုံက သမီးဖြစ်သူအား ဖျောင်းဖျလိုက်သည်။

"သမီးရယ် ... ခဏလောက်တော့ စောင့်ကြည့်ပါဦး၊ ခုဟာ ယဉ်ကြိုင်မှာ အကြောင်းတစ်ခုခုတော့ ရှိနေမှာပါ၊ ဖေဖေတို့ သားအဖတို့ ပစ်ပစ်ခါခါလုပ်မှာ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ..."

"ဖေဖေ့စကားကို နားထောင်ပါ သမီးရယ်"

ရီချင်း စိတ်ဓာတ်ကျသွားတော့သည်။

သူမ ဘာမှ မပြောတော့ဘဲ ခေါင်းငုံ့ထားလိုက်တော့သည်။

ရီလုံသည် သမီးဖြစ်သူကို နောက်ဆုတ်ခိုင်းပြီး ကိုယ်တိုင် ရှေ့တိုးလိုက်၏။ ယဉ်ကြိုင်နှင့် ပခုံးချင်း ယှဉ်ရပ်သကဲ့သို့ ရှိသည်။

ယဉ်ကြိုင်နှင့် ရင်ဘောင်တန်းပြီး သိုင်းလောကသားများအား ရင်ဆိုင်တော့မည့် အသွင်လည်း ရှိလေသည်။

စုမာဖုံးသည် လုံယွမ်ကိုလည်း ဖျောင်းဖျပြီးလျှင် ယဉ်ကြိုင် နှင့် ရင်ဆိုင်လိုက်လေသည်။

ယဉ်ကြိုင်ကို စေ့စေ့ကြည့်လိုက်သည်။

"ခင်ဗျားဟာ သိုင်းလောကမှာ နာမည်ရှိတဲ့ ထိပ်သီးပညာ ရှင်တစ်ယောက်ပါဗျာ၊ ဒါပေမယ့် ခင်ဗျားရဲ့လုပ်ရပ်က အတော့်ကို ဆိုးဝါးနေပါတယ်၊ အဆိပ်ခပ်ပြီး အကြပ်ကိုင်တယ် ဆိုကတည်းက ရှက်ဖို့ ကောင်းနေပါပြီ"

"ဟား ... ဟား ... ဟား ..."

ယဉ်ကြိုင် တမင်မရယ်ချင်ဘဲ ဟန်ဆောင်ကာ ကျယ်လောင် စွာ ရယ်မောလိုက်လေသည်။

"သည်မှာ ... ကျုပ်က စေတနာနဲ့ အခုလို စီစဉ်လိုက်တာ၊ ဒါကို အပြစ်တင်နေရသေးသလား၊ ဘာလဲ မင်းက အဆိပ်မကြောက် ဘူးဆိုပြီး ကြီးကျယ်ချင်တဲ့သဘော ဟုတ်လား"

စုမာဖုံးက ...

"ကျုပ်က အဆိပ်မကြောက်တော့ ခင်ဗျားအတွက် အနှောင့် အယှက် ဖြစ်နေပြီထင်တယ်"



"မလိုပါဘူး ... မင်း ဘာကြောင့် သည်လောက်တောင် အံ့စွမ်း ရှိနေရမှာလဲ၊ မင်း အဆိပ်မကြောက်ဘူးဆိုတာ သူများတွေ ယုံချင် ယုံမယ်၊ ကျုပ်ကတော့ မယုံသေးဘူးဆိုတာ မှတ်ထားပါ"

စုမာဖုံးက ရှင်းပြလိုက်လေသည်။

"သိုင်းလောကရဲ့ အမြတ်တော ရတနာတွေဖြစ်တဲ့ ရေခဲတောင် ကြာပန်းနဲ့ ကျောက်နက်သွေးအကြောင်းကို ခင်ဗျား ကြားဖူးတယ် မဟုတ်လား"

"ဘာကွ ..."

"သည်ပစ္စည်းနှစ်မျိုး ရထားတဲ့လူဟာ ဘယ်လိုအဆိပ်မျိုးကိုမှ မှုစရာ မလိုတော့ပါဘူးဗျာ"

စုမာဖုံး အဆိပ်မကြောက်သည်မှာ သိုင်းလောက၏ အမြတ်တော ရတနာများဖြစ်သော 'ကျောက်နက်သွေး' နှင့် 'ရေခဲတောင်ကြာပန်း' ရရှိထားခဲ့ခြင်းဖြစ်ကြောင်း အားလုံးသိရှိသွားကြလေတော့သည်။

"သည်လို အမြတ်တော ရတနာတွေကို ရထားတဲ့အတွက် စုမာ ဖုံးက အဆိပ်မကြောက်တာကိုး ..."

"စုမာဖုံးဟာ လောကပါလ သိုင်းသမားကြီးဆီက သိုင်းပညာ ရခဲ့တဲ့အပြင် သိုင်းလောက အမြတ်တောရတနာဟွေ ရခဲ့တော့ သူ့ ထက် ကံကောင်းတဲ့လူ လောကထဲမှာ မရှိနိုင်တော့ဘူး"

အားလုံးက စုမာဖုံးအား ချီးမွမ်းလိုက်ကြလေသည်။

စုမာဖုံးက ယဉ်ကြိုင်ကို အကဲခတ်နေ၏။

ယဉ်ကြိုင်သည် ကင်းဆိပ်ဓားကို အသုံးပြုကာ လုံယွမ်၏ ညာသင်ဘက် ညီအစ်ကိုအား လုပ်ကြံခဲ့ကြောင်း ဝန်ခံလိုက်ချေပြီ။

ထို့ကြောင့် ... စုမာဖုံးလည်း မရှင်းမလင်းသေးသော အချို့ အချက်အား မေးလိုက်တော့သည်။

www.burmeseclassic.com



"ခင်ဗျား လက်ထဲမှာ ကင်းဆိပ်မား ရှိနေတော့ ခင်ဗျားကို မေးစရာရှိသေးတယ်၊ ခင်ဗျား အမှန်အတိုင်း ဖြေဝံ့ပါ့မလား"

ယဉ်ကြိုင် ဂရုမစိုက်ချေ။

"ကျုပ် မလုပ်ရဲတာ မရှိဘူး၊ မပြောရဲတာ ဘာမှ မရှိဘူးဆိုတာ မှတ်ထားပါ"

စုမာဖုံးက ...

"ကောင်းတယ် ... ကျုပ်ကလည်း သည်လိုသတ္တိမျိုးမှ ကြိုက်ရင်ယ်၊ ဝမ်စမ်းတောင်မှာ ဖြစ်ပျက်ခဲ့တဲ့ ကြေကွဲစရာ ဖြစ်ရပ်ဟာ ခင်ဗျားရဲ့ လက်ချက်ပဲလား"

ဝမ်စမ်းတောင် ထင်းရှူးရိပ်ငြိမ်မှာ သိုင်းလောကဌ ထင်ရှားခဲ့ပြီး ကင်းဆိပ်မားဖြင့် လုပ်ကြံခံရသည်ဟု သိုင်းလောကသတင်းများ ထွက်ပေါ်ခဲ့ကြလေသည်။

စုမာဖုံးက ဝမ်စမ်းတောင် ထင်းရှူးရိပ်ငြိမ်အကြောင်း အဘယ့်ကြောင့် မေးရပါသနည်း။

"ဟား ... ဟား ... ဟား ..."

ယဉ်ကြိုင်က ဟားတိုက်၍ ရယ်မောလိုက်လေသည်။

စုမာဖုံး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားသည်။

မျက်နှာလည်း ကွက်ခနဲ ပျက်သွားသည်။

"လက်စသတ်တော့ သူ့လက်ချက်ပဲကိုး ..."

ဟုလည်း တီးတိုး ရေရွတ်လိုက်လေသည်။

ယဉ်ကြိုင်အား တစ်ခါတည်း မုန်းတီးသွားတော့သည်။

"ခင်ဗျားဟာ မလုပ်သင့် မလုပ်ထိုက်တဲ့ ကိစ္စတွေကို တကယ်ကို ပုရမ်းပတာ လုပ်ခဲ့တာပဲကိုး၊ ခင်ဗျားကို ခွင့်လွှတ်ဖို့နည်းလမ်း ဘယ်လို ရှာရမှန်းတောင် မသိတော့ဘူး"



ယဉ်ကြိုင်က ...

"ဘာလဲ ... မင်းက ဝမ်စမ်းတောင် ထင်းရှူးရိပ်ငြိမ်နဲ့ ပတ်သက်နေလို့လား"

စုမာဖုံး အဖြေမပေးဘဲ နေလိုက်သည်။

ထိုစဉ် ဝီရှမ်း ဆရာတော်တို့ ငါးယောက်သည် ဝမ်စမ်းတောင် ကိစ္စနှင့် ပတ်သက်ပြီး ဝေဖန်ပြောဆိုကြလေသည်။

ဝီရှမ်း ဆရာတော်က ...

"ဝမ်စမ်းတောင် ထင်းရှူးရိပ်ငြိမ်ပိုင်ရှင်ဟာ အဖြူရောင် သိုင်းသမားကြီး တစ်ယောက်ပါ၊ သိုင်းလောက အကျိုးကို နှစ်ပေါင်းများစွာ သယ်ပိုးဆောင်ရွက်ခဲ့ပြီးတော့ သမီးနှစ်ယောက်ကို အားကိုးအားထား ပြုလာနိုင်ချိန်မှာ သိုင်းလောကက အနှားယူသွားခဲ့တာ"

ချိန်ရဆော့က ...

"ထင်းရှူးရိပ်ငြိမ် စံအိပ်ပိုင်ရှင် စန်းကြွယ်ဟာ ချီးကျူးစရာကောင်းတဲ့ အဖြူရောင် သိုင်းသမားကြီးပါပဲ၊ လူလိမ် ပညာရှင် စီကောင်းရဲ့ ကိစ္စကို သူ ဖော်ထုတ် ဖြေရှင်းခဲ့တဲ့ကိစ္စကို အားလုံးက ခုချိန်ထိ မမေ့နိုင်အောင် ဖြစ်နေကြသေးတယ်"

သိုင်းဆရာ ကျင်းထုံက ...

"လူလိမ် ပညာရှင် စီကောင်းဟာ အဖြူရောင် သိုင်းသမားအနေဆောင်ပြီး လူတွေကို ဒုက္ခအမျိုးမျိုး ပေးခဲ့တာ၊ သူ့အကြောင်းမသိဘဲ ကြည်ညိုလေးစားမိသူတိုင်း ဒုက္ခရောက်ခဲ့ရတာပဲ၊ ထင်းရှူးရိပ်ငြိမ်ပိုင်ရှင် စန်းကြွယ်က စီကောင်းရဲ့ လုပ်ရပ်တွေကို သက်သေအထောက်အထားနဲ့ ဖော်ထုတ်ဆုံးမနိုင်ခဲ့လို့ သိုင်းလောက အန္တရာယ်ကင်းခဲ့ ချုပ်ငြိမ်းသွားခဲ့တာ၊ သူ့ကျေးဇူးကို အားလုံးက သတိရနေကြတာပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



စီကောင်းသည် စာပေပညာ ဗေဒင်ပညာ ကျွမ်းကျင်သူဖြစ်ပြီး အဟောအပြောလည်း အလွန်ကောင်းလေသည်။

အထူးသဖြင့် အမျိုးသမီးများသည် စီကောင်း၏ အဟောအပြောကို အလွန်နှစ်သက်ကြသည်။

စီကောင်းသည် သူ့အား ယုံကြည်အားထားမိသော အမျိုးသမီးများအား တိတ်တဆိတ် ဖျက်ဆီးသည်။ သူမတို့၏ ပစ္စည်းဥစ္စာများကို အရချိုင်သည်။ အချို့သော မိန်းမငယ်လေးများအား ဖျက်ဆီးကာ တိုင်းတစ်ပါးသို့ ရောင်းစားခဲ့သူ ဖြစ်သည်။

စီကောင်း၏ လူမဆန်သော အောက်တန်းကျသည့် လုပ်ရပ်များကို ထင်းရှူးရိပ်ငြိမ်ပိုင်ရှင် စန်းကြွယ်က သက်သေအထောက်အထားဖြင့် ဖော်ထုတ်ကာ ကိုယ်တိုင် ဆုံးမခဲ့လေသည်။

ထိုဖြစ်ရပ်သည် သိုင်းလောက၌ အထူး ထင်ရှားခဲ့သော ဖြစ်ရပ်တစ်ခုအဖြစ် ရှိခဲ့သည်။

နောက်ပိုင်း၌ ဝမ်းနည်းစရာ ကောင်းအောင်ပင် ဝန်းကြွယ်တို့ မိသားစု လုပ်ကြံခံရလေသည်။

ထင်းရှူးရိပ်ငြိမ်လည်း ပျက်ဆီးသွားသည်။

စန်းကြွယ်တို့ မိသားစု လုပ်ကြံခံရခြင်းမှာ စီကောင်း၏ကိစ္စနှင့် ပတ်သက်နေမည်ဟု ဝေဖန်ပြောဆိုခဲ့ကြ၏။

သို့သော် ...

ယနေ့တိုင် လက်သည်တရားခံ ပေါ်ပေါက်ခြင်း မရှိသေးပေ။

ဝိရှမ်း ဆရာတော်က ...

"စန်းကြွယ်ဟာ စီကောင်းကို ချေမှုန်းခဲ့တာကြောင့် သူလည်း လုပ်ကြံခံရတာပဲ၊ စန်းကြွယ်သာမက သူ့ရဲ့ သမီးနှစ်ယောက်ဟာလည်း လုပ်ကြံခံလိုက်ရတာပဲ"



ချိန်ရသေ့က ...

"အင်း ... သည်ကိစ္စကြောင့် စုမာဖုံး အတော် စိတ်ထိခိုက်ခဲ့ရှာသေးတယ်"

ဤတွင် တစ်ချိန်လုံး ငြိမ်သက်စွာ ထိုင်နေသော သိုင်းမယ်ဘွားလို့ လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

"စုမာဖုံးက ဘာကြောင့် စိတ်ထိခိုက်ခဲ့ရတာလဲရှင်"

ချိန်ရသေ့က ...

"စန်းကြွယ်နဲ့ စုမာဖုံးတို့ဟာ စီကောင်းကိစ္စနဲ့ ပတ်သက်ပြီး ဆုံးမသင့်တယ်ဆိုတာ သဘောထားခြင်း တိုက်ဆိုင်ခဲ့ကြတယ်၊ စန်းကြွယ်က စုမာဖုံးကို အတော် သဘောကျခဲ့တာ၊ သူ့မှာ ချောမောသူတွေ့ သမီးနှစ်ယောက်ရှိတယ်၊ စန်းစန်းနဲ့ စန်းအော်ဆိုတဲ့ ညီအစ်မမှာ စန်းကြွယ်က သူ့သမီးနှစ်ယောက်ထဲက တစ်ယောက်ယောက်နဲ့ စုမာဖုံးကို ပေးစားချင်တာ"

ဂှာကျင်းက ...

"စုမာဖုံးကကော ဘယ်လို သဘောထားသလဲရှင်"

ချိန်ရသေ့က သက်ပြင်းချလိုက်သည်။

"ကျုပ် သိရသလောက်ကတော့ စုမာဖုံးဟာ စန်းကြွယ်ရဲ့ သမီးအကြီး စန်းစန်းနဲ့ ရင်းရင်းနှီးနှီး ရှိခဲ့တယ်၊ လူငယ်သဘာဝမှာ သက်ဝင်နေကြပြီလို့တောင် ပြောတဲ့လူတွေ ရှိခဲ့တာပဲ"

"ဩော် ..."

ဂှာကျင်း ဦးခေါင်းဘဆတ်ဆတ် ညိတ်လိုက်လေသည်။

"စန်းစန်းတို့ မိသားစု ရန်သူလက်ချက်နဲ့ လုပ်ကြံခံလိုက်ရတော့ သူလည်း အတော် စိတ်ထိခိုက်သွားမှာ မဆန်းတော့ပါဘူး"

ချိန်ရသေ့က ...

www.burmeseclassic.com

www.burmeseclassic.com



"စုမာဖုံးဟာ စန်းစန်းတို့ မိသားစုရဲ့ အုတ်ဂူဝေါ်ရှေ့မှာ လူသတ်သမားကို ဖော်ထုတ် ဆုံးမပေးမယ်လို့ ကတိသစ္စာဆိုခဲ့တာ၊ ခုအတိုင်းဆို ယဉ်ကြိုင်ရဲ့လက်ချက် ဖြစ်နေပြီဆိုတော့ ယဉ်ကြိုင် မလွယ်တော့ဘူး"

ဗှားလျှသည် စုမာဖုံးကို လှမ်းကြည့်ရင်း ရင်ထဲတွင် ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေတော့သည်။

"သူဟာ စန်းစန်းနဲ့ ရင်းနှီးခဲ့ရင် ငါ့ကို ဘယ် ဂရုစိုက်နိုင်ပါတော့မလဲ"

ဟုလည်း ကျိတ်ပြီး ညည်းတွားလိုက်၏။

သူမ၏ ရင်ထဲမှ ခံစားချက်ကို မည်သူမျှ သိနိုင်လိမ့်မည် မဟုတ်ချေ။

"ဟား ... ဟား ... ဟား ..."

ယဉ်ကြိုင်၏ ရယ်မောသံ ထွက်ပေါ်လာသည်။

"ထင်းရှူးရိပ်ငြိမ်ပိုင်ရှင် စန်းကြွယ်ဟာ သေသင့်သေထိုက်တဲ့လူပဲ၊ ဒါကြောင့် သူ သေဆုံးသွားခဲ့ရတာ၊ နေပါဦး ... မင်းက မဆီမဆိုင် ဘာကြောင့် ကြားဝင်ပြီး မကျေမနပ် ဖြစ်နေရတာလဲ၊ ပြောစမ်းပါဦး ..."

စုမာဖုံးက ...

"ထင်းရှူးရိပ်ငြိမ်ကို ခင်ဗျား ဖျက်ဆီးခဲ့တာလား"

"အေး ... ဟုတ်တယ်ဆိုရင်ကော ..."

"ခင်ဗျား ဘာကြောင့် သည်လိုလုပ်ရတာလဲ"

"သူက ငါ့ညီဝမ်းကွဲစီကောင်းကို သတ်ပစ်လိုက်တယ်လေ"

"လက်စသတ်တော့ လူလိမ် စီကောင်းဟာ ခင်ဗျားရဲ့ညီဖြစ်နေတာကိုး ... လူလိမ်နဲ့ လူယုတ်မာကောင်တွေပေါ့ဗျာ"



ယဉ်ကြိုင်က ...

"မင်းဟာ စန်းကြွယ်ရဲ့သမီးနဲ့ ပတ်သက်နေခဲ့တယ်လို့ ငါသတင်းကြားခဲ့သေးတယ်၊ ဒါကြောင့် မင်းက ငါ့ကို မကျေမနပ်ဖြစ်နေတာလားကွ"

"စန်းစန်းနဲ့ ကျုပ်ဟာ ရိုးရိုးသားသားပါဗျာ၊ မောင်နှမလိုခင်ကြတာပါ၊ ကျုပ်က သူ့ကို တကယ့် ညီမလေးတစ်ယောက်လိုသဘောထားခဲ့တာပါ"

စုမာဖုံး ပြောရင်း စိတ်မကောင်းဖြစ်လာလေသည်။

"ဦးလေး စန်းကြွယ်က စီကောင်းကို သတ်ပစ်ခဲ့တာ၊ စန်းစန်းတို့ ညီအစ်နှစ်ယောက်နဲ့ သက်ဆိုင်တာမှ မဟုတ်တာဗျာ"

ယဉ်ကြိုင်က ...

"ဘာကြောင့် မသက်ဆိုင်ရမှာလဲ၊ စီကောင်းကို သူ့သမီးနှစ်ယောက်နဲ့မျှားပြီး ထောင်ချောက်ဆင်ခဲ့တာ၊ သူ့သမီးတွေကလည်းလည်လိုက်တာ၊ စီကောင်း ယုံအောင် ဟန်ဆောင်နိုင်ခဲ့ကြတယ်၊ စီကောင်းက အပိုင်ပဲဆိုပြီး သူတို့ ထောင်ချောက်ထဲကို ဝင်သွားတော့မှ တစ်ခါတည်း သုတ်သင်ပစ်လိုက်ကြတာ၊ သည် သားအဖသုံးယောက်ကို ကျုပ် ဘယ်လို ခွင့်လွှတ်ရမှာလဲ၊ ပြောစမ်းပါဦး"

စုမာဖုံးက ...

"ကျုပ်ကလည်း ခင်ဗျားကို ခွင့်မလွှတ်နိုင်ပါဘူးဗျာ"

စကားဆုံးလျှင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ကို့ထင်းသည် စုမာဖုံးအနီးသို့ ရောက်ရှိလာလေသည်။

"မောင်ရင်လေး ... စိတ်ထိန်းပါ၊ ဒေါသဖြစ်နေရင် ရန်သူ့ထောင်ချောက်ထဲကို ရောက်သွားတတ်တယ်"

စုမာဖုံး စိတ်ထိန်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ခြင်းပင် ကိုထင်းအား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

"ခုလို သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ"

စုမာဖုံးက ယဉ်ကြိုင်ဘက်သို့ လှည့်ကြည့်လိုက်သည်။

"ယဉ်ကြိုင် ... ခင်ဗျားကို ကျုပ် ဘယ်တော့မှ မကျေဘူးဆိုတာ မှတ်ထားပါ"

"ဟား ... ဟား ... ဟား ... ကျုပ်က မင်းကို ဂရုစိုက်ရမှာလားကွ"

"ဪ ..."

"ဘာလဲ ... စန်းကြွယ်တို့သားအဖအတွက် ကျုပ်ကို တိုက်ခိုက်ချင်တာလား"

စုမာဖုံးက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

"ကျုပ်က ဦးလေးစန်းကြွယ်တို့ မိသားစုအတွက် မငကျနပ်တာထက် ခင်ဗျားတို့ရဲ့ မကောင်းတဲ့လုပ်ရပ်တွေကို လက်မခံနိုင်တာပါ၊ ခင်ဗျားကို ဥပဒေအတိုင်း အရေးယူသွားမှာပါ"

"ဟား ... ဟား ... ဟား ..."

ယဉ်ကြိုင်က ပမာမခန့် ရယ်မောလိုက်လေသည်။

"မင်းက ကိုယ့်ကိုကိုယ် အထင်ကြီးနေတာကိုး ... ကျုပ်လက်ထဲမှာ ကင်းဆိပ်ဓား ရှိနေပြီ၊ မင်း ဘယ်လောက်ခံနိုင်ရည်ရှိမှာမို့လို့လဲ၊ မင်းကို ဆုံးမပြီးရင် မင်းရဲ့ဆရာကိုပါ လိုက်ရှာပြီး ဆုံးမဦးမယ်ဆိုတာ မှတ်ထားပါ"

"ခင် ... ခင်ဗျား ..."

ဆရာဖြစ်သူကိုပါ ထိပါးလာသဖြင့် စုမာဖုံး မခံမရပ်နိုင်အောင် ဖြစ်သွားလေသည်။



သို့သော် ...

စိတ်လိုက်မာန်ပါ တိုက်ခိုက်လိုက်လျှင် ကိုယ်ရေးကိုယ်တာကိစ္စများကို ဦးစားပေးသည်ဟု အပြောခံရပေမည်။

နန်းတွင်း၏ တာဝန်ကို ထမ်းဆောင်နေသော အမှုထမ်းဖြစ်ရကား ကိုယ်ရေးကိုယ်တာကို ဦးစားပေး၍ မဖြစ်ပါ။

စုမာဖုံး စိတ်ထိန်းထားလိုက်ရ ပြန်လေတော့သည်။

"ယဉ်ကြိုင် ... ခင်ဗျားမှာ အပြစ်တွေ များနေပါပြီ၊ အေးအေးဆေးဆေး အဖမ်းခံရင် ကောင်းပါလိမ့်မယ်"

ယဉ်ကြိုင်က ...

"ကျုပ် အဖမ်းခံရမယ်၊ ဟုတ်လား"

"ဟုတ်တယ် ... ဒါဟာ ခင်ဗျားအတွက် နောက်ဆုံး အခွင့်အရေးပဲ"

"ကျုပ်က ဂရုမစိုက်ဘူး ဆိုရင်ကော ..."

"ကောင်းပြီလေ ... ဘယ်လိုမှ ဖျောင်းဖျလို့ မရဘူးဆိုရင် ဥပဒေအတိုင်း စီရင်ဖို့ပဲ ရှိတော့တာပေါ့"

"ကျုပ် မမှုသေးပါဘူးလေ ..."

ယဉ်ကြိုင်က ကင်းဆိပ်ဓားကို ရှုပ်ခနဲမြည်အောင် ဝှေ့ယမ်းလိုက်လေသည်။

ယဉ်ကြိုင်က တိုက်ခိုက်ရန် စိမ်ခေါ်လိုက်သည့် သဘောပင်ဖြစ်ပါသည်။

စုမာဖုံးသည် ယဉ်ကြိုင်အား ဥပဒေအတိုင်း အရေးယူရန် ဆုံးဖြတ်ပြီးနောက် ဒေါသစိတ်များ ကွယ်ပျောက်ကာ တည်တည်ငြိမ်ငြိမ် ဖြစ်လာတော့သည်။

စိတ်ကို ချုပ်ထိန်းနိုင်လိုက်ပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကြိုင်နှင့် ယုဉ်ပြိုင် တိုက်ခိုက်ခြင်းတော့ မပြုသေးပါ။

"ခင်ဗျားနဲ့ ယုဉ်ပြိုင် မတိုက်ခိုက်ခင် တစ်ခုလောက် ဆွေးနွေးလိုက်ကြတာပေါ့ဗျာ"

ယဉ်ကြိုင်က ...

"မင်းက ဘာတွေ ဆွေးနွေးချင်လို့လဲ၊ ပြောစမ်းပါဦး"

စုမာဖုံး လက်ဝှေ့ယမ်းပြလိုက်သည်။

"ဟောသည် ခန်းမဆောင်ထဲမှာ ရောက်ရှိနေကြတဲ့ ဧည့်သည် သိုင်းသမားတွေအတွက်ပါ"

"ဩော် ..."

"သူတို့ဟာ ခင်ဗျားရဲ့အတွင်းအား ယုတ်လျော့စေတဲ့ အဆိပ်မိနေကြတယ် မဟုတ်လားဗျာ"

"ဟုတ်တယ်လေ ... အဲဒါ ဘာဖြစ်သလဲ"

"သူတို့အတွက် အဆိပ်ဖြေဆေးရှိ မ,ရှိ၊ ကျုပ် သိချင်လို့ပါ"

ယဉ်ကြိုင်က ...

"မင်း သေရကာနီးအချိန်မှာတောင် သူတို့အတွက် စိတ်ပူနေသေးတာကိုး ..."

စုမာဖုံးက ...

"ကျုပ် မေးတာကို ဖြေပါဦး"

ယဉ်ကြိုင်က ...

"ဘာကြောင့် အဆိပ်ဖြေဆေးမရှိရမှာလဲ၊ ရှိတာပေါ့"

စုမာဖုံး ကျေနပ်သွား၏။

ယဉ်ကြိုင်က ...

"ဘာလဲ ... အဆိပ်ဖြေဆေးရရင် သူတို့အတွက် မျှော်လင့်ချက်ရှိမယ်လို့ မင်း ထင်နေတာလား"



စုမာဖုံးက အမှန်အတိုင်း ဝန်ခံလိုက်လေသည်။

"ဟုတ်ပါတယ် ..."

ယဉ်ကြိုင် နှာခေါင်းရှုံ့လိုက်သည်။

"မင်း တော်တော် ခက်တာပဲ၊ ကိုယ့်ကိုကိုယ်ထက် သူများကို စိတ်ပူနေရသေးသလား"

စုမာဖုံး လက်ကာပြလိုက်သည်။

"ဒါက အရေးမကြီးပါဘူး"

"ဒါဖြင့် ဘာကအရေးကြီးသလဲ၊ ပြောစမ်းပါဦး"

"ခင်ဗျား အဆိပ်ဖြေဆေးပေးရင် ခင်ဗျား အသက်ကို ချမ်းသာပေးလိုက်မယ်"

"ဩော် ... မင်းက တော်တော် သဘောကောင်းတယ်ပေါ့၊ ဟုတ်လား၊ ဟား ... ဟား ... ဟား ..."

စုမာဖုံးက ...

"ဒါမှမဟုတ်ရင် ခင်ဗျား ဘယ်လိုနည်းနဲ့မှ သက်ညှာခံရမှာ မဟုတ်ဘူးဗျ"

"ကျုပ်လည်း ဂရုမစိုက်ပါဘူးလေ၊ တစ်ခုတော့ ရှိတယ်၊ မားကျောက်က မင်းတို့ဘက်မှာ ပါနေပြီ မဟုတ်လား၊ အဆိပ်ဖြေဆေး ဘယ်မှာရှိတယ်ဆိုတာ သူ သိတယ်၊ သူ့ကိုမေး ..."

စုမာဖုံး ဝမ်းသာသွားပြီး မားကျောက်ကို လှမ်းကြည့်မိလိုက်လေသည်။ မားကျောက်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ အဆိပ်ဖြေဆေးထားတဲ့ နေရာကို ကျုပ်သိပါတယ်ဗျာ"

ယဉ်ကြိုင်သည် ယခုလောလောဆယ် အချိန်တွင် မားဂေဟာ၌ နေထိုင်လျက် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကြိုင်၏ အခန်းထဲ၌ ဖြေဆေးရှိနေကြောင်း မားကျောက် သိထားပါတော့သည်။

စုမာဖုံးက ...

"သိုင်းလောက မိတ်ဆွေတွေအတွက် အဆိပ်ဖြေဆေး လိုအပ်နေပါတယ်၊ ခင်ဗျား ယူပေးမလား"

မားကျောက် သဘောတူလိုက်လေသည်။

"ကျုပ် ယူပေးပါ့မယ်ဗျာ"

ယဉ်ကြိုင်က ...

"မားကျောက် ... ငါက မင်းရဲ့စိတ်ကို စမ်းကြည့်လိုက်တာကွ၊ ခုတော့ မင်းဟာ စုမာဖုံးတို့ ဘက်ကို လုံးလုံးလျားလျား ရောက်သွားပြီပဲ၊ မင်းကို ငါ ဆုံးမရသေးတာပေါ့"

ဒေါသတကြီး လှမ်းပြောလိုက်သည်။

မားကျောက်က လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်၍ ...

"ဆရာ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော် ဆက်ပြီး မမိုက်မဲချင်တော့ပါဘူး"

"မင်းပါးစပ် ပိတ်ထားလိုက်စမ်း"

ယဉ်ကြိုင်က ဟောက်လိုက်သည်။

စုမာဖုံးက ...

"ကဲ ... အဆိပ်ဖြေဆေးအတွက် မပူရတော့ဘူးဆိုတော့ ကျုပ်တို့ စာရင်းလိုက်ကြရင် ကောင်းမယ်"

ယဉ်ကြိုင်ကို စိမ်ခေါ်လိုက်လေသည်။

ယဉ်ကြိုင်ကလည်း ရင်ဆိုင် တိုက်ခိုက်ရန် အသင့်ပြင်ဆင်လိုက်လေတော့သည်။

❋ ◆ ❋



မားကျောက် ...။

မားကျောက်သည် ယဉ်ကြိုင်၏တပည့် ဖြစ်ခဲ့သလို ကင်းဆိပ်ဓား ရယူကာ သိုင်းလောကအား လွှမ်းမိုးမည့် အကြံအစည်တွင် သက်ကိုင်တုတ်အဖြစ် အသုံးချခံခဲ့ရသူ ဖြစ်လေသည်။

မားကျောက်သည် ဆရာဖြစ်သူ၏ စကားကို နားထောင်ကာ မိုက်မဲခဲ့သည်။

သို့သော် ...

စုမာဖုံးတို့ လူစုနှင့် ကို့ထင်း၊ ယင်းလိန်နှင့် ကျုံးဟို မိန်းကလေးတို့ ရောက်လာခြင်းက သူ့အား အမြင်မှန် ရသွားစေခဲ့သည်။

ယဉ်ကြိုင်၏ မကောင်းသော အကြံအစည်များကို သိမြင်သွားခဲ့လေသည်။

သူ့ကြောင့် ကျုံးဟိုမိန်းခလေး ဒုက္ခရောက်ခဲ့ရပြီ ဖြစ်သည်။

ယခု ရိလုံလည်း ဒုက္ခရောက်ရချေပြီ ...

မားကျောက် ယူကြုံးမရ ဖြစ်မိသည်။

ကျုံးဟိုအပေါ် ရက်စက်ခဲ့သည့် ယဉ်ကြိုင်၏ လုပ်ရပ်ကိုလည်း မေ့နိုင်တော့ပါ။

ယဉ်ကြိုင်သည် အလိုမကျလျှင် သူ့ကိုပါ ချမ်းသာပေးမည် မဟုတ်သည်မှာ ထင်ရှားနေသည်။

ယဉ်ကြိုင်၏ လုပ်ရပ်များကို မည်သည့်နည်းနှင့်မျှ လက်မခံနိုင်တော့ပါ။

ထို့ကြောင့် သိုင်းသည်များအတွက် အဆိပ်ဖြေဆေး ယူပေးရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

သူ၏ ဆုံးဖြတ်ချက်ကြောင့် ယဉ်ကြိုင် အမုန်းကြီးမုန်းသွားခဲ့ချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူ့အား ချမ်းသာပေးတော့မည် မဟုတ်ပါ။

မားကျောက်လည်း ကြောက်ရွံ့ ထိတ်လန့်ခြင်း မရှိတော့ပါချေ။

ယဉ်ကြိုင်အား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်၏။

"ဆရာ ... ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော် နောင်တရနေပါပြီ၊ ဆရာနိုင်းတာ မလုပ်နိုင်တော့ပါဘူး၊ ဒုက္ခရောက်နေတဲ့ သိုင်းညွှံ့သည်တွေကို ကူညီဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါပြီ"

"မားကျောက် ... မင်းပါးစပ် ပိတ်ထားလိုက်စမ်း၊ ငါ့ကို ဆရာမခေါ်နဲ့၊ မင်းကို တပည့်လို့ မသတ်မှတ်တော့ဘူး၊ စုမာဖုံးကို ဆုံးမပြီးတာနဲ့ မင်းကိုလည်း ငါ သတ်ပစ်မယ်"

"ဆရာ ..."

"ဟေ့ကောင် ... တိတ်စမ်း"

ယဉ်ကြိုင်က အော်ငေါက်လိုက်ပြီး ဝိညဉ်နုတ်အပ်ဖြင့် လှမ်းပစ်လိုက်လေသည်။

"ဝှစ် ..."

ဝိညဉ်နုတ်အပ်သည် မားကျောက်ထံသို့ တန်းတန်းမတ်မတ် ပစ်လွှင့်သွားလေသည်။

မားကျောက်သည် ရှောင်နိုင်မည်မဟုတ်ကြောင်း သိထား၍ မျက်လုံးကို မှိတ်ထားလိုက်တော့သည်။

ထိုစဉ် ...

"ရက်စက်လှချည်လား"

ယင်းလိနံက အော်ငေါက်ကာ မားကျောက်ရှေ့သို့ ခုန်ဝင်ပြီး အချိန်မီ ကယ်တင်လိုက်လေသည်။

"ဖျူး ..."



အကျီလက်ကို ဝှေ့ယမ်းကာ ဝိညဉ်နုတ်အပ်ကို ရိုက်ချလိုက်ခြင်း ဖြစ်လေသည်။ လေပွေလှိုင်းတစ်ခု ဖြစ်ပေါ်လာသည်။

"ထောက် ..."

ဝိညဉ်နုတ်အပ်ကလေးများ ကြမ်းပြင်ပေါ် ပြုတ်ကျသွားလေတော့သည်။

မားကျောက်၏ တစ်ကိုယ်လုံး ချွေးများ စိုရွှဲသွား၏။

ယင်းလိနံသာ အချိန်မီ ဝင်ရောက်ကယ်တင်ခြင်း မပြုလျှင် အသက်ဆုံးရှုံးသွားရမည် မဟုတ်လား။

မားကျောက် ဦးညွှတ်လိုက်၏။

"ကျွန်တော့်အသက်ကို ကယ်တင်တဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ"

"ကိစ္စမရှိပါဘူး၊ မင်း နောင်တရပြီဆိုရင် ငါ ကျေနပ်တယ်"

"စိတ်ချပါခင်ဗျာ၊ ကျွန်တော် နောင်တရနေပါပြီ၊ ညီမကျူးဟို ဒုက္ခရောက်ရတာ ကျွန်တော့်ကြောင့်ပါ၊ ဒါကြောင့် ညီမကျူးဟိုကို ကျွန်တော် တစ်သက်လုံး တာဝန်ယူ စောင့်ရှောက်သွားပါ့မယ်၊ ညွှံ့သည် သိုင်းသမားတွေအတွက်လည်း အဆိပ်ဖြေဆေး သွားယူပေးပါ့မယ်"

"ကောင်းတယ် ... ကောင်းတယ်"

ယင်းလိနံကော ကို့ထင်းကပါ မားကျောက်ကို ခွင့်လွှတ်လိုက်ကြပြီ ဖြစ်လေသည်။

ထိုစဉ် ...

"အဟင့် ... အဟင့် ..."

မိန်းမချောလေး ရှီချင်းက မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ ငိုချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီး ..."

ရီလုံက စိုးရိမ်တကြီး ဖြစ်သွားလေသည်။

သမီးဖြစ်သူကို ကပျာကယာ မေးမလိုက်သည်။

ရီချင်းက ...

"ဖေဖေ ... ကျွန်မတို့ ပြန်ကြပါစို့ရှင်"

"သမီးရယ် ..."

"ဖေဖေ ... ဆရာယဉ်ကြိုင်ဟာ ဘယ်လိုလူစားဆိုတာ ထင်ရှားနေပါပြီ၊ သူနဲ့ဆက်ပြီး လက်တွဲနေရင် သိုင်းလောကတစ်ခုလုံး ဝိုင်းပြီး ဆန့်ကျင်ကြပါလိမ့်မယ်၊ ကျောက်ဖြူတောင်ကုန်း ပျက်စီးပြီး သိုင်းလောကထဲက လုံးဝ ပျောက်ကွယ်သွားတော့မယ့် အန္တရာယ် ရှိနေပါပြီ"

ရီလုံ မျက်နှာပျက်သွားလေသည်။ ရီချင်းက ...

"ကျောက်ဖြူတောင်ကုန်းကို ဖေဖေ သွေးနဲ့ချွေးနဲ့ ရင်းနှီးပြီး ထူထောင်ခဲ့ရတာပါ၊ ခုလို လွယ်လွယ်ကူကူ ဖျက်ဆီးခံရမယ်ဆိုရင် ဘယ်လောက် ဝမ်းနည်းစရာ ကောင်းလိုက်မလဲ၊ ဆရာယဉ်ကြိုင်ဟာ သူ့ရဲ့တပည့်အရင်းကိုတောင် လုပ်ကြံဖို့ ဝန်မလေးတဲ့လူဆိုတာ မျက်မြင်ပါ၊ သမီးတို့ကိုကော ဒုက္ခမပေးဘူးလို့ ဖေဖေပြောနိုင်မလား"

ရီလုံ ခေါင်းညိတ်လိုက်၏။

"ဖေဖေ နားလည်ပါတယ် သမီးရယ်"

ရီချင်းက ...

"ဆရာယဉ်ကြိုင်နဲ့ ပေါင်းလိုက်မိတာနဲ့ သမီးကို အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ရပါပြီ၊ နောက်နောင် အသက်အန္တရာယ်တောင် ရှိပါသေးတယ်၊ သမီးတို့ သည်နေရာက ထွက်သွားကြတာ အကောင်းဆုံးပါပဲ"



ရီလုံ သက်ပြင်းချလိုက်သည်။

"ဖေဖေ နားလည်ပါတယ် သမီးရယ်၊ ဒါပေမယ့် ..."

သူ၏ရင်ထဲတွင် တင်းကြပ်ကာ ရှေ့ဆက်မပြောနိုင်အောင် ဖြစ်သွားလေသည်။

ရီချင်းက ...

"ဖေဖေ ... ဘာဖြစ်လို့လဲ"

ရီလုံက စမာဖုံးတို့လူစုအား ဝေ့ကြည့်လိုက်၏။

သူ၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ ကြောက်ရွံ့ ထိတ်လန့်ကာ ကြံရာမရ ဖြစ်နေကြောင်း ထင်ရှားလေသည်။

"ဖေဖေ ... ဘာဖြစ်လို့လဲဟင်"

ရီချင်းက ဖခင်ကြီး၏ လက်မောင်းကိုဆွဲကာ လှုပ်ယမ်းရင်း မေးလိုက်လေသည်။

ရီလုံ တံတွေးမျိုချလိုက်သည်။

"ဖေဖေ နောက်ဆုတ်လို့ မရတော့ဘူး"

"ဟင် ..."

ဖခင်၏ စကားကြောင့် ရီချင်း အထိတ်တလန့် ဖြစ်သွား၏။

ရီလုံက ...

"ဖေဖေဟာ ဆရာယဉ်ကြိုင်နဲ့ပေါင်းပြီး သိုင်းလောကသားတွေကို ဒုက္ခပေးဖို့ ကြံစည်မိခဲ့တယ်၊ ဖေဖေ့ကို ဘယ်သူကမှ ခွင့်လွှတ်နိုင်ကြမှာ မဟုတ်ဘူး"

ထိုစဉ် ...

"ဟား ... ဟား ... ဟား ..."

ကိုထင်းက ကျယ်လောင်စွာ ရယ်မောကာ ရှေ့သို့ လှမ်းထွက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရီလုံ အဘယ်ကြောင့် နောက်မဆုတ်ဘဲ နေရသည်ကို အားလုံး နားလည် သဘောပေါက်သွားကြပြီ ဖြစ်လေသည်။

ရီလုံသည် ပေါက်သည့်နမ္မူး မထူးတော့ဟု သဘောပိုက်ကာ ယဉ်ကြိုင်နှင်ဆက်၍ လက်တွဲပြီး သိုင်းလောကသမားများနှင့် ရင်ဆိုင်ဖို့ ကြိုးစားနေခြင်း မဟုတ်လား။

ကို့ထင်းက ...

"မိတ်ဆွေ ရီလုံ ... သည်မှာ ရောက်နေကြသူတွေကို အထင် မသေးပါနဲ့ဗျာ၊ အားလုံးဟာ အမှားအမှန်ကို ခွဲခြားနားလည်တတ် ကြပါတယ်၊ အမှားကိုမြင်၊ အမှန်ကိုပြုပြင်မယ်ဆိုရင် ခွင့်မလွှတ်နိုင် တဲ့ လူတစ်ယောက်မှ မပါပါဘူး"

ရီလုံ ဦးညွှတ်လိုက်သည်။

"ကျုပ် ပြောမှားဆိုမှားရှိတာကို ခွင့်လွှတ်ပါဗျာ"

ကို့ထင်းက ...

"ကိစ္စမရှိပါဘူး ... အရင်ဦးဆုံး ခင်ဗျားကိုယ်ခင်ဗျား ပြန်ပြီး စစ်ဆေးကြည့်ပါ၊ တကယ် နောင်တရ မ,ရဆိုတာပေါ့လေ"

"ကျုပ်က ..."

"ခင်ဗျား သေချာမှုရှိရဲ့လား"

ရီလုံ ခေါင်းညိတ်လိုက်သည်။ သူ၏မျက်နှာတွင် ဝမ်းနည်း ကြေကွဲသည့် အရိပ်အရောင်များ အထင်းသား ပေါ်လွင်နေသည်။

အသံလည်း တုန်တုန်ရင်ရင် ဖြစ်နေသည်။

"ကျုပ် တကယ် နောင်တရပါပြီဗျာ ..."

သူ၏စကား လေးနက်မှု ရှိနေသည်။

လှိုက်လှိုက်လှဲလှဲဖြင့် ရင်ထဲမှ ထွက်ပေါ်လာသောစကား ဖြစ်သည်။



ကို့ထင်းလည်း နားလည်ထားလေသည်။

"ကောင်းပြီ ... ခင်ဗျား တကယ်နောင်တရပြီဆိုရင် ခင်ဗျား ကို ခွင့်မလွှတ်တဲ့လူ မရှိပါဘူး"

ဝိရှမ်း ဆရာတော်တို့ကလည်း ခေါင်းညိတ် အဖြေပေးလိုက် ကြသည်။

အားလုံးက ခေါင်းတညိတ်ညိတ် ဖြစ်နေသည်။

ရီလုံ ဝမ်းသာသွားလေသည်။

"တ ... တကယ် ပြောတာလားဗျာ"

"ဒါ နောက်ပြောင်ကျီစယ်ရမယ့် စကားမဟုတ်ပါဘူး၊ ခင်ဗျား လေးလေးနက်နက် ပြောသလို ကျုပ်ကလည်း လေးလေးနက်နက် ပြောလိုက်တာပါ"

"ဝမ်းသာလိုက်တာဗျာ"

ရီချင်းသည်လည်း ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် စီး ကျလာလေတော့သည်။

"မေမေရယ် ..."

ရီလုံသည် ရင်ခွင်ထဲ တိုးဝင်လာသည့် သမီးဖြစ်သူအား တင်း တင်းကြပ်ကြပ် ပွေ့ဖက်ထားလိုက်လေသည်။

ရီလုံက ...

"ကျုပ် ပြောမပြတတ်အောင်ပါပဲဗျာ၊ ဆရာယဉ်ကြိုင်နဲ့ ပေါင်း ပြီး အမှားတွေ လုပ်မိတယ်၊ အားလုံးက ကျုပ်ကို ခွင့်မလွှတ်နိုင်ဘူး ထင်ခဲ့မိတယ်၊ ခုတော့ ခွင့်လွှတ်ကြတယ်ဆိုတော့ ဝမ်းသာမ,ဆုံး တော့ပါဘူး၊ မကောင်းမှုတွေကို စွန့်လွှတ်ပြီး ဘယ်တော့မှ မလုပ် တော့ဘူးလို့ ကတိပြုပါတယ်ဗျာ"

ယခု ...

www.burmeseclassic.com

www.burmeseclassic.com



မိုက်မဲသော ယဉ်ကြိုင်မှာ အခွေအရံမရှိ တစ်ယောက်တည်း ဖြစ်သွားချေပြီ။

ယဉ်ကြိုင်၏ လက်ထဲတွင် ကင်းဆိပ်ဓား ရှိနေသော်လည်း သိုင်းလောကအား လွှမ်းမိုးလိုသည့် သူ၏အကြံအစည်မှာ အောင်မြင်နိုင်ပါမည်လော။

ရိလုံ နောက်ဆုတ်လိုက်ပြီးနောက် ယဉ်ကြိုင်လည်း အလိုလို ကျဆုံးသွားပြီဖြစ်ကြောင်း အားလုံး နားလည်လိုက်ကြတော့သည်။

"တောက် ..."

ယဉ်ကြိုင် ဒေါသတကြီး တက်ခေါက်လိုက်လေသည်။

"ရိလုံ ... ခင်ဗျား သတိထားပါ၊ ခင်ဗျားကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး၊ စုမာဖုံးတို့လူစုကို ဆုံးမပြီးတာနဲ့ ခင်ဗျားတို့ သားအဖ နှစ်ယောက်အလှည့်ပဲ"

ဟု အော်ဟစ် ခြိမ်းခြောက်လိုက်လေသည်။

ရိလုံက ...

"ဆရာယဉ်ကြိုင် ... ရှေ့ဆက် မမှားသင့်တော့ပါဘူးဗျာ၊ စဉ်းစားပါဦး"

"တိတ်စမ်း ... ကျုပ် ဘာမှ စဉ်းစားစရာအကြောင်း မရှိဘူး ကျုပ်ကို ဆရာမလုပ်နဲ့"

ရိလုံ သက်ပြင်းချလိုက်လေသည်။

"ကောင်းပါပြီ ဆရာယဉ်ကြိုင် ... ကျုပ်ကတော့ ထပ်ပြီး မမှားချင်တော့ပါဘူး၊ ကျောက်ဖြူတောင်ကုန်းကို အငြိုးထားပြီး ဒုက္ခ ပေးမယ်ဆိုရင်လည်း ကျုပ် အသက်အသေခံလိုက်ပါတော့မယ်"

"ဟား ... ဟား ... ဟား ..."

ယဉ်ကြိုင်က လှောင်ပြောင်ရယ်မောလိုက်သည်။



"စိတ်ချ ... ခင်ဗျားတို့ သားအဖနှစ်ယောက်စလုံးကို ချမ်းသာ မပေးပါဘူး"

စုမာဖုံးက ကြားဝင်လိုက်လေသည်။

"သူများကို အော်ဟစ်ပြီး ခြိမ်းခြောက်မနေပါနဲ့ဗျာ၊ အရင်ဆုံး ခင်ဗျားကိုယ်ခင်ဗျား ကာကွယ်စောင့်ရှောက်နိုင်အောင်ပဲ ကြိုးစားပါဦး"

ပြောရင်း ရှေ့တိုးကာ ယဉ်ကြိုင်နှင့် ရင်ဆိုင်လိုက်သည်။

ယခုတစ်ကြိမ် ...

စုမာဖုံးအား မည်သူမျှ ဟန့်တားခြင်း မပြုကြတော့ပါ။

ရူးသွပ်သူတစ်ယောက်နှင့် တူနေသော ယဉ်ကြိုင်အား ပြောဆိုဖြောင်းဖျ ဆုံးမ၍ ရတော့မည်မဟုတ်ပါ။

ယဉ်ကြိုင်ကို တိုက်ခိုက်ကာ ရှေ့ဆက် မမိုက်မည်းနိုင်အောင် တားဆီးမှ ဖြစ်တော့မည်ဟု အားလုံးက သဘောပေါက်လိုက်ကြပြီ ဖြစ်လေသည်။

ယဉ်ကြိုင်၏လက်ထဲ၌ ကင်းဆိပ်ဓား ရှိနေသဖြင့် အန္တရာယ်ကြီးမားလှသည်။

ကြောက်မက်ဖွယ်ကောင်းအောင် အဆိပ်ပြင်းထန်လှသော ကင်းဆိပ်ဓားကို အဆိပ်မကြောက်သော စုမာဖုံးသာလျှင် ယဉ်နိုင်ဆလိမ့်မည်။

ထို့ကြောင့် ...

"အားလုံး ရင်တထိတ်ထိတ်ဖြင့် အခြေအနေကို စောင့်ကြည့်နေလိုက်ကြလေတော့သည်။

❋ ◆ ❋

www.burmeseclassic.com

www.burmeseclassic.com



စမာဖုံးက ရှေ့သို့လှမ်းထွက်ကာ ယဉ်ကြိုင်နှင့် ထိပ်တိုက် ရင်ဆိုင်လိုက်လေသည်။

"ခင်ဗျား သတိထားပါ"

ကြိုတင် သတိပေးလိုက်ရင်း လက်ဝါးနှစ်ဖက် ဆန့်ထုတ်လိုက်လေသည်။

"ဟူး ..."

လေတိုးသံများ ထွက်ပေါ်လာသည်။

ပြင်းထန်သော လေပွေလှိုင်းများသည် ယဉ်ကြိုင်ထံသို့ တိုးဝင်သွားလေသည်။

စမာဖုံး၏ သိုင်းပညာမှာ လောကပါလ သိုင်းသမားကြီး ပိုင်မုရှောင်ထံမှ အမွေဆက်ခံထားသည် ဖြစ်၍ သိုင်းလောက၌ ထင်ရှားသော သိုင်းဆရာကြီးများ ဝိုက်းရှုပ်ကြီးမှားကိုပင် ကောင်းစွာ ယဉ်ပြိုင်နိုင်စွမ်း ရှိလေသည်။

ယဉ်ကြိုင်လည်း ခေသူမဟုတ်ပါ။

သို့သော် ...

သူ၏ပညာသည် လောကပါလ သိုင်းသမားကြီး ပိုင်မုရှောင်၏ ပညာကို မည်သည့်နည်းနှင့်မျှ ယဉ်နိုင်မည် မဟုတ်ချေ။

ယဉ်ကြိုင်အား လေဟုန်စီးစွန်ရဲ လုံယွမ်၊ မြေခောင့်သက်ချေ ... ဓား ချိန်ဟူတာ၊ မြေခွေးနက်ကြီး၊ ဇီရှမ်းဆရာတော် ချိန်ရသေ ... သိုင်းဆရာ ကျင်းဖုံတို့ပင်လျှင် ကောင်းစွာ ယဉ်ပြိုင်နိုင်စွမ်း ရှိလေ၏

ထို့ကြောင့် ...

စမာဖုံးက ယဉ်ကြိုင်အား ယဉ်ပြိုင်အနိုင်ယူဖို့ မခက်တော့ပေ ...

ယဉ်ကြိုင်၏ လက်ထဲ၌ ကင်းဆိပ်ဓားသာ မရှိလျှင် သိုင်းကွ ... သုံးဆယ်အတင်းမှာပင် အရေးနိမ့်သွားမည် ဖြစ်ပါသည်။



"မင်း ... ဘာတတ်နိုင်မှာမို့လဲ"

ယဉ်ကြိုင်က အော်ဟစ်ရင်း ကင်းဆိပ်ဓားကို ဝှေ့ယမ်းကာ ဖြန်လည်တိုက်ခိုက်လိုက်သည်။

"ဝှစ် ... ဝှစ် ..."

လေတိုးသံများ ထွက်ပေါ်လာ၏။

ဓား၏ အေးစိမ့်သော အငွေ့အသက်များသည် ခန်းမဆောင် တစ်ခုလုံး ဖုံးလွှမ်းသွားလေသည်။

အရိပ်မည်းမည်းကြီး တစ်ခုကလည်း စမာဖုံးအား လွှမ်းမိုးထားလိုက်သည်။

ကင်းဆိပ်ထား၏ အရှိန်အဟုန် ကြီးမားလှသည်။

တော်ရုံ သိုင်းသမားဆိုလျှင် ခုခံနိုင်စွမ်းရှိမည် မဟုတ်ဘဲ သေဆုံးသွားမည်သာ ဖြစ်ပါသည်။

စမာဖုံးကား ထိပ်တန်း သိုင်းပညာရှိသည့်ပြင် အဆိပ်မကြောက် သူတစ်ယောက် ဖြစ်နေပါသည်။

ထို့ကြောင့် ...

"ယား ..."

နောက်မဆုတ်သည့်ပြင် ရှေ့တိုး တိုက်ခိုက်လိုက်သည်။

"ဟူး ... ဟူး ..."

စမာဖုံး၏ အင်္ကျီလက်နှစ်ဘက် ဝှေ့ယမ်းရာမှ လေပွေလှိုင်းများ ထွက်ပေါ်လာပြီး ကင်းဆိပ်ဓား၏ အရိပ်မည်းကြီးကို ချေဖျက်ပစ်လိုက်လေသည်။

"ဝှစ် ... ဝှစ် ..."

ယဉ်ကြိုင်က သိုင်းကွက်ပြောင်းကာ ဓားကွက် သုံးဆယ် ခြောက်ကွက်တိတိ ထုတ်ဖော်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်သော ဓားချက်များသည် အရပ်လေးမျက်နှာမှ ထွက်ပေါ်လာသည်ဟုပင် ထင်ရလေသည်။

စုမာဖုံး၏ တစ်ကိုယ်လုံး လွှမ်းခြုံထားလိုက်တော့သည်။

ဓားတစ်ချက်ထိလျှင် အဆိပ်မိမည်။

အဆိပ်ကို မမှုလျှင်ပင် ပြင်းထန်သောဓားချက်ဖြင့် လဲကျသွားရပေမည်။

ယဉ်ကြိုင်သည် နှစ်ဘက်နှစ်လမ်း တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

စုမာဖုံးမှာ အဆိပ်ကို မမှုသော်လည်း ယဉ်ကြိုင်၏ ဓားချက်ကို အထိမခံဝံ့သေးပါ။

ပြင်းထန်သော ဓားချက်ကြောင့် ပြင်းထန်သော ထိခိုက်ဒဏ်ရာရမှုမျိုး အဖြစ်မခံနိုင်၍ ဖြစ်သည်။

စုမာဖုံးက လေထဲပျံဝဲနေသော ပျံလွှားငှက်ကလေး တစ်ကောင်ပမာ ပေါ့ပါးစွာ လှုပ်ရှားကာ ယဉ်ကြိုင်၏ ပြင်းထန်သော ဓားချက်များကို ရှောင်တိမ်းလိုက်လေသည်။

နောက်ဆုတ်သွားဖို့တော့ လုံးဝ မစဉ်းစားပါချေ။

သူ၏လက်နှစ်ဖက်ကိုလည်း ဆတ်ခနဲ ဆတ်ခနဲ ထုတ်လိုက်လေသည်။

"ဟူး ... ဟူး ..."

လေပွေလှိုင်းများ ထွက်ပေါ်လာကာ ယဉ်ကြိုင်ထံသို့ တိုးဝင်သွားသည်။ ယဉ်ကြိုင် သတိမထားလျှင် ဒုက္ခရောက်သွားပေမည်။

စုမာဖုံးက တုန့်ပြန်လိုက်ခြင်းကြောင့် ယဉ်ကြိုင်မှာ စိတ်ရှိလက်ရှိ တိုက်ခိုက်ခြင်း မပြုနိုင်တော့ပါ။

သူတို့နှစ်ယောက်၏ တိုက်ကွက်မှာ ညီမျှသွားသည်ဟု ဆိုနိုင်ပါတော့သည်။



သို့တိုင် ...

ယဉ်ကြိုင်က ကင်းဆိပ်ဓားကိုင်ထား၍ အသာစီးရနေသေးသည်ဟု ဆိုနိုင်သည်။

ထိုစဉ် ...

"လူယုတ်မာကြီး သေပေတော့ ..."

အော်ဟစ်သံနှင့်အတူ လူတစ်ယောက် ခုန်ဝင်လာပြီး ယဉ်ကြိုင်အား တိုက်ခိုက်လိုက်လေသည်။

၎င်းသည် သိုင်းသမားတစ်ယောက် ဖြစ်လေသည်။

ထိုသူသည် သိုင်းသမားမှာ သိုင်းပညာ သိပ်မရှိချေ။ အတွင်းအား ယုတ်လျော့စေသည့် အဆိပ်လည်း မိထားလေသည်။

ထို့ကြောင့် ...

ယဉ်ကြိုင်၏ ယုတ်မာမှုကို မကျေနပ်သဖြင့် ဝင်ရောက်တိုက်ခိုက်လိုက်သော်လည်း သိုင်းပညာချင်း မယှဉ်နိုင်ရကား ယဉ်ကြိုင်၏ ကင်းဆိပ်ဓားလက်စာ မိသွားလေတော့သည်။

ကင်းဆိပ်ဓားမှာ ကြောက်မက်ဖွယ် ကောင်းအောင် ထက်မြက်သပေသည်။

"ဝှစ် ..."

"ဒုတ် ..."

"အား ..."

ထိုလူ၏ ဦးခေါင်းနှင့် ခန္ဓာကိုယ် အိုးစားကွဲသွားအောင် ပိုင်းလိုက်လေသည်။

ထိုလူကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ကျသွားကာ တစ်ကိုယ်လုံး သွေးတုံးကြီးပမာ မည်းနက်သွားတော့သည်။

"ဟင် ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ..."

အားလုံး ထိတ်လန့်တကြား ဖြစ်သွားသည်။

ညွှီသည် သိုင်းသမားကြီး ဝင်တိုက်ခိုက်လိုက်သည့် အချိန်လေးမှာပင် စုမာဖုံးက နောက်ဆုတ်ပေးလိုက်သည်။

ကင်းဆိပ်မားနှင့် ယဉ်ကြိုင်၏ တိုက်ခိုက်မှုကို ကြောက်ရွံ့၍ မဟုတ်ပါချေ။

ညွှီသည် သိုင်းသမားက အလစ်ဝင် တိုက်ခိုက်လိုက်ချိန်၌ အခွင့်အရေးယူကာ တိုက်ခိုက်သည်ဟု ထင်မှတ်မည်ကို စိုးရိမ်ခြင်းကြောင့် ဖြစ်လေသည်။

ညွှီသည် သိုင်းသမား ရက်ရက်စက်စက် တိုက်ခိုက်ခံရကာ သေဆုံးသွားသည်ကို မြင်လျှင် စုမာဖုံး ဒေါသထွက်သွားလေသည်။

"ခင်ဗျားကို ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်တော့ဘူး"

ဟု အော်ငေါက်ကာ ရှေ့သို့ ခုန်လွှားတိုးကပ်သွားကာ ယဉ်ကြိုင်နှင့် ရင်ဆိုင်လိုက်လေသည်။

"ဟား ... ဟား ... ဟား ..."

ယဉ်ကြိုင်က ဟားတိုက် ရယ်မောလိုက်လေသည်။

"ကင်းဆိပ်မား အကြောင်းကိုသိပြီ မဟုတ်လား၊ မင်းလည်း သေဖို့သာ ပြင်ထားပေတော့"

ကင်းဆိပ်မားကို 'တရှမ်ရှမ်'မြည်အောင် ဝှေ့ယမ်းပြီး ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

မားရိပ်များသည် စုမာဖုံး တစ်ကိုယ်လုံးကို လွှမ်းခြုံသွားလေတော့သည်။

စုမာဖုံး ခြေလှမ်းရုပ်လိုက်၏။

သူ၏မျက်နှာသည် တည်ကြည်လေးနက်နေလေသည်။



"ဝှစ် ..."

ယဉ်ကြိုင်၏ မားချက်က သူ့အား အပေါ်စီးမှမိုးကာ ခုတ်ချလာလျှင် လက်နှစ်ဘက် ဆန့်ထုတ်လိုက်လေသည်။

"ဖတ် ..."

လက်ဝါးနှစ်ဘက်ဖြင့် ညှပ်ကာ ကင်းဆိပ်မားကို ဖမ်းဆီးထားလိုက်ခြင်း ဖြစ်သည်။

"ဟင် ..."

ယဉ်ကြိုင် ကြောင်အမ်းအမ်း ဖြစ်သွား၏။

ထိုစဉ် ...

မားကိုင်ထားသော လက်မှတစ်ဆင့် ပြင်းထန်သော အတွင်းအားလှိုင်းများ တိုးဝင်လာကြောင်း သတိပြုမိလိုက်၏။

စုမာဖုံးက ကင်းဆိပ်မားမှတစ်ဆင့် အတွင်းအားပို့ဆောင်ကာ ယဉ်ကြိုင်အား တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

"သည်လိုနဲ့ ရစတာမ်းလား"

ယဉ်ကြိုင် ကြုံးဝါးကာ အတွင်းအားဖော်ထုတ်ပြီး ခုခံရင်ဆိုင်လိုက်၏။

သို့သော် ...

စုမာဖုံး၏ အတွင်းအားသည် ပင်လယ်လှိုင်းလုံးကြီးများပမာ အင်အားကြီးမားစွာဖြင့် တစ်သုတ်ပြီးတစ်သုတ် အရှိန်အဟုန်ဖြင့် အဆက်မပြတ် စီးဆင်း တိုးဝင်လာလေသောအခါ ယဉ်ကြိုင်မှာ ထိန်းသိမ်း ခုခံ၍မရအောင် ဖြစ်လာလေတော့သည်။

ရှိသမျှ အတွင်းအား အကုန်ထုတ်ဖော်ကာ ခုခံနေသည့်တိုင်အောင် တားဆီးမရဘဲ ဖြစ်နေသည်။

စုမာဖုံး၏ အတွင်းအားလှိုင်းများ ပြင်းထန်စွာ တိုးဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းကြောင့် ရင်ထဲတွင်ပလောင်ဆူလာကာ ကတုန်ရယင် ဖြစ်လာလေတော့သည်။

စုမာဖုံးသည် ကင်းဆိပ်မှားကို လက်ဝါးနှစ်ဖက်ဖြင့် ညှပ်ကာ ဖမ်းဆီးထားသော်လည်း အဆိပ်မီသည့် လက္ခဏာ လုံးဝ မရှိပါ။

မည်သို့သော အဆိပ်ကိုမှမမှုကြောင်း ပေါ်လွင်နေတော့သည်။

"မင်း ... မင်း ..."

ယဉ်ကြိုင် ထစ်ထစ်ငေါ့ငေါ့ ရေရွတ်လိုက်၏။

သူ၏ မျက်လုံးနှစ်လုံး ပြူးထွက်လာ၏။

ပြင်းထန်သော ဖိအားကြောင့် သူ၏ ခန္ဓာကိုယ်ထဲမှ သွေးလှည့်ပတ်သွားလာမှုများ ဖောက်ပြန်လာကာ ကမောက်ကမ ဖြစ်လာလေတော့သည်။

ယဉ်ကြိုင်မှာ စုမာဖုံးအား မည်နည်းနှင့်မျှ မယဉ်နိုင်တော့ချေ။

အားတင်းကာ တောင့်ခံနေသည့်ကြားမှ အသက်ရှူ မွန်းကြပ်ကာ ရင်ထဲဗလောင်ဆူလာသည်။

နောက်ဆုံး ...

"ဝေါ့ ..."

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်လေသည်။

စုမာဖုံးလည်း သွေးများပေကျံသွားမည်ကို စိုးရိမ်ကာ ကင်းဆိပ်မှားကို လက်လွှတ်လိုက်ပြီး ကပျာကယာ နောက်ဆုတ်ရှောင်တိမ်းပေးလိုက်လေသည်။

ယဉ်ကြိုင်သည် ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်ကာ မဟန်နိုင်အောင် ဖြစ်လာသည်။

ခို့တိုင် ကင်းဆိပ်မှားကို လက်မလွှတ်ဘဲ တင်းကြပ်စွာ ဆုပ်ကိုင်ထားလေသည်။



"ဝေါ့ ... ဝေါ့ ..."

သွေးများ ထပ်မံ အန်ထုတ်လိုက်လေသည်။

မည်သို့ပင် အားတင်းထားသော်လည်း မဟန်နိုင်တော့ပါ။

ခန္ဓာကိုယ်တွင်းမှ သွေးကြောများ ဖောက်ပြန်သွားသကဲ့သို့ အတွင်း ကလီစာများလည်း ပျက်စီးသွားပြီ ဖြစ်လေသည်။

"အား ..."

ယဉ်ကြိုင် ရူးရူးဝါးဝါး အော်ဟစ်လိုက်လေသည်။

ထို့နောက် ချာခနဲလှည့်ကာ ထွက်ပြေးဖို့ ကြိုးစားလိုက်၏။

ခြေတစ်လှမ်းမျှသာ လှမ်းနိုင်လိုက်ပြီး ခြေပစ်လက်ပစ် လဲကျသွားလေတော့၏။

ကြမ်းပြင်ပေါ်ရောက်လျှင် လူးလိမ့်ကာ အကြောဆွဲနေ၏။

စုမာဖုံး သက်ပြင်းချလိုက်သည်။

"ကျုပ် မရက်စက်ချင်ပါဘူး၊ ဒါပေမယ့် သည်လိုမှ မတားဆီးရင် ခင်ဗျားကြောင့် ဒုက္ခရောက်ရမယ့်လူတွေ ရှိလာဦးမှာပဲ"

ယဉ်ကြိုင်မှာ စုမာဖုံး၏ စကားကို မကြားနိုင်တော့ပါ။ တဖြည်းဖြည်း ငြိမ်သက်သွားသည်။

ယဉ်ကြိုင်၏ အမိုက်ဇာတ် သိမ်းသွားပြီ ဖြစ်လေသည်။

❋ ◆ ❋

ယဉ်ကြိုင် အမိုက်ဇာတ် သိမ်းသွားပြီ ဖြစ်ပါသည်။

ကင်းဆိပ်မှားနှင့် ပတ်သက်၍ ပြဿနာအရပ်ရပ် ပြီးဆုံးသွားပြီ ဆိုနိုင်သည်။

သို့သော် ...

"ဟူး ..."

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစား လေတိုးသံ ထွက်ပေါ်လာလေသည်။

လူတစ်ယောက်သည် လျှပ်တစ်ပြက် ခုန်ဝင်လာ၏။

စုမာဖုံး ရင်ထိတ်ကာ လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်သည်။

အလစ်ချောင်း တိုက်ခိုက်သူရှိလာပါလျှင် ခုခံရင်ဆိုင်ပြီးသား ဖြစ်သွားပေမည်။

သို့သော် ...

ခုန်ဝင်လာသော လူရိပ်သည် စုမာဖုံးထံသို့ ရောက်မလာဘဲ ဝဲဘက်သို့ ဆက်၍ ခုန်ထွက်သွားလေသည်။

ထို့နောက် ...

"ရွှမ်း ..."

ယဉ်ကြိုင် လွှတ်ကျခဲ့သော ကြမ်းပြင်ပေါ်မှ ကင်းဆိပ်ဓားကို ကောက်ယူသွားလေတော့သည်။

❋ ◆ ❋

"ဟင် ..."

"ဟာ ..."

အားလုံး တအံ့တသြ ဖြစ်သွားကြလေသည်။

စုမာဖုံး နောက်ဆုတ်လိုက်သည့် တဒင်္ဂ အချိန်လေးမှာပင် လူတစ်ယောက် ခုန်ဝင်လာကာ ယဉ်ကြိုင်လွှတ်ကျခဲ့သည့် ကင်းဆိပ်ဓားကို ကောက်ယူသွားလေသည်။

ထိုလူမှာ ...

"မြွေခွေးနက်ကြီး ..."

လွှတ်ခနဲ ရေရွတ်သံများ ထွက်ပေါ်လာလေသည်။



မှန်ပေသည်။

ကင်းဆိပ်ဓားအား ကောက်ယူသွားသူမှာ မြွေခွေးနက်ကြီး ဖြစ်နေပါတော့သည်။

မြွေခွေးနက်ကြီးက တစ်ချိန်လုံး အခြေအနေ စောင့်ကြည့်နေခဲ့ပါသည်။

အခွင့်အရေး ပေါ်လာသည်နှင့် လှုပ်ရှားလိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် ...

ကင်းဆိပ်ဓားကို လွယ်လွယ်ကူကူ ရသွားခဲ့ခြင်း ဖြစ်ပါသည်။

"ဟား ... ဟား ... ဟား ..."

မြွေခွေးနက်ကြီး ဟန်မဆောင်နိုင်ဘဲ အားရပါးရ ရယ်မောလိုက်လေသည်။

ခန်းမဆောင်ကြီး တစ်ခုလုံး တုန်ဟီးသွားသည်ထင်ရအောင် ပင် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ကိုထင်းက ...

"ဓားလွှတ်ချလိုက်စမ်း"

အော်ငေါက်ကာ ခုန်ဝင်လာပြီး မြွေခွေးနက်ကြီးနှင့် ရင်ဆိုင်လိုက်လေသည်။

"ခင်ဗျား သေချင်ပြီထင်တယ်"

မြွေခွေးနက်ကြီးက ကင်းဆိပ်ဓားဖြင့် ဝှေ့ယမ်းဟန့်တားလိုက်လေသည်။

"ဝှစ် ... ဝှစ် ..."

အေးစိမ့်သောဓား၏ အငွေ့အသက်များက ကိုထင်းအား ထိတ်လန့်သွားစေသည်။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



"မြေခွေးနက်ကြီး ... ကင်းဆိပ်ဓားကို လွှတ်ချလိုက်စမ်း"

ကိုထင်းသည် အသက်ကို ပဓာနမထားဘဲ ပြန်လည်ရင်ဆိုင်လိုက်လေသည်။ အားလုံး ယခုမှ သတိဝင်လာကြသည်။

စုမာဖုံးနှင့် ယဉ်ကြိုင်တို့၏ တိုက်ပွဲက မှင်တက်မိသွားစေခဲ့သည် မဟုတ်ပါလား။

ထိုသို့ မှင်တက်မိခဲ့ကြခြင်းကြောင့်ပင် မြေခွေးနက်ကြီး အခွင့်အရေးရသွားခြင်း ဖြစ်လေသည်။

ကိုထင်းက မြေခွေးနက်ကြီးနှင့် ရင်ဆိုင်လိုက်တော့မှ ဝီရှမ်းဆရာတော်တို့လည်း လှုပ်လှုပ်ရှားရှား ဖြစ်လာကြလေတော့သည်။

"ကိုထင်း ... သတိထား..."

ကပျာကယာ သတိပေးလိုက်ကြသည်။

ချိန်ရသေ့၊ သိုင်းဆရာ ကျင်းထုံ၊ သိုင်းမယ် ဖွားလျံတို့လည်း စိတ်ပူသွားကြသည်။

"ဟူး ... ဟူး ..."

အဝတ်အစား လေတိုးသံများလည်း ထွက်ပေါ်လာသည်။

ဝီရှမ်းဆရာတော် ဦးဆောင်သော ထိပ်သီးသိုင်းသမားကြီးများသည် ချက်ချင်းပင် လှုပ်ရှားလာကြပြီး မြေခွေးနက်ကြီးအား ဝိုင်းရံထားလိုက်ကြလေသည်။

မြေခွေးနက်ကြီးကား ကင်းဆိပ်ဓားကို ရလိုက်သည်ဖြစ်ရာ အားရ ကျေနပ်နေသည်။

"ဟား ... ဟား ... ဟား ... ကင်းဆိပ်ဓားအကြောင်း အားလုံးသိကြတာပဲ၊ အခု ကျုပ်လက်ထဲ ရောက်နေပြီ၊ ခင်ဗျားတို့ ဒုက္ခရောက်သွားမယ်၊ နောက်ဆုတ်လိုက်ကြတာ အကောင်းဆုံးဖြစ်မယ်"

ပြောပြီး ကင်းဆိပ်ဓားကို တစ်ချက် ဝှေ့ယမ်းလိုက်၏။



"ဝှစ် ..."

အေးစိမ့်သောဓား၏ အငွေ့အသက်များ ထွက်ပေါ်လာသကဲ့သို့ မကောင်းသည့် အရိပ်အယောင်များက ဝီရှမ်းဆရာတော်တို့လူစုအား လွှမ်းခြုံသွားလေသည်။

ဝီရှမ်း ဆရာတော်က ...

"မြေခွေးနက်ကြီး ... ခင်ဗျားဟာ ကျုပ်တို့အားလုံးကို ဖယ်ရှားပြီး သည်နေရာက ထွက်သွားဖို့ဆိုတာ မဖြစ်နိုင်သေးပါဘူး"

ချိန်ရသေ့က ...

"ကင်းဆိပ်ဓား ဘယ်လောက်ပဲ ကြောက်စရာကောင်းပါစေ၊ ကျုပ်တို့ဝိုင်းပြီး တိုက်ခိုက်ကြရင် ခင်ဗျား ဘာတတ်နိုင်မှာလဲ"

သိုင်းဆရာ ကျင်းထုံကလည်း တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

"ကင်းဆိပ်ဓားကြောင့် သိုင်းလောက ပျက်စီးရမှာကို ကျုပ်တို့ လက်ခံမှာ မဟုတ်ပါဘူး၊ ကျုပ်တို့ အသက်သေချင် သေပါစေ၊ ဟန့်တားသွားရမှာပါပဲ"

BURMESE CLASSIC

ထိုစဉ် ...

"ကျွန်မတို့ ဇနီးမောင်နှံကော အမိုက်ကျေးရွာ တစ်ခုလုံးကတော့ လက်ခံမှာ မဟုတ်ပါဘူးရှင်"

ယင်းလိန်က ကြည်လင် ပြတ်သားစွာပြောရင်း ဝီရှမ်းဆရာတော်တို့နှင့် ပူးပေါင်းလိုက်လေသည်။

အခြားဧည့်သည် သိုင်းသမားများသည်လည်း လက်နက်ကိုယ်စီ ဆွဲကိုင်ကာ လှမ်းထွက်လာကြတော့သည်။

"ကျုပ်တို့ အတွင်းအား ယုတ်လျော့နေပေမယ့် တိုက်ပွဲဝင်ရင်း အသက်စွန့်ရမှာကို မမှုဘူးဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ကင်းဆိပ်ဓား ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာ ကျုပ်တို့ သိနေပြီ၊ ကင်းဆိပ်ဓားရဲ့ အန္တရာယ်ကို အသက်စွန့်ကာကွယ် တားဆီးသွားရမှာပဲ"

"မြွေခွေးနက်ကြီးကို မလွှတ်စေနဲ့"

ညာသံပေးကာ ဝိုင်းရံလာကြတော့သည်။

အသက်ကို ပဓာနမထားဘဲ မြွေခွေးနက်ကြီးနှင့် ရင်ဆိုင်ကြတော့မည် ဖြစ်လေသည်။

မမျှော်လင့်ဘဲ သိုင်းလောကသား အားလုံး၏ ဝိုင်းဝန်းဆန့်ကျင်ခြင်း ခံလိုက်ရသောအခါ မြွေခွေးနက်ကြီး ရင်ထိတ်သွားလေတော့သည်။

ကင်းဆိပ်ဓားဖြင့် အားလုံးကို ရင်ဆိုင်အနိုင်ယူနိုင်ပါမည်လား။

သူ၏စိတ်ထဲ မသေမချာ ဇဝေဇဝါ ဖြစ်လာတော့သည်။

အံကို တင်းတင်းကြိတ်ကာ ...

"ကင်းဆိပ်ဓားအကြောင်း သိတယ်နော်၊ တစ်ယောက်မှ ရှေ့တိုးမလာကြနဲ့ ...."

ဟု ဟန်လုပ်ကာ အော်ငေါက်လိုက်လေသည်။

ထိုစဉ် ...

"သည်ကိစ္စကို ကျွန်တော် တာဝန်ယူဖြေရှင်းပေးပါစေ"

စုမာဖုံးက အားလုံးကို မေတ္တာရပ်ခံလိုက်လေသည်။

စုမာဖုံး၏ စကားသံ ထွက်ပေါ်လာသည်နှင့် ဆူဆူညံညံဖြစ် နေသော ခန်းမဆောင်ထဲတွင် ရုတ်ခြင်းပင် တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

အားလုံးသည် စုမာဖုံးကို လှမ်းကြည့်လိုက်ကြ၏။

စုမာဖုံးကို ယုံကြည်ကိုးစား အရေးထားနေကြပြီ ဖြစ်သည်။



သိုင်းလောကအား ဒုက္ခပေးဖို့ ကြံစည်ခဲ့သည့် ယဉ်ကြိုင်အား စုမာဖုံးကပင် ဆုံးမ နှိမ်နင်းပေးခဲ့သည် မဟုတ်ပါလား။

ဝိရှမ်းဆရာတော်က ...

"မောင်ရင်လေး ... ပင်ပန်းနေပါပြီ၊ သည်တစ်ခါ ကျုပ်တို့ တာဝန်ယူပါရစေ"

စုမာဖုံးက ...

"သူ့လက်ထဲမှာ ကင်းဆိပ်ဓားရောက်နေပါတယ် ဆရာတော်"

ဝိရှမ်းဆရာတော်က ...

"ကျုပ်တို့ စုပေါင်းလိုက်ရင် ..."

"ဟုတ်ပါတယ် ... အားလုံး တက်ညီလက်ညီ စုပေါင်းတိုက်ခိုက်ကြမယ်ဆိုရင် သူ့ကို မဆုံးမနိုင်စရာအကြောင်း မရှိပါဘူး"

"ဒါဆိုရင်လည်း ကျုပ်တို့ပဲ တာဝန်ယူလိုက်လို့ ဖြစ်တယ် မဟုတ်လား"

စုမာဖုံးက ...

"ဒါပေမယ့် ကင်းဆိပ်ဓား အန္တရာယ်ကြောင့် ထိခိုက်နစ်နာမှုတွေ ရှိလာနိုင်ပါတယ်၊ အများအကျိုး ဆောင်ရွက်နေကြသူတွေ ထိခိုက်နစ်နာမှာကို မလိုလားပါဘူး၊ သည်ကိစ္စကို ကျွန်တော်ပဲ ဆုံးခန်းတိုင်အောင် ဖြေရှင်းပေးသွားချင်ပါတယ်ခင်ဗျာ"

ဝိရှမ်းဆရာတော်တို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။

စုမာဖုံးသည် ယဉ်ကြိုင်ကို ဟန့်တား ဆုံးမနိုင်ခဲ့သည်ဖြစ်တာ မြွေခွေးနက်ကြီးကိုလည်း တားဆီးနိုင်မည်ဟု ယုံကြည်မိကြလေသည်။

ထို့ကြောင့် ...

"ကောင်းပြီလေ ... မောင်ရင်လေး တာဝန်ယူတယ်ဆိုရင် ကျုပ်တို့ စိတ်ချပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဝိရှမ်းဆရာတော်က နောက်ဆုတ်လိုက်လေသည်။

ကျန်လူများကလည်း ချက်ချင်းပင် နောက်ဆုတ်သွားကြလေတော့သည်။

စုမာဖုံး ယခုမှ သက်ပြင်းချနိုင်ခဲ့သည်။

ကင်းဆိပ်မား၏ ကြောက်စရာကောင်းပုံကို သူ ကောင်းကောင်းကြီး သိနေပြီ ဖြစ်ပါသည်။

ကင်းဆိပ်မားကြောင့် မည်သူ့ကိုမှ မထိခိုက်စေလိုတော့ပါ။

စုမာဖုံးက မြေခွေးနက်ကြီးနှင့် ရင်ဆိုင်လိုက်လေသည်။

"ကင်းဆိပ်မားရဲ့ အန္တရာယ်ဟာ ကြီးမားလှပါတယ်၊ သိုင်းလောကအတွက် ထူးခြားတဲ့ ရတနာဓားတစ်လက်လို့ ဆိုနိုင်ပေမယ့် အကျိုးပြုဖို့ထက် အကျိုးမဲ့စေတဲ့ ဓားတစ်လက် ဖြစ်နေတာကြောင့် ဖျက်ဆီးပစ်လိုက်ဖို့ နန်းတွင်းက ကျွန်တော့်ကို တာဝန်ပေးထားပါတယ်၊ ခင်ဗျား ယူသွားလို့ မရပါဘူးဗျာ"

တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

မြေခွေးနက်ကြီးက ...

"ယူသွားတော့ကော ... ဘာဖြစ်သလဲ"

စုမာဖုံးက ...

"ကျုပ် ဘယ်နည်းနဲ့မှ လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး တားဆီးသွားမှာပါပဲ"

"မင်း တားနိုင်လို့လား"

"သေချာတာပေါ့ဗျာ"

စုမာဖုံးက ကြမ်းပြင်ပေါ်၌ လဲကျသေဆုံးနေသည့် ယဉ်ကြိုင်ကို ညွှန်ပြလိုက်လေသည်။

"ကျုပ် သူ့ကိုတောင် တားဆီးနိုင်ခဲ့သေးတာပဲ မဟုတ်လား



"ဘာကွ ..."

မြေခွေးနက်ကြီး၏ ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွား၏။

စုမာဖုံးက ...

"ခင်ဗျားလည်း တားဆီးနိုင်မှာ သေချာပါတယ်"

မြေခွေးနက်ကြီး ငြိမ်ကျသွားတော့သည်။

ယဉ်ကြိုင်မှာ ခေသူ မဟုတ်ပါချေ။

အကြံကြီးပြီး ကြောက်စရာ ကောင်းသည်။

ထိပ်တန်း သိုင်းပညာရှင် တစ်ယောက်လည်း ဖြစ်သည်။

သို့တိုင် ...

စုမာဖုံးနှင့် ရင်ဆိုင်လိုက်ရသောအခါ မရှုမလှ အရေးနိမ့်သွားခဲ့လေတော့သည်။

ယဉ်ကြိုင် မရှုမလှ ခံလိုက်ရသည်ကို မြေခွေးနက်ကြီး တွေ့မြင်ခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် ...

စုမာဖုံးက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်သောအခါ ထိန်လန့်သွားခြင်း ဖြစ်လေသည်။

စုမာဖုံးက ...

"ကင်းဆိပ်မားကို မက်မောမနေပါနဲ့တော့ဗျာ၊ သိုင်းလောကသားအားလုံးရဲ့ အကျိုးအတွက် စွန့်လွှတ်လိုက်ပါတော့၊ ကင်းဆိပ်မားကို ဖျက်ဆီးပစ်ဖို့လည်း နန်းတွင်းက အမိန့်ပေးထားပြီးပါပြီ"

မြေခွေးနက်က ...

"စုမာဖုံး ... ကျုပ်က ကင်းဆိပ်မားကို လေ့လာကြည့်ချင်တာပါ၊ သိုင်းလောကကို ဖျက်ဆီးဖို့ ရယူချင်တာ မဟုတ်ပါဘူး"

ဟု လေပြေထိုးလိုက်၏။

www.burmeseclassic.com



စုမာဖုံးက ...

"ဆရာယဉ်ကြိုင်ဟာ ကင်းဆိပ်ဓား ဘယ်လိုအစွမ်းရှိတယ်ဆိုတာ လက်တွေ့ ပြသပြီးပြီပဲဗျာ"

မြေခွေးနက်က ...

"အင်မတန် ရှားပါးတဲ့ သိုင်းလောက ရတနာဓားတစ်လက်ကို သည်အတိုင်း ဖျက်ဆီးပစ်တော့မှာလား"

"သိုင်းလောကကို အကျိုးယုတ်စေမယ့်ဓား ဖြစ်နေလို့ ဖျက်ဆီးပစ်တာ အကောင်းဆုံးပါပဲ"

"ကျုပ်ကတော့ သည်သဘောမျိုး မဟုတ်ဘူး"

စုမာဖုံး ပြုံးလိုက်သည်။

"ခင်ဗျားမှာ ဘယ်လိုသဘောထားရှိလို့လဲ ပြောစမ်းပါဦး"

"ကျုပ် သည်ဓားကိုယူပြီး အဝေးကို ထွက်သွားမယ်၊ အချိန်ယူပြီး အေးအေးဆေးဆေး လေ့လာမယ်၊ သိုင်းလောကကို ဒုက္ခမပေးပါဘူး"

စုမာဖုံး ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ပါဘူးခင်ဗျာ"

"ဘာကြောင့် မဖြစ်နိုင်တာလဲ"

"ကင်းဆိပ်ဓားမှာ မကောင်းတဲ့ အတိတ်နိမိတ်တွေ ဖုံးလွှမ်းနေပါတယ်၊ ဓားကို လက်ထဲကိုင်မိတာနဲ့ လူရဲ့စိတ်ကိုပါ ပြောင်းလည်းသွားအောင် စွမ်းဆောင်နိုင်ပါတယ်၊ ဒါကြောင့် ဖျက်ဆီးပစ်ဖို့ကလွဲပြီး တခြားနည်းလမ်း မရှိတော့ပါဘူး"

မြေခွေးနက်ကြီး၏မျက်နှာ မကြည်မလင် ဖြစ်သွား၏။

စုမာဖုံး ဖျောင်းဖျလိုက်သည်။

"ကင်းဆိပ်ဓားမရှိလည်း ခင်ဗျားရဲ့ သိုင်းပညာနဲ့ ကောင်းရပ်တည်လို့ ရပါတယ်၊ သိုင်းလောကမှာ ဘယ်သူကမှ ခင်ဗျားကို မလေးမစား မလုပ်ရဲကြပါဘူး၊ ကင်းဆိပ်ဓားကို စွန့်လွှတ်လိုက်ပါတော့ဗျာ"



မြေခွေးနက်ကြီးက သွေးတိုးစမ်းလိုက်လေသည်။

"ကျုပ်က မစွန့်လွှတ်ဘူး ဆိုရင်ကော ..."

စုမာဖုံးတွင် အဖြေရှိပြီးသား ဖြစ်လေသည်။

"လွယ်ပါတယ်၊ ကျုပ် ယူပြီး ဖျက်ဆီးပစ်လိုက်ရုံပေါ့ဗျာ"

"မင်း တတ်နိုင်ပါ့မလား"

"စိတ်ချပါဗျာ ..."

စုမာဖုံး စတင် လှုပ်ရှားလိုက်သည်။

လက်နှစ်ဖက်ကို အနောက်ပစ်ကာ မြေခွေးနက်ကြီးထံသို့ လှမ်းသွားလိုက်ခြင်း ဖြစ်လေသည်။ မြေခွေးနက်ကြီးက ကင်းဆိပ်ဓားကို ရှုပ်ခနဲမြည်အောင် ဝှေ့ယမ်းလိုက်သည်။

"မောင်ရင်လေး ... ကျုပ်က လွယ်လွယ်နဲ့ အလျှော့ပေးတတ်တဲ့လူ မဟုတ်ဘူး၊ ကင်းဆိပ်ဓားကို စွန့်လွှတ်မှာ မဟုတ်ဘူးနော်"

စုမာဖုံးက ဘာမှ မပြောတော့ဘဲ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ...

"မိတ်ဆွေလေး ... ကျုပ် တာဝန်ယူပါရစေဗျာ"

ကို့ထင်း လှမ်းပြောလိုက်သည်။

မြေခွေးနက်က လှောင်ပြောရယ်မောလိုက်၏။

"ကြီးကျယ်လိုက်တာ၊ ခင်ဗျား ဘယ်လောက်များ အစွမ်းအစရှိသလဲ၊ သတ္တိရှိရင် ကျုပ်လက်ထဲက ကင်းဆိပ်ဓားကို လာပြီး လုယူလေဗျာ၊ ခင်ဗျား လုယူနိုင်ရင် ကင်းဆိပ်ဓားကို ပေးလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ..."

ကိုထင်းက မြေခွေးနက်ကြီးနှင့် ရင်ဆိုင်ရန် ဟန်ပြင်လိုက်၏။

စုမာဖုံးက ...

"ဆရာကြီး ကိုထင်း ... သူ့ရဲ့ ထောင်ချောက်ထဲကို မဝင်မိပါစေနဲ့ဗျာ"

လှမ်းပြီး သတိပေးလိုက်လေသည်။

ကိုထင်း သက်ပြင်းချလိုက်သည်။

"မိတ်ဆွေလေး ... သူဟာ ...

"ကျွန်တော် သူ့ကို တာဝန်ယူနိုင်တယ်ဆိုတာ ဆရာကြီး မယုံဘူးလားဗျာ"

"ကျုပ် ယုံပါတယ်"

စုမာဖုံးက ...

"ဒါဖြင့် ကျွန်တော့်ကို အခွင့်အရေးပေးစေချင်ပါတယ်"

ကိုထင်းလည်း အခြေအနေကို နားလည်သဘောပေါက်ကာ သဘောတူလိုက်လေသည်။

"ကောင်းပါပြီ ..."

ချက်ခြင်း နောက်ဆုတ်သွားတော့သည်။

မြေခွေးနက်ကြီးမှာ သူ၏ ထောင်ချောက်ထဲသို့ ကိုထင်း ဝင်ရောက်မလာသဖြင့် အကြံအိုက်သွားလေသည်။

စုမာဖုံးထက်စာလျှင် ကိုထင်းအား ရင်ဆိုင်ရသည်မှာ ပို၍ လွယ်ကူမည်ဟု ယုံကြည်ထားသည်။

ကင်းဆိပ်ဓားကို အသုံးပြုပြီး ကိုထင်းကို လက်ရဖမ်းဆီးနိုင်လျှင် စုမာဖုံးတို့ လူစု၏လက်ထဲမှ လွတ်မြောက်နိုင်မည်ဟုလည်း ယုံကြည်ထားလေသည်။



မြေခွေးနက်ကြီး၏ အကြံကို စုမာဖုံး ကောင်းစွာရိပ်မိထားလေသည်။

ထို့ကြောင့် ...

ကိုထင်းအား အချိန်မီ တားဆီးလိုက်ခြင်းဖြစ်သည်။

စုမာဖုံးက ...

"ကဲ ... ခင်ဗျား သိပ်ပြီး အားကိုးနေတဲ့ ကင်းဆိပ်ဓားကို အသုံးပြုနိုင်ပါပြီဗျာ"

ဟုပြောကာ ရှေ့တိုးပြီး လက်ဝါးနှစ်ဖက်ဖြင့် တိုက်ခိုက်လိုက်လေသည်။

"ဟူး ... ဟူး ..."

လေတိုးသံများ ထွက်ပေါ်လာသည်။

ပြင်းထန်သော လေပွေလှိုင်းများသည် မြေခွေးနက်ကြီးထံသို့ ဝင်သွားလေသည်။

"ယား ..."

မြေခွေးနက်ကြီးကလည်း ညာသံပေးကာ ကင်းဆိပ်ဓားကို ယမ်းပြီး ပြန်လည်တိုက်ခိုက်လိုက်၏။

"ဝှစ် ... ဝှစ် ..."

အမည်းရောင် ဓားရိပ်များသည် စုမာဖုံး၏ တစ်ကိုယ်လုံး မ်းခြုံသွားလေတော့သည်။

ဝိရှမ်း ဆရာတော်တို့လူစု ရင်တထိတ်ထိတ်ဖြင့် ကြည့်နေလေသည်။

သိုင်းမယ် ဝှားလျံက စုမာဖုံးအတွက် စိတ်ပူနေသည်။

အံ့သြစရာကောင်းအောင်ပင် သူမသည် စုမာဖုံးအပေါ် ိမ်း တ်ကာ သံယောဇဉ်ဖြစ်နေမိပြီ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



စုမာဖုံး အနိုင်ယူနိုင်မည်ဟု ယုံကြည်ထားပြီး ဘေးမသီ ရန်မခ ရှိစေရန် ဆုတောင်းပေးနေမိ၏။

ထိုစဉ် ...

"ခင်ဗျား သတိထားပါ"

စုမာဖုံး၏ သတိပေးစကားသံ ထွက်ပေါ်လာ၏။

တစ်ဆက်တည်းပင် ...

"ဟူး ... ဟူး ..."

စုမာဖုံး ရိုက်ထုတ်လိုက်သော လက်ဝါးရိုက်များသည် ဓားကြား မှ ထိုးဖောက်ကာ မြွေခွေးနက်ကြီးထံသို့ တိုးဝင်သွားလေသည်။

စုမာဖုံးသည် ကင်းဆိပ်ဓားကို စိုးရွံ့ခြင်း မရှိသည့်အပြင် ပြန်လည် တိုက်ခိုက်နိုင်ခဲ့ပေသည်။

မြွေခွေးနက်ကြီး ထိတ်လန့်သွားလေသည်။

ကင်းဆိပ်ဓားသည် အခြားသူများအား ခြိမ်းခြောက်နိုင်မည် ဖြစ်သော်လည်း စုမာဖုံးကိုမူ လုံးဝ မတတ်နိုင်ကြောင်း ကောင်း ကောင်းကြီး သဘောပေါက်သွားပြီ ဖြစ်ပါသည်။

ရှေ့ဆက် ရင်မဆိုင်ဝံ့တော့အောင် ဖြစ်လာသည်။

"ယား ..."

ညာသံပေးကာ ဓားဝှေ့ယမ်းနေသော်လည်း သူ၏ ခြေလှမ်း များက မသိမသာ နောက်ဆုတ်ဖို့ ပြင်နေသည်။

ကိုထင်းက ...

"မိတ်ဆွေလေး ကင်းဆိပ်ဓားကိုယူပြီး သူထွက်ပြေးတော့မယ်" ဟု လှမ်းပြီး သတိပေးလိုက်လေသည်။

မြွေခွေးနက်ကြီးက ကင်းဆိပ်ဓားကို ယူကာ ထွက်ပြေးသွား လျှင် လိုက်လံရှာဖွေဖို့ ခက်ခဲသွားမည်ဖြစ်သည်။



မြွေခွေးနက်ကြီးက ဓာတ်မြှုပ်နေထိုင် ပုန်းအောင်းသွားမည်သာ ဖြစ်သည်။

အကျင့်စရိုက် ဆိုးဝါးသူဖြစ်၍ တစ်ချိန်ချိန်၌ သိုင်းလောကတွင် ပြန်လည်ထွက်ပေါ်လာကာ ဒုက္ခပေးမည်မှာ သေချာနေပါသည်။

မြွေခွေးနက်ကို မည်သည့်နည်းနှင့်မှ အလွတ်ပေး၍ မရပေ။

သို့သော် ...

သူ့အား အလွယ်တကူ ဟန့်တားဆုံးမ၍လည်း မရချေ။

မြွေခွေးနက်ကြီးလည်း ခေသူမဟုတ်ရကား ပေါ့ပေါ့တန်တန် သဘောထားလျှင် ...

သို့မဟုတ် အလောတကြီး လုပ်မိလျှင် မြွေခွေးနက်ကြီး၏ လက်ချက်မိကာ ဒုက္ခရောက်သွားရနိုင်ပေသည်။

စုမာဖုံးလည်း စိတ်ကိုထိန်းရင်း သတိထားပြီး ရင်ဆိုင်နေတ လေသည်။

စုမာဖုံးတွင် အခက်အခဲ ရှိနေကြောင်းကို ကိုထင်းက ရိပ်မိ လေသည်။

ထို့ကြောင့် ...

"မင်း ဘယ်ပြေးမလဲ ..."

အော်ငေါက်ကာ ခုန်ဝင် တိုက်ခိုက်လိုက်လေသည်။

အသက်စွန့်ကာ ရင်ဆိုင်လိုက်ခြင်း ဖြစ်သည်။

"သေပေတော့ ..."

မြွေခွေးနက်ကလည်း ကင်းဆိပ်ဓားဖြင့် ဆီးကြိုခုတ်ချလိုက် လေသည်။

စုမာဖုံးက ...

"သွားစမ်း ..."

www.burmeseclassic.com

www.burmeseclassic.com



ရှုတ်တရက် ကြမ်းပြင်ပေါ်မှကြွတတ်ကာ လေထဲတွင် ငှက်ကြီးတစ်ကောင်ပမာ ပျံဝဲပြီး မြေခွေးနက်ကြီးထံသို့ ဂိုးဝင်သွားသည်။

မြေခွေးနက်ကြီး၏ ဓားကိုင်ထားသော လက်ကို ကန်ကျောက်လိုက်သည်။

စုမာဖုံး၏ တိုက်ခိုက်မှုမှာ တိကျလျင်မြန်လှသည်။

"ခွမ်း ..."

မြေခွေးနက်ကြီး၏ လက်ထဲမှ ကင်းဆိပ်ဓားမှာ အဝေးသို့ လွင့်စင်သွားလေတော့သည်။ ထို တဒင်္ဂအချိန်လေးမှာပင် ကိုထင်းက မြေခွေးနက်ကြီးနှင့် ထိပ်တိုက် ရင်ဆိုင်လိုက်၏။

"ဝုန်း ..."

မြေခွေးနက်ကြီး နောက်ဆုတ်လိုက်ရ၏။

ကင်းဆိပ်ဓားကို လက်လွှတ်လိုက်ရပြီး အခြေအနေ မဟန်တော့သဖြင့် မြေခွေးနက်ကြီးသည် ဆက်၍ ရင်ဆိုင်ခြင်း မပြုတော့ဘဲ နောက်ဆုတ်လိုက်ရသည့် အရှိန်ဖြင့် ခန်းမဆောင် အပြင်ဘက်သို့ ခုန်ထွက်သွားတော့သည်။

❋ ◆ ❋

ယဉ်ကြိုင် သေဆုံးသွားပြီ ဖြစ်သည်။

မြေခွေးနက်ကြီးလည်း ထွက်ပြေးသွားချေပြီ။

ကင်းဆိပ်ဓားကို အသုံးချကာ သိုင်းလောကကို ဒုက္ခပေးဖို့ ကြံစည်သူများ အရေးနိမ့်သွားကြခြင်း ဖြစ်လေသည်။

"ဟေး ..."

ညီသည် သိုင်းသမားများ ဝမ်းသာအားရ အော်ဟစ်လိုက်ကြလေသည်။



ကိုထင်းက ကြမ်းပြင်ပေါ်မှ ကင်းဆိပ်ဓားကို ကောက်ယူလိုက်သည်။

တစ်ဖန် ...

"မိတ်ဆွေလေး ... ကျုပ်ကို တစ်ခုတော့ ခွင့်ပြုစေချင်ပါတယ်ဗျာ"

စုမာဖုံးက ...

"ဟုတ်ကဲ့ ... ပြောပါ"

ကိုထင်းက ...

"ကင်းဆိပ်ဓားကို သိုင်းလောကထဲ ရောက်လာအောင် ကျုပ်ယူဆောင်လာခဲ့တာပါ၊ ဒါကြောင့် ကင်းဆိပ်ဓားကို ဖျက်ဆီးတဲ့အခါ သိုင်းလောကသားတွေ အားလုံးရှေ့မှာ အခမ်းအနားကျင်းပပြီး ဖျက်ဆီးပြသချင်ပါတယ်၊ သည် အခမ်းအနားကို ကျုပ်ရဲ့ အမိုက်ကျေးရွာမှာ ကျင်းပချင်ပါတယ်"

စုမာဖုံး သဘောတူလိုက်လေသည်။

"ဆရာကြီးရဲ့ အစီအစဉ် ကောင်းပါတယ်၊ အခမ်းအနားကျင်းပပြီး ဖျက်ဆီးပြလိုက်တော့ သိုင်းလောကတစ်ခုလုံး သိရှိသွားတာပေါ့ဗျာ"

"မိတ်ဆွေလေး လက်ခံခွင့်ပြုတာကို ကျေးဇူးတင်ပါတယ်၊ ဒဲ ... အားလုံး အမိုက်ကျေးရွာကို လိုက်ခဲ့ကြဖို့ ဖိတ်ခေါ်ပါတယ်"

ကိုထင်းက သိုင်းသမားအားလုံးကို ဖိတ်ကြားလိုက်ရာ အားလုံး လက်ခံကြလေသည်။

မားကျောက်ကလည်း အဆိပ်ဖြေဆေး ယူပေး၏။ သိုင်းသမားများ အားလုံးမှာ ဝမ်းသာ ပျော်ရွှင်သွားကြလေတော့သည်။

❋ ◆ ❋

www.burmeseclassic.com

www.burmeseclassic.com

## ထူးခြားမှု

အမိုက်ကျေးရွာသို့ ရွှေ့ပြောင်းသွားကြသော လူစုသည် အားလုံးပင် သိုင်းပညာကို တစ်ဖက်ကမ်းခတ်အောင် တတ်ကျွမ်းထားသော သိုင်းအကျော်အမော်များ ဖြစ်သည်။

ထို့ကြောင့် ...

သူတို့၏ ခရီးစဉ်မှာ မျှော်လင့်ထားသည်ထက်ပို၍ ခရီးပေါက် လျှင်မြန်နေသည်။

တတိယနေ့ ... ။

နေမွန်းတည့်ချိန်တွင် အမိုက်တောင်ကြားရှိ အမိုက်တိမ် ကမ်းပါးအောင်ခြေသို့ ရောက်လာကြသည်။

အမိုက်ကျေးရွာကို မှုန်ပျပျ လှမ်းမြင်ရလေပြီ။

ကိုထင်း၏ အမိုက်ကျေးရွာမှာ အမိုက်တိမ်ကမ်းပါးအောက်ရှိ လျှိုတစ်ခုထဲတွင် တည်ဆောက်ထားခြင်း ဖြစ်သည်။

အမိုက်တိမ်ကမ်းပါး ထိပ်မှနေ၍ အောက်သို့ ငုံ့ကြည့်ပါက အမိုက်ကျေးရွာကို ကွက်ကွက်ကွင်းကွင်း မြင်နေရသည်။

အမိုက်ဂေဟာအပြင် အခြား လူနေအိမ်များ တစ်ရာကျော်ခန့် ရှိနေသည်။

ရွာကြီးတစ်ရွာလောက် ကြီးမား ကျယ်ပြန့်သည်။

ထို့ကြောင့် ...



အမိုက်ဂေဟာအား အစွဲပြုကာ အမိုက်ကျေးရွာဟု ခေါ်တွင်စေခြင်း ဖြစ်သည်။

အမိုက်ဂေဟာ ပတ်ဝန်းကျင်တွင် သစ်ပင်ပန်းမန်မျိုးစုံ စိုက်ပျိုးထားသည်။

ထို့အပြင် အနားယူရန် ဇရပ်များလည်း ဆောက်ထား၏။

ယင်းကြောင့် အပန်းဖြေပန်းခြံတစ်ခုနှင့် တူနေပေသည်။

အမိုက်ဂေဟာသည် အမည်နှင့်ဆန့်ကျင်လျက် နေချင့်စဖွယ် သာယာကြည်နူးဖွယ် နေရာတစ်ခုပင် ဖြစ်သည်။

စုမာဖုံးက အသေအချာ အကဲခတ် ကြည့်ပြီးမှ ဝေဖန်သမှု ပြုလိုက်လေသည်။

"ဘကြီးကိုထင်း ... ခင်ဗျားရဲ့ ဂေဟာကို 'အမိုက်'လို့ ကင်းပွန်းတပ် တင်စားတာဟာ သိပ် မဆီလျော်ဘူးထင်တယ်"

စုမာဖုံးက ရယ်ရယ်မောမောဖြင့် မှတ်ချက်ပြု ဝေဖန်လိုက်လေသည်။

ကိုထင်းက ကျေနပ်စွာ ပြုံးလိုက်သည်။

"ဟော ... ဘာပြုလို့ သည်လို ဝေဖန်ရတာလဲ"

ဟုလည်း လွတ်ခနဲမေးမြန်းလိုက်သည်။

စုမာဖုံးက ပြုံးသည်။

"ကျွန်တော့်အမြင်မှာတော့ အခုလို ပန်းပင်တွေ စိုက်ထားပုံ၊ ဇရပ်တွေ ဆောက်ထားပုံကို ကြည့်ရှုရုံနဲ့ပဲ နယ်ခြားတစ်နေရာက ရှုခင်းတွေထက်တောင် သာယာနေတယ်လို့ ထင်တယ်၊ သည်နေရာမျိုးဟာ 'အမိုက်'ဆိုတဲ့ စကားလုံးနဲ့ ဘယ်လိုမှ မအပ်စပ်ဘူး မဆီလျော်ပါဘူး ဘကြီး၊ အကယ်၍ 'နတ်ဘုံ'လို့ အမည်ပြောင်းလိုက်ရင် ပိုပြီးတော့ သဘာဝကျမလားလို့ ထင်မိပါတယ် ဘကြီးကိုထင်း"

www.burmeseclassic.com

www.burmeseclassic.com



စမာဖုံးက သူ့အမြင် သူ့ခံစားချက်ကို မဆိုင်းမတွ ပြောပြလိုက်သည်။

ရှောင်လင် ဆရာတော် ဝီရှမ်းကလည်း ဝင်ရောက် ဖြည့်စွက်ပြောကြားလိုက်ပြန်သည်။

“ဒကာကြီးရဲ့ လုပ်ပုံကိုင်ပုံနဲ့ ဆောင်ရွက်ချက်တွေကို မြင်ရုံနဲ့ပဲ ဆည်းကပ်ကိုးကွယ်တဲ့ နတ်ကောင်းနတ်မြတ်တွေကို ပြောသတိရစေတယ်၊ ဒါကြောင့် ဒါယကာလေး ပြောသလိုပဲ သည်နေရာဟာ နတ်ဘုံလို့ခေါ်ရင် ပိုပြီးတော့ သင့်တော်ပါတယ်”

ရှောင်လင်ဆရာတော် ဝီရှမ်းက ချီးမွမ်းသည့်လေသံဖြင့် မိန့်ဆိုလိုက်သည်။

ကို့ထင်းက သက်ပြင်းရှုရှိုက်လိုက်သည်။

“အခုလို အားပေးစကားဆိုရုံနဲ့ပဲ တပည့်တော် ကျေနပ်လှပါပြီ၊ ကျေးဇူးတင်မဆုံးပါဘူး ဆရာတော်”

ကို့ထင်းက ရှောင်လင်ဆရာတော် ဝီရှမ်းကို လျှောက်ထားပြီးနောက် ရုတ်တရက် လှုသွားလမ်းတစ်ခုကို မြင်လျှင် လျှင်မြန်စွာ ညွှန်ပြလိုက်သည်။

“သည်လမ်းအတိုင်း ဆင်းသွားလိုက်မယ်ဆိုရင် ဂေဟာခြံဝင်းတံကို တန်းရောက်သွားမယ်၊ အားလုံးပဲ ကျုပ်နောက်ကို လိုက်လာကြပါ၊ ကျုပ် ရှေ့က လမ်းပြပါမယ်”

ကို့ထင်းသည် ပြောပြောဆိုဆို ကောင်ဆင်းလမ်းတစ်ခုအတိုင်း ရှေ့မှဦးဆောင်၍ ဆင်းသွားသည်။

စမာဖုံးတို့လူစုသည် ကို့ထင်းနောက်သို့ ထပ်ကြပ်မကွာ လိုက်ပါသွားကြသည်။

လှိုဏ်ထဲသို့ လျှောဆင်းမိသောအခါတွင်မှ အမိုက်ဂေဟာ၏ကြီးမားကျယ်ဝန်းသော ခြံဝင်းထဲသို့ ရောက်နေမှန်း သိရှိလိုက်ရတော့သည်။



အပေါ်စီးမှကြည့်လျှင် အမိုက်ဂေဟာနှင့် အခြား အဆောက်အဦးများကို ရှင်းရှင်းလင်းလင်း မြင်တွေ့လိုက်ရသော်လည်း လှိုဏ်ထဲသို့ရောက်သောအခါ အပင်များက ဆီးပိတ်ဆို့နေသဖြင့် အဆောက်အဦးအချို့ကိုသာ မြင်တွေ့နိုင်တော့သည်။

ထူးဆန်းသည်မှာ လှိုဏ်ထဲသို့ ဆင်းမိသည်နှင့် ခြံတံခါးတည့်တည့်သို့ ရောက်နေသည်။

စမာဖုံးက အပေါ်သို့ မော့ကြည့်လိုက်ရာ ခြံတံခါးနဖူးစည်းပေါ်တွင် ရွှေရောင်ဝင်းလက်သော ဆိုင်းဘုတ်ကြီးတစ်ခုကို မြင်တွေ့လိုက်ရသည်။

ယင်း ဆိုင်းဘုတ်ပေါ်တွင် ‘သုခဘုံ’ဟူသော စာလုံးများကို ရေးထွင်းထားသည်ကို တွေ့မြင်ရသည်။

အားလုံးပင် အံ့သြသွားကြသည်။ သုခဘုံကို အဘယ်ကြောင့် အမိုက်ဂေဟာဟူ၍ သိုင်းလောကသားများကခေါ်ဝေါ်ကြလေသနည်း။

ကို့ထင်းသည် ဧည့်သည်များကို ခေါ်ဆောင်ကာ ဂေဟာဝင်းတံခါးအတွင်းသို့ လှမ်းဝင်လိုက်သည်။

အရာရာသည် သာယာစိုပြေနေသည်။

ချမ်းမြေ့ဖွယ် နေရာတစ်ခုပင် ဖြစ်သည်။

တံခါးအတွင်းသို့ရောက်လျှင် စိမ်းလန်းစိုပြေသော မြက်ခင်းတစ်ခုကို မြင်လိုက်ရသည်။

ကိုက်တစ်ရာအကွာတွင် ဇရပ်တစ်ဆောင် ရှိသည်။

ကို့ထင်းသည် ယင်းဇရပ်ကို လက်ညှိုးဖြင့် ညွှန်ပြလျက် လမ်း ပန်းအခြေအနေကို ရှင်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲသည် ဇရပ်နောက်မှာ လျှို့ဝှက်လမ်းတစ်လမ်း ရှိတယ်၊ အဲသည်လမ်းအတိုင်း လျှောက်သွားရင် ကျုပ်နေတဲ့ ဂေဟာကို တန်းရောက်သွားနိုင်တယ်၊ သည်ကနေ သွားမယ်ဆိုရင်တော့ ခြံရှေ့တည့်တည့်က လျှောက်သွားတာနဲ့စာရင် ငါးမိုင်ခရီးလောက် ပိုပြီး နီးသွားတယ်"

သူတို့ ပြောပြောဆိုဆိုရှေ့သို့ လျှောက်သွားရာ တစ်ခဏအတွင်းမှာပင် ဇရပ်ရှေ့သို့ ရောက်လာကြသည်။

ဤတွင် စိန်ဟုတ်က ပြုံးရယ်ရယ်ဖြင့် ဝေဖန်လိုက်ပြန်သည်။

"ကိုထင်း ... ခင်ဗျားရဲ့ ဂေဟာဝင်းထဲမှာ အစောင့်အရှောက်တစ်ယောက်မှလဲ မတွေ့ရပါလား၊ ပြီးတော့ အိမ်သူအိမ်သားဆိုလို့ တစ်ယောက်မှ မတွေ့ရသေးဘူး၊ ဘယ်လိုဖြစ်တာလဲ၊ တယ်လည်း ဝိရှသကိုး ..."

ကိုထင်းက ခပ်ပေါ့ပေါ့ပင် ပြုံးပြသည်။

"ရှိပါတယ်၊ သူတို့ ထွက်မလာလို့ နေမှာပါ"

ကိုထင်းက ပေါ့ပေါ့တန်တန် ဖြေသည်။

လုံယွန်မ် မျက်မှောင်တစ်ချက် ကြုတ်သွားသည်။

"တစ်နေရာရာမှာ ပုန်းနေတယ်လို့ ဆိုတာလား"

လုံယွန်မ်က အားမနာတမ်း ဖြောင့်ဖွင့်၍ မေးမြန်းလိုက်သည်။

ကိုထင်းက ခေါင်းညိတ်လိုက်သည်။

"မှန်ပါတယ် ..."

ကိုထင်း၏ အဖြေကြောင့် အားလုံးပင် အံ့သြသွားကြသည်။

တစ်စုံတစ်ယောက်က မပြောနိုင်မီမှာပင် ကိုထင်းက ဆက်လက် ရှင်းပြလိုက်သည်။

"အခုလို လုပ်တာဟာလည်း လူဆိုးတွေ ဝင်လာမှာ စိုးလို့ပါ"



လုံယွန်မ်က သဘောမတူဟန်ဖြင့် အသာအယာ ခေါင်းခါယမ်းလိုက်သည်။

"ကိုထင်း ... ခင်ဗျားရဲ့ဂေဟာကို ဘယ်လူဆိုးက လာဝံ့ပါ့မလဲ၊ အံ့သြစရာပဲ၊ ကျုပ်တို့ဖြင့် သည်လောက် စိစဉ်ထားမယ်လို့ ဘယ်လိုမှ မမျှော်လင့်ဘူး"

ကိုထင်းက ရယ်မောလိုက်သည်။

"ဟဲ ... ဟဲ ... ဟဲ ..."

"သည်ကိစ္စမျိုးက ပြောလို့ ဘယ်ရမလဲ၊ ဘာမဆို သတိထားတာ ကောင်းတယ်"

စိန်ဟုတ်က သဘောပေါက်ဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ခင်ဗျား သည်လောက် သတိထားနေတာဟာ အကြောင်းတစ်ခုခုတော့ ရှိရမှာပဲ"

ကိုထင်းက တစ်စုံတစ်ရာ ပြန်မပြောနိုင်မီ ဇေဒါကိုဏ်းဝင်ဟန်ရှောင်းက အရေးတကြီး သတိပေးလိုက်သည်။

"ကိုထင်း ... တစ်ခုခုတော့ မှားယွင်းနေတယ်လို့ ခင်ဗျားစိတ်ထဲမှာ မထင်မိဘူးလား၊ ကျုပ်စိတ်ထဲမှာတော့ သင်္ကာမကင်းဖြစ်လာပြီ"

ဟန်ရှောင်းသည် တစ်စုံတစ်ခု ထူးခြားချက်ကို သတိထားမိဟန်ဖြင့် ပြောကြားကာ သတိပေးလိုက်ခြင်း ဖြစ်သည်။

ကိုထင်း တစ်ချက်ကြောင်သွားသည်။

"ဘာများ မှားယွင်းနေလို့လဲ"

ကိုထင်းက အလောတကြီး သိလိုဇောဖြင့် ဟန်ရှောင်းကို မေးမြန်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ရှောင်က ဘေးဘီကို မျက်လုံးကစားကြည့်လိုက်လေသည်။

"ခင်ဗျားရဲ့ဂေဟာက ရွာလေးတစ်ရွာလောက် ရှိနေတာတောင် လူတစ်ယောက်မှ မတွေ့ရပါလား၊ ခင်ဗျားက အိမ်သူအိမ်သားတွေကို လျှောက်မသွားရဘူးလို့ ပိတ်ပင်ထားသလား"

ဟန်ရှောင်က ထပ်မံမေးလိုက်ခြင်း ဖြစ်သည်။

ကို့ထင်းက အပြုံးမပျက် ဖြေသည်။

"သည်လိုတော့ မဟုတ်ပါဘူးဗျာ၊ ဒါပေမယ့် အခုအချိန်ဟာ နေ့လယ်စာ စားတဲ့အချိန်ပဲ၊ သူတို့က နေ့လယ်စာ စားနေကြတာ နေမှာပေါ့"

"သည်လိုပဲ ဖြစ်ပါစေလို့ ဆုတောင်းရမှာပဲ၊ နို့မို့ဆို တစ်ခုခု ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ၊ ကျုပ်အထင် တစ်စုံတစ်ရာ မှားယွင်းနေပြီလို့ ထင်တာပဲ"

ထိုစဉ်မှာပင် ...

သူတို့လူစုသည် ခန့်ညားထည်ဝါလှသော အဆောက်အဦး တစ်ခုရှေ့သို့ ရောက်လာကြသည်။

ရှေ့ဆုံးမှသွားနေသော ကို့ထင်းက ဝင့်ထည်စွာ ရပ်တန့်လိုက်ပြီး ဧည့်သည်အပေါင်းကို ရှင်းပြလိုက်သည်။

"အဲဒါ ချမ်းမြေ့အဆောင်လို့ ခေါ်တယ်၊ ကျုပ် သည်အဆောင်မှာပဲနေတယ်၊ ဂေဟာရဲ့ ကိစ္စအဝဝကို သည်အဆောင်ထဲမှာပဲ ဖြေရှင်းပါတယ်"

"ချမ်းမြေ့ဆိုတဲ့ စကားလုံးကတော့ တကယ့်ကို ကဗျာဆန်လှပါတယ်"

စိန်ဟုတ်က ပြုံးစေ့စေ့ဖြင့် မှတ်ချက်ပြုလိုက်သည်။

သူတို့တတွေသည် ကို့ထင်းနောက်မှလိုက်၍ ကျောက်လှေ



ကားအတိုင်း တက်ခဲ့ကြသည်။ ကျောက်လှေကား ခုနစ်ဆင့်ကျော် နင်းမိလျှင် အဆောင်ပေါ်သို့ ရောက်ရှိလာတော့သည်။

ကို့ထင်းသည် ခန်းမကိုဖြတ်ကျော်ကာ အရန်အဆောင်တစ်ခုသို့ ဧည့်သည်များကို ခေါ်ဆောင်သွားသည်။

အရန်ဆောင်သို့ ရောက်သောအခါ ကို့ထင်းက ရှင်းပြလိုက်လေသည်။

"သည်အဆောင်ဟာ ဧည့်သည်တွေကို ဧည့်ခံဖို့ စီစဉ်ထားတဲ့ အဆောင်တစ်ခုပါပဲ၊ အားလုံးပဲ ကိုယ့်အိမ်လို သဘောထားပြီး အေးအေးဆေးဆေး ထိုင်ကြပါ၊ နားနားနေနေ သက်သာသလို နေနိုင်ပါတယ်၊ အစားအသောက်တွေပြင်ဖို့ ကျုပ် သွားပြီး စီစဉ်ခိုင်းလိုက်ပါဦးမယ်"

ကို့ထင်းသည် မဆိုင်းမတွပင် ချာခနဲလှည့်၍ အပြင်သို့ လှည့်ထွက်သွားတော့သည်။

ဧည့်ခန်းအတွက် သီးခြားထားသောအဆောင်မှာ အတော်ပင် သန့်ရှင်း သပ်ရပ်သည်။ ခမ်းနားထည်ဝါပြီး ကျယ်ဝန်းသည်။

စိန်ဟုတ်တို့လူစုသည် တွေ့ရာထိုင်ခုံတွင်ပင် ဝင်ထိုင်လိုက်ကြပြီး အမောအပန်း ဖြေနေကြသည်။

စုမာဖုံးမှာမူ အခန်းထဲတွင် စကြံလျှောက်ရင်း တစ်စုံတစ်ရာ အလေးအနက် စဉ်းစားတွေးတောနေသည်။

ရှောင်လင်ဆရာတော် ဝိရှမ်းက စုမာဖုံးကို အကဲခတ်ကြည့်ရင်း လွှတ်ခနဲ မေးဖန်လိုက်သည်။

"တကာလေး စုမာဖုံးကိုကြည့်ရတာ စိတ် အနှောင့်အယှက် ဖြစ်နေသလိုပဲ၊ သည်အမိုက်ဂေဟာထဲမှာ တစ်ခုခု ဖြစ်နေတယ်လို့ တကာလေး ယူဆနေသလား"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လင်ဆရာတော် ဝိရှမ်းက စုမာဖုံးကို အမှတ်မထင် လှမ်း၍ မေးမြန်းလိုက်သည်။

စုမာဖုံးက ခေါင်းညိတ်၏။

“ဆရာတော်ဝိရှမ်းပြောတာ မှန်ပါတယ်၊ တပည့်တော်က သည်အတိုင်းပဲ ထင်နေမိပါတယ်၊ တပည့်တော်အထင် မမှားဘူးဆိုရင် အခုလို တိတ်ဆိတ်နေတာဟာ ပြဿနာတစ်ခုခု တက်နေလို့ပဲ ဖြစ်မယ်”

ဟန်ရှောင်ကလည်း ဝင်ရောက်၍ သူ၏ထင်မြင်ချက်ကို ပြောပြလိုက်သည်။

“မောင်ရင်ပြောတာ ဖြစ်နိုင်တယ်၊ သည်ဂေဟာမှာ ဘေးဒုက္ခကျရောက်နေတယ်ဆိုတာ ကျုပ်စိတ်ထဲမှာ အစောကြီးကတည်းက ထင်နေမိတယ်”

ရုတ်တရက် ...

ဟန်ရှောင်၏စကားမဆုံးမီ တစ်စုံတစ်ယောက်၏ စကားသံ ထွက်ပေါ်လာသည်။

“ဟုတ်ပါတယ် ... သည်မှာ ဘေးဒုက္ခ အကြီးအကျယ်တွေ့နေကြပါတယ်”

စကားသံမှာ အပြင်ဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ထို့ကြောင့် ...

အားလုံးသည် အသံလာရာ တံခါးဝဆီသို့ လှမ်းကြည့်လိုက်ကြသည်။

ထိုစဉ်မှာပင် ...

အသက် နှစ်ဆယ်ကျော်ခန့်ရှိသော အပြာရောင်ဝတ်စုံနှင့် လူငယ်တစ်ယောက်က အပြေးရောက်လာသည်။



အားလုံးပင် အံ့အားသင့်သွားကြ၏။

ဟန်ရှောင်က လူငယ်ကိုဆီး၍ အလောတကြီး မေးမြန်းလိုက်လေသည်။

“မိတ်ဆွေက ဘယ်သူလဲ၊ သည်အိမ်မှာ ဘာဖြစ်နေလို့လဲ”

လူငယ်က ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်၏။

“ကျွန်တော့်နာမည် လီယောပါ၊ သိုင်းလောကရဲ့ ပါမွားလေးတစ်ယောက်ပါ”

လီယောဟူသော အမည်ကို အားလုံးလိုက်ပင် စိမ်းနေကြသည်။

သို့သော် ...

လုံယွမ်က ထိုအမည်ကို ကြားမိရုံဖြင့် အမှတ်ရရ မေးမြန်းလိုက်၏။

“မောင်ရင်က ခြေသလုံးအိမ်တိုင် သိုင်းသမား လီယောပဲလား၊ ကျုပ် မောင်ရင့်နာမည်ကို ကြားဖူးပါတယ်”

လီယော တစ်ချက်တွေဝေသွားသည်။

ပြီးမှ ...

အဖြေမပေးသေးဘဲ အမေးဖြင့် တုံ့ပြန်လိုက်လေသည်။

“ဘကြီးရဲ့နာမည် ဘယ်လိုခေါ်ပါသလဲ”

“လေဟုန်စီးစွန်ရဲ့ လုံယွမ်ဆိုတာ ငါပဲ”

လုံယွမ်က ပြည့်စုံစွာပင် လူငယ်၏အမေးကို ဖြေကြားလိုက်လေသည်။

လီယောဆိုသော လူငယ်၏မျက်နှာပေါ်တွင် အံ့ဩမှုအရိပ်များ လွှမ်းမိုးသွားသည်။

“ဘကြီးက လေဟုန်စီးစွန်ရဲ့ လုံယွမ်ကို ... အခုလို တွေ့ခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



လီဟောသည် ပြောပြောဆိုဆို လုံယွမ်အား အရိုအသေပြု လိုက်သည်။

လုံယွမ်က နှစ်ခြိုက်စွာ ပြုံးလိုက်၏။

"ဒါတွေလုပ်မနေပါနဲ့ကွာ၊ ကဲ... လာ မင်းကို ငါမိတ်ဆက်ပေးမယ်"

ရောက်ရှိလာသော ဧည့်သည်များတွင် ထင်ရှားသော သိုင်းအဖွဲ့အစည်းလေးဖွဲ့မှ ဂိုဏ်းချုပ်ကြီးများနှင့် အခြားအဖွဲ့အစည်း ကိုယ်စားလှယ်တော်တစ်ယောက် ပါဝင်နေ၍ လီဟော အံ့ထူးအံ့သြသွားရသည်။

လီဟောသည် စိန်ဟုတ်နှင့် ဟန်ရှောင်တို့၏ အမည်များကို အစောကြီးကပင် ကြားထားသည်။

လုံယွမ်က မိတ်ဆက်ပေးပြီးသောအခါ လီဟောသည် မဆိုင်းမတွပင် အားလုံးသော ပုဂ္ဂိုလ်များအား လောကဝတ် ပြုလိုက်သည်။

စိန်ဟုတ်က လီဟောကို တစ်ချက်ကြည့်လိုက်ပြီးမှ ထင်မြင်ချက်ပေးလိုက်၏။

"လုံယွမ် ... သည်မိတ်ဆွေလေးက ချယ်ရီကျွန်းက ချယ်ရီနန်းတော်ရှင်နဲ့ ဘယ်လိုများ ဆက်စပ်နေသလဲ"

လုံယွမ်က အဖြေမပေးမီ လီဟောက အရင်ဦးအောင်ဖြေလိုက်လေသည်။

"ချယ်ရီကျွန်းက ချယ်ရီ နန်းတော်ရှင်ဟာ ကျွန်တော့်ရဲ့ဖေဖေပါ"

စိန်ဟုတ်မျက်နှာ ပြုံးရွှင်သွားသည်။

"လက်စသတ်တော့ လီထင်းမင်းရဲ့သားကိုး ... ဒါဆိုရင် တို့တွေဟာ တစ်စိမ်းတွေမှ မဟုတ်ကြတာပဲ"



လီဟောဆိုသည့် လူငယ်ကလေးက ခေါင်းညိတ်သည်။

စိန်ဟုတ်က ဆက်လက်ပြောကြားပြန်သည်။

"မင်းအဖေ နေကောင်းရဲ့လား၊ အခုလည်း မြောက်ပိုင်းမှာပဲ နေတုန်းလား"

လီဟော မျက်နှာရုတ်ခြည်း ညှိုးကျသွားသည်။

တံတွေးတစ်ချက် မျိုချလိုက်ပြီး ဆွေးမြေ့နေသော လေသံဖြင့် တစ်လုံးချင်း ရှင်းပြလိုက်လေသည်။

"ချယ်ရီနန်းတော်ဟာ ပြာပုံဘဝကို ရောက်သွားပါပြီ၊ ကျွန်တော့်ဖေဖေက လွန်ခဲ့တဲ့ လေးငါးလလောက်ကပဲ တစ်ယောက်တည်း မြေလတ်ကို ပြန်သွားပါတယ်"

လီဟော၏စကားကို ကြားလျှင် စိန်ဟုတ်မှာ အတော်ပင် တုန်လှုပ်သွားသည်။

"ဘယ်သူက သည်လောက်မိုက်ရိုင်းတာလဲ၊ ချယ်ရီနန်းတော်ကိုတောင် ဖျက်စီးပစ်ရတယ်လို့"

စိန်ဟုတ်က မခံချိ မခံသာဖြင့် ပြောလိုက်သည်။

လီဟော သက်ပြင်းရှည်တစ်ချက် ချလိုက်သည်။

"တိုးတုတို့အဖွဲ့ကလွဲလို့ ဘယ်သူများ ရှိဦးမှာလည်းဗျာ"

လီဟောက ဆွေးဆွေးမြည့်မြည့် ညည်းညည်းညူညူ ဖွင့်ဆိုလိုက်သည်။ ချီရသေ့က ဝင်၍ မှတ်ချက်ချ၏။

"ဒါဆိုရင် မန်ချူးတွေရဲ့ လက်ချက်ပဲပေါ့"

"မှန်ပါတယ် ..."

လီဟောက ချက်ချင်း ဖြေ၏။

ရှောင်လင်ဆရာတော် ဝိရှမ်းက စိတ်မချမ်းမြေ့စွာဖြင့် ခေါင်းခါယမ်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မန်ချူးတွေက တရုတ်ပြည်ကို ကျူးကျော်ဖို့ စိုင်းပြင်းနေပြီပေါ့"

ဟန်ရှောင်က ဝင်ရောက် ထောက်ခံလိုက်သည်။

"မှန်ပါတယ် ... သူတို့က တပည့်တော်တို့ရဲ့ တိုင်းပြည်ကို ကျူးကျော်ဖို့ စိုင်းပြင်းနေတယ်ဆိုတာ တပည့်တော်တို့က လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်ကတည်းက သတင်းရထားပါတယ်၊ ခက်တာက တပည့်တော်တို့ရဲ့ တိုင်းပြည်ကို အုပ်ချုပ်နေတဲ့ မင်းညီမင်းသား အရာရှိ အရာခံတွေက သတင်းကိုကြားထားလျက်နဲ့ အလေးမထားဘဲ ခပ်ပေါ့ပေါ့ သဘောထားကြပါတယ်၊ သည်အတိုင်း ဆက်သွားရင် တစ်နေ့ ဒုက္ခလှလှကြီးတွေ့မှာကိုတပည့်တော်မြင်ယောင်မိသေးတယ်"

စိန်ဟုတ်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"လူထုတွေက တိုင်းပြည်ကို အကာအကွယ် ပေးချင်ရင်တောင် အခွင့်အလမ်းရှိတာမှ မဟုတ်ဘဲ၊ ကျုပ်တို့အနေနဲ့ နည်းလမ်းတစ်ခုပဲရှိတယ်၊ မန်ချူး သူလျှိုတွေကိုတွေ့ရင် တွေ့တဲ့နေရာမှာပဲ ရှင်းပစ်တာ ကောင်းတယ်"

လုံယွမ်က ခေါင်းညိတ်၍ ထောက်ခံလိုက်၏။

"ခင်ဗျားပြောတာ မှန်ပါတယ်၊ အခု ရောက်နေတဲ့ ဂိုဏ်းချုပ်ကြီးတွေကိုလည်း ကိုယ့်အဖွဲ့ထဲ ပြန်ရောက်တဲ့အခါ တိုင်းပြည်ကို တစ်ဖက်တစ်လမ်းက ကာကွယ်နိုင်အောင် ကိုယ့်အဖွဲ့သားတွေကို တပ်လှန့်ထားစေချင်ပါတယ်"

ထိုစဉ်မှာပင် ကို့ထင်းက အမောတကောဖြင့် ဧည့်ခန်းဆောင် အတွင်းသို့ ပြေးဝင်လာ၏။

တစ်စုံတစ်ခု မှားယွင်းနေပြီလား။

❋ ◆ ❋

## ပြဿနာ

ကို့ထင်း၏မျက်နှာ အကြီးအကျယ် ပျက်နေသည်ကို မြင်ရုံဖြင့် ပြဿနာအကြီးအကျယ် ပေါ်နေသည်ကို အကဲခတ် သိနိုင်၏။

ရှီဟားကိုမြင်လျှင် ကို့ထင်းက မျက်မှောင်ကြုတ်သွားသည်။

"သူက ဘယ်သူလဲ ..."

ကို့ထင်းက အလောတကြီး မေးမြန်းလိုက်၏။

ချိန်ဟုတ်က အေးဆေးစွာ ရှင်းပြလိုက်သည်။

"သည်မိတ်ဆွေလေးက ချယ်ရီနန်းတော်ရှင်ရဲ့သားပဲ၊ နာမည်က လီဟားလို့ ခေါ်တယ်"

"ဒါဆိုရင် လီထင်မင်းရဲ့သားပဲပေါ့"

ကို့ထင်းက ပြန်ပြောလိုက်ရာ ချိန်ဟုတ်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ် ..."

ကို့ထင်းက ချိန်ဟုတ်ကိုကြည့်ရင်း အလောတကြီး မေးလိုက်ပြန်သည်။

"သူ ဘယ်လိုကြောင့် သူကိုရောက်လာတာလဲ၊ ခင်ဗျား မေးကြည့်ပြီးပြီလား"

"မေးတော့ မမေးရသေးဘူး၊ ဒါပေမယ့် အခုလို ရောက်လာတာဟာ ခင်ဗျားရဲ့ မိုက်ဂေဟာနဲ့ ပတ်သက်နေမှာ သေချာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ချိန်ဟုတ်က သူ၏ ထင်မြင်ချက်ကို ထုတ်ဖော်ပြောကြားလိုက်လေသည်။

ကိုထင်းက လီဟေးကို တစစ်ချက်ကြည့်ပြီး အကဲခတ်သည်။

"ကျုပ်လည်း သည်လိုထင်နေတယ်၊ ဘယ်သူက ကျုပ်ရဲ့အမှန်းဂေဟာကို ဝင်ဖျက်ဆီးသွားသလဲဆိုတာ သည်သူငယ် သိများသိသလား မသိဘူး"

ကိုထင်း၏စကားကို ကြားလျှင် အားလုံးပင် ထိတ်လန့်တုန်လှုပ်သွားကြ၏။

လုံယွမ်က နားမလည်နိုင်ဟန်ဖြင့် ခေါင်းကို ခါယမ်းလိုက်လေသည်။

"ခင်ဗျားရဲ့ ဂေဟာထဲမှာ လူမတွေ့ရပေမယ့် အဆောက်အဦးတွေက နဂိုအတိုင်း မပျောက်မပျက်ရှိနေတာဘဲ၊ ဘာဖြစ်လို့ အဖျက်ဆီးခံရတယ်လို့ ပေးနေတာလဲ"

လုံယွမ်က ကိုထင်းကို ပြန်လည်မေးခွန်း ထုတ်လိုက်လေသည်။

"အိမ်မှာ လူတစ်ယောက်မှ မရှိတဲ့နောက် အဖျက်အဆီးခံရတာနဲ့ ဘာများထူးသေးလို့လဲ"

ကိုထင်းက စိတ်ပျက်အားငယ်စွာဖြင့် ပြန်ပြောလိုက်လေ၏။

သူ၏အသံသည် ခံပြင်းမှုကြောင့် အနည်းငယ်တုန်နေ၏။

"ခင်ဗျားရဲ့လူတွေက ဘယ်ရောက်လို့လဲ"

ချိန်ဟုတ် အလောတကြီး မေးမြန်းလိုက်ရာ ကိုထင်းက ခေါင်းကို ခါယမ်းလိုက်၏။

"ဒါတော့ ကျုပ်လည်း မပြောတတ်ဘူး"

"ဘကြီးကိုထင်း ... သည်အိမ်မှာ အားလုံး ဘယ်နှစ်ယောက်ရှိနေသလဲ"



စုမာဖုံးက ဝင်မေးလိုက်ခြင်း ဖြစ်သည်။

"အားလုံး သုံးရာကျော်ရှိတယ်"

ကိုထင်းက အတိအကျ ဖြေလိုက်သည်။

စုမာဖုံးအပါအဝင် အားလုံး မျက်လုံးမျက်ဆန်ပြူးကုန်၏။

"အလောင်းကော ကျန်ခဲ့သေးသလား"

စုမာဖုံးက ထပ်မံပေးလိုက်ပြန်သည်။

ကိုထင်းက ခေါင်းခါလိုက်သည်။

"မကျန်ခဲ့ဘူး၊ တော်တော်ဆန်းတယ်၊ အမှန်ပြောရရင် သည်ဂ်ဖြစ်နေလို့လည်း ကျုပ် စိုးရိမ်နေတာ"

ရုတ်တရက် ...

ကိုထင်းက လီဟေးဘက်သို့ လှည့်၍ မေးမြန်းလိုက်လေသည်။

"မောင်ရင်လေးကကော သည်ကို ဘယ်အချိန်လောက်ရောက်လာတာလဲ"

"မနေ့ညကပါ"

လီဟေးက အမှန်အတိုင်း ဖြေလိုက်သည်။

ကိုထင်း စိတ်လှုပ်ရှားသွားသည်။

"ဟင် ... ဒါဆိုရင် တစ်ယောက်ယောက်ကို မတွေ့မိဘူးလား"

လီဟေးက ခေါင်းခါပြသည်။

"ကျွန်တော် အလာနောက်ကျလို့ ထင်တယ်၊ သည်ရောက်တော့ ဘယ်သူမှ မတွေ့ရပါဘူး"

ကိုထင်းက ချက်ချင်း ခေါင်းခါသည်။

"ကျုပ် မယုံဘူး"

လီဟေးက ကိုထင်းကို ရှုးစမ်းသောအကြည့်ဖြင့် ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘကြီးက အမိုက်ဂေဟာရှင် ကို့ထင်းပဲလား"

လီပေါ်းက အသေအချာပင် စူးစမ်းမေးမြန်းလိုက်သည်။

ကို့ထင်းကလည်း မဆိုင်းမတွပင် ဖြေလိုက်၏။

"ဟုတ်တယ်..."

လီပေါ်းက လေးနက်သောအသံဖြင့် ရှင်းပြလိုက်သည်။

"အမှန်အတိုင်း ပြောရလို့ရှိရင် ကျွန်တော်က လူတစ်ယောက်ရဲ့နောက်ကို လိုက်နေတာပါ၊ ဒါပေမယ့် အဲသည်လူက အင်မတန်းနပ်ပါတယ်၊ ကျွန်တော် အလာ နည်းနည်းနောက်ကျသွားတာနဲ့ လူပိုကြီးရဲ့လူတွေအားလုံး အဖမ်းခံလိုက်ရတယ်"

"မောင်ရင်လိုက်နေတဲ့လူက ဘယ်သူလဲ"

ကို့ထင်းက အလျင်စလို မေးလိုက်ရာ လီပေါ်းက မထိန်မဝှက် အမှန်အတိုင်း ဖြေသည်။

"မရဏာစံအိမ်ကို ထိပ်သီး သိုင်းသမားတစ်ယောက်ပါဗျာ"

လုံယွမ် အံ့သြသွားဟန်ဖြင့် မျက်လုံးပြူးသွားလေသည်။

"မရဏာစံအိမ် ဟုတ်လား၊ ဟိုချိုလျှံတောင်မှာရှိတဲ့ မရဏာစံအိမ်ကို ပြောတာလား"

"မှန်ပါတယ်"

လီပေါ်း မဆိုင်းမတွ ဖြေသည်။ ကို့ထင်းက မယုံကြည်နိုင်ဟန်ဖြင့် လီပေါ်းလို တစ်ချက်စိုက်ကြည့်သည်။

"မရဏာစံအိမ်ရှင် ကြူလေက ကျုပ်နဲ့သိပါတယ်၊ ခင်လည်း ခင်ပါတယ်၊ အခုလို ကျုပ်ကိုလာပြီး ရန်ရှာပါ့မလား"

လီပေါ်း ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် လိုက်နေတဲ့လူက ကြူလေမှမဟုတ်ဘဲ"

"ဒါဆိုရင် ဘယ်သူ့ကို လိုက်နေတာလဲ"



ကို့ထင်းက မေးလိုက်ရာ လီပေါ်းက မလွဲမရှောင်သာဘဲ အဖြေ ပေးလိုက်သည်။

"မရဏာစံအိမ်ရှင်ရဲ့ လက်ထောက် ဝူးလျှံနောက်ကို လိုက်နေတာပါ"

ချိန်ဟုတ်က ဝင်၍ ထောက်လိုက်သည်။

"ဘီလူးမလို့ နာမည်တွင်နေတဲ့ ကောင်မလေးကို ပြောနေတာလား"

"ဟုတ်ပါတယ်"

ကို့ထင်းက လီပေါ်းကို စိုက်ကြည့်သည်။

"သည်မှာ ဖြစ်ခဲ့တဲ့ကိစ္စက အဲသည် ဘီလူးမရဲ့လက်ချက်ပဲလား"

ကို့ထင်းက အလေးအနက် မေးလိုက်သည်။

လီပေါ်းက ခေါင်းညိတ်လိုက်သည်။

"သူကလွဲလို့ ကဘယ်သူရှိဦးမှာလဲဗျာ၊ တစ်ခုတော့ ရှိတယ်၊ သည်လောက်များတဲ့ လူတွေကို တစ်ခါတည်း ဖမ်းခေါ်သွားဖို့ဆိုတာ လွယ်တာမှ မဟုတ်ဘဲ၊ ဝူးလျှံတစ်ယောက်တည်းတော့ မဖြစ်နိုင်ဘူး ထင်ပါတယ်"

ချိန်ဟုတ် ခေါင်းညိတ် ထောက်ခံလိုက်သည်။

"ဒါပေါ့ ... ဒါနဲ့ ဝူးလျှံက သည်လိုလုပ်မယ်ဆိုတာကို မောင်ရင်လေးက ဘယ်လိုလုပ်ပြီး ကြိုသိနေတာလဲ"

"ကျွန်တော်က မန်ချူးရဲ့သူလျှိုတစ်ယောက်ကို လိုက်သတ်နေတုန်း သည်သတင်းကို အမှတ်တမဲ့ ကြားမိတာပါ၊ ဒါကြောင့် သည်ကို ချက်ချင်းလိုက်လာတာ၊ အခုလို အလာနောက်ကျမယ်လို့ ကျွန်တော်လုံးလုံး မထင်ခဲ့ဘူး"

www.burmeseclassic.com



လီယောက စိတ်ရှည်လက်ရှည် ရှင်းပြလိုက်သည်။

စုမာဖုံးက တစ်ချိန်လုံး ငြိမ်နေရာမှ စကားဝိုင်းအတွင်းသို့ ရုတ်တရက် ဝင်လာ၏။

"လီယော ... ခင်ဗျား ဝူးလျှံကို တွေ့ဖူးသလား"

လီယော လေးနက်စွာ ပြုံးလိုက်သည်။

"လီစန်းတောင်မှာ ဆုံမိတုန်းက ကျွန်တော် ဝူးလျှံကို သိုင်းကွက် သုံးရာလောက် ပြိုင်ခဲ့တယ်၊ သူ့လက်အောက်တွေက များလွန်းတော့ ကျွန်တော်လည်း လက်လျှော့လိုက်ရတယ်၊ ဒီနှမို့ဆို ကျွန်တော် သူ့ကို ဖမ်းလိုက်နိုင်တာ ကြာပြီ"

ချိန်ဟုတ်က စိတ်ဝင်စားသွား၏။

"ဝူးလျှံရဲ့ အဖော်တွေက သိုင်းပညာ တော်သလား"

"သူ့ရဲ့အဖော်တွေထဲက အဘိုးကြီးတစ်ယောက်ကတော့ သိုင်းပညာ တကယ့်ကို တော်တယ်ဗျ၊ သည်လောက် သိုင်းပညာတော်တဲ့လူကို ကျွန်တော် တစ်ခါမှ မတွေ့ဖူးဘူး"

လီယောက သူ့အတွေ့အကြုံကို ရှင်းပြလိုက်သည်။

ချိန်ဟုတ်က တွေးတွေးဆဆ အလေးအနက် စဉ်းစားသည်။

"အဲသည် အဘိုးကြီးက ဘယ်လိုပုံစံမျိုးလဲ"

"ထိပ်ပြောင်တယ်၊ မျက်ခုံးမွေးတိုတယ်၊ အဝါရောင် အကျီရှည် ဝတ်ထားတယ်၊ အရပ်အမောင်းက ခြောက်ပေလောက် မြင့်မယ် ထင်တယ်၊ သူက ကျွန်တော်နဲ့ အကြီးအကျယ် သတ်ခဲ့တယ်၊ သိုင်းကွက် နှစ်ထောင်ကျော် တိုက်ခိုက်ခဲ့ပေမယ့် ဘယ်သူမှ အသာစီးမရဘူး၊ ဒါနဲ့ အဘိုးကြီးက လက်လျှော့သွားတယ်၊ ကျွန်တော် သူနဲ့ ယှဉ်ပြိုင်တာ အချိန်နဲနဲနောနော မဟုတ်ဘူး၊ တစ်နေ့နဲ့တစ်ညတောင် ကုန်သွားတယ်"



စုမာဖုံးက မယုံကြည်နိုင်ဟန်ဖြင့် မျက်မှောင်ကြုတ်သွား၏။

"တကယ်ပဲလား ... တစ်နေ့နဲ့တစ်ညတောင် တိုက်ခိုက်တာ ဗိုက်မဆာဘူးလား"

လီယော ပြုံးလိုက်သည်။

"အစာစားတဲ့အချိန်က လွဲလို့ ကျွန်တော်တို့ နားကို မနားကြဘူး"

ဟန်ရှောင်က ဝင်၍ မှတ်ချက်ပေးသည်။

"သူက သက်သက် အချိန်ဆွဲထားတာ ဖြစ်ရမယ်၊ မောင်ရင်က သူ့အကြံကို နည်းနည်းမှ မရိပ်မိဘူးလား"

လီယောက မချိုပြုံးပြုံးလိုက်သည်။

"ရိပ်မိတော့လည်း ဘာတတ်နိုင်မှာလဲဗျာ၊ ကျွန်တော်က သူ့ကို အနိုင်မှ မတိုက်နိုင်ဘဲ၊ ရှောင်ထွက်လာတော့ကော ရမှာတဲ့လား"

ချိန်ဟုတ်က သိချင်ဇောဖြင့် မေးမြန်းလိုက်ပြန်၏။

"နောက်ဆုံး တိုက်ပွဲရပ်ဖို့ ပြောတဲ့လူကကော၊ အဲသည်လူ ပဲလား"

လီယောက ခေါင်းခါလိုက်သည်။

"မဟုတ်ဘူးဗျ... အမှန်ပြောရရင် ကျွန်တော် ချယ်ရီနန်းတော်ထဲက ထွက်လာတဲ့နောက်ပိုင်းမှာ တိုက်ပွဲများများစားစား မနွှဲခဲ့ရပေမယ့် တစ်ခါမှ ရှောင်မပြေးခဲ့ဘူး၊ သည်တစ်ချီတော့ ကျွန်တော် ဘယ်လိုမှ မတတ်နိုင်ဘူး၊ နောက်ဆုံးတော့ ထွက်ပြေးလာရတာပဲ"

"ဘာဖြစ်လို့ ထွက်ပြေးလာရတာလဲ၊ အားကုန်သွားလို့လား"

စုမာဖုံးက မေးလိုက်ရာ လီယောကလည်း စိတ်ရှည်ရှည်ဖြင့် ဖြေလိုက်သည်။

"အားကုန်လို့ မဟုတ်ပါဘူး၊ ကျွန်တော်သူနဲ့ တိုက်နေတုန်း

www.burmeseclassic.com

www.burmeseclassic.com



မှာပဲ သူ့ဘက်က စစ်ကူနှစ်ယောက် ရောက်လာတယ်၊ ဒါနဲ့ ကျွန်တော်ကို ဝိုင်းတိုက်ကြတယ်၊ ကျွန်တော်က အခြေအနေ မဟန်မှန်းသိလို့ သိုင်းပညာတစ်မျိုးသုံးပြီး လိစန်းတောင်ပေါ်က တစ်ချိုးတည်း ပြေးဆင်းလာတယ်"

ဟန်ရှောင်က စိတ်ဝင်စားသွားပြန်သည်။

"ဘယ်လို သိုင်းပညာမျိုး သုံးလိုက်တာလဲ၊ သူတို့က မောင်ရင့်ကို မတားနိုင်ဘူးလား"

ဟန်ရှောင်က သိချင်စိတ်ဖြင့် စပ်စုလိုက်သည်။

"ကျွန်တော် အရိပ်မဲ့ခြေလှမ်း ကိုယ်ဖော့ပညာကို သုံးတာပါ၊ သူတို့လိုက်လာသေးတယ်၊ ဒါပေမယ့် ကျွန်တော့်ကိုတယ်မမီပါမလဲဗျာ"

လီပေါ့က ရီးရီးသားသား ရှင်းပြလိုက်သည်။

ကို့ထင်းက အံ့အားအသင့်ကြီး သင့်သွားသည်။

"အရိပ်မဲ့ခြေလှမ်း ဟုတ်လား ... မောင်ရင်က ဒေါ်ဒေါ်ဖန်းနဲ့ ဘယ်လိုများ တော်စပ်သလဲ"

ကို့ထင်းက အားမနာတမ်း မေးမြန်းလိုက်သည်။

"ဒေါ်ဒေါ်ဖန်းက ကျွန်တော့်အဘွားပါ"

ကို့ထင်းက လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

"ဒါဆိုရင် မောင်ရင်ပြောတာတွေက အမှန်ချည်းပဲပေါ့"

"ဟုတ်ကဲ့ ... ကျွန်တော် အမှန်အတိုင်းပြောတာပဲ"

လီပေါ့က ခပ်ဆတ်ဆတ် လေသံဖြင့် ပြန်ပြောလိုက်သည်။

ချိန်ဟုတ်က စစ်စစ်ပေါက်ပေါက် မေးမြန်းလိုက်ပြန်လေသည်။

"ဟိုအဝါရောင် အင်္ကျီရှည်ဝတ်ထားတဲ့ အဘိုးကြီးရဲ့ မျက်လုံးနှစ်လုံးကြားမှာ မှဲ့ခြောက်တစ်လုံး ရှိတယ်၊ အဲသည် မှဲ့ခြောက်က အညိုရောင်ပဲ မဟုတ်လား"



လီပေါ့ ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ် ... ဘကြီးပြောတဲ့ အတိုင်းပါပဲ"

ချိန်ဟုတ်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"လက်စသတ်တော့ သည်လူပဲကိုး ..."

"ချိန်ဟုတ် ... အဲသည်လူက ဘယ်သူလဲ"

လုံယွမ်က အရေးတကြီး လှမ်းမေးလိုက်သည်။

ချိန်ဟုတ် ယဲ့ယဲ့ပြုံးလိုက်သည်။

"ကျောက်ဖုံးပဲပေါ့ဗျာ၊ သူ့အပြင် ဘယ်သူ ရှိဦးမှာလဲ"

ချိန်ဟုတ်၏စကားကို လုံယွမ်က မယုံကြည်နိုင်အောင် ဖြစ်သွားသည်။

"သည်အဘိုးကြီး ခုထိ အသက်ရှင်နေတုန်းပဲလား"

ချိန်ဟုတ် ခေါင်းညိတ်ပြသည်။

"ကျုပ်ထင်တဲ့အတိုင်း ဖြစ်မှာပါ၊ လီပေါ့ရဲ့ သိုင်းပညာက ခတာမှ မဟုတ်ဘဲ၊ ဒေါ်ဒေါ်ဖန်းဆီကရော သူ့အဖေဆီကပါ သိုင်းပညာ ရထားတာပဲ၊ ကျောက်ဖုံးကလွဲလို့ အခုလို သူနဲ့ သိုင်းကွက်နှစ်ထောင်ကျော် ယှဉ်ပြီးတာတောင် မရှုံးအောင် ထိန်းထားနိုင်တဲ့သူ ဘယ်မှာသွားရှာမှာလဲ"

ချိန်ဟုတ်၏ စကားသည် လီပေါ့ကို မြှောက်ပင့်နေသလို ဖြစ်နေသည်။

ထို့ကြောင့် ...

ကို့ထင်းတို့လူစုမှာမူ ဘာမှ မပြောဘဲ ငြိမ်နေကြသည်။

ဂူဗီသိုင်းဆရာ ကျင်းထုံကလည်း မယုံကြည်နိုင်ဟန်ဖြင့် ဝင်ရောက်မေးသည်။

"ခင်ဗျားပြောတာ အမှန်ပဲလား"

www.burmeseclassic.com

www.burmeseclassic.com



ချိန်ဟုတ်က ခေါင်းညိတ်သည်။

"ခင်ဗျားမယုံရင် လီဟေးနဲ့ နည်းနည်းပါးပါး စမ်းကြည့်ပါလား"

ဂူဗီဆရာတော် ကျင်းထုံက ပြုံးလိုက်သည်။

"မလုပ်ပါနဲ့ ... ကျုပ်တို့က အဆိပ်မိထားတာပဲ၊ အားစိုက်တဲ့ အလုပ်ကို ရှောင်တာပဲ ကောင်းပါတယ်"

ကျင်းထုံ၏ စကားကို ကြားလိုက်ရတော့မှ ကို့ထင်း သတိပြန်ဝင်လာသည်။

"ခင်ဗျား မပြောရင် ကျုပ်တောင် သတိမူမိတော့မှာ မဟုတ်ပါဘူး၊ အဆိပ်ပြယ်အောင် လုပ်ရမှာပေါ့၊ ကျုပ်အခုပဲ ရေကျက်အေး သွားယူလိုက်ပါမယ်"

ကို့ထင်းက ပြောပြောဆိုဆိုနှင့် လှည့်ထွက်သွားလေသည်။

မကြာလိုက်ပါချေ။

ကို့ထင်းသည် ရေကျက်အေးတစ်ဇလုံ မ,လာတော့၏။

ကို့ထင်းက ရေထဲသို့ ဆေးမှုန့်ရောထည့်ပြီး မွှေလိုက်သည်။

ထို့နောက် ...

အားလုံးကို တစ်ခွက်စီ လိုက်တိုက်၏။

စုမာဖုံးက ပြုံးစစဖြင့် အကြံပြုလိုက်သည်။

"အဘချိန်ဟုတ်တို့ ကမ္ဘာ့နည်းနဲ့ သက်သာအောင် လုပ်ပေါ့၊ ကျွန်တော်နဲ့ ဘကြီးကို့ထင်း၊ ပြီးတော့ လီဟေးတို့က ဘကြီးတို့ကို စောင့်ကြပ်ပါမယ်"

"ကောင်းပြီ ..."

ချိန်ဟုတ်က သဘောတူလိုက်သည်။

ထို့နောက် ...



ကို့ထင်းဘက်သို့ လှည့်၍ ပြောလိုက်ပြန်သည်။

"ကို့ထင်း ... ခင်ဗျားလူတွေ အဖမ်းခံရတဲ့ကိစ္စကို ခဏဆိုင်းထားပါ၊ မားဂေဟာမှာနေခဲ့တဲ့ သိုင်းသမားတွေ ရောက်လာမှ စီစဉ်ကြတာပေါ့"

ချိန်ဟုတ်က စိတ်မချဟန်ဖြင့် အကြံပြုလိုက်၏။

ကို့ထင်းက လက်ခံကြောင်း ခေါင်းညိတ်ပြလိုက်သည်။

"ခင်ဗျားတို့ စိတ်ချလက်ချနဲ့ အနားယူကြပါ၊ အခုဖြစ်တဲ့ ကိစ္စက ပေါ့သေးသေးမှ မဟုတ်ဘဲ၊ ကျုပ်က လီဟေးနဲ့ အသေအချာ တိုင်ပင်ဦးမယ်၊ ဘီလူးမ ဂူးလျှံကို ရှာဖို့ဆိုတာလဲ ခင်ဗျားတို့ ပြန်ကောင်းသွားတဲ့ အခါကျမှ စီစဉ်လို့ ဖြစ်မှာပေါ့"

"ဒါဆိုလဲ ကျုပ်တို့ အနားယူကြမယ်လေ"

ချိန်ဟုတ်က အလျင်အမြန် လောဆော်လိုက်၏။

သို့ဖြင့် ...

ချိန်ဟုတ်တို့သည် အဆိပ်ကို ပျက်ပြယ်သွားအောင် ကမ္ဘာ့ကျင့်နည်းဖြင့်ကျင့်ရန် ပြင်လိုက်ကြသည်။

သူတို့သည် မျက်လုံးကိုစုံမှိတ်ကာ တင်ပျဉ်ခွေထိုင်လျက် ကမ္ဘာ့ကျင့်နည်းကို စတင်ပါတော့သည်။

ချိန်ဟုတ်တို့လူစု အဆိပ်မိထားသောအကြောင်းကို လီဟေး သိပါ။

ထို့ကြောင့် ...

ကို့ထင်းအား မေးမည်ပြုသည်။

သို့သော် ...

စုမာဖုံးက လီဟေး မမေးမီကပင် ဖြစ်ပျက်ခဲ့သမျှကို အသေး စိတ်ရှင်းပြလိုက်သည်။

■

www.burmeseclassic.com



စုမာဖုံး၏ စကားကို နားထောင်ပြီးသောအခါ လီဟေးအတော်ပင် စိတ်ရှုပ်သွား၏။

သို့သော် ...

တစ်လုံးတစ်ပါဒမျှ မေးမြန်းခြင်းမပြုပေ။

ယုတ်စွအဆုံး ကင်းဆိပ်မား မည်သည့်နေရာသို့ ရောက်နေသည် ဆိုသည့်အချက်ကိုပင် မေးမြန်းခြင်းမပြုပေ။

ကို့ထင်းက စကားစလိုက်သည်။

"သည်မှာ လီဟေး ... လိစန်းတောင်မှာ ဂူးလျှံနဲ့ ဆုံမိတုန်းက အမိုက်ဂေဟာက လူတွေကို ဘယ်ခေါ်သွားမယ် ပြောသံကြားလဲ ပြီးတော့ ဂူးလျှံကို မောင်ရင်က မေးကြည့်သေးသလား"

ကို့ထင်းက ပြဿနာ အစရှာလိုက်ခြင်း ဖြစ်သည်။

လီဟေးက ခေါင်းခါလိုက်သည်။

"ကျွန်တော် မမေးမိဘူး၊ ဒါပေမယ့် ..."

ရုတ်တရက် ...

လီဟေးက စကားကိုရပ်ပြီး စဉ်းစား ချင့်ချိန်လိုက်လေသည်။

"ဂူးလျှံက ဘကြီးရဲ့လူတွေကို မြောက်ပိုင်းနယ်ခြားကို ပို့မယ်လို့ ထင်တာပဲ"

ကို့ထင်းက နားမလည်ဟန်ဖြင့် ခေါင်းကို ဖြည်းလေးစွာ ခါလိုက်သည်။

"မြောက်ပိုင်းနယ်ခြား ဟုတ်လား ... ဘာဖြစ်လို့ အဲသည်ကို ပို့ချင်တာလဲ၊ ဖြစ်နိုင်ပါ့မလား"

ကို့ထင်း မယုံနိုင်အောင် ဖြစ်နေသည်။

လီဟေးက လေးနက်တည်ကြည်သော လေသံဖြင့် ထင်မြင်ချက်ပေးလိုက်သည်။



"ဒီလူးမ ဂူးလျှံက တိုးတုရဲ့ လက်ကိုင်တုတ် ဖြတ်နေလားမှ မပြောတတ်တာဘဲ၊ ဘကြီးရဲ့ လူတွေကို ဖမ်းခေါ်သွားတာဟာလဲ တိုးတုအတွက် လူအင်အား ဖြည့်ပေးဖို့ ဖြစ်မှာပေါ့"

တိုးတုဆိုသူမှာ အထူးအာဏာကုန် လွှဲအပ်ခံထားရသော ခေါင်းဆောင်တစ်ဦးပင် ဖြစ်သည်။

ကို့ထင်းက တွေးတွေးဆဆ ခေါင်းတဆတ်ဆတ် ညိတ်သည်။

"သည်အတိုင်းဆိုရင် မြောက်ပိုင်းနယ်ခြားကို တစ်ခေါက်သွားမှ ဖြစ်မယ်ထင်တယ်၊ နို့မဟုတ်ရင် ကျုပ်လူတွေကို ပြန်ကယ်နိုင်မှာ မဟုတ်ဘူး"

ကို့ထင်း ဆောက်တည်ရာမရ ညည်းတွားလိုက်သည်။

လီဟေးက သဘောတူကြောင်း ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် ... သည်နည်းပဲရှိတယ်"

စုမာဖုံးက စိုးရိမ်မကင်းဟန်ဖြင့် အလောသုံးဆယ် မေးခွန်းထုတ်လိုက်သည်။

"တိုးတုရဲ့လက်အောက်မှာ သိုင်းပညာတော်တဲ့သူ များများစားစား ရှိသလား"

လီဟေးက ခေါင်းညိတ်လိုက်သည်။

"တော်တော်များများ ရှိတယ်ထင်တယ်"

လီဟေးက ခန့်မှန်းချက်ဖြင့် ဖြေသည်။

ထို့နောက် ...

ကမ္ဘာ့ဌာန်းထိုင်နေသော ဂိုဏ်းချုပ်ကြီးတို့ကို တစ်ချက်ကြည့်လိုက်ပြီး လေသံတိုးတိုးဖြင့် သတင်းဆိုးတစ်ခုကို ဖွင့်ဆိုလိုက်သည်။

"သိုင်းအဖွဲ့ကြီး ငါးဖွဲ့ထဲက ဝါစဉ်ကြီးပုဂ္ဂိုလ်တစ်ချို့လောင်သူ့တို့နောက် ပါသွားပြီပဲ"

◆

www.burmeseclassic.com

www.burmeseclassic.com



ကို့ထင်းက မယုံကြည်ဟန်ဖြင့် ခေါင်းခါသည်။

"မဖြစ်နိုင်ဘူးထင်တယ်၊ သိုင်းအဖွဲ့ကြီး ငါးဖွဲ့ထဲက လူကြီးတွေက တိုင်းတစ်ပါးရဲ့ လက်ကတုံးတောင်ဇေး ဘယ်အဖြစ်ခံပါ့မလဲ"

စုမာဖုံးက ထောက်ခံပြောကြားသည်။

"ဟုတ်တယ် ... သည်လောက်အထိလည်း ရိုင်းမယ်မထင်ပါဘူးဗျာ"

လီပေား ပြုံးသည်။

"ကျွန်တော်ကိုင်တိုင် မမြင်ဘူးဆိုရင် ယုံမှာ မဟုတ်ပါဘူး၊ ဒါပေမယ့် ပို့ဟန်မြို့မှာနေတုန်းက ကျွန်တော် သူတို့ကို မျက်စိနဲ့ တပ်အပ်မြင်ခဲ့တယ်"

ကို့ထင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဒါဆိုရင် တကယ်မှန်နေပြီပေါ့"

ကို့ထင်းက စိတ်ပျက်လက်ပျက် ညည်းညူလိုက်လေသည်။

လီပေားက နှစ်သိမ့်လိုက်ပြန်သည်။

"ဒါပေမယ့် သူတို့ထဲမှာ စိတ်ကောင်းရှိတဲ့ လူတစ်ချို့လည်း ပါ,ပါတယ်၊ ကျွန်တော့်ကိုတောင် တိတ်တိတ်ကလေး ဝင်ကူခဲ့တယ်"

"သည်လိုဆိုရင် သိပ်မဆိုးဘူးပေါ့"

စုမာဖုံးက စိတ်သက်သာရာ ရဟန်ဖြင့် လေပူတစ်ချက် မှုတ်လိုက်သည်။

ထို့နောက် ...

ကို့ထင်းဘက်သို့ တပ်လှန့်လိုက်သည်။

"လောလောဆယ် အရေးကြီးတာက အဖမ်းခံရတဲ့ အမိုက်ဂေဟာကလူတွေကို အမြန်ဆုံး ကယ်နိုင်အောင် စီစဉ်ဖို့ပါ"

ကို့ထင်းက ခေါင်းညိတ်ပြလိုက်သည်။



"မောင်ရင်လေးပြောတာ မှန်တယ်၊ ကျုပ် သဘောကတော့ ယင်းလိန်တို့ ရောက်အလာကို စောင့်မနေတော့ဘူး၊ ချိန်ဟုတ်နဲ့ လုံယွမ်တို့ ပြန်ကောင်းလာတာနဲ့ ခရီးစထွက်မှ ဖြစ်မယ်"

စုမာဖုံး ခေါင်းညိတ်သည်။

"ကောင်းပါတယ် ... ဒါပေမယ့် မြောက်ပိုင်းကိုရောက်ရင် ဝူးလျှံတို့ကို ရှာရဦးမယ်၊ ကျုပ်ကတော့ ဟန်ရှောင်ကို တစ်ခါတည်း ခေါ်သွားချင်တယ်၊ သူက သတင်းပို့နဲ့စပ်တယ်၊ အဆက်အသွယ်လည်း ကောင်းတယ်"

စုမာဖုံးက အကြံပြုလိုက်သည်။

ဟန်ရှောင်သည် ဗေဒါဂိုဏ်းဝင်ပီပီ သတင်းစုံစမ်းရာတွင် အထူးပင် ကျွမ်းကျင်သူ ဖြစ်လေသည်။

ယင်းကြောင့် စုမာဖုံးက ထိုသို့ အကြံပြုလိုက်ခြင်း ဖြစ်သည်။

ကို့ထင်းက သဘောတူကြောင်း ခေါင်းညိတ်ပြသည်။

"ကောင်းပြီလေ ... ကဲ ... ကဲ ... အားလုံးပဲ ဗိုက်ဆာကြရောပေါ့၊ ကျုပ်က စားသောက်စရာတွေကို သွားပြီး စီစဉ်လိုက်ပါဦးမယ်၊ မောင်ရင်တို့ပဲ သည်ပုဂ္ဂိုလ်တွေကို စောင့်ရှောက်ထားပေါ့"

ကို့ထင်းသည် ပြောပြီးသည်နှင့် လှည့်ထွက်သွားလေသည်။

❋ ◆ ❋

စုမာဖုံးနှင့် လီပေားတို့သည် တစ်ယောက်က အပြင်၊ တစ်ယောက်ကအတွင်းတွင် စောင့်ရင်း ကမ္ဘဌာန်းကျင့်နေသော ပုဂ္ဂိုလ်များကို အကာအကွယ်ပြုရင်း စောင့်ကြပ်နေလေသည်။

မကြာလိုက်ပါချေ။

ကို့ထင်းက ထမင်းဟင်း ယူလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးဦးသည် အမှန်ပင် ဗိုက်ဆာနေပြီဖြစ်၍ မြိန်ရေယှက်ရေဖြင့် စားသောက်ကြသည်။

ထို့နောက် ...

တစ်လှည့်စီ အနားယူကြသည်။

ညနေငါးနာရီခန့်တွင် ချိန်ဟုတ်နှင့် လုံယွမ်တို့က သက်သာသွားပြီဖြစ်၍ ကမ္ဗဒ္ဓာန်းထိုင်ရာမှ ထလိုက်ကြသည်။

ရှေ့ဆင့်နောက်ဆင့် ဆိုသလို ဟန်ရှောင်တို့လူစုလည်း ထိုင်ရာမှ ထလာကြသည်။

အဆိပ်ပြေဆေးမှာ အာနိသင် ထက်မြက်လှပြီး ယခုအချိန်တွင် အဆိပ်မိထားသူ အားလုံးပင် အဆိပ်ပြယ်သွားပြီး နေသာထိုင်သာ ရှိလာကြသည်။

ကို့ထင်းသည် အစားအသောက်ပြင်ကာ အဆိပ်ပြယ်စပြုသော ပုဂ္ဂိုလ်များကို ကျွေးမွေးသည်။

ထို့နောက် ...

မြောက်ပိုင်းနယ်ခြားသို့ အမြန်ဆုံး ခရီးထွက်မည့်အကြောင်း ပြောပြလိုက်သည်။

ထိုအခါ ...

ချိန်ဟုတ် ဟန်ပါပါ ပြုံးလိုက်သည်။

"ကို့ထင်း ... သည်လောက် ဝေးဝေးကြီးသွားနေစရာ ဘာလိုသလဲ"

"လီယားပြောတဲ့ အတိုင်းဆိုရင် ဘီလူးမက ကျုပ်ရဲ့အဖွဲ့သားအားလုံးကို မြောက်ပိုင်းကို ခေါ်သွားတယ်၊ မြောက်ပိုင်းကို လိုက်မသွားရင် သူတို့ကို ဘယ်လိုလုပ်ပြီး ကယ်တင်နိုင်မလဲ"

ကို့ထင်းက စိုးရိမ်လွန်ကဲစွာဖြင့် ဝေဖန်ပြောကြား၏။



ချိန်ဟုတ်က ခေါင်းခါလိုက်သည်။

"ခင်ဗျားက တစ်ခုခု စဉ်းစားဖို့ မေ့နေပြီထင်တယ်"

"ဘာကိုလဲ ..."

ကို့ထင်းက အရင်စလို မေးလိုက်ရာ ချိန်ဟုတ်က သဘာဝကျကျ ရှင်းပြလိုက်သည်။

"သူတို့ဖမ်းထားတဲ့ လူတွေက နည်းနည်းနောနောမှ မဟုတ်ဘဲ၊ မြောက်ပိုင်းကို တစ်စုတစ်ရုံးတည်း ပြောင်ခေါ်သွားရင် လူတွေက သိကုန်မှာပေါ့၊ ဒါကြောင့် သူတို့က မြောက်ပိုင်းကို ပို့မယ်ဆိုရင်လည်း နှစ်ရက်သုံးရက်အတွင်း ပို့နိုင်မှာ မဟုတ်ဘူး"

ကို့ထင်းက နဖူးကို လက်ဝါးဖြင့် ဖြန်းခနဲ ရိုက်လိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားပြောမှ ကျုပ် စဉ်းစားမိတယ်၊ ကျုပ်အဖွဲ့သားတွေက လူပေါင်းသုံးရာတောင် ကျော်တယ်၊ သည်လောက်အထိ ဘယ်မြန်နိုင်ပါ့မလဲ"

မိမိ၏ အဖွဲ့သားများသည် လွယ်လွယ်နှင့် အညံ့ခံမည် မဟုတ်ဟု ကို့ထင်းက ထင်နေဟန်ရှိသည်။

သို့သော် ...

တစ်စုံတစ်ရာ ဖွင့်ဟပြောဆိုခြင်း မပြုပေ။

ချိန်ဟုတ် ယဲ့ယဲ့ပြုံးသည်။

"ခင်ဗျား သဘောပေါက်သွားတာ ကောင်းပါတယ်၊ ဒါကြောင့် ဘီလူးမကို ဖမ်းချင်ရင် သည်လောက် ဝေးဝေးကြီးသွားဖို့ မလိုဘူးလို့ ကျုပ်က ပြောနေတာပေါ့"

လုံယွမ်ကလည်း သူ၏ ထင်မြင်ချက်ကို ပြောပြသည်။

"သည်အတိုင်းဆိုရင် ဘီလူးမမှာ အခြားအကြံတစ်ခု ရှိရမယ်"

"ဘယ်လို အကြံအစည်မျိုးလဲ"

www.burmeseclassic.com

www.burmeseclassic.com



လုံယုမ်ကပြောရန် သင့် မ,သင့် ချင့်ချိန်လိုက်ပြီးမှ သူ၏ ထင်ကြေးကို ရှင်းပြလိုက်သည်။

"မန်ချူးရဲ့ လက်ကိုင်တုတ်ဖြစ်အောင် ကိုထင်းကို အကျပ်ကိုင်ချင် ကိုင်မယ်လို့ ကျုပ်ထင်တယ်"

ကိုထင်းက ဟန်ပါပါ ပြုံးလိုက်သည်။

"ဒါဆိုရင် ဘီလူးမ အတွက်မှားပြီပေါ့၊ ကျုပ်က လွယ်လွယ်နဲ့ အညွှံခံမယ့်လူစားမျိုးမှ မဟုတ်ဘဲ"

လီယောက တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် ဝင်ပြောသည်။

"ဘကြီးကိုထင်း ... ကျွန်တော် တစ်ခုပြောဖို့ မေ့နေတယ်ဗျ"

ကိုထင်းက မျက်မှောင်ကြုတ်သွားသည်။

"ဘာကိစ္စလဲ ... မြန်မြန်ပြောလေ"

"ကျွန်တော်သည် သည်ရောက်တုန်းက လူတစ်ယောက်နဲ့ တွေ့ခဲ့တယ်"

လီယောထံမှ စကားစ ထွက်လာသဖြင့် ကိုထင်းက စိတ်လှုပ်ရှားသွားသည်။

"ဘယ်သူနဲ့ တွေ့ခဲ့သလဲ ... မြန်မြန်လေး ပြောစမ်း"

ကိုထင်းက ဆက်ပြောသည်။

"ဘယ်လိုပြောသွားသလဲ ... အဲသည်လူကို မောင်ရင် သိလား"

"သိတော့ မသိဘူးဗျ၊ ဒါပေမယ့် အဲသည်လူက ကျွန်တော့်ကို စကားတစ်ခွန်း ပြောသွားတယ်"

"ဘယ်လိုပြောသွားသလဲ ... မြန်မြန်ပြောစမ်း"

ကိုထင်း စိတ်မရှည်ဟန်ဖြင့် လီယောကို လှမ်းဆော်လိုက်သည်။

လီယောက ဆတ်ခနဲ ခေါင်းညိတ်လိုက်သည်။

"သူ ပြောသွားတဲ့စကားက နည်းနည်းဆန်းတယ်၊ နန်းဖုန်း



တောင်ရဲ့ အရှေ့ဘက် မဟူရာချောက်ကမ်းပါးရဲ့ အနောက်ဘက်လို့ ပြောတာပဲ"

မှန်သည် ...။

ပြောသွားသည့် စကားက ဆန်းသည်။

လျှို့ဝှက်အဓိပ္ပာယ် ပါဟန်တူသည်။

ကိုထင်း တစ်ချက် တွေဝေသွားသည်။

ပြီးမှ ...

တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ကောက်ကာငင်ကာ မေးလိုက်သည်။

"အဲသည်လူ ဘယ်မှာလဲ"

လီယော၏မျက်နှာ ညှိုးကျသွားသည်။

"ကျွန်တော် သူ့ကို မြေမြှုပ်လိုက်ရပါတယ်"

လီယောက စိတ်ထိခိုက်စွာဖြင့် အဖြေပေးလိုက်လေသည်။

ကိုထင်း၏မျက်နှာ အကြီးအကျယ် ပျက်သွားတော့သည်။

"သူ သေသွားပြီလား ..."

လီယော ခေါင်းညိတ်လိုက်သည်။

"ကျွန်တော့် သည်ရောက်နေတုန်းက သည်လူတစ်ယောက်ကိုပဲ တွေ့ရတယ်၊ အဲသည်လူက ဘယ်ဆေးဝိဇ္ဇာကမှ ကုစားလို့ မရတဲ့ အတွင်းဒဏ်ရာကို အကြီးအကျယ် ရထားပါတယ်"

"မောင်ရင်က သူ့ကို ဘယ်နေရာမှာ မြှုပ်လိုက်သလဲ"

ကိုထင်းက သိလိုစောဖြင့် ကတိုက်ကရိုက် မေးမြန်းလိုက်၏။

လီယောကလည်း မဆိုင်းမတွပင် မြှုပ်နှံသည့်နေရာကို လက်ညှိုးညွှန်ပြလိုက်၏။

"သည်တောင်ကြားမှာ မြှုပ်လိုက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

ချိန်ဟုတ်က အရေးတကြီးလေသံဖြင့် မေးမြန်းလာသည်။

"ကိုထင်း ... အဲသည်လူက ဘယ်သူလဲ၊ ခင်ဗျား စဉ်းစားလို့ ရသလား"

ကိုထင်း ခေါင်းညိတ်လိုက်သည်။

"နန်းဖုန်းတောင်ရဲ့ အရှေ့ဘက် မဟူရာချောက်ကမ်းပါးရဲ့ အနောက်ဘက်ဆိုတဲ့ နေရာကို သိတဲ့လူ ရှားပါတယ်၊ ကျုပ် အထင် မမှားဘူးဆိုရင် သည်လူဟာ ကျုပ်လက်အောက်မှာရှိတဲ့ ထိပ်သီး သိုင်းသမား ငါးယောက်ထဲက တစ်ယောက်ပဲ ဖြစ်ရမယ်"

ကိုထင်းက စကားကို ရပ်လိုက်ပြီး အလေးအနက် စဉ်းစား လိုက်သည်။ ပြီးမှ ... ဆက်လက်ရှင်းပြလိုက်သည်။

"အဲဒီ ထိပ်သီးသိုင်းသမား ငါးယောက်ထဲမှာ နှစ်ယောက်က ကျုပ်ဇနီးနဲ့အတူ စီးရှမ်းမှာ ကျန်သုံးယောက်ထဲမှာ အမျိုးတစ်ယောက် ပါတယ်၊ ဒါကြောင့် အစုသေသွားတဲ့လူက ကျန်နှစ်ယောက်ထဲက တစ်ယောက်ယောက်ပဲ ဖြစ်မှာပေါ့"

"ဒါဆိုရင် ခေါင်းကြီး ဝမ်မာဟုန် ဖြစ်ချင်ဖြစ်၊ ဒါမှ မဟုတ်ရင် ဉာဏ်ကြီးရှင် ကျိုတောင်းပဲ ဖြစ်ရမှာပေါ့"

ချိန်ဟုတ်က မှတ်ချက်ပြုလိုက်သည်။

ကိုထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ..."

ကိုထင်းသည် လီဟောဘက်သို့လှည့်၍ အလောသုံးဆယ် ဆော်သြလိုက်သည်။

"ကဲ ... ကဲ ... အဲဒီလူကို မြှုပ်တဲ့နေရာကို တစ်ဆိတ်လောက် လိုက်ပြပါဦး၊ ညီလေး လီဟော ..."



"ကောင်းပြီ ... ကျွန်တော် လိုက်ပြပါမယ်"

လီဟောသည် ပြောပြီးသည်နှင့် အပြင်သို့ ဦးဆောင်လျှောက် ထွက်သွားသည်။ ကိုထင်းနှင့် ချိန်ဟုတ်တို့က လီဟောနောက်သို့ လိုက်ပါသွားကြသည်။

မကြာပါချေ။

အလောင်းမြှုပ်နှံထားသော နေရာသို့ ရောက်ရှိလာကြသည်။

ကိုထင်းသည် မြေပုံကို တူးဖော်လိုက်ရာ မကြာမီမှာပင် အလောင်း ပေါ်လာလေသည်။

အလောင်းကို မြင်လိုက်သည်နှင့် ကိုထင်း မျက်လုံးပြူးကျယ် သွားသည်။

"ကျိုကောင်း ဖြစ်နေပါလား"

ကိုထင်းက ဝမ်းနည်းသံဖြင့် ကြေညာလိုက်သည်။

ချိန်ဟုတ်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျိုကောင်းက ဉာဏ်ကောင်းလို့ ဉာဏ်ကြီးရှင်လို့ နာမည် တွင်ခဲ့တာပဲ၊ သူ့လို လူမျိုးကိုတောင် သတ်ပစ်နိုင်တယ် ဆိုတော့ တကယ့်ကို အံ့သြစရာပဲ၊ ပြီးတော့ သူ မ,သေခင် ပြောသွားတဲ့စကား ကလည်း အဓိပ္ပါယ်က လေးနက်တယ်"

ချိန်ဟုတ်က တွေးတွေးဆဆ စေ့ဖန်လိုက်သည်။

ကိုထင်းက ခေါင်းညိတ်လိုက်သည်။

"ကျုပ်လည်း ဒီလိုပဲယူဆတယ်၊ နန်းဖုန်းတောင်ရဲ့ အရှေ့ ဘက်ဆိုတာ ကျုပ်နဲ့ သူတို့ငါးယောက် သိုင်းပညာဆွေးနွေးတဲ့ နေ ရာပဲ၊ မဟူရာချောက်ကမ်းပါး အနောက်ဘက်ကတော့ ကျုပ်နဲ့ ကျုပ် ဇနီး၊ ကျုပ်ညီနဲ့ ကျိုကောင်းတို့လေးယောက် လျှို့ဝှက်သိုင်းပညာ ဆည်းပူးတဲ့ လျှို့ဝှက်လိုဏ်ဂူရှိတဲ့ နေရာဗျ"

www.burmeseclassic.com



ချိန်ဟုတ် ဟန်ပါပါ ပြုံးလိုက်သည်။

"ကိုကောင်းရဲ့ စကားက အဓိပ္ပာယ်ရှိမှာ သေချာတယ်၊ အကောင်းဆုံးကတော့ ကျုပ်တို့ကို အဲဒီနေရာ ခေါ်ပြပါလား"

ကိုထင်းအား တိုက်တွန်းလိုက်လေသည်။

ကိုထင်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ ... ဒီတစ်နည်းပဲ ရှိတော့တာပေါ့"

ကိုထင်းသည် ကိုကောင်း၏မြေပုံကို နေသားတကျ ခေါက်ပြန်ပေးလိုက်သည်။

ပြီးနောက် ... ကိုထင်းသည် ချိန်ဟုတ်တို့လူစုကို ဦးဆောင်လျက် မျက်နှာချင်းဆိုင်တွင်ရှိသော တောင်တစ်လုံးဆီသို့ ဦးတည်ထွက်ခွာသွားလေတော့သည်။

❋ ◆ ❋

အောက်ခြေသို့ ရောက်သောအခါ တောင်ခါးပန်းတစ်နေရာတွင် ဆောက်ထားသော တဲအိမ်တစ်လုံးကို လှမ်းမြင်လိုက်ရသည်။

ထိုတဲအိမ်မှာ ချောက်ကမ်းပါးထိပ်တွင် ဆောက်ထားခြင်းဖြစ်သည်။

ချောက်ကမ်းပါးအောက်တွင်မူ ကြီးမားသော ကျောက်တောင်များ မြင့်ကျဲနေသည်။

ချိုင့်ဝှမ်း လျှိုမြောင်များ ပြည့်လွှမ်းနေသည်။

ကိုထင်းတို့လူစုသည် တဲအိမ်ရှိရာ ချောက်ကမ်းပါးပေါ်သို့ တရွေ့ရွေ့ တက်သွားကြသည်။

မကြာမီ တဲအိမ်ရှိရာသို့ ရောက်လာကြသည်။

တဲအိမ်မှာ သန့်ရှင်းသပ်ယပ်လှသည်။



အခန်းသုံးခန်း ဖွဲ့ထားရာ အလယ်ခန်းတွင် ဘာဆိုဘာမှမရှိ ဟာလာဟင်းလင်း ဖြစ်နေသည်။

ဝဲဘက်နှင့် ညာဘက်အခန်းတွင်မူ စာအုပ်စင်နှင့် စာအုပ်ဟောင်းတချို့ ရှိသည်။

အခြားပစ္စည်းများ တစ်စုံတစ်ရာကို မတွေ့ရပေ။

ကိုထင်းက တဲအိမ်အနှံ့ လှည့်ပတ်ကြည့်လိုက်သည်။

ထို့နောက် ...

ညာဘက်အခန်းတွင် ရှိသော စာအုပ်စင်သို့ လျှောက်သွားပြီး မှတ်စုစာအုပ်တစ်အုပ်ကို ဆွဲယူလိုက်သည်။

ကိုထင်းက မှတ်စုစာအုပ်ကို ဂရုတစိုက်နှင့် လှန်လှောကြည့်လိုက်သည်။

ထို့နောက် ... မျက်မှောင်ကြုတ်လိုက်သည်။

ပြီးမှ ...

"ကျုပ်က ကိုယ့်ကိုကိုယ် ဟုတ်လှပြီ ထင်နေတယ်၊ အခုတော့ ကလေးမတစ်ယောက်ရဲ့ လက်ချက်နဲ့ ဂျောက်ပေါက်တိုးနေပြီ၊ ကျုပ်မှားတယ်၊ ကျုပ်ယုံမိတာ သိပ်မှားတယ်"

ချိန်ဟုတ်က ...

"ခင်ဗျားကု ချောက်တွန်းတာ ဘယ်သူလဲ၊ ကလေးမကကော ဘယ်သူလဲ၊ ဘိုလူးမကို ပြောတာလား"

သူက သိလိုစောဖြင့် ဖြတ်မေးလိုက်သည်။

ကိုထင်းက ဖြည်းလေးစွာ ခေါင်းခါလိုက်၏။

"မဟုတ်ဘူး၊ ကလေးမဆိုတာ ဝါးကျင်းကိုပြောတာ၊ ကျုပ်က သူ့ကို ကျုပ်သမီးလို့ သဘောထားတာဗျ"

ကိုထင်းက စိတ်မသက်သာစွာဖြင့် ရှင်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချိန်ဟုတ် အံ့ဩသွားသည်။

"ဝါးကျင်း ဟုတ်လား ... တကယ့်ကို အံ့ဩစရာပါပဲ၊ ဒါနဲ့ ကျိုကောင်းက ဘယ်လိုရေးထားလို့လဲ"

ဟု မေးလိုက်သည်။

ကိုထင်းက ...

"အဲသည် မှတ်စုစာအုပ်ထဲမှာ ကျုပ်တို့ အမိုက်ကျေးရွာမှာ ရှိတဲ့ လူတွေရဲ့ နာမည်တွေ ရေးထားတယ်၊ ကျိုကောင်းက နောက်ဆုံး စာမျက်နှာမှာ လှို့ဝှက်ချက်တစ်ခု မှတ်ထားတယ်၊ ဝါးကျင်း စည်းရုံး လိုက်တဲ့လူမှန်ရင် နာမည်ပေါ်မှာ မထင်မရှား အမည်းစက် သေးသေး ရေးထားတယ်ဆိုပဲ၊ ကျုပ် ကြည့်လိုက်တော့ အမည်းစက်ပါတဲ့ နာမည်က တစ်ဝက်ကျော်ရှိနေတယ်"

ကိုထင်းက အံကို တင်းတင်းကြိတ်လျက် ခံပြင်းစွာ ရှင်းပြလေသည်။

ချိန်ဟုတ် မျက်မှောင်ကြုတ်သွားသည်။

ကိုထင်းအား ကြည့်ကာ ...

"ကျိုကောင်းက ဘယ်လိုလုပ် သိတာလဲ၊ သိလျက်နဲ့ ဘာဖြစ်လို့ ဖွင့်မပြောတာလဲ"

နားမလည်နိုင်စွာဖြင့် မေးလိုက်၏။

ကိုထင်း ခေါင်းခါယမ်းလိုက်၏။

"ဒါတော့ လောလောဆယ် ပြောရခက်တယ်၊ မဟူရာချောက်ကမ်းပါး အနောက်ဘက်ရောက်မှ အဖြေရှာလို့ ရနိုင်တော့မယ်"

လုံယွမ်က ...

"ဒါဆိုရင် ကျုပ်တို့ တုံ့နှေးနေလို့ မဖြစ်တော့ဘူး"

ကိုထင်းက သူ့အား ကြည့်ရင်း ...



"ခင်ဗျားက ဘာလုပ်ဖို့ စိတ်ကူးထားလို့လဲ"

ဟု မေးလိုက်သည်။

လုံယွမ်က ...

"ကျုပ်တို့ အမြန်ဆုံး လှူပ်ရှားနိုင်မှ တော်ကာကျမယ်၊ ကျုပ်တို့အတွက် အချိန်က အရေးကြီးနေပြီ"

သူက အခြေအနေအရ လောဆော်လိုက်သည်။

ကိုထင်းက မှတ်စုစာအုပ်ကို ချက်ချင်း သိမ်းဆည်းလိုက်လေသည်။

ထို့နောက် ...

ကျန်လူများကို ခေါ်ဆောင်လျက် ချောက်ကမ်းပါးအောက်သို့ ပြန်ဆင်းလာကြလေသတည်း။

❋ ◆ ❋

ချောက်ကမ်းပါး အောက်ခြေရှိ စမ်းချောင်းနံဘေးသို့ ရောက်သောအခါ ကိုထင်းက အမိုက်ကျေးရွာဘက်သို့ မျက်နှာမူထားသော ကျောက်နံရံတစ်ခုကို ညွှန်ပြလိုက်သည်။

"ကျုပ်က ဒီကျောက်နံရံထဲမှာပဲ သိုင်းပညာ လေ့ကျင့်တယ်"

ကိုထင်းသည် ပြောပြောဆိုဆို စမ်းချောင်းကလေး တစ်ဖက်သို့ ကျော်လိုက်သည်။

ထို့နောက် ...

ကျောက်နံရံရှေ့သို့ လျှောက်သွားပြီး အောက်ခြေသုံးပေခန့်အကွာ ကျောက်စက်မိုးမျှော်တစ်ခုကို လက်ဖြင့် ဖိလိုက်သည်။

ထိုအခါ ...

"ဂျိန်း ..."

www.burmeseclassic.com

www.burmeseclassic.com



"ဝေါ ..."

ကျယ်လောင်သော အသံများ မြည်ဟည်းထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင် ...

ကျောက်နံရံ အခန်းတစ်ခု ဖြစ်ပေါ်လာသည်။

ထိုအပေါက်မှာ လူတစ်ကိုယ်စာ ဝင်နိုင်ရုံမျှသာ ကျယ်ဝန်းလေသည်။

ကိုထင်းသည် တကယ် အကြံကြီးသူတစ်ယောက် ဖြစ်သည်။

ယခုမှပင် လှို့ဝှက်နေရာတစ်ခုကို ယန္တရားခလုပ် တပ်ဆင်ထားသည် မဟုတ်ပါလား။

လုံယွမ်က နှစ်ခြိုက်စွာ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

ကိုထင်း ပြုံးလိုက်သည်။

သူက ဘာမျှမပြောဘဲ ကျောက်လိုဏ်ဂူထဲသို့ ရှေးဦးစွာ လှမ်းဝင်သွားသည်။

ချိန်ဟုတ်တို့လူစုကလည်း ကိုထင်းနောက်သို့ ဝင်လိုက်သွားကြလေသည်။

လိုဏ်ဂူထဲဝင်ပြီး ပေသုံးဆယ်ခန့် လျှောက်မိသောအခါ မြင်ကွင်းက သိသိသာသာ ကျယ်ဝန်းလာသည်။

အလင်းရောင်လည်း အားကောင်းလာသည်။

သေသေချာချာ ကြည့်လိုက်တော့မှ မြေအောက်ဥမင်လိုဏ်ခေါင်းတစ်ခုသို့ ဝင်မိကြောင်း သိရှိလိုက်ရသည်။

ယင်း မြေအောက်လိုဏ်ခေါင်းမှာ ပေလေးဆယ်ပတ်လည် ကျယ်ဝန်းမည်ဟု ခန့်မှန်းရသည်။

ချိန်ဟုတ်က တအံ့တဩဖြင့် လိုဏ်ဂူကို ပေ့ဝဲကြည့်လိုက်၏။



"တကယ်ကိုကောင်းတဲ့ နေရာပါပဲလား၊ ဒါပေမယ့် ကျုပ်တို့ရှာနေတဲ့ အထောက်အထားက သည်အထဲမှာ ရှိပါ့မလား"

သူက စိုးရိမ်စွာ ပြောလာသည်။ ထိုအချိန်တွင် ကိုထင်းက မြေပေါ်ရှိ ကျောက်တုံးတစ်တုံးကို မ,ယူနေသည်။

ချိန်ဟုတ်၏ စကားကိုကြားမိလျှင် ကိုထင်းက ယုံကြည်ချက်အပြည့်ဖြင့် လှမ်း၍ ပြောကြားလိုက်သည်။

"မလောပါနဲ့ဗျာ၊ ကျိုကောင်းက သဲလွန်စ ချန်ထားတာပဲ၊ မမှားနိုင်ပါဘူး"

ကိုထင်းက ပြောရင်း ကျောက်တုံးတစ်တုံးကို မယူလိုက်၏။

ထိုအခါ ...

လေးထောင့်အပေါက်တစ်ခု ဘွားခနဲ ထွက်ပေါ်လာသည်။

ကိုထင်းက ကျောက်တုံးကို ဘေးချကာ အပေါက်ထဲသို့ လက်နှိုက်လိုက်လေသည်။

ပြန်ဆွဲထုတ်လိုက်သောအခါ ဆိတ်သားရေဖြင့် ပြုလုပ်ထားသော အလိပ်တစ်လိပ် လက်ထဲတွင် ပါလာသည်။

ကိုထင်းနှုတ်မှ ရှင်းပြလိုက်သည်။

"သည်မြေကျင်းထဲမှာ ထားတဲ့ စာရွက်စာတမ်းတွေထဲမှာ ကျုပ်တို့ အဖွဲ့ဝင်တွေရဲ့ ကိုယ်ရေးမှတ်တမ်းတွေ ရေးထားတယ်၊ ပြီးတော့ အရေးကြီး ပုဂ္ဂိုလ်အချို့ရဲ့ ကိုယ်ရေးမှတ်တမ်းတွေလည်း ပါတယ်၊ ကျုပ်နဲ့ ကျိုကောင်းပဲသိတယ်၊ ကျန်တာ ဘယ်သူ့ကိုမှ သိခွင့်မပေးဘူး"

ကိုထင်းက ပြောပြောဆိုဆို သားရေလိပ်ကို ဖွင့်လိုက်ရာ စာရွက်တစ်ရွက် ထွက်ကျလာသည်။ ကိုထင်းက မြေပေါ်သို့ ကျသွားသော စာရွက်ကို ကောက်ယူပြီး ဖတ်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းက သူတို့ရဲ့ လျှို့ဝှက်ချက်ကို တော်တော်လေး ထောက်လှမ်းခဲ့တယ်ဗျ"

"ဘယ်လို ထောက်လှမ်းတာလဲ၊ ဝါးကျင်းကိုကော ဘယ်သူက ကြိုးကိုင်သလဲ"

ချိန်ဟုတ်က သိချင်ဇောဖြင့် မေးလိုက်၏။

ကို့ထင်း ခေါင်းခါယမ်းလိုက်သည်။

"ဒါတော့ ရေးမထားဘူး၊ သူ သေခါနီး အချိန်ရောက်မှ ဝါးကျင်းကို ကြိုးကိုင်တဲ့လူ ဘယ်သူဆိုတာ သိလိုက်တာ ဖြစ်မှာပေါ့"

"ဟုတ်တယ်၊ နောက်ကွယ်က ကြိုးကိုင်တဲ့လူကို အမိအရ စုံစမ်းပြီးမှ ခင်ဗျားကို ဖွင့်ပြောဖို့ စိတ်ကူးထားတာ ဖြစ်မယ်"

ထိုအချိန်တွင် လုံယွမ်က စာရွက်နောက်ကျောဘက်သို့ လှမ်းကြည့်ပြီး အရေးတကြီး ပြောလိုက်၏။

"သည်မှာတွေ့ပြီ၊ ကျောင်းက မြေပုံတစ်ခု ဆွဲထားတယ် အဖမ်းခံရတဲ့ ခင်ဗျားရဲ့ အဖွဲ့ဝင်တွေကို ရှာတဲ့အခါမှာ သည်မြေပုံက အထောက်အကူ ပြုချင်ပြုလိမ့်မယ်"

ကို့ထင်းက စာရွက်ကို ကမန်းကတန်း ပြန်ယူပြီး မျက်လုံးပြူး ကြည့်လိုက်သည်။

"အဲဒါ အမိုက်ချောင်တန်းမှာရှိတဲ့ ကျောက်စိမ်းတောင်ကို ညွှန်ပြတာပဲ"

ချိန်ဟုတ်က တစ်ချက် စဉ်းစားလိုက်ပြီး ...

"သူတို့က ဝေးဝေးမသွားဘူးဆိုတာ ထင်ရှားနေတယ်၊ ကျောင်းက သူတို့ လျှို့ဝှက်စခန်းကို ထောက်လှမ်းလို့ မရတာကြောင့် တို့က သည်စခန်းကို အရရှာဖို့ ချိန်လုံလုံလောက်လောက် ရှိတယ်"

ကို့ထင်းက အံကြိတ်လိုက်သည်။



"အသားထဲက လောက်ထွက်တယ်ဆိုတာ ဒါမျိုးပဲပေါ့၊ ကျုပ်လူကဲခတ်ညံ့လို့ သည်လိုဖြစ်ရတာ"

ကို့ထင်းက မသက်မသာပြောရင်း သက်ပြင်းရှည်တစ်ချက် ချိုက်လိုက်ပြန်၏။

"သူတို့က အခုထိ အမိုက်တောင်တန်းထဲမှာပဲ ရှိနေရင်တော့ သိပ်မစိုးရိမ်ရဘူးပေါ့၊ ချိန်ဟုတ် ... ကျုပ်တို့ အမြန်ဆုံး လိုက်သွားမှ ဖြစ်မယ်ထင်တယ်၊ ဒါမှ ကျုပ်လူတွေကို အချိန်မီ ကယ်ထုတ်နိုင်မယ်"

ချိန်ဟုတ် ခေါင်းညိတ်လိုက်၏။

"သွားမယ်ဆိုလည်း အားလုံးသွားလို့တော့ ဘယ်ဖြစ်မလဲ၊ လူတစ်ယောက် နှစ်ယောက်လောက်က နောက်ချန်အဖြစ် ကျန်နေခဲ့ဖို့ လိုတယ်၊ ဒါမှ ခင်ဗျားညီနဲ့ ဓနီး ရောက်လာရင် ပြောပြနိုင်မှာ ..."

"ဟုတ်တာပေါ့၊ ဒါပေမယ့် ..."

ကို့ထင်းက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်လိုက်သည်။

ထို့နောက် ...

ဂိုဏ်းချုပ်ကြီးတို့ကို တစ်ချက် ကြည့်လိုက်လေသည်။

"ဆရာကြီးတို့ထဲက ဘယ်သူနေရစ်ခဲ့မလဲ မသိဘူး"

"ကျုပ် နေခဲ့မယ်"

ဂူဗီသိုင်းဆရာ ကျင်းတုံနှင့် ရှောင်လင်ဆရာတော် ဝိရှမ်းတို့သည် တရားမမှုလိုက်စားသူများပီပီ သွေးထွက်သံယိုမှုများကို ရှောင်ရှားလိုဟန်တူသည်။

ထို့ကြောင့် ယခုကဲ့သို့ နေရစ်ခဲ့ရန် ပြောဆိုလိုက်ခြင်း ဖြစ်သည်။

ကို့ထင်းက ဂူဗီသိုင်းဆရာ ကျင်းတုံနှင့် ရှောင်လင်ဆရာတော် ဝိရှမ်းတို့ကို ကျေးဇူးတင်စကား ဆိုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...

စာရွက်ကို သေချာလိပ်ပြီး မြေကျင်းတဲသို့ ပြန်လည်ဝှက်ထား လိုက်သည်။

သူတို့လူစုသည် လိုဏ်ဂူတဲမှ ပြန်ထွက်ကာ အမိုက်ဂေဟာ သို့ ပြန်လာခဲ့ကြသည်။

အမိုက်ဂေဟာသို့ ပြန်ရောက်သည်နှင့် ခရီးထွက်ရန် အမှု တာပြင်း ပြင်ဆင်ကြတော့သည်။

ကျင်းစုံနှင့် ရှောင်လင်ဆရာတော် ဝီရှမ်းတို့က အမိုက်ဂေဟာ တွင် ကျန်နေရစ်ခဲ့ကြသည်။

ကို့ထင်းတို့ကမူ ကျောက်စိမ်းတောင်သို့ ဦးတည် ထွက်ခွာ သွားကြလေတော့သည်။

* ◆ *

## ခရီး

ကျောက်စိမ်းတောင်သည် အမှန်စင်စစ် ဝေးလွန်းလှသည် မဟုတ်ချေ။

ရှစ်မိုင်ခရီးမျှသာ ရှိသည်။

သူတို့သည် ခပ်သွက်သွက် ခရီးနှင်လာကြရာ မကြာမီ ကျောက်စိမ်းတောင်သို့ ရောက်ရှိသွားကြသည်။

ကို့ထင်းက လက်ထဲတွင် ရေးမှတ်ထားသော မြေပုံကို သေ ချာကြည့်ပြီးမှ ကျောက်စိမ်းတောင်ကို အကဲခတ်ကြည့်သည်။

ထို့နောက် ...

သူ၏အကြံအစည်ကို တင်ပြလိုက်သည်။

"ကိုကောင်းဆွဲထားတဲ့ မြေပုံအတိုင်းဆိုရင် သူတို့က ကျောက် စိမ်းတောင် အနောက်ဘက်မှာရှိတဲ့ လှိုဏ်ထဲမှာပဲ ရှိရမယ်၊ ဒါပေမယ့် ...သူ့ရဲ့ တောင်ချောက်ထဲ ဝင်မိမှာလည်း စိုးရိမ်ရတယ် မဟုတ်လား၊ ...သည်တော့ ကျုပ်တို့ လူစုခွဲပြီး သွားကြရင် မကောင်းဘူးလား"

ချိန်ဟုတ်က ခေါင်းခါလိုက်သည်။

"မလိုပါဘူးဗျာ၊ သည်နေ့ ကျုပ်တို့က အကြမ်းနည်း သုံးရ ...ဲ့ မဟုတ်လား၊ သည်တော့ ဖြောင့်ကျကျ သွားတာပဲ ကောင်း ...တယ်"

ကို့ထင်းက ...

www.burmeseclassic.com



“ခင်ဗျား သည်လိုပြောမှတော့ ကျုပ် လက်ခံရမှာပေါ့ဗျာ”

ထို့နောက် ကိုထင်းသည် အချိန်မဖြုန်းတော့ဘဲ ကျောက်စိမ်းတောင်ပေါ်သို့ ဦးဆောင်တက်သွားတော့သည်။

ကိုထင်းနောက်မှ လီပေါ့ကကပ်၍ လိုက်ပါသွားလေသည်။

မကြာမီ ...

တောင်ထိပ်ပေါ်သို့ ခြေချမိကြသည်။

ကိုထင်းက မြောက်ဘက်ရှိ တောင်ကြားတစ်ခုသို့ ညွှန်ပြ၍ ရှင်းလင်းပြောပြလိုက်သည်။

“မြေပုံပေါ်က ညွှန်ပြတဲ့အတိုင်းဆိုရင် အဲသည်လှိုဏ်ထဲမှာပဲ ရှိရမယ်”

လုံယွှမ်၏ မျက်ခုံးအစုံ အလယ်တွင် ပေါင်းစည်းမိသည်အထိ မျက်မှောင်ကြုတ်ပြီး အလေးအနက် စဉ်းစားသည်။

ထို့နောက် ...

ကိုထင်းအားကြည့်ကာ တစ်စုံတစ်ခု စဉ်းစားမိဟန်ဖြင့် ...

“ကိုထင်း ... ခင်ဗျား တစ်ခု စဉ်းစားမိလား”

ဟု မေးမြန်းလိုက်သည်။

ကိုထင်း မျက်မှောင်ကြုတ်သွားပြီး ...

“ဘာကိုလဲ ... ပြောပါဦး”

လုံယွှမ်က ...

“ခင်ဗျားရဲ့ အဖွဲ့ဝင်တွေ သုံးရာကျော် ပါသွားတယ်နော်”

“ဟုတ်တယ်လေ ...”

“အဲသည်အထဲမှာ သိုင်းပညာ ကျွမ်းကျင်တဲ့လူ ဘယ်နှစ်ယောက်လောက် ရှိသလဲ”

ကိုထင်းက ...



“နှစ်ရာဝန်းကျင်လောက်တော့ ရှိမှာပေါ့၊ ကျန်တာတွေကတော့ အမျိုးသမီးနဲ့ ကလေးတွေပဲ၊ သိုင်းပညာတတ်ရင်လည်း ဘာမှ အရာရောက်မှာ မဟုတ်ဘူး”

ဟု ရှင်းပြလိုက်သည်။

လုံယွှမ်က ဆက်လက် စူးစမ်းမေးမြန်းပြန်သည်။

“ခင်ဗျားက ကျိုကောင်းရဲ့ မှတ်စုကို ဖတ်ထားတယ်ဆိုတော့ အဲသည် သိုင်းပညာတတ်တဲ့ လူတွေထဲမှာ ဝါးကျင်းဘက် ပါသွားတဲ့လူ ဘယ်နှစ်ယောက် ရှိသလဲဆိုတာ သိမှာပေါ့”

ကိုထင်းက အနည်းငယ် စဉ်းစားလိုက်ပြီး ...

“အမည်းစက်ပါတဲ့ လူနာမည်က တစ်ရာခုနစ်ဆယ်လောက် ရှိတယ်”

ဟု ပြောလိုက်သည်။

လုံယွှမ် အံ့အားသင့်သွားကာ ...

“ဒါဆိုရင် သိုင်းပညာတတ်တဲ့ လူတွေထဲမှာ ငါးပုံ လေးပုံလောက်က ဝါးကျင်းရဲ့လူတွေ ဖြစ်နေပြီပေါ့”

ဟု မှတ်ချက်ချလိုက်သည်။

ကိုထင်းက မသက်မသာ သက်ပြင်းရှိုက်လိုက်သည်။

“ဟုတ်တာပေါ့၊ ဒါတွေပြောနေလည်း ဘာအကြောင်းထူးမှာမို့လဲ၊ စိတ်အနှောင့်အယှက် ဖြစ်စရာ မပြောပါနဲ့တော့ဗျာ”

ကိုထင်းသည် သူ့အဖြစ်ကို မစဉ်းစားချင်အောင်ပင် စိတ်နာနေဟန်ဖြင့် ဟန့်တားလိုက်ခြင်း ဖြစ်သည်။

လုံယွှမ်က ...

“ခင်ဗျားရဲ့ ကြိုးစားမှုက အရာမရောက်တဲ့အပြင် သူများအတွက် လူအင်အား စုစည်းပေးလိုက်သလို ဖြစ်မနေဘူးလားဗျာ”

www.burmeseclassic.com

www.burmeseclassic.com



ဟု အပြစ်တင်သော လေသံဖြင့် ပြောလိုက်သည်။

ကိုထင်းက ပင့်သက်ရှိုက်လိုက်သည်။

"ခင်ဗျားအပြစ်တင်လည်း ကျုပ်က ခံရမှာပါပဲ၊ ခင်ဗျားပြောသလို ဖြစ်နေပြီကိုး၊ ဒါပေမယ့် မျှော်လင့်ချက် လုံးဝမရှိဘူးလို့ မပြောနိုင်သေးပါဘူး၊ သူတို့ကို အမိုက်ကျေးရွာကို ပြန်ခေါ်လာနိုင်ရင် ကျုပ် သူတို့ကို အပိုင်ကိုင်နိုင်ပါတယ်"

ကိုထင်းက စိတ်မလျှော့သေးဘဲ သူ၏ အကြံအစည်ကို ဆက်လက် အကောင်းအထည်ဖော်ရန် ကြံရွယ်ထားဟန်တူသည်။

လုံယွမ်က ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်သည်။

"သူတို့ကို လူစုံတတ်စုံ အရောက် ပြန်ခေါ်လာနိုင်ဖို့ဆိုတာ လွယ်မှာမဟုတ်ဘူး"

ဤတွင် ...

လီဟေးက နားမရှင်းဟန်ဖြင့် ဝင်မေးသည်။

"ဘာဖြစ်လို့လဲဗျာ"

လုံယွမ်က ...

"မောင်ရင်က အမိုက်ကျေးရွာအကြောင်း သေသေချာချာမှ မသိသေးဘဲကိုး၊ အမိုက်ကျေးရွာမှာ ရှိတဲ့ သိုင်းသမားအကျော်အမော်တွေထဲမှာ လူဆိုးလူမိုက်တွေ အတော်များများပါတယ်၊ သူတို့ကို အိမ်အရောက်ပြန်ခေါ်ပြီး အရက်သေစာနဲ့ ချွေးသိပ်ထားရင်လဲ တာရှည်ခံမှာ မဟုတ်ဘူး၊ အပြင်လူတွေက သူတို့ကို နည်းအမျိုးမျိုးနဲ့ မြူဆွယ်ကြတဲ့အခါ သူတို့ရဲ့ ဆိုးသွမ်းမိုက်ကန်းတဲ့ စရိုက်ဟောင်းတွေ ပြန်ပေါ်လာမှာပဲ၊ အဲသည်အခါကျရင် အလျှင်တုန်းကထက်ပိုတောင် ဆိုးသွားနိုင်တယ်"

ဟု ရှင်းပြလိုက်၏။



ထိုအခါကျမှ လီဟေး သဘောပေါက်သွားတော့သည်။

လီဟေးက ဦးခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ပြီး ...

"ဘကြီး ရှင်းပြတော့မှ ကျွန်တော် သဘောပေါက်တော့တယ်၊ သူတို့က တကယ် မိုက်ကန်းတယ်၊ ပြုပြင်လို့ မရတော့ဘူးဆိုရင် ကျွန်တော်တို့က အဲသည်လူကိုရွေးပြီး ခပ်ပြတ်ပြတ်လုပ်ဖို့ ကောင်းတာပေါ့၊ ဒါမှလည်း အခြားလူတွေက အလိုလို ရှိန်သွားကြမယ် မဟုတ်လား"

လီဟေးက စေတနာသန့်သန့်ဖြင့် အကြံပြုလိုက်ခြင်းဖြစ်၏။

စုမာဖုံးက ထောက်ခံလိုက်သည်။

"ခင်ဗျားပြောတာ မှန်ပါတယ်၊ ကျုပ်လည်း သည်လိုပဲစဉ်းစားမိတယ်၊ မကောင်းတဲ့လူကို ဖယ်ရှားတဲ့နေရာမှာ ခပ်ပြတ်ပြတ်လုပ်တာပဲကောင်းတယ်၊ သိပ်ပြီး ဆိုးသွမ်းမိုက်မဲတဲ့ လူအချို့ကို သတ်လိုက်ရင်လည်း လူသတ်တဲ့ဝါဒကို ရွံရှာစက်ဆုပ်တဲ့ ကျုပ်တို့ရဲ့ အယူဝါဒနဲ့ ဆန့်ကျင်နေတယ်၊ သည်တော့ မူလကတည်းက အဲသည်လိုလူမျိုးတွေကို မရွေးတာ ကောင်းတယ်၊ ရွေးမိရင်လည်း ချက်ချင်း ဖယ်ရှားလိုက်တာ အကြောင်းဆုံးပဲ"

ကိုထင်းက ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားတို့ပြောတာ ကျုပ် လက်ခံပါတယ်၊ လိုအပ်လာရင် ဘာမှ အားမနာနဲ့၊ ပြတ်ပြတ်သားသား လုပ်လိုက်ပေတော့"

ကိုထင်းက သဘောတူလိုက်၏။

ဟန်ရှောင်က ကိုထင်းအားကြည့်ကာ သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"ကိုထင်း ... နေရာတကာမှာ သံယောဇဉ် မထားနဲ့၊ မို့မို့ဆို သူတို့က ခင်ဗျားရဲ့ အားနည်းချက်ကို အသုံးချမှာပဲ၊ အဲသည်အခါ

www.burmeseclassic.com



ကျရင် ခင်ဗျာလည်း လုပ်သည့်လုပ်ထိုက်တာမှန်း သိလျက်နဲ့ တွန့်ဆုတ်သွားမှာပဲ”

ဟု ဖေဖန်လိုက်၏။

ကိုထင်းက ခေါင်းညိတ်လိုက်သည်။

“စိတ်ချပါ ... သည်တစ်ခါတော့ ကျုပ် စိတ်ခိုင်ခိုင်ထားပါမယ်၊ သူတို့ရဲ့ ဇာတိရုပ်ကိုလည်း သေသေချာချာ သိလိုက်ရပြီပဲ၊ ဘယ်နည်းနဲ့မှ တွန့်ဆုတ်သွားမှာ မဟုတ်ပါဘူး”

သူက ပတ်ဝန်းကျင်အား တစ်ချက် အကဲခတ်ကာ ဆက်ပြောလိုက်သည်။

“ကဲ ... ကျုပ်တို့ အချိန်ရှိတုန်း သွားကြရအောင်”

အားလုံး သဘောတူလိုက်သည်။

မကြာပါချေ ...။

သူတို့လူစု ဆက်လက်လျှောက်လာကြရာ လှိုဏ်ထဲသို့ ရောက်ရှိသွားကြသည်။

သို့သော် ...

လှိုဏ်အဝသို့ ရောက်သည်နှင့် အဝါရောင် ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်က သူတို့၏ရှေ့တွင် ဝင်ရောက်ကာ ပိတ်ဆို့ထားလိုက်သည်။

❋ ◆ ❋

အဝါရောင် ဝတ်ဆင်ထားသော အဘိုးအိုက လမ်းပိတ်ထားလိုက်သည်။

ထိုအဘိုးအိုအားမြင်လျှင် လီပေား ဒေါသထောင်းခနဲ ထွက်သွားသည်။



“ဟေ့လူကြီး ... ခင်ဗျားက လူအများအားကိုးပြီး ကျုပ်ကို ဝိုင်းတိုက်ခိုက်တာတောင် အနိုင်မရဘူး မဟုတ်လား၊ ဒါတောင်မှ မျက်နှာပြောင်တိုက်ပြီး ကျုပ်နဲ့ လာတွေ့ရဲသေးတယ်၊ တကယ်ကို အရှက်မရှိတဲ့လူပဲ”

အဝါရောင် ဝတ်ဆင်ထားသော အဘိုးအိုမှာ ကျောက်ဖုံးဆိုသူပင် ဖြစ်သည်။

လီပေား၏ စကားအဆုံးတွင် ကျောက်ဖုံးက ဟက်ခနဲ ရယ်မောလိုက်သည်။

“ဟေ့ ကောင်စုတ်လေး ... ငါက မင်းရဲ့အသက်ကို ခြွေဖို့ သက်သက်လာခဲ့တာပဲ၊ မင်း ငါ့ကို မတောင်းပန်တဲ့အပြင် ကြီးကြီးကျယ်ကျယ် လာပြောသေးတယ်၊ မင်းက လောကကြီးကို ငြီးငွေ့နေပြီထင်တယ်၊ ဘာလဲ ... စောစော့သေချင်နေပြီလား”

ကျောက်ဖုံးသည် ပြောရင်း ချိန်ဟုတ်ကို မမျှော်လင့်ဘဲ တွေ့သွားသည်။

ထို့ကြောင့် ...

ချိန်ဟုတ်ဘက်သို့ လှည့်၍ အေးစက်သောအပြုံးဖြင့် နှုတ်ဆက်လိုက်သည်။

“ဘယ်လိုလဲ ချိန်ဟုတ် ... ခင်ဗျားအခုထိ အသက်ရှင်နေတုန်းပဲလား၊ အသက်တယ်ရှည်တာကိုး”

ကျောက်ဖုံးက မြင်မြင်ချင်း လှောင်ပြောင်ကာ ပျက်ရယ်ပြုလိုက်သည်။

ချိန်ဟုတ်က နှာခေါင်းရှုံ့လိုက်သည်။

“ခင်ဗျားတောင် အခုထိ မသေသေးဘူး၊ ကျုပ်က ဘာဖြစ်လို့ သေရမှာလဲ၊ ဒါပေမယ့် ခင်ဗျားမျက်နှာပေါ်မှာ အရိပ်မည်းကြီး သမ်း

www.burmeseclassic.com



နေသလိုပဲ၊ ကျုပ် စိတ်ထင်တော့ သည်နေ့ဟာ ခင်ဗျားရဲ့ သေနေ့ပဲ ဖြစ်လိမ့်မယ်"

ကျောက်ဖုံးက စိတ်မဆိုးသည့်အပြင် ဟားတိုက်ကာ ရယ်မော လိုက်သည်။

"ဟော့ ချိန်ဟုတ် ... သိပ်လည်း အာမချောင်ပါနဲ့ကွာ၊ ကျုပ် သေလို့ ခင်ဗျားက မသာလိုက်ပို့မယ်ဆိုလည်း ခင်ဗျားကို ကျုပ်က ကျေးဇူးတင်မှာပဲ"

ကျောက်ဖုံးက စကားကို ခေတ္တရပ်လိုက်ပြီး ကို့ထင်းကို လှည့် ကြည့်လိုက်သည်။

ပြီးနောက် ...

ဟန်ပါပါဖြင့် မေးမြန်းလလိုက်သည်။

"ခင်ဗျားရဲ့ အမိုက်ကျေးရွာထဲမှာ လူဘယ်နှစ်ယောက် ကျန် သေးသလဲဆိုတာ သေချာ စစ်ကြည့်ပြီးပြီလား"

ကျောက်ဖုံးက ကို့ထင်းစိတ်ကို ဆွပေးလိုက်သည်။

ကို့ထင်းက ...

"ကျုပ်က သေချာမစစ်ဆေးဘဲ သည်ကိုလိုက်လာတာပါမလား ကွ၊ ကဲ ... ကျုပ်မေးမယ်၊ ဝါးကျင်း အခု ဘယ်ရောက်နေသလဲ"

ကျောက်ဖုံးက ပြုံးဖြီးဖြီးမျက်နှာပေးနှင့် အေးစက်စက် တုန့် ပြန်လိုက်သည်။

"ကို့ထင်း ... ခင်ဗျားကိုကြည့်ရတာ စေ့စေ့စပ်စပ် သိထား သလိုပဲ၊ ဟုတ်ရဲ့လား"

ကျောက်ဖုံးက ခနဲ့လိုက်သည်။

"ကျုပ်က တော်းမှမဟုတ်ဘဲ၊ သည်လောက်တော့ သိရမှာပေါ့ ကျိကောင်း အဆောကြီးကတည်းက ကျုပ်ကို သတိပေးလျက်နဲ့ သူ့



စကားကို နားမထောင်မိတာ ကျုပ် အကြီးအကျယ် မှားသွားတယ်၊ နို့မဟုတ်ရင် အခုလိုဖြစ်မှာ မဟုတ်ဘူး"

ကျောက်ဖုံးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ကျုပ်လည်းပဲ ကျိကောင်းကို မေ့နေတယ်၊ သည်အတိုင်းဆိုရင် ကျုပ်တို့က ကျိကောင်းဆင်ထားတဲ့ ထောင် ချောက်ထဲ ဝင်မိနေပြီထင်တယ်"

ကျောက်ဖုံး၏လေသံမှာ ရန်စနေသည့် အရိပ်လက္ခဏာများ ပါနေသည်။

လီဟေးက မအောင့်နိုင်တော့ဘဲ ရှေ့သို့ တိုးလိုက်၏။

"ဟော့လူကြီး ... သတ္တိရှိရင် ကျုပ်တို့ သိုင်းကွက်တစ်ရာ လောက် ထပ်ပြိုင်ကြရအောင်"

လီဟေးက စိတ်လိုက်မာန်ပါ ဒေါသတကြီးဖြင့် စိန်ခေါ် လိုက်သည်။

သို့သော် ...

ကျောက်ဖုံးက လက်မခံပါ။

လိမ္မာပါးနပ်စွာဖြင့် ငြင်းပယ်လိုက်သည်။

"ငါအခု အချိန်မရှိဘူးကွ၊ ပြိုင်ချင်ရင် လှိုဏ်ထဲဝင်ပြီးမှ ပြိုင် ကြတာပေါ့"

ကျောက်ဖုံးစကားကို ကြားလျှင် လှိုဏ်ထဲတွင် တစ်ခုခု စီစဉ် ထားကြောင်း ထင်ရှားနေ၏။

လီဟေးက မည်သို့ပြန်ဖြေရမှန်း မသိအောင် ဖြစ်သွားရှာ လေသည်။

ဤတွင် ...

ချိန်ဟုတ်ကဝင်၍ အော်ငေါက်ပြောကြားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျောက်ဖုံး ... မင်းတို့က တယ်လည်း ကောက်ကျစ်တာကိုး၊ မင်းတို့က လှိုဏ်ထဲမှာ ဘယ်လိုထောင်ချောက်မျိုးပဲ ဆင်ထားပါစေ၊ ကျုပ်တို့ကတော့ ဝင်တိုးရမှာပဲ"

ချိန်ဟုတ်၏စကားက ရှင်းသည်။ သတ္တိပြောင်သည်။

ကျောက်ဖုံးက ပြုံးလိုက်သည်။

"ဒါဆိုလည်း ဝင်ပေါ့ဗျာ"

သူက မခံချင်အောင်ဆွပေးရင်း တိုက်တွန်းလှုံ့ဆော်လိုက်၏။

ကိုထင်းက ရှေ့တိုးလာသည်။

ကျောက်ဖုံးအား စေ့စေ့ကြည့်ရင်း ...

"အခုဟာက ကျုပ်လူတွေကြောင့် ပြဿနာပေါ်ခဲ့တာပဲ၊ ကျုပ်က ရှေ့က ဦးဆောင်ရမှာပေါ့"

ကိုထင်းသည် စကားဆုံးလျှင် လှိုဏ်ထဲသို့ ဦးတည်လျှောက်သွားသည်။

"ကြွပါ ..."

ကျောက်ဖုံးက ဘေးသို့ ရှောင်ပေးလိုက်ပြီး ငေါ့တော့တော့လေသံဖြင့် ကြိုဆိုလိုက်ခြင်း ဖြစ်သည်။

ချိန်ဟုတ်နှင့် လီယောတို့သည် ကိုထင်းနောက် ချက်ချင်းလိုက်သွားသည်။

လုံယွမ်နှင့် ဟန်ရှောင်တို့မှာ လိုက်ပါသွားခြင်း မရှိဘဲ ကျောက်ဖုံး၏ဘေးတွင် ရပ်ကျန်ခဲ့ကြ၏။

ကျောက်ဖုံးက မျက်မှောင်ကြုတ်သွားသည်။

ဟန်ရှောင်တို့အား အကဲခတ် ကြည့်ရင်း ...

"ခင်ဗျားတို့ကော အထဲမဝင်ဘူးလား"

ဟု မေးလိုက်သည်၊



လုံယွမ်က ပြုံးလိုက်သည်။

"ဝင်မှာပေါ့ ... ဒါပေမယ့် ခင်ဗျား လမ်းပြလုပ်မှ ဖြစ်မယ်"

သူက ပညာသားပါပါဖြင့် ပြန်ဖြေလိုက်သည်။

ထိုအချိန်တွင် ...

ချိရသေ့၊ ဂူဟောင်းနှင့် စုမာဖုံးတို့သည် လှိုဏ်ထဲသို့ စတင်ဝင်ရောက်သွားပြီ ဖြစ်၏။

လုံယွမ်၏စကားကို ကြားလျှင် ကျောက်ဖုံး တစ်ချက်တွေဝေသွားသည်။

အတန်ကြာမှ ...

လုံယွမ်တို့အား စူးစိုက်ကြည့်ရင်း ...

"ဘာလဲ ... ထောင်ချောက်တစ်ခုခု ဆင်ထားမှာ ကြောက်လို့လား"

ဟု ခနဲ့တဲ့တဲ့ မေးမြန်းလိုက်၏။

လုံယွမ်က ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်တယ် ... ကျုပ်က တခြားလူကို ယုံချင်ယုံမယ်၊ ခင်ဗျားကိုတော့ ဘယ်နည်းနဲ့မှ မယုံဘူး"

ဟု ပြောလိုက်၏။

ကျောက်ဖုံးက အားပါးတရ ရယ်မောလိုက်၏။

"ဟား ... ဟား ... ဟား ..."

"ဒါဆိုရင် ကျုပ်လည်း ခင်ဗျားတို့နဲ့အတူ ဝင်ရုံပဲရှိတယ်"

လုံယွမ်က ပျာပျာသလဲ လက်ကာပြလိုက်သည်။

"ကျုပ်တို့နဲ့အတူ လိုက်မဝင်နဲ့၊ ခင်ဗျားတစ်ယောက်တည်း ...တ ကြွပေတော့"

ကျောက်ဖုံးက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ဝင်မယ်လို့ ပြောပြီးပြီပဲ၊ ဘာလော်နေစရာ လိုသလဲ"

ဟု ပြန်ရန်တွေ့လိုက်သည်။

ထို့နောက် ...

စုမာဖုံးတို့နောက်သို့ ခြေလှမ်းကျဲကျဲဖြင့် ပြေးလိုက်သွားလေတော့သည်။

သူတို့သည် ကျောက်ဖုံးကို အလစ်မပေးပါ။

ကျောက်ဖုံး၏ လှုပ်ရှားမှုကို ဂရုတစိုက်ကြည့်ရင်း လိုက်ပါသွားကြ၏။

ယခု ရောက်ရှိသောလျှို၏ အကျယ်အဝန်းမှာ အမိုက်ကျောရှားကဲ့သို့ သစ်ပင် ပန်းမာန်များနှင့် နေအိမ်များ ပေါများခြင်း မရှိပေ။

ယခုအချိန်တွင် ကို့ထင်းတို့ လူစုက လျှိုထဲရှိ စမ်းချောင်းတစ်သွယ်နံဘေးသို့ ရောက်ရှိနေပြီ ဖြစ်သည်။

စမ်းချောင်းဟိုဘက်သို့ ကြည့်ပါက အိမ်တန်းလျားတစ်ခုကို မြင်တွေ့ရသည်။

အိမ်တန်းလျားရှေ့တွင် ကိုယ်ကြပ်ဝတ်စုံ ဝတ်ဆင်ထားသော လူတစ်ချို့ကို တွေ့ရသည်။

အိမ်တန်းလျား တစ်ဘက်တစ်ချက်တွင် ကင်းတဲနှစ်လုံးရှိသည်။

ယင်းကင်းတဲနှစ်လုံးမှာ နှစ်ထပ်ဖြစ်ပြီး ရဲတိုက်မျှော်စင်နှင့်တူနေ၏။

ကို့ထင်းက သူ့နောက်မှ လိုက်ပါလာသော ချိန်ဟုတ်ကို လှည့်ကြည့်လိုက်ပြီး ...

"သူတို့တွေ သည်အိမ်တန်းလျားထဲမှာပဲ ရှိမယ်ထင်တယ်"

ဟု ပြောလိုက်၏။



ချိန်ဟုတ်က ခေါင်းညိတ်လိုက်သည်။

"ဖြစ်နိုင်တယ်၊ ဂူးလျှံနဲ့ ဝါးကျင်းတို့လည်း အိမ်ထဲမှာ ရှိချင်နေနိုင်တယ်"

"ဒါဆိုရင် မြန်မြန်သွားကြမှ ဖြစ်မယ်"

ကို့ထင်းက လော်ဆော်လိုက်၏။

ထို့နောက် ...

သူက စမ်းချောင်းလေးကို လွှားခနဲ ခုန်ကျော်လိုက်သည်။

ပြီးနောက် ...

အိမ်တန်းလျားဘက်သို့ လှမ်း၍ အော်ကြီးဟစ်ကျယ် ကြိမ်းလိုက်၏။

"ဟေ့ ဝါးကျင်း ... သစ္စာဖောက်၊ မြန်မြန်ထွက်လာခဲ့စမ်း"

အိမ်တန်းလျားရှေ့တွင် ရပ်နေသော ကိုယ်ကြပ်ဝတ်စုံရှင်တို့သည် ကို့ထင်းတို့လူစု ရောက်လာသည်ကို မြင်လည်းမြင်သည်။

ကို့ထင်း အော်ငေါက်လိုက်သော အသံကို ကြားလည်းကြားသည်။

သို့သော် ...

သူတို့သည် လုံးဝ ဂရုမစိုက်ဘဲ မားကိုယ်စီပိုက်လျက် နေရာတွင် မလှုပ်မယှက် ရပ်နေကြ၏။

ကျောက်ဖုံး ဟက်ခနဲ ရယ်မောလိုက်သည်။

"ဟေ့လူ ... ခင်ဗျား ဘာတွေအော်နေတာလဲ၊ ရောက်နေပြီပဲ၊ အိမ်ထဲဝင်ကြည့်ပါလား"

ကျောက်ဖုံး၏ လေသံအရဆိုလျှင် ကို့ထင်းရှာလိုသောလူမှာ အိမ်ထဲတွင် ရှိနေသည်ဟု ယူဆစရာအကြောင်း ရှိပေသည်။

ကို့ထင်း၏ မျက်နှာသည် တင်းခနဲ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"သည်မှာကိုယ့်လူ ... ကျုပ်ကို မခံချင်အောင် ဆွမပေးနဲ့၊ ခင်ဗျားမပြောလည်း ကျုပ်က အထဲဝင်ကြည့်ဖို့ ဆုံးဖြတ်ထားပြီး သားပါ"

ကိုထင်းက ခက်ထန်သောလေသံဖြင့် တုန့်ပြန် ဖြေကြား လိုက်သည်။

ထို့နောက် ကိုထင်းသည် တဲအိမ်ရှိရာသို့ ခြေလှမ်းကျဲကျဲဖြင့် လှမ်းသွားလိုက်သည်။

လီဟောနှင့် စုမာဖုံးတို့တို့က ကိုထင်း၏ ဝဲယာတွင် ခြံရံလျက် လိုက်ပါသွားသည်။

သူတို့သုံးဦးသည် တခဏအတွင်းမှာပင် တဲအိမ်ရှေ့သို့ ရောက် သွားကြသည်။

ထိုအခါ ...

ကိုယ်ကြပ်ဝတ်စုံရှင် နှစ်ယောက်က ဓားဖြင့် ကာဆီးလိုက်၏။

"ဖယ်စမ်း ..."

ကိုထင်းက ဓားသမားနှစ်ယောက်ကို အော်ငေါက်လိုက်သည်။

တစ်ဆက်တည်းပင် ...

အကျီလက်နှစ်ဖက်ဖြင့် ဝေ့ယမ်းလိုက်သည်။

"ဗိုး ... ဗိုး ..."

"ဝုစ် ... ဝုစ် ..."

"အား ..."

"အွန့် ..."

ဓားသမား နှစ်ယောက်တို့သည် မိုးကြိုးပစ်ခံလိုက်ရသည့် အလား စူးရှနက်ကျောသော အော်သံကြီး ကျယ်လောင်စွာ ထွက်ပေါ် လာသည်။



အော်သံနှင့်အတူ ဓားသမားနှစ်ယောက်၏ လက်ထဲမှ ဓားများ လွတ်ကျသွား၏။

ဓားနှင့်အတူ သူတို့၏ ခန္ဓာကိုယ်မှာလည်း နောက်သို့ လန် ကျသွားသည်။

ကိုထင်းက ဒေါသစိတ် မွှန်နေပြီဖြစ်၍ သူ၏တိုက်ကွက်မှာ အားမာန်ပြည့်သည်။

ကိုထင်း၏ ဓားပျံကို မရှောင်နိုင်ဘဲ အထိနာသွားခြင်း ဖြစ် ပေသည်။

ကိုထင်းသည် ဓားသမားနှစ်ယောက်ကို ဖယ်ရှားပြီးနောက် တဲအိမ်ရှိရာသို့ တန်းတန်းမတ်မတ် လျှောက်သွားလေတော့သည်။

❋ ◆ ❋

www.burmeseclassic.com

www.burmeseclassic.com

## ရင်ဆိုင်ပွဲ

ကိုထင်းသည် ဒေါသအရှိန် အမြင့်ဆုံးသို့ ရောက်ရှိသွားသည်။

အကြောက်အရွံ့ မရှိဘဲ အိမ်တံခါးဝဆီသို့ မရွံ့မဆုတ် လျှောက်သွားသည်။

သို့သော် ...

အိမ်တံခါးဝဆီသို့ လှမ်းဝင်မည်ပြုစဉ် လူရိပ်သဏ္ဍာန်နှစ်ခုက အိမ်တွင်းမှ ရိပ်ခနဲ ထွက်လာသည်။

ထို့ကြောင့် ...

ကိုထင်းက နောက်သို့ ချက်ချင်း ခုန်ဆုတ်လိုက်သည်။

မည်သူတွေ ဖြစ်လေမည်နည်း။

လီဟောက အိမ်ထဲမှ ထွက်လာသော လူနှစ်ယောက်ကို အသေအချာ အကဲခတ် ကြည့်လိုက်သည်။

အမျိုးသမီးနှစ်ယောက် ဖြစ်နေသည်။

ရှေ့မှ ဦးဆောင်လာသူမှာ မရဏစံအိမ်မှ ဝူးလျှံဆိုသည့် မိန်းကလေးဖြစ်သည်။

ဝူးလျှံနောက်မှ ကပ်ပါလာသူမှာ အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းမချောလေးတစ်ယောက် ဖြစ်သည်။

ထို မိန်းမချောလေးမှာ ဝါးကျင်းဖြစ်လိမ့်မည်ဟု လီဟောက တွေးမိသည်။



ဝူးလျှံသည် လီဟောကို မြင်လိုက်သည်နှင့် မျက်မှောင်ကြုတ်သွားသည်။

လီဟောက အဘယ်ကြောင့် ကိုထင်းတို့နှင့် လိုက်ပါလာရသနည်း။

ယင်းအချက်ကို ဝူးလျှံက စဉ်းစားချိန်ပင် မရလိုက်ပါချေ။

အဘယ့်ကြောင့်ဆိုသော် ...

ကိုထင်း၏ အော်ငေါက်သံက မိုးချုန်းသံကဲ့သို့ ဟိန်းထွက်သွားသောကြောင့် ဖြစ်သည်။

"ဟေ့ ... မင်းက မရဏစံအိမ်က ဝူးလျှံမဟုတ်လား"

ဝူးလျှံကပြုံးရင်း ...

"မှန်ပါတယ်၊ ရှင်က အမိုက်ကျေးရွာပိုင်ရှင် ကိုထင်းပဲ မဟုတ်လား"

ဟု ပြန်မေးလိုက်၏။

ကိုထင်းက နှာခေါင်းရှုံ့လိုက်သည်။

"ငါ ဘယ်သူလဲဆိုတာ မင်းမေးဖို့ လိုသေးသလား၊ မင်းနဲ့ ငါ သိတာလည်းမဟုတ်ဘူး၊ ဘာဖြစ်လို့ ငါ့လက်အောက်နဲ့ပေါင်းပြီး ငါ့ အိမ်သူအိမ်သားတွေကို ဖမ်းခေါ်သွားရတာလဲ၊ မရဏစံအိမ်က နာမည်ကြီးပေမယ့် ငါက လုံးဝ မကြောက်ဘူး"

ဟု ငေါက်လိုက်၏။

ဝူးလျှံက အသံထွက်အောင် ရယ်မောလိုက်၏။

"ကိုထင်း ... ကျွန်မလည်း အမိုက်ကျေးရွာကို မမှုဘူးဆိုတာ သိဖို့ ကောင်းပါတယ်"

ဝူးလျှံကလည်း အေးစက်သော လေသံဖြင့် ဆက်လက်မေးမြန်းပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကို့ထင်း ငြိမ်နေလိုက်သည်။

ဝူးလျှံက ဆက်လက် မေးမြန်းလိုက်ပြန်သည်။

"ရှင် ဘာကိစ္စနဲ့ သည်ကိုလာတာလဲ၊ ရှင့်လူတွေကို ပြန်ခေါ်ဖို့လား ..."

ကို့ထင်း ဒေါပွသွားပြီး ...

"ဟုတ်တော့ကော ဘာဖြစ်လဲ၊ မင်းက သူတို့ကို ပြန်မလွှတ်ချင်လို့လား"

ဟု ပြန်မေးလိုက်သည်။

ဝူးလျှံက ...

"ရှင်ကိုယ်တိုင် လာတာပဲ၊ ကျွန်မ ပြန်မလွှတ်လို့ ဖြစ်ပါ့မလား။ ဒါပေမယ့် တစ်ခုတော့ရှိတယ်"

ဟု ပြောလာသည်။

ကို့ ထင်း မျက်မှော်ကြုတ်သွားပြီ ....

"ဘာလဲ ... ပြောစမ်းပါဦး"

ဟု မေးလိုက်သည်။

ဝူးလျှံက နှစ်လိုဖွယ် ပြုံးလိုက်၍ ...

လေသံကိုလည်း အချိုသာဆုံး သကာလောင်း၍ အရေးဆိုလိုက်သည်။

"ကျွန်မ တစ်ခုတောင်းဆိုချင်တယ်"

ကို့ထင်း တွေဝေသွားသည်။

ပြီးမှ အလောတကြီး မေးလိုက်၏။

"ဘာကို့လဲ ..."

ဝူးလျှံက ...

"ရှင်က 'ကင်းဆိပ်ဓား'ကို ရလိုက်ပြီလို့ ပြောသံကြားတာယ်



တကယ်လို့ ရှင်ဟာ အဲသည်ဓားကို ကျွန်မလက်ထဲ အပ်မယ်ဆိုရင် ကျွန်မကလည်း ရှင့်လူတွေကို တစ်ယောက်မကျန် ပြန်လွှတ်ပေးမယ်၊ ဘယ့်နှယ်လဲ၊ အပေးအယူလုပ်တဲ့ သဘောပဲပေါ့ရှင်"

ဝူးလျှံက တီးခေါက်မေးစမ်းလိုက်ခြင်း ဖြစ်သည်။

ထိုသို့ ဖြစ်လာမည်ကို ကို့ထင်း လုံးဝ မမျှော်လင့်ခဲ့ပါချေ။

ကင်းဆိပ်ဓားသည် အန္တရာယ် ကြီးလေစွ။

ယခုလည်း ...

ကင်းဆိပ်ဓား ပြဿနာ ပေါ်လာပြန်ပြီ။

ကို့ထင်းသည် ရုတ်တရက် မည်သို့ ဆုံးဖြတ်ရမည်မှန်းမသိအောင် ဖြစ်သွားသည်။

ထို့ကြောင့် ...

ဝူးလျှံကပင် ဆက်လက်၍ တိုက်တွန်းလိုက်ပြန်သည်။

"ရှင်က အခြေအနေကို နားလည်ပြီးသားမို့ ကျွန်မပြောတာကို လက်ခံမယ်လို့ ယူဆပါတယ်၊ ဟုတ်ရဲ့လားရှင်"

ကို့ထင်းက မဲ့ပြုံးပြုံလိုက်သည်။

ဝူးလျှံအား စေ့စေ့ကြည့်ကာ ...

"မင်းက အပိုင်တွက်ထားပါလား၊ မင်းရဲ့ တွက်ကိန်း မှားနေပြီ၊ ငါက မင်းပြောတာကို ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး"

ဟု ငြင်းပယ်လိုက်သည်။

ဝူးလျှံ၏မျက်နှာ တင်းမာသွားသည်။

"ရှင်က ရှင့်လူတွေအတွက် ထည့်မစဉ်းစားတော့ဘူးလား၊ သူတို့ သေသွားမှာကို ရှင်က ကြည့်ရက်တယ်ပေါ့လေ"

လေသံအေးအေးဖြင့် သူမက ခြိမ်းခြောက်လိုက်၏။

ကို့ထင်း၏မျက်နှာ မည်းခနဲ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး …

"မင်းက တယ်လည်း ကြီးကျယ်ပါလားကွ၊ မင်းလက်ထဲက နေ ငါက ငါ့လူတွေကို ကယ်ထုတ်နိုင်မှာ မဟုတ်ဘူးလို့များ မင်း ထင်နေသလား"

ကိုထင်းက ဒေါသတကြီးဖြင့် အော်ငေါက်ကာ မေးမြန်းလိုက် လေသည်။

ဝူးလျှံက ပြုံးလိုက်သည်။

ကောက်ကျစ်သော အပြုံးမျိုး ဖြစ်သည်။

"ရှင် မယုံရင် ကျွန်မကလည်း ဘယ်လိုမှ မတတ်နိုင်ဘူး၊ ဒါပေမယ့် ကျွန်မက စကားတစ်ခွန်း ပြောရဦးမယ်၊ အမှန်ဆိုရင် ကျွန်မက ပြောချင်တာ မဟုတ်ဘူး၊ ဒါပေမယ့် ရှင်က ကျွန်မရဲ့ အကြံပေးချက်ကို ငြင်းနေတယ်ဆိုတော့ ကျွန်မ မပြောချင်လည်း ပြောရတော့မှာပဲ"

ကိုထင်းက …

"ငါက လူတစ်ဖက်သားအပေါ်မှာ သဘောထားကြီးကြီး ထား တတ်တယ်၊ မင်း ပြောမယ့်စကားက ဘယ်လောက်ပဲ ရိုင်းနေပါစေ ပြောမယ့်ဟာ ပြောသာပြောပါ"

ဟု သူက တည်ကြည်သော မျက်နှာထားဖြင့် …

"ရှင်က ကင်းဆိပ်ဓားကို ထုတ်မပေးဘဲ ငြင်းဆန်နေမယ် ဆိုရင် ဓားရော လူပါ ဆုံးရှုံးခံရလိမ့်မယ်"

ဟု ခြိမ်းခြောက်ပြောဆိုလာ၏။

ကိုထင်းက ပြက်လုံးတစ်ခုကို ကြားမိသည့်အလား အားပါး တရ ရယ်မောလိုက်သည်၊

"ဟား … ဟား … ဟား … လက်စသတ်တော့ မင်းက ငါ့ကို



ခြိမ်းခြောက်နေတာကိုး၊ မင်းကိုမင်း တော်တော် အထင်ကြီးပါလား ကွ၊ မင်းရဲ့ မရေရာစံအိမ်ကို ငါက ကြောက်နေမယ် ထင်နေလား"

ဝူးလျှံ ပြုံးလိုက်သည်။

"ကျွန်မကို ကျွန်မ အထင်ကြီးလို့ ပြောနေတာ မဟုတ်ပါဘူး၊ ဒါပေမယ့် အခုအခါမှာတော့ ကျွန်မက လက်ဦးမှုရနေပြီ၊ ရှင်ဘယ် လောက်ပဲ အကြံထုတ်ပေမယ့် နောက်ဆုံးတော့ အရှုံးပေးရမှာပါပဲ"

ဝူးလျှံတွင် မည်သို့သော အကြံအစည်မျိုး ရှိထားသည်မသိ။ လေသံက တစ်ချက်မျှ မလျှော့ပေ။

ကိုထင်း နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။

"မင်းက ကျောက်ဖုံးကို အတော် အားကိုးနေပုံ ရတယ်၊ ကျောက်ဖုံး တစ်ယောက် ရှိရုံနဲ့ ငါတို့က မင်းကို ဒူးထောက်အညံ့ ခံမယ်များ ထင်နေသလား၊ မင်းက လူတစ်ဖက်သားကို တော်တော် လေး အထင်သေးတတ်တာကိုး"

ဝူးလျှံ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မက ရှင့်ကို အထင်မသေးဝံ့ပါဘူး၊ ရှင်က လီယားကို အဖော်ခေါ်လာကတည်းက ရှင့်ကို ကျွန်မ အထင်မသေးဝံ့တာ အမှန် ပါပဲ၊ ပြီးတော့ နည်းမည်ကြီး သိုင်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်တွေနဲ့ သိုင်း လောကရဲ့ ထိပ်သီးငါးဦးထဲက လူတွေကပါ ရှင့်ကို အကူအညီပေး နေတာပဲ၊ ကျွန်မ ပိုတောင် အထင်မသေးဝံ့သေးတယ်၊ ဒါပေမယ့် ရှင့်ကိုကျွန်မ ပြောထားမယ်၊ ကျွန်မတို့လည်း လုံလောက်တဲ့လူ အင်အား ရှိနေတယ်ဆိုတာကို မမေ့လိုက်နဲ့ … "

"မင်းက အားကိုးအားထား ရှိတယ်ဆိုပြီး ငါ့ကို ခြိမ်းခြောက် နေတယ်ပေါ့၊ သည့်လိုဆိုလည်း ဆက်ပြောဖို့ ဘာလိုသေးလဲ၊ မင်းနဲ့ ငါ တစ်ပွဲတစ်လမ်း စမ်းကြည့်ကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် စိတ်မရှည်သော ကိုထင်းက စတင်စိန်ခေါ်လိုက်သည်။

ငှုံးလျှံက စိတ်မသက်မသာ ဖြစ်သွားဟန်ဖြင့် ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်၏။

"ရှင်က အခုထက်ထိ စိတ်မပြောင်းသေးဘဲကိုး၊ ကျွန်မက တော့ဖြင့် ရှင့်အတွက် နမြောလိုက်တာ၊ ရှင်တစ်ယောက်တည်း နစ်နာရုံ မကဘူး သိုင်းလောကရဲ့ ထိပ်သီးပုဂ္ဂိုလ်တွေလည်း ရှင့်ကြောင့် ဒုက္ခရောက်သွားနိုင်တယ်"

ဤတွင်...

စုမာဖုံးက မအောင့်အည်းနိုင်တော့ဘဲ ဝင်ရောက် ပြောမိလျက်သား ဖြစ်သွားသည်။

"ဟော့... ပြောချင်တာတွေ စွတ်ပြောမနေနဲ့၊ အချိန်ကြာတယ်"

စုမာဖုံးက ဒေါသအလျှောက် ငှုံးလျှံအား ငေါက်ငမ်းလိုက်လေသည်။

တစ်ဆက်တည်းပင်...

စုမာဖုံးက ကိုထင်းဘက်လှည့်ကာ သတိပေးစကား ပြောကြားလိုက်သည်။

"ဘကြီးကိုထင်း သူတို့နဲ့ အချိန်ကုန်ခံပြီး စကားပြောမနေပါနဲ့တော့"

ငှုံးလျှံ မျက်မှောင်ကြုတ်သွားသည်။

စုမာဖုံးအား အကဲခတ် ကြည့်ကာ...

"ရှင်က ဘယ်သူလဲ၊ အသက်ငယ်ငယ်ပဲ ရှိသေးတာ၊ သည်လောက်တောင် ဒေါသကြီးရသလား"

ငှုံးလျှံက စုမာဖုံးကို ဆွပေးလိုက်သည်။



စုမာဖုံးက ငှုံးလျှံအား အတန်ကြာသည်အထိ စူးစိုက်ကြည့်လိုက်သည်။

ထို့နောက်...

မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး...

"ကျုပ်က ခင်ဗျားရဲ့ မဟာရန်သူတစ်ယောက်ဆိုတာ သိထားဟ၊ သည်နေ့ဟာ ခင်ဗျား အသက်ရှင်တာ နောက်ဆုံးနေ့ပဲဆိုတာ မှတ်ထားလိုက်..."

ဟု ငေါက်လိုက်၏။

ထို့နောက်...

သူက ဒေါသကို မချုပ်တည်းနိုင်တော့ဘဲ ရှေ့သို့ တိုးကပ်သွားပြီး ငှုံးလျှံအား တိုက်ခိုက်ရန် လက်တစ်ဖက်ကို ရုတ်ခြည်း မြှောက်လိုက်၏။

ငှုံးလျှံ ကပျာကယာ ဘေးသို့ ရှောင်ထွက်သွားသည်၊

ငှုံးလျှံ မကျေမနပ် ဖြစ်သွားသည်။

"ရှင် တော်တော်ရိုင်းပါလား၊ ယောကျာ်းတစ်ယောက် ဖြစ်ပြီး အားနွဲ့တဲ့ မိန်းမသားတစ်ယောက်ကို အနိုင်ကျင့်ချင်တာ မရှက်ဘူးလား"

သူမက အပျော့ဆွဲဖြင့် စုမာဖုံးအား ရန်တွေ့လိုက်သည်။

စုမာဖုံး တွန့်သွားသည်။

အမှန်စင်စစ်...

သူက ပြဿနာကို အချိန်တိုအတွင်း အပြတ်ရှင်းချင်နေမိ၏။

သို့သော် ငှုံးလျှံက မိန်းမသားဟူသော စကားလုံးဖြင့် ကိုင်ပေါက်လာသဖြင့် စုမာဖုံးသည် ငှုံးလျှံကို တိုက်ခိုက်ရန် စိတ်မကူးတော့ဘဲ စိတ်ကို ပြန်ထိန်းထားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ...

ကိုထင်းက ဝူးလျှံအား လက်ညှိုးငေါက်ငေါက်ထိုး၍ ချေပပြောဆိုလိုက်သည်။

"ဟေ့ ... မင်းက မိန်းမသားကို အနိုင်ကျင့်ရမလားဆိုပြီး အပြစ်တင်နေတယ်၊ မင်းကတော့ မိန်းမသားဖြစ်လျက်နဲ့ ငါ့လူတွေကို အခုလို ဖမ်းချုပ်ထားတာကော ဘာအဓိပ္ပါယ်လဲ၊ စုမာဖုံးက မိန်းမသားဆိုပြီး အားနာနေပေမယ့် ငါကတော့ ဂရုမစိုက်ဘူးကွ"

ကိုထင်းသည် ပြောသည့်အတိုင်း လက်တွေ့ပြသသည့် အနေဖြင့် သူ၏ ညာလက်ကို ရုတ်ခြည်း လှုပ်ရှားလိုက်လေသည်။

ကိုထင်းက ပြင်းထန်လျင်မြန်သော လက်ဝါးချက်ဖြင့် ဝူးလျှံအား ဦးအောင် တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ဝူးလျှံက နောက်ဆုတ် ရှောင်တိမ်းလိုက်သည်။

ထို့နောက် ...

ဝါးကျင်းဘက်လှည့်၍ မထီလေးစား ပြောကြားလိုက်သည်။

"ဝါးကျင်း ... သည်အဘိုးကြီးကို ရှင်ပဲ တာဝန်ယူလိုက်ပါ၊ ရှင်က အဘိုးကြီးရဲ့ သိုင်းပညာကို အတွင်းကျကျ သိနေတယ်ဆိုတော့ ကျွန်မထက်စာရင် ရှင်က သူ့အပေါ် အနိုင်ယူဖို့ ပိုပြီး လွယ်ကူတာပေါ့၊ ကျွန်မပြောတာ မှန်တယ်ဟုတ်လား"

ဝါးကျင်း ပြုံးလိုက်သည်။

"စိတ်ချ ... ကျွန်မ တာဝန်ယူလိုက်ပါ့မယ်"

ဝါးကျင်းက ချက်ချင်းပင် အမိန့်နာခံပြီး သူမ၏ လက်တစ်ဖက်ကို အင်္ကျီထဲသို့ ထိုးသွင်းလိုက်သည်။

လက်ကို ပြန်ရုတ်လိုက်သည့်အခါတွင် ကျာပွတ်တစ်ချောင်း ပါလာသည်။



"ရှမ်း ... ရှမ်း ..."

ဝါးကျင်းသည် ကျာပွတ်ကို ဝှေ့ယမ်းလိုက်ရာ ကျာပွတ်လေတိုးသံ မြည်ဟည်းသွားသည်။

သူမသည် ကျာပွတ်ကို ဝှေ့ယမ်းရင်း ကိုထင်းကို စတင်တိုက်ခိုက်လိုက်သည်။

ကိုထင်း ဒေါသချောင်းချောင်း ထွက်သွားသည်။

သူ၏ မျက်နှာတစ်ခုလုံးလည်း တင်းမာခက်ထန်သွားသည်။

"သစ္စာဖောက်မ ... ငါက မင်းကို ယုံစားမိတာ အမှားပဲ၊ ငါက မင်းကို ကိုယ့်သမီးအရင်းလိုပဲ ဆက်ဆံတာကို မင်းက အခွင့်ကောင်းယူလိုက်တာပေါ့၊ အခုတော့ ငါ့ကျေးဇူးတွေကို ကျာပွတ်နဲ့ ပြန်ပြီး ကျေးဇူးဆပ်နေပါလား"

ကိုထင်းက ပြောရင်းမှ သူ့ထံသို့ ရိုက်ချလာသော ကျာပွတ်ကို ခုခံချေဖျက်လိုက်သည်။

သို့ဖြင့် ...

တစ်ယောက်နှင့်တစ်ယောက် အလျှော့မပေးဘဲ အပြန်အလှန် တိုက်ခိုက်နေတော့သည်။

တစ်ယောက်သိုင်းကွက်ကို တစ်ယောက် အတွင်းသိဖြစ်နေသည့်အတွက် ထိရောက်မှု မရှိပါချေ။

ထို့ကြောင့် ...

အခွင့်ကောင်းကိုသာ ချောင်းနေကြ၏။

စုမာဖုံး ငြိမ်မနေနိုင်တော့ပါ။

ဒေါသတကြီးဖြင့် တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်သည်။

"ကျုပ်ကလည်း ခင်ဗျားတို့အသက်ကို နှုတ်ယူဖို့ လိုက်လာတယ်ဆိုတာ မှတ်ထား ... သေပေတော့ ..."

www.burmeseclassic.com

www.burmeseclassic.com



စုမာဖုံးသည် ဂူးလျှံအား အော်ငေါက်ကြိမ်းဝါးရင်း အချိန်မဖြုန်းဘဲ ဓားမြှောင်ကို လျင်မြန်စွာ ဆွဲထုတ်ပြီး ဂူးလျှံထံသို့ ခုန်ဝင်လိုက်တော့သည်။

ဂူးလျှံသည် စုမာဖုံး၏ဓားမြှောင် သူ့မထံ ရောက်မလာမီမှာပင် ဘေးသို့ ရှောင်ထွက်သွားသည်။

သူမ၏ လှုပ်ရှားမှု တိမ်းရှောင်မှုမှာ မယုံကြည်နိုင်လောက်အောင်ပင် မြန်ဆန် သွက်လက်လွန်းလှသည်။

ယင်းအချိန်မှာပင် ...

"ဟူး ..."

လေတိုးသံတစ်ချက် ထွက်ပေါ်လာပြီး အိမ်ထဲမှ လူတစ်ယောက် ခုန်ထွက်လာသည်။ လူရိပ်သဏ္ဍာန်နှင့်အတူ ခက်ထန်တင်းမာသည့်စကားသံ ကပ်ပါလာသည်။

"ဟော ... မင်းက သူနဲ့မတန်ဘူးကွ၊ ငါရဲ့ဓားကို အရင်ဆုံး မြည်းကြည့်ဦး"

ခုန်ထွက်လာသူသည် အော်ငေါက်ရင်းမှ လလက်ထဲတွင် အသင့်ကိုင်ထားသော ဓားရှည်ဖြင့် စုမာဖုံး၏ ဓားမြှောင်ကို ခုတ်လိုက်သည်။

"ဒိုး ... ဒိုး ..."

ပြင်းထန်သော လေတိုးသံများ ထွက်ပေါ်လာသည်။

"ဟင် ... အတွင်းအား ကောင်းလှချည်လား"

တစ်ဖက်လူ၏ ဓားအရှိန် ကောင်းလွန်းသည့်အတွက် စုမာဖုံးက ကျိတ်၍ ချီးကျူးလိုက်သည်။

စုမာဖုံးသည် တစ်ဖက်ဓားသမားကို သေချာစွာ အကဲခတ်ကြည့်လိုက်သည်။



အဘိုးအိုတစ်ယောက် ဖြစ်နေသည်။

ဦးခေါင်းတစ်ခုလုံး ဆံပင်များ ဆွတ်ဆွတ်ဖြူနေ၏။

အသက်အရွယ်အားဖြင့် ခြောက်ဆယ်ခန့် ရှိမည်ဟု ခန့်မှန်းရသည်။

အညိုရောင် အင်္ကျီရှည်တစ်ထည် ဝတ်ဆင်ထားသည်။

မျက်နှာပေါက် ရှည်သွယ်ပြီး မျက်ခုံးမွေးကလည်း ခပ်ကျဲကျဲသာရှိသည်။

မျက်လုံးအစုံက မှေးစင်းကာ အရုပ်ဆိုး အကျည်းတန်သည်။

အင်္ဂါရုပ်ကို မြင်ရုံနှင့် လူဆိုးလူမိုက်တစ်ယောက် ဖြစ်ကြောင်း သိသာထင်ရှားသည်။

စုမာဖုံး မျက်မှောင်ကြုတ်သွားသည်။

သူက ထိုအဘိုးအိုအား မြင်ဖူးသလို ရှိနေသည် မဟုတ်ပါလား။

သို့သော် ...

မည်သည့်နေရာတွင် မြင်ဖူးသည်ကိုမူ မမှတ်မိတော့ပါချေ။

စုမာဖုံးက အဘိုးအိုအား အကဲခတ်ကြည့်ရင်း ...

"ခင်ဗျား ဘယ်သူလဲ ... သေနေ့စေ့လို့ ကြားဝင်လာတာလား၊ ခင်ဗျားဆန္ဒအတိုင်း ဖြစ်စေရမယ်"

ဟု ငေါက်လိုက်၏။

ထို့နောက် ...

အဘိုးအိုအား ဓားမြှောင်ဖြင့် တိုက်ခိုက်လိုက်လေသည်။

ထိုအခိုက် ...

လုံယွမ်၏ အရေးတကြီး သတိပေးစကားသံ ရုတ်တရက် ပေါ်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"စုမာဖုံး ... သည်လူက ကျောက်ဖုံးနဲ့ မတိမ်းမယိမ်းပဲ၊ တစ်ချိန်တုန်းက နာမည်ကြီးခဲ့တဲ့ ဓားသူရဲ ကျူးစစ်ဖင်ဆိုတာ သည်အဘိုးကြီး၊ မပေါ့ဆနဲ့ ..."

လုံပွမ်၏ သတိပေးသံကို ကြားလျှင် စုမာဖုံး၏ ဓားမြှောင်ကိုင်ထားသော လက်မှာ ချက်ချင်းဆိုသလို လေထဲတွင် ရပ်တန့်သွားသည်။

ချက်ချင်းဆိုသလိုပင် စုမာဖုံးက အတွင်းအားကို ဓားကိုင်ထားသော လက်ငါးချောင်းတွင် အပြည့်အဝ စုစည်းကာ ဓားရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်သည်။

စုမာဖုံးသည် အတွင်းအား ပြည့်ဝသော ဓားသူရဲကြီး ကျူးစစ်ဖင်အကြောင်းကို သိထားဟန် တူသည်။

ထို့ကြောင့် ...

ကျူးစစ်ဖင်ကို အနာတရ ဖြစ်ချောင်သည်ထက် မိမိ၏ဓားလွတ်မကျစေရန် ကြိုတင်ကာကွယ်လိုက်ခြင်း ဖြစ်သည်။

စုမာဖုံး၏ လုပ်ဆောင်ချက်မှာ မှန်ကန်လှသည်။

စုမာဖုံး၏ အပြောင်းအလဲ မြန်ဆန်မှုကြောင့် စုမာဖုံးသည် သက်သာရာ ရသွား၏။

သူသည် ဓားရိုးကို အတွင်းအားအပြည့်ဖြင့် ဆုပ်ကိုင်လိုက်သောအချိန်မှာပင် အလွန်ပြင်းထန်သော အားရှိန်တစ်ခုက စုမာဖုံး၏ ဓားပေါ်သို့ ရိုက်ခတ်ခြင်း ခံလိုက်ရသည်။

ပကြိုတင် ပြင်ဆင်ထားသဖြင့် တော်ပေသေးသည်။

သို့မဟုတ်ပါက ...

သူ၏ ဓားမြှောင်မှာ လက်ထဲမှ လွတ်ကျသွားမည်မှာ ကေမလွဲ ဖြစ်သည်။



အဘယ်ကြောင့်ဆိုသော် တစ်ဖက်လူ အဘိုးအို၏ ဓားချက်က အတွင်းအား အပြည့်အဝ ပါရှိသောကြောင့်ဖြစ်၏။

ယင်းအချက်ကို ထောက်ချင့်လျှင် ကျူးစစ်ဖင်၏ အတွင်းအား အပြည့်အဝ ပါရှိသောကြောင့် ဖြစ်သည်။

မည်မျှ ကြီးမားပြည့်ဝသည်ကို ခန့်မှန်းသိသာနိုင်ပေသည်။

"ဟင် ..."

ကျူးစစ်ဖင်မှာ ထင်မှတ်ထားသလို ဖြင်မလာသည့်အတွက် မျက်လုံး ပြူးသွားသည်။ စုမာဖုံး၏ ဓားမြှောင်ကို လွတ်ကျသွားအောင် မလုပ်နိုင်သဖြင့် ရင်ထဲ၌လည်း စိုးထိတ်သွားမိသည်။

သူက သက်ပြင်းတစ်ချက်ချရင်း ...

"မင်းက ဘယ်ဆိုးလို့တုန်း၊ ငါနဲ့ ရင်ဆိုင်ခဲ့တဲ့ လူတိုင်းဟာ ဘယ်တော့မှ ဓားကို မြဲမြဲကိုင်ထားလို့ မရဘူး၊ ငါ အားစိုက်ပြီး တိုက်ခိုက်တာနဲ့ ဘယ်လောက်ပဲ အဆင့်မြင့်တဲ့ ဓားသမားဖြစ်ပါစေ ဓားလွတ်ကျသွားရစမြဲပဲကွ၊ မင်းကတော့ မခေဘူး၊ ငါတွေ့တဲ့ လူတွေထဲမှာ ဓားလွတ်မကျဘဲ မြဲမြဲကိုင်ထားနိုင်တဲ့ ပထမဆုံး သိုင်းသမားတစ်ယောက်ပဲကွ"

သူက စုမာဖုံးကို အမှန်အတိုင်းပင် ချီးကျူးစကား ဆိုလိုက်ခြင်း ဖြစ်သည်။

စုမာဖုံး ပြုံးလိုက်၏။

"သည်မှာ ဓားသူရဲကြီး ... ကျုပ်တင် မကဘူး ကျုပ်နဲ့အတူ လာတဲ့လူမှန်သမျှ ခင်ဗျားကို မမှုဘူးဗျ၊ ခင်ဗျားအနေနဲ့ အခြားလူကို သွားစမ်းလို့ ရချင်ရမယ်၊ ကျုပ်တို့ကို လာစမ်းလို့ မရဘူး"

စုမာဖုံးက နှုတ်မှ စကားပြောရင်း ဓားမြှောင်ဖြင့် ကျုပ်တစ်ပြက် လှမ်းထိုးလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ကြိမ် ...

စုမာဖုံး၏ တိုက်ကွက်မှာမူ တစ်မူထူးခြားနေသည်။

သူ၏ ဓားဦးသည် ကျူးစစ်ဖင်၏ လည်မျိုသို့ ဦးတည်တိုက်ခိုက်နေခြင်း ဖြစ်သည်။

သို့သော်...

ကျူးစစ်ဖင်က ဓားဖြင့်တုန့်ပြန် တိုက်ခိုက်လိုက်သော အခါတွင် စုမာဖုံး၏ဓားက ရုတ်ခြည်း လမ်းကြောင်းပြောင်းသွားလေသည်။

စုမာဖုံး၏ ဓားဦးသည် ရုတ်ခြည်း အပေါ်သို့ ထောင်တတ်သွားပြီး ကျူးစစ်ဖင်၏နဖူးရှိ 'လိန်ကြူး' သွေးကြောသို့ ပြောင်းလဲ တိုက်ခိုက်လိုက်သည်။

"ဟင် ..."

ကျူးစစ်ဖင် ထိတ်လန့်သွားသည်။

နောက်သို့ အလျင်စလိုပင် သုံးပေအကွာသို့ ခုန်ဆုတ်လိုက်ရသည်။

ကျူးစစ်ဖင်၏ မျက်နှာမည်းမှောင်သွားသည်။ မျက်ဝန်းထဲ၌ လှုသတ်လိုသော အရိပ်အယောင်များ ပေါ်ထွက်လာလေသည်။

"ဟေ့ကောင်လေး ... မင်းက မိုးသိုင်းဆယ်ကွက်ထဲက 'မိုးပေါ်တက်' သိုင်းကွက် မဟုတ်လား"

စုမာဖုံးအား ဒေါသတကြီးဖြင့် အော်ငေါက်ကာ မေးမြန်းလိုက်ခြင်း ဖြစ်၏။

"ဟုတ်တော့ကော ဘာဖြစ်သလဲ"

စုမာဖုံးက ဘုပြောလိုက်သည်။

ကျူးစစ်ဖင်သည် စုမာဖုံး၏ မျက်နှာကို အကဲခတ်၍ ကြည့်လိုက်သည်။



တဒင်္ဂအတွင်း သူ့မျက်နှာပေါ်တွင် ထူးခြားသည့် အရိပ်အယောင်များ ဖြစ်ပေါ်လာသည်။

"မင်းက ပိုင်မုရှောင်နဲ့ ဘယ်လို ပတ်သက်နေလဲ"

ကျူးစစ်ဖင်က စုမာဖုံး၏ မျက်နှာကို စေ့စေ့ကြည့်ရင်း လွှတ်ခနဲ မေးလိုက်သည်။

စုမာဖုံးက ...

"ကျုပ်က သူ့တပည့်အရင်းပဲ"

ဟု အမှန်အတိုင်း ပြောလိုက်သည်။

ထိုအခါ ...

ကျူးစစ်ဖင်၏မျက်နှာ ရုတ်ခြည်း ပြောင်းသွားသည်။

သူ၏ မျက်နှာပေါ်မှ တင်းမာခက်ထန်သော အမူအရာအကြောင်းများသည်လည်း မယုံကြည်နိုင်စရာ ကောင်းအောင် လွင့်စဉ်ပျောက်ကွယ်သွားသည်။

"အင်း ... သည်လိုဆိုရင် မင်းနဲ့ငါ ဆက်ပြီး တိုက်ခိုက်စရာ မလိုတော့ဘူး"

စုမာဖုံး မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ ..."

သူက တအံ့တသြ မေးလိုက်သည်။

ကျူးစစ်ဖင်က တည်ကြည်သော မျက်နှာထားဖြင့် ...

"ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့ဆရာက ငါနဲ့ အင်မတန်ခင်မင်တဲ့မိတ်ဆွေ ဖြစ်နေလို့ပဲ၊ ကဲ ... မင်းက တခြားပြိုင်ဘက်တစ်ယောက်ကို ရွေးလိုက်တော့"

ထို့နောက် ကျူးစစ်ဖင်သည် စကားကြောရှည် မနေတော့ဘဲ အိမ်အကွင်းသို့ ပြန်လည်ဆုတ်ခွာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူစစ်ဖင်၏ လုပ်ဆောင်ချက်မှာ ပြတ်သားလှသည်။

ရမာဖိုးသည် ကျူစစ်ဖင်၏ စကားကိုကြားလျှင် တစ်ချက်တွေပြီး ရပ်ကျန်ခဲ့သည်။

တစ်ရုံတစ်ခု မေးမည်အပြုတွင် ကျူစစ်ဖင်သည် အိမ်အတွင်းသို့ ဝင်သွားပြီ ဖြစ်နေသည်။

ရမာဖိုး သက်ပြင်းတစ်ချက် ချလိုက်သည်။

သူက လုံယွမ်ဘက်လှည့်ကာ ...

"ဦးလေး ... သူပြောသွားတာ အမှန်ပဲလား"

ဟု မေးလိုက်သည်။

လုံယွမ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်နိုင်တယ်၊ ကျူစစ်ဖင်က ဆိုးသွမ်းပေမယ့် သစ္စာတော့ ရှိတယ်၊ စကားကို လွယ်လွယ်နဲ့ ပြောတတ်တဲ့လူစား မဟုတ်ဘူး လူကို ရန်ရှာတဲ့နေရာမှာ တစ်ခါတစ်ခါ သိပ်ရက်စက်တယ် ဆိုပေမယ့် တခြားနေရာမှာတော့ သိပ်မဆိုးလှပါဘူး၊ လေးစားစရာကောင်းတာလေးတွေလဲ ရှိသေးတယ်"

လုံယွမ်က ကျူစစ်ဖင်အပေါ် သူ၏အမြင်ကို ဝေဖန်ပြောကြားလိုက်သည်။

လီပေါ်ကလည်း ကြားဝင်၍ ...

"ဒီလိုဆိုရင် သူက လူကောင်းတစ်ယောက်ပေါ့ ဟုတ်လား"

ဟု မေးမြန်းလိုက်သည်။

လုံယွမ်က ပြုံးလိုက်သည်။

"လူကောင်းလည်း မဟုတ်ဘူး၊ လူဆိုးလည်း မဟုတ်ဘူး လူကောင်းနဲ့ လူဆိုးကြားမှာ ရှိနေတာတော့ မဆိုးမကောင်းလို့ ပြောရမှာပေါ့ကွာ"



လုံယွမ်က ရယ်ရယ်မောမော ပြောသည်။

လီပေါ်က ဆက်မေးပြန်သည်။

"သည်လိုလူမျိုးကို အမြင်မှန်ရအောင် လုပ်နိုင်မယ်ဆိုရင် သူ့အတွက် ကောင်းသလို သိုင်းလောကအတွက်လည်း ကောင်းမယ်၊ တိုင်းပြည်အတွက်လည်း အကျိုးသက်ရောက်မှု ရှိမယ်"

လုံယွမ်က ဦးခေါင်းတဆတ်ဆတ် ညိတ်ရင်း ...

"မင်းဟာ လူတစ်ဖက်သားအပေါ် အခုလို စိတ်သဘောမျိုးထားနိုင်တာ ငါ ချီးကျူးပါတယ်ကွာ"

သူက လီပေါ်ကို လှိုက်လှိုက်လှဲလှဲနှင့် ချီးကျူးစကား ဆိုလိုက်သည်။

လီပေါ်သည် သူ့အကြံအစည်ကို ဖွင့်ဟ ပြောလိုက်သည်။

"သည်အဘိုးကြီး ပြန်ထွက်လာရင် ကျွန်တော် သူနဲ့ စကားနည်းနည်းပြောကြည့်မယ်"

လီပေါ်၏ စကားသံသည် ကို့ထင်း၏ ကျယ်လောင်စူးရှသော ကြိမ်းဝါးသံအောက်တွင် တိမ်မြုပ်ပျောက်ကွယ်သွားသည်။

"သစ္စာဖောက်မ သေပေတော့ ..."

ကို့ထင်းက ဝါးကျင်းကို အော်ငေါက်ကြိမ်းမောင်းလိုက်ခြင်းဖြစ်သည်။

ကြိမ်းမောင်းသံနှင့်အတူ ဝုန်းခနဲမြည်သံတစ်ခု ရုတ်တရက်ထွက်ပေါ်လာသည်။

"ဝုန်း ..."

"အင့် ..."

အသံနှင့်အတူ ဝါးကျင်း၏ ခန္ဓာကိုယ်သည် အဝေးသို့ လွင့်ခဲ့ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှသည်။

ကိုထင်း၏ လှပထိရောက်သော တိုက်ကွက်တစ်ကွက်ပင် ဖြစ်သည်။

ကိုထင်းသည် မိမိအပေါ် သစ္စာဖောက်သွားသော ဝါးကျင်းအား မုန်းတီးနေမိသည်။

ထို့ကြောင့် ...

သိုင်းကွက်ငါးဆယ် ယှဉ်ပြိုင် တိုက်ခိုက်မိသောခါတွင် ထူခြားဆန်းကြယ်သော 'နဂါးဖမ်းကွက်' ဟူသော သိုင်းကွက်ကို အသုံးပြုကာ ဝါးကျင်းကို တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ကိုထင်းသည် ပင်ကိုယ်၌ အတွင်းအားကောင်းသူ ဖြစ်သည်။

ဒေါသနှင့် ရောစွက်လိုက်သောအခါ သူ၏ အတွင်းအားမှာ ကြောက်ခမန်းလိလိ ကြီးမားလာသည်။

ကိုထင်းသည် ဝါးကျင်း၏ ကျောပွတ်ကို ဘယ်ဘက်လက်ဖြင့် လှမ်းဆွဲပြီး ဝါးကျင်းကို အဝေးသို့ လွင့်ထွက်သွားအောင် ညာလက်ဖြင့် ရိုက်ထုတ်လိုက်ခြင်း ဖြစ်သည်။

ကိုထင်း၏ သိုင်းပညာမှာ ဝါးကျင်းထက် သာလွန်နေသည်။

ဝါးကျင်းသည် မိမိ၏ကျောပွတ် အကိုင်ခံရသည်ကို သိရှိလိုက်ကတည်းက အခြေအနေမဟန်မှန်း ရိပ်စားမိလိုက်လေသည်။

သို့သော် ...

သူမအဖို့ ရှောင်တိမ်းရန် အချိန်မရတော့ပါ။

ထို့ကြောင့် ...

သူမသည် အံတစ်ချက်ကြိတ်လျက် အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်သည်။

ထို့နောက် ...



ကိုယ်ကို ဘေးသို့စောင်းရင်း ဘယ်လက်ဖြင့် ကိုထင်း၏ ရိုက်ချက်ကို ဆီးခံလိုက်ရာမှ ခံလိုက်ရခြင်း ဖြစ်သည်။

ဝါးကျင်း၏ ကိုယ်ခန္ဓာသည် မြေပေါ်သို့ ပုံပျက်ပန်းပျက် ကျသွားသည်။

သူမ၏ ဘယ်ဘက်လက်မှာ သွင်သွင်ကျိုးသွားပြီ ဖြစ်လေတော့သည်။

သူမသည် ချက်ချင်းလိုပင် သတိလစ် မေ့မြောသွားတော့သည်။

ထိုအခါ ...

တဲအိမ်အတွင်းမှ လူတစ်စု ရုတ်တရက် ပြေးထွက်လာပြီး ဒဏ်ရာ အပြင်းအထန် ရရှိသွားသော ဝါးကျင်းကို လျင်မြန်စွာ ကောက်ယူ မ,ချီသွားကြသည်။

❋ ◆ ❋

ကိုထင်းက ဝူးလျှံဘက်သို့ လှည့်၍ စေ့စေ့ကြည့်လိုက်သည်။

"ဟော ဘီလူးမ ... ငါ့အဖွဲ့သားတွေကို မြန်မြန်လွှတ်ပေးပါ၊ ဒါမှမဟုတ်ရင် မင်းလည်း ဝါးကျင်လို အဖြစ်မျိုးနဲ့ တွေ့ရလိမ့်မယ်၊ ဝါးကျင်းဟာ မင်းအတွက် စံနမူနာ တစ်ခုပဲမှတ် ..."

ကိုထင်းက အော်ကြီးဟစ်ကျယ်ဖြင့် ကြိမ်းမောင်းလိုက်လေသည်။

ဝူးလျှံက တခစ်ခစ် ရယ်မောလိုက်သည်။

"ဟုတ်ရဲ့လား ... ကျွန်မကတော့ မယုံပါဘူးရှင်"

ဝူးလျှံသည် ပြောဆိုရင်း ကျောက်ဖုံးဘက်သို့လှည့်၍ မျက်ရိပ်တစ်ချက် ပြလိုက်သည်။

"ကဲ ... ရှင်ပဲ ကိုထင်းကို အမိဖမ်းလိုက်ပါတော့ရှင်"

www.burmeseclassic.com

www.burmeseclassic.com



ဝူးလျှံ၏ စကားက ကြီးကျယ်လွန်းသည်။

မောက်မာလွန်းသည်။

ကိုထင်း ဒေါသအိုး ပေါက်ကွဲသွားသည်။

မျက်နှာတစ်ခုလုံးလည်း တင်းမာသွားသည်။

ကျောက်ဖုံးက တဟားဟား ရယ်မောလိုက်သည်။

သူက ဦးခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ပြီး ...

"ငါက အစောကြီးကတည်းက စိတ်ကူးထားပြီးသားပါ၊ သည်လူကို ငါ ကြည့်လို့ကို မရဘူး"

စကားဆုံးလျှင် အင်္ကျီလက်အောက်တွင် ဖုံးကွယ်ထားသော ဓားတစ်ချောင်းကို ဆွဲထုတ်လိုက်သည်။

ရွှေရောင် အလင်းတန်းများ ထွက်ပေါ်လာသည်။

"ကဲ ... ကိုထင်း၊ ကျုပ်တို့ တစ်ပွဲလောက် စမ်းကြရအောင်"

ကျောက်ဖုံးက ကိုထင်းအား ပြတ်သားစွာ စိန်ခေါ်လိုက်သည်။

ကိုထင်းကလည်း အားကျမခံ ဓားရှည်ကို ဆွဲထုတ်လိုက်ပြီး လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်သည်။

ထို့နောက် အံကို တင်းတင်းကြိတ်လျက် ကျောက်ဖုံးကို ရူးရူးရဲရဲ ကြည့်လိုက်၏။

"ကျောက်ဖုံး ... ခင်ဗျားရဲ့ ရွှေဓားအကြောင်းကို ကျုပ် ကြားဖူးတာ ကြာပြီ၊ အခုမှ တွေ့ရတော့တယ်၊ ခင်ဗျားရဲ့ ဓားအစွမ်းကို မြည်းစမ်းဖွင့်ရတဲ့အတွက် ကျုပ် အထူးပဲ ဂုဏ်ယူပါတယ်"

ကိုထင်းသည် ပြောပြောဆိုဆို ဓားရှည်ကို ဝှေ့ယမ်းလိုက်သည်။

"ဝိုး ..."

လေတိုးသံနှင့်အတူ ကြီးမားသော အရှိန်တစ်ခု ရုတ်ခြည်း ဖြစ်ပေါ်သွားသည်။



ပရိယာယ်ကြွယ်ဝသော ကိုထင်း၏ ဓားသွားသည် ဝှေ့ယမ်းနေရာမှ ကျောက်ဖုံး၏ ရင်ဝဆီသို့ လေ၏လျှင်မြန်ခြင်း အရှိန်ဖြင့် တိုးဝင်သွားသည်။

ကျောက်ဖုံးသည် သူ၏ရွှေဓားဖြင့် ကိုထင်း၏ဓားကို အလျင်အမြန် ဆီး၍ ခံလိုက်ရသည်။

"ချွမ် ..."

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

ကိုထင်းသည် ကျောက်ဖုံး၏ ဓားကိုင်လက်ကို ထိုးစိုက်ရန် ရည်ရွယ်ပုံ ရသည်။

သူ၏ဓားကို အောက်သို့ ဖိချလိုက်သည်။

သူ၏ဓားသည် ကျောက်ဖုံး၏ ရင်အုံဆီသို့ ဦးတည်ချက် ပြောင်းသွားပြီး ဓားဦးကိုအောက်သို့ နှိမ့်ချလိုက်ခြင်း ဖြစ်သည်။

ကျောက်ဖုံး ရင်ထိတ်သွားသည်။

ကိုထင်း၏ လှုပ်ရှားမှုမှာ မြန်ဆန်လှသဖြင့် ကျောက်ဖုံးမှာ အထင်မသေးဝံ့တော့ပါချေ။

ကိုထင်း၏ ဓားစွမ်းကို ကြိတ်၍ ချီးကျူးလိုက်သည်။

သို့သော် ...

ကျောက်ဖုံးမှာလည်း ခေသူမဟုတ်ပါ။

လျှင်မြန်စွာပင် လှုပ်ရှားလိုက်သည်။

"ယား ..."

သူက ညာသံတစ်ချက် ပေးလိုက်၏။

ထို့နောက် ...

သူ၏ရွှေဓားကို ပင့်တင်ကာ ကိုထင်း၏ နှာခေါင်းတည့်တည့်ကို ဦးတည် တိုက်ခိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အလွန်ကြမ်းတမ်းသော သိုင်းကွက်တစ်ကွက်ပင် ဖြစ်သည်။

အကယ်၍ ...

ကို့ထင်းက လက်ကို ပြန်မရုပ်ပါက ကျောက်ဖုံး၏လက်တွင် ဒဏ်ရာ ရသွားမည် ဖြစ်သည်။

ထို့အတူ ...

ကျောက်ဖုံး၏ဓားမှာလည်း ကို့ထင်း၏ နှာရိုးကို ပြတ်ကျသွားစေမည် ဖြစ်သည်။

သူသေကိုယ်သေ တိုက်ကွက်ပင်ဖြစ်သည်။

"ဟင် ..."

ကို့ထင်း ရင်ထိတ်သွားသည်။

သူက ထိုသို့ အဖြစ်မခံနိုင်ပါ။

သူ့သည်ဓားကို ချက်ချင်း ပြန်ရုပ်ကာ နောက်ကျွမ်းပစ်၍ ပေါ့ပါးစွာ ခုန်ဆုတ်သွားသည်။

ကျောက်ဖုံးမှာမူ မာန်သွားသံ တစ်ချက်ပြုကာ ကို့ထင်းအား ခုန်အုပ်လိုက်သည်။

တစ်ဆက်တည်းပင် ...

"သေပေတော့ ..."

ကို့ထင်းအား အောက်ငေါက်ကာဓားဖြင့် မိုးကာခုတ်ချလိုက်လေသည်။

ကျောက်ဖုံးကဓားဖြင့် မိုး၍ ခုတ်ချလိုက်ချိန်တွင် ကို့ထင်း၏ ခြေအစုံ မြေပေါ်သို့ ချမိရုံသာ ရှိသေးသည်။

ကိုယ်ဟန်ပင် ကောင်းစွာ မထိန်းသိမ်းနိုင်သေး။

ကို့ထင်းအတွက် သေရေးရှင်ရေးတမျှ အရေးကြီးသည့်အချိန် ဖြစ်သည်။



ထိုစဉ် ...

အော်ဟစ်သံတစ်ချက် မမျှော်လင့်ဘဲ ရုတ်တရက် ထွက်ပေါ်လာသည်။

"ရပ်လိုက် ..."

အမိန့်ပေး ဟန့်တားသူမှာ ဂူးလျှံပင်ဖြစ်သည်။

ကျောက်ဖုံးက နားမလည်နိုင်အောင် ဖြစ်သွားသည်။

သို့သော် ...

ဂူးလျှံ၏ ဟန့်တားသံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ဓားကို ဆက်ခုတ်ခြင်း မပြုတော့ပါ။

ဘေးသို့ လျှပ်တစ်ပြက် ခုန်ထွက်လိုက်သည်။

ရုတ်တရက် ...

"ဟာ ..."

ကျောက်ဖုံး အထိတ်တလန့် အော်လိုက်၏။

သူ၏ ခန္ဓာကိုယ်လည်း ဆတ်ခနဲတုန်ခါသွားကာ မျက်လုံးအစုံ ပြူးကျယ်သွားသည်။

သူ၏ ခန္ဓာကိုယ်လည်း တုန်တုန်ယင်ယင် ဖြစ်လာသည်။

အဘယ့်ကြောင့်ဆိုသော် ...

ကို့ထင်း၏ဘယ်ဘက်လက်တွင် မည်းနက်တောက်ပြောင်သော ဓားတစ်လက်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ကျောက်ဖုံး အကြီးအကျယ် တုန်လှုပ်သွားသည်။

အကယ်၍ ...

မိမိဓားဖြင့် ဆက်လက် ခုတ်ချလိုက်ပါက ကို့ထင်းက ရှောင်တိမ်းခြင်း မပြုနိုင်ဘဲ ဖြစ်သွားပေမည်။

ထို့အတူ ...

www.burmeseclassic.com

www.burmeseclassic.com



မိမိသည်လည်း ကိုထင်း၏ ဓားချက်ထိမှန်ခံလိုက်ရမည်သာ ဖြစ်သည်။

ထို့အပြင် ...

ကိုထင်း၏လက်တွင် ကိုင်ဆောင်ထားသောဓားမှာ သာမန်ဓားမျိုး မဟုတ်ပါ။

ကင်းဆိပ်ဓား ဖြစ်လိမ့်မည်ဟု ကျောက်ဖုံးက တွေးမိလေသည်။

ယင်းအတွေးကြောင့် ကျောက်ဖုံး ပို၍ ရင်တဒိတ်ဒိတ် ခုန်သွားမိသည်။

"အင်း ... အချိန်မီ နောက်ဆုတ်လိုက်လို့ တော်သေးတယ်၊ သည်လိုမှ မဟုတ်ရင် ဒုက္ခရောက်သွားမှာ အမှန်ပဲ"

သူက စိတ်ထဲတွေးလိုက်မိ၏။

ကျောက်ဖုံး ရင်တမမဖြစ်နေစဉ် ကိုထင်းက ချိန်ဟုတ်ဘက် လှည့်ကာ ...

"ဘယ်လိုလဲ ... သည်အတိုင်းဆိုရင် ဂူးလျှံကို အလျင်ဆုံး ဆုံးမမှ ဖြင့်မယ်ထင်တယ်"

ဟု အကြံဉာဏ် တောင်းလိုက်၏။

ချိန်ဟုတ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ကျုပ်လည်း သည်လိုပဲ စိတ်ကူးမိတယ်ဗျ"

ချိန်ဟုတ်က ကိုထင်းကို ပြန်ပြောလိုက်ပြီးနောက် စုမာဖုံးဘက်သို့လှည့်ကာ တဆတ်တည်း တိုက်တွန်း ပြောဆိုလိုက်လေသည်။

"ငါညီပဲ တာဝန်ယူလိုက်ပါလား"

စုမာဖုံးက သဘောတူလိုက်သည်။

"ကောင်းပါပြီ ..."

သူက ဂူးလျှံအား ဆုံးမချင်နေသည် မဟုတ်ပါလား။



ထို့နောက် ...

ဂူးလျှံထံသို့ ဖြည်းလေးစွာ လျှောက်သွားသည်။

ဂူးလျှံ မျက်နှာပျက်သွားသည်။

ချက်ချင်းပင် တဲအိမ်ဆီသို့ လှမ်းကြည့်ရင်း အော်ဟစ်အမိန့်ပေးလိုက်သည်။

"ဘကြီး ... ပြတ်ပြတ်သားသား မလုပ်ရင် သူတို့က အညံ့ခံမှာ မဟုတ်ဘူး၊ မရက်စက်လို့ မဖြစ်တော့ဘူး၊ မူလ အစီအစဉ်အတိုင်း ပြတ်ပြတ်သားသား လုပ်ပေတော့"

ဂူးလျှံ၏ စီစီညံညံအသံ လွင့်ပျံ့ထွက်ပေါ်လာသည်။

ဂူးလျှံ၏အသံ အဆုံးတွင် အိမ်အတွင်းမှ လူတစ်ယောက် ဘွားခနဲ ပေါ်လာသည်။

ထိုလူသည် ကျူးစစ်ဖင် ဖြစ်သည်။

ကျူးစစ်ဖင် စိတ်ပြောင်းသွားသလော။

သူသည် ဂူးလျှံအား စိုက်ကြည့်လာ၏။

ထို့နောက် ...

သူက ခေါင်းတွင်တွင်ယမ်းလိုက်ပြီး ...

"ဒီမှာ မိန်းကလေး ... ငါက နင့် ပညာသင်ဘက် အစ်ကိုရဲ့ မျက်နှာကိုထောက်လို့ သူ အနားယူတဲ့အချိန်မှာ မရဏာစံအိမ်ကို အကူအညီ လာပေးတာ၊ ဒါပေမယ့် ငါက သူ့ကို ကြိုတင်စကားခံထားတာရှိတယ်၊ တစ်ယောက်ယောက်က မရဏာစံအိမ်ကို ဖျက်ဆီးဖို့ကြံရင် ဒါမှမဟုတ် သူ့ကို ထိခိုက်နစ်နာအောင်လုပ်ရင် ငါအနေနဲ့ အစွမ်းကုန် ကူညီရမယ်၊ အခုလည်း အမိုက်ကျေးရွာမှာရှိတဲ့ လူဆိုးလူမိုက်တွေနဲ့ ရင်ဆိုင်ရမယ်လို့ ထင်ထားခဲ့တာ"

သူက စုမာဖုံးတို့အား တစ်ချက်ကြည့်ကာ ဆက်ပြောလိုက်၏။

www.burmeseclassic.com



"ဒါပေမယ့် ... အခုတော့ ငါထင်ထားတဲ့အတိုင်း မဟုတ်တော့ဘူး၊ ကိုထင်းရဲ့ မိတ်ဆွေတွေဟာ အားလုံးပဲ သိုင်းလောကရဲ့ အကျိုးကို ဆောင်ရွက်နေတဲ့ သိုင်းသမား လူတော်တွေ ဖြစ်နေတယ်၊ ဒါကြောင့် မရဏအဖွဲ့ရဲ့ အပြုအမူတွေက သွေးရိုးသားရိုး မဟုတ်ဘူး ဆိုတာ ငါ ရိပ်မိလိုက်တယ်၊ သည်လိုမဟုတ်မဟတ် ကိစ္စမျိုးကို ငါ့အနေနဲ့ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး"

ကျူစစ်ဖင်၏ စကားကို ကြားရုံဖြင့် လူကောင်းသူကောင်း တစ်ယောက် ဖြစ်သည်ကို အလွယ်တကူ ခန့်မှန်းနိုင်ပေသည်။

ကျူစစ်ဖင်က သူ၏သဘောထားကို ကြေညာလိုက်ပြီးနောက် စုမာဖုံးဘက်လှည့်ကာ နှုတ်ဆက်လိုက်ပြန်သည်။

"ကဲ ... မိတ်ဆွေလေး မောင်ရင့်ဆရာနဲ့ တွေ့တဲ့အခါကျရင် ကျုပ်အတွက် နှုတ်ခွန်းဆက်ဖို့ မမေ့နဲ့ဦး"

စုမာဖုံး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ကျူစစ်ဖင်က ...

"ကဲ ... ကျုပ်သွားမယ်"

စကားဆုံးလျှင် နေရာမှ ရှောင်ထွက်ပြေးသွားလေတော့သည်။

❋ ◆ ❋

## အပြိုင်အဆိုင်

ကျူစစ်ဖင်သည် တဲအတွင်းမှ လျင်မြန်စွာ ထွက်ပြေးသွားပြီ ဖြစ်သည်။

ကျူစစ်ဖင် မမျှော်လင့်ဘဲ ရှောင်ထွက်သွားခြင်းသည် ကိုထင်းတို့အဖို့ အင်အားကြီးမားသော ရန်သူတစ်ယောက် လျော့သွားခြင်း မဟုတ်ပါလား။

သို့သော် ...

ဆွေ့ဆွေ့ခုန်သွားသူမှာ ဂူးလျှံပင် ဖြစ်သည်။

ဂူးလျှံမှာ ကျူစစ်ဖင် ထွက်ခွာသွားသည့်အတွက် မခံမရပ်နိုင်အောင်ပင် ဒေါသပုန် ထသွားတော့၏။

ဂူးလျှံသည် နှုတ်ခမ်းကို ရှေ့သို့ပစ်စူလိုက်ပြီး ခြေတစ်ဖက်ကို ဆောင့်လိုက်၏။

"ဟင်း ... လူတစ်ယောက် လျော့သွားတော့လည်း ဘာဖြစ်သွားမှာမို့လဲ၊ ကဲ ... ရှင်တို့အားလုံး ထွက်လာပါ၊ အေးအေးဆေးဆေး ဖြေရှင်းလို့ မရတော့ဘဲ ခပ်ပြတ်ပြတ် လုပ်ဖို့ပဲ ရှိတော့တယ်"

ဂူးလျှံက အသံကိုမြှင့်၍ အိမ်တန်းလျားဆီသို့ အော်ဟစ်အမိန့်ပေးလိုက်သည်။

ဂူးလျှံ၏ စကားအဆုံးတွင် အိမ်တန်းလျားရှိ အခန်းဟာစ်ခန်းစီမှ လူနှစ်ယောက်စီ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လီဟောသည့် အခန်းမည်မျှ ရှိသည်ကို အစောကြီးကပင် ရေတွက်ထားခဲ့သည်။

အိပ်တန်းလျားတွင် အခန်းဆယ့်တစ်ခန်း ဖွဲ့ထားသဖြင့် ယခု အချိန်တွင် လူပေါင်း နှစ်ဆယ့်နှစ်ယောက် ထွက်လာခြင်းဖြစ်ကြောင်း ရေတွက်စရာပင် မလိုတော့ပေ။

ကိုထင်းက တဲတန်းလျားအတွင်းမှ ထွက်လာသူများကို တစ်ချက် လှမ်းကြည့်လိုက်သည်။

"သည်လူတွေအားလုံးဟာ မရဏအဖွဲ့ရဲ့ ထိပ်သီးသိုင်းသမားတွေလား"

ကိုထင်းက ဇေါက်ဆတ်ဆတ် လေသံဖြင့် ဂူးလျှံကို လှမ်းမေးလိုက်၏။

"ဟုတ်တော့ကော ဘာဖြစ်သလဲ၊ ရှင်းရှင်းပြောရရင် သူတို့က ရှင့်လောက် နာမည်မကြီးပေမယ့် သိုင်းပညာမှာတော့ ရှင့်ထက် မညံ့ကြဘူး"

ဂူးလယံက မဲ့ကာရွဲ့ကာ ပြောလိုက်သည်။

ပြီးမှ အသံထွက်အောင် ရယ်မောလိုက်ပြန်၏။

"ဟင်း ... ဟင်း ... ဟင်း ... ရှင်က ကင်းဆိပ်ဓားကို ကိုင်ဆောင်ထားပေမယ့် ရှင့်ကို ဘယ်လို လက်တုန့်ပြန်ရမယ်ဆိုတာ ကျွန်မက နည်းလမ်းရထားပြီးသားပါ"

ဂူးလျှံက ကင်းဆိပ်ဓားကိုပင် အမှုမထားကြောင်း ရှင်းပြလိုက်ခြင်းဖြစ်သည်။ ကိုထင်းက နှစ်ခြိုက်စွာ ပြုံးလိုက်သည်။

ချောင်ပြောင် သရော်ပြုံးတစ်ရပ်ပင် ဖြစ်၏။

"မင်းကိုယ်မင်း တော်တော်ယုံကြည်မှု ရှိနေတဲ့ပုံပဲ၊ သည်လိုဆိုရင် တော်တော် ကြောက်စရာကောင်းလိမ့်မယ် ထင်တယ်"



ကိုထင်းက အရွဲ့တိုက်၍ ကြောက်ရွံ့ဟန် ပခုံးနှစ်ဘက်ကို တွန့်ပြလိုက်သည်။

ဂူးလျှံက ...

"ကျွန်မက ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိလို့ပေါ့၊ သည်လိုမှ မဟုတ်ရင် ရှင့်ကို အတိုက်အခံ လုပ်ဝံ့ပါ့မလား၊ ရှင်းရှင်းပြောရရင် မရဏအဖွဲ့ရဲ့ အကူအညီကို မရခဲ့ရင် ရှင်က ကင်းဆိပ်ဓားကို အရယူနိုင်မယ်လို့ ကျွန်မ လုံးလုံးမထင်ဘူး၊ ခက်တာက ရှင်က သည်ဓားကို ရထားတာ ရက်ပိုင်းလောက်ပဲ ရှိသေးတယ်၊ ယဉ်ကြိုင် လက်ထဲ ပါသွားခဲ့တယ်၊ ရှင်က နာမည်သာကြီးတယ်၊ လက်တွေ့မှာတော့ တယ်ညံ့တာကိုး၊ ကျွန်မတော့ဖြင့် ရှင့်အတွက် ဝမ်းနည်းလိုက်တာ"

ဟု ပြောဆိုလိုက်သည်။

ကိုထင်းက တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့် မျက်မှောင်ကြုတ်သွားသည်။

တစ်ဖန် ...

ဂူးလျှံအား အကဲခတ်ကြည့်ကာ ...

"ရေခဲတောင်မှာ ကင်းဆိပ်ဓားကို လုယူတုန်းက လိုဏ်ဂူထဲမှာ ရှိတဲ့ အဆိပ်ကင်းဘုရင်ကို အခြားနေရာကို မျှားခေါ်သွားတဲ့လူက မင်းပဲလား"

ဟု မေးလိုက်သည်။

သူက အမှတ်ရလာဟန်ဖြင့် မေးလိုက်ခြင်းပင် ဖြစ်သည်။

ဂူးလျှံက မခို့တရို့ ပြုံးလိုက်ပြီး ...

"ကျွန်မကိုယ်တိုင်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်မတို့ မရဏအဖွဲ့မှာ ပညာရှင် သတ္တဝါခဲ့တွေ တစ်ပုံတပင်ကြီး ရှိနေ

www.burmeseclassic.com



တာပဲ၊ အဆိပ်ကင်းဘုရင်ကို လှည့်စားဖို့ဆိုတာ ဘာများ ခဲယဉ်းတာမှတ်လို့လဲ၊ ကဲ … အခု ရှင်က ဓားပြန်အပ်မယ်ဆိုရင် အချိန်နောက်မကျသေးပါဘူး၊ ဘယ့်နှယ်လဲရှင်"

ကို့ထင်းက ခေါင်းခါလိုက်သည်။

သူက မဲ့ပြုံးပြုံးရင်း …

"အဆိပ်ကင်းဘုရင်ကို မှားခေါ်သွားတဲ့အတွက် မင်းကို ငါက ကျေးဇူးတင်ရမှာပေါ့၊ ဒါပေမယ့် ကင်းဆိပ်ဓားလို ကြောက်စရာကောင်းတဲ့ လက်နက်မျိုးကို မင်းတို့လက်ထဲ အပ်ရမယ်ဆိုတာ လုံးဝမဖြစ်နိုင်တဲ့ ကိစ္စပဲ"

ကို့ထင်းက အတိအလင်း ငြင်းပယ်လိုက်၏။

ဝူးလျှံက မျက်တောင်ကို တစ်ဖျတ်ဖျတ်ခတ်ရင်း ကို့ထင်းကို တစ်ချက် ကြည့်လိုက်သည်။

ထို့နောက် …

သူမက မကျေမနပ်ဖြင့် …

"ရှင်က နာမည်ကြီးသလောက် ကျေးဇူး မသိတတ်ပဲကို …"

ဟု ပြောလိုက်၏။

သူမက စကားပြောနေချိန်တွင် အိမ်တန်းလျှာ၊ထဲမှ ထွက်လာသော လူတစ်စုထဲမှာ လူပေါင်း ဆယ်ယောက်ခန့်သည် ဝူးလျှံနှင့် ကျောက်ဖုံးတို့၏ အနီးသို့ ရောက်ရှိလာပြီ ဖြစ်သည်။

ကျန်လူများမှာ နှစ်ယောက်တစ်တွဲစီဖြင့် ခပ်လှမ်းလှမ်းတွင် နေရာယူထားကြသည်။

သူတို့သည် ကို့ထင်းတို့လူစု ထွက်ပြေးမည်စိုး၍ ကြိုတင်ကာကွယ်သည့် အနေဖြင့် ယခုကဲ့သို့ဖြန့်၍ နေရာကိုယ်စီ ယူထားခြင်း ဖြစ်သည်။



အခြေအနေကို ရိပ်မိသော်လည်း ကို့ထင်းက ထူးထူးခြားခြား ငြိမ်နေသည်။

သူသည် ရုတ်တရက် ခြောက်ကပ်ကပ်ကြီး ရယ်မောလိုက်လေသည်။

"ဟား … ဟား … ဟား … သည်မှာ မိန်းကလေး၊ ငါက ကျေးဇူးသိတတ်သလား၊ မသိတတ်ဘူးလားဆိုတာ လူတိုင်းသိတယ်၊ မင်း ငါ့အဖွဲ့သားတွေကို ပြန်ပေးဆွဲထားတယ်၊ ငါ့ကို ခြိမ်းခြောက်လာတယ်၊ ငါက မင်းပြောတာကို လက်ခံလိုက်ရင် လူတွေက ငါ့ကို ဝိုင်းရယ်ကြမှာပေါ့၊ စကားဆက်ပြောလည်း အချိန်ကုန်ရုံပဲရှိတယ်၊ မင်းက အကြမ်းဖက်ဖို့ စိတ်ကူးရှိရင် မြန်မြန်သာ စ,လိုက်၊ ငါက မင်းကိုရှုံးသွားရင် ဘာမှ ပြောစရာမရှိဘူး၊ မင်းကြိုက်သလို လုပ်နိုင်တယ်"

ကို့ထင်းပြော၍ မဆုံးမီ ဝူးလျှံက ကြားဖြတ်၍ အော်ငေါက်လိုက်သည်။

"ကို့ထင်း … သည်နေ့ဟာ ရှင့်ရဲ့ သေနေ့ပဲ၊ သည်လျှိုထဲက ပြန်ထွက်သွားဖို့ စိတ်မကူးနဲ့ … "

သူမ၏ အော်ငေါက် ကြိုးဝါးလိုက်သံသည် လျှိုထဲတွင် ဆူညံသွားတော့သည်။

သို့သော် …

ကို့ထင်းက စိတ်မဆိုးပါ။

ဒေါသကို ထိန်းချုပ်ထားသည်။

"မင်းက အဆိပ်ကင်းဘုရင်ကို ပ,ထုတ်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါကြောင့် မင်းကို အသက်ချမ်းသာခွင့် ပေးလိုက်ပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုထင်းက တည်ငြိမ်လေးနက်သည့် အသံဖြင့် ပြောကြားလိုက်လေသည်။

ရူးလျှံက သဘောကျစွာ ရယ်မောလိုက်၏။

အတန်ကြာ ရယ်မောလိုက်ပြီးမှ ကိုထင်းအားကြည့်ရင်း ...

"ကိုထင်း ... ရှင်ပြောတဲ့အတိုင်းဆိုရင် ကျွန်မကတောင် ရှင့်ကို ကျေးဇူးတင်ရမှာပေါ့ ဟုတ်လား၊ အမှန်ဆိုရင် အဆိပ်ကင်းဘုရင်က တန်ဖိုးနည်းတာ မဟုတ်ဘူး၊ ကင်းဆိပ်ဓားနဲ့ တန်ဖိုးချင်း ညီမျှတယ်လို့ ဆိုရမယ်၊ နောက်ပြီး ကင်းဆိပ်ဓားထက်တောင် ကြောက်စရာ ပိုကောင်းသေးတယ်၊ လူသတ်တဲ့နေရာမှာ အသုံးချမယ်ဆိုရင် ပိုပြီးတော့တောင် ထိရောက်သေးတယ်"

ဟု ပြောလိုက်၏။

ကိုထင်း တွေဝေသွားပြီး ...

"မိန်းကလေး ... မင်းက ဘာသဘောနဲ့ ပြောနေတာလဲ"

ရူးလျှံက မဲ့လိုက်ပြီး ...

"ကိုထင်း ... ရှင် နားမလည်ဘူးဆိုရင်တော့ ကျွန်မပြောတာကို သဘောပေါက်ပါလိမ့်မယ်၊ ရှင်းရှင်းပြောရရင် ကျွန်မတို့ မရဏဂိုဏ်းက အကျိုးမရှိတဲ့ အလုပ်မျိုးကို ဘယ်တော့မှ မလုပ်ဘူးရှင့်၊ ကျွန်မက အဆိပ်ကင်းဘုရင်ကို အရဖမ်းဖို့ တစ်နှစ်လုံးလုံး စောင့်ဆိုင်းခဲ့တယ်၊ ရှင်တို့ကသာ အဆိပ်ကင်းဘုရင်ကို ဒဏ်ရာရအောင် မလုပ်ခဲ့ရင် ဘယ်သူကမှ လိုက်ဂူဝကို ကပ်နိုင်ကြမှာ မဟုတ်ဘူး၊ ရှင်ကတော့ အဆိပ်ကင်းဘုရင်ရဲ့ အနားကို ဘယ်သူမှ မကပ်နိုင်ဘူးလို့ ထင်နေတယ်၊ တကယ်မှာတော့ ကျွန်မက ငယ်သားတစ်ယောက်ကို ခိုင်းလိုက်ရုံနဲ့ အဆိပ်ကင်းဘုရင်ကို မှုားထုတ်နိုင်တယ်၊ ပြီးတော့ အဲသည် အဆိပ်ကင်းဘုရင်ကို လွယ်လွယ်နဲ့ သတ်ပစ်လိုက်တယ်၊ ကျွန်မရဲ့ ငယ်သားက အဆိပ်ကင်းဘုရင်ကို ရနိုင်တဲ့အတွက် ပေးအပ်တဲ့တန်ဖိုးက မပြောပလောက်ဘူးပေါ့ရှင်၊ ကိုထင်း ... အမှန်ဆိုရင် ကျေးဇူးတင်ရမှာက ကျွန်မပါ၊ ရှင် မဟုတ်ပါဘူး။ ကျွန်မက ရှင့်ကို အများကြီး ကျေးဇူးတင်နေပါတယ်ရှင်"



ရူးလျှံသည် စကားပြောရင်း အူတတ်မတတ် ရယ်မောနေတော့သည်။

တကယ်ပင် အူများလိပ်တတ်လာသဖြင့် ရူးလျှံက လက်တစ်ဖက်ကို ဗိုက်မှာ ဖိထောက်ထားနေရသည်။

သူမသည် တကယ်ပင် အူလိုက်သဲလှိုက် ရယ်မောနေခြင်း ဖြစ်လေသည်။

ကိုထင်းသည် စိတ်မသက်မသာဖြင့် သက်ပြင်းရှည်တစ်ချက် ချလိုက်သည်။

ပြီးနောက် ...

မီးဝင်းဝင်းတောက်သည့် မျက်လုံးများဖြင့် ရူးလျှံကို ဝါးစားမတတ် စူးစိုက်ကြည့်နေသည်။

"ဘိလူးမ ... မင်းပြောတဲ့ အတိုင်းဆိုရင် ငါကမင်းကို ကျေးဇူးတင်စရာ ဘာလိုတော့လို့လဲ"

"မှန်ပါတယ်ရှင် ..."

ရူးလျှံက မခိုးမခန့်လေသံဖြင့် ပြန်ဝန်ခံလိုက်သည်။

ကိုထင်းက ချိန်ဟုတ်ဘက်လှည့်ကာ ...

"ချိန်ဟုတ် ... အမှန်စိုရင် ကျုပ်က ပြတ်ပြတ်သားသား လုပ်ရမှာကို ဝန်လေးနေမိတာ အမှန်ပဲ၊ အခုတော့ ဝန်လေးစရာ မလိုတော့ဘူးပေါ့ဗျာ"

ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချိန်ဟုတ်က သဘောကျစွာ ရယ်မောလိုက်၏။

"ဟား ... ဟား ... ဟား ... ဒါပေါ့ဗျာ၊ ပြတ်ပြတ်သားသား လုပ်တာက ပိုကောင်းတာပေါ့"

ချိန်ဟုတ်က ပြောရင်း စုမာဖုံးဘက်သို့ လှည့်ကြည့်လိုက်၏။

"မောင်ရင် ကြားတဲ့အတိုင်းပဲ၊ လက်တွေ့ လုပ်တဲ့အခါမှာ ဘာမှ အားနာမနေနဲ့နော်"

စုမာဖုံးကို ညှာတာမနေရန် သတိပေးလိုက်ခြင်း ဖြစ်သည်။

❋ ◆ ❋

ထိုအချိန်တွင် ...

ဟုန်ရှောင်က ဝူးလျှံနောက်တွင် ရပ်နေသော ထိပ်ပြောင်ပြောင် အဘိုးအိုထံသို့ လျှောက်သွားပြီး အော်ငေါက်ကြိမ်းမောင်းလိုက်၏။

"ဟေ့ ခွေးကောင် ... သစ္စာဖောက်၊ မင်းက အခုထက်ထိ မသေသေးဘဲကိုး၊ မင်းကို ငါ အရှင်ဖမ်းပြီး ဂိုဏ်းချုပ်လက်ထဲကို အပ်ရမယ်"

ဟုန်ရှောင်သည် ထိပ်ပြောင်ကြီးကို အော်ဟစ် ကြိမ်းမောင်းရင်း ဒေါသအလျှောက် တိုက်ခိုက်လိုက်လေသည်။

ထိုစဉ်မှာပင် ဝါဆန်းသိုင်းမယ် ဝူးလျှံက စုမာဖုံးအနားသို့ တိုးကပ်သွားလိုက်ပြီး ...

"အစ်ကို စုမာဖုံး ... ကျောက်ဖုံးနဲ့ တွေ့တဲ့အခါမှာ သတိထားမှနော်၊ သူက ကောက်ကျစ်တယ်၊ ဉာဏ်များတယ်"

ဟု တီးတိုးပြောဆိုလိုက်၏။

သူမက စုမာဖုံးအတွက် စိုးရိမ်သဖြင့် ဂရုတစိုက် သတိပေးလိုက်ခြင်း ဖြစ်သည်။



စုမာဖုံးကိုယ်တိုင်လည်း ကျောက်ဖုံးနဲ့ ထိပ်တိုက် တွေ့လိုသည်။

အဘယ့်ကြောင့်ဆိုသော် ...

လီဟေးနှင့် ကျောက်ဖုံးတို့က သိုင်းကွက် နှစ်ရာကျော် တိုက်ခိုက်ခဲ့သည့်အဖြစ်ကို လီဟေးထံမှ ကြားသိခဲ့ရသောကြောင့် ဖြစ်သည်။

ကျောက်ဖုံးနှင့် လက်တွေ့ စမ်းသပ်ခြင်းဖြင့် မိမိနှင့်လီဟေး မည်သူက သိုင်းပညာ ပိုတော်ကြောင်းကို သိနိုင်မည် မဟုတ်ပါလား။

စုမာဖုံးသည် ဆရာသမားနှင့် ခွဲခွာကာနီးတွင် ဆရာဖြစ်သူ ကိုယ်တိုင်က ချီးမွမ်းခဲ့သည့် စကားကို ကြားယောင်မိသေးသည်။

နောက်ပေါက် လူငယ်ထဲတွင် မိမိမှာ ထိပ်ဆုံးနေရာ ရောက်နေသည်ဟု ဆရာဖြစ်သူက ချီးမွမ်းခဲ့သည်။

ထို့ကြောင့် ...

လီဟေး ပေါ်လာသောအခါ စုမာဖုံးက လီဟေးထက် သာလွန်နေသလောဟု သိချင်နေခြင်း ဖြစ်သည်။

ထို့ကြောင့် ...

ရန်သူနှင့် တိုက်ခိုက်မည်ကိုပါ ကျောက်ဖုံးကို အရင်ဆုံး ရွေးမည်ဟု စုမာဖုံးက ကြိတ်၍ ဆုံးဖြတ်ထားပြီ ဖြစ်သည်။

သို့သော် ...

ဝူးလျှံက မိမိ၏ဆန္ဒကို အဘယ့်ကြောင့် သိထားပါသနည်း။

ဝူးလျှံက ယင်းသို့သိရှိလိမ့်မည်ဟု စုမာဖုံးက လုံးဝ မမျှော်လင့်ပါချေ။ ယင်းကြောင့် ဝူးလျှံ၏ သတိပေးစကားကို ကြားမိလျှင် စုမာဖုံး အတော်ပင် အံ့သြသွားခဲ့သည်။

စိတ်ထဲတွင်လည်း ကျေးဇူးတင်မဆုံး ဖြစ်မိသည်။

"သူက ငါ့ကို တစ်ချိန်လုံး ဂရုစိုက်နေလို့ပေါ့၊ သည်လိုမှ မဟုတ်ရင် ငါ့ရဲ့ အတွင်းစိတ်ကို ဘယ်ရိပ်စားမိနိုင်ပါ့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



စုမာဖုံးက တစ်ကိုယ်တည်းကြိတ်၍ မှတ်ချက်ချလိုက်၏။

ထိုအခါ ...

သူ၏ နှုတ်ခမ်းအစုံတွင်လည်း အလိုလို အပြုံးရိပ်များ စွန်းထင်းသွားသည်။

စုမာဖုံးသည် ယင်းသို့ တွေးမိသဖြင့် စိတ်ထဲတွင် အတော်ပင် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"အခုလို သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျုပ် စွဲစွဲမြဲမြဲ မှတ်ထားပါ့မယ်"

စုမာဖုံးက လိုက်လှဲရင်းနှီးစွာ တုန့်ပြန်စကား ပြောလိုက်သည်။

အပြင်ပန်းအမြင်တွင် ထူးခြားသည့် ဆက်ဆံရေးတစ်ရပ် မဟုတ်သော်လည်း ကာယကံရှင် နှစ်ဦး၏ နှလုံးသားမှာမူ အကြီးအကျယ် ထူးခြားနေသည်။

ဝှားလျှံက ရှက်သွေးဖြာသွားကာ မျက်နှာတစ်ခုလုံး ရဲတက်လာသည်။

သူမသည် ရှက်စနိုးဟန်ဖြင့် စကားဆိုလိုက်သည်။

"ကျွန်မက အစိုးရိမ်လွန်နေသလား မသိဘူး၊ ဒါပေမယ့် ..."

သူမ စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွားသည်။

သူမသည် တစ်စုံတစ်ခု ပြောလိုဟန်တူသည်။

သို့သော် ...

မပြောဖြစ်ဘဲ ခေါင်းငုံ့သွားသည်။

စုမာဖုံး ပြုံးလိုက်သည်။

ရှင်မြူး ကြည်နူးဖွယ် အပြုံးတစ်ရပ်ပင် ဖြစ်သည်။

"ညီမ ... တိုက်ပွဲဖြစ်လာခဲ့ရင် ကိုယ့်ကိုကိုယ်လည်း ဂရုစိုက်ဦးနော်"



စုမာဖုံးကလည်း ကြင်နာသောလေသံဖြင့် သတိပေးစကား ပြောလိုက်သည်။ ဝှားလျှံ၏ နှုတ်ခမ်းပေါ်တွင် အပြုံးရိပ်ကလေးများ ဖြတ်သန်းသွားသည်။

"ဟုတ်ကဲ့ ..."

သူမက ရှက်စနိုးဖြင့် တိုးတိုးပြောလိုက်သည်။

စုမာဖုံးနှင့် ဝှားလျှံတို့သည် ထိုမျှ အပြန်အလှန် ပြောဆိုရုံနှင့် တစ်ယောက်၏အကြင်နာ၊ တစ်ဦး၏ ကရုဏာကို အသိအမှတ်ပြုနိုင်ကြပြီ ဖြစ်သည်။

တကယ်တော့ နှလုံးသားချင်း စကားပြောမိပြီ ဖြစ်သည်။ ဝှားလျှံသည် စုမာဖုံးနှင့် လမ်းချင်းခွာပြီး ဝူးလျှံထံဆီ လျှောက်သွားလိုက်သည်။

စုမာဖုံးမှာ ကျောက်ဖုံးနှင့် ရင်ဆိုင်လိုက်လေသည်။

❋ ◆ ❋

"ကျောက်ဖုံး ... ကျုပ်တို့ တစ်ပွဲတစ်လမ်းလောက် စမ်းလိုက်ကြရအောင် ..."

စုမာဖုံးက စိန်ခေါ်လိုက်၏။

ကျောက်ဖုံး မျက်မှောင်ကြုတ်သွား၏။

တစ်ဖန် ...

စုမာဖုံးအား စေ့စေ့ကြည့်လိုက်ပြီး ...

"ဒီမှာ စုမာဖုံး ... မင်း ဆရာကတောင် ငါ့ကို သည်လို ရိုင်းရိုင်းစိုင်းစိုင်း မဆက်ဆံဝံ့ဘူးကွ၊ သည်အတိုင်းဆိုရင်တော့ ငါက မင်းကို ကျောင်းမှန်းကန်မှန်းသိအောင် ဆုံးမမှ ဖြစ်မယ်၊ နို့မဟုတ်ရင် မင်းကဆက်ပြီး မိုက်လုံးထွားနေဦးမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခြွမ်း ..."

စကားဆုံးလျှင် သူ၏လက်စွဲတော်ဓားအား ခြွမ်းခနဲ ဆွဲထုတ်လိုက်သည်။

ထို့နောက် ...

စုမာဖုံးကို စေ့စေ့ကြည့်ပြီး လှုံ့ဆော်လိုက်သည်။

"ကဲ ... ဓားထုတ်လိုက်လေ ..."

စုမာဖုံး၏မျက်နှာ တင်းမာသွားသည်။

"သိုင်းလောကရဲ့ လူရမ်းကားတွေမှန်သမျှ သုတ်သင်ရှင်းလင်းပစ်ဖို့ လူတိုင်းမှာ တာဝန်ရှိတယ်၊ ခင်ဗျားက အသက်သာကြီးတယ်၊ အသိဉာဏ် ခေါင်းပါးတာကိုး၊ ခင်ဗျားလိုလူစားမျိုးကို ကျုပ်အနေနဲ့ မငဲ့ညှာနိုင်ဘူး"

စကားဆုံးလျှင် သူက ခါးမှဓားကို ခြွမ်းခနဲမြည်အောင် ဆွဲထုတ်လိုက်သည်။

ပြီးနောက် ... လက်ဦးမှုရယူပြီး လျှင်မြန်စွာ လှုပ်ရှားလိုက်လေသည်။

စုမာဖုံးသည် ကျောက်ဖုံးကို ဗွေဆော်ဦး ဓားဖြင့် ဝင်ထိုးလိုက်ခြင်း ဖြစ်သည်။

ကျောက်ဖုံးက စုမာဖုံးကို လုံးဝ မမှုပါ။

စုမာဖုံး၏ဓား သူ့ထံသို့ ဦးတင်လာနေသည်ကို မြင်သော်လည်း အပြုံးမပျက် စုမာဖုံးကို လှမ်းပြောလိုက်လေသည်။

"မင်းကို ငါ သိုင်းသုံးကွက် အသာပေးမယ်"

ကျောက်ဖုံးက ဟန်ပါပါ ကြွားလုံးထုတ်ရင်း စုမာဖုံး၏ ဓားချက်ကို လွတ်ရုံမျှ ရှောင်တိမ်းပေးလိုက်သည်။

ထို့ကြောင့် ...



စုမာဖုံး၏ ဗွေဆော်ဦးတိုက်ကွက်သည် အချည်းနှီး ဖြစ်သွားလေသည်။

စုမာဖုံး ခံပြင်းသွားသည်။

"သည်အဘိုးကြီးက မဆိုးပါလား၊ နောက်နှစ်ကွက်ကြရင် ပညာနည်းနည်းပါးပါး ပြမှ ဖြစ်မယ်"

စုမာဖုံးက ပကတိအခြေအနေကို သုံးသပ်ရင်း ကြည့်၍ ဆုံးဖြတ်လိုက်သည်။

စုမာဖုံးသည် ချက်ချင်းဆိုသလိုပင် ကျောက်ဖုံးအား ဒုတိယအကြိမ် ဝင်ရောက် တိုက်ခိုက်လိုက်ပြန်သည်။

သူသည် 'မိုးသိုင်း'ဆယ်ကွက်ထဲမှ 'မိုးတိမ်'သိုင်းကွက်ကို အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ယင်းသိုင်းကွက်သည် အလွန် ပေါ့ပါးသည်။

အမြင်တွင် ရိုးရိုးစင်းစင်းသာ ဖြစ်သည်။

သို့သော် ...

လေကဲ့သို့ မြန်ဆန်ပြီး အလှည့်အပြောင်း ပေါ်များလှသည်။

ကျောက်ဖုံး ရင်ထိတ်သွားသည်။

သူသည် အတွေ့အကြုံရှိသူပီပီ စုမာဖုံး၏ စွမ်းရည်ကို ကောင်းစွာ အကဲခတ်မိသည်။

သူသည် ပခုံးနှစ်ဘက်ကိုကြွ၍ကာ လေထဲသို့ ခုန်တက်လိုက်ရာ စုမာဖုံး၏ဓားသည် လေထဲသို့ ချော်ထွက်သွား ပြန်သည်။

သို့သော် ...

ကျောက်ဖုံး မြေပေါ်သို့ ပြန်လည် ခြေမချမိမှာပင် စုမာဖုံးက တတိယ သိုင်းကွက်ကို ဆင်လိုက်သည်။

ယခုတစ်ကြိမ် ...

www.burmeseclassic.com

www.burmeseclassic.com



စမာဖုံးက ဓားကိုပင့်ထိုး တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ဓားဦးသည် ကျောက်ဖုံး၏ ခြေနှစ်ဖက်ကို ဦးတည်တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

သူ၏ ဓားသွားမှာ တုန်ခါနေသည်။

ယခု သိုင်းကွက်မှာ 'မိုးသိုင်းကွက်' ဆယ်ကွက်ထဲမှ 'နဂါးရစ်ပတ်'သိုင်းကွက်ပင် ဖြစ်သည်။

ကျောက်ဖုံးသည် လေထဲမှ ပြန်အကျတွင် တတိယအကြိမ်တိုက်ခိုက်လိုက်ခြင်း ခံလိုက်ရ၍ စမာဖုံးကို စိတ်ထဲတွင်ကြိတ်၍ ကျိန်ဆဲလိုက်သည်။

ကျောက်ဖုံးသည် စမာဖုံး၏ ဓားချက်ကို လွတ်အောင် ရှောင်နိုင်သော်လည်း သူ့အင်္ကျီအနားစမှာ ဓားချက်ကြောင့် စုတ်ပြဲသွား၏။

"ဖြဲ ..."

အင်္ကျီစသည် ချက်ချင်းပင် မြေပေါ်သို့ ကျသွားသည်။

"တောက် ..."

ကျောက်ဖုံး ဒေါသအိုးပေါက်ကွဲသွားသည်။

သူသည် မြေပေါ်သို့ ပြန်လည်ခြေချမိသည်နှင့် စမာဖုံးအား ဓားဖြင့် တုန့်ပြန်တိုက်ခိုက်လိုက်သည်။

စမာဖုံးကလည်း ပြန်လည် တိုက်ခိုက်လိုက်သည်။

"ကျောက်ဖုံး ... ခင်ဗျား ရပ်တန့်ကရပ်ရင် ကောင်းမယ်၊ နို့မဟုတ်ရင် အရှက်တကွဲ အကျိုးနည်း ဖြစ်သွားလိမ့်မယ်"

စမာဖုံးက ခက်ထန်တင်းမာသော လေသံဖြင့် သတိပေးစကား ပြောလိုက်သည်။

သို့သော် ကျောက်ဖုံးက စမာဖုံး၏ စကားကို မကြားမိသည့်အလား စမာဖုံးကို ဓားဖြင့် မနားတမ်း တိုက်ခိုက်နေသည်။



"ဒိုး ... ဒိုး ..."

လေတိုးသံများ ကျယ်လောင်စွာ ထွက်ပေါ်နေသည်။

အားမာန်ပါကာ ပြင်းထန်လှသည်။

စမာဖုံးသည် စကားဆက် မပြောဝံ့တော့ပေ။

လီပေား၏စကားက မှန်ကန်နေသည်။

ကျောက်ဖုံး၏ ဓားစွမ်းသည် အံ့မခန်း တော်လွန်းလှသည်။

ထိုမျှ အစွမ်းထက်သော ဓားသမားမျိုးကို တစ်သက်နှင့်တစ်ကိုယ် မကြုံခဲ့သေးဘူးချေ။

စမာဖုံးသည် အစွမ်းကုန် ကြိုးစား တိုက်ခိုက်သော်လည်း မကြာခဏဆိုသလို ကျောက်ဖုံး၏ ဓားချက် ထိမှန်ခံရမတတ် ဖြစ်သွားခဲ့သည်။

ပွတ်ကာသီကာဖြင့်သာ ကျောက်ဖုံး၏ဓားချက်မှ လွတ်မြောက်ခဲ့ရသည်။

အမှန်ဆိုလျှင် ...

ဝှားလျှံသည် ဝူးလျှံနှင့် မလှမ်းမကမ်းအကွာသို့ ရောက်ရှိနေပြီ ဖြစ်သည်။

သို့သော် ...

ကျောက်ဖုံးနှင့် အသေအကြေ တိုက်ခိုက်နေသော စမာဖုံး၏ အခြေအနေကို အကဲခတ်လိုက်မိသဖြင့် စိတ်ထဲတွင် အတော်ပင် စိုးရိမ်သွားသည်။

ထို့ကြောင့် သူမသည် ဝူးလျှံထံသို့ မသွားတော့ဘဲ မူလနေရာသို့ ပြန်လည်ဆုတ်ခွာလာသည်။

သူမသည် ဓားကို အသင့်ကိုင်လျက် စမာဖုံးနှင့် ကျောက်ဖုံးတို့၏ အခြေအနေကို မျက်တောင်မခတ်တမ်း စောင့်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်တွင် ...

ဂူဟောင်နှင့် ဂူတန်းဂိုဏ်းမှ ချီရသေ့တို့ နှစ်ဦးသည် ဂူးလှုံ၏ လက်အောက်မှ လူများနှင့် ယှဉ်ပြိုင်တိုက်ခိုက်နေပြီ ဖြစ်သည်။

သူတို့သည် ရန်သူနှင့် တစ်ဦးချင်း တိုက်ခိုက်နေခြင်း မဟုတ်ဘဲ ရန်သူနှစ်ဦးစီကို ရင်ဆိုင်နေရခြင်း ဖြစ်သည်။

သို့သော် ...

သူတို့နှစ်ဦးစလုံးသည် ရန်သူအပေါ် အသာစီးဖြင့် တိုက်ခိုက်နေကြသည်။

ကို့ထင်းက အခြေအနေကို လျင်မြန်စွာ အကဲခတ်လိုက်သည်။

ထို့နောက် ...

သူ၏လက်စွဲတော်ဓားကို လုံယွမ်ထံသို့ ပစ်ပေးလိုက်သည်။

တဆက်တည်းပင် ...

ဘယ်ဘက်လက်တွင် ရှိနေသော ကင်းဆိပ်ဓားကို ညာလက်သို့ ပြောင်းကိုင်လိုက်သည်။

"ဟေ့ ဘီလူးမ ... မင်းကို အရှင်ဖမ်းမယ်"

ကို့ထင်းသည် ပြောပြောဆိုဆို ဂူးလှုံအား ကင်းဆိပ်ဓားဖြင့် တိုက်ခိုက်လိုက်သည်။

ဂူးလှုံက နှာခေါင်းရှုံ့ကာ ...

"ရှင် သိပ်ကြီးကျယ်မနေနဲ့ ..."

ပက်ခနဲ ပြန်ပြောလိုက်သည်။

တစ်ဆက်တည်းပင် လက်တစ်ချက် ဝှေ့ယမ်းကာ အချက်ပြလိုက်လေသည်။ ထိုအခါ ချက်ချင်းဆိုသလိုပင် အသက်ငါးဆယ်ပတ်ဝန်းကျင် ရှိသော အဘိုးအိုနှစ်ယောက်သည် တစ်ပြိုင်နက်တည်း ပြေးဝင်လာကြသည်။



သူတို့သည် အသင့်ကိုင်ဆောင်ထားသော ဓားဖြင့် ကို့ထင်း၏ ကင်းဆိပ်ဓားကို လမ်းတစ်ဝက်မှ ဖြတ်ရိုက်လိုက်သည်။

"ချွမ်း ..."

"ချွမ်း ..."

ဓားချင်းထိသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သုံးဦးစလုံး ခြေတစ်လှမ်းစီ ဆုတ်မိကြသည်။

ယင်းအချက်ကို ကြည့်ရုံဖြင့် အဘိုးအိုနှစ်ယောက်မှာ ကို့ထင်းထက် အရည်အချင်း မညံ့ကြောင်း သိသာသည်။

ဂူးလှုံက ပြုံးရင်း ...

"ကို့ထင်း ... မရဏအဖွဲ့ရဲ့ အဆောင်မှူးနှစ်ယောက်ကို ဘာများ အောက်မေ့သလဲ၊ သူတို့လက်ထဲမှာ ကိုင်ထားတဲ့ ဓားက ရှင့်ရဲ့ ကင်းဆိပ်ဓားကို မမှုဘူးရှင့်၊ သည်နေ့ ရှင်တို့တစ်ဖွဲ့လုံး ကျွန်မ တစ်ခါတည်း အရှင်ဖမ်းလိုက်မယ်"

သူမက လှမ်း၍ ကြုံးဝါးလိုက်သည်။

ကို့ထင်းက ...

"တယ်လည်း စိတ်ကူးယဉ်တာကိုး ..."

ကို့ထင်းက ပြန်ခနဲ့လိုက်ရင်း ကင်းဆိပ်ဓားကို ဝှေ့ယမ်းလိုက်ပြီး အဘိုးအိုနှစ်ယောက်ကို တိုက်ခိုက်လိုက်၏။

အဘိုးအို နှစ်ယောက်ကလည်း ချက်ချင်း တုန့်ပြန် တိုက်ခိုက်လိုက်သည်။

သို့ဖြင့် ...

သူတို့သုံးယောက်သည် အပြန်အလှန် တိုက်ခိုက်နေလေတော့သည်။

❋ ◆ ❋

www.burmeseclassic.com

www.burmeseclassic.com

## မြှောင်ခေသ အဆိပ်သိုင်းငါးဖော်

ပြင်းထန်သော တိုက်ပွဲများ ပေါ်ပေါက်လာပြီဖြစ်သည်။

သို့သော် ...

ဝူးလျှံသင် မည်သူနှင့်မျှ ရင်ဆိုင်တိုက်ခိုက်ခြင်း မရှိပါ။

သူမ၏ မျက်လုံးအစုံသည် လီယောထံသို့သာ အာရုံစူးစိုက်ရောက်ရှိနေသည်။

ထိုအချိန်တွင် ...

ချိန်ဟုတ်က လီယောအား နှစ်ကိုယ်ကြား လေသံဖြင့် တီးတိုးတိုင်ပင်လိုက်သည်။

"တဲအိမ်ထဲမှာ အမိုက်ကျေးရွာကလူတွေကို ချုပ်ထားရုံတင်မကဘူး ထူးခြားချက်တစ်ခုခု ရှိနိုင်တယ်၊ တဲအိမ်ထဲ ဝင်ကြည့်ရင်မကောင်းဘူးလား"

ချိန်ဟုတ်က မယုံသင်္ကာဖြစ်ဟန်ဖြစ် လီယောနှင့် တိုင်ပင်လိုက်သည်။

လီယောက ခေါင်းညိတ်လိုက်သည်။

"ကျွန်တော်လည်း သည်လိုပဲ စိတ်ကူးနေတာ၊ ကျွန်တော်တို့က အစွမ်းကုန် ကြိုးစားကြရင် အိမ်ထဲကို ဝင်နိုင်မှာပါ"

ချိန်ဟုတ်က ...

"ဟုတ်တယ် ... ရန်သူအချို့ကို အပြတ်ရှင်းမှ ဖြစ်မယ်"



နှစ်ယောက်သား တိုင်ပင်ပြီးနောက် လုံယွမ်ဘက်သို့ အလျင်စလို လှမ်း၍ မှာကြားလိုက်သည်။

"လုံယွမ် ... ခင်ဗျားက သည်မှာတာဝန်ယူ စောင့်ကြည့်ထားပါ၊ ကျုပ်တို့ အထဲဝင်ပြီး မွှေလိုက်ဦးမယ်"

ချိန်ဟုတ်သည် အချိန်မဖြုန်းဘဲ အိမ်တန်းလျားများ၏ အလယ်ခန်းဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားသည်။

လီယောကမူ ဝဲဘက်အစွန်ဆုံး အခန်းသို့ ရှေးရှု လျှောက်သွားလိုက်သည်။

ထိုအချိန်မှာပင် ...

ဝူးလျှံ၏နောက်တွင် ရပ်နေသော လူသုံးယောက်ထဲမှ နှစ်ယောက်သည် ချိန်ဟုတ်ထံသို့ ပြေးလာသည်။

ကျန်တစ်ယောက်မှာ လီယောထံသို့ ပြေးသွားသည်။

"သွားစမ်း ..."

ချိန်ဟုတ်က ဒေါသသံဖြင့် အော်ငေါက်လိုက်သည်။

တဆက်တည်းပင် ...

ဝင်ရောက်လာသော ရန်သူနှစ်ယောက်အား လက်ဝါးတစ်ဖက်စီဖြင့် ဆီးကြို ရိုက်ချလိုက်သည်။

ရန်သူနှစ်ဦးစလုံးမှာ သက်လတ်ပိုင်းဖြစ်ပြီး ကိုယ်ဟန် တောင့်တင်းလှသည်။

သူတို့သည် ချိန်ဟုတ်၏ လက်ဝါးရိုက်ချက်ကို ခုခံရန် လက်ကိုယ်စီ ဆန့်ထုတ်လိုက်ကြသည်။

ရန်သူနှစ်ယောက်ကို တစ်ချက်တည်း သတိလစ်သွားအောင် တိုက်ခိုက်နိုင်လိမ့်မည်ဟု ချိန်ဟုတ်က တွက်ဆထားသည်။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့တွင်မူ ထိုသို့ ဖြစ်မလာပါချေ။

"ဝုန်း ..."

"ဝုန်း ..."

ကျယ်လောင်သော အသံနှစ်ချက် ထွက်ပေါ်လာသည်။

ရန်သူနှစ်ယောက်သည် ချိန်ဟုတ်၏ ရိုက်ချက်ကြောင့် နောက်သို့ ယိုင်နဲ့သွားကြ၏။

သို့သော် ...

နှစ်ဦးစလုံးနောက်သို့ ဆုတ်မသွားသည့်အပြင် ရှေ့သို့ ပြန်တိုးလာကြသည်။

"တောက် ..."

ချိန်ဟုတ် ဒေါသထွက်သွားသည်။

သူသည် ဒေါသအပြည့်ဖြင့် ထိုလူနှစ်ယောက်ကို တရကြမ်း တိုက်ခိုက်လိုက်သည်။

"ဝုန်း ..."

"ဝုန်း ..."

ကျယ်လောင်သော အသံနှစ်ချက် ထွက်ပေါ်လာသည်။

ထိုလူနှစ်ယောက်မှာ လက်ဝါးရိုက်ချက် ထိမှန်သွားသော်လည်း လွင့်စဉ်သွားခြင်း မရှိပါ။

သူတို့သည် အထိနာသွားသည့်တိုင် နောက်ဆုတ်မသွားပါချေ။

ချိန်ဟုတ်ရှေ့တွင် ပိတ်မြဲပိတ်ထားသည်။

ချိန်ဟုတ် အခက်ကြုံရတော့၏။

လီဟေး၏ အခြေအနေမှာမူ ချိန်ဟုတ်ထက် သာသည်။

သူလက်ထဲတွင် ဓားကို အဆင်သင့် ကိုင်ထားသဖြင့် သူ့အား ပိတ်ဆို့ရန် ပြေးလာသူကို ဆီးကြို၍ တိုက်ခိုက်လိုက်သည်။



သိုင်းကွက် ခြောက်ကွက်ခန့် ယှဉ်ပြိုင်မိပြီးလျှင် ...

"အား ..."

ရန်သူမှာ ရှူးရှူးရှားရှား အော်ဟစ်ရင်း မြေပေါ် လဲကျသွားသည်။

လီဟေးသည် အချိန်ကြန့်ကြာမည် စိုးသဖြင့် သူ၏ ဘွားဘွားထံမှ သင်ယူခဲ့သော 'ချယ်ရီ'ဓားသိုင်းအား အသုံးပြုကာ ရန်သူအား တစ်ချက်တည်းဖြင့် ပြတ်ပြတ်သားသား ဆုံးမလိုက်ခြင်း ဖြစ်သည်။

လီဟေးသည် ရန်သူကို အပြတ်ရှင်းပြီးသည်နှင့် အိမ်ထဲသို့ တန်းဝင်သွားသည်။

သူ ဝင်သွားသောအခန်းမှာ မူလ ရည်ရွယ်ခဲ့သော ဝဲဘက် အစွန်ဆုံးအခန်းပင် ဖြစ်သည်။

အိမ်ထဲသို့ ဝင်မိသည်နှင့် အတုန်းအရုံးလဲကျနေသော သိုင်းသမားများကို မြင်တွေ့လိုက်ရ၏။

အရေအတွက်အားဖြင့် အနည်းဆုံး နှစ်ဆယ်ခန့် ရှိမည်ဟု ခန့်မှန်းရသည်။

လီဟေးသည် အနည်းငယ် ငုံ့ကြည့်လိုက်ရုံဖြင့် အားလုံးပင် အကြောက်ပိတ် ခံထားရသောကြောင့် အတပ်သိလိုက်သည်။

သို့ဖြင့် ...

မင်းတို့ထဲမှ အဘိုးအိုတစ်ယောက်၏ သွေးကြောကို ပြန်ပွင့်သွားအောင် လက်ဖြင့် အသာအယာ ပုတ်လိုက်၏။

အဘိုးအိုသည် ချက်ချင်းပင် ထ,ထိုင်လိုက်သည်။

ထို့နောက် ...

လီဟေးကို မော့ကြည့်ကာ ...

"မင်း ... မင်းဘယ်သူလဲ"

ဟု မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လီဟောက …

"ကျွန်တော့်နာမည် လီဟောလို့ ခေါ်ပါတယ်၊ ဘကြီးက အမိုက်ကျေးရွာကလား"

သူက ပြန်မေးလိုက်ရာ အဘိုးအို ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် … အဘနာမည်က ကြုံးတုလို့ခေါ်တယ်၊ အမိုက်ကျေးရွာ လုံခြုံရေးအဖွဲ့ထဲက အဖွဲ့ဝင် တစ်ယောက်ပဲ၊ မင်း ဘာဖြစ်လို့ မေးတာလဲ၊ မင်းကို ကြည့်ရတာ မရဏာစံအိမ်ကတော့ မဟုတ်ဘူး ထင်တယ်"

ကြုံးတုဆိုသော အဘိုးအိုက တအံ့တသြဖြင့် မေးမြန်းလိုက်၏။

လီဟောက …

"အမိုက်ကျေးရွာပိုင်ရှင် ကိုထင်းက အပြင်မှာ ရောက်နေပါတယ်၊ ကျွန်တော်က သူနဲ့အတူပါလာတာပါ၊ ဘကြီးကို တစ်ခု မေးပါရစေ"

ကြုံးတုက …

"ဘာများလဲ၊ မေးပါ … "

လီဟောက … ၂

"တခြားတော့ မဟုတ်ပါဘူး၊ အမိုက်ကျေးရွာက လူထဲမှာ ဝါးကျင်းအပြင် မရဏာစံအိမ်ဘက် ပါသွားတဲ့လူ ဘယ်နှစ်ယောက် ရှိသေးလဲ"

ဟုမေးလိုက်၏။

ကြုံးတု သက်ပြင်းတစ်ချက် ချလိုက်သည်။

အတန်ကြာမှ …

"မနည်းဘူး၊ အယောက်သုံးဆယ်လောက် ရှိမှာပဲ"

ကြုံးတုက ခန့်မှန်းချက်ဖြင့် အနီးစပ်ဆုံး ဖြေလိုက်လေသည်။



ကြုံးတု ပြောသည့် အရေအတွက်မှာ ကျိုကောင်းပြောသည့် အရေအတွက်နှင့် အတော်ပင် ကွာနေသည်။

ထို့ကြောင့် လီဟော စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်သွား၏။

သူက အဘိုးအိုအား ကြည့်ကာ …

"ကျိုကောင်းရော ဘယ်ရောက်နေသလဲ၊ ထွက်များ ပြေးသွားသလား"

အကဲစမ်းကာ မေးလိုက်၏။

ကြုံးတု ခေါင်းခါယမ်းလိုက်သည်။

"ထွက်မပြေးပါဘူး"

"ဒါဖြင့် ဘယ်ရောက်သွားလဲ"

"သူ့တပည့်လက်ချက်နဲ့ သေသွားပါပြီ"

လီဟော ပင့်သက်ရှိုက်လိုက်သည်။

ယခုအတိုင်းဆိုလျှင် ကျိုကောင်းပြောသည့် စကားမှာ မှန်ကန်နိုင်သည်ဟု တွေးမိပြန်သည်။

လီဟောက ငြိမ်နေသဖြင့် ကြုံးတုက …

"ကျိုကောင်းက ဘာတွေများ ပြောသွားလို့လဲ၊ သူပြောတာနဲ့ ငါပြောတာ ဘာများကွာနေလဲ"

ဟု မေးလိုက်၏။

လီဟောက …

"ဟုတ်ကဲ့ … အမိုက်ကျေးရွာက လူတစ်ဝက်လောက် မရဏာအဖွဲ့ထဲ ပါသွားတယ်လို့ ကျိုကောင်းက ပြောသွားပါတယ်၊ ဘကြီးကတော့ အယောက်သုံးဆယ်ပဲ ခန့်မှန်းတယ်၊ အရေအတွက်ချင်း သိပ်ကွာမနေဘူးလား"

လီဟောက သံသယ ရှင်းသွားစေရန် ဖွင့်မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြုံးတုက ...

"တူမောင် မသိတဲ့ အချက်တစ်ချက် ရှိတယ်၊ တူမောင်တင် မကဟုတ်ဘူး၊ ကျိုကောင်းလည်း အဲသည်အချက်ကို ရိပ်မိချင်မှ ရိပ်မိမယ်၊ ဘာလဲဆိုရင် အမိုက်ကျေးရွာကနေ ဝါးကျင်းခေါ်သွားတဲ့ အယောက် သုံးဆယ်ကလွဲရင် ကျန်လူတွေက မရဏာစံအိမ်နက်ကို တကယ်ပါသွားကြတာ မဟုတ်ဘူး၊ အာလုံးကပဲ သူတို့ဘက် ပါချင်ယောင် ဆောင်နေကြတာ"

လီဟေး မျက်မှောင်ကြုတ်သွားသည်။

ကြုံးတုအားကြည့်ကာ ...

"ဒါ တကယ်လား"

မယုံကြည်နိုင်သော လေသံဖြင့် မေးလိုက်၏။

ကြုံးတုက ...

"အကယ်၍ တကယ်မဟုတ်ဘူးဆိုရင် မရဏာအဖွဲ့က ကျုပ်တို့ကို အခုလို အကြောပိတ်ထားပါ့မလား၊ မင်းတို့ ရောက်မလာခင်မှာ ကျုပ်တို့က မရဏာအဖွဲ့နဲ့ အသေအလဲ တိုက်ခိုက်ခဲ့ကြတယ်၊ နိဂုံးချုပ်တော့ မရဏာအဖွဲ့ထဲ ပါချင်ယောင်ဆောင်နေကြတဲ့ အမိုက်ဂေဟာက လူတွေထဲမှာ အယောက်လေးဆယ်လောက် သေသွားကြတယ်၊ အယောင်ဆောင် မဟုတ်တဲ့လူတွေကျတော့ တစ်ယောက်မှ မသေဘူး"

ကြုံးတု၏အသံတွင် နာကြည်းဆွေးမြေ့ဟန် အပြည့်ပါနေ၏။

ကြုံးတု၏ စကားကိုကြားလျှင် လီဟေး အတောင်ပင် အားတက်သွားသည်။

"ဒါဆိုရင် သူတို့ရဲ့ သွေးကြောကို ပြန်ပွင့်အောင် လုပ်ပေးကြတာပေါ့၊ ဘကြီးလည်း ကျွန်တော့်ကို ကူညီပေါ့ဗျာ"



ကြုံးတုက ချက်ချင်း သဘောတူလိုက်သည်။

သူတို့နှစ်ယောက်က ဝိုင်းဝန်း ပြုစုပေးလိုက်သဖြင့် အိမ်ထဲရှိ သွေးကြော ပိတ်ခံထားရသူများသည် အားလုံးပင် ပြန်လည် သတိရလာကြသည်။

အပြင်တွင် ရောက်ရှိနေသော ကိုထင်းအား သွားရောက်ကူညီရန် လီဟေးက ယင်းလူစုကို မှာကြားလိုက်သည်။

ထို့နောက် ...

ဇာတိယ အခန်းထဲသို့ လှည့်ဝင်သွားပြန်သည်။

❋ ◆ ❋

ချိန်ဟုတ်က ဝင်ရောက်တားဆီးလာသော ရန်သူနှစ်ဦးကို အပြတ်ရှင်းပြီး အိမ်တန်းလျားထဲသို့ လှည့်ဝင်လာသော အချိန်တွင် လီဟေးသည် ဝဲဘက်ရှိ အခန်းငါးခန်းထဲမှ သတိလစ်နေသော အမိုက်ကျေးရွာမှ လူများကို ပြန်လည် သတိရလာအောင် ပြုစုပေးခဲ့ခြင်း ဖြစ်သည်။

စုစုပေါင်း အရေအတွက်မှာ တစ်ရာကျော်လောက် ရှိပေသည်။

ယင်းလူစုထဲတွင် သိုင်းပညာ တကယ်ကျွမ်းကျင်သူ အနည်းအကျဉ်းသာ ရှိသည်။

သို့သော် အားလုံး ပြန်ကောင်းလာပြီ ဖြစ်၍ စိတ်အား တတ်ကြွစရာ ကောင်းလှသည်။

လီဟေးသည် ညာဘက်တွင်ရှိသော အခန်းများသို့ လှမ်းလာပြန်သည်။

ထိုစဉ် ချိန်ဟုတ်သည် အလယ်ခန်းတွင် ရှာဖွေသော်လည်း မည်သူ့ကိုမျှ မတွေ့ရတော့ဘဲ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ညာဘက် ပထမခန်းဘက်သို့ ကူးလာသည်။

ယင်းအခန်းသို့ လှမ်းဝင်လိုက်စဉ်မှာပင် လီဟေးရောက်ရှိလာသည်။

ချိန်ဟုတ်နှင့် လီဟေးတို့ အခန်းထဲသို့ ဝင်သွားကြ၏။

ထိုအခန်းထဲတွင် လူတစ်စု ထိုင်နေကြသည်။

ယင်းလူစုတို့မှာ အနိုက်ကျေးရွာမှ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများနှင့် ကလေးများ ဖြစ်ကြ၏။

ချိန်ဟုတ်နှင့် လီဟေးတို့က အနည်းငယ် တိုင်ပင်ပြီးနောက် ယင်းလူစုကို နေရာမှထနိုင်းပြီး တန်းလျားအနောက်ဘက်တွင် ရှိသောကောင်ကြားသို့ ရှောင်တိမ်းသွားရန် စေခိုင်းလိုက်သည်။

ချိန်ဟုတ်သည် တဲတန်းလျားကို မီးရှို့ပစ်ရန် စိတ်ကူးထားဟန်ရှိသည်။

သူတို့နှစ်ဦးသည် ညာဘက် ဒုတိယနှင့် တတိယ အခန်းထဲသို့ ဝင်ကြည့်ပြန်သည်။

သူတို့နှစ်ယောက်သည် ညာဘက်ဒုတိယနှင့် တတိယအခန်းထဲသို့ ဝင်ကြည့်ပြန်သည်။

ထိုအခန်းနှစ်ခန်းတွင်လည်း ပထမခန်းကဲ့သို့ပင် ဖြစ်ပေသည်။

စတုတ္ထ အခန်းထဲသို့ ဝင်မိတော့မှ အခြေအနေပြောင်းလဲသွားတော့သည်။ ထို အခန်းထဲတွင် ဖျာအကြီးကြီးတစ်ချပ် ခင်းထားသည်။

ဖျာပေါ်တွင် အဝါရောင် ဝတ်ဆင်ထားသော အဘိုးအိုငါးယောက် ထိုင်နေကြသည်။

ချိန်ဟုတ်နှင့် လီဟေးတို့ကို တွေ့လိုက်သည်နှင့် သူတို့ထဲမှ လူတစ်ယောက်က အညိုရောင် အိတ်တစ်လုံးကို ဆွဲယူလျက် ထိုင်ရာမှ ထ,လိုက်သည်။



ကျန်လေးယောက်မှာလည်း ရှေ့ဆင့်နောက်ဆင့်ပင် ထိုင်ရာမှ တကော တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ချိန်ဟုတ်က အဘိုးအိုကို တစ်ချက် စေ့ကြည့်လိုက်ပြီး ...

"ခင်ဗျားတို့က ဘယ်သူတွေလဲ"

ဟု မေးလိုက်သည်။

အဘိုးအို ငါးယောက်ထဲမှ တစ်ယောက်က မပြုံးချင်ပြုံးချင်ဖြင့် ပြုံးပြလိုက်သည်။

ထို့နောက် ...

လေသံအေးအေးဖြင့် ...

"ကျုပ်တို့က ညီအစ်ကိုတွေပါ၊ မြောင်ဒေသအဆိပ်ငါးဖော်ပါ"

ဟု ဖြေကြားလိုက်သည်။

ထို အဘိုးအို၏ စကားကို ကြားလိုက်လျှင် ချိန်ဟုတ်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"ကဲ ငါညီ ... အဆိပ်ဝိဇ္ဇာတွေနဲ့တော့ တိုးနေပြီ၊ သည်လူလက်ထဲကအိတ်ကို သတိထားပေတော့၊ သူတို့လက်ထဲက လုယူနိုင်ရင် အကောင်းဆုံးပဲ"

ဟု အတွင်းအား အသံပို့နည်းဖြင့် လီဟေးအား သတိပေးလိုက်လေသည်။ အတွင်းအားဖြင့် အသံပို့နည်းမှာ အင်မတန်မှ ဆန်းကြယ်လှပေသည်။

အကွာအဝေးကျင်း တူညီနေသည့်တိုင် ယင်းနည်းဖြင့် ပြောဆိုသူ၏ အသံမှာ ကြားစေလိုသောသူ၏ အာရုံထဲသို့သာ ရောက်သွားနိုင်သည်။

ထို့ကြောင့် ချိန်ဟုတ်က လီဟေးအား သတိပေးလိုက်သော်လည်း အဆိပ် ငါးဖော်တို့က လုံးဝ မရိပ်မိဘဲ ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ချိန်ဟုတ်သည် လီဟေးအား သတိပေးပြီးနောက် ဟက်ခနဲ ရယ်မောလိုက်သည်။

"လက်စသတ်တော့ မြောင်ဒေသက အဆိပ်ငါးဖော်ကိုး ... ကျုပ် ကြားဖူးတာပေါ့ဗျာ၊ ဒါပေမယ့် ခင်ဗျားတို့က မြောင်ဒေသမှာပဲ နေကြတယ် မဟုတ်လား၊ အခု ဘာကြောင့် အမိုက်တောင်ကိုရောက် နေကြတာလဲ၊ ပြီးတော့ ဘယ်လိုကြောင့် မရဏစံအိမ်နဲ့ ပူးပေါင်း နေရတာလဲ"

သိလိုသည်ကို မေးကြည့်လိုက်၏။

အဆိပ်ငါးဖော် အမည်မှာ ဆားလိန်၊ ဆားယိ၊ ဆားအော့၊ ဆားဂူ၊ ဆားစုတို့ ဖြစ်ကြသည်။ သူတို့ညီအစ်ကို ငါးယောက်သည် မြောင်ဒေသတွင် အခြေချ နေထိုင်ပြီး မြေလတ်ပိုင်းကို တစ်ကြိမ် တစ်ခါမျှ မရောက်ဖူးပေ။ ထို့ကြောင့်ချိန်ဟုတ်ကဲ့သို့ အတွေ့အကြုံရှိသူ မဟုတ်ပါက ၎င်းတို့၏ ဇာစ်မြစ်ကို သိရှိနိုင်မည် မဟုတ်ချေ။

စောစောက စကားပြောသော အဘိုးအိုမှာ ၎င်းတို့ငါးဦးထဲမှ အကြီးဆုံးဖြစ်သူ ဆားလိန် ဖြစ်သည်။

ဆားလိန်ကပင် ဆက်၍ ရှင်းပြသည်။

"ကျုပ်တို့က မရဏစံအိမ်နဲ့ အပေးအယူ လုပ်ထားတယ်လေ၊ ကျုပ်တို့ ငါးယောက်က သူတို့အတွက် ကို့ထင်းကို အရှင်ဖမ်းပေး နိုင်ရင် အဆိပ်ကင်းဘုရင်ရဲ့ နှစ်ပိုင်းတစ်ပိုင်းကို ကျုပ်တို့လက်ထဲ အပ်မယ်၊ သည်လောက် တန်ဖိုးကြီးတဲ့ ပစ္စည်းမျိုးမို့ အပေးအယူ လုပ်တာပဲ၊ ကျုပ်တို့က လက်မခံဘဲ နေပါ့မလား"

ချိန်ဟုတ်က ...

"ခင်ဗျားတို့က အဆိပ်ကင်းဘုရင် တစ်ဝက်ကိုရော ရထား ပြီကြလား"



ဟု မေးလိုက်သည်။

ဆားလိန် ခေါင်းညိတ်လိုက်သည်။

"ရထားပြီးပါပြီ၊ နို့မဟုတ်ရင် ကျုပ်တို့က သူတို့အတွက် အလုပ် လုပ်ပေးပါ့မလား"

ချိန်ဟုတ်က ...

"ခင်ဗျားတို့က ကို့ထင်းကို ဘယ်လိုနည်းနဲ့ အရှင်ဖမ်းမှာလဲ"

ဟု စူးစမ်း မေးလိုက်ပြန်သည်။

ဆားလိန်က သူတို့ ညီအစ်ကို ငါးယောက်ထဲမှ အမှတ်စဉ် လေးဖြစ်သူ ဆားဂူ၏ လက်ထဲတွင် ကိုင်ထားသောအိတ်ကို မေးထိုး ပြလိုက်သည်။ ထို့နောက် သူက အေးတိအေးစက် လေသံဖြင့် ...

"အိတ်ကိုဖွင့်ပြီး လေထဲမှာ ခါလိုက်ရုံနဲ့ ခင်ဗျားတို့အားလုံး တစ်ယောက်မှ ပြေးလို့ မလွတ်တော့ဘူး"

ဟု ဖြေကြားလိုက်သည်။

"ဗျာ် ..."

"ဟာ ..."

ချိန်ဟုတ်နှင့် လီဟေးတို့ ထိတ်လန့်သွားကြသည်။

အလွန်ပင် ကြောက်မက်ဖွယ်ကောင်းသော အကြံအစည်တစ် ရပ်အား သိလိုက်ရပြီ မဟုတ်ပါလား။

လီဟေး ပင့်သက် ရှိုက်လိုက်၏။

သူသည် အသက်ပြင်းပြင်းတစ်ချက် ရှူရှိုက်ကာ အခွင့်သာလျှင် လက်ဦးမှု ရယူနိုင်အောင် အသင့်ပြင်ဆင်ထားလိုက်လေသည်။

ချိန်ဟုတ်က မချိပြုံး ပြုံးလိုက်ပြီး ...

"အဲသည်အိတ်ထဲမှာ ဘာတွေထည့်ထားလို့လဲ"

သူက စူးစမ်းမေးမြန်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆားလိန်က သဘောကျစွာဖြင့် ...

"သိချင်ရင် ပြောပြရမှာပေါ့၊ အိတ်ထဲမှာ ထည့်ထားတာက အဆိပ်ကင်းဘုရင်နဲ့ ဖော်စပ်ထားတဲ့ ဆေးမှုန့်တွေပဲ အဲသည်ဆေးမှုန့်တွေက လူတွေရဲ့စိတ်ကို ဖောက်ပြန်သွားစေနိုင်တယ်၊ ပြီးတော့ ကိုယ့်ဘဝကိုယ် မေ့သွားစေနိုင်တယ်"

ဟု ပြောလိုက်၏။

လီပေါ်းမှာ ကြားရုံဖြင့် ကျောချမ်းသွားမိသည်။

ချိန်ဟုတ်က မျက်မှောင်ကြုတ်လိုက်သည်။

"ဒါဆိုရင် တော်တော်ပြင်းတဲ့ အဆိပ်ပေါ့၊ အဲသည်အဆိပ်ကို ပြယ်အောင် လုပ်နိုင်တဲ့ဆေးကော ရှိရဲ့လားဗျာ"

ဆားလိန်က ခေါင်းညိတ်လိုက်သည်။

"ရှိတာပေါ့ ... နို့မဟုတ်ရင် အဆိပ်သုံးတဲ့အခါ ကိုယ့်ဘက်က လူတွေပါ ရောပြီး ထိကုန်မှာပေါ့"

အဆိပ်သိုင်းငါးဖော်သည် အဆိပ်နှင့်ပတ်သက်ပြီး တစ်ဖက်ကမ်းခတ်အောင် ကျွမ်းကျင်ကြသည်။

သို့သော် သူတို့က လူဆိုးများ မဟုတ်ကြပါ။

စိတ်ထားလည်း ရိုးဖြောင့်ကြသည်။

သို့မဟုတ်ပါက ချိန်ဟုတ် သိလိုသောအချက်ကို ယခုကဲ့သို့ အမှန်အတိုင်း ဖွင့်ပြောလိမ့်မည် မဟုတ်ပါချေ။

"အဆိပ်ဖြေဆေးက ဘယ်လိုဟာမျိုးလဲ၊ ခင်ဗျားတို့ပဲ ဖော်စပ်ထားတာပေါ့ ဟုတ်လား"

ချိန်ဟုတ်က ဆက်လက် မေးမြန်းလိုက်ပြန်သည်။

ဆားလိန်က ပြုံးလိုက်သည်။

"ဒါပေါ့ ... အမှန်အတိုင်း ခင်ဗျားတို့ကို ပြောပြလည်း ဘာမှ



ဖြစ်မသွားပါဘူး၊ ဘာဖြစ်လို့လဲဆိုရင် အရေးကြီးတဲ့ ပစ္စည်းနှစ်မျိုးက တော်တော်ရှားတယ်၊ ခင်ဗျားက ဆေးဖော်စပ်ချင်တာတောင် အဲဒီဆေးနှစ်မျိုးကို ရှာလို့ရမှာ မဟုတ်ဘူး"

ချိန်ဟုတ် မျက်မှောင်ကြုတ်သွားသည်။

အားလိန်အား စေ့စေ့ကြည့်ကာ ...

"အဓိကဆေးနှစ်မျိုးက ဘာလဲ"

ဟု မေးလိုက်ပြန်၏။

ဆားလိန်က အလွယ်တကူပင် ဖြေကြားလိုက်သည်။

"ရေခဲတောင် ကြာနေနဲ့ နှစ်တစ်ရာမဆွေး မှိုပွင့်ပဲ"

ချိန်ဟုတ် ခေါင်းညိတ်လိုက်သည်။

"အင်း ... သည်ဆေးနှစ်မယ်ကတော့ တကယ် ရှားပါးတာပဲ"

သူက ဆားလိန်အား ကြည့်ရင်း ...

"ဒါပေမယ့် ခင်ဗျားတို့ တစ်ခုစဉ်းစားဖို့ မေ့နေကြသလား မသိဘူး"

ဆားလိန် မျက်မှောင်ကြုတ်ကာ ...

"ဘာများလဲ ..."

ဟု မေးလိုက်သည်။

ချိန်ဟုတ်က လီပေါ်းဘက် တစ်ချက်လှည့်ကြည့်လိုက်ပြီးမှ ဟန်ပါပါဖြင့် ဖြေလိုက်သည်။

"တကယ်လို့ သိုင်းပညာ ဆုံးခန်းတိုင်အောင် လေ့ကျင့်ထားတဲ့ လူနဲ့တွေ့ရင် ခင်ဗျားရဲ့ အဆိပ်က ထိရောက်မှုရှိမှာ မဟုတ်ဘူး ကျုပ်ပြောတာ မမှန်ဘူးလား"

ဆားလိန်က ခေါင်းညိတ်လိုက်၏။

"ဒါတော့ မဟာန်ပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဆားလိန်၏ နောက်နားတွင် ရပ်နေသည့် အငယ်ဆုံးဖြစ်သော ဆားစုက ဝင်၍ ဓာတက တက်လိုက်၏။

"ဒါပေမယ့် လောကမှာ သည့်လိုလူမျိုး သိပ်များများ မရှိနိုင်ပါဘူး"

ချိန်ဟုတ်က ဟက်ခနဲ ရယ်မောလိုက်၏။

"ဒါပေမယ့် လောလောဆယ်တော့ သည်မှာ နှစ်ယောက်ရှိနေတယ်လေ"

အမှတ်မထင် ချိန်ဟုတ်က ပြောလိုက်သည်။

ဆားလိန်က မျက်မှောင်ကြုတ်သွားကာ . . .

"ဘယ်သူ့လဲဗျ . . ."

ချိန်ဟုတ်က ပြုံးရင်း . . .

"အဲသည်လူက ခင်ဗျားရှေ့မှာပဲ ရှိတယ်"

"ခင်ဗျားလား . . ."

ချိန်ဟုတ်က ခေါင်းခါယမ်းလိုက်၏။

ဆားလိန်က စူးစိုက်ကြည့်ရင်း . . .

"ဒါဖြင့် ဘယ်သူလဲ"

ချိန်ဟုတ်၏မျက်နှာ တည်ကြည် လေးနက်သွားသည်။

"အဲသည် သူငယ်ပါပဲ"

သူက ဆားလိန်၏ နောက်တွင်ရှိသော လီဟောအား ညွှန်ပြကာ တစ်လုံးချင်း ပြောလိုက်လေတော့သည်။

ဒုတိယပိုင်း ပြီး၏။

တက္ကသိုလ်ဝင်းကြွယ်

www.burmeseclassic.com

www.burmeseclassic.com

## အပေးအယူ

အခန်းတစ်ခုလုံး အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ် ငြိမ်သက်နေ၏။

အခန်းထဲရှိ လူများမှာ ကျောက်ရုပ်များကဲ့သို့ မလှုပ်မယှက် ရပ်နေကြလေသည်။

အဆိပ်သိုင်းငါးဖော်တွင် အကြီးဆုံးဖြစ်သော ဆားလိန်၏ မျက်လုံးအစုံမှာ ပြူးကျယ်နေသည်။

သူ၏ မျက်နှာပေါ်တွင် မယုံကြည်နိုင်သော ဟန်မူရာများလည်း ဖြစ်ပေါ်နေသည်။

သူ၏ ခန္ဓာကိုယ်မှာလည်း တုန်တုန်ယင်ယင် ဖြစ်နေ၏။

ချွေးသီးချွေးပေါက်များလည်း ကျဆင်းနေ၏။

အကြောင်းမှာ...

လီဟောသည် မည်သည့် အချိန်က သူ၏ နောက်နားသို့ ရောက်မှန်း မသိရှိခဲ့ပေ။

ထို့အပြင်...

သူကပို၍ တုန်လှုပ်သွားရသည်မှာ အဆိပ် ထည့်ထားသော အိတ်က လီဟော၏ လက်ထဲသို့ ရောက်ရှိနေသည့် အချက်ပင် ဖြစ်သည်။

အိတ်ကို ကိုင်ဆောင်ထားသော အမှတ်လေး ဆားဝူးမှာမူ

www.burmeseclassic.com

www.burmeseclassic.com



နေရာတွင် ကျောက်ဆစ်ရုပ်ပမာ မလှုပ်မယှက် ရပ်နေသည် မဟုတ်ပါလား။

ဆားလိန်မှာ အာခေါင်များ ခြောက်ကပ်လာ၏။

သူက တံတွေးတစ်ချက် မျိုချလိုက်ပြီး...

"ဆားဂူး... မင်း ဘာဖြစ်နေတာလဲ"

ဟု မေးလိုက်၏။

ဆားဂူး၏ မျက်နှာ ရှုံ့မဲ့နေသည်။

ဆားလိန်၏ မေးခွန်းကို ကြားသော်လည်း အဖြေမပေးနိုင်ချေ။

ဆားလိန် ထိတ်လန့်သွားသည်။

"ဆားဂူး မင်း ဘာဖြစ်နေတာလဲ"

သူက ထပ်မံ၍ အလောတကြီး မေးလိုက်သည်။

ထိုစဉ်...

လီပေါက သူ၏ အမေးအား ဖြေကြားလိုက်သည်။

"ခင်ဗျားညီရဲ့ သွေးကြောကို ကျုပ်က ပိတ်လိုက်ပြီပဲ၊ ခင်ဗျား မေးတာ ဘယ်လို ဖြေနိုင်ပါ့မလဲ"

ဆားလိန် မကျေမနပ် ဖြစ်သွားသည်။

လီပေါအား စေ့စေ့ကြည့်ကာ...

"မင်းက ဘာကြောင့် ဒီလို လုပ်ရတာလဲ"

ဟု မေးလိုက်၏။

လီပေါ ပြုံးလိုက်သည်။

"အဆိပ်ထည့်ထားတဲ့ အိတ်ကြောင့်ပေါ့ဗျ"

"ဘာကွ"

ဆားလိန်၏အသံ ဟိန်းထွက်လာသည်။

လီပေါက လေသံအေးအေးဖြင့်...



"အကယ်၍ ခင်ဗျားတို့က ဒီအိတ်ကို ပြန်မတောင်းဘူး၊ ပြီးတော့ ဖြေဆေးစပ်နည်းကိုလည်း ပြောပြမယ်ဆိုရင် ကျုပ်ကသူ့ သွေးကြောကို ပွင့်အောင် ပြန်လုပ်ပေးမယ်"

ဆားလိန်က သူ၏ စကားအား နားထောင်နေ၏။

လီပေါက ဆက်ပြောလိုက်သည်။

"ဒီလိုမှ မဟုတ်ရင်တော့ သူ့ရဲ့သွေးကြောကို ကျုပ်က မပွင့်ပေးဘူး ခင်ဗျားတို့ ဘာသာ လုပ်ရမှာပဲ"

လီပေါသည် စကားဆုံးလျှင် ချိန်ဟုတ်အနားသို့ ပြန်လည် လျှောက်သွားလိုက်၏။

လီပေါ၏ စကားကြောင့် ဆားလိန် တွေဝေသွားသည်။

ထို့နောက်...

ဆားဂူး အနားသို့ တိုးကပ်သွားကာ သွေးကြော ပြန်ပွင့်အောင် ပြုလုပ်ပေးလိုက်၏။

သို့သော်...

ဆားဂူးကား တုတ်တုတ်မျှပင် မလှုပ်ပါချေ။

"ဟင်"

ဆားလိန် ရင်ထိတ်သွားသည်။

သူက အမျိုးမျိုး ကြိုးစားကာ သွေးကြော ပြန်ပွင့်စေရန် ကြိုးစားလိုက်၏။

သို့သော်...

အချိန်ကုန်သွားသည်သာ အဖတ်တင်နေ၏။

နောက်ဆုံးတွင်...

ဆားလိန်မှာ လက်လျှော့လိုက်ရ၏။

"အင်း... ဒီသူငယ်ရဲ့ အကြောပိတ်ပညာက တယ်ဆန်းကြယ်

www.burmeseclassic.com

www.burmeseclassic.com



ပါလား၊ သူ့ရဲ့ သွေးကြော ပြန်ပွင့်အောင် လုပ်ဖို့ ကျုပ်တို့ ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး"

သူက စိတ်ပျက်စွာ ညည်းညူလိုက်၏။

ချိန်ဟုတ် ပြုံးလိုက်သည်။

သူက ဆားလိန်အား အကဲခတ်ကြည့်ကာ...

"ဒါက ချယ်ရီ နန်းတော်ရဲ့ မူပိုင်ပညာရပ်ပဲ၊ ဒီမိတ်ဆွေလေးကလွဲလို့ ပြန်ပွင့်အောင် လုပ်ပေးနိုင်မယ့်လူ ရှိကို မရှိဘူး"

ဟု ပြောလိုက်သည်။

ဆားလိန် စိတ်လျှော့လိုက်၏။

သူက သက်ပြင်းတစ်ချက် လေးပင်စွာ ချလိုက်ပြီး...

"ဒါဖြင့် မိတ်ဆွေလေးပဲ ကျုပ် ညီရဲ့ သွေးကြောကို ပြန်ဖွင့်ပေးပါ"

ဟု ပြောလိုက်သည်။

လီဟောက...

"ဒါဖြင့် ကျုပ်ရဲ့ အပေးအယူကို သဘောတူ လက်ခံတယ်ပေါ့"

ဆားလိန်က...

"ကျုပ် လက်ခံပါတယ်"

လီဟော ဝမ်းသာသွားသည်။

"ခင်ဗျား တကယ် ပြောတာလား"

ဟု မေးလိုက်၏။

ဆားလိန် ခေါင်းညိတ်လိုက်သည်။

"ကျုပ်တို့ ညီအစ်ကိုက ဘယ်တော့မှ ကတိမဖျက်တတ်ဘူး"

ဆားလိန်က ရိုးရိုးစင်းစင်း ဖြေသည်။



လီဟောက ချိန်ဟုတ်အား ကြည့်လိုက်သည်။

ချိန်ဟုတ်က ခေါင်းညိတ်ပြ၏။

ထို့နောက်...

ဆားလိန်နှင့် မျက်နှာချင်းဆိုင်ကာ...

"အချက်နှစ်ချက် ရှိတယ်"

ဟု ပြောလိုက်၏။

ဆားလိန်က...

"ပြောပါ"

ချိန်ဟုတ်က...

"ပထမအချက်က အိတ်ကို ပြန်မတောင်းရဘူး၊ ဒုတိယအချက်ကတော့ ဖြေဆေးစပ်နည်းကို ရေးထားပြီး ငါးယောက်စလုံး မြောင်ဒေသကို ချက်ချင်း ပြန်သွားပါ၊ မြေလတ်ပိုင်းကို ပြန်ဝင်လာဖို့ ဘယ်တော့မှ စိတ်မကူးပါနဲ့"

သူက ဆားလိန်အား အကဲခတ်ကြည့်လိုက်ပြီး...

"ဘယ်လိုလဲ ခင်ဗျား သဘောတူနိုင်ပါ့မလား"

ဟု မေးလိုက်သည်။

ဆားလိန်က တွေဝေ တုန့်ဆိုင်းခြင်း မရှိပါ။

ချက်ချင်းပင် သဘောတူလိုက်၏။

"အို... ဒါက ဘာခဲယဉ်းတာ မှတ်လို့လဲ၊ ကျုပ်တို့သဘောတူနိုင်ပါတယ်၊ ဒါပေမယ့်"

ချိန်ဟုတ် မျက်မှောင်ကုပ်သွားသည်။

"ဒါပေမယ့် ဘာဖြစ်လဲ"

ဆားလိန်အား စေ့စေ့ကြည့်ကာ မေးလိုက်၏။

ဆားလိန်က သက်ပြင်းတစ်ချက် ချရင်း...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ ညီအစ်ကိုတွေက ဓူးလျှံအပေါ်မှာ တာဝန်မဲ့ရာ ရောက်မှာကိုတော့ စိုးရိမ်မိတယ်"

ဟု ပြောလိုက်၏။

ချိန်ဟုတ် ပြုံးလိုက်သည်။

"ဒါများတွေးပူနေရသေးတယ်၊ အခုဆိုရင် ဓူးလျှံရှုံးနိမ့်ဖို့ သေချာနေပြီ၊ ခင်ဗျားတို့ကို သူက အသုံးချဖို့ မလိမ်တပတ်နဲ့ ခေါ်လာခဲ့တာ၊ ဒါကြောင့် ဒီအတွက်သာ စိတ် အနှောင့်အယှက် မဖြစ်ပါနဲ့"

ဆားလိန် တွေဝေသွားသည်။

အတန်ကြာမှ သက်ပြင်းတစ်ချက်ချရင်း ...

"ဒါဖြင့် ကျုပ်ရဲ့ ညီတွေနဲ့ တိုင်ပင်လိုက်ပါဦးမယ်"

ချိန်ဟုတ် ခေါင်းညိတ်လိုက်သည်။

"ရပါတယ်ဗျာ"

ဆားလိန်သည် သူ၏ ညီငယ်များနှင့် တစ်ခဏမျှ ဆွေးနွေး တိုင်ပင်လိုက်၏။

ပြီးမှ ချိန်ဟုတ်အား ခေါင်းညိတ်ပြလိုက်၏။

"အားလုံးက သဘောတူပါတယ်"

ထို့နောက် ...

သူက ပုလင်းငယ်တစ်လုံးကို ထုတ်ယူကာ ချိန်ဟုတ်အား ကမ်းပေးလိုက်သည်။

"အဲဒါ ဖြေဆေးပဲ၊ ဆေးမှုန့်ကို နည်းနည်းယူပြီး နှာခေါင်းမှာ ထည့်ထားရင် ကျုပ်တို့ ညီအစ်ကိုရဲ့ အဆိပ်ကို ကောင်းကောင်း ပြေနိုင်တယ်၊ ဆေးဖော်စပ်နည်းကိုတော့ ရေးမပြတော့ဘူး"

ချိန်ဟုတ်က ...



"ဘာဖြစ်လို့လဲဗျ"

ဟု မေးလိုက်၏။

ဆားလိန်က ပင့်သက်ရှိုက်လိုက်ပြီး ...

"ဘာဖြစ်လို့လဲဆိုရင် ကျုပ်တို့ရဲ့ ဘိုးဘွားပိုင်ပညာ ပေါက် ကြားသွားမှာ စိုးလို့ပါ"

ဟု ပြောလိုက်၏။

သူက အဆိပ်ဖြေဆေး စပ်နည်းကို ရေးမပြနိုင်၍ ချိန်ဟုတ် အား အားနာသွားဟန်တူသည်။

ထို့ကြောင့် ...

သူ၏ လေသံမှာ သိသိသာသာ ပျော့ပျောင်းကာ တိုးလျှိုး တောင်းပန်သော အသွင်ဆောင်နေသည်။

ချိန်ဟုတ် စာနာစွာဖြင့် ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ဟုတ်တာပေါ့၊ ကိုယ့်ဘိုးဘွားပိုင် အမွေအနှစ်ကို ထိန်းသိမ်း တာ သင့်တာပေါ့ဗျာ၊ ခင်ဗျား ရေးမပေးလဲ ရပါတယ်၊ ကျုပ်က အတင်းအကြပ် မတောင်းဆိုပါဘူး၊ ဆားလိန်၏ မျက်နှာ ပြုံးရွှင် သွားသည်။

"ကျေးဇူးပါပဲဗျာ"

ချိန်ဟုတ်က လီယောအား ကြည့်လိုက်သည်။

သူက ဆားဝူး၏ သွေးကြော ပြန်ဖွင့်ပေးရန် အချက်ပြလိုက် ခြင်း ဖြစ်သည်။

လီယော ပြုံးလိုက်၏။

ထို့နောက် ...

လက်ညှိုးဖြင့် ဆားဝူး၏ သွေးကြောတစ်နေရာသို့ ထိတ်ခနဲ လှမ်းတို့လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်"

ဆားဂူး၏ မသဲမကွဲ ညည်းညူသံ ထွက်ပေါ်လာသည်။

ထို့နောက် ...

သူက အသက်ပြင်းပြင်း တစ်ချက် ရှူရှိုက်လိုက်ပြီး လှုပ်ရှားလာတော့သည်။

"အခုမှပဲ အသက်ရှူ ချောင်တော့တယ်"

ဆားဂူးက အသက်ပြင်းပြင်း ရှူရင်း ညည်းတွားလိုက်လေသည်။

ဆားလိန် ဝမ်းသာသွားသည်။

"ညီလေး မင်း ဘာမှ မထိခိုက်သွားပါဘူးနော်"

ဟု အလောတကြီး မေးလိုက်၏။

ဆားဂူး ခေါင်းခါယမ်း လိုက်သည်။

"ဘာမှ ထိခိုက်မသွားပါဘူး"

ချိန်ဟုတ်က ...

"ကဲ ... ဆားလိန် အခွင့်သာတုန်း နောက်ဖေးပေါက်က ထွက်သွားကြပေတော့"

ဟု ပြောလိုက်၏။

ဆားလိန် ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ ... ကျုပ်တို့ သွားကြမယ်"

ဆားကျိုကဝင်၍ အကြံပေးသည်။

"ဒီက မိတ်ဆွေတွေရဲ့ နာမည်ကို မေးထားရင် မကောင်းဘူးလား၊ အစ်ကိုကြီး တစ်နေ့ သူတို့ မြောင်ဒေသကို ရောက်လာခဲ့ရင် ကျွန်တော်တို့က ဧည့်ဝတ်ပြုနိုင်တာပေါ့"

ဆားလိန် တွေဝေသွားသည်။



ထိုစဉ် ...

ချိန်ဟုတ်က ဝင်ရောက်ပြောကြားလိုက်သည်။

"ကျုပ် နာမည် ချိန်ဟုတ် ဒီမိတ်ဆွေလေး နာမည်က လီဟေးပါ"

ဆားကျို ဦးခေါင်းတစ်ဆတ်ဆတ် ညိတ်လိုက်သည်။

"ကျုပ်တို့ မှတ်ထားပါမယ်"

စကားဆုံးလျှင် ဆားလိန်ကို ညီအစ်ကို ငါးယောက်တို့သည် ကတိအတိုင်း နောက်ဖေးပေါက်မှ ထွက်ခွာသွားကြလေတော့သည်။

○ ○ ○

ဆားလိန်တို့ ထွက်ခွာသွားပြီ ဖြစ်သည်။

လီဟေး ကျေနပ်စွာ ပြုံးလိုက်သည်။

"သူတို့ ညီအစ်ကိုတွေက သိပ်မဆိုးပါဘူး"

ဟု မှတ်ချက်ချလိုက်သည်။

ချိန်ဟုတ် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ထို့နောက် ...

လီဟေး၏ လက်ထဲတွင် ကိုင်ထားသောအိတ်ကို မေးငေါ့ပြလိုက်သည်။

"ဒီအိတ်ကို ဘယ်လို လုပ်မလဲ"

ဟု မေးလိုက်သည်။

လီဟေးက အနည်းငယ် စဉ်းစားလိုက်သည်။

"မြေကြီးထဲမှာ မြှုပ်ပစ်လိုက်ရင် မကောင်းဘူးလား"

လီဟေးက အပြေးအလွှား စဉ်းစားပြီး အကြံပြုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ချိန်ဟုတ် ချက်ချင်း သဘောတူလိုက်သည်။

လီယောသည် အချိန်မဖြုန်းဘဲ ဓားရှည်ကို ဆွဲထုတ်ကာ မြေကျင်းတစ်ခုကို တူးလိုက်သည်။

ထို့နောက် ...

အဆိပ်မှုန့်ထည့်ထားသော အိတ်ကို ကျင်းထဲတွင် အသေအချာ မြေမြှုပ်ထားလိုက်သည်။

အားလုံး ပြီးစီးသွားလျှင် လီယောက ...

"ကျွန်တော်တို့က ဒီအိမ်တန်းလျားကို မီးရှို့ပစ်လိုက်တဲ့ အခါကျရင် အဆိပ်မှုန့်တွေ ဒီနေရာမှာ မြှုပ်ထားမှန်း ဘယ်သူမှ သိကြမှာ မဟုတ်ဘူး"

ဟု ကျေနပ်စွာ ပြောလိုက်၏။

ချိန်ဟုတ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကဲ ... တို့ရှာဖို့ အခန်းတစ်ခန်း ကျန်နေသေးတယ်"

လီယောက ...

"ဟုတ်တယ် ကျွန်တော်တို့ တစ်ခါတည်းနဲ့ မြန်မြန် လက်စသတ်လိုက်တာ အေးမယ်"

ဟု အကြံပြုလိုက်၏။

သို့ဖြင့် ...

နှစ်ဦးသား နောက်ဆုံး အခန်းထဲ ဝင်လိုက်ကြသည်။

အခန်းထဲတွင် အလောင်းများ စုပုံနေသည်။

လီယော မျက်မှောင်ကုပ်သွား၏။

ချိန်ဟုတ်၏ မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသော အရိပ်အယောင်များ ယှက်သန်းသွားသည်။



လီယောက သက်ပြင်းတစ်ချက် ချရင်း ...

"ဒီလူတွေက အမိုက်ကျေးရွာက လူတွေပဲ ဖြစ်ရမယ်"

သူက စိတ်ထိခိုက်စွာဖြင့် ခေါင်းကို ခါယမ်းရင်း မှတ်ချက်ပြုလိုက်သည်။

ချိန်ဟုတ် ခေါင်းညိတ်လိုက်သည်။

"သေချာတယ် ကဲ ... ငါညီ ဂူးလျှံအားကိုး အားထားပြုတဲ့ ပစ္စည်းတို့ကို မြေမြှုပ်လိုက်ပြီပဲ ဒီအိမ်တွေကို မီးရှို့ပစ်ရုံပဲ ရှိတော့တယ်"

"ကောင်းပြီ"

လီယောက ချက်ချင်းပင် မီးတုတ်တစ်ခုကို ပြုလုပ်လိုက်လေသည်။

ထို့နောက် အိမ်ခေါင်မိုးပေါ်သို့ ပစ်တင်လိုက်သည်။

မကြာပါချေ ...

အိမ်ခေါင်မိုးမှ စတင်၍ မီးစွဲလောင်သွားလေတော့၏။

ချိန်ဟုတ်က ...

"ကဲ ... ငါညီ မင်းက ကျောက်ဖုံးကို တာဝန်ယူ ငါကတော့ ဂူးလျှံကို တာဝန်ယူမယ်"

ချိန်ဟုတ်က စည်းဝါးရိုက်လိုက်သည်။

"ကောင်းပြီ"

လီယော အံတစ်ချက် ကြိတ်လိုက်ပြီး လှိုက်လှိုက်လှဲလှဲ သဘောတူလိုက်သည်။

သို့ဖြင့် သူတို့နှစ်ဦးသည် တိုက်ပွဲဖြစ်ပွားရာသို့ ပြေးထွက်လာခဲ့ကြလေတော့သည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## ကြားလူ

တိုက်ပွဲမှာ ပြင်းထန်စွာ ဖြစ်ပေါ်နေဆဲပင် ...

ဝူးလျှံနှင့် လုံဖွမ်တို့က သဲသဲမဲမဲဖြင့် တစ်ယောက်ကို တစ်ယောက် တိုက်ခိုက်နေကြ၏။

ဝူးလျှံက လုံဖွမ်အား ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်း ဖြစ်၏။

ထိုအချိန်မှစ၍ ယခုတိုင် အပြန်အလှန် တိုက်ခိုက်နေဆဲပင် ရှိသည်။

ဝူးလျှံ၏ လက်အောက်များထဲမှ လူပေါင်းနှစ်ဆယ်ခန့်မှာ ယခုထက်တိုင် တိုက်ပွဲမဝင်ရသေးဘဲ အားလပ်နေသည်။

သို့သော် ...

ချိန်ဟုတ်နှင့် လီဟေးတို့က အိမ်ကို မီးရှို့လိုက်သောအခါ ယင်းငယ်သားနှစ်ယောက်တို့မှာ ဝူးလျှံ၏ အမိန့်ကိုပင် စောင့်ဆိုင်း မနေတော့ဘဲ ချိန်ဟုတ်နှင့် လီဟေးတို့ကို ဝိုင်းရံထားလိုက်ကြ၏။

ချိန်ဟုတ် မဲ့ပြုံး ပြုံးလိုက်သည်။

သူသည် စောစောက အတွေ့အကြုံအရ ယင်းလူစုတို့၏ တဖွတ်ထိုး လုပ်ကိုင်ပုံကို ကြိုသိထားသည်။

ထို့ကြောင့် ...

လီဟေးဘက် လှည့်ကာ ...

"သူတို့ကို ညှာလို့မဖြစ်ဘူး သတိထား"



ဟု ပြောကြားလိုက်၏။

လီဟေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

ချိန်ဟုတ်က လက်ဝါးကို အသုံးမပြုတော့ပါ။

လက်ညှိုးကို ဓားသဖွယ် အသုံးပြုကာ မိမိတို့ထံသို့ ချဉ်းကပ်လာသော ရန်သူသုံးယောက်ကို ဆီးကြို တိုက်ခိုက်လိုက်၏။

လီဟေးက လက်ထဲတွင် အသင့်ကိုင်ဆောင်ထားသော ဓားရှည်ကို အသုံးပြုကာ သူ့ထံချဉ်းကပ်လာသော ရန်သူများကို တရကြမ်းပင် တိုက်ခိုက်လိုက်သည်။

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင် ...

"အား"

"အွန့်"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

လီဟေး၏ ဓားချက်ကြောင့် ရန်သူသုံးယောက် မြေပေါ်လဲကျသွားသည်။

ကျန်လူများ ထိတ်လန့်သွားသည်။

သို့သော် သူတို့က နောက်ဆုတ်သွားခြင်း မရှိပါ။

ချက်ချင်းပင် ...

"ဟာ"

"သေပေတော့"

အော်ဟစ်ညာသံပေးကာ လီဟေးအား ဒေါသတကြီး တိုက်ခိုက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လီယောသည် ဒေါသထွက်သွားသည်။

"တောက် ... ခင်ဗျားတို့က သေချင်နေတာကိုး ကောင်းပြီလေ၊ တွေ့ကြသေးတာပေါ့"

သူက အော်ငေါက်ရင်း ဓားတွေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

ယခု တစ်ကြိမ် ...

သူ၏ တိုက်ခိုက်မှုမှာ အလွန်ပင် ပြင်းထန်လှပေသည်။

သူတို့ ထိပ်တိုက်တွေ့ဆုံမိကြလျှင် ...

"ဝှန်း"

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ရန်သူလေးယောက်မှာ မြေပေါ်အရုပ်ကြိုးပြတ် လဲကျသွားလေသည်။

ကျန်လူများမှာ အသီးသီး ဒဏ်ရာကိုယ်စီ ရရှိသွားကြသည်။

ချိန်ဟုတ်၏ လက်ညှိုးကြောင့် ရန်သူတစ်ယောက် လဲကျသွားသည်။ အခြားရန်သူ နှစ်ယောက်မှာမူ လည်မျိုတွင် ဒဏ်ရာ ရရှိသွားလေသည်။

"အား"

"အွန့်"

အခြားရန်သူ နှစ်ယောက်မှာ သူ၏ ခြေကန်ချက်ကြောင့် အဝေးသို့ လွင့်စဉ်သွားလေသည်။

တိုက်ပွဲမှာ နောက်ဆုံး တိုက်ပွဲဖြစ်၍ ကြမ်းရမ်း ရက်စက်လှသည်။



အလွန်ပင် ပြင်းထန်နေပေသည်။

တိုက်ခိုက်သံများ ညည်းညူသံများ အော်ဟစ်သံများသည် ပွက်လော်ညံသွားသည်။

○ ○ ○

လီယောနှင့် ချိန်ဟုတ်တို့က တိုက်ခိုက်မှုကို ရပ်တန့်လိုက်ကြသည်။

သူတို့က တိုက်ခိုက်ရန် မလိုအပ်တော့ပါ။

အကြောင်းမှာ ...

သူတို့နှင့် ဆိုင်နေကြသော ရန်သူများမှာ အတုန်းရုံးဖြင့် မြေပေါ်လဲကျ နေသည် မဟုတ်ပါလား။

လီယောနှင့် ချိန်ဟုတ်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ပြုံးလိုက်ကြသည်။

ထို့နောက် ...

တစ်ယောက်နှင့် တစ်ယောက် အချက်ပြလိုက်ပြီး ဝူးလျှံနှင့် ကျောက်ဖုံးတို့ထံ ပြေးသွား၏။

ထိုအခါ ...

ဝူးလျှံမှာ အကြီးအကျယ် မျက်နှာပျက်သွားတော့၏။

ကျောက်ဖုံးလည်း ထိတ်လန့်သွားသည်။

ဝူးလျှံက ...

"အစ်ကိုကြီး ဆားလိန် အချိန်ကျပြီလေ"

သူမက အသံကိုမြှင့်၍ အော်ဟစ် အမိန့်ပေးလိုက်လေတော့၏။

ဝူးလျှံ အမိန့်ပေးသူမှာ မြောင်ဒေမှာ အဆိပ်သိုင်းငါးဖော်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆားလိန်တို့ ညီအစ်ကို ငါးဖော်သည် သူမအား အကူအညီ ပေးလာလိမ့်မည်ဟု မှတ်ယူထားသည်။

သို့သော် ...

သူတို့ညီအစ်ကိုသည် မီးမလောင်ခင်ကပင် ထွက်ခွာသွားကြပြီ ဖြစ်သည်။

ဤသည်ကို ဂူးလျှံကူ မသိရှိသေးပါ။

သူမက ရှိသည့် အမှတ်ဖြင့် ခေါ်နေခြင်း ဖြစ်သည်။

ချိန်ဟုတ်က သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား"

သူ၏ ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ အတန်ကြာ ရယ်မောပြီးမှ ဂူးလျှံအား စေ့စေ့ကြည့်ကာ ...

"ဟော့ ... ဘီလူးမ ... မင်းက ဆားလိန်တို့ကို အစုထက်ထိအားကို နေတုန်းပဲလား၊ ရှင်းရှင်းပဲ ပြောမယ်၊ အခုလောက်ဆိုသူတို့ ညီအစ်ကို ငါးယောက် တောင်ခြေရွာမှာ အရက်ဝင်သောက်နေသောက်ရောပေါ့"

ဟု ပြောကာ ဟားတိုက် ရယ်မောလိုက်၏။

ဂူးလျှံက ...

"ရှင် ဘာကို ဆိုလိုတာလဲ၊ ရှင်းရှင်း ပြောရင် ကောင်းမယ်ထင်တယ်"

ဟု မကျေမနပ် မေးလိုက်၏။

ချိန်ဟုတ်က ...

"မင်း အားကိုးတဲ့ အဆိပ်သိုင်း ငါးဖော် မရှိတော့ဘူးလေ"

"ဟင်"

ဂူးလျှံ မျက်စိမျက်နှာ ပျက်သွား၏။



သူမ၏ တိုက်ခိုက်မှုမှာလည်း ပရိဖရဲ ဖြစ်သွားသည်။

လုံယွမ်၏ လက်ဝါးရိုက်ချက် ထိမှန်သွားလုမတတ် ဖြစ်သွားသည်။

သူမက ခပ်လှမ်းလှမ်းသို့ ခုန်ဆုတ်သွားသည်။

ထို့နောက် ...

ချိန်ဟုတ်အား စေ့စေ့ကြည့်ကာ ...

"သူတို့ တကယ်ထွက်သွား ကြပြီလား"

ဟု စိတ်လှုပ်ရှားစွာဖြင့် မေးလိုက်၏။

ဂူးလျှံမှာ ဆောက်တည်ရာ မရဖြစ်နေကြောင်း ချိန်ဟုတ် အကဲခတ်မိလေသည်။

သူက ပြုံးလိုက်ပြီ ...

"ငါက မင်းကို လိမ်ပြောစရာ အကြောင်းမရှိဘူး၊ မင်းကိုယ်မင်း ပိုင်လှပြီး အောက်မေ့နေတယ်၊ ဒါပေမယ့် တစ်ကွက်လိုသွားတယ်၊ အဲဒါ ဘာလဲဆိုရင် ဆားလိန်တို့ ညီအစ်ကိုတွေက ငါနဲ့ရင်းနှီးတဲ့ မိတ်ဆွေဟောင်းတွေပဲ၊ ငါ့ကို မြင်တွေ့သွားတော့ သူတို့က မင်းခိုင်းတာကို ဘယ်မှာ နားထောင်ပါတော့မလဲ၊ ဒီမှာ မိန်းကလေး မင်းတို့ အားလုံး အသာတကြည် အဖမ်းခံလိုက်ရင် ကောင်းမယ်"

ဟု ပြောလိုက်၏။

ဂူးလျှံ မျက်နှာကွက်ခနဲ ဖြစ်သွားသည်။

သို့သော် ... ချက်ချင်းပင် တင်းမာခက်ထန်လာသည်။

သူမ၏ မျက်နှာပေါ်မှ အနုအလှ မှန်သမျှ ရုတ်ခြည်း ပျောက်ကွယ်သွားပြီး ကြမ်းကြုတ်ရက်စက်သော အရိပ်လက္ခဏာများ ထင်ရှား ပေါ်လွင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူးလျှံက တစ်စုံတစ်ခုကို ဆုံးဖြတ်ပြီး ဟန်ဖြင့် ရုတ်တရက် ပြုံးလိုက်သည်။

သူမ၏ အပြုံးမှာ လျှို့ဝှက်လှသည်။

ရုတ်တရက် ...

"သေပေတော့"

ဂူးလျှံက အော်ငေါက်ယင်း ရှေ့သို့ ခုန်ဝင်လိုက်ပြီး လုံယွမ်အား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်သည်။

သူမက အလစ်အငိုက် ဖမ်းကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

"ဟင်"

လုံယွမ်း ရင်ထိတ်သွားသည်။

ပြင်းထန်လှသော ဂူးလျှံ၏ ဓားချက်အား ခုခံနိုင်စွမ်း မရှိပါ။

ထို့ကြောင့် ...

နောက်သို့ အလျင်အမြန် ဆုတ်သွားရသည်။

ထိုအခါ ...

ဂူးလျှံက ထပ်မံ တိုက်ခိုက်လာခြင်း မရှိပါ။

သူမက လုံယွမ် နောက်ဆုတ်သွားသည်ကို အခွင့်ကောင်းယူကာ ချာခနဲ လှည့်ပြေးသည်။

သူမသည် အခြေအနေ မဟန်မှန်းသိ၍ ကိုယ်လွတ်ရုန်းပြေးရန် ဆုံးဖြတ်ထားဟန်တူသည်။

သို့သော် ...

ချိန်ဟုတ်က အလွတ်မပေးပါ။

"ရပ်လိုက်"

အော်ငေါက်ရင်း ဂူးလျှံနောက်သို့ တစ်ဟုန်ထိုး ပြေးလိုက်သွားလေသည်။



ထိုအချိန်တွင် ...

စုမာဖုံးနှင့် ဂွားလျှံတို့က ကျောက်ဖုံးအား ညှပ်ပူး ညှပ်ပိတ် ဝင်ရောက် တိုက်ခိုက် နေကြပြီ ဖြစ်သည်။

ထို့ကြောင့် ...

ကျောက်ဖုံးမှာ အခြေအနေ ဆိုးနေ၏။

သူက ခံစစ်ဖြင့်သာ အသေအလဲ ခုခံကာကွယ် နေရလေသည်။

လီဖေးသည် ကျောက်ဖုံးတို့၏ တိုက်ပွဲအား အကဲခတ်ကြည့်လိုက်သည်။

ထို့နောက် ...

ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် ကျောက်ဖုံးထံသို့ တစ်လှမ်းချင်း လှမ်းသွား၏။

"ဟင်"

ကျောက်ဖုံး ထိတ်လန့်သွားသည်။

သူက အခြေအနေ မဟန်မှန်း သိ၍ စုမာဖုံးနှင့် ဂွားလျှံတို့အား နောက်ဆုတ် သွားစေရန် ဓားဖြင့် တရကြမ်း တိုက်ခိုက်လိုက်လေသည်။

"ချွမ်း"

"ချွမ်း"

ကျယ်လောင်သော ဓားချင်း ထိသံထွက်ပေါ်လာသည်။

ပြင်းထန်သော ဓားချက်ကြောင့် စုမာဖုံးနှင့် ဂွားလျှံတို့မှာ နောက်သို့ ခြေတစ်လှမ်းစီ ဆုတ်သွားကြရသည်။

ထိုအခါ ...

ကျောက်ဖုံးက လီဖေးအား အလောတကြီး လှမ်းပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ … လီယေား ငါ့ဆီမလာနဲ့၊ ငါမင်းနဲ့ ရန်မဖြစ်ချင်ဘူးကွ၊ အခုကိစ္စက ဆုံးခန်းတိုင်နေပြီး ငါလဲ တာဝန်ကျေပြီ၊ တို့နှစ်ယောက် ရန်သူဖြစ်မယ့်အစား တစ်ယောက်နဲ့ တစ်ယောက် နောင်အခါ မျက်နှာချင်းဆိုင်လို့ ကောင်းအောင် ဒီမှာတင်ပဲ ရပ်လိုက်ပါတော့"

အမှန်စင်စစ် …

ကျောက်ဖုံးသည် လီယေားကို သွယ်ဝိုက်သောနည်းဖြင့် အရှုံးပေးလိုက်ခြင်း ဖြစ်သည်။

သူ၏ စကားကြောင့် လီယေား တွေဝေသွားသည်။

သို့သော် …

သူက သဘောထား ပြည့်ဝသူ တစ်ယောက်ဖြစ်၏။

ကျောက်ဖုံး၏ စကားကြားသောအခါ ချက်ချင်းပင် သဘောတူလိုက်လေသည်။

"ကောင်းပြီ … ခင်ဗျား လမ်း ခင်ဗျား သွားနိုင်ပြီ"

လီယေားက ကျောက်ဖုံးကို သွားခွင့်ပြုလိုက်သဖြင့် စုမာဖုံးနှင့် ဝှားလျှံတို့ အံ့သြသွားကြသည်။

လီယေား၏ သဘောထား ကြီးပုံကိုလည်း ကြိတ်၍ ချီးကျူးမိလေသည်။

ကျောက်ဖုံးက …

"ကျေးဇူးတင်ပါတယ်"

သူက လီယေားအား ပြောပြီး ချာခနဲ လှည့်ထွက်သွား၏။

တစ်ခဏအတွင်းမှာပင် မြင်ကွင်းထဲမှ ပျောက်ကွယ်သွားတော့သည်။

စုမာဖုံးနှင့် ဝှားလျှံတို့က ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။



ကို့ထင်း၏ ရှေ့တွင် ရန်သူအလောင်းများ လဲကျနေ၏။

သို့သော် …

ရန်သူသုံးယောက်က ကို့ထင်းကို သဲသဲမဲမဲ တိုက်ခိုက်နေဆဲပင် ရှိသေးသည်။

ကျန်ရှိနေသော မရဏ အဖွဲ့သား ခြောက်ယောက်ထဲမှ သုံးယောက်က ကို့ထင်းကို ဝိုင်းတိုက်နေခြင်း ဖြစ်သည်။

ကျန်သုံးယောက်ထဲမှ နှစ်ယောက်က လုံယွမ်ထိ ဝင်ရောက်တိုက်ခိုက်ကြသည်။

တစ်ယောက်ကမူ ဟန်ရှောင်ကို ဝင်တိုက်နေသည်။

စုမာဖုံးအားက လီယေား အားကြည့်ကာ …

"လီယေား … ကို့ထင်း ကိုဝင်ကူလိုက်ဦး၊ ကျုပ်နဲ့ ဝှားလျှံက တခြားနှစ်ယောက်ကို ဝင်ကူမယ်"

ဟု ပြောလိုက်၏။

"ကောင်းပြီ"

လီယေားသည် ကို့ထင်းကို သွားရောက် တိုက်ခိုက်ပေးလိုက်၏။

"ကျေးဇူးပဲ"

ကို့ထင်းက တိုက်ခိုက်နေသည့်ကြားမှ လီယေားအား ကျေးဇူးတင်စကား ဆိုလိုက်သည်။

ယင်းအချိန်မှာပင် …

"ဟူး …"

လူရိပ်သဏ္ဍာန်တစ်ခု မိုးပေါ်မှ ကျလာသည့်အလား ရိပ်ခနဲ ရောက်ရှိလာသည်။

ကို့ထင်းသည် ရောက်လာသူကို သေချာမမြင်နိုင်မီမှာပင် ဓားကိုင်သော လက်တစ်ဖက် ထုံကျင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခြွမ်း"

လက်ထဲတွင် ကိုင်ဆောင်ထားသော ကင်းဆိပ်မြားမှာ မြေပေါ် လွတ်ကျသွား၏။

"ဟား...ဟား...ဟား"

ရောက်ရှိလာသူက သဘောကျစွာ ရယ်မောလိုက်၏။

ထို့နောက်...

မြေပေါ်ကျနေသော ကင်းဆိပ်မြားအား လျှပ်တစ်ပြက် ကောက်ယူလိုက်လေသည်။

ကို့ထင်းက ရောက်ရှိလာသူအား ကြည့်လိုက်သည်။

"ဟင်"

သူ၏ မျက်လုံးအစုံ ပြူးကျယ်သွားသည်။

တစ်ဆက်တည်းပင်...

"မြေခွေးနက်"

ဟုလည်း လွတ်ခနဲ အော်လိုက်မိသည်။

ရုတ်တရက်...

တိုက်ခိုက်နေကြသူများမှာ ကြောင်အမ်းအမ်း ဖြစ်ကာ နောက်ဆုတ်သွားကြ၏။

ထို့ကြောင့်...

တိုက်ပွဲမှာ တစ်ဒင်္ဂ ရပ်ဆိုင်းသွားလေသည်။

မြေခွေးနက်၏ ရယ်မောသံကြောင့် ဖူးလျှံအား အလွတ်မပေးပဲ လိုက်လံ တိုက်ခိုက်နေသည့် ချိန်ဟုတ်လည်း တိုက်ခိုက်မှုကို ရပ်တန့်ကာ နောက်ဆုတ်သွား၏။

သို့ဖြစ်၍...

ဖူးလျှံမှာ အသက်ရှူချောင်သွားလေသည်။



မြေခွေးနက် ရောက်ရှိလာသည်ကို တွေ့လျှင် ဝမ်းသာအားရ ဖြစ်သွားပြီ...

"အစ်ကိုကြီး အချိန်မီ ရောက်လာတာကိုး"

ဟု ဝမ်းသာအားရ ပြောလိုက်၏။

ဖူးလျှံနှင့် မြေခွေးနက်တို့ အဆက်အသွယ် ရှိနေကြပုံကို တွေ့လျှင် စုမာဖုံး အံ့သြသွားသည်။

ကို့ထင်းက စုမာဖုံးကို လှမ်းကြည့်လိုက်၏။

လီယေား၊ လုံယွမ်၊ ချိုရသွေ့နှင့် ဝူဟောင်တို့လည်း တိုက်ခိုက်မှုကိုရပ်ကာ လှမ်းကြည့်လိုက်ကြသည်။

မြေခွေးနက်က...

"ဟား...ဟား...ဟား ကို့ထင်း ခင်ဗျား ဘာတတ်နိုင်သေးလဲ၊ "မားဂေဟာ"မှာ ခင်ဗျား လက်ဦးခဲ့ပေမယ့် အခုတော့ ကျုပ်က လက်ဦးသွားပြီလေဗျာ"

ရယ်မောရင်း ကို့ထင်း မခံချင်အောင် ပြောလိုက်သည်။

ကို့ထင်း မျက်နှာ ပျက်သွားသည်။

မားဂေဟာ၌ မြေခွေးနက် ထက်ဦးအောင် သူက အရယူနိုင်ခဲ့သည်။

ယခုမူ...

ကင်းဆိပ်မြားသည် မြေခွေးနက်၏ လက်ထဲသို့ ရောက်ရှိသွားချေပြီ။

မားဂေဟာ၌ ကင်းဆိပ်မြားအား လုယူရန် ကြံစည်ရင်း နှင့် ယောက်သား လက်ဝါးတစ်ချက်စီ ရိုက်ခဲ့ကြ၏။

ထိုစဉ်က မြေခွေးနက်မှာ အတွင်းဒဏ်ရာ ရသွားခြင်းကြောင့် ထွက်ပြေးသွားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ဖန်...

မြခွေးနက် ပေါ်လာပြီး ဒုက္ခပေးနေ ပြန်ချေပြီ။

ကင်းဆိပ်ခါးကို လိုချင်စောဖြင့် မိမိအသက်အန္တရာယ်ကိုပင် အရေးမစိုက်တော့ပြီလော။

ကိုထင်းက မြခွေးနက်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

ထို့နောက် သူက မဲ့ပြုံး ပြုံးရင်း...

"ကင်းဆိပ်ခါး ခင်ဗျားလက်ထဲ ရောက်နေပြီဆိုတာ မှန်ပေမယ့် ခင်ဗျားက ကြာရှည်ထိန်းသိမ်း ထားနိုင်ပါမလား၊ ကျုပ်ရဲ့ လက်ဝါးရိုက်ချက်ကြောင့် အတွင်းဒဏ်ရာ ရသွားတဲ့လူဟာ တစ်နှစ်အတွင်း သိုင်းပညာ အသုံးပြုလို့မရဘူး၊ အသုံးပြုခဲ့ရင် အတွင်းဒဏ်ချက်ချင်း ပေါ်လာပြီး သေရမှာပဲဗျ"

သူ၏ စကားကြားလျှင် လီယား၊ လုံ့ယွမ်၊ ထန်ရှောင်၊ ချီရှသော့နှင့် ဝူယောင်တို့ စိတ်သက်သာရာ ရသွားကြသည်။

မြခွေးနက်သည် စိတ်ထားကောက်ကျစ်ပြီး ရက်စက် ကြမ်းကြုတ်သူ ဖြစ်ကြောင်း သူတို့ သိရှိထားလေ၏။

သူ၏ လက်ထဲ၌ ကင်းဆိပ်ခါး ရှိနေလျှင် သိုင်းလောကတစ်ခုလုံး ကျိုးလန့်စားစား အထိတ်တလန့် ဖြစ်နေရပေလိမ့်မည်။

ကျားကို အတောင်တပ်ပေး လိုက်သလို ရှိမည်ဖြစ်ကြောင်း အားလုံးနားလည် ထားကြသည်။

"ဟား...ဟား...ဟား"

မြခွေးနက် သဘောကျစွာ ရယ်မောလိုက်သည်။

ကိုထင်း၏ စကားကို အရေးမစိုက်သည့် သဘော ဖြစ်လေသည်။



ကျယ်လောင်စွာ ဟိန်းထွက်လာသော သူ၏ ရယ်မောသံကြီးက အတွင်းဒဏ်ရာရသူ တစ်ယောက်မဟုတ်ကြောင်း ဖော်ပြရာရောက်ပေသည်။

စုမာဖုံး မျက်မှောင်ကုပ်သွားသည်။

အနီးရှိ ချိန်ဟုတ်အား ကြည့်ကာ...

"သူရဲ့ ရယ်မောသံကို နားထောင်ကြည့်ရင် အတွင်းဒဏ်ရာပျောက်ကင်းသက်သာ သွားပြီဆိုတာ သိသာနိုင်တယ်၊ ကိုထင်းကို သူကြောက်တော့မှာ မဟုတ်ဘူး"

ဟု ပြောလိုက်၏။

ချိန်ဟုတ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒီလောက် အချိန်တိုတိုနှင့် အတွင်းဒဏ်ရာပျောက်ကင်းသွားအောင် သူဘယ်လို ကုသလိုက်တယ်ဆိုတာ ကျုပ်စဉ်းစားလို့ကို မရဘူး၊ ကိုထင်းဟာ ခေတဲ့လူမှ မဟုတ်တာ၊ သူ့လက်ချက်ကြောင့် အတွင်းဒဏ်ရာရတယ်ဆိုရင် သူပြောသလို အနည်းဆုံး တစ်နှစ်တော့ ကုသရမှာပဲ"

စုမာဖုံးက...

"ဟုတ်မယ်၊ မြခွေးနက်မှာ ကျွန်တော်တို့ မသိကြသေးတဲ့ လျှို့ဝှက်ချက် တစ်ခုခု ရှိနေပြီထင်တယ်၊ ပြီးတော့ သူဟာ ဂူးလျှံနဲ့လဲ ပတ်သက်နေပုံ ရတယ်"

ဟု ပြောလိုက်လေသည်။

ချိန်ဟုတ်က...

"လျှို့ဝှက်ချက်ဆိုတာ တစ်ချိန်တော့ အဖြေပေါ်လာရမှာပါပဲ တို့ စောင့်ကြည့်တာပေါ့"

ထိုစဉ်...

www.burmeseclassic.com

www.burmeseclassic.com



ကင်းဆိပ်ခါး ရရှိထားပြီမို့ မြခွေးနက်ကား မာန်မာနထောင်လွှားလျက် ရှိနေပေသည်။

အမှန်တွင်လည်း...

မြခွေးနက် လက်ထဲတွင် ရှိသော ကင်းဆိပ်ခါး၏ အန္တရာယ်ကို ကြောက်ရွံ့သဖြင့် မည်သူမျှ ဝင်ရောက်တိုက်ခိုက်ခြင်း မပြုဝံ့ကြချေ။

မြခွေးနက်က...

"ကိုထင်း ခင်ဗျားကိုယ် ခင်ဗျား သိပ်ပြီး အထင်ကြီးမနေနဲ့၊ ကျုပ်က ကင်းဆိပ်ခါးကို လိုချင်ဇောနဲ့ ခင်ဗျားရဲ့ တိုက်ကွက်ကို သတိမထားမိလိုက်လို့ ခံခဲ့ရတာ၊ ခင်ဗျားကို ကျုပ်က မှုမယ်ထင်သလား၊ သတ္တိရှိရင် ကျုပ်တို့ တစ်ပဲဝတစ်လမ်း လောက် ယှဉ်ပြိုင်ကြရအောင်

ကိုထင်း၏ မျက်နှာကို စေ့စေ့ကြည့်ရင်း စိန်ခေါ်လာ၏။

ကိုထင်း မျက်နှာပျက်သွားသည်။

မြခွေးနက်၏ စိန်ခေါ်မှုကို လက်ခံလိုက်လျှင် အသက်အန္တရာယ် များလှကြောင်း နားလည်၏။

လက်မခံဘဲ နေလျှင်လည်း လူပုံအလယ်တွင် အရှက်တကွဲ အကျိုးနည်း ဖြစ်ရခြင်းထက် အသက် သေရသည်က ပို၍ မြတ်သေးသည် မဟုတ်ပါလား။

ကိုထင်း အံတင်းတင်း ကြိတ်လိုက်၏။

ဆုံးဖြတ်ချက်ချပြီး ဖြစ်၍ အကြောက်အရွံ့ ကင်းစွာဖြင့် ရှေ့သို့ လှမ်းထွက်ကာ...

"ကင်းဆိပ်ခါးနဲ့ ခြိမ်းခြောက်လို့ ကြောက်မယ်တော့ မထင်နဲ့၊ သိုင်းလောကမှာ ကျင်လည်ကျက်စားခဲ့တာ ကြာပြီဗျ၊ ဘယ်သူ့ကိုမှ မစော်ကားသလို ကျုပ်ကို စော်ကားလာရင်လည်း ခေါင်းငုံ့မခံတတ်ဘူး၊ ကင်းဆိပ်ခါးဟာ ပရမ်းပတာ အသုံးပြုတဲ့ လူရဲ့လက်ထဲမှာ သစ်သား ဓားတစ်ချောင်း လောက်တောင် အစွမ်းထက်မှာ မဟုတ်ဘူး၊ ကဲ... ကျုပ်တို့ ဘယ်သူ ရှုံးမယ် နိုင်မယ် သိရအောင် လက်တွေ့ ယှဉ်ပြိုင်ကြည့်ရအောင်"

ပြောပြီး တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင်...

"ခဏနေပါဦး"

ဟန့်တားသံ တစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကိုထင်း ခြေလှမ်းတုန့်ခနဲ ရပ်တန့်သွားသည်။ ခေါင်းလှည့်ကာ အသံထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်လေသည်။

အသံရှင်ကား စုမာဖုံးပင် ဖြစ်လေသည်။

ကိုထင်းက...

"ညီလေး ဘာပြောစရာ ရှိလို့လဲ"

ဟု မေးလိုက်၏။

စုမာဖုံးက တည်ကြည်သော မျက်နှာထားဖြင့်...

"နောင်ကြီးကို ကျွန်တော် မေတ္တာရပ်ခံပါတယ်၊ ကျွန်တော် ဟန့်တားမိတာကော ဆရာ လုပ်သလို ဖြစ်မှာကော ကြိုတင် တောင်းပန်ပါတယ်"

ဟု ပြောလိုက်၏။

ကိုထင်း ပြုံးလိုက်သည်။

စုမာဖုံးက သူ၏ အသက်ကို ကယ်တင်လိုက်ခြင်း ဖြစ်ကြောင်း နားလည်ထားပေသည်။



www.burmeseclassic.com

www.burmeseclassic.com



စုမာဖုံးသာ ဟန့်တားလာခြင်း မပြုလျှင် သူက ဝင်ရောက်တိုက်ခိုက်နေရပြီ ဖြစ်သည်။

ထိုအခါ ...

ကင်းဆိပ်စား အန္တရာယ်ကြောင့် သေဆုံးရမည် ဖြစ်လေသည်။

စုမာဖုံးကို ကြည့်ရင်း...

"ဟာ...ညီလေးကလည်း အချင်းချင်းတွေပဲ ပြောစရာရှိရင် ပြောပါ ဘာမှ အားနာစရာ မလိုပါဘူး"

ဟု လမ်းဖွင့်ပေးလိုက်၏။

စုမာဖုံးက...

"မြေခွေးနက်ဟာ သိုင်းလောကမှာဆိုးသွမ်းနေသူ တစ်ယောက်ပါပဲ၊ သိုင်းပညာအားကိုးပြီး ထင်တိုင်းကြဲနေလို့ နန်းတွင်းက သူ့ကို ဖမ်းဆီး အပြစ်ပေးဖို့ အမိန့်ထုတ်ထားပါတယ်၊ ဒါကြောင့် သူ့အတွက် ကျွန်တော်ကပဲ တာဝန်ယူပါရစေ"

ဟု ပြောလိုက်လေသည်။

စုမာဖုံး၏ စကားကြားလျှင် မြေခွေးနက် ရင်ထိတ်သွားမိလေတော့သည်။

ဤနေရာသို့ ရောက်ရှိလာသူများ အားလုံးမှာ ကင်းဆိပ်စားကို ကြောက်ရွံ့မှု ရှိကြသော်လည်း ချွင်းချက်အဖြစ် စုမာဖုံးက ကြောက်ရွံ့မှု မရှိကြောင်း သိထား၏။

စုမာဖုံးမှာ လူငယ်သော်လည်း ပညာက မြင့်မားလှခြင်းကြောင့် ရင်ဆိုင်ရမည့် အရေးကို တွေးကာ စိတ်လေးသွားခြင်း ဖြစ်ပေသည်။

အမှန်ဆိုလျှင် သိုင်းလောက ထိပ်သီး သိုင်းသမားများကို ကင်းဆိပ်စားအားကိုးဖြင့် တစ်ယောက်ချင်း စိန်ခေါ်၍ သုတ်ပင်ပစ်၍ ကြွေးရှယ်ထား၏။



ထိုသို့ ပြုလုပ်ခြင်းဖြင့် အင်အားတောင့်တင်း ခိုင်မာလှသော အဖြူရောင် သိုင်းသမားအုပ်စုကို တစ်စစီ ဖြိုခွဲပစ်နိုင်မည်ဟု ယုံကြည်ထား၏။

ယခုမူ...

စုမာဖုံးက အားလုံးကိုယ်စား ရင်ဆိုင်မည်ဟု ပြောကြားနေခြင်းကြောင့် အကျပ်ရိုက်သွားလေသည်။

မလှမ်းမကမ်းတွင် ရပ်နေကြသော ဝူးလျှံနှင့် ကျောက်ဖုံးတို့အား လှမ်းကြည့်လိုက်သည်။

အကူအညီတောင်းသော အကြည့်ပေးတကား...။

ဝူးလျှံက မျက်ရိပ် မျက်ခြည် ပြလိုက်သည်။

သူမသည် ဝူးလျှံဘက်သို့ ပြလိုက်ခြင်း ဖြစ်သည်။

အကင်းပါးသော မြေခွေးနက်က ချက်ချင်း ရိပ်စားမိလိုက်လေသည်။

စုမာဖုံးအား ချုပ်ကိုင်လိုလျှင် ဝူးလျှံကို အမိဖမ်းရမည် ဖြစ်ပါလား။

စုမာဖုံး၏ အားနည်းချက်ကို သိရလျှင် မြေခွေးနက် ဝမ်းသာသွား၏။ ရှေ့တိုးလာသော စုမာဖုံးအား စိုက်ကြည့်ပြီး အားရပါးရ ရယ်မောလိုက်လေသည်။

"ဟား...ဟား...ဟား"

ယခုတိုင်...

အကြောက်အလန့်မရှိ ရယ်မောနေနိုင်သေးသော မြေခွေးနက်ကိုကြည့်ကာ ကို့ထင်း နားမလည်နိုင်အောင် ဖြစ်နေရသည်။

ရင်ထဲ၌ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာပြီး စုမာဖုံးကို လှမ်းခြင်အတိပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီလေး သတိထား၊ သူဟာ အင်မတန်ကောက်ကျစ်စဉ်းလဲတဲ့ လူတစ်ယောက်ပဲ၊ သူ့မှာ ဘာအကြံအစည် ရှိနေသလဲမသိဘူး၊ ကျုပ်ပါ ညီလေးနဲ့အတူ သူ့လိုဝင်တိုက်ပါရစေ"

ပြောပြီး ရှေ့လှမ်းတက်လာ၏။

စမာဖုံးက ဟန့်တားလိုက်သည်။

"ရပါတယ် အစ်ကိုကြီး၊ ကျွန်တော်တစ်ယောက်တည်း သူ့ကို ရင်ဆိုင် ဆုံးမပါမယ်၊ အစ်ကိုကြီး အသာစောင့်ကြည့်နေပါ"

သူသည် မြွေခွေးနက်အား အနိုင်တိုက်ခိုက်နိုင်မည်ဟု တစ်ထစ်ချ ယုံကြည်ထားသဖြင့် ဤသို့ ဟန့်တားလိုက်ခြင်း ဖြစ်သည်။

စမာဖုံးကား သိုင်းပညာ မြင့်မားလှသည် မှန်သော်လည်း အသက်ငယ်ရွယ်သူ ဖြစ်ပေရာ ကိုထင်းတို့လောက် အတွေ့အကြုံ ရင့်ကျက်ခြင်း မရှိသေးဟု ဆိုနိုင်ပေသည်။

ထို့ကြောင့်...ကိုထင်းက သတိပေးရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် မြွေခွေးနက်က...

"စမာဖုံး မင်းကိုယ်မင်း ဟုတ်လှပြီ မထင်နဲ့၊ ဒီကနေ့ဟာ မင်းရဲ့ နောက်ဆုံးနေ့ပဲ ဖြစ်ရမယ်၊ သတိသာ ထားပေတော့"

ဟု ကျယ်လောင်စွာ အော်ငေါက်လိုက်သည်။

တစ်ဆက်တည်း ကင်းဆိပ်ဓားကို ဝှေ့ယမ်းတိုက်ခိုက်လိုက်သည်။

"သတိထား"

ကိုထင်းက သတိပေးလိုက်၏။

စမာဖုံးအား ကူညီရန် ရှေ့သို့ ခုန်ဝင်လာသည်။

စမာဖုံးလည်း ကင်းဆိပ်ဓား အန္တရာယ် မသေးကြောင်း နားလည်ထားရာ ဓားဆွဲထုတ်ရန် ဟန်ပြင်လိုက်လေသည်။



အမှန်စင်စစ်...

မြွေခွေးနက်က ဟန်ပြတိုက်ခိုက်ခြင်းသာ ဖြစ်၏။

ကင်းဆိပ်ဓားကို ဝှေ့ယမ်းပြီးလျှင် စမာဖုံး ရှေ့မတိုးလာနိုင်အောင် ပိတ်ဆို့ကာဆီးလိုက်၏။

တစ်ဆက်တည်းပင်...

ခြေထောက်နှစ်ချောင်း မြေပေါ်ဆောင့်ကာ တစ်ဖက်သို့ ခုန်ထွက်သွားသည်။

သူ၏ ခန္ဓာကိုယ်သည် မီးခိုးတန်းသဖွယ် လှစ်ခနဲ ရွေ့လျားသွား၏။

သူခုန်သွားရာဘက်တွင် ဗားလျှို ရှိနေပါ၏။

ယခုမှ...

အခြေအနေမှန်ကို စမာဖုံး ရိပ်မိလိုက်သည်။

"ညီမ သတိထား"

အော်ဟစ်သတိပေးရင်း ရှေ့သို့ ခုန်ထွက်ကာ မြွေခွေးနက်အား တိုက်ခိုက်လိုက်သည်။

မြွေခွေးနက်က ကင်းဆိပ်ဓားကို လက်နောက်ပြန် ဝှေ့ယမ်းလိုက်၏။

"ခွမ်း"

သံ၊ သံချင်းထိသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

စမာဖုံး နောက်ပြန် ဆုတ်လိုက်ရသလို မြွေခွေးနက်လည်း ရှေ့သို့ ငိုက်ကျသွားသည်။

သို့သော်...

ခန္ဓာကိုယ် အရှိန်ထိန်းရင်း ငိုင်နေသော ဗားလျှိုအား ဓားဖြင့် မိုးထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မလုပ်နဲ့"

ဗွားလျှံ ရင်ထိတ်သွားသည်။

သူမအတွက် ခုခံရန်သော်လည်းကောင်း၊ ရှောင်တိမ်းရန်သော်လည်းကောင်း အချိန်မရတော့ပါချေ။

ကင်းအဆိပ်ခါးသည် သူမ၏ လည်ကုပ်ပေါ်သို့ ကျရောက်ချိန်ရွယ်ထားပြီး မဟုတ်ပါလား။

သူမ အနည်းငယ် လှုပ်ရှားလိုက်သည်နှင့် လူလောကကြီးအား စွန့်ခွာသွားရတော့မည် ဖြစ်သည်။

တစ်ချက်လေး သတိလစ်သွားသည်နှင့် ရန်သူ့လက်တွင်း၌ပင် အဖမ်းခံလိုက်ရခြင်း ဖြစ်၏။

ဗွားလျှံမှာ ငေးငိုင်နေမိသော အဖြစ်ကို တွေးရင်း ကိုယ့်ကိုကိုယ် ဒေါသထွက်လာသည်။

သူမ၏ မျက်နှာတစ်ခုလုံးသည်လည်း နီရဲလာလေတော့သည်။

"လွှတ်လိုက်စမ်း"

စုမာဖုံးက ဗွားလျှံအတွက် စိုးရိမ်ကာ တရကြမ်းဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

မြေခွေးနက်က...

"မင်း ရှေ့တိုးလာရင် ဗွားလျှံ အရင်ဆုံး သေရမယ်ဆိုတာ မှတ်ထားပါ"

ဟု အော်ငေါက်လိုက်၏။

စုမာဖုံး၏ ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားသည်။

မြေခွေးနက်သည် ပြောသည့်အတိုင်း လုပ်မည့်လူစားမျိုး ဖြစ်ကြောင်း ရိပ်မိလေသည်။

ထို့ကြောင့်...



တိုက်ခိုက်မှုကို ရုပ်သိမ်းကာ ချက်ချင်း နောက်သို့ ပြန်လည်ဆုတ်ခွာသွားလေသည်။

"ဟား...ဟား...ဟား"

မြေခွေးနက် ကျယ်လောင်စွာ ရယ်မောလိုက်၏။

စုမာဖုံးကား ဒေါသထွက်လွန်းသဖြင့် အသားများပင် တဆက်ဆက် တုန်ယင်နေလေသည်။

ရှေ့သို့တိုးကာ တိုက်ခိုက်ရန်လည်း ဟန်တပြင်ပြင် ဖြစ်နေ၏။

ထို့ကြောင့်...

ကိုထင်းက အချိန်မီ ဝင်ရောက်တားဆီး လိုက်ရလေသည်။

"ညီလေး မလောနဲ့၊ သူတို့ မလွှတ်နိုင်ပါဘူး"

ထိုစကားကြားမှ စုမာဖုံး စိတ်သက်သာရာ ရသွားလေသည်။

မြေခွေးနက်သည် ကင်းဆိပ်ခါးကို ရရှိထားသလို ဗွားလျှံကိုလည်း ဓားစာခံ ဖမ်းဆီးထားနိုင်ခဲ့၏။

သို့သော်...

သူတို့လက်ထဲမှ ပြေးမလွတ်နိုင်ဟု တစ်ထစ်ချ ယုံကြည်ထားလေသည်။

ဒေါသစိတ်ကို ထိန်းချုပ်ကာ နောက်ဆုတ်နေလိုက်သည်။

ကိုထင်းက...

"မြေခွေးနက်ဟာ ကောက်ကျစ်သလို ရက်စက်တယ်၊ ညီလေး စိတ်လိုက်မာန်ပါလုပ်ရင် ဗွားလျှံ သေသွားလိမ့်မယ်ကွ"

စုမာဖုံး အံ့ကြိတ်ကာ...

"ဗွားလျှံသာ တစ်စုံတစ်ခု ဖြစ်သွားရင် မြေခွေးနက်ကို ကျွန်တော် တစ်စစီ ဖြစ်အောင် လုပ်ပစ်လိုက်မယ်ဗျ"

ကိုထင်း သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စုမာဖုံး၏ ဗုားလျှံ အပေါ် ထားရှိသော သဘောထားကို သူလည်း ရိပ်မိထားပြီး ဖြစ်လေသည်။

ဗုားလျှံသည်သာ တစ်စုံတစ်ခု ဖြစ်သွားလျှင် စုမာဖုံးအား ဟန့်တားဖြစ်ရမည် မဟုတ်ကြောင်း နားလည်ထား၏။

"ဟား...ဟား...ဟား"

မြေခွေးနက်ကား အောင်နိုင်သူကြီးပမာ တဟားဟား ရယ်မော နေလေ၏။

ယခုမှ အခြေအနေ ကောင်းမွန်လာပြီး ဖြစ်ကြောင်း တွေးမိကာ ဗူးလျှံနှင့် ကျောက်ဖုံးတို့လည်း သက်ပြင်းချနိုင်ခဲ့ကြလေသည်။

မြေခွေးနက်က ဗုားလျှံကို ဖမ်းဆီးထားသမျှ စုမာဖုံးတို့လူစု မလှုပ်သာအောင် ချုပ်ကိုင်ထားနိုင်မည် ဖြစ်ပေသည်။

စုမာဖုံးတို့ မလှုပ်သာလျှင် သူတို့အနိုင်ရသည်နှင့် အတူတူပင် မဟုတ်ပါလော။

ဗူးလျှံက လက်ဖွေ့ယမ်းပြကာ...

"ဝိုင်းထားလိုက်ကြစမ်း"

ဟု အမိန့်ပေးလိုက်သည်။

ထိုအခါ...

သိုင်းသမားများက ပြန်လည်တိုက်ခိုက်ရန် လှုပ်လှုပ်ရွရွ ဖြစ်လာကြလေသည်။

တိုက်ပွဲတစ်စုံတစ်ရာ ဖြစ်ပေါ်လာလျှင် မြေခွေးနက်၏ လက်တွင်း၌ အဖမ်းခံနေရသော ဗုားလျှံ အခြေအနေဆိုးရွားသွားမည်ကို တွက်ဆမိသဖြင့် ကိုထင်းက...

"အားလုံး ငြိမ်ငြိမ်နေကြပါ၊ ဘယ်သူမှာ စပြီး မတိုက်ခိုက်ကြပါနဲ့လို့ ကျုပ် မေတ္တာရပ်ခံပါတယ်"



ဟု အော်ပြောလိုက်လေသည်။

သူ၏ အောင်မြင်ခဲ့ညားသော အသံကြီးမှာ ပတ်ဝန်းကျင်မှ ဆူညံမှုများကို ကျော်လွှားကာ ဟိန်း၍ ထွက်ပေါ်လာ၏။ သူ၏ အသံကြားလျှင် အားလုံး ငြိမ်ကျသွားလေသည်။

"ဟား...ဟား...ဟား"

မြေခွေးနက်၏ ရယ်မောသံကြီး ထွက်ပေါ်လာပြန်သည်။

မြေခွေးနက်သည် ကိုထင်းအား ကြည့်ရင်း အကျေနပ်ကြီး ကျေနပ်နေ၏။

တိုက်ပွဲပေါ်ပေါက်လာခြင်း မရှိအောင် အခြေအနေ ထိန်းသိမ်းနေခြင်းကပင် ဗုားလျှံအတွက် စိုးရိမ်၍ ဖြစ်ကြောင်း ထင်ရှားနေ၏။

ဗုားလျှံအား ချုပ်ကိုင်ထားနိုင်သမျှ ကာလပတ်လုံး သူ့အတွက် အပေါ်စီး ရရှိနေမည် မဟုတ်ပါလား။

ကိုထင်းအား ကြည့်ကာ ခနဲ့လိုက်သည်။

"ဘယ်လိုလဲ မင်းတို့က တိုက်ခိုက်ဖို့ ရောက်လာကြတာ မဟုတ်လား၊ ကျုပ်တို့ကို မတိုက်ချင်ဘူးဆိုရင် ဘာလုပ်နေကြတာလဲ ကိုထင်း မင်း သတ္တိ မရှိတော့ဘူးလားကွ"

ထိုစကားကြားလျှင် ကိုထင်း၏ မျက်နှာ မည်းမှောင်သွားလေသည်။

အံစေ့တင်းကြိတ်ရင်း...

"မြေခွေးနက် ကျုပ် မင်းကို ကြောက်နေတယ်များ ထင်သလား၊ မင်းလက်ထဲမှာ ကင်းဆိပ်ဓား ရှိနေလည်း မကြောက်ဘူး ဆိုတာ မှတ်ထားကွ"

ဟု အော်ပြောလိုက်လေသည်။

မြေခွေးနက် ရယ်မောရင်း...

www.burmeseclassic.com

www.burmeseclassic.com



"ဟား...ဟား...ဟား ကျုပ်လက်ထဲမှာ ဗွားလျှံ ရှိနေတော့ ကြောက်နေပြီ ဆိုပါတော့"

ယခုတစ်ကြိမ်...

ကိုထင်း မည်သို့ ပြန်ပြောရမှန်းမသိ ဖြစ်သွားလေသည်။

ထိုစဉ် စုမာဖုံးက...

"မြေခွေးနက် ဗွားလျှံကို ဖမ်းထားလို့လည်း ခင်ဗျားမလွတ်နိုင်ဘူး၊ ဒီကနေ့ဟာ ခင်ဗျားရဲ့ နောက်ဆုံးနေ့ ရောက်နေပြီ၊ အသက်မသေချင်ဘူးဆိုရင် ဗွားလျှံကို လွှတ်လိုက်ပါ၊ ကင်းဆိပ်စားကိုလည်း ကျုပ်လက်ထဲ အပ်ပါ၊ တရားဥပဒေအရ ထိုက်တန်တဲ့ အပြစ်ပေးမှုကို ခံယူမယ်ဆိုရင် ခင်ဗျား အသက်ရှင် သန်ခွင့်ရှိနိုင်ဦးမယ်"

ဟု ပြောလိုက်၏။

မြေခွေးနက် လှောင်ပြောင်ပြုံး ပြုံးလျက်...

"မင်းပြောတဲ့စကားဟာ ကျုပ်အတွက် အတော်အကျိုးရှိတာပဲကွ၊ ကင်းဆိပ်စားကိုလည်း အပ်ရဦးမယ်၊ ပြီးတော့အဖမ်းလည်း ခံရဦးမယ်၊ ကောင်းကွာ ကျုပ်က မင်းပြောတဲ့အတိုင်း မလိုက်နာဘူးဆိုရင်ကော"

"ခင်ဗျား သေရမှာပေါ့"

"ကျုပ်ကို ဘယ်သူက သတ်ပစ်နိုင်မှာလဲ"

စုမာဖုံးက သူ၏ ရင်ဝကို လက်ညှိုးညွှန်ပြရင်း...

"ဘယ်သူရှိမလဲ ကျုပ်ပေါ့"

"ဟား...ဟား...ဟား တော်တော် ရယ်စရာ ကောင်းပါလား မင်း ကျုပ်ကို သတ်ပစ်မယ် မဟုတ်လား၊ ကောင်းပြီ ကျုပ်ဒီမှာ ရပ်နေတယ်လေ၊ လာပြီး တိုက်ခိုက်ပါတော့လား"

မြေခွေးနက် ပမာမခန့် ပြောလိုက်လေသည်။



စုမာဖုံး အံကြိတ်ကာ ရှေ့တိုးသွားရန် ဟန်ပြင်လိုက်၏။

"ညီလေး"

ကိုထင်း၏ စကားသံ ထွက်ပေါ်လာသည်။

စုမာဖုံး ခြေလှမ်း တုန့်ခနဲ ရပ်သွားသည်။

ကိုထင်းကို ကြည့်ကာ...

"အစ်ကိုကြီး ဘာပြောမလို့လဲဗျ"

ကိုထင်း သက်ပြင်းချလိုက်သည်။

သူ၏ မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသော အရိပ်အယောင်များ ဖြစ်ပေါ်လာ၏။

"ညီလေး စိတ်လိုက်မာန်ပါ လုပ်မယ်ဆိုရင် ဗွားလျှံသေသွားလိမ့်မယ် သတိထားပါ၊ သူ့ကို သုတ်သင်ဖို့ တခြားနည်းလမ်း စဉ်းစားရင် ကောင်းမယ်"

ဟု ပြောလိုက်သည်။

စုမာဖုံး တွေဝေသွားသည်။

မြေခွေးနက်အား သုတ်သင်ပစ်လိုသော်လည်း ဗွားလျှံ သေဆုံးသွားရမည်ကိုကား မလိုလားပါချေ။

ထို့ကြောင့်...

အကြံရခက်နေလေတော့သည်။

ထိုစဉ်...

ဗွားလျှံ၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"အစ်ကို...ညီမအတွက် မငဲ့ကွက်ပါနဲ့၊ သိုင်းသမားဆိုတာ ရင်ဆိုင်တိုက်ပွဲတွေမှာ တစ်နေ့မဟုတ် တစ်နေ့ သေဆုံးသွားကြရမှာပါ၊ အများကောင်းကျိုးအတွက် အသက်စွန့်ရမှာမို့ ကျေနပ်ပါတယ်၊ သူတို့ကိုသာ မလွှတ်စေပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ခြောရင်း ကင်းဆိပ်မားထဲ တိုးဝင်လိုက်သည်။

မြွေဆွေးနက်သာ လျှင်မြန်မှု မရှိလျှင် ဖှားလျှံ သေဆုံးသွားရပေည် ဖြစ်သည်။

ဖှားလျှံသည် သူမ၏ အသက်ကို အဆုံးစီရင်လိုက်ခြင်း ဖြစ်ပေသည်။

သူမ သေဆုံးသွားလျှင် စုမာဖုံးတို့အတွက် နောက်ဆံတင်းစရာ မလိုတော့ဟု ယုံကြည်ထား၏။

"ဒီလိုလုပ်လို့ ရမလား"

မြွေဆွေးနက်က ဖှားလျှံ၏ လည်ကုပ်ပေါ်၌ ချိန်ရွယ်ထားသော ကင်းဆိပ်မားကို ရုပ်သိမ်းလိုက်၏။

ဖှားလျှံကား သူမ အသက်သေလျှင်သေ၊ မသေလျှင် လွတ်မြောက်ရန် လမ်းစတွေ့နိုင်ကြောင်းလည်း ယုံကြည်ထားရာ အသက်နှင့်ရင်းကာ စွန့်စားလိုက်ခြင်း ဖြစ်၏။

မြွေဆွေးနက် မားရုပ်သိမ်းလိုက်သည်နှင့်...

"ယား"

ညာသံတစ်ချက်ပေးကာ လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်လေသည်။

ထို့နောက်...

ဝဲဘက်သို့ ခုန်ထွက်လိုက်၏။

မြွေဆွေးနက်က သူမအား အလွတ်မပေးဘဲ ဖမ်းဆီးမည်ဆိုလျှင် သူမ၏ တိုက်ခိုက်မှု ထိမှန်လိမ့်မည်ဟု ကျိန်းသေတွက်ဆထား၏။

ဖှားလျှံ လွတ်မြောက်ရန် လမ်းစကား ထင်ရှားပေါ်လွင်လာချေပြီတည်း။



"ဟင်"

မြွေဆွေးနက် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ဖှားလျှံအား အလွတ်မပေးလိုလျှင် သတ်ပစ်ရန်သာ ရှိကြောင်း နားလည်ထားသည်။

ဖှားလျှံသာ သူ့လက်ချက်ဖြင့် သေဆုံးသွားလျှင် စုမာဖုံးက သူ့အား လုံးဝခွင့်လွှတ်နိုင်မည် မဟုတ်ချေ။

သူ့အား အမှန့်ချေပစ် လိုက်မည်ဟု နားလည်ထား၏။

မည်သို့ဆိုစေ...

ဖှားလျှံအား လက်လွှတ်မခံနိုင်သဖြင့်...

"မင်း ပြေးလို့လွတ်မလား"

အော်ပေါက်ရင်း ကင်းဆိပ်မားဖြင့် ခုတ်ချလိုက်သည်။

မားရိပ်မည်းမည်း ထွက်ပေါ်လာသည်။

အေးစိမ့်မှုကား ဝန်းကျင် တစ်ခုလုံးသို့ ရုတ်ခြည်းလွှမ်းမိုးလာလေတော့သည်။

"မလုပ်နဲ့"

စုမာဖုံး အထိတ်တလန့် အော်လိုက်၏။

သူ၏ မျက်လုံးများ ပြာဝေသွားသည်။

ဖှားလျှံအား ကယ်တင်ရန် လွန်စွာ နောက်ကျသွားပြီ ဖြစ်ကြောင်း နားလည်လိုက်သည်။

ဖှားလျှံမှာ မြွေဆွေးနက်၏ လက်ချက်ကြောင့် ကင်းဆိပ်မားများအောက်တွင် အသက်သေဆုံးရပေတော့မည်။

ချိန်ဟုတ်၊ ရှုယောင်၊ လီယော။ လုံယွမ်၊ ဟန်ရှောင်၊ ချီလုံသေ့တို့လည်း အကြီးအကျယ် တုန်လှုပ်သွားကြလေသည်။

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

အထိတ်တလန့် အော်ဟစ်သံများ တိုင်ပင်ထားသလို တစ်ပြိုင်နက် ထွက်ပေါ်လာ၏။

ထိုစဉ်မှာပင်...

"မလုပ်နဲ့"

ဟန့်တားသံတစ်ချက် ထွက်ပေါ်လာသည်။

လူရိပ်တစ်ခုသည် ရှတ်တရက် ရောက်ရှိလာပြီး ဗုံးလျှံအား ဆောင့်ဆွဲလိုက်၏။

ထိုလူရိပ် ဆောင့်ဆွဲလိုက်မှုကြောင့် ဗုံးလျှံ၏ ခန္ဓာကိုယ်လေးထဲ ဆွေ့ခနဲ မြောက်တက်သွားပြီး တစ်ဖက်သို့ ရောက်ရှိသွား၏။

ဗုံးလျှံကား မမျှော်လင့်ဘဲ သတ္တိကောင်းသော ကယ်တင်ရှင်ကြောင့် အသက်ချမ်းသာရာ ရခဲ့လေပြီ။

ကင်းဆိပ်မားများအောက်မှ လွတ်မြောက်ခဲ့လေပြီ။

မြေခွေးနက်လည်း ကြောင်အမ်းအမ်း ဖြစ်သွားကာ ကင်းဆိပ်မားကို ရုပ်သိမ်းပြီး နောက်ဆုတ်သွား၏။

အားလုံးက ဗုံးလျှံအား ကယ်တင်လိုက်သူကို လှမ်းကြည့်လိုက်သည်။

"ဟင်"

"ဟာ"

အာမေဍိတ်သံများ ထွက်ပေါ်လာ၏။

အကြောင်းကား...

ဗုံးလျှံအား ကယ်တင်လိုက်သူမှာ အဖြူရောင် သိုင်းသမားများဘက်မှ မဟုတ်ဘဲ အဖြူရောင် သိုင်းသမားများနှင့် ရင်ဆိုင်တိုက်ခိုက်နေသည့် ဗူးလျှံပင် ဖြစ်နေသည် မဟုတ်ပါလား။



ဗူးလျှံက ဗုံးလျှံကို ဘေးလွတ်ရာသို့ ဆွဲယူပြီးသည်နှင့် လျှပ်တစ်ပြက် လက်တစ်ဖက် ဆန့်ထုတ်ကာ သွေးကြောပိတ်ပစ်လိုက်သည်။

ဗုံးလျှံမှာ စကားပြောမည် ဟန်ပြင်နေကာ ရှိသေးသည် သွေးကြောပိတ် ခံရခြင်းကြောင့် မလှုပ်မယှက် ဖြစ်သွားလေသည်။

ဗူးလျှံက မြေခွေးနက်ကို ကြည့်ကာ ပြစ်တင်စကား ပြောဆိုလိုက်သည်။

"ရှင် ဘယ်လို လုပ်လိုက်တာလဲ"

ဗုံးလျှံ လွတ်မသွားဘဲ အဖမ်းခံထားရမြဲ ဖြစ်ကြောင်း သိရမှ မြေခွေးနက် စိတ်အေးသွားသည်။

ဗူးလျှံကို ကြည့်ကာ ရယ်ကျဲကျဲဖြင့်...

"ဟဲ...ဟဲ သူ ထွက်ပြေးတော့မှာ မင်းမတွေ့ဘူးလား၊ ကျုပ်က သူ့ကို လွတ်ပေးလိုက်ရမှာလားကွ"

ဗူးလျှံ မြေပေါ်ခြေဆောင့်ကာ...

"သူသာ သေသွားရင် အားလုံး ဒုက္ခရောက်မယ်ဆိုတာ ရှင် မတွေးမိဘူးလား၊ ကင်းဆိပ်မား ရှင့်လက်ထဲမှာ ရှိနေတာနဲ့ ဘယ်သူ့ကိုမှ ဂရုစိုက်စရာ မလိုဘူးထင်ရင် မှားသွားမှာပေါ့၊ သူတို့ ဗိုင်းတိုက်ရင် ရှင်လည်း လွယ်မှာ မဟုတ်ဘူး"

ထိုစကားကြောင့် မြေခွေးနက် ဒေါပွသွားသည်။

အံတင်းတင်း ကြိတ်ရင်း...

"အို...သူတို့ ဗိုင်းတိုက်ရင် ကင်းဆိပ်မားအကြောင်း ကောင်းကောင်း သိသွားရမှာပေါ့၊ ကျုပ် အသက်သေတော့ကော ဘာဖြစ်သလဲ၊ သူတို့ဘက်ကလည်း ဆိုက်ယောက်ထက်မနည်း ကျုပ်လက်ချက်ကြောင့် သေသွားရမှာပဲ မဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



သူ ပြောသည့်စကား မှန်ပေသည်။

တစ်သက်နှင့် ဆယ်သက်မက လဲပြီးမှ သူ့အား သုတ်သင်ပစ်နိုင်မည် ဖြစ်သည်။

ကင်းဆိပ်ဓားကြောင့် သူ၏ ပညာပို၍ ထက်မြက်လာစေရန် အထောက်အကူ ပြုသလို ရှိနေပေတော့၏။"

ဝူးလျှံက...

"ကင်းဆိပ်ဓားရပြီးမှ ရှင်က သေချင်တယ်ဆိုလည်း ရှင့်သူ့ဘောပဲ"

ပြောပြောဆိုဆို ဝှားလျှံအား သွေးကြောဖွင့်ပေးရရန် ဟန်ပြင်လိုက်၏သည်။

"မလုပ်နဲ့"

ကျောဖုံးက ဟန့်တားလိုက်၏။

ဝူးလျှံ မျက်မှောင်ကြွတ်ကာ...

"ရှင်က ဘာဖြစ်လို့ ဟန့်တားတာလဲ"

ဟု မေးလိုက်သည်။

ကျောက်ဖုံးက...

"တို့အချင်းချင်း ရန်ဖြစ်နေရင် ရန်သူ့အတွက် ပိုပြီး အားရှိမှာပေါ့၊ အခြေအနေကိုလည်း ကြည့်ပါဦး၊ တို့တစ်ဖွဲ့ စည်းစည်းလုံးလုံးရှိမှ ဖြစ်မယ်ဆိုတာ သဘောမပေါက်ဘူးလား"

ဟု ပြောလိုက်၏။

ထိုစကားကြားမှ ဝူးလျှံနှင့် မြေခွေးတို့ သတိဝင်လာကြလေသည်။

ကျောက်ဖုံး ပြောသည့်စကား သွေးထွက်အောင် မှန်ကန်နေပေသည်။



သူတို့အတွက် ရန်သူကို ရင်ဆိုင်ဖို့ မလွယ်ကူလှချေ။

သူတို့လူအင်အားများသော်လည်း စုမာဖုံးတို့ဘက်က ဘိပ်သီးသိုင်းပညာရှင်များ ပါဝင်လာကြ၍ လူအင်အားကို အားကိုး၍ မရတော့ချေ။

သူတို့ဘက်က လူနှစ်ဆယ်နှင့် စုမာဖုံးတို့ဘက်မှ လူနှစ်ယောက်နှင့် ယှဉ်လျှင်ပင် သူတို့သာ အရေးနိမ့်ဖို့ရှိကြောင်း တွေ့မိသည်။

အရည်အတွက်ထက် အရည်အချင်းကသာ အဓိကကျနေသည် မဟုတ်ပါလား။

ဝူးလျှံ ငိုင်နေသည်။

ကျောက်ဖုံးက ဆက်ပြောလိုက်၏။

"တို့အတွက် ထွက်ပေါက်ဟာ ဝှားလျှံပဲ၊ သူလွတ်မြောက်သွားလို့လဲ မဖြစ်ဘူး၊ သေသွားလို့လဲ မဖြစ်ဘူး"

ဝူးလျှံ စိတ်လျှော့လိုက်သည်။

"ကောင်းပြီလေ... ကျွန်မ သူ့ကို တာဝန်ယူမယ်"

ပြောရင်း ဓားဖြင့် ဝှားလျှံ၏ လည်ပင်းတွင် ထောက်ထားလိုက်လေသည်။

ကျောက်ဖုံးက မြေခွေးနက်ဘက်သို့ လှည့်ကာ...

"ဘယ်လိုလဲ ခင်ဗျားကော ကျုပ်ပြောတာကို သဘောတူလား"

ဟု မေးလိုက်သည်

မြေခွေးနက်က နှာခေါင်းထရှုံ့ကာ...

"မြေခွေးနက် မင်း ဘယ်လို ပြောလိုက်တာလဲ၊ ကင်းဆိပ်ဓားရဖို့ ကျုပ်တို့အားလုံး စုပေါင်းတိုင်ပင်ပြီး ဆောင်ရွက်ခဲ့ကြတာ မဟုတ်လား၊ ကင်းဆိပ်ဓားရမှ ခင်ဗျားက စိတ်ပြောင်းသွားပြီလား၊ တစ်ယောက်တည်း အပိုင်စီးချင်နေပြီပေါ့၊ ကောင်းပြီလေ ဖြစ်လာ

www.burmeseclassic.com

www.burmeseclassic.com



သမ္မာ အန္တရာယ်ကို ခင်ဗျား တစ်ယောက်တည်း ရင်ဆိုင်ပေတော့၊ ကျုပ်တို့ လက်နက်ချ အညံ့ခံတော့မယ်"

ဟု ပြောလိုက်လေသည်။

မြေခွေးနက် မျက်လုံးပြူးသွားသည်။

ကျောက်ဖုံးနှင့် ဂူးလျှံတို့ လူစုသာ အညံ့ခံလိုက်မည်ဆိုလျှင် သူ့အတွက် အရေးလှမည် မဟုတ်တော့ချေ။

စုမာဖုံးတို့ လူစုလက်မှ ပြေးလွတ်မည် မဟုတ်ဘဲ ကင်းဆိပ်မြား ဆုံးရှုံးရမည့်အပြင် အသက်လည်း သေဆုံးရမည် ဖြစ်ပေသည်။

ကျောက်ဖုံးနှင့် မြေခွေးနက်တို့ စိတ်သဘောထား ကွဲလွဲနေကြသည်ကိုတွေ့လျှင် စုမာဖုံးက...

"ကျောက်ဖုံး ခင်ဗျားသာ လက်နက်ချ အညံ့ခံမယ်ဆိုရင် ခင်ဗျားအသက်ချမ်းသာ ရမယ်ဆိုတာ ကျုပ် ကတိပေးတယ်"

ဟု လှမ်းပြောလိုက်လေသည်။

ကျောက်ဖုံးက မြေခွေးနက်အား စေ့စေ့ကြည့်လိုက်သည်။

သူက ဘယ်လိုလဲဟူသောအကြည့်ဖြင့် ကြည့်လိုက်ခြင်း ဖြစ်သည်။

မြေခွေးနက် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

သူက ပင့်သက် ရှိုက်ရင်း...

"ခင်ဗျား တကယ်ပဲ အညံ့ခံတော့ မလို့လားဗျ"

ဟု မေးလိုက်သည်။

ကျောက်ဖုံးက ခပ်တည်တည်ဖြင့်...

"ခင်ဗျားသာ ကျုပ်စကားကို သဘောမတူဘူး ဆိုရင် အညံ့ခံရတော့မှာပဲ"

မြေခွေးနက်က...



"ကျုပ်က ဘာကို သဘောတူရမှာလဲ"

ဟု မေးလိုက်သည်။

ကျောက်ဖုံးက...

"ကျုပ်တို့ ဒီမှာဆက်ပြီး အကျိုးမဲ့ မတိုက်ခိုက်တော့ဘူး၊ ဗူးလျှံကို ဓားစာခံလုပ်ပြီး ဒီကထွက်သွားကြမယ်၊ အဲ တစ်ခုတော့ ရှိတယ်၊ ကင်းဆိပ်မြားကို ခင်ဗျား တစ်ယောက်တည်း အပိုင်စီးလို့တော့ မရဘူး၊ ကျုပ်တို့သုံးယောက် အတူတူ ပိုင်ဆိုင်ခွင့် ရှိတယ်ဆိုတာ သဘောတူရမယ်"

ဟု ပြောလိုက်၏။

မြေခွေးနက် တွေဝေသွားသည်။

ကျောက်ဖုံး၏ စကားကို သဘောတူလိုက်လျှင် ဤနေရာမှ လွတ်မြောက်သွားနိုင်မည် ဖြစ်သည်။

လွတ်မြောက်ပြီး နောက်ပိုင်း သူ၏ လက်ထဲမှ ကင်းဆိပ်မြားကို သူတစ်ယောက်တည်း အပိုင်စီးရန် အခွင့်အရေးများစွာ ရှိကြောင်း တွေးမိလိုက်လေသည်။

ထို့ကြောင့်...

ချက်ချင်း ခေါင်းညိတ်ကာ သဘောတူလိုက်လေသည်။

"ကောင်းပြီလေ ကျုပ် သဘောတူတယ်"

ကျောက်ဖုံး ကျေနပ်သွားသည်။

သူက လက်ကမ်းကာ...

"ဒါဖြင့် ကင်းဆိပ်မြားပေးပါ"

ဟု ပြောလိုက်၏။

မြေခွေးနက် မကျေမနပ် ဖြစ်သွားကာ...

"ဘာဖြစ်လို့ ပေးရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖုံး မဲ့လိုက်၏။

"မပေးရင် လွယ်ပါတယ်၊ ကျုပ်က အညှဲခံလိုက်ရုံပေါ့"

မြေခွေးနက်၏ မျက်နှာတင်းမာ ခက်ထန်သွားသည်။

သူက အံတစ်ချက် ကြိတ်လိုက်ပြီး...

"နေပါဦး ခင်ဗျား၊ ဘာကြောင့် ကျုပ်ကို အကျုပ်ကိုင်ချင်ရတာလဲ၊ ခင်ဗျား တစ်ယောက်တည်း အပိုင်စီးချင်လို့လား"

ကျောက်ဖုံး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တစ်ယောက်တည်း အပိုင်စီးချင်တယ် ထင်ရင် ခင်ဗျား မှားသွားမှာပေါ့၊ ကျုပ်ကို မယုံရင် ငူးလျှံကို ပေးထားလိုက်ပါ"

ထိုစကားကြားမှ မြေခွေးနက် စိတ်သက်သာရာ ရရှိသွားလေသည်။

ငူးလျှံသည် သူနှင့်ပြိုင်စွန်းနေသူ မဟုတ်လား။

အမှန်ဆိုလျှင်...

အမိုက်ကျေးရွာမှ လူများကို ဖမ်းဆီးကာ ကို့ထင်းတို့အား ထောင်ချောက်ဆင်ရန် ငူးလျှံကပင် အကြံပေးခဲ့ခြင်း ဖြစ်လေသည်။

ကျောက်ဖုံးက မြေခွေးနက်ကို ကြည့်ကာ...

"ဘယ်လိုလဲ ခင်ဗျားက ငူးလျှံကိုတော့ ယုံမယ်ထင်တယ်"

မြေခွေးနက် သဘောကျသွားသည်။

"ဟား...ဟား...ဟား သူ့ကိုမှ မယုံရင် ကျုပ်က ဘယ်သူ့ကို သွားပြီး ယုံရတော့မှာလဲဗျ"

ကျောက်ဖုံးက...

"ဒါဖြင့် ကင်းဆိပ်ဓား ငူးလျှံကို ပေးလိုက်ပါ"

ဟု ပြောလိုက်၏။

မြေခွေးနက်၏ မျက်နှာချက်ချင်း တည်သွားသည်။



ကျောက်ဖုံးကို စိုက်ကြည့်ကာ...

"ခင်ဗျား စကားပြောတာ ကြည့်ပြောပါ၊ ကျုပ်က ခင်ဗျား အမိန့်ပေးလို့ ရမယ့်လူ မဟုတ်ဘူး"

ကျောက်ဖုံးက...

"အမိန့်ပေးတာ မဟုတ်ဘူး၊ ခင်ဗျား နားလည်အောင် ပြောပြနေတာ"

သူတို့နှစ်ယောက် အခြေအတင် ပြောနေကြသည်ကို တွေ့လျှင် ငူးလျှံက ကြားဝင်ဟန့်တားလိုက်လေသည်။

"ရှင်တို့ တစ်ယောက်နဲ့ တစ်ယောက် ရန်ဖြစ်နေကြတော့မှာလား၊ ရန်ဖြစ်နေလို့ ပြဿနာအားလုံး ပြေလည်သွားမှာလား"

ကျောက်ဖုံး ပါးစပ်ပိတ်ထားလိုက်သည်။

မြေခွေးနက်က...

"ကောင်းပြီလေ... ကျုပ်ပဲ အလျှော့ပေးလိုက်ပါမယ်"

ပြောပြီး လက်ထဲမှ ကင်းဆိပ်ဓားကို ငူးလျှံထံ ပစ်ပေးလိုက်သည်။

ရုတ်တရက်...

ကို့ထင်းက မြေပေါ်ခြေဆောင့်၍ ခုန်တက်ကာ ကြားဖြတ်သုယူရန် ဟန်ပြင်လိုက်သည်။

"ရပ်လိုက်"

ကျောက်ဖုံးက ဟန့်တားရင်း ကြားဖြတ် တိုက်ခိုက်လိုက်လေသည်။

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

ကျောက်ဖုံးနှင့် ကို့ထင်းတို့ နောက်သို့ ပြိုင်တူဆုတ်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ...

ကိုထင်း အစား စုမာဖုံးက ကြားဖြတ် လုပ်ယူမည်ဆိုပါက ကျောက်ဖုံး ဟန့်တား၍ ရနိုင်မည် မဟုတ်ချေ။

ကင်းဆိပ်မားလည်း စုမာဖုံး လက်ထဲသို့ ပါကောင်း ပါသွားနိုင်ပေ၏။

သို့သော်...စုမာဖုံးက လှုပ်ရှားခြင်း မပြုခဲ့ချေ။

သူသည် ဂုားလှံ့ အတွက် စိုးရိမ်ပူပန်ကာ မတုန်မလှုပ် ကျောက်ရုပ်ပမာ ရပ်နေခဲ့သည်။

သူ့ကိုကြည့်ကာ အားမလို အားမရ ဖြစ်နေကြသော်လည်း မည်သူမျှ အပြစ်တင် စကား မပြောကြချေ။ ကိုထင်းသည် မားလုံ၍ မရသည့်အတွက် နောက်ပြန် ဆုတ်လိုက်ရသည်။

ကျောက်ဖုံးက...

"သေချင်ပြီထင်တယ်၊ ခင်ဗျားတို့ လှုပ်လှုပ်ရှားရှား လုပ်လာရင် ဂုားလှံ့ အသက်ကို အာမ မခံနိုင်ဘူးနော်"

ဟု ကြိမ်းမောင်း ပြောဆိုလိုက်သည်။

ကိုထင်း မျက်နှာပျက်သွားသည်။

သူ့ကြောင့် ဂုားလှံ့သာ တစ်စုံတစ်ခု ဖြစ်သွားလျှင် စုမာဖုံးအား မည်သို့ မျက်နှာ ပြရမှန်း မသိတော့ပါချေ။

ကျောက်ဖုံးက...

"နောက်ထပ် ဘယ်သူပဲ ဖြစ်ဖြစ် လှုပ်ရှားဖို့ ကြိုးစားလာရင် ဂုားလှံ့ သေပြီမှတ်ပါ"

ပြောပြီး ဂူးလှံ့ကို ကြည့်ကာ...

"ဂူးလှံ့ ဘာမှညာမနေနဲ့၊ ဂုားလှံ့ကို တစ်ခါတည်းသာ သတ်ပစ်လိုက်"



ဟု လှမ်းပြောလိုက်သည်။

ထိုစကားကြားလျှင် ကိုထင်းက စုမာဖုံး အနီးသို့ချဉ်းကပ်သွားပြီး...

"ကျုပ်ကို ခွင့်လွှတ်ပါကွာ၊ သူတို့လက်ထဲမှာ ကင်းဆိပ်မား မရှိတော့ရင် အန္တရာယ် မပေးနိုင်တော့ဘူးဆိုပြီး ကျုပ် လှုပ်ရှားလိုက်မိတာပါ"

ဟု တောင်းပန်စကား ဆိုလိုက်သည်။

စုမာဖုံး သက်ပြင်းချလိုက်သည်။

ကိုထင်းကိုလည်း အားတုံ့ အားနာ ဖြစ်မိသည်။

ကိုထင်းသည် သူစိတ်ဆိုးမည်ကို စိုးရိမ်ကာ တောင်းပန်နေခြင်း ဖြစ်ကြောင်း ရိပ်မိသည်။

စုမာဖုံး သက်ပြင်းချရင်း...

"ဦးမှာ အပြစ်မရှိပါဘူးဗျာ၊ ဘယ်သူမဆို ဒီလိုလုပ်မိကြမှာပါပဲ"

ဟု ပြောလိုက်သည်။

ကိုထင်းက...

"အင်း...ဂုားလှံ့ သူတို့လက်ထဲ ရောက်နေတာ တော်တော်ဆိုးတာပဲ"

ဟု ညည်းညူလိုက်၏။

စုမာဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ဂုားလှံ့ရဲ့ အသက်ကို ငဲ့ညှာနေရလို့ ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေရပြီ"

"ကျုပ်တို့ အတင်းဝင်တိုက်ရင် အရင်ဦးဆုံး ဂုားလှံ့ သေရမှာပဲ အင်း တစ်ခုခုတော့ စီစဉ်မှ ဖြစ်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလာ၏။

စုမာဖုံး မျက်မှောင်ကြုတ်သွားသည်။

သူက ကိုထင်းအား ကြည့်ကာ...

"ဦး သဘောက..."

ဟု မေးလိုက်သည်။

ကိုထင်း သက်ပြင်းတစ်ချက် ချလိုက်၏။

သူက စိတ်လျှော့ လိုက်ဟန်ဖြင့်...

"မတတ်နိုင်ဘူးလေ သူတို့ကို လွှတ်ပေးရတော့မှာပေါ့"

စုမာဖုံး အံ့ဩသွားသည်။

"ဗျာ...သူတို့ကို လွှတ်ပေးမယ် ဟုတ်လား"

ဟုလည်း မေးလိုက်သည်။

ကိုထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ဒီတစ်လမ်းပဲ ရှိတော့တယ်"

စုမာဖုံးက...

"ဒါဖြင့်...ကင်းဆိပ်မားကိုကော"

ဟု မေးလိုက်သည်။

ကိုထင်းက...

"ကင်းဆိပ်မားက သူ့တို့လက်ထဲ ရောက်နေပြီပဲ ပေးလိုက်ရမှာပေါ့"

မမျှော်လင့်သော စကားကြောင့် စုမာဖုံး အံ့ဩသွားသည်။

သူ၏ရင်ထဲတွင်လည်း စိုးရိမ်ပူပန် သွားမိသည်။

သူက သက်ပြင်းတစ်ချက် ချလိုက်ပြီး...

"ကျွန်တော်တို့ ဒီလို လုပ်လိုက်မယ်ဆိုရင် သူတို့ကို အခွင့်အရေး ပေးလွန်းရာ ရောက်မနေဘူးလား"



ဟု မေးလိုက်သည်။

ကိုထင်း မချိုမြုံး ပြုံးလိုက်၏။

"အခုအချိန် ရောက်မှတော့ ဘယ်တတ် နိုင်ပါတော့မလဲကွာ"

စုမာဖုံးက ကျောက်ဖုံးနှင့် မြွေခွေးနက်တို့အား လှမ်းကြည့်လိုက်လေသည်။

ကင်းဆိပ်မားကား ဂူးလျှံ၏ လက်တွင်း၌ ရောက်ရှိနေပြီ ဖြစ်သည်။

ဂူးလျှံသည် ကင်းဆိပ်မားကို ပိုင်ပိုင်နိုင်နိုင် ကိုင်ဆောင်ထား၏။ ကင်းဆိပ်မား လက်ထဲကိုင်ထားရခြင်းကြောင့်လည်း ကျေနပ်ပီတိ ဖြစ်နေဟန် ရှိလေသည်။

ကိုထင်း ပြောသည့်စကား မမှားပါချေ။

ကျောက်ဖုံးက ချောင်းတစ်ချက် ဟန့်ကာ...

"မိတ်ဆွေတို့ ကျုပ်စကား တစ်ခွန်း ပြောချင်ပါတယ်၊ သေသေချာချာ နားထောင်ကြပါဗျာ"

ဟု ပြောလာလေသည်။

သူ၏ စကားလုံးများက မေတ္တာရပ်ခံသည့်သဘော ဖြစ်သော်လည်း လေသံက အပေါ်စီး လေသံဖြစ်ပေ၏။

သူ၏ စကားကြောင့် လီပေား၊ လုံယွမ်၊ ဟန်ရှောင်၊ ချီရသေ့နှင့် ဂူဘောင်တို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

လီပေားက...

ဟွန်း...သူတို့ အကျုပ်ကိုင်တော့မယ်ဗျ"

ဟု မကျေမနပ် ပြောလိုက်လေသည်။

တစ်ချိန်လုံး ငြိမ်သက်စွာ စောင့်ကြည့် နေခဲ့သဖြင့် အခြေအနေကို ကောင်းစွာ နားလည်သဘောပေါက် ထားပြီဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ စကားကို ယုံယွမ် ထောက်ခံလိုက်သည်။

"ဟုတ်တယ် ဝှားလျှံကို ရှေ့တန်းတင်ပြီး အကျပ်ကိုင်လာမှာ သေချာတယ်"

ဟန်ရှောင်ကလည်း…

"အေးလေ ဝှားလျှံက သူတို့လက်ထဲ ရောက်နေတော့ ကျုပ်တို့ တစ်ပန်းရှုံးနေပြီပေါ့ဗျာ"

ဟု စိတ်ကျဉ်းကျပ်သော လေသံဖြင့် ပြောလိုက်လေသည်။

သူတို့၏ စကားသံနှင့် မရှေးမနှောင်းမှာပင် ကျယ်လောင်သော ကျောက်ဖုံး၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ကျောက်ဖုံးက…

"ဝိုဏ်းချုပ်ကြီး ခင်ဗျား ကင်းဆိပ်ဓားနဲ့ ကျုပ်တို့ရဲ့ အသက်ဟာ ယောဒီက ဝှားလျှံလောက် တန်ဖိုးမရှိကြဘူး ဆိုတာ အားလုံး သိကြပါလိမ့်မယ်၊ ခင်ဗျားတို့အားလုံး ဝှားလျှံကို ပိုပြီးတန်ဖိုးထား လိမ့်မယ်လို့လဲ ယုံကြည်မျှော်လင့်ပါတယ်"

စကားကို ခေတ္တရပ်ကာ စုမာဖုံးတို့ လူစုအား အကဲခတ်ကြည့် လိုက်လေသည်။

စုမာဖုံးတို့ လူစုကား တုတ်တုတ်မျှ မလှုပ်ကြချေ။

သူတို့သည် ကျောက်ဖုံး ရှေ့ဆက်ပြောလာမည့် အကြောင်း အရာများကို တွေးတောနားလည် ထားကြပြီး ဖြစ်လေသည်။

အားလုံး ငြိမ်သက်နေကြသည်ကို တွေ့ရလျှင် ကျောက်ဖုံး သဘောကျစွာ ပြုံးလိုက်သည်။

ယခုတစ်ကြိမ်…

ဝူးလျှံ အကြံပေးလိုက်သလို ဝှားလျှံအား ဓားစာခံအဖြစ်



ဖမ်းဆီးလိုက်ခြင်းမှာ အသင့်လျော်ဆုံး အမှန်ကန်ဆုံး ဖြစ်ကြောင်း ထင်ရှားနေချေပြီ။

အားလုံးကို ဇော့ကြည့်ပြီးမှ ဆက်ပြောလိုက်လေသည်။

"တန်ဖိုး ရှိလှတဲ့ ဝှားလျှံရဲ့ အသက်နဲ့ အလဲအလှယ် လုပ်မယ်ဆိုရင် မိတ်ဆွေတို့ သဘောမတူစရာ အကြောင်း မရှိဘူးလို့ ယူဆပါတယ်ဗျာ၊ ကျုပ် ပြောတာ မှန်တယ် မဟုတ်လားဗျ"

သူ၏ စကားအဆုံးတွင် ကို့ထင်းက လှမ်းအော်၍ မေးလိုက် လေသည်။

"နေပါဦး ခင်ဗျားက ဝှားလျှံကို ပြန်လွှတ်ပေးရင် ခင်ဗျား တို့က ဘာမှ မလုပ်ရဘူးလို့ ပြောတာ မဟုတ်လား"

ကျောက်ဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်တို့ရဲ့ အဓိက ရည်ရွယ်ချက်ဟာ ကင်း ဆိပ်ဓားကို ပိုင်ဆိုင်ရရှိဖို့ပါပဲ၊ ကင်းဆိပ်ဓားရပြီးပြီမို့ ဆက်ပြီး တိုက် ခိုက်စရာ မလိုဘူး ထင်မိပါတယ်ဗျာ"

ခင်ဗျားတို့ ဒီကထွက်သွား ချင်ကြတယ်ပေါ့"

ယခုတစ်ကြိမ် ကြားဖြတ်မေးလိုက်သူမှာ လီဟေး ဖြစ်လေ သည်။

ကျောက်ဖုံးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ကျုပ်တို့ ထွက်သွားချင်တယ်ဆိုရင် အချိန်မရွေး ထွက်သွားနိုင်ပါတယ်၊ ဒါပေမယ့် တိုက်ခိုက်ပြီး ထွက်သွားရမှာ မလိုချင်ဘူးဗျ၊ ခင်ဗျားတို့ မျက်စိရှေ့မှောက်က အေးအေး လူလူ ထွက်သွားချင်တယ်၊ ဟား…ဟား…ဟား ကျုပ်တို့ကို ဟန့်တား မယ့်လူ မလိုချင်ဘူးပေါ့ဗျာ"

သူ့စကားကြားလျှင် ဟန်ရှောင်က…

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ခင်ဗျားတို့ ထွက်သွားနိုင်တယ်ဆိုတာတာ ထွက်ပြေးနိုင်တာကို ပြောတာလား၊ ကျုပ်တို့ လွှတ်မပေးဘဲ တိုက်ခိုက်ထွက်ပြေးလို့လဲ မလွှတ်နိုင်ဘူးဗျ၊ စကားကြီး စကားကျယ် ပြောမနေစမ်းပါနဲ့ဗျာ"

ဟု ကြားဝင်ထောက်လိုက်သည်။

သူ၏စကားမှာ ကျောက်ဖုံးအဖို့ အခံရခက် ဖြစ်နေပါသော်လည်း ကျောက်ဖုံးက အပြုံးမပျက်ချေ။

တဟားဟား ရယ်မောရင်း...

"ဟား...ဟား...ဟား ခင်ဗျား ကြိုက်သလို ထင်နိုင်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ အေးအေးဆေးဆေး ထွက်သွားတဲ့အခါ ခင်ဗျား ဝင်မရှုပ်ရင် ပြီးတာပဲ"

ဟန်ဇော်က ဒေါသကြီးစွာဖြင့်...

"အို...ဘာကြောင့် ကျုပ်က ဝင်ရှုပ်ရမှာလဲ၊ ခင်ဗျားတို့က ခြေတစ်လှမ်း လှမ်းလိုက်တာနဲ့ ကျုပ်တို့အကြောင်း သိရမှာပဲဗျ"

ကျောက်ဖုံး မျက်နှာ တင်းမာသွားသည်။

ဟန်ဇော်ကို စိုက်ကြည့်ရင်း...

"ဩော်...ခင်ဗျားက ဒီလိုလား၊ ကောင်းပြီလေ အခု ကျုပ်အကြောင်း သိရမှာပေါ့"

စကားဆုံးလျှင် ဝူးလျှံကို လက်ဇော့ယမ်း ပြလိုက်ပြီး...

"ဝူးလျှံသူ့ကို သတ်ပစ်လိုက်တော့ ဒါမှ ကျုပ်တို့ ထွက်သွားချင်ရင် အချိန်မရွေး သွားနိုင်တယ်ဆိုတာ သူသိလိမ့်မယ်"

ဟု ပြောလိုက်လေသည်။

ဝူးလျှံက မဲ့ပြုံး ပြုံးကာ...

"ကောင်းပြီလေ"



သူမသည် ကင်းဆိပ်ဓားဖြင့် ဗှားလျှံအား ခုတ်ချရန် လက်မြှောက်လိုက်သည်။

"ရပ်လိုက်"

စုမာဖုံးက ကျယ်လောင်စွာ အော်ဟစ် ဟန့်တားလိုက်လေသည်။

ဝူးလျှံ မျက်မှောင်ကြုတ်ကာ...

"ရှင်...ဘာပြောချင်လို့လဲ"

ဒေါသထွက်လွန်း၍ စုမာဖုံး၏ တစ်ကိုယ်လုံး တုန်တုန်ရင်ရင် ဖြစ်နေ၏။

ဝူးလျှံကို စိုက်ကြည့်ရင်း...

"ခင်ဗျား သူ့ကို ထိဝံ့ရင် ထိကြည့်စမ်း၊ ကျုပ် ခင်ဗျားကို စိစိ ညက်ညက် ချေပစ်လိုက်မယ်"

ဝူးလျှံ ရယ်မောလိုက်၏။

"ဟင်း...ဟင်း...ရှင်ပြောတိုင်း ကျွန်မကြောက်ရမှာလား"

ပြောရင်း ဗှားလျှံအား ဓားဖြင့် ခုတ်ချမည် ပြုလေသည်။

စုမာဖုံး ဒေါသကို မထိန်းနိုင်တော့ချေ။

"သေပေတော့"

ဟု အော်ဟေါက်ကာ ရှေ့ခုန်ထွက်ပြီး တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

"ညီလေး သတိထား"

ကိုထင်းက အချိန်မီ ဟန့်တားကာ နောက်မှ ဆွဲထားလိုက်လေသည်။

စုမာဖုံးက ဒေါသဖြစ်သွားသော်လည်း ကိုထင်း၏ စကားကြားလျှင် ဒေါသစိတ်များ ပြေလျော့သွားရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုထင်းက တည်ကြည်သော မျက်နှာထားဖြင့် ...

"ညီလေး စိတ်အေးအေး ထားစမ်းပါ၊ သူတို့ဘာတတ်နိုင်မှာမို့လဲ၊ ကင်းဆိပ်မားက သူတို့လက်ထဲမှာ ရှိနေတာကော ဗုဒ္ဓားလျှံ ရှိနေတာကော ဘာမှအရေးမကြီးဘူး၊ အချိန်တန်ရင် သူတို့လက်ထဲက ဗုဒ္ဓားလျှံကို ပြန်ပြီး ကယ်တင်နိုင်မှာပဲ၊ ကင်းဆိပ်မားကိုလဲ သူတို့ကြာကြာ အပိုင်စီးမထားနိုင်ပါဘူး၊ အရေးကြီးတာက အခုချိန်မှာ ဗုဒ္ဓားလျှံ အသက်အန္တရာယ် ထိခိုက်စေမယ့် လုပ်ရပ်မျိုးကို ရှောင်ရှားဖို့ပါပဲ"

စုမာဖုံး ငိုင်ကျသွားသည်။

ကိုထင်းက စုမာဖုံးကို ဖျောင်းဖျပြီးလျှင် ကျောက်ဖုံးဘက်သို့ မျက်နှာမူကာ ...

"ဗုဒ္ဓားလျှံ မရှိဘဲနဲ့တော့ ဘယ်လို စေ့စပ် ဆွေးနွေးချက်ကိုမှ ကျုပ်တို့ လက်ခံနိုင်မှာ မဟုတ်ဘူးဆိုတာ ခင်ဗျားနားလည် စေချင်တယ်"

ဟု လှမ်းပြောလိုက်သည်။

ကျောက်ဖုံး သဘောကျစွာ ပြုံးလိုက်၏။

"ဟဲ ... ဟဲ ... ဟဲ ကျုပ်နားလည်ပါတယ်ဗျာ"

ပြောပြီး လက်ဇော့ယမ်း ပြလိုက်သည်။

အမှန်တော့ ဂူးလျှံ သည်လည်း ဗုဒ္ဓားလျှံအား သုတ်သင်ပစ်မည်ဟန်ဖြင့် ခြိမ်းခြောက်လိုက်ခြင်း ဖြစ်ပေသည်။

တကယ်တမ်းမှုကား ဗုဒ္ဓားလျှံကို လက်ဖျားနှင့်ပင် မတို့ဝံ့ချေ။

စုမာဖုံး အကြောင်း ကောင်းစွာ နားလည်ထားသည်။

မဟုတ်ပါလား။

ကျောက်ဖုံးက ...

"ကဲ ... ကျုပ်ပြောတာကို လက်ခံကြပြီပေါ့ ဟုတ်လား"



ကိုထင်းကို ကြည့်ကာ မေးလိုက်၏။

ကိုထင်း လက်ကာပြလိုက်ပြီး ....

"ခင်ဗျား ပြောတာ သိပ်ပြီး နားမရှင်း သေးပါဘူးဗျာ"

"ခင်ဗျားတို့ ကင်းဆိပ်မားကို ယူပြီး ဒီကထွက်သွားကြမယ် မဟုတ်လား"

ကျောက်ဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ၊ ကျုပ်တို့ဒီက ထွက်သွားတော့မှ ကင်းဆိပ်မားကိုပါ၊ ယူသွားမှပေါ့လေ ဘာဖြစ်လို့ ချန်ခဲ့ရမှာလဲ"

"ကောင်းပြီ ဗုဒ္ဓားလျှံကိုကော ဘယ်လိုလုပ်မလဲ"

ကျောက်ဖုံး စဉ်းစားခြင်း မပြုဘဲ ...

"ဘာလုပ်စရာရှိသလဲ သူကိုပါ ခေါ်သွားရမှာပေါ့"

တို့စကားကြားလျှင် ကိုထင်း ဦးခေါင်း သွင်သွင်ခါယမ်းလိုက်သည်။

"သူ့ကို ခေါ်သွားလို့တော့ ဘယ်နည်းနဲ့မှ မဖြစ်ဘူးဗျ"

"ဘာဖြစ်လို့လဲ"

"သူ့ကိုခေါ်သွားပြီးတော့ သတ်ပစ်လိုက်ရင် ဘယ်လိုလုပ်မလဲ"

ကျောက်ဖုံးက ...

"စိတ်ချ ကျုပ် ကတိပေးတယ်၊ သူ့ကို ခေါ်သွားမယ်၊ ဘေးကင်းတဲ့နေရာ ရောက်တာနဲ့ သူ့ကို ပြန်လွှတ်ပေးလိုက်မယ်၊ ခင်ဗျားတို့ကသာ ကျုပ်နဲ့ နောက်ကို လိုက်မလာကြပါနဲ့၊ သူဘာမှ မဖြစ်စေရဘူးလို့ အာမခံတယ်၊ ကျုပ်တို့က ကင်းဆိပ်မားကိုပဲ လိုချင်တာမှ မဟုတ်ဘဲ"

သူ၏စကား သဘာဝကျနေသဖြင့် ဓာဒကတက်ရင် အခက်တွေ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



စုမာဖုံးက ကြားဖြတ်ပြောလိုက်၏။

"ခင်ဗျားက ဘယ်လောက် ကတိပေးပေး ကျုပ်ကတော့ မယုံဘူးဗျ၊ ခင်ဗျားတို့ ဘာ ကတိသစ္စာ တည်ကြည်တဲ့လူ တွေ့မှာ မဟုတ်ဘဲ၊ ကျုပ်တို့ လွှတ်ပေးလိုက်ပြီးမှ ခင်ဗျားတို့က သူ့ကို မလွှတ်ပေးဘဲထားရင် ဘယ်လိုလုပ်မလဲ"

ကျောက်ဖုံး မဲ့ပြုံး ပြုံးလိုက်သည်။

"ဒါတော့ မင်းသဘောပဲ၊ ကျုပ်ဘက်ကတော့ လိုက်လျော နိုင်သမျှ အစွမ်းကုန် လိုက်လျောပြီးပြီ၊ မင်းတို့သဘောမတူရင် ထိုးဖောက်ထွက်သွားဖို့ပဲ ရှိတယ်၊ အေး မင်းတို့ ဟန့်တားခဲ့ရင် အရင်ဆုံး သေရမယ့်လူဟာ ဗှားလျှံပဲ"

သူက လိုက်လျောသူအဖြစ် တင်တင် စီးစီး ပြော၏။

သူ၏ စကားကြောင့် စုမာဖုံး ကြိတ်မနိုင် ခဲမရ ဖြစ်သွား သော်လည်း၊ မလှုပ်ရှားရဲချေ။

သူ လှုပ်ရှားလိုက်သည်နှင့် ဗှားလျှံ ဒုက္ခရောက်ရပေလိမ့်မည်။

ဗှားလျှံကို ငဲ့ညှာနေရသည်ဖြစ်၍ အားလုံးစိတ်ပျက် နေမိကြ လေသည်။

ထိုစဉ် ...

ကျောက်ဖုံးက ...

"ကဲ တို့သွားကြရအောင်၊ ဂူလျှံက ဗှားလျှံကို ခေါ်ပြီး အလယ်ကလိုက်ခဲ့၊ မြေခွေးနက် ခင်ဗျား နောက်ဆုံးက ကာကွယ်ပြီး လိုက်လာပါ၊ ကျုပ် ရှေ့ဆုံးက ထိုးဖောက်သွားမယ်"

ဂူလျှံနှင့် မြေခွေးနက်တို့ ကျောက်ဖုံးပြောသည့် အတိုင်း လိုက်နာကြသည်။ မြေခွေးနက်သည် လိုက်နာသော်လည်း ကျောက်ဖုံး ဆရာလုပ်နေသည်ကို ကြည့်၍ မရကြောင်း ထင်ရှားနေသည်။



ကျောက်ဖုံးက စုမာဖုံးတို့ လူစုအား လုံးဝ အရေးမစိုက်ဘဲ ရှေ့ဆုံးမှနေ၍ လှမ်းထွက်လိုက်လေ၏။

သူ၏နောက်မှ ဂူးလျှံက ဗှားလျှံကို ဆုပ်ကိုင်ကာ ကပ်လျက် လိုက်ပါလာ၏။

မြေခွေးနက်ကား ...

နောက်ဆုံးမှ တိုက်ခိုက်ရန် အသင့်ပြင်ကာ လိုက်ပါလာ၏။

သူတို့ထက်ခွာသွားရန် ခြေလှမ်းပြင်နေကြပြီ ဖြစ်သော်လည်း စုမာဖုံးတို့ကား တုတ်တုတ်မျှ မလှုပ်ဘဲ ကြည့်နေကြ၏။

အားလုံးသည် ကျောက်ဖုံးတို့ကို ဟန့်တားလိုစိတ် ပြင်းပြ နေကြ၏။

သို့သော် ...

သူတို့၏ ခြေလက်များကား ခဲဆွဲထားသကဲ့သို့ လေးလံနေကြ ပေတော့သည်။

○ ○ ○

ကျောက်ဖုံးက စုမာဖုံးတို့လူစု ငြိမ်သက်နေကြသည်ကို တွေ့ သျှင် အသံကျယ်ကျယ်ဖြင့် ...

"ဂူးလျှံသူတို့ လှုပ်ရှားတိုက်ခိုက် လာတာနဲ့ ဗှားလျှံကို အရင်ဆုံး သတ်ပစ်လိုက်၊ လက်မနှေးနဲ့ ဟုတ်ပြီလား"

ဟု မှာကြားလေသည်။

ဂူးလျှံက မထီလေးစား လေသံဖြင့် ...

"စိတ်သာချ ... ကျွန်မကလဲ ကင်းဆိပ်ဓား ဘယ်လောက် အစွမ်းထက်တယ်ဆိုတာ လက်တွေ့သိချင်နေတာ၊ တစ်ယောက် ယောက် လှုပ်ရှားလိုက်တာနဲ့ ဗှားလျှံနှစ်ပိုင်း ဖြစ်မသွားရင် ပြော

www.burmeseclassic.com

www.burmeseclassic.com



ချင်တာ ပြောပေတော့”

ဟု ဝင့်ဝင့်ကြွားကြွား ပြောဆိုလိုက်လေသည်။

စုမာဖုံး တို့အားလုံး ငေးကြည့်နေကြသည်။

မည်သူမျှ ဟန့်တားခြင်း မပြုကြချေ။

ကျောက်ဖုံး ကပို၍ မလှုပ်ရှားနိုင်အောင် စကားဖြင့် ချည်နှောင်လိုက်ပြန်သည်။

စုမာဖုံး တို့လူစုအား ကြည့်ရင်း ရယ်ကျဲကျဲဖြင့်...

ချည်နှောင် လိုက်ပြန်သည်။

စုမာဖုံးတို့ လူစုအား ကြည့်ရင်း ရယ်ကျဲကျဲဖြင့်...

“စိတ်အေးအေး ထားကြပါဗျာ၊ စိတ်အေးအေးထားရင် အမှားတွေ့မှာ မဟုတ်ပါဘူး၊ ခင်ဗျားတို့ရဲ့ အန္တရာယ်ကင်း ဝေးပြီးလို့ ယူဆရတဲ့ နေရာရောက်ရင် သူ့ကို ချက်ချင်း လွှတ်ပေးလိုက်ပါ့မယ် ကျုပ်တို့ သူ့ကို ထိန်းသိမ်းထားရတာ အန္တရာယ်နဲ့အတူ နေရသလို ဖြစ်မယ်ဆိုတာ နားလည်ပါတယ်ဗျာ”

ပြောရင်း လှမ်းထွက်သွားသည်။

ကို့ထင်း၏ လူအချို့က လမ်းပိတ်ထားကြလေသည်။

ကျောက်ဖုံးက လုံးဝ အရေးမစိုက်ဘဲ...

“ဘယ်လိုလဲ မင်းတို့ ဆရာကတောင် ဘာမှမလုပ်ဘဲ လက်ပိုက်ကြည့်နေကြတာ မင်းတို့က ဟန့်ထားဦးမလို့လား”

“သူတို့ကို ဒီအတိုင်း လွှတ်ပေးရတာ ရင်နာစရာ ကောင်းတာပဲ”

ဟု ညည်းညူလိုက်လေသည်။

ကို့ထင်းက...

“ဘယ်တတ်နိုင်မလဲ၊ ဝကယ်လို့ မင်းကို ဖမ်းထားရင်လဲ



ကျုပ်တို့ လွှတ်ပေးမှာပဲ လူဆိုးတစ်ထောင်နဲ့ လူကောင်းတစ်ယောက် မလဲနိုင်ဘူး”

သီဟေး ပါးစပ်ပိတ်ထားလိုက်လေသည်။

ထိုစဉ် စုမာဖုံးက...

“သူတို့ကို ကြည့်ရတာ မြောက်ဘက်ဦးတည်သွားမယ်ပုံပဲ၊ ကျွန်တော်တို့ တောအုပ်ကိုဖြတ်ပြီး တောင်ခြေက လိုက်ရင်မီမှာပဲ”

ဟု ပြောသွားသည်။

ထိုစကားကြားမှ စုမာဖုံး ငေးငိုင်နေခြင်း မဟုတ်ဘဲ ဂူးလျှံတို့အား မည်သို့ မည်ပုံ တိုက်ခိုက်ရမည်ကို စဉ်းစားနေကြောင်း အားလုံးနားလည် လိုက်ကြသည်။

သူ၏ စကားကြားလျှင် အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

ဟန်ရှောင်က...

“သူတို့လက်ထဲမှာ ဂွာလျှံ ရှိနေသရွေ့ ကျုပ်တို့ ဝင်တိုက်လို့ မဖြစ်ဘူးဆိုတာ မမေ့ထားလို့ မရဘူး”

ကို့ထင်းက...

“ကိစ္စမရှိဘူး၊ ကျုပ်တို့က သူတို့ထွက်သွားတာကို မနှောင့်ယှက်ဘဲ အေးအေးဆေးဆေး လက်ပိုက်ကြည့်နေတော့ ဘေးကင်းတဲ့ နေရာရောက်တာနဲ့ ဂွားလျှံကို ပြန်လွှတ်ပေးမှာ သေချာပါတယ်”

ဝူဟောင်နှင့် လုံယွမ်တို့က ကို့ထင်းကို နားမလည်နိုင်စွာ ကြည့်လိုက်ကြသည်။

ဝူဟောင်က...

“သူတို့ ဂွားလျှံကို လွှတ်ပေးမယ်လို့ တကယ်ပဲ ယုံကြည်သားတာလား”

www.burmeseclassic.com

www.burmeseclassic.com



ကို့ထင်း ခေါင်းညိတ်လိုက်သည်။

"ဗွားလျှံကို တစ်ချိန်လုံး ထိန်းသိမ်းထားဖို့ မလွယ်ဘူးဆိုတာ ကျောက်ဖုံး သိပါတယ်၊ ပြီးတော့ ကင်းဆိပ်စားရဖို့ သူတို့သုံးယောက် တစ်ယောက်အပေါ် တစ်ယောက် အကောက်ကြံကြဉီးမှာပဲ၊ ဗွားလျှံ မရှိတော့ ပိုပြီးလွတ်လပ်သလို ညီလေး စုမာဖုံးရဲ့ အန္တရာယ်ကိုလဲ သိပ်ပြီး မကြောက်ရတော့ဘူး မဟုတ်လား"

ဂူဟောင် ပါးစပ် ပိတ်ထားလိုက်သည်။

ထိုစဉ် စုမာဖုံးက...

"ကဲ...ကျွန်တော် လိုက်သွားတော့မယ်၊ ခင်ဗျားတို့ တောင်ဘက်ကပတ်ပြီး လိုက်လေတော့၊ ကျွန်တော်က ကိုယ်ရောင်ဖြုပြီး အနောက်ဘက်ကနေ လိုက်သွားမယ်"

စကားဆုံးလျှင် ရှေ့သို့ ပြေးထွက်သွားသည်။

ထိုအချိန်တွင်...

ကျောက်ဖုံး ဂူးလျှံနှင့် မြေခွေးနက်တို့က ဗွားလျှံကို ခေါ်ဆောင်ကာ အဝေးသို့ ပြေးလွှားသွားကြပြီ ဖြစ်သည်။

စုမာဖုံး ပြေးလွှားသွားသည်နှင့် ကို့ထင်းက...

"တို့လည်း သွားကြရအောင်၊ တော်ကြာ ကျောက်ဖုံးတို့ လွတ်သွားလိမ့်မယ်"

ပြောပြီး တောင်ဘက်သို့ ဦးတည် ပြေးသွား၏။

သူ့နောက်သို့ ဂူဟောင်၊ လီဟောနှင့် လုံယွှမ်၊ ဟန်ရှောင်တို့ လိုက်သွားကြသည်။

ချီရှသေ့နှင့် အခြား လူများက စုမာဖုံး နောက်သို့ လည်းကောင်း၊ ကို့ထင်းနောက်သို့ လည်းကောင်း လိုက်သွားခြင်း မပြုကြချေ။



အကြောင်းကား ဂူးလျှံတို့ ခွန်းစွာသွားသည့် မရဏဂိုဏ်းသားများအား ချေမှုန်းရဦးမည် မဟုတ်ပါလား။

သို့သော်...

ဂူးလျှံတို့ ထွက်ပြေးသွားခြင်းကြောင့် မရဏ အဖွဲ့သားများလည်း စိတ်ဓာတ်ကျဆင်းကာ လက်နက်ချ အညံ့ခံလိုက် ကြလေတော့သည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## ရက်စက်သူ

မရဏအဖွဲ့သားများ၏ အခြေစိုက်စခန်းသည် အဝေးတွင် ကျန်ရစ်ခဲ့ကြပြီ ဖြစ်လေသည်။

စုမာဖုံးတို့ လူစုလည်း အနောက်ဘက် ဆယ်မိုင်ခန့် အဝေးတွင် ကျန်ရစ်ခဲ့ပြီး ဖြစ်လေသည်။

ဝန်းကျင်တွင် စိမ်းလန်းသော သစ်တောများ တောင်ပူစာကလေးများ ဖုံးလွှမ်းလျက် ရှိပေသည်။

အေးမြမှုနှင့် လတ်ဆတ်သော လေပြည်လေညှင်းကလေးများ တိုက်ခတ်လာသဖြင့် စိတ်ပင်ပန်း နွမ်းနယ်မှုများ ပြေပျောက်သွားစေနိုင်လောက်ပေသည်။

ကျောက်ဖုံး၊ ငူးလျှံနှင့် မြွေခွေးနက်တို့သည် ထိပ်တန်းသိုင်းသမားပညာရှင်များ ပီပီ ကိုယ်ဖော့ပညာ အသုံးပြုကာ ပြေးလာခဲ့ကြလေသည်။

စိမ်းလန်းစိုပြည်ပြီး လှပသော အရောက်အပေါက် နည်းပါးလှသော တောအုပ်ကလေးသို့ ရောက်လျှင် ရှေ့ဆုံးမှ ပြေးလွှားလာခဲ့သော ကျောက်ဖုံးက ခြေလှမ်းရပ်လိုက်လေသည်။

ငူးလျှံနှင့် မြွေခွေးနက်တို့ကလည်း ခြေလှမ်းရပ်လိုက်ကြ၏။

မြွေခွေးနက်က ကျောက်ဖုံးအပေါ် ကျေနပ်မှု မရှိသူပီပီ အော်ပြောလိုက်သည်။



"ကျောက်ဖုံး ဒီခရီးလောက်နဲ့ သူတို့အန္တရာယ်က လွတ်မြောက်ပြီ ထင်ရင် ခင်ဗျား မှားသွားမှာပေါ့၊ ငူးလျှံကို ဓားစာခံ ဖမ်းခေါ်လာတာ သူတို့အေးအေးဆေးဆေး ခေါင်းငုံ့ခံနေကြမယ်များ ထင်သလား၊ ကျုပ်တို့နောက်ကို တကောက်ကောက် လိုက်လာကြမှာပဲဗျာ"

သူ၏ စကားကြားလျှင် ကျောက်ဖုံး ပြုံးလိုက်လေသည်။

မြွေခွေးနက်အား အထင်သေးသော အကြည့်ဖြင့် ကြည့်ကာ

"ဒီလောက်တော့ ကျုပ်လဲ သိတာပေါ့ဗျာ၊ ကျုပ်က ခင်ဗျားထက်ပိုပြီး တွေးတောစဉ်းစား တတ်တယ်ဆိုတာ မှတ်ထားစမ်းပါ"

မြွေခွေးနက်မှာ သူအား အထင်သား စကားပြောကြောင်းကို ရိပ်မိသဖြင့် မခံမရပ်နိုင် ဖြစ်သွားလေသည်။

ကျောက်ဖုံးကို စိုက်ကြည့်ရင်း...

"ဘာ...ဘာ...ခင်ဗျား ဘာပြောလိုက်တယ်"

သူ ဒေါသထွက်နေသည်ကို ကျောက်ဖုံးက လုံးလုံး အရေးမစိုက်ပါချေ။

မိမိကိုယ်ကို ယုံကြည်မှု အပြည့်အဝရှိသူ တစ်ယောက်၏ ဟန်ပန်မျိုးဖြင့်...

စုမာဖုံးတို့ အလွတ်မပေးဘဲ နောက်က လိုက်လာကြမယ်ဆိုတာ ကျုပ် သိသားပဲ၊ ဒါကြောင့် လာရပ်လိုက်တာပေါ့ဗျာ"

"ကျုပ်တို့ ရှေ့ဆက်မသွားဘဲ ရပ်နေရင်း သူတို့မီလာမှာပေါ့၊ ခင်ဗျား မစဉ်းစားမိဘူးလား"

"စဉ်းစားမိတယ်၊ ကျုပ်တို့က ဘယ်လောက် ဝေးဝေး သွားသွားလောက် ပြေးပြေး သူတို့ကတော့ တကောက်ကောက် လိုက်နေကြမှာပဲ၊ ဒါကြောင့် သူတို့ရှေ့ဆက် မတိုက်နိုင်အောင် အလုပ်ရှုပ်သွားအောင် လုပ်မလို့ဗျ"

www.burmeseclassic.com

www.burmeseclassic.com



မြေခွေးနက် မဲ့ပြုံး ပြုံးလိုက်သည်။

စုမာဖုံးတို့ လူစုနောက်မှ လိုက်မလာနိုင်အောင် ဟန့်တားစရာ နည်းလမ်းမရှိမှု ယုံကြည်ထား၏။

ထို့ကြောင့်…

"ကျုပ် ပြောစမ်းပါဦး ဦးဘကြီးရှင်ရယ်"

ဟု ခနဲ့လိုက်သည်။

ကျောက်ဖုံးက သူ၏ စကားကို အရေးမစိုက်ဘဲ…

"အဓိက ကျတာက စုမာဖုံးပဲ၊ သူ လိုက်မလာနိုင်အောင် လုပ်လိုက်ရင် ကျုပ်တို့ လွတ်လွတ် ကျွတ်ကျွတ် သွားနိုင်မှာပဲ၊ ဒါကြောင့် ဗွားလျှံကို အသုံးချရမယ်လေ"

"ဘာလဲ… ခင်ဗျားက သူ့ကို သတ်ပစ်မလို့လား"

ကျောက်ဖုံး လက်ကာပြရင်း…

"ခင်ဗျား သိချင်ရင် ကျုပ် စကားဆုံးအောင် နားထောင်ဖို့ ကောင်းတယ်"

ဟု ခပ်ထန်ထန် ပြောလိုက်၏။

မြေခွေးနက် ဒေါပွသွားကာ အောင်ပေါက်မည်ပြုပြီးမှ အသာ ငြိမ်နေလိုက်လေသည်။

မြေခွေးနက် ငြိမ်ကျသွားသည်ကို တွေ့လျှင် ကျောက်ဖုံးက ပြောပြလိုက်သည်။

"ဗွားလျှံကို သတ်ပစ်လိုက်ရင် စုမာဖုံးက ကျုပ်တို့ကို မြေလှန်ရှာမှာပဲ၊ ဗွားလျှံကို သတ်ပစ်တာထက် ကောင်းတဲ့နည်းလမ်း ရှိပါတယ်ဗျာ"

"ခင်ဗျား ဘာလုပ်မှာလဲ"

မြေခွေးနက် သိလိုဇောဖြင့် မေးလိုက်သည်။



ကျောက်ဖုံးကလည်း မြေခွေးနက်ကို တမင်စိတ် ဒုက္ခပေးလို၍ စကား တစ်ပိုင်း-တစ်စဖြင့် ရပ်ထားလိုက်ခြင်း ဖြစ်၏။

မြေခွေးနက် ဟန်မဆောင်နိုင်ဘဲ မေးလာသည်ကို တွေ့သော်လည်း ဂရုမစိုက်ဘဲ ဗွားလျှံဘက် လှည့်ကာ…

"ဗွားလျှံ ကင်းဆိပ်ဓား ဘယ်လောက် စွမ်းတယ်ဆိုတာ သိချင်တယ် မဟုတ်လား"

ဟု မေးလိုက်သည်။

ဗွားလျှံ ခေါင်းညိတ်ကာ…

"သိချင်တာပေါ့၊ ကင်းဆိပ်ဓား ကျွန်မ လက်ထဲ ရောက်ကတည်းက ဘယ်လို နေတယ်ဆိုတာ စမ်းသပ်ကြည့်ချင်နေတာရှင့်"

ဟု ပြောလိုက်လေသည်။

ကျောက်ဖုံးက သဘောကျစွာ ရယ်မောရင်း…

"ဟား…ဟား…ဟား မင်းအခု စမ်းသပ်ဖို့ အခွင့်အရေး ရပြီလေ"

ဗွားလျှံ အံ့ဩသွားသည်။

"ရှင် ဘယ်လို လုပ်ရမှာလဲ"

"လွယ်လွယ်ကလေးပါ၊ ဗွားလျှံရဲ့ ပခုံးကို တစ်လက်မလောက် ဓားဦးနဲ့ ထိုးခွဲလိုက်ပေါ့"

ထိုစကားကြားလျှင် ဗွားလျှံ ကောက်ကျစ် စဉ်းလဲစွာ ပြုံးလိုက်လေသည်။

ကင်းဆိပ်ဓားကြောင့် ဒဏ်ရာရသွားလျှင် မလွဲမသွေ သေဆုံးရမည် ဖြစ်လေသည်။

ဒဏ်ရာ အနည်းငယ် ရနေပါက ချက်ချင်း သေဆုံးသွားမည် မဟုတ်ဘဲ ရောဂါဝေဒနာ ခံစားရပြီးမှ သေဆုံးရမည် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်ရုံကလေး ဒဏ်ရာရရုံဖြင့် အဆိပ်တဖြည်းဖြည်း တက်ကာ နောက်ဆုံး သေရပေလိမ့်မည်။

ဝူးလျှံက...

"သိပ်ကောင်းတဲ့အကြံပဲ၊ စုမာဖုံး တော်တော် အလုပ်ရှုပ်သွားမှာပဲ၊ ဗွားလျှံကို ကယ်တင်ဖို့ ကြိုးစားရင်း အချိန်ကုန်နေတာနဲ့ ကျွန်မတို့ နောက်ကို ဆက်လိုက်နိုင်တော့မှာ မဟုတ်ဘူး၊ ခစ်...ခစ်"

သူတို့နှစ်ယောက် ပြောဆိုနေကြသော စကားကြားမှ မြေခွေးနက် နားလည်သဘောပေါက်သွားလေ၏။

ဦးခေါင်း တဆက်ဆက် ညိတ်ရင်း...

"အင်း...ကောင်းလိုက်တဲ့ အကြံပဲ၊ စုမာဖုံးကို ဒီလို ပညာပေးရမယ်ဆိုတာ ကျုပ် မတွေးမိဘူး၊ ကျောက်ဖုံး ဒီတစ်ခါတော့ ခင်ဗျား ကျုပ်ထက် သာသွားပြီဗျ"

ဟု ဝန်ခံစကား ပြောလိုက်သည်။

မြေခွေးနက်က မြှောက်ပင့် ပြောလိုက်ခြင်းကြောင့် ကျောက်ဖုံး ဘဝင်ကျသွား၏။

မျက်နှာ တည်တည်ဖြင့် ရင်ကော့ရင်း...

စုမာဖုံးကို ကောင်းကောင်းကြီး ပညာပေး ဆုံးမရမယ်၊ ဒါမှ သူဟာ ကျုပ်တို့အကြောင်း နားလည်သဘောပေါက်သွားလိမ့်မယ်၊ နို့မဟုတ်ရင်တော့ သိုင်းပညာ အားကိုးနဲ့ ကျုပ်တို့အပေါ် စော်ကားမောက်ကြား နေဦးမှာပဲ"

"ကောင်းတယ်ဗျာ၊ သိပ်အချိန်ဆွဲ မနေနဲ့၊ မြန်မြန် လုပ်ကြရအောင်"

မြေခွေးနက်က လောဆော်လိုက်၏။

ကျောက်ဖုံးက လက်ဝှေ့ယမ်း ပြလိုက်၏။



ဝူးလျှံက ကောက်ကျစ်စဉ်းလဲသော အပြုံးဖြင့်...

"ကဲ...ကင်းဆိပ်စားရဲ့ အရသာကို မြည်းကြည့်စမ်းပါဦး"

ပြောရင်း...

ဗွားလျှံ အနီးသို့ တိုးကပ်သွား၏။

ဗွားလျှံမှာ သွေးကြောပိတ် ခံထားရခြင်းကြောင့် မလှုပ်မယှက် ဖြစ်နေ၏။

ဝူးလျှံတို့ ပြုသမျှ ခံရတော့မည့် ဘဝပင် ဖြစ်နေသည်။

ခံပြင်း ဒေါသထွက်နေသော မျက်လုံးများဖြင့် စိုက်ကြည့်နေရုံမှအပ ဘာမျှ မတတ်နိုင်ခဲ့ပါချေ။

ဝူးလျှံက ကင်းဆိပ်စား၏ စားဦးဖြင့် ဗွားလျှံ၏ ဝဲဘက်ပခုံးကို တို့လိုက်၏။

ဗွားလျှံ၏ ဝဲဘက်ပခုံးမှ အင်္ကျီစ စုတ်ပြဲသွားပြီး တစ်လက်မခန့် ဓားဒဏ်ရာ ပေါ်ပေါက်လာသည်။

ဒဏ်ရာမှ သွေးများ ချက်ချင်း စီးလာလေသည်။

သွေးစထွက်လျှင် ထွက်ခြင်း အနီရောင် ဖြစ်သော်လည်း ချက်ချင်းပင် အမည်းရောင် ပြောင်းလဲသွားသည်။

ကင်းဆိပ်စားကား အဆိပ်ပြင်းလှပေစွ။

ဝူးလျှံ ပြုံးလိုက်သည်။

ကျောက်ဖုံးဘက်သို့ လှည့်ကြည့်လိုက်ပြီး။

"ဘယ်လိုလဲ ကျွန်မ လက်မှန်းကောင်းတယ် မဟုတ်လားရှင့်"

ဟု မေးလိုက်သည်။

ကျောက်ဖုံး ခေါင်းညိတ်လိုက်သည်။

"သိပ်ကောင်းတာပေါ့၊ ဒီလက်ရာလောက်နဲ့ ချက်ချင်း မသေနိုင်ဘူး၊ အဆိပ်ဒဏ်ကို တမြည့်မြည့်ခံစားရမှာပဲ၊ အနည်းဆုံး တစ်လ

www.burmeseclassic.com

www.burmeseclassic.com



လောက်တော့ အသက်ရှင်လိမ့်မယ်၊ သူက အတွင်းအား ကောင်းတဲ့ လူမဟုတ်လား၊ ဘာပဲဖြစ်ဖြစ်လေ နောက်ဆုံးတော့ ကုသစရာ ဆေးမရှိဘဲ သေဆုံးသွားရမှာပဲ"

မြွေခွေးနက်က…

"သူ့ကို ဘယ်လို လုပ်မလဲ"

"ဘာလုပ်ရမလဲ၊ ဒီအတိုင်းပဲ ထားပစ်ခဲ့တာပေါ့"

"ဟင်…ဒီလိုတာ ပစ်ခဲ့ရင် စုမာဖုံး တွေ့သွားမှာပေါ့"

မြွေခွေးနက်က အံ့ဩသော လေသံဖြင့် ပြောလိုက်လေသည်။

ကျောက်ဖုံးက ရယ်မောရင်း…

"ဟား…ဟား…တမင်တွေ့အောင် ထားရစ်ခဲ့တာပဲ၊ ဒါမှ ဝှားလျှံကို ကယ်ဖို့ကြိုးစားရင်း အလုပ်ရှုပ်နေလိမ့်မယ် မဟုတ်လား၊ ဒီလိုဆို ကျုပ်တို့နောက်ကို လိုက်မလာနိုင်တော့ဘူးပေါ့"

ဝူးလျှံက…

"ရှင့် အကြံ သိပ်ကောင်းတယ်၊ စုမာဖုံးကို အပြတ်ရှင်းပစ်နိုင်အောင်လည်း အကြံထုတ်စမ်းပါဦးရှင်၊ သူရှိနေရင် ကျွန်မတို့ သိုင်းလောကမှာ သွားလာလှုပ်ရှားဖို့ လွတ်လပ်မှာ မဟုတ်ဘူး"

မြွေခွေးနက်ကလည်း ခေါင်းညိတ်ထောက်ခံလိုက်လေသည်။

"ဟုတ်တယ်ဗျို့ သူ့ကို သုတ်သင် ရှင်းလင်းဖို့ တော်တော်အရေးကြီးတယ်၊ သူရှိနေသမျှ ကာလပတ်လုံး ကျုပ်တို့ စိတ်အေးအေး နေရမှာ မဟုတ်ဘူး"

ကျောက်ဖုံးက…

"စုမာဖုံးကို ရှင်းပစ်ဖို့တော့ လွယ်မှာ မဟုတ်ဘူး၊ ဒါပေမယ့် အခွင့်အရေးဆိုတာ ပေါ်ပေါက်လာဦးမှာပေါ့ဗျာ၊ ကျုပ် ပြောတာ မဟုတ်ဘူးလား"



"ဒါပေါ့ဗျာ ဒီလိုပဲ သဘောထားရတော့မှာပေါ့"

"ကဲ…ကျုပ်တို့အတွက် အချိန်မရှိဘူး သွားကြရအောင်၊ မကြာခင် စုမာဖုံး ရောက်လာတော့မယ်ဗျ"

စကားဆုံးလျှင် ကျောက်ဖုံးက ရှေ့ဆုံးမှ ပြေးထွက်သွားလေသည်။

စုမာဖုံး၏ အမည်ကြားလျှင် မြွေခွေးနက် တုံ့ဆိုင်းမနေဝံ့တော့ချေ။

ပေါ်ပါးသော ကိုယ်ဖော့ပညာကို အသုံးပြုရင်း နောက်မှ ပြေးလိုက်သွား၏။

ဝူးလျှံက ဝှားလျှံကို ကြည့်ကာ…

"ကျွန်မလက်ထဲ ကင်းဆိပ်စား ရောက်လာပြီး ရှင်ဟာ ပထမဆုံး စမ်းသပ်ခံရတဲ့ လူပဲ ရှင့်အသက် တစ်လလောက် နေနိုင်သေးတာပဲ ကျွန်မကို ကျေးဇူးတင် ရမယ်မဟုတ်လား ကဲ နှုတ်ဆက်ခဲ့ပါတယ်ရှင်"

စကားဆုံးလျှင် ကျောက်ဖုံးနှင့် မြွေခွေးနက်တို့ ပြေးလွှားသွားရာ နောက်သို့ ပြေးလိုက်သွားသည်။

သူတို့ သုံးယောက်သည် ထိပ်တန်းသိုင်းသမားများ၍ ဖြစ်ကြသည်နှင့်အညီ ကိုယ်ဖော့ပညာ အသုံးပြုရင်း ပြေးသွားကြရာ တစ်ခဏအတွင်း မြင်ကွင်းမှ ပျောက်သွားသည်။

သူတို့ ကိုယ်ရိပ်ပျောက်ကွယ် သွားချိန်၌ တောအုပ်ကလေးအတွင်းသို့ လူရိပ်တစ်ရိပ် ပြေးဝင်လာသည်။

ထိုလူရောက်လာပုံမှာ ကြယ်ကြွေသည့်အလား လျင်မြန်လှသည်။

တောအုပ်ထဲ၌ လဲနေသော ဝှားလျှံကို တွေ့လျှင်…

www.burmeseclassic.com

www.burmeseclassic.com



ညီမ ...

ဟု အော်ပြီး တရကြမ်း ပြေးသွားသည်။

ပြီးလျှင် ...

ဗှားလျှံကို တယုတယ ပွေ့ဖက်ထားလိုက်လေသည်။

ထိုလူကား ...

ကျောက်ဖုံးတို့ နောက်သို့ လိုက်လာခဲ့သော စုမာဖုံး ဖြစ်ပေတော့သည်။

○ ○ ○

စုမာဖုံး ရင်ထဲ လေးလံနေ၏။

မြေပေါ်၌ လဲကျနေသော ဗှားလျှံကို တွေ့လျှင် မြေခွေးနက်တို့ စကားမတည်ဘဲ လုပ်ကြံသတ်ဖြတ် လိုက်ပြီဟု ထင်မှတ်မိသည်။

ထို့ကြောင့် ...

အထိတ်တလန့် အော်ဟစ်ခေါ်ရင်း ပြေးသွားကာ ပွေ့ထူလိုက်သည်။

စူးရှတောက်ပသော ဗှားလျှံ၏ မျက်လုံးများကို တွေ့ရမှ အသက်ရှင်နေကြောင်း သိရှိသွားသည်။

"ညီမ ... ညီမ"

ဝမ်းသာ အားရခေါ်ရင်း သွေးကြောဖွင့်ပေးရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ...

ဗှားလျှံ၏ မျက်လုံးအစုံ၌ ထူးခြားသည့် အရိပ်အယောင်များ ထွက်ပေါ်နေကြောင်း သတိပြုမိလိုက်၏။

သို့ဖြစ်၍ ...



အဆိပ်သည် ချက်ချင်း ပျံ့မသွားနိုင်ပဲ တစ်နေရာတည်းတွင် စုနေမည် မဟုတ်ပါလား။

စုမာဖုံးက ချက်ချင်း ပခုံးဒဏ်ရာတစ်ဝိုက်ကို လက်ညှိုးဖြင့် ထောက်ကာ သွေးကြောများကို ပိတ်ပစ်လိုက်သည်။

အဆိပ်ပျံ့ မသွားစေရန်လည်း ပိုမိုသေချာစေရန် လည်းကောင်း နှစ်ကြိမ်၊ သုံးကြိမ်မျှ ထပ်ကာ ပိတ်လိုက်ခြင်းပင် ဖြစ်၏။

ကင်းဆိပ်ဓား ထိထားခြင်းကြောင့် ပေါ့ဆ၍ မရကြောင်း နားလည်ထားပေသည်။

ဒဏ်ရာတစ်ဝိုက်တွင် စုနေသော အဆိပ်များ ပျံ့နှံ့မသွားအောင် ချုပ်ထိန်းနိုင်ပြီဟု ယူဆမိမှ သွေးကြောဖွင့်ပေးရန် ဟန်ပြင်လိုက်သည်။

ထိုအခါ ...

ဗှားလျှံ၏ မျက်လုံးအစုံ၌ သွေးကြော မဖွင့်ရန် ဟန့်တားနေကြောင်း တွေ့ရှိရပြန်သည်။

စုမာဖုံး သက်ပြင်းချလိုက်၏။

"အင်း ... ကင်းဆိပ်ဓား ထိထားပြီဆိုတော့ ညီမ စိုးရိမ်မယ်ဆိုရင်လဲ စိုးရိမ်စရာပါပဲလေ၊ ညီမ စိတ်ချမ်းသာအောင် သွေးကြောဖွင့်တော့ပါဘူး၊ ညီမရဲ့ အဆိပ်တွေ ပြေပျောက်သွားအောင် ကျုပ်ကြိုးစားမယ်လို့ ကတိပေးပါတယ်"

ဟု ပြောလိုက်၏။

သူ၏ စကားကြားလျှင် ဗှားလျှံ မျက်နှာတွင် ဝမ်းသာသည့် အရိပ်အယောင်များ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

စုမာဖုံး ပြုံးလိုက်သည်။

"ကဲ ... အစ်ကိုတို့ သွားကြရအောင်"

ပြောပြီးမှ ဗှားလျှံကို ပွေ့ချီကာ ပခုံးပေါ် ထမ်းလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ညီမ ...

ဟု အော်ပြီး တရကြမ်း ပြေးသွားသည်။

ပြီးလျှင် ...

ဗှားလျှံကို တယုတယ ပွေ့ဖက်ထားလိုက်လေသည်။

ထိုလူကား ...

ကျောက်ဖုံးတို့ နောက်သို့ လိုက်လာခဲ့သော စုမာဖုံး ဖြစ်ပေတော့သည်။

○ ○ ○

စုမာဖုံး ရင်ထဲ လေးလံနေ၏။

မြေပေါ်၌ လဲကျနေသော ဗှားလျှံကို တွေ့လျှင် မြေခွေးနက်တို့ စကားမတည်ဘဲ လုပ်ကြံသတ်ဖြတ် လိုက်ပြီဟု ထင်မှတ်မိသည်။

ထို့ကြောင့် ...

အထိတ်တလန့် အော်ဟစ်ခေါ်ရင်း ပြေးသွားကာ ပွေ့ထူလိုက်သည်။

ရှူးရှတောက်ပသော ဗှားလျှံ၏ မျက်လုံးများကို တွေ့ရ၍ အသက်ရှင်နေကြောင်း သိရှိသွားသည်။

"ညီမ ...ညီမ"

ဝမ်းသာ အားရခေါ်ရင်း သွေးကြောဖွင့်ပေးရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ...

ဗှားလျှံ၏ မျက်လုံးအစုံ၌ ထူးခြားသည့် အရိပ်အယောင်များ ထွက်ပေါ်နေကြောင်း သတိပြုမိလိုက်၏။

သို့ဖြစ်၍ ...



အဆိပ်သည် ချက်ချင်း ပျံ့မသွားနိုင်ပဲ တစ်နေရာတည်းတွင် စုနေမည် မဟုတ်ပါလား။

စုမာဖုံးက ချက်ချင်း ပခုံးဒဏ်ရာတစ်ဝိုက်ကို လက်ညှိုးဖြင့် ထောက်ကာ သွေးကြောများကို ပိတ်ပစ်လိုက်သည်။

အဆိပ်ပျံ့ မသွားစေရန်လည်း ပိုမိုသေချာစေရန် လည်းကောင်း နှစ်ကြိမ်၊ သုံးကြိမ်မျှ ထပ်ကာ ပိတ်လိုက်ခြင်းပင် ဖြစ်၏။

ကင်းဆိပ်ဓား ထိထားခြင်းကြောင့် ပေါ့ဆ၍ မရကြောင်း နားလည်ထားပေသည်။

ဒဏ်ရာတစ်ဝိုက်တွင် စုနေသော အဆိပ်များ ပျံ့နှံ့မသွားအောင် ချုပ်ထိန်းနိုင်ပြီဟု ယူဆမိမှ သွေးကြောဖွင့်ပေးရန် ဟန်ပြင်လိုက်သည်။

ထိုအခါ ...

ဗှားလျှံ၏ မျက်လုံးအစုံ၌ သွေးကြော မဖွင့်ရန် ဟန့်တားနေကြောင်း တွေ့ရှိရပြန်သည်။

စုမာဖုံး သက်ပြင်းချလိုက်၏။

"အင်း ... ကင်းဆိပ်ဓား ထိထားပြီဆိုတော့ ညီမ စိုးရိမ်မယ်ဆိုရင်လဲ စိုးရိမ်စရာပါပဲလေ၊ ညီမ စိတ်ချမ်းသာအောင် သွေးကြောမဖွင့်တော့ပါဘူး၊ ညီမရဲ့ အဆိပ်တွေ ပြေပျောက်သွားအောင် ကျုပ်ကြိုးစားမယ်လို့ ကတိပေးပါတယ်"

ဟု ပြောလိုက်၏။

သူ၏ စကားကြားလျှင် ဗှားလျှံ မျက်နှာတွင် ဝမ်းသာသည့် အရိပ်အယောင်များ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

စုမာဖုံး ပြုံးလိုက်သည်။

"ကဲ ...အစ်ကိုတို့ သွားကြရအောင်"

ပြောပြီးမှ ဗှားလျှံကို ပွေ့ချီကာ ပခုံးပေါ် ထမ်းလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖုံးတို့ ပြေးသွားရာဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ ဆန့်ကျင်ဘက်အရပ်သို့ ဦးတည်ပြေးလွှားသွားသည်။

ကျောက်ဖုံး၏ တွက်ချက်မှု မှန်ကန်နေပြီ ဖြစ်သည်။ စုမာဖုံးသည် ဗွားလျှံ၏ အသက်ကို ကယ်တင်နိုင်ရန် ကျောက်ဖုံးတို့အား လက်လွှတ်လိုက်ရပြီ မဟုတ်ပါလား။

စုမာဖုံး အလုပ်ရှုပ်သွားသည်နှင့် ကျောက်ဖုံးတို့ ထင်တိုင်းကြံနိုင်တော့မည် ဖြစ်လေသည်။

○ ○ ○

## အစွမ်းထက်သောဓား

ကျောက်ဖုံး၊ ဗွားလျှံနှင့် မြေခွေးနက်တို့ လျင်မြန်စွာ ပြေးသွားကြ၏။

ဗွားလျှံ ပါမလာတော့ခြင်းကြောင့် သူတို့ နောက်ဆံ မတင်းဘဲ ခပ်သွက်သွက် ပြေးသွားနိုင်ခြင်း ဖြစ်ကြသည်။

စုမာဖုံးသည် ဗွားလျှံကို တွေ့လျှင် ဆက်ပြီး လိုက်လာတော့မည် မဟုတ်ကြောင်း ယုံကြည်ထား၏။

အကြောင်းကား...

အဖြူရောင် သိုင်းလောကသားများသည် မိတ်ဆွေဒုက္ခ ရောက်နေသည်ကို လည်းကောင်း တစ်စုံတစ်ယောက် ဒုက္ခရောက်နေသည်ကို လည်းကောင်း တွေ့လျှင် မိမိ၏ ကိစ္စကို ပစ်ပယ်ကာ ကူညီတတ်ကြသည့် သဘောအား ကောင်းစွာနားလည်ထားကြခြင်းကြောင့် ဖြစ်လေသည်။

ရုတ်တရက်...

သူတို့သုံးယောက် ရှေ့သို့ ဦးတည်ပြေးသွားပြီး တောင်ကုန်းလေးတစ်ခုအား ကွေ့ပတ်မိလျှင် အရှေ့ဘက်မှ ပြေးလာနေကြသူ တစ်စုအား တွေ့မြင်လိုက်ရလေသည်။

ကျောက်ဖုံးက...

"သတိထား"

www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ပြောပြီး ခြေလှမ်း ရုပ်လိုက်လေသည်။

ဝူးလျှံနှင့် မြေခွေးနက်တို့လည်း ခြေလှမ်းရုပ်လိုက်ကြလေသည်။

ထိုစဉ်...

အရှေ့ဘက်မှ ပြေးလာသူများ သူတို့အနီးသို့ ရောက်လာလေတော့သည်။

ထိုလူများသည်ကား တောင်ကြော့ဖြတ်လမ်းကို အသုံးပြုကာ ဆားမှ ပန်းလိုက်လာကြသော ဟုန်ရှောင်တို့လူစု ဖြစ်ကြလေသည်။

ထိုလူစုအား ဦးဆောင်လာသူမှာ ကို့ထင်း ဖြစ်လေသည်။ ကို့ထင်းက ကျောက်ဖုံးကို တွေ့သည်နှင့် ဝမ်းသာအားရ ဖြစ်သွားသည်။

"ရုပ်လိုက်စမ်း မင်း ဘယ်ပြေးမလဲ"

ဟုလည်း အော်ငေါက်လိုက်သည်။

ကျောက်ဖုံး လျှင်မြန်စွာ မျက်စိကစားလိုက်သည်။

စုမာဖုံး ပါလာသည်ကို မတွေ့ရလျှင် ကြောက်ရွံ့ခြင်း အလျဉ်းမရှိတော့ချေ။

ရင်ကော့၍ ရှေ့လှမ်းထွက်ကာ...

"ခင်ဗျားတို့ တယ်လဲ သတ္တိကောင်းပါလား၊ ကင်းဆိပ်ဓားကို မကြောက်ကြဘူး ထင်တယ်"

ဟု ပြောလိုက်သည်။

ကို့ထင်းသည် ကျောက်ဖုံးတို့ အနောက်ဘက်သို့ မျှော်ကြည့်လိုက်သည်။

သူတို့က မီအောင်လိုက်လာနိုင်လျှင် စုမာဖုံးလည်း မီလာမည်ဟု ယုံကြည်ထား၏။



စုမာဖုံး၏ အရိပ်အယောင်ပင် မတွေ့ရခြင်းကြောင့် အံ့သြနေပေတော့သည်။

ကျောက်ဖုံး တဟားဟား ရယ်မောလိုက်၏။

"ဟား...ဟား...ဟား ခင်ဗျား၊က စုမာဖုံးကို ရှာနေတာသားဗျ၊ သူက ဝူးလျှံလောက် ခင်ဗျားတို့ကို ဂရုမစိုက်နိုင်ဘူးဆိုတာကို ခင်ဗျားတို့လည်း နားမလည် နိုင်ကြသေးဘဲကိုး"

သူ၏ စကားကြောင့် ကို့ထင်းမျက်မှောင်ကြုတ်သွားလေသည်။

ကျောက်ဖုံးကို စိုက်ကြည့်ကာ...

"ခင်ဗျား ဘာပြောလိုက်တာလဲ စုမာဖုံးက ဝူးလျှံကို တွေ့လို့ ကျုပ်တို့ကို ဂရုမစိုက်တော့ဘူး ဟုတ်လား"

"ဟုတ်တယ်"

ကို့ထင်း ခေါင်းယမ်းလိုက်၏။

"စုမာဖုံးကို ဒီလိုလူစားမျိုးလို့ ထင်ရင် မှားသွားမှာပေါ့ဗျာ"

"ဟား...ဟား...ဟား... ဝူးလျှံကို ကျုပ်တို့က ကင်းဆိပ်ဓား ... ဒဏ်ရာရအောင် လုပ်ခဲ့တယ်လေ ဝူးလျှံ မကြာခင် သေရတော့ ...ဲ စုမာဖုံးက သူ့ကိုပစ်ပြီး ကျုပ်တို့နောက် လိုက်လာပါ့မလား ...ခင်ဗျားတို့ စဉ်းစားကြည့်ပါ"

ထိုစကားကြားလျှင် ကို့ထင်း မျက်နှာပျက်သွားလေသည်။

ကျောက်ဖုံး ပြောသည့်အတိုင်း ဆိုလျှင် စုမာဖုံးသည် ဝူးလျှံ ... ပစ်ပြီး သူတို့နောက် လိုက်လာတော့မည် မဟုတ်ချေ။

စုမာဖုံးသာ လိုက်မလာလျှင် ကင်းဆိပ်ဓား ကိုင်ဆောင်ထား...သော ကျောက်ဖုံးတို့အား ရင်ဆိုင်နိုင်မည် မဟုတ်တော့ချေ။

ကို့ထင်းက တွေဝေနေသည်ကို တွေ့လိုက်ရလျှင် ကျောက်ဖုံး ...

www.burmeseclassic.com

www.burmeseclassic.com



"စုမာဖုံး လိုက်မလာနိုင်တော့တဲ့ အတူတူ လမ်းဖယ်ပေးရင် ကောင်းမယ် ခင်ဗျားတို့ ကျုပ်တို့ကို မဟန့်တားနိုင်တော့ပါဘူးဗျာ"

ကို့ထင်း သက်ပြင်း ချလိုက်သည်။

လမ်းဖယ်ပေးရန် ခြေလှမ်းပြင်လိုက်သည်။

ထိုစဉ်...ဟန်ရှောင် ရှေ့သို့ ခြေလှမ်း တက်လာပြီး...

"စုမာဖုံး မပါပေမယ့် ကျုပ်တို့က ကြောက်မယ်များ ထင်နေသလား လူယုတ်မာတွေ သေဖို့သာပြင်ထား"

ဟု ကြိမ်းမောင်းရင်း ဓားဆွဲထုတ်ကာ လျှပ်တစ်ပြက် တိုက်ခိုက်လိုက်သည်။

ဟန်ရှောင် တိုက်ခိုက်လိုက်သည်နှင့် ဝူဟောင်နှင့် လုံယွမ်တို့လည်း လက်ပိုက်ကြည့် မနေတော့ပဲ လက်နက်ကိုယ်စီ ဆွဲကာ ဝင်ရောက် တိုက်ခိုက်ကြလေသည်။

သူတို့သည် သိုင်းထိပ်သီးများ ဖြစ်သည်နှင့်အညီ သူတို့၏ တိုက်ခိုက်မှုသည် ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်နေပေတော့လေသည်။

ကျောက်ဖုံးက...

"ဝူးလျှံ ရှေ့ထွက်လိုက်၏စိမ်း"

ဟု အမိန့်ပေးရင်း သူကိုယ်တိုင်လည်း လုံယွမ်ကို ရင်ဆိုင်လိုက်၏။

မြေခွေးနက်က ဝူဟောင်ကို ရင်ဆိုင်လိုက်သည်။

ဝူးလျှံကား ကင်းဆိပ်ဓားကို ဆွဲကိုင်ရင်း ဟန်ရှောင်နှင့် ယှဉ်ပြိုင်လိုက်၏။

ကျောက်ဖုံး၊ မြေခွေးနက်နှင့် ဝူးလျှံတို့ သုံးယောက်ထဲတွင် ဝူးလျှံမှာ သိုင်းပညာ အနိမ့်ဆုံးဖြစ်သည်။



သို့သော်...

သူမ၏ လက်ထဲ၌ ကင်းဆိပ်ဓား ရှိနေခြင်းကြောင့် သူမ၏ တိုက်ခိုက်မှုသည် ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်နေပေတော့သည်။

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ် လာသည်။

ကျောက်ဖုံးနှင့် လုံယွမ်တို့ လက်ဝါးချင်း ယှဉ်ရိုက်လိုက်ကြပြီး နောက် ခြေတစ်လှမ်းစီ ပြိုင်တူဆုတ်သွားကြ၏။

မရှေးမနှောင်းမှာပင်...

"အွန့်"

အသံတစ်ချက် ထွက်ပေါ်လာ၏။

ထွက်ပေါ်လာသော အသံကြောင့် ယှဉ်ပြိုင် တိုက်ခိုက်နေကြသော မြေခွေးနက်နှင့် ဝူဟောင်တို့နောက်သို့ ပြိုင်တူ ဆုတ်သွားကြ၏။

အသံထွက်ပေါ် လာရာသို့လည်း ပြိုင်တူလှမ်းကြည့်လိုက်ကြသည်။

ထိုအခါ...

ဟန်ရှောင်၏ လက်မောင်းတွင် ဓားဒဏ်ရာတစ်ချက် ရသွားကာ သွေးမည်းများ စီးကျလာသည်ကို တွေ့လိုက်ရသည်။

လုံယွမ်၊ ဝူဟောင်၊ ကို့ထင်းနှင့် အခြေအနေ စောင့်ကြည့်နေသော လီယောင်းတို့ မျက်နှာပျက် သွားကြလေသည်။

ဟန်ရှောင် ကိုယ်တိုင်လည်း မျက်စိမျက်နှာ ပျက်နေ၏။

တိုက်ပွဲကို သူက ဦးစွာ စတင်ခဲ့ခြင်း ဖြစ်သည်။

ယခုမူ...

www.burmeseclassic.com

www.burmeseclassic.com



ကင်းဆိပ်ဓား၏ ဒဏ်ကို သူဝင်စတင် ခံစားလိုက်ရပြီ ဖြစ်လေ၏။

ဟန်ရှောင်က...

"အစ်ကိုကြီးတို့ နောက်ဆုတ်လိုက် ကြပါ"

ဟု အထိတ်တလန့် အော်ဟစ် သတိပေးလိုက်၏။

နောက်သို့ဆုတ်ရန်လည်း ခြေလှမ်း ပြင်လိုက်၏။

ထိုစဉ်...သူ၏ ခန္ဓာကိုယ် တစ်ချက် တုန်ခါသွားပြီး မျက်နှာ ရှုံ့မဲ့သွား၏။

"လင်းဆိပ်"

စကားပင်ဆုံးအောင် မပြောနိုင်တော့ချေ။

တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ရင်ကာ အကြောများဆွဲ ပြီး မြေပေါ်ဝုန်းခနဲ လဲလျသွား၏။

ဟန်ရှောင်ကား ကင်းဆိပ်ဓားကြောင့် သေဆုံးသွားရပြီ ဖြစ်လေသည်။

"ဟား...ဟား...ဟား"

ကျောက်ဖုံး၏ ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ကိုထင်း၊ လီပော၊ ဝူယောင်နှင့် လုံယွမ်တို့ မျက်စိမျက်နှာ ပျက်နေကြ၏။ ရှေ့ဆက်ရင်ဆိုင် တိုက်ခိုက်ရန်လည်း မဝံ့မရဲ ဖြစ် နေကြလေသည်။

မှန်ပေသည်။

ကင်းဆိပ်ဓား အန္တရာယ်က ကြောက်မက်ဖွယ် ကောင်းလှ သည် မဟုတ်လား။

○ ○ ○



ကျောက်ဖုံးက...

"ဘယ်လိုလဲ၊ အေးအေး ဆေးဆေး လမ်းဖယ်ပေးမလား၊ ဒါမှမဟုတ် အသက်အသေခံ ကြမလား"

ဟု မေးလိုက်လေသည်။

ထိုစဉ် ဂူးလျှံက...

"အို ရှုပ်ပါတယ် ဘာမှ မမေးနေနဲ့၊ ကင်းဆိပ်ဓား ကျွန်မ တို့လက်ထဲမှာ ရှိနေပြီပဲ၊ သူတို့အားလုံးကို ရှင်းပစ်လိုက်ရုံပေါ့"

ကင်းဆိပ်ဓား ရှိသည်မှန်သော်လည်း ကိုထင်းတို့အားလုံးကို သုတ်သင်ပစ်ရန် အတော်ကြိုးစားရမည် ဖြစ်ကြောင်း၊ ကျောက်ဖုံး သာမက မြေခွေးနက်ပါ နားလည်ထားသည်။ တကယ်တမ်း တိုက် ခိုက်ကြပြီဆိုလျှင် ကိုထင်းတို့ အသေအလဲ အပြင်းအထန် တိုက်ခိုက် ကြတော့မည် ဖြစ်ပေမည်။

ထိုအခါ...နှစ်ဖက်စလုံး ထိခိုက်ဒဏ်ရာ ရကုန်ကြပေမည်။

ကင်းဆိပ်ဓား ကိုင်ဆောင်ထားသော ဂူးလျှံ၏ သိုင်းပညာ က ပြောပလောက်အောင် ထက်မြက်သည် မဟုတ်ပါချေ။

ကိုထင်းတို့နှင့် ယှဉ်လျှင် တစ်ဆင့်နိမ့်သော သဘော ရှိပေ၏။

အကယ်၍သာ ကင်းဆိပ်ဓားကို ကျောက်ဖုံး သို့မဟုတ် မြေခွေးနက်က ကိုင်ဆောင်မှသာ ကိုထင်းတို့အား အပေါ်စီးမှ အနိုင် ရမည် ဖြစ်ကြောင်း နားလည်ကြ၏။

ယခုအချိန်မှ ကင်းဆိပ်ဓား ပေးပါဟု တောင်းလျှင် ဂူးလျှံက ပေးမည် မဟုတ်ကြောင်း မြေခွေးနက်နှင့် ကျောက်ဖုံးတို့ နားလည် ကြ၏။

ထို့ကြောင့်...

ပြင်းထန်သော တိုက်ပွဲဖြစ်လာလျှင် ဒုက္ခရောက်နိုင်သူမှာ မိမိ

www.burmeseclassic.com

www.burmeseclassic.com



တို့သာ ဖြစ်ကြောင်း ကျောက်ဖုံးနှင့် မြွေခွေးနက်တို့နှစ်ယောက် စလုံး နားလည်ထားကြ၏။

မြွေခွေးနက်က ဝူးလျှံကို ကြည့်ကာ...

“ကင်းဆိပ်ဓားရပြီးမှတော့ ဘယ်သူ့ကိုမှ ကြောက်စရာ မလို တော့ပါဘူး၊ ဒါပေမယ့် တို့အတွက် အကျိုးမရှိတဲ့ တိုက်ပွဲတွေနဲ့ပဲ အချိန်ကုန် ခံနေတော့မှာလား”

သူ၏စကားကြားလျှင် ဝူးလျှံ မျက်မှောင်ကြုတ်ကာ...

“အကျိုးမရှိဘူး ဟုတ်လား၊ သူတို့ကို ရှင်းပစ်လိုက်နိုင်ရင် သိုင်းလောကမှာ ကျွန်မတို့ကို အံတုနိုင်မယ့်လူ မရှိသလောက် ဖြစ် သွားမယ်ဆိုတာ ရှင် မစဉ်းစား မိဘူးလား”

မြွေခွေးနက် ဒေါပွသွား၏။

ထိုစဉ်...

ကျောက်ဖုံးက ဝူးလျှံ အနီးသို့ ချဉ်းကပ်သွားကာ...

“မင်း တော်တော် ခက်ပါလား၊ အခုလို သူတို့တစ်စုတစ်ဝေး တည်း ရှိနေတဲ့ အချိန်မှာ တိုက်ခိုက်လို့ ဖြစ်မလားကွ၊ စုမာဖုံး မရှိပေမယ့် သူတို့အပြင်းအထန် ခုခံမယ်ဆိုရင် ကင်းဆိပ်ဓား ရှိနေလို့ နိုင်မယ်ထားဦး တို့လည်း အဆော်ခံရမှာပဲ၊ ဒဏ်ရာရပြီးမှတော့ ဘယ်သူမဆို ကင်းဆိပ်ဓားကို အလွယ်တကူ လုယူသွားနိုင်ပြီပေါ့၊ ဘယ်လို အသုံးချ နိုင်တော့မှာလဲ”

ထိုစကားကြားလျှင် ဝူးလျှံ သက်ပြင်း ချလိုက်လေသည်။

ကျောက်ဖုံးနှင့် မြွေခွေးနက်တို့ နှစ်ယောက်စလုံး သဘော မတူကြောင်း ဆင်ခြင်မိလျှင်...

“ကောင်းပြီလေ နောက်တစ်ကြိမ် သူတို့နဲ့ တွေ့ရင် ကျွန်မကို ထားဖို့ စိတ်မကူးနဲ့...



“စိတ်ချ... သူတို့ လူစုကွဲပြီး တစ်ယောက်ချင်း ဖြစ်နေတဲ့ အချိန်ကို လိုက်ပြီး သုတ်သင်ကြတာပေါ့၊ ဒီလိုဆိုရင် ခုခံနိုင်မှာ မဟုတ်ဘူး၊ လွယ်လွယ်ကူကူ သုတ်သင်နိုင်မှာ သေချာတယ်”

ယခုမှ ဝူးလျှံ သဘောကျသွား၏။

“ဟင်း...ဟင်း ရှင်က ဉာဏ်များ လှချည်လား၊ ကျွန်မ သဘောတူပါပြီရှင်”

ကျောက်ဖုံး ပြုံးရွှိက်သည်။

တစ်ဖန် ကိုထင်းတို့ဆက် လှည့်ကာ...

“စုမာဖုံးက ခင်ဗျား တို့ကိုလာပြီး ကူညီနိုင်မှာ မဟုတ်တော့ ဘူး၊ ဒီတော့ ခင်ဗျားတို့ ကင်းဆိပ်ဓားကို မကြောက်ရင် ဟန့်တား နိုင်ပါတယ်ဗျာ၊ ကျုပ်တို့ကတော့ တိုက်ဖို့ ခိုက်ဖို့ စိတ်မဝင်စားဘူး”

ဟု အော်ပြောလိုက်လေ၏။

ဟန်ရှောင် သေဆုံးသွားပြီ ဖြစ်၍ ကိုထင်းတို့ လူစုဒေါသ ခြောင်းခြောင်း ထွက်နေကြသည်။

ကိုထင်းက ဟန့်တားခြင်း မပြုလျှင် အားလုံးသည် အသက် စွန့်ကာ တိုက်ပွဲဝင်ကြမည် ဖြစ်၏။

သူတို့လူစုသည် ထိပ်သီးသိုင်းပညာရှင်များ ဖြစ်ကြပြီး သိုင်း ပညာ ထက်မြက်သလို အသက်သေရမည်ကို ကြောက်ရွံ့သူများ မဟုတ်ကြချေ။ အများအကျိုး ဆောင်ရွက်ရင်း အသက်သေရခြင်းက မြတ်သည်ဟု ခံယူထားသူများ ဖြစ်ကြ၏။

ကျောက်ဖုံး၏ စကားကြားလျှင် ကိုထင်းက...

“ခင်ဗျားတို့ လက်ထဲမှာ ကင်းဆိပ်ဓား ရှိနေတာနဲ့ စိတ်ထင် တိုင်း ကျဲလို့ရမယ် မထင်နဲ့၊ ခင်ဗျားတို့ ပြေးမလွတ်ဘူး ဆိုတာ မှတ်ထားပါ”

www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ပြောသည်။

ကိုထင်းတို့သည် တိုက်ခိုက်ရန် မဝံ့မရဲ ဖြစ်နေကြသော်လည်း တစ်ယောက်ယောက်ကသာ တိုက်ပွဲစတင် တိုက်ပါက နောက်မဆုတ်စတမ်း တိုက်ခိုက်ကြတော့မည် ဖြစ်ကြောင်း ကျောက်ဖုံး တွက်ဆမိ၏။

ထို့ကြောင့်...

အနည်းငယ် စဉ်းစားလိုက်သည်။

ကောက်ကျစ်သူ ဉာဏ်များသူ ပီပီ ကိုထင်းတို့အား တစ်ပက်ရိုက်ရန် စဉ်းစားခြင်း ဖြစ်လေသည်။

တွေးရင်း အကြံတစ်ခု ရရှိသွားသောကြောင့် သဘောကျစွာ ပြုံးလိုက်သည်။

"ဟား...ဟား...ဟား"

"ခင်ဗျားတို့ သေချင်တယ် ဆိုရင်လည်း ပြီးတာပါပဲ၊ လူငယ်ပေမယ့် သိုင်းပညာ တုနှိုင်းမရအောင်တော်တဲ့ စုမာဖုံးတောင် ထိခိုက်ဒဏ်ရာ ရသွားပြီမို့ ရှေ့ဆက်မတိုက်ချင်တော့ နားမှမလည်ဘဲကိုး"

ထိုစကားကြားလျှင် ကိုထင်း မျက်မှောင်ကြုတ်ကာ...

"ဘာ စုမာဖုံး ဒဏ်ရာ ရသွားတယ် ဟုတ်လား"

"ဟုတ်တယ် ဗုံးလှုံ့ရဲ့ အဝတ်အစားတွေမှာ ကျုပ်အဆိပ်သုတ် လိမ်းပေးခဲ့တယ်လေဗျာ၊ သူက ဗုံးလှုံ့ ဒဏ်ရာရနေတာတွေ့ရင် ကျိန်းသေ ကိုင်တွယ်ကြည့်မှာပဲ၊ ဒါဆို အဆိပ်မိသွားပြီပေါ့၊ သူ အခုအချိန်အထိ ဘာကြောင့် လိုက်မလာသလဲ တွေးကြည့်ရင် သိနိုင်ပါတယ်ဗျာ"

ကိုထင်းက ရှုပေါင်တို့ဘက် လှည့်ကြည့်လိုက်လေသည်။ ရှုပေါင်တို့လည်း တွေဝေငေးငိုင်နေကြသည်ကို တွေ့လိုက်ရ၏။



မှန်ပေသည်။

ယခု အချိန်ဆိုလျှင်...

စုမာဖုံး ရောက်လာသင့်ပြီဟု ယူဆထားကြ၏။

ယခုတိုင်...

စုမာဖုံး ရောက်မလာသေးခြင်းမှာ တစ်စုံတစ်ခု ဖြစ်နေသောကြောင့်ဟု ဆိုလျှင် မမှားချေ။

စုမာဖုံးသည် ကျောက်ဖုံးတို့ အကွက်ဆင်ထားသော တောင်ချောက်အတွင်းသို့ သက်ဆင်းမိပြီလော။

ကျောက်ဖုံးက...

"ကင်းဆိပ်မားကို ရမယ့် ဘယ်သူ ပိုင်သင့်တယ်ဆိုတာ ကျုပ်တို့ သုံးယောက် ခွဲဝေကြရဦးမယ်ဗျ၊ ဒါကြောင့် ခင်ဗျားတို့နဲ့ တိုက်ခိုက်ဖို့ အချိန်မပေးနိုင်ဘူး၊ ခင်ဗျားတို့ မနှောင့်ယှက်ဘူးဆိုရင် ကျုပ်တို့ကလဲ အေးအေး ဆေးဆေး ထွက်သွားကြမှာပဲ"

ထိုစကားကြားလျှင်...

လီဟေးက ကိုထင်း အနီးသို့ ချဉ်းကပ်သွားပြီး ပြောလိုက်လေသည်။

"နောင်ကြီး သူတို့ကို လွှတ်ပေးလိုက်ရင် ကောင်းမယ်"

မမျှော်လင့်သော စကားကြားလိုက်ရသဖြင့် ကိုထင်း အံ့သြသွားလေ၏။

လီဟေးကို နားမလည်နိုင်စွာ ကြည့်ကာ...

"သူတို့ကို လွှတ်ပေးလိုက်ရမယ် မဟုတ်လား"

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ သူတို့ကို လွှတ်ပေးလိုက်ရင် ကင်းဆိပ်မားကိုင်ပြီး သိုင်းလောကမှာ ထင်ထိုင်း ကျဲကြတော့မှာပဲ၊ ကျုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



အသက်သေချင်သေပါစေ ဟန့်တားရမှာပဲ လီဟော ပြုံးလိုက်လေသည်။

"နောင်ကြီး ဆိုလိုတာကို ကျွန်တော် နားလည်သဘောပေါက်ပါတယ်၊ ဒါပေမယ့် သေသေချာချာ စဉ်းစားကြည့်ပါ၊ ကင်းဆိပ်မားဟာ တစ်လက်တည်း ရှိတာပဲ ဒါကြောင့် တစ်ယောက်ပဲ ပိုင်ဆိုင်လို့ရမယ်၊ ခု သူတို့ သုံးယောက်တောင် ရှိနေကြတယ်လေ"

ကိုထင်း နားမလည်ဘဲ"

"ညီလေး ပြောတာ ကျုပ် ကောင်းကောင်း နားမလည်ဘူး၊ ရှင်းပြစမ်းပါဦး"

လီဟောက ကျောက်ဖုံး၊ ဝူးလျှံနှင့် မြေခွေးနက်တို့အား တစ်ချက် ဝေ့ကြည့်လိုက်ပြီး...

"သူတို့သုံးယောက်ဟာ ကောက်ကျစ်စဉ်းလဲပြီး ရက်စက်ကြမ်းကြုတ်ကြတဲ့ လူတွေပဲ၊ ဒီတော့ ကင်းဆိပ်မားရဖို့ တစ်ယောက်ကို တစ်ယောက် အကောက်ဉာဏ်သုံးပြီး ရှင်းပစ်ကြမှာ သေချာတယ်၊ ကျွန်တော်ပြောတာ မယုံရင် သူတို့ကို လွှတ်ပေးလိုက်ပါ၊ သုံးလအတွင်း သူတို့သုံးယောက်က တစ်ယောက်ပဲ အသက်ရှင်ကျန်ခဲ့မယ်လို့ ကျွန်တော် ရဲရဲကြီး ပြောရဲပါတယ်"

ထိုသို့...

ရှင်းပြလိုက်မှ ကိုထင်းတို့ သဘောပေါက် နားလည် သွားကြသည်။

ကိုထင်း ခေါင်းတဆတ်ဆတ် ညိတ်ကာ...

"ကျုပ် နားလည်ပြီ၊ ငါ့ညီအကြံ သိပ်ကောင်းပါတယ်၊ သူတို့ကို လိုက်ပြီး သုတ်သင်ရှင်းလင်း စရာမလိုတော့ဘူးပေါ့၊ သူတို့ရဲ့ လောဘစိတ်နဲ့ ကောက်ကျစ်စဉ်းလဲမှုက သူတို့ကို ပြန်ပြီး ဖျက်ဆီး



ပစ်လိမ့် မယ် နောက်ဆုံး ကျန်ရစ်ခဲ့တဲ့ တစ်ယောက်ကို ဖြိုဖျက်လိုက်ရင် ပြီးတာပဲ မဟုတ်လား"

လီဟော ရယ်မောကာ...

"ဟုတ်ပါတယ်၊ ကျွန်တော်တို့က သူ့တို့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေဖို့ပဲလိုတယ်၊ အချိန်တန်ပြီဆိုမှ ရှေ့ထွက်ကြတာပေါ့၊ ပြီးတော့ အစ်ကို ခုမာဖုံးရဲ့ အခြေအနေ ဘယ်လိုရှိသလဲ၊ သူတို့ ပြောတာ အမှန်ပဲလားဆိုတာ စုံစမ်းကြည့်ရဦးမယ် မဟုတ်လား"

ကိုထင်းက လီဟောအား အားကိုးသော အကြည့်ဖြင့် ကြည့်ကာ...

"ငါ့ညီ ဘယ်လို စီစဉ်ချင်သလဲ၊ ရှင်းရှင်း ပြောပါ"

"လွယ်ပါတယ်၊ သူတို့ကို လွှတ်ပေးလိုက်ပါ၊ ကျွန်တော်တို့ လူစုထဲက နှစ်ယောက်ဟာ သူတို့နောက် မျက်ခြည်မပြတ် စောင့်ကြည့်ဖို့ လိုက်သွားကြရမယ်၊ ကျန်တဲ့လူတွေက အစ်ကို ခုမာဖုံးနဲ့ ဂွားလျှံကို လိုက်ရှာကြမယ်၊ မကောင်းဘူးလား"

ကိုထင်းက ကျန်လူများကို လှည့်ကြည့်လိုက်သည်။

အားလုံးက လီဟော ပြောသည့်စကားကို သဘောတူလိုက်ကြလေသည်။

ကိုထင်းက...

"ကောင်းပြီ၊ ငါ့ညီပဲ စီစဉ်ပေတော့"

ထိုစကားကြားလျှင် လီဟောက ကျောက်ဖုံးကို ကြည့်ကာ...

"ကျောက်ဖုံး ခင်ဗျားက ကျုပ်တို့နဲ့ ရင်မဆိုင်ဘဲ ထွက်သွားချင်နေတယ် မဟုတ်လားဗျ"

ဟု လှမ်းမေးလိုက်သည်။

သူစကားကြားလျှင် ကျောက်ဖုံး ဒေါပွသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခွေးကောင်လေး မင်းစကားပြောတာ ကြည့်ပြောစမ်း၊ ကျုပ်တို့က မင်းကို ကြောက်နေတယ်များ ထင်သလား"

လီယောက်က...

"ဟား...ဟား...ဟား ခင်ဗျား မကြောက်ရင် ဘာဖြစ်လို့ ထွက်သွားဖို့ ပြောသေးသလဲဗျ"

"အို ဒါကတော့ ကျုပ်တို့သုံးယောက် ဖြေရှင်းစရာ ရှိနေလို့ ပြောတာပေါ့ကွ"

"ထားပါတော့လေ၊ ခင်ဗျားတို့ သွားချင်တယ်ဆိုရင် သွားကြပါဗျာ၊ ခင်ဗျားတို့ကို လွှတ်ပေးလိုက်လို့ အထင်လဲမလွဲနဲ့ဦး၊ ကျုပ်တို့က ခင်ဗျားတို့ထက် ပိုပြီး အစ်ကို စုမာဖုံးနဲ့ ဝှားလျှံတို့ အခြေအနေကို သိချင်လို့ ကျုပ်တို့လဲ သွားကြတော့မယ်၊ နောက်တော့ ပြန်ဆုံကြတာပေါ့ဗျာ"

ကျောက်ဖုံးသည် လီယောက်၏ စကားကို အမှန်ဟု ယုံကြည်သွားသည်။

စုမာဖုံးကို အရေးထားကြမည်ဟု သူ တွက်ဆထားသည် မဟုတ်ပါလား။

ထို့ကြောင့်...

သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား စုမာဖုံး ရှိမှ မင်းတို့ လေကျယ်ရဲမယ်ဆိုတာ ကျုပ် နားလည်ပါတယ်ကွာ၊ စုမာဖုံး မသေချင်ရင် မြန်မြန်သွားရှာပေတော့"

လီယောက...

"ကောင်းပြီ အစ်ကို စုမာဖုံးသာ တစ်စုံတစ်ခု ဖြစ်သွားရင် ခင်ဗျားကို ကျုပ် မြေလှန်ရှာမယ်ဆိုတာ မှတ်ထားပါ"



စကားဆုံးလျှင် အနောက်ဘက်သို့ ဦးတည်ကာ ပြေးလွှားထွက်ခွာသွားလေသည်။

လီယောက် ထွက်သွားလျှင် ကိုထင်းက...

"ကျောက်ဖုံး၊ လီယောက် ပြောတဲ့စကားကို ခင်ဗျား ဘယ်တော့မှ မမေ့လေနဲ့"

ပြောပြီး လီယောက် နောက်သို့ ပြေးလိုက်သွား၏။

ကိုထင်းနှင့် လီယောက်တို့ ပြေးထွက်သွားကြလျှင် ကျန်လူများလည်း တုံ့ဆိုင်းမနေတော့ဘဲ ပြေးလိုက်သွားကြ၏။

ကျောက်ဖုံးတို့အတွက် အနှောင့်အယှက် အတားအဆီးဟူသည်ကား မရှိတော့ပါချေ။

"ဟား...ဟား...ဟား"

ကျောက်ဖုံး သဘောကျစွာ ရယ်မောလိုက်သည်။

ထို့နောက်...

လက်ဝှေ့ယမ်း ပြကာ...

"သွားကြမယ်"

စကားဆုံးလျှင် လီယောက်တို့နှင့် ဆန့်ကျင်ဘက် အရပ်ဆီသို့ ပြေးလွှားသွား၏။

ဝူးလျှံနှင့် မြေခွေးနက်တို့က နောက်မှ ပြေးလိုက်သွားကြလေတော့သည်။

○ ○ ○

ကျောက်ဖုံးတို့ ထွက်သွားကြပြီး ဖြစ်သည်။

အမှန်တော့ လီယောက်တို့မှာ ဝေးဝေး ပြေးသွားကြခြင်းကား မဟုတ်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖုံးတို့သုံးယောက်ရှေ့မှ ထွက်သွားကြဟန်ဆောင်ပြီး သစ်တောအုပ်ထဲသို့ဝင်ကာ ပုန်းကွယ်နေခြင်း ဖြစ်သည်။

ကျောက်ဖုံးတို့ ထွက်သွားမှ ကိုထင်းက...

"သူတို့နောက်ကို တစ်ယောက်ယောက် နောက်ယောင်ခံလိုက်မှ ဖြစ်မယ်၊ ဒါမှ ကင်းဆိပ်မား ဘယ်နေရာရောက်နေတယ်ဆိုတာ သိနေနိုင်မယ်"

ထိုအခါ လီဟောက...

"သူတို့ကို နောက်ယောင်ခံလိုက်ဖို့ ကျွန်တော်ပဲ တာဝန်ယူပါ့မယ်၊ အစ်ကိုကြီးတို့က အရေးအကြောင်းရှိရင် အမြန်ဆုံး လိုက်လာနိုင်အောင် စီစဉ်ထားကြပါ"

ကိုထင်း ခေါင်းညိတ်လိုက်၏။

လီဟော ထွက်ခွာသွားလျှင် သူတို့ကလည်း စုမာဖုံးအား ရှာဖွေရန် ထွက်ခွာလာကြ လေတော့သည်။

○ ○ ○

## ရန်အသွယ်သွယ်

ကျန်ချန်းမြို့။

ကျန်းချန်းမြို့ကလေးသည် စည်ကားသော မြို့ကလေး တစ်မြို့ ဖြစ်ပေသည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းပြီး ကုန်သည်များ ခရီးတစ်ထောက် စခန်းချရာ မြို့ဖြစ်၍လည်း စည်စည် ကားကား ရှိခြင်း ဖြစ်ပေတော့၏။

ကျန်းချန်းမြို့မှ ထူးခြားသော ကုန်ပစ္စည်းများ မထွက်သော်လည်း ကျန်းချန်းမြို့တွင် နေထိုင်သော စာပေပညာရှင်တစ်ယောက်ကြောင့်လည်း ထင်ရှားပေသည်။

ထိုစာပေပညာရှင်ကား...

အဖြူရောင် သိုင်းလောကတွင် လူသိများသော သံမဏိကလောင် ဝေ့ချန်းချီ ဖြစ်လေသည်။ သံမဏိကလောင် ဝေ့ချန်းချီသည် သိုင်းလောကကောင်းရာ မွန်ရာအရေး ကြိုးပမ်းသူများအတွက် တက်တက်ကြွကြွ ပါဝင်မှုရှိသဖြင့် လူအများ လေးစားကြည်ညိုခြင်း ခံရသူတစ်ယောက် ဖြစ်ပေသည်။

ကျန်းချန်းမြို့၏ အခြားကျော်ကြားမှု တစ်ခုကား ပင်လယ်စားသောက်ဆိုင် ဖြစ်သည်။ ပင်လယ်စားသောက်ဆိုင်တွင် သူမတူထူးခြားသော ဂဏန်း ပေါင်း ဟင်းလျာ ရရှိနိုင်သည် မဟုတ်ပါကား။

www.burmeseclassic.com

www.burmeseclassic.com



မြို့ခံလူများပင် ပင်လယ်စားသောက်ဆိုင်မှ ဂဏန်းပေါင်းဟင်းကို မက်မောတွယ်တာစွာ စားသောက်တတ်ကြလေသည်။

ပင်လယ်စားသောက်ဆိုင်မှ ကျော်ကြားသော ဂဏန်းပေါင်းဟင်းလျာကကို နံနက်စောစော အချိန်မှာသာ ရနိုင်ပေသည်။

နောက်ကျသွားလျှင် ဝယ်ယူနိုင်မည် မဟုတ်ချေ။

အကြောင်းကား...

လူကြိုက်များလှခြင်းကြောင့် တစ်ခဏအတွင်း ကုန်သွားတတ်သည် မဟုတ်ပါလား။

ယနေ့....

နံနက်စောစော ကျန်းချမ်းမြို့တွင် ညှိသည် သုံးယောက်ရောက်ရှိလာကြသည်။

ထိုလူသုံးယောက်ကား စားသောက်ဆိုင်၏ ချောင်ကျကျ စားပွဲတွင် ထိုင်ကာ နေရာယူလိုက်၏။

ပြီးလျှင်...

အကောင်းဆုံး အစားအစာများနှင့် ဂဏန်းပေါင်း ဟင်းလျာကို မှာကြား စားသောက်လိုက်ကြ၏။

ထိုလူသုံးယောက် ရောက်လာသည်ကို ပထမ မြို့ခံစားစားသောက်နေသူများ သတိမပြုမိကြသော်လည်း တစ်ခဏ အကြာတွင် မလှမ်းမကမ်းရှိ စားပွဲတစ်လုံး၌ ထိုင်နေကြသော လူနှစ်ယောက်က သတိပြုမိ သွားကြ၏။

တစ်ယောက်က အသံ တိုးတိုးဖြင့်...

"ဟေ့ ညီလေး ဟိုမှာကြည့်စမ်း၊ မရဏအဖွဲ့က လူတွေ မဟုတ်လား"

ဟု တိုးတိုး ပြောလိုက်လေသည်။



ကျန်တစ်ယောက်က...

"ဟုတ်တယ်ကွ"

"သူတို့ ဘာလာလုပ်ကြတာလဲ"

"ဟိုဘက်လူ နှစ်ယောက်ကို ကြည့်စမ်း၊ မြွေခွေးနက်နဲ့ မတူဘူးလား"

"ဟုတ်တယ်...နောက်တစ်ယောက်က ကျောက်ဖုံး ထင်တယ်"

"အင်း...တကယ့်လူတွေ ရောက်လာတာပဲ၊ တို့တစ်တွေ အစ်ကိုကြီးချီကို သွားပြောကြရင် ကောင်းမယ်ထင်တယ်"

ကျန်တစ်ယောက် ခေါင်းညိတ်ထောက်ခံ လိုက်လေသည်။

"ဟုတ်တယ်...တို့သွားမယ်"

သူတို့သည် စားသောက်၍ ပြီးစီးမှု မရှိသေးသော်လည်း စားသောက်ခ ကျသင့်ငွေကို ရှင်းပေးပြီး ချက်ချင်း ဆိုင်ထဲမှ ထွက်သွားကြ၏။

○ ○ ○

မှန်ပေသည်။

ဆိုင်ထဲဝင်လာသူ သုံးယောက်ကား ငှုးလျှံ၊ မြွေခွေးနက်၊ ကျောက်ဖုံးတို့ ဖြစ်ကြလေသည်။

သူတို့သည် ပတ်ဝန်းကျင်ကိုသတိမထားမိဘဲ အစားအသောက်များကို အာရုံပြုကာ စားသောက်နေကြ၏။

အကြောင်းကား...

ကိုထင်းတို့ အန္တရာယ်မှ လွတ်မြောက်ဖို့ အဓိကထားကာ ပြေးလွှားသွားခြင်းကြောင့် ဆာလောင်မွတ်သိပ် နေကြပြီ ဖြစ်သည်။

ထို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



ဘေးပတ်ဝန်းကျင်ကို သတိမပြုမိ နိုင်ကြခြင်း ဖြစ်ပေတော့သည်။

စားသောက်ပြီးစီးသွားမှ ကျောက်ဖုံး သက်ပြင်းချကာ...

"အင်း ဒီလို စားကောင်း သောက်ကောင်းတွေနဲ့ ဝေးတာကြာပြီ"

ဟု ပြောလိုက်၏။

ရူးလျှံ ရယ်မောလိုက်၏။

"ခစ်...ခစ်...နောက်ဆိုရင် ရှင့် စိတ်တိုင်းကျ ဖြစ်လာတော့မှာပဲ ကင်းဆိပ်မား လက်ထဲမှာ ရှိနေပြီဆိုတော့ သိုင်းလောကမှာ ထင်တိုင်းကျဲနိုင်ပြီ မဟုတ်လား"

ကျောက်ဖုံးက...

"ဟား...ဟား...ဟား"

"သိပ်မှန်တာပေါ့ဗျာ ကင်းဆိပ်မား လက်ထဲမှာရှိရင် ဘယ်သူက အံတုဝံ့တော့မှာလဲ ကျုပ်တို့ မှန်မှန် ကန်ကန် အသုံးချတတ်ဖို့ပဲလိုတယ် မဟုတ်လား"

ထိုစဉ်...

တစ်ချိန်လုံး ငြိမ်သက်နေခဲ့သော မြေခွေးနက်က ကြားဖြတ်ပြောလိုက်လေသည်။

သူက ကျောက်ဖုံးကို စိုက်ကြည့်ကာ...

"ခင်ဗျားက ကင်းဆိပ်မားကို ပိုင်ဆိုင်ရမယ်လို့ စိတ်ကူးထားသလားဗျ"

ဟု မေးလိုက်လေသည်။

သူ၏ စကားသံများ ရန်လိုသည် အသွင်ဆောင်နေလေတော့သည်။



ကျောက်ဖုံးက...

"ဘာလဲ...ခင်ဗျားက ကင်းဆိပ်မားကို ရယူမယ်လို့ စိတ်ကူးထားတယ် ဟုတ်လား"

"ဟုတ်တယ်၊ ကင်းဆိပ်မားဟာ ကျုပ်အတွက်ပဲ ဖြစ်ရမှာပေါ့"

မြေခွေးနက်က ခတ်ပြတ်ပြတ် ပြောလိုက်လေသည်။

ကင်းဆိပ်မားအတွက် မြေခွေးနက်နှင့် ရင်ဆိုင်ရမည် ဖြစ်ကြောင်းကို ကျောက်ဖုံး နားလည်ထားပြီး ဖြစ်လေသည်။

ရူးလျှံကို လှမ်းကြည့်ကာ...

"ရူးလျှံ ကင်းဆိပ်မားဟာ ကျုပ်တို့ သုံးယောက်စလုံး ပိုင်ဆိုင်ကြတာ မဟုတ်ဘူးလားဗျ"

ဟု မေးလိုက်လေသည်။

ရူးလျှံက မျက်နှာထားတင်းတင်းဖြင့် ...

"ကျွန်မတို့ သုံးယောက်ကြောင့် ရလာတယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် အခု ကျွန်မလက်ထဲမှာ ရှိနေပြီလေ၊ ဒါကြောင့် ကျွန်မပဲ ပိုင်သင့်တယ်လို့ ထင်မိတာပဲ"

ထိုစကားကြားလျှင် ကျောက်ဖုံး မျက်နှာမှာ ပျက်သွားလေ၏။

ရူးလျှံနှင့် မြေခွေးနက်တို့အား မကျေမနပ် ကြည့်လိုက်၏။

မြေခွေးနက်က သဘောကျစွာ ပြုံးကာ ...

"ကင်းဆိပ်မားကို လိုချင်တယ်ဆိုရင် ကျုပ်နဲ့ အရင်ဆုံး ရင်ဆိုင်ရမယ်ဆိုတာ ခင်ဗျား မမေ့ပါနဲ့"

ဟု ပြောလိုက်၏။

ရူးလျှံက မြေခွေးနက်ကို ပြုံးပြလိုက်ပြီး ...

"အစ်ကိုကြီး ကင်းဆိပ်မားကို ကျွန်မ လက်ထဲမှာပဲ ထားမယ်ဆိုရင် အစ်ကိုကြီး ကန့်ကွက်မှာလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေသည်။

မြေခွေးနက် သဘောကျစွာ ရယ်မောကာ ...

"ဟား ... ဟား ... ဟား ညီမ စိတ်ချမ်းသာဖို့က အရေးကြီးပါယယ်၊ ညီမသဘောအတိုင်း ဖြစ်စေရမှာပဲပေါ့"

"သူက လက်မခံဘူး ဆိုရင်ကော"

"လွယ်ပါတယ် ကျုပ်ရဲ့ဓားက ဖြေရှင်းပေးပါလိမ့်မယ်"

ဂူးလျှံက ကြောက်ဖုံးကို ကြည့်ကာ ...

"ကဲ ... ရှင်ကြားတယ် မဟုတ်လား"

ဟု ပြောလိုက်၏။

ကျောက်ဖုံး၏ မျက်နှာ မည်းမှောင်သွားလေတော့သည်။

မြေခွေးနက်နှင့် ဂူးလျှံတို့အား မကျေမနပ် ကြည့်ကာ ...

"မင်းတို့ တော်တော် ယုတ်မာကြပါလား၊ ရန်သူအန္တရာယ်က ဝေးပြီဆိုတော့ ကျုပ်ကို လက်တွဲဖြုတ်ချင်ကြပြီပေါ့ ဟုတ်လား"

ဂူးလျှံက အရေးမစိုက်သော လေသံဖြင့် ...

"ရှင်ကြိုက်သလို ပြောနိုင်ပါတယ်၊ ကင်းဆိပ်ဓား ပိုင်ဆိုင်ဖို့က အဓိကပဲလို့ ကျွန်မ ယုံကြည်ထားတယ်လေ၊ ကင်းဆိပ်ဓား ရမယ်ဆိုရင် ဘယ်အလုပ်မျိုးမဆိုလုပ်ဖို့ ကျွန်မ ဝန်မလေးဘူးရှင့်"

"ဒါဖြင့် ... မင်းသွားသေလိုက်ပေါ့"

"ရှင် ဘာပြောတယ်"

ဂူးလျှံက ကျယ်လောင်စွာ အော်ဟစ်ရင်း ခုန်ထလာလေ၏။

သူမ၏ အသံကြောင့် စားသောက်နေသူများ လှမ်းကြည့်လာကြသည်။

ဂူးလျှံတို့ အခြေအတင် ဖြစ်နေကြသည်ကို တွေ့လျှင် တီးတိုးဝေဖန် ပြောဆိုကာ အကဲခတ် ကြည့်နေကြသည်။



ဂူးလျှံကား ပတ်ဝန်းကျင်ကို အရေးမစိုက်တော့ပါချေ။

ကျောက်ဖုံးကို စေ့စေ့ကြည့်ကာ ...

"ကျွန်မတို့ တစ်ချိန်လုံး ရှင့်စကား နားထောင်နေခဲ့တာ ရှင့်ကို ကြောက်လို့ထင်ရင် မှားသွားမှာပေါ့ စုမာဖုံးတို့ လူစုနဲ့ ရင်မဆိုင်ချင်လို့ အောင့်အည်း နေခဲ့ရတယ်ဆိုတာ ရှင် နားလည်ထားစမ်းပါ"

ဟု ပြောလိုက်သည်။

ကျောက်ဖုံး မခံချိ မခံသာ ဖြစ်သွားလေသည်။

ဂူးလျှံအား မုန်းတီးစက်ဆုပ်မှုဖြင့် ကြည့်ရင်း ...

"ကျုပ်ရဲ့ အကြံဉာဏ်ကြောင့် စုမာဖုံးတို့လက်က လွတ်လာတာကို မင်းက မေ့လိုက်ပြီလား ကင်းဆိပ်ဓား အခုလို ရလာတာဟာ ကျုပ်ရဲ့ ကျေးဇူးကြောင့်လို့ဆိုရင် မမှားဘူး၊ မင်းတို့လက်တွဲ ဖြုတ်ဖို့ ကြိုးစားရင် မှားသွားလိမ့်မယ်"

ဂူးလျှံ ခေါင်းခါယမ်းလိုက်သည်။

"ကိစ္စမရှိဘူး၊ ကင်းဆိပ်ဓား ကျွန်မလက်ထဲ ရောက်ပြီးမှာတော့ ဘာမဆို ရင်ဆိုင်ဝံ့ပါပြီရှင် ကျွန်မ ဘာကိုမှ အရေးမစိုက်တော့ပါဘူး"

မြေခွေးနက် ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ... ကျောက်ဖုံး ခင်ဗျားလက်လျှော့လိုက်ရင် ကောင်းမယ်၊ ခင်ဗျားအတွက် အချိန်ကုန် သွားပါပြီဗျာ၊ အခုအချိန်ကစပြီး ကင်းဆိပ်ဓားနဲ့ ဝေးဝေးနေရင် ကောင်းလိမ့်မယ်"

ကျောက်ဖုံး အံကြိတ်ကာ ...

"ကျုပ်က နောက်မဆုတ်ဘူး ဆိုရင်ကော"

"လွယ်ပါတယ် ခင်ဗျားကို ရှင်းပစ်လိုက်ရုံပဲပေါ့"

"တောက်"

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖုံး တက်တစ်ချက် ပြင်းစွာ ခေါက်လိုက်လေသည်။

ထိုစဉ်မှာပင် ...

"ကြွပါခင်ဗျာ ... ကြွပါ ... ဆရာကြီး ကြွလာမယ်ဆိုတာ ကြိုတင်သိထားရင် နေရာကောင်းကောင်း ပြင်ဆင်ထားပါတယ်၊ အခုတော့ အားနာစရာကြီးဗျာ"

ဆိုရှင်၏ ကျယ်လောင်သော စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ထိုစကားသံကြောင့် ...

ကျောက်ဖုံး၊ ဝူးလျှံနှင့် မြေခွေးနက်တို့ လှမ်းဝင်လာကြသူများကို တွေ့မြင်လိုက်ရသည်။

ထိုအခါ ...

စားသောက်ဆိုင်ထဲသို့ လူသုံးယောက် ဝင်လာကြသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူသုံးယောက်ကို တွေ့ရသည်နှင့် ကျောက်ဖုံး သဘောကျစွာ ပြုံးလိုက်သည်။

ဝူးလျှံနှင့် မြေခွေးနက်တို့အား အထင်သေးသော အကြည့်ဖြင့် ကြည့်ကာ ...

"ကင်းဆိပ်မားဟာ တကယ်တော့ ကြောက်စရာကောင်းတဲ့ မိစ္ဆာမား တစ်လက်ပဲ၊ အခု ကျန်းချန်မြို့က သံမဏိကလောင် ဇေ့ချန်းချီ ရောက်လာပြီလေ၊ ကင်းဆိပ်မားကို အပိုင်စီးချင်တယ် ဆိုရင် မင်းတို့ဘာသာ ရင်ဆိုင်ကြပေတော့၊ ကျုပ်က လက်လျှော့ လိုက်တော့မယ်"

စကားဆုံးလျှင် ထိုင်ရာမှ ထလိုက်သည်။

တစ်ဖန် ...



ကြမ်းပြင်ပေါ် ခြေဆောင့်ကာ ပြတင်းပေါက်မှ တစ်ဆင့် စားသောက်ဆိုင် အပြင်ဘက်သို့ ခုန်ထွက်သွားသည်။

ကျောက်ဖုံး ထွက်သွားသည်ကို မည်သူမျှ မဟန့်တားနိုင်ခဲ့ကြပါချေ။

မြေခွေးနက်နှင့် ဝူးလျှံတို့ကား ဟန့်တားရန် လုံးဝစိတ်မကူးကြပါချေ။

အကြောင်းကား ...

စားသောက်ဆိုင်ထဲသို့ ရောက်လာပြီဖြစ်သော သံမဏိကလောင် ဇေ့ချန်ချီ အား သတိကြီးစွာထားကာ စောင့်ကြည့်နေရပြီ မဟုတ်ပါလား၊ ဇေ့ချန်ချီသည် လူငယ်နှစ်ယောက် ခြံရံလျက် သူတို့ထံသို့ တန်းတန်းမတ်မတ် လျှောက်လာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

○ ○ ○

ဝူးလျှံနှင့် မြေခွေးနက်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

အမှန်တော့ ...

ဝူလျှံသည် မြေခွေးနက်နှင့် ငြိစွန်းနေသူ တစ်ယောက် ဖြစ်ပေသည်။

ထို့ကြောင့် ...

မြေခွေးနက်ဘက်မှ ပါဝင်ခဲ့ပြီး မြေခွေးနက်ကလည်း သူမဘက်မှ ပါဝင်ခဲ့ခြင်း ဖြစ်ပေသည်။

သူတို့နှစ်ယောက် ပူးပေါင်းကာ ကင်းဆိပ်မားကို ကိုင်၍ သိုင်းလောက၌ ဗိုလ်ကျစိုးမိုးရန် စိတ်ကူးထားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေချန်ချီက သူတို့ထံ တည့်တည့်မတ်မတ် လျှောက်လာပြီး ခြေငါးလှမ်းခန့် အကွာတွင် ခြေလှမ်းရပ်လိုက်ကြလေသည်။

ဂူးလျှံနှင့် မြေခွေးနက်တို့သည် ခြေလှမ်းရပ်ကာ အဆင်သင့် အနေအထားဖြင့် ပြန်လည်စူးစိုက် ကြည့်လိုက်ကြလေသည်။

ငွေချန်းချီသည် အသက် ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး ခန့် ရှိသူတစ်ယောက် ဖြစ်ပေသည်။

ငွေချန်ချီသည် တည်ကြည်ခန့်ညားသော ဥပဓိရုပ်ရှိပြီး ကျန်းချန်းမြို့တွင် လူတိုင်း ကြည်ညိုလေးစားခြင်း ခံရသူဖြစ်ပေသည်။

ငွေချန်းချီ၏ လက်ထဲ၌ ဆေးတံရှည် တစ်ချောင်းကို ကိုင် ဆောင်ထား၏။

ဆေးတံရှည်သည် စာပေကဗျာ အလင်္ကာ ရေးဖွဲ့ရာတွင် မှုတ်ရိုက်ရင်း အတွေးနယ်ချဲ့သော ပစ္စည်းဖြစ်သလို ရန်သူနှင့်ယှဉ်ပြိုင် တိုက်ခိုက်ရာတွင်လည်း အရေးပါသော လက်နက်တစ်ခုအဖြစ် ရပ် တည်နေပေ၏။

ငွေချန်းချီ၏ ဝဲယာတစ်ဖက် တစ်ချက်တွင် ရပ်နေသူ နှစ် ယောက်ကား သူ၏တပည့် နှစ်ယောက်ဖြစ်ကြ၏။

စင်းတွာနှင့် ကျော်ချူးဆိုသူတို့ ဖြစ်ကြပေသည်။

စင်းတွာနှင့် ကျော်ချူးတို့သည် သံမဏိကလောင် ငွေချန်ချီအား ခြေဆုပ်လက်နယ်ပြုကာ သိုင်းပညာ သင်ယူလာခဲ့သူများ ဖြစ်ကြ ပေသည်။

ယခုဆိုလျှင်... ငွေချန်းချီ တက်မြောက်ထားသော သိုင်းပညာ သုံးပုံ နှစ်ပုံခန့် တတ်မြောက်နေပြီ ဖြစ်ပေသည်။

ငွေချန်းချီက မြေခွေးနက်နှင့် ဂူးလျှံတို့အား ကောင်းစွာ သိရှိ ထားပေးသည်။



ထို့ကြောင့်...

တစ်ချက် အဲကဲခတ်ကြည့်လိုက်ပြီး...

"ဒီမြို့မှာ ကျုပ် နေထိုင်တယ်သိလျက်နဲ့ ခင်ဗျားတို့ လာဝံ့တာ အံ့သြမိပါတယ်ဗျာ၊ ကဲ... ခင်ဗျားတို့ ဘာအကြံနဲ့ လာတယ်ဆိုတာ ပြောစမ်းပါဦး၊ ဒီမြို့မှာ မဟုတ်တရုတ် လုပ်ဖို့တော့ မစဉ်းစားနဲ့၊ အကောင်းဆုံးက ခင်ဗျားတို့ အမြန်ဆုံး ဒီမြို့က ထွက်သွားဖို့ပဲ"

ဟု ခပ်တန်တန် ပြောလိုက်သည်။

သူ၏ စကားကြားလျှင် မြေခွေးနက်နှင့် ဂူးလျှံတို့ ဟားတိုက် ရယ်မောလိုက်ကြလေသည်။

"ဟား... ဟား... ဟား"

"ခစ်... ခစ်... ခစ်"

သူတို့၏ ရယ်မောသံများက ကျယ်လောင်စွာ ထွက်ပေါ်လာ လေသည်။

ငွေချန်းချီအား ပမာမခန့် ရယ်မောနေသော သူတို့နှစ်ယောက် အား ကြည့်ကာ စားသောက်နေသော မြို့ခံလူများ အံ့သြနေကြ၏။

အားလုံးသည် စားသောက်မှုကို ရပ်ကာ ဝိုင်းကြည့်နေကြ သည်။

ငွေချန်းချီ မျက်မှောင်ကြုတ်သွား၏။

မြေခွေးနက်နှင့် ဂူးလျှံတို့ကလည်း ခေသူများ မဟုတ်ကြောင်း သိထားသော်လည်း၊ သူက ကြောက်ရွံ့ခြင်း မရှိပါချေ။

ယှဉ်ပြိုင်တိုက်ခိုက်လျှင် အနိုင်ရမည်ဟု တစ်ထစ်ချ ယုံကြည် ထားသည်။

ဂူးကျှင်နှင့် မြေခွေးနက်တို့ အကြောက်အကန် မရှိဘဲ ရယ်မော နေခြင်းကို တွေ့ရသဖြင့် အံ့သြသွား၏။

www.burmeseclassic.com

www.burmeseclassic.com



အမှန်ဆိုလျှင်...

မြေခွေးနက်နှင့် ဂူးလျှံတို့သည် သံမဏိကလောင် ဝေချန်းချီ၏ သိုင်းပညာ မခေကြောင်း ကောင်းစွာနားလည် ထားကြ၏။

နှစ်ယောက်သား သတိပေးစကားဆိုကာ လျှပ်တစ်ပြက် ဝင်တိုက်ခိုက် ကြလေသည်။

စင်းဟွာနှင့် ကျော်ချူးတို့ ခုန်ဝင်တိုက်ခိုက် လာကြသည်ကို တွေ့လျှင် ဂူးလျှံ မဲ့ပြုံး ပြုံးလိုက်လေသည်။

"ဟင်း...ဟင်း ရှင်တို့ အသက်ငယ်ငယ် ရှယ်ရှယ်နဲ့ သေချင် ကြပြီထင်တယ်"

ပြောရင်း...

ကင်းဆိပ်ဓားကို လျှပ်တစ်ပြက် ဆွဲထုတ်ကာ ဝှေ့ယမ်းခုတ်ချ လိုက်လေသည်။

မြေခွေးနက်ကား...

ဂူးလျှံအား တိုက်ခိုက်နေကြသည်ကို တွေ့လျှင်...

"ဝေချန်းချီ ခင်ဗျားကိုယ် ခင်ဗျား အထင်ကြီးမနေနဲ့ ဒီကနေ့ ဟာ ခင်ဗျားအတွက် နောက်ဆုံးနေ့ပဲ"

စကားဆုံးလျှင်...

ဝေချန်းချီအား လက်ဝါးနှစ်ဖက်ဖြင့် တိုက်ခိုက်လိုက်လေသည်။

ဝေချန်းချီက...

"သေချင်ပြီထင်တယ်"

အော်ငေါက်ရင်း လက်တစ်ဖက် ရှေ့ဆန့်ထုတ်ကာ ဆီးကြို တိုက်ခိုက်လိုက်လေသည်။

စားသောက်ဆိုင်အတွင်း၌ ပြင်းထန်သော တိုက်ပွဲတစ်ခ ရုတ်ခြည်း ဖြစ်ပေါ်လာပြီတည်း။



စားသောက်နေကြသူများ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြ၏။

သို့သော်...

စားသောက်ဆိုင် အပြင်ဘက်သို့ ပြေးထွက်သွားခြင်း မပြုကြဘဲ ဆိုင်အပေါက်ဝတွင် စုပြုံကာ တိုက်ပွဲကို စိတ်ဝင်စားစွာ ကြည့်နေကြ၏။

အမှန်ဆိုလျှင်...

မြို့ခံလူများသည် ဝေချန်းချီ၏ သိုင်းပညာကို ယုံကြည့်ထားကြပြီး မြေခွေးနက်တို့အား အနိုင်တိုက်ခိုက် နိုင်မည်ဟု ထင်မှတ် ထားကြ၏။

သို့ဖြစ်၍...

ဝေးဝေး ပြေးမသွားဘဲ ဆိုင်အပေါက်ဝ၌ ရပ်ကြည့်နေကြခြင်း ဖြစ်လေတော့သည်။

မြို့ခံသိုင်းသမားက လူဆိုးများအား ဆုံးမသည်ကို ဝိုင်းဝန်း ကြည့်ရှု အားပေးသည့် သဘောဖြစ်သည်။

သို့သော်...

ဂူးလျှံ လက်ထဲ၌ ကင်းဆိပ်ဓား ရှိနေသည်ကို မေ့ထား၍ ရမည်မဟုတ်ချေ။

ဂူးလျှံက မဲ့ပြုံး ပြုံးရင်း...

"သေပေတော့"

ကြုံးဝါးကာ ကင်းဆိပ်ဓားကို ဝှေ့ယမ်း၍ စင်းဟွာနှင့် ကျော်ချူး တို့အား ခုတ်ချလိုက်၏။

ဝန်းကျင်တစ်ခုလုံး အေးစိမ့်သော အငွေ့အသက်များ ဖုံးလွှမ်း သွားသည်။

ရုတ်တရက်...

www.burmeseclassic.com

www.burmeseclassic.com



အရိပ်မည်းမည်းကြီး လွှမ်းခြုံသွားပြီး...

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ဆက်တိုက် ထွက်ပေါ်လာလေသည်။

ကင်းဆိပ်ဓား ဝေ့ယမ်း တိုက်ခိုက်လိုက်သည်နှင့် စင်းဖွားနှင့် ကျော်ချိုးတို့မှာ စူးစူးဝါးဝါး အော်ဟစ်၏ကာ ကြမ်းပြင်ပေါ် ကျသွားကြတော့သည်။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ဝေချန်းချီ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဟင်"

စင်းဖွားနှင့် ကျော်ချိုးတို့ မရှုမလှ ခံလိုက်ရသည်ကို လုံးဝ မယုံကြည်နိုင်ဘဲ ဖြစ်နေရ၏။

ထိုစဉ်...

အခွင့်ကောင်း စောင့်နေသော မြေခွေးနက်က အလစ်ဝင် ရောက် တိုက်ခိုက်လိုက်သည်။

ဝေချန်းချီမှာ အငိုက်မိသွားခြင်းကြောင့် မြေခွေးနက်၏ တိုက်ကွက်ကို မရှောင်နိုင်တော့ပါချေ။

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေ၏။

ဝေချန်းချီ၏ ခန္ဓာကိုယ် ယိမ်းယိုင်ကာ အနောက်ဘက်သို့ ငါးလှမ်းမျှ ဆုတ်ပေးလိုက်ရသည်။

"ဟား...ဟား...ဟား"

မြေခွေးနက်က ရယ်မောလိုက်သည်။



"သူ၏ ရယ်မောသံကြီး စားသောက်ဆိုင်အတွင်း ဟိန်းထွက သွားလေတော့၏။

တိုက်ပွဲကို ကြည့်နေသူများသည် အခြေအနေ မဟန်ကြောင်း သိလျှင် ဝေးရာသို့ မသိမသာ ဆုတ်သွားကြလေသည်။

ဝေချန်းချီ အံတင်းတင်း ကြိတ်လိုက်၏။

မြေခွေးနက်ကို စိုက်ကြည့်ကာ...

"မြေခွေးနက် မင်းက အလစ်ချောင်း တိုက်နိုင်တာကို ကျေနပ်မနေစမ်းပါနဲ့ ကျုပ် တိုက်ကွက်ကို သတိထားပါဦး"

ပြောရင်း ဆေးတံရှည်ကို ဝေ့ယမ်းကာ တိုက်ခိုက်ရန်ရှေ့သို့ လှမ်းတက်လာသည်။

ထိုစဉ်မှာပင်...

"အစ်ကိုကြီး နောက်ဆုတ်လိုက်"

စကားသံနှင့်အတူ ဝေချန်းချီ ခုန်ဝင်လာ၏။

ဂူးလျှံက ဓားဝေ့ယမ်းလိုက်ခြင်းကြောင့် ဝေချန်းချီ နောက် ပြန်ဆုတ်လိုက်ရသည်။

ဂူးလျှံ ရောက်လာခြင်းကြောင့် သူ၏ တပည့်နှစ်ယောက် အတွက် စိုးရိမ်ကာ လှမ်းကြည့် လိုက်လေသည်။

စင်ဖွားနှင့် ကျော်ချိုးတို့ကား ကြမ်းပြင်ပေါ်၌ လဲကျကာ အသက်ပျောက်နေကြပြီ ဖြစ်သည်။

"ဟင်"

ဝေချန်းချီ မျက်လုံးပြူးကျယ်သွားသည်။

ယခုမှ...

ဂူးလျှံ လက်ထဲရှိ ကင်းဆိပ်ဓားကို သတိပြုမိသွား၏။

"ဒါ...ဒါ...ကင်းဆိပ်ဓား"

www.burmeseclassic.com

www.burmeseclassic.com



ဟု အထစ်ထစ် အငေါ့ငေါ့ ပြောလိုက်၏။

မှန်ပေသည်။

ကင်းဆိပ်ဓားသည် အရောင်အသွေး ပုံသဏ္ဌာန် ထူးခြားသည့်အပြင် အေးစိမ့်မှုက ဝန်းကျင်တစ်ခုလုံးအား လွှမ်းခြုံသွားစေသည် မဟုတ်ပါလား။

ဝူးလျှံ မဲ့ပြုံးပြုံးကာ ...

"ဟုတ်တယ်လေ ... ဘယ်လိုလဲ ကျွန်မတို့က ရှင့်ကို ဆုံးမနိုင်တယ်ဆိုတာကို ယုံပြီ မဟုတ်လား"

ဟု မခန့်လေးစား ပြောလိုက်၏။

"ကင်းဆိပ်ဓား ရှိတိုင်း ကြောက်ရမှာလား မင်းတို့လက်ထဲကို ဘယ်လိုလုပ် ရောက်လာတာလဲ ပြောစမ်း"

"ဘယ်လို ရောက်ရောက် ရှင့်အပူမပါဘူး၊ ရှင် ဒူးထောက်ပြီး တောင်းပန်မယ် ကျွန်မတို့သစ္စာ ခံမယ်ဆိုရင် ရှင့်အသက်ချမ်းသာ ပေးမယ် ဒါမှ မဟုတ်ရင်တော့ သေဖို့သာ ပြင်ထား"

ဇေ့ချန်းရှီက ပြုံးလိုက်သည်။

"ဟား ... ဟား ... ဟား"

"ကျုပ်ကို မင်းတို့လို သစ္စာမဲ့တဲ့ လူယုတ်မာများ ထင်နေသလား၊ ကျုပ် အသက်သေချင် သေပါစေ မင်းတို့ကို အရှုံးမပေးအညံ့မခံဘူး၊ ကဲ ... ကင်းဆိပ်ဓား အားကိုးရတယ်ဆိုရင် ကျုပ်ရဲ့ တိုက်ကွက်ကိုရအောင် ချေဖျက်ပေတော့"

စကားဆုံးလျှင် ဆေးတံရှည်အား ဇေ့ယမ်းကာ တိုက်ခိုက်လိုက်လေသည်။

သူ၏ တိုက်ခိုက်မှုကား ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်လှပေသည်။



ဝူးလျှံ၏ လက်ထဲ၌ ကင်းဆိပ်ဓား ရှိခြင်းကြောင့် တက်မြောက်ထားသော ပညာများ အစွမ်းကုန် ထုတ်ဖော်ကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။

လေတိုးသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေ၏။

ဆေးတံ အရိပ်များကလည်း ဝူးလျှံ၏ တစ်ကိုယ်လုံး လွှမ်းခြုံသွားသည်။

ဝူးလျှံ ရင်ထိတ်သွား၏။

ဇေ့ချန်းရှီသည် ခေသူမဟုတ်ကြောင်း သူမ ကောင်းစွာ နားလည် သဘောပေါက်သွားပြီ ဖြစ်၏။

ထို့ကြောင့် ...

သတိကြီးစွာသားရင်း ကင်းဆိပ်ဓားကို ဇေ့ယမ်းကာ ပြန်လည် တိုက်ခိုက်လိုက်သည်။

ရုတ်တရက် ...

အေးစိမ့်သော အငွေ့အသက်များ ထွက်ပေါ်လာလေသည်။

မည်းမည်း အရိပ်သဏ္ဌာန် တစ်ခုသည် ဆေးတံအရိပ်များကို ထိုးဖောက် ထွက်ပေါ်လာလေသည်။

"ထန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေ၏။

"တောက် ... တောက်"

ဇေ့ချန်းရှီ လက်ထဲမှ ဆေးတံရှည်ကား နှစ်ပိုင်းပြတ်ကာ ကြမ်းပြင်ပေါ် ကျသွားသည်။

တစ်ဆက်တည်းပင် ...

"အား ..."

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကင်းဆိပ်စားသည် ငွေချန်းချီ၏ ရင်ဝတွင် ရှပ်၍ခုတ်ချမိလိုက်ပြီ ဖြစ်လေသည်။

ငွေချန်းချီ၏ အင်္ကျီများ စုတ်ပြဲသွား၏။

ရင်ဝတွင်သွေးမည်းများ ဖြိုင်ဖြိုင်ကျဆင်း လာသည်ကိုလည်း တွေ့လိုက်ရ၏။

ငွေချန်းချီ အံ့ကြိတ်လိုက်သည်။

လက်ဆန့်ထုတ်ကာ ဓားဒဏ်ရာ ပတ်လည်မှ သွေးကြောများ ထိုးပိတ်ရန် ကြိုးယ်လိုက်လေသည်။

သို့သော် ...

ပြင်းထန်လွန်းလှသော အဆိပ်က သူ့အား လှုပ်ရှားခွင့် မပေးတော့ပါချေ။

သူ၏ ခန္ဓာကိုယ်ပင် တစ်ချက် တုန်ခါသွား၏။

"မင်း ... မင်း"

ဝူးလျှံအား လက်ညှိုး တစ်ငေါက်ငေါက်ထိုးရင်း ကြမ်းပြင်ပေါ်သို့ ဘိုင်းခနဲလဲကျ သွားလေတော့သည်။

○ ○ ○

သံမဏိကလောင် သိုင်းသမားနှင့် တပည့်စင်းဗှာ၊ ကျော်ချုံးတို့ကား ဝူးလျှံ၏ လက်ချက်ကြောင့် သေဆုံးသွားရချေပြီ။

ဝူးလျှံ၏ လက်ချက်ကြောင့် ဆိုခြင်းထက် ကင်းဆိပ်စားကြောင့်ဟု ဆိုလျှင် ပို၍မှန်ကန်မည် ဖြစ်လေသည်။

တိုက်ပွဲကို ကြည့်နေသူများသည် မြင်ကွင်းကို မယုံကြည်နိုင်စွာ ငေးကြည့်နေ၏။

ငွေချန်းချီ၏ လက်ချက်ကြောင့် လူဆိုးများ သေဆုံးသွားလိမ့်



မည်ဟု ယူဆထားကြသော်လည်း ယခုမူ ငွေချန်းချီတို့သာ သေဆုံးသွားခဲ့ကြချေပြီ ဖြစ်၏။

ငေးငိုင်နေသူအားလုံး သတိဝင်လာကြပြီး ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးသွားကြ၏။

တစ်ခဏတွင် ...

စားသောက်ဆိုင်အတွင်း၌ စားသောက်နေသူများသာမက ဆိုင်ရှင် ဆိုင်လုပ်လင်များပင် ရှာမတွေ့အောင် ကြက်ပျောက် ငှက်ပျောက် ပျောက်သွားကြ၏။

မြေခွေးနက် အားရပါးရ ရယ်မောလိုက်လေတော့သည်။

"ဟား ... ဟား ... ဟား"

"ညီမ မင်းတော့ သိုင်းလောကမှာ ဗိုလ်စွဲမှာ သေချာနေပြီ" ဟု ချီးကျူးစကား ပြောလိုက်လေသည်။

ဝူးလျှံက ...

"တကယ် ပြောတာလားဟင်၊ ဒီလိုဆို သိုင်းလောက ထိပ်သီးသိုင်းသမားတွေကို ကျွန်မ လိုက်ပြီး စိန်ခေါ်မယ်လေ ရှင် သဘောတူမလား"

မြေခွေးနက် ခေါင်းညိတ်လိုက်သည်။

"ဘာဖြစ်လို့ သဘောမတူရမှာလဲ ညီမ စိတ်ချမ်းသာသလို လုပ်နိုင်တယ်"

"ဒါဖြင့် ကျွန်မတို့ ဘာကြောင့် အချိန်ဖြုန်းနေမှာလဲ ကျွန်မတို့ ...မည် သိုင်းလောကမှာ ဟုန်းခနဲ ကျော်ကြားနိုင်မယ့် နေရာကို ...သွားကြတာပေါ့ရှင့်"

"ပြောစမ်းပါဦး ညီမ ဘယ်ကို သွားမှာလဲ"

"ကျင်းလိမ်မြို့ကိုလေ"

www.burmeseclassic.com

www.burmeseclassic.com



မြေခွေးနက် ပြုံးလိုက်သည်။

"အင်း ... ညီမ မကြာခင် ကျင်းပတော့မယ့် ကျင်းလိမ်မြို့စားကြီးရဲ့ မွေးနေ့မင်္ဂလာ အကြောင်း သိထားတာကိုး"

"ဟုတ်တယ် ... ကျွန်မတို့ အဲဒီမှာ အစွမ်းပြနိုင်မယ်ဆိုရင် ကျွန်မတို့ နာမည် ဟုန်းခနဲ ကျော်သွားမှာဘဲ ပြောတာ မဟုတ်ဘူးလား"

မြေခွေးနက် ခေါင်းညိတ်လိုက်သည်။

"အမှန်ပါပဲကွယ်"

"ဒါဖြင့် ဘာကြောင့် အချိန်ဆွဲနေရမှာလဲ အခုပဲသွားကြရအောင်"

စကားဆုံးလျှင် စားသောက်ဆိုင်ထဲမှ လှမ်းထွက်သွားသည်။

မြေခွေးနက်က ကြမ်းပြင်ပေါ်၌ လဲကျသေဆုံးနေသော ဝေ့ချုန်းချီကို တစ်ချက်ကြည့်လိုက်ပြီး ဂူးလျှံ နောက်သို့ လိုက်သွားတော့သည်။

○ ○ ○

## လောဘသားကောင်

ကျန်းနန်နယ် ...

ကျန်းနန်နယ်သည် အလွန်သာယာလှပသည့် နယ်မြေတစ်ခုဖြစ်သည်ဟု လူပြောများသည်။

အမှန်တကယ်လည်း စားပွဲမကုန်သော သဘာဝအလှအပများ ရှုမျှော်ခင်းများ တည်ရှိရာဒေသ ဖြစ်ပေသည်။

ကျင်းလိမ်မြို့စားကား ဩဇာအရှိန်အဝါရှိသော မြို့စားကြီး တစ်ယောက် ဖြစ်သည်။

ကျင်းလိမ်မြို့စား၏ မွေးနေ့မင်္ဂလာပွဲ ကျင်းပသည့်အခါ အနယ်နယ် အရပ်ရပ်မှ သူဌေးသူကြွယ်များ သိုင်းသမားများနှင့် နန်းတွင်းမှ ရာထူးရာခံ ရှိသူများ စုံစုံညီညီ တက်ရောက်လာကြသည်။

ကျင်းလိမ်မြို့စား၏ မွေးနေ့မင်္ဂလာပွဲသည် ကျန်းနန်နယ်တွင် မည်သူမျှ လိုက်မမီသော အစည်ကားဆုံး အကြီးကျယ်ဆုံး ပွဲတစ်ပွဲ ဖြစ်ခဲ့သည်။

မွေးနေ့မင်္ဂလာပွဲ မကျင်းပမီဆယ်ခန့် အလိုကပင် ရပ်ဝေးမှ ဧည့်သည်များ ကြိုတင်ရောက်ရှိလာကြသဖြင့် ကျင်းလိမ်မြို့စား၏ ခြံဝင်းအတွင်း၌ မဏ္ဍပ်ကြီးများ ထိုးကာ ဧည့်ခံခဲ့ရလေသည်။

နောက်ထပ်၍လည်း မွေးနေ့မင်္ဂလာပွဲသို့ တက်ရောက်သူများ တဖွဲဖွဲ ရောက်ရှိလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျုန်းနန်နယ်သို့ သွားရာလမ်းတစ်လျှောက်၌ ခရီးသွားများဖြင့် ပွဲတော်ကြီးတမျှ စည်ကားနေပေတော့သည်။

မြေခွေးနက်နှင့် ဂူးလျှံတို့လည်း ကျုန်းနန်နယ်သို့ သွားရာလမ်းမကြီးပေါ်၌ အခြားခရီးသွားများနှင့် ရောနှောကာ ခရီးပြင်းနှင်နေကြပြီ ဖြစ်သည်။

သူတို့သည် ကျုန်းနန်နယ်သို့ သွားရာလမ်းမပေါ်၌ တည်ရှိသော တောမြို့ကလေးတစ်မြို့သို့ ရောက်လျှင် တစ်ညတာစခန်းချ နားခိုလိုက်ကြသည်။

ထိုသို့...တည်းခိုရခြင်းမှာလည်း ကျောက်ဖုံး ပြောသည့် စကားများကို မြေခွေးနက်က သတိရလာခြင်းကြောင့် ဖြစ်ပေသည်။

ကျောက်ဖုံးက...

"အဖြူရောင် ထိပ်သီးတွေကို တစ်ယောက်ချင်း သုတ်သင်ရှင်းလင်းဖို့ လွယ်ပေမယ့် ဂုဏ်ရုတာဝေး တည်ရှိနေတဲ့အခါ သုတ်သင်ပစ်ဖို့ မလွယ်ဘူး၊ သိုင်းပညာ ဘယ်လောက်တော်တော် ကင်းဆိပ်ဓားက ဘယ်လောက် ကြောက်စရာ ကောင်းကောင်း အဖြူရောင်သိုင်းသမားတွေရဲ့ ညီညွတ်တဲ့စိတ် မဟုတ်မခံ ရင်ဆိုင်ဝံ့တဲ့စိတ် အများအတွက် အသက်စွန့်ရဲတဲ့ စိတ်ဓာတ်ကို ဖြိုဖျက်နိုင်မှာ မဟုတ်ဘူး"

ဟူ၍ ဖြစ်သည်။

မြေခွေးနက်က...

"တို့တစ်တွေ ကျင်းလိမ်မြို့စားရဲ့ ဂေဟာကို သွားစတာတော့ ဟုတ်ပါပြီ၊ အဲဒီမှာ အဖြူရောင် သိုင်းသမားတွေ ရာနဲ့ချီပြီး ရှိနေမှာဆိုတော့ တို့အတွက် အောင်မြင်ဖို့ လမ်းစ နည်းပါးလိမ့်မယ်"

ဟု ချင့်ချင့် ချိန်ချိန် ပြောလိုက်သည်။



ဂူးလျှံလည်း လမ်းတစ်လျှောက်၌ ကျင်းလိမ်မြို့စား စံအိမ်က ဦးတည်သွားနေသော အဖြူရောင်သိုင်းသမား အရည်အတွက် မနည်းကြောင်း ကြားသိထား၍ စိတ်ထား ပြောင်းလဲသွားပြီ ဖြစ်သည်။

ထို့ကြောင့်...

မြေခွေးနက်၏ စကားကြားလျှင် ခေါင်းညိတ်ကာ...

"ဟုတ်တယ် သူတို့အားလုံးကို တစ်ပြိုင်တည်း တိုက်ခိုက်အနိုင်ယူဖို့ မလွယ်ဘူး၊ ကျွန်မတို့နှစ်ယောက်တည်းနဲ့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"ဒါဖြင့် ညီမက ဘယ်လို လုပ်ချင်တာလဲ"

"ကျွန်မ ကျင်းလိမ်မြို့စားရဲ့ မွေးနေ့ပွဲကို မသွားတော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ"

ထိုစကားကြားလျှင် မြေခွေးနက် ဝမ်းသာသွားသည်။

သို့သော်...

ဝမ်းသာသည့် အရိပ်အယောင် မျက်နှာတွင် ဖော်မပြချေ။

စဉ်းစား တွေးတောသလို ခေတ္တငြိမ်နေပြီးမှ...

"အင်း...ညီမ သဘောပဲ ညီမ မသွားချင်ဘူးဆိုရင်လည်း ပြီးတာပဲ"

ဂူးလျှံ ရယ်မောလိုက်သည်။

"ခစ်...ခစ်...ကျွန်မက ကျင်းလိမ်မြို့စားဆီကို မသွားပေမယ့် အားလုံး တုန်လှုပ်သွားအောင်တော့ လုပ်လိုက်ချင်သေးတယ်"

ပြောစမ်းပါဦး ဘယ်လို လုပ်ချင်တာလဲ"

"ဒီမြို့အထွက်မှာ ခြံဝင်းတစ်ခုရှိတယ် အဲဒီမှာ မြင်းဖြူရှင် ထိစန်း နေတယ်လို့ သတင်းရတယ်၊ ကျွန်မတို့ ထိစန်း ဆီကို သွားကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အမှန်ဆိုလျှင် တစ်ချိန်က မြင်းဖြူထိစန်းနှင့် ဂူးလျှံတို့မှာ ပညာသင်ဘက်များ ဖြစ်ခဲ့ကြသည်။

သို့သော်...

ဂူးလျှံမှာ ကောက်ကျစ်စဉ်းလဲသော စိတ်ဓာတ်ရှိသည် ဖြစ်ရာ ဆရာဖြစ်သူက တပည့်အဖြစ် ရပ်စဲကာ မောင်းထုတ်ပစ်ခဲ့သည်။

ဤသည်ကို...

ဂူးလျှံက ထိစန်း၏ ချောက်တွန်းမှုကြောင့် ဖြစ်သည်ဟု ယူဆထားပြီး အမုန်းကြီး မုန်းခဲ့လေသည်။

ထို့နောက်...

အခြားဆရာများထံတွင် သိုင်းပညာ ဆက်လက်သင်ကြားခဲ့ခြင်း ဖြစ်ပေသည်။

မြေခွေးနက်က ဂူလျှံ၏ ဆန္ဒကို တားဆီးခြင်း မပြုဘဲ သဘောတူလိုက်၏။

"ကောင်းပြီလေ ဒီတစ်ညတော့ အနားယူလိုက်ကြတာပေါ့၊ မနက်ကျမှ သွားရင် မကောင်းဘူးလား"

"ကောင်းသားပဲ မနက်မှ သွားမယ်"

"သူတို့သည် နှစ်ယောက်အိပ် အိပ်ခန်းကျယ်ကြီး တစ်ခန်း ငှားရမ်းထားခြင်း ဖြစ်လေသည်။

တစ်ချိန်ကလည်း...

သူတို့နှစ်ယောက် ငြိစွန်းခဲ့သည် ဖြစ်ရာ ယခု အချိန်တွင်ပို၍ စည်းလုံးနေပြီဟု ဆိုရပေမည်။

မြေခွေးနက်က ဂူးလျှံကို အဓိပ္ပာယ် ပါပါကြည့်လိုက်သည်။

ဂူးလျှံ ပြုံးလိုက်၏။

ထို့နောက်...



မြေခွေးနက်၏ ရင်ခွင်ထဲသို့ တိုးဝင်သွားလေသည်။

မြေခွေးနက်က အလိုကျသင့် ပွေ့ဖက်လိုက်၏။

ဂူးလျှံ၏ ခန္ဓာကိုယ်လေးကို ဆွဲခနဲ ပွေ့ချီရင်း အခန်းထောင့်သို့ လျှောက်သွား၏။

အခန်းထောင့်ရှိ ခုတင်အနီးသို့ ရောက်လျှင်...

"ဟား...ဟား...ဟား"

သဘောကျစွာ ရယ်မောရင်း ဂူးလျှံအား ပွေ့တင်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်...သူ၏ ရင်ဝ၌ နာကျင်သော ဝေဒနာ ပေါ်ပေါက်လာသည်ကို ခံစားလိုက်ရ၏။

"ဟင်"

မြေခွေးနက် အထိတ်တလန့် ဖြစ်သွားသည်။

"ဝုန်း"

ဂူးလျှံအား ပစ်ချလိုက်၏။

ဂူးလျှံက ကြမ်းပြင်ပေါ်သို့ ခြေထောက်ကာအေးသို့ ခုန်ထွက်လိုက်၏။

မြေခွေးနက်၏ ရင်ဝ၌ သွေးချင်းချင်း နီရဲနေပါသည်။

ဂူးလျှံ အမြဲ ကိုင်ဆောင်လေ့ရှိသော ဓားမြှောင်လေးသည် မြေခွေးနက်၏ ရင်ဝတွင် အရိုးထိအောင် နစ်မြုပ်ဝင်နေပြီး ဖြစ်သည်။

မြေခွေးနက်၏ မျက်နှာနီမြန်းနေ၏။

ဒေါသထွက်လွန်း၍ မျက်လုံးများ ပြူးထွက်လာသည်။

ဂူးလျှံအား စားမတတ် ဝါးမတတ် ကြည့်ရင်း...

"နင်...နင် ငါ့ကို အကောက်ကြံတယ် ဟုတ်လား၊ သေပေတော့"

www.burmeseclassic.com

www.burmeseclassic.com



အော်ငေါက်ရင်း တိုက်ခိုက်ရန် ရှေ့သို့ တစ်လှမ်းချင်း တိုးလာသည်။

မြေခွေးနက်ကား ထိပ်သီးသိုင်းပညာရှင် တစ်ယောက်ဖြစ်ပေသည်။

ထို့ကြောင့်...

ရုတ်တရက် လဲကျသေဆုံးသွားခြင်း မရှိသေးချေ။

အသက်ပြင်းလှ ပေသည်တကား...

မြေခွေးနက်နှင့် ယှဉ်လျှင် ဝူးလျှံ၏ သိုင်းပညာသည် ပြောပလောက်အောင် ထူးချွန်သည် မဟုတ်ပါချေ။

သို့သော်...

ယခုအချိန်၌ ဝူးလျှံကား မြေခွေးနက်ကို ကြောက်လန့်ခြင်း မရှိတော့ချေ။

အကြောင်းကား...

သူမ၏ လက်ချက်ကြောင့် ဒဏ်ရာပြင်းစွာ ရရှိထားသည့်အပြင် သူမ၏ လက်ထဲ၌ ကင်းဆိပ်မား ရှိနေသည် မဟုတ်ပါလား။

○ ○ ○

"ခွမ်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

ယခု...

ဝူးလျှံက ကင်းဆိပ်မားကို ဆွဲထုတ်လိုက်ပြီး ဖြစ်သည်။

သူမက မြေခွေးနက်ကို အထင်သေးစွာ ကြည့်တာ...

"ရှင်က ကိုယ့်ကိုယ်ကို အထင်ကြီးနေတာကိုး၊ ကျွန်မက ရှင့်လိုလူမျိုး လက်ထဲမှာ ပျော့နိုင်မယ်များ ထင်နေသလား"



မြေခွေးနက်က အံကြိတ်လိုက်၏။

ဝူးလျှံကို ရွံရှာစက်ဆုတ်စွာ ကြည့်လိုက်ပြီး...

"မင်းက မိန်းမယုတ်ပဲ၊ ငါထက်တောင်ပိုပြီး ကောက်ကျစ်ယုတ်မာသေးတယ်၊ မင်းက ငါ့ကို လုပ်ကြံပေမယ့် ငါက မင်းကိုပါ သေရွာအပါ ခေါ်သွားမယ်ဆိုတာ မှတ်ထား"

ဟု ငေါက်လိုက်၏။

ထို့နောက်...ဒယီးဒယိုင်ဖြင့် ရှေ့တိုးလာသည်။

ထိုစဉ်မှာပင်...

"ဟား...ဟား...ဟား"

ကျယ်လောင်သော ရယ်မောသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

မမျှော်လင့်ဘဲ ကြားလိုက်ရသော ရယ်မောသံကြောင့် မြေခွေးနက်က လှမ်းကြည့်လိုက်၏။

ထိုအခါ...

ကျောက်ဖုံး ဖြစ်နေသည်ကို တွေ့ရလေသည်။

ကျောက်ဖုံးသည် မည်သည့်အချိန်က ရောက်ရှိလာမှန်း မသိ၊ အခန်းတွင်းသို့ ရောက်ရှိနေသည်။

ကျောက်ဖုံးက ပြုံးစေ့စေ့ဖြင့်...

"မြေခွေးနက်၊ မင်းက သေခါနီးတာတောင် အပြောက မလျှော့သေးပါလားကွ"

ပြောရင်း ရယ်မောလိုက်၏။

မြေခွေးနက်က...

"မင်း...မင်းက ဝူးလျှံနဲ့ တကြိတ်တည်း တစ်ဉာဏ်တည်းပါလား"

www.burmeseclassic.com

www.burmeseclassic.com



သူက မယုံကြည်နိုင်စွာဖြင့် မေးလိုက်၏။

ကျောက်ဖုံး ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

သူက မြေခွေးနက်အား စေ့စေ့ကြည့်ရင်း...

"မင်း အသိနောက်ကျသွားပါပြီ၊ တို့နှစ်ယောက်လုံး မန်ချူးတွေဆီမှာ သစ္စာခံထားကြတာကွ၊ ကင်းဆိပ်မားကို ရအောင်ယူပြီး သိုင်းလောကမှာ သွေးချောင်းစီး တိုက်ပွဲတွေ ဖြစ်ပေါ်လာအောင် ဖန်တီးဖို့ မန်ချူးအရာရှိတွေက ကျုပ်တို့ကို အမိန့်ပေးထားတယ်လေ ဟား...ဟား...ဟား"

ပြောရင်း သဘောကျစွာ ရယ်မောလိုက်၏။

မြေခွေးနက် အံတင်းတင်း ကြိတ်လိုက်သည်။

"မင်းတို့နှစ်ယောက်ကို လျော့တွက်မိတာ ကျုပ် အမှားပဲ"

ကျောက်ဖုံးက...

"မင်း သိတာ နောက်ကျသွားပြီလေ"

မြေခွေးနက်က ဂူးလျှံအား စူးရဲသော မျက်လုံးအစုံဖြင့် ကြည့်လိုက်ပြီး...

"ဂူးလျှံကို ယုံကြည်မိတာ ပိုလို့တောင် မှားသေးတယ်"

ကျောက်ဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မင်းအနေနဲ့ ဂူးလျှံကို မယုံကြည်သင့်ဘူးကွ"

မြေခွေးနက် မဲ့လိုက်၏။

ကျောက်ဖုံးအား အစိမ်းမွယ်ပါပါဖြင့် ကြည့်လိုက်ပြီး...

"မင်းကော"

ဟု မေးလိုက်သည်။

ကျောက်ဖုံးက သဘောကျစွာ ပြုံးပြီး...



"ကျုပ်ကတော့ သူ့ကို ယုံပါတယ်"

မြေခွေးနက် ရယ်မောလိုက်ပြီး...

"မင်းလည်း ဒုက္ခရောက်ချင် နေတာကိုး"

ကျောက်ဖုံး ခေါင်းခါယမ်း လိုက်၏။

"သူက ကျုပ်ကို ဒုက္ခပေးမှာ မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုရင် ကျုပ်တို့က မကြာခင် လက်ထပ်ကြတော့မယ်လေ၊ မန်ချူးစစ်မှူးကြီး ရှေ့မှာ လက်ထပ်မှာကွ"

မြေခွေးနက်က...

"ကောင်းပြီ မင်းတို့ ပျော်ပျော် ရွှင်ရွှင်ကြီး လက်ထပ်ကြပေါ့ကွာ ဟုတ်ပြီလား"

စကားဆုံးသည်နှင့် ရုတ်တရက် ရှေ့သို့ ခုန်တိုးကာ ဂူးလျှံအား တိုက်ခိုက်လိုက်လေသည်။

"သွားစမ်း"

ဂူးလျှံက အော်ငေါက်ကာ လက်ထဲမှ ကင်းဆိပ်မားဖြင့် ပြန်လည် တိုက်ခိုက်လိုက်သည်။

ဝန်းကျင်တစ်ခုလုံး အေးစိမ့်မှု လွှမ်းမိုးသွား၏။

မားရောင်မှ ထွက်ပေါ်လာသော မည်းမည်း အရိပ်သဏ္ဌာန်ကြီးလည်း မြေခွေးနက်အား လွှမ်းခြုံသွားလေသည်။

"အား"

မြေခွေးနက်သည် အသံနက်ကြီးဖြင့် အော်ရင်း ကြမ်းပြင်ပေါ် လဲကျသွားသည်။

သို့သော်...ချက်ချင်း ပြန်ခုန်ထလာ၏။

ဤမျှ ဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားသော်လည်း မြေခွေးနက်ကား သေဆုံးသွားခြင်း မရှိသေးချေ။

www.burmeseclassic.com

www.burmeseclassic.com



ဝူးလျှံ ရင်ထိတ်သွားသည်။

ကင်းဆိပ်မားကိုပင် မမှုဘဲ သူမအား သုတ်သင်ရန် ခုန်ထလာသော မြေခွေးကက်ကို တွေ့လျှင် ထိတ်လန့်ကြောက်ရွံ့ကာ နောက်ဆုတ်သွားလေသည်။

မြေခွေးနက်က...

"မင်း ပြေးမလွတ်ပါဘူး"

အော်ငေါက်ရင်း ရှေ့သို့ တိုးသွား၏။

ထိုစဉ်...

ကျောက်ဖုံး၏ လက်တစ်ဖက် လှုပ်ရှားသွားလေသည်။

"ဝှစ်"

အလင်းရောင် တစ်ချက် ဝင်းလက်သွားပြီး ဓားပါးလေးတစ်လက်မှာ မြေခွေးနက်၏ နောက်ကျောသို့ စိုက်ဝင်သွား၏။

"အင့်"

မြေခွေးနက် ရှေ့သို့ ငိုက်ကျသွား၏။

ဤတွင် ဝူးလျှံက အခွင့်အရေးကို လက်လွှတ်မခံဘဲ ကင်းဆိပ်ဓားဖြင့် လျှပ်တစ်ပြက် ခုတ်ချလိုက်ပြန်၏။

"အား"

ယခုတစ်ကြိမ် အသက်ပြင်းလှသော မြေခွေးနက်ကား လုံးဝခံနိုင်ရည် မရှိတော့ပါချေ။

ကြမ်းပြင်ပေါ်တွင် တစ်ချက် နှစ်ချက် လူးလွန့်ကာ အကြောဆွဲပြီးနောက် လုံးဝငြိမ်သက်သွားလေတော့သည်။

○ ○ ○

"ဟား...ဟား...ဟား"



ကျောက်ဖုံး ဟားတိုက် ရယ်မောလိုက်၏။

ဝူးလျှံလည်း သဘောကျစွာ ပြုံးနေလေသည်။

မြေခွေးနက်ကား ကြမ်းပြင်ပေါ်၌ လဲကျကာ အသက်ပျောက်နေပြီ ဖြစ်လေသည်။

ကျောက်ဖုံး အားရပါးရ ရယ်မောပြီးမှ...

"မင်း သိပ်တော်တယ်၊ မြေခွေးနက်ကို လွယ်လွယ်နဲ့ သုတ်သင်ပစ်လို့ မရဘူး"

ဟု ချီးကျူးစကား ပြောလိုက်လေသည်။

ဝူးလျှံက...

"ဟင်း...ဟင်း အစ်ကိုကြီးပေးတဲ့ အကြံအတိုင်း လိုက်နာလို့ သူ့ကို သုတ်သင် ပစ်နိုင်တယ်ဆိုရင် မမှားပါဘူး၊ အစ်ကိုကြီးဆီက သာ အကြံမရရင် သူ့ကို ဘယ်လောက်ထိ လိုက်လျှောပြီး သည်းခံနေရမလဲ မပြောတတ်ဘူး၊ အခုတော့ တစ်ရန် ရှင်းသွားပြီပေါ့"

ဟု ပြောလိုက်၏။

ကျောက်ဖုံး မျက်မှောင်ကြုတ်ကာ...

"ညီမလေး ပြောသလို တစ်ရန် ရှင်းသွားပြီဆိုတော့ နောက်တစ်ရန် ကျန်သေးတယ်လို့ ဆိုလိုချင်တာပေါ့ ဟုတ်လား"

ဝူးလျှံ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ကျောက်ဖုံးက...

"ဆိုစမ်းပါဦး"

"ဘာလဲ အစ်ကိုကြီးက စုမာဖုံးကို မေ့နေပြီလား"

အမှန်ဆိုလျှင် ကင်းဆိပ်ဓားအတွက် တစ်ယောက်အပေါ် တစ်ယောက် ယုံကြည်မှု မရှိကြတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဝူးလျှံ အကောက်ကြံမည်ဟု တွက်ဆကာ မေးလိုက်ခြင်းဖြစ်သော်လည်း ဝူးလျှံ၏ စကားကြားလျှင် ကျောက်ဖုံး စောဒကမတက်နိုင်ပါတော့ချေ။

သူက ဦးခေါင်းတစ်ချက် ညိတ်လိုက်ပြီး...

"အင်း...ဟုတ်တယ် စုမာဖုံးက ကျုပ်တို့ကိုအလွတ် မပေးဘဲ ဒုက္ခပေးမှာ သေချာတယ်"

ဟု ပြောလိုက်၏။

ဝူးလျှံက...

"စုမာဖုံးကို သုတ်သင်ပစ်လို့ မဖြစ်ဘူးလား"

ကျောက်ဖုံးက...

"ဘာကြောင့် မဖြစ်ရမှာလဲ၊ ကင်းဆိပ်ဓား ကျုပ်တို့လက်လထဲ ရောက်နေပြီပဲ၊ စုမာဖုံးလည်း ခံနိုင်မှာ မဟုတ်ပါဘူး၊ ကင်းဆိပ်ဓားကို မမှုဘူးဆိုတာ ကျုပ် မယုံဘူး"

ဟု ပြောလိုက်သည်။

ဝူးလျှံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကင်းဆိပ်ဓားကို ခံနိုင်တဲ့လူ မရှိဘူးလို့ ကျွန်မလဲ ယုံကြည်တယ်"

ကျောက်ဖုံးက သူမအား ဖျတ်ခနဲ ကြည့်လိုက်ပြီး...

"ဒါဖြင့် စုမာဖုံးနဲ့ ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးပြီပေါ့"

ဝူးလျှံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူ့ကို သုတ်သင်ဖို့က အရေးကြီးဆုံးပဲ မဟုတ်ဘူး"

"ကဲ...ဒါဖြင့် သွားကြရအောင်"

ဝူးလျှံ မျက်မှောင်ကြုတ်သွားပြီ...



"ဘယ်လို သွားမှာလဲ"

ကျောက်ဖုံးက ပြုံးလိုက်ပြီး...

"စုမာဖုံးကို သွားရှာမယ်လေ"

ဝူးလျှံက...

"ဘယ်မှာ သွားရှာမှာလဲ"

"ကျင်းလိမ်မြို့စားကြီး စံအိမ်မှာ သွားရှာတာပေါ့"

"အဲဒီကို ရောက်နေတယ် ဟုတ်လား"

ဝူးလျှံက တအံ့တသြဖြင့် မေးလိုက်သည်။

ကျောက်ဖုံးက သက်ပြင်း တစ်ချက်ချရင်း...

"သူလာမှာ သေချာတယ်၊ ဘာကြောင့်လဲဆိုရင် သူ့ဆရာက အဲဒီကို လာမယ်လို့ သတင်းထွက်နေတယ်၊ သူ့ဆရာက ဝူးလျှံကို ကုသပေးနိုင်လိမ့်မယ်လို့ ယုံကြည်ထားမှာပဲ"

"သူ့ဆရာက တကယ်ပဲ ဆေးကုပေးနိုင်သလား"

ဝူးလျှံက အံ့သြစွာ မေးလိုက်၏။

ကျောက်ဖုံးက...

"ဒါတော့ ကျုပ်လဲ မပြောတတ်ဘူး စုမာဖုံးရဲ့ဆရာဟာ အဆိပ်ဟူသမျှကို နှိမ်နင်းတယ်လို့ ဆိုကြတာပဲ လွန်ခဲ့တဲ့နှစ်ပေါင်း သုံးဆယ်ကျော်က ကင်းဆိပ်ဓားဟာ သိုင်းလောကမှာ ထွက်ပေါ်လာဖူးတယ်လေ၊ အဲဒီတုန်းက ကင်းဆိပ်ဓား ပိုင်ရှင်ကို စုမာဖုံးရဲ့ ဆရာက ဆုံးမနှိမ်နင်းလိုက်တာလို့ သတင်းကြီးနေတာပဲ၊ သိုင်းလောကမှာ ကင်းဆိပ်ဓားရဲ့ အဆိပ်ဒဏ်ကို ခံနိုင်တဲ့လူ ကုသနိုင်တဲ့သူဟာ စုမာဖုံးရဲ့ ဆရာတစ်ယောက်ပဲ ရှိတယ်လို့ ပြောကြတယ်"

ဟု ရှင်းပြလိုက်၏။

ဝူးလျှံ မကျေမနပ် ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်ပေါ် ခြေတစ်ချက် ဆောင့်ရင်း...

"အင်း... ဒါကြောင့်လည်း စုမာဖုံးတို့ ဆရာတပည့်ဟာ သိုင်းလောကမှာ လက်မထောင်နေ ကြတာပေါ့၊ အင်း... သူတို့ကို သုတ်သင်ပစ်နိုင်ရင် ကျွန်မတို့ကို ဘယ်သူက နှောင့်ယှက်ဖို့ဦးမှာလဲ"

ဟု ခပ်ကြွားကြွား ပြောလိုက်၏။

ကျောက်ဖုံးက...

"ဟုတ်တယ် ဒါပေမယ့် တစ်ခုတော့ ရှိတယ်"

ထိုစဉ်...

မမျှော်လင့်သော ပြောင်းလဲမှုတစ်ရပ် ဖြစ်ပေါ်လာသည်။

အကြောင်းကား...

"ကျောက်ဖုံး တစ်ခါတစ်ခါ ကိုယ့်ရှုးကိုယ်ပတ် တတ်တယ် ဆိုတာ သတိထားဦး"

ကြည်လင်ပြတ်သားသော စကားသံတစ်ချက် ထွက်ပေါ်လာ သည်ကို ကြားလိုက်ရလေသည်။

"ဟင်"

ရုတ်တရက် ထွက်ပေါ်လာသော စကားသံကြောင့် ဂူးလျှံ ထိတ်လန့်သွားလေသည်။

ချက်ချင်းပင် လက်ထဲကိုင်ဆောင်ထားသော ဓားမြှောင်ဖြင့် အသံထွက်ပေါ်လာရာဆီသို့ ပစ်ပေါက်လိုက်လေသည်။

"ဝှစ်"

လေတိုးသံနှင့်အတူ ဓားမြှောင်မှာ တစ်ဟုန်ထိုး ပစ်လွှင့်သွား လေသည်။

ကျောက်ဖုံးက...

"ဘယ်သူလဲ"



ဟု အော်ပေါက်လိုက်သည်။

တစ်ဆက်တည်းမင်...

ဂူးလျှံအား တွန်းထုတ်ကာ အသံထွက်ပေါ်လာရာဆီသို့ ခုန် ထွက်သွားလေသည်။

ဖွင့်ထားသော ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ခုန် ထွက်သွားခြင်း ဖြစ်၏။

"မပြေးနဲ့"

ဂူးလျှံကလည်း အောက်ပေါက်ရင်း နောက်မှ ပြေးလိုက်လာ လေသည်။

သူတို့နှစ်ယောက် အပြင်ဘက်သို့ ရောက်လျှင်...

"ဟူး"

လေတိုးသံတစ်ချက် ထွက်ပေါ်လာပြီး လူရိပ်တစ်ခု ပြေးလွှားသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျောက်ဖုံးနှင့် ဂူးလျှံတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်၏။

ထို့နောက်...

ထွက်ပြေးသွားသော လူရိပ်နောက်သို့ အလွတ်မပေးဘဲ တစ်ဟုန်ထိုး ပြေးလိုက်သွားကြလေတော့သည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## မြွေ မြွေခြင်း

ဝူးလျှံနှင့် ကျောက်ဖုံးတို့၏ ကိုယ်ဖော့ပညာ အလွန်ထက်မြက်လေသည်။

ကိုယ်ဖော့ပညာတော်သည့်အပြင် လက်နက်ပုန်းပစ်ပညာလည်း တော်လှသဖြင့် ရှေ့မှ ပြေးသွားသူအား အမီလိုက်ကာ လက်နက်မှန်းဖြင့် ပစ်ခတ်ရင်း ပိတ်ဆို့ဟန့်တား လိုက်သည်။

ပြေးလွှားလာသူသည် အလွန်လျှင်မြန် ဖျတ်လတ်ပြီး ဝူးလျှံတို့အား လွတ်အောင် လှည့်ပတ်ပြေးသွား နိုင်ခဲ့သည်။

သို့သော် ... လက်နက်ပုန်းဖြင့် ပစ်ခတ်လာသောအခါ ရှေ့ဆက်မပြေးနိုင်ပါတော့ချေ။

ပြေးလွှားရာမှ ခြေလှမ်း ရပ်လိုက်ရ၏။

ထို့ကြောင့် ...

ဝူးလျှံနှင့် ကျောက်ဖုံးတို့ ချက်ချင်း မီသွားလေတော့၏။

ဝူးလျှံနှင့် ကျောက်ဖုံးတို့က ထိုလူအား ရှေ့နှင့်နောက်မှ ညှပ်ပူးညှပ်ပိတ် ကာဆီးထားလိုက်ကြ၏။

ကောင်းကင်ပေါ်၌ ထွက်ပေါ်နေသော လဝန်းကြောင့် ဝန်းကျင်မှာ လရောင်ဖြာကျကာ လင်းလင်း ချင်းချင်း ရှိနေပေသည်။

လရောင်ကြောင့် ထိုလူ၏ မျက်နှာကို တွေ့မြင်လိုက်ရလေတော့သည်။



ဝူးလျှံ အံ့အား သင့်သွားသည်။

"ဟင် ... လီယေား ပါလား"

သူမက လွှတ်ခနဲ ရေရွတ်လိုက်၏။

မှန်ပေသည်။

ထိုလူမှာ ဝူးလျှံ တို့နောက်သို့ ခြေရာခံလိုက်လာသော လီယေား ဖြစ်လေသည်။

လီယေားက မြွေခွေးနက်အား ဝူးလျှံက အကောက်ကြံကာ ရှင်းပစ်လိုက်ပုံကို တွေ့မြင်ခဲ့သည်။

ကျောက်ဖုံးကိုလည်း ထိုသို့ ရှင်းပစ်မည် ကြံရွယ်သောအခါ လွှတ်ခနဲ အော်ပြောလိုက်မိခြင်း ဖြစ်ပေသည်။

အသံထွက်လိုက်မိခြင်းကြောင့် ဝူးလျှံ၏ အကြံအစည် ပျက်ပြားသွားရသည်။

သို့သော် ...

သူ့ကိုလည်း အလွတ်မပေးဘဲ လိုက်လာကြပြီ ဖြစ်သည်။

လီယေားက မဲ့ပြုံး ပြုံးကာ ...

"ကျောက်ဖုံး ... ကျုပ်က ခင်ဗျားရဲ့ အသက်ကို အချိန်မီ ကယ်တင်လိုက်တဲ့အတွက် ခင်ဗျားက ကျုပ်ကို ကျေးဇူးဆပ်တာလားဗျ"

ဟု ပြောလိုက်၏။

ကျောက်ဖုံးမှာ လီယေား၏ စကားကို ကြားရလျှင် မျက်မှောင်ကုပ်သွားသည်။

သူက နားမလည်နိုင်ဟန်ဖြင့် ...

"မင်း ဘာပြောတာလဲ"

ဟု မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လီဟောက ...

"ခင်ဗျား နားမလည်ချင်ယောင် ဆောင်မနေပါနဲ့ဗျာ၊ ငူးလျှံက ခင်ဗျားကို သုတ်သင်ပစ်ဖို့ ကြံရွယ်နေတာဗျ၊ ကျုပ် အသိပေးလိုက်လို့ ခင်ဗျား သက်သာသွားတယ် မှတ်ပါ"

ဟု ပြောလိုက်၏။

ထိုစကားကြားလျှင် ...

ကျောက်ဖုံးက ငူးလျှံဘက်သို့ လှည့်ကြည့်လိုက်လေသည်။

သူ၏ အကြည့်မှာ စူးရဲခက်ထန်လှပေသည်။

ငူးလျှံ ရင်ထိတ်သွားသည်။

သူမ၏ ခန္ဓာကိုယ် မသိမသာ တုန်ခါသွားသည်။

သို့သော် ...

အမူအရာမပျက်အောင် ဏှမြွေဆည်ရင်း ...

"အစ်ကိုကြီး သူပြောတာကို မယုံပါနဲ့၊ သူက ကျွန်မတို့ စိတ်ဝမ်းကွဲအောင် တမင် ပြောနေတာပါ"

ဟု အော်ပြောလိုက်၏။

ကျောက်ဖုံး၏ မျက်နှာပေါ်တွင် လှူသတ်လိုသော အရိပ်အယောင်များ ဖြစ်ပေါ်လာသည်။

သို့သော် ...

ချက်ချင်းပင် ပျောက်ကွယ်သွား၏။

ကျောက်ဖုံးက ပြုံးရင်း ...

"ကျုပ် ယုံပါတယ်၊ ညီမက ကျုပ်အပေါ် ဘယ်တော့မှ သစ္စာ မဖောက်ဘူးဆိုတာ ကျုပ် စိတ်ချပြီးသားပါ"

ဟု ပြောလိုက်သည်။

ထို့နောက် ...



သူက လီဟောဘက် ပြန်လှည့်လိုက်သည်။

ယခုမှ ...

ငူးလျှံ စိတ်သက်သာရာ ရသွားလေသည်။

လီဟောကား စိတ်ပျက်သွားလေသည်။

လူဆိုး လူမိုက်များကား စဉ်းစားဆင်ခြင်ဉာဏ် နည်းပါးလှသည်ဟု တွေးတော ဆင်ခြင်မိလိုက်၏။

ကျောက်ဖုံးက လီဟောကို စိုက်ကြည့်ရင်း ...

"ပြောစမ်း မင်းက ကျုပ်တို့နောက်ကို ခြေရာခံပြီး လိုက်လာတာ မဟုတ်လား"

ဟု မေးလိုက်သည်။

လီဟော ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်က ခင်ဗျားတို့ အခြေအနေ လိုက်ကြည့်ခဲ့တာဝဲ"

သူက အမှန်အတိုင်း ပြောလိုက်၏။

ကျောက်ဖုံးက ...

"စုမာဖုံးကော ဘယ်မှာလဲ"

ဟု မေးလိုက်ပြန်သည်။

ကျောက်ဖုံးနှင့် ငူးလျှံတို့ နှစ်ယောက်စလုံး စုမာဖုံးကို စိုးရွံ့မှုရှိကြောင်း လီဟော နားလည်ထား၏။

ထို့ကြောင့် ...

သူက ခပ်တည်တည်ဖြင့်ပင် ...

"စုမာဖုံးက ခင်ဗျားတို့ကို လွှတ်ပေးလိုက်မယ် ထင်နိုင်မှားသွားမှာပေါ့၊ အခု သူ လိုက်လာပြီဗျ"

ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖုံး မျက်လုံးပြူးသွား၏။

"ဘာ … သူလိုက်လာပြီ ဟုတ်လား"

လီယေား ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

"သူဘယ်မှာလဲ"

မှူးလျှံက မနေနိုင်တော့ဘဲ ဝင်မေးလိုက်၏။

လီယေားက …

"အချိန်ကျရင် သူ ခင်ဗျားတို့ကို ထွက်တွေ့လိမ့်မယ်"

ဟု ခပ်တည်တည် ပြောလိုက်၏။

ရုတ်တရက် …

"ဟား … ဟား … ဟား"

ကျောက်ဖုံးက သဘောကျစွာ ရယ်မောလိုက်လေသည်။

လီယေား မျက်မှောင်ကုပ်သွားသည်။

ကျောက်ဖုံးအား ကြည့်ကာ …

"ခင်ဗျား ဘာရယ်တာလဲ"

ဟု မကျေမနပ်ဖြင့် မေးလိုက်၏။

ကျောက်ဖုံးက …

"မင်းလိမ်ပြောတာ ငါမသိဘူးများ မှတ်နေသလား လိမ်ပြောရင်လည်း ပိပိရိရိ လိမ်ပြောစမ်းပါကွာ ဗွားလျှံ အဆိပ်မိသွားလို့ စုမာဖုံးက သူ့ဆရာဆီကို ခေါ်သွားတာ ကျုပ်တို့ မသိဘူးထင်သလား"

ဟု ပြောလိုက်၏။

လီယေားက …

"ခင်ဗျား မှားနေပြီ၊ စုမာဖုံးက ဗွားလျှံကို သူ့ဆရာဆီ ခေါ်သွားတာ မှန်ပေမယ့် သူ့ဆရာဆီမှာ အပ်ထားခဲ့ပြီး ခင်ဗျားတို့ကို လိုက်ရှာနေပြီဗျ"

"ဘာ …"

ကျောက်ဖုံး ထိတ်လန့်သွားသည်။

သူက လီယေား၏ စကားကို ကြားလိုက်ရခြင်းကြောင့် မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

လီယေားက ဆက်ပြောလိုက်၏။

"မကြာခင် ဒီကို စုမာဖုံး ရောက်လာတော့မယ်၊ သူရောက်လာရင် ခင်ဗျားတို့ ထွက်ပြေးဖို့ စိတ်မကူးနဲ့တော့"

ထိုစဉ် …

ဗွားလျှံ၏ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"အစ်ကိုကြီး သူပြောတာ မယုံနဲ့၊ သူဟာ ကျွန်မတို့လက်က ထွက်ပြေးလို့ မလွယ်မှန်းသိလို့ တမင် စုမာဖုံး နာမည်အသုံးပြုပြီး ခြိမ်းခြောက်နေတာ"

ယခုတကြိမ် …

မျက်နှာပျက်သွားရသူကား လီယေားပင် ဖြစ်လေသည်။

သူ၏ ရင်ထဲတွင်လည်း စိုးထိတ်သွားမိ၏။

ဗွားလျှံက သူ၏အကြံကို ရိပ်မိထားသည် မဟုတ်ပါလား …

ဗွားလျှံက ဆက်ပြောလိုက်၏။

"အစ်ကိုကြီး သူ့ကို ရှင်းပစ်လိုက်စမ်းပါ၊ ကျွန်မတို့ကို ဒုက္ခပေးချင်တဲ့ လူတစ်ယောက် လျော့သွားတာပေါ့"

ပြောရင်း ရှေ့တိုးလာ၏။

ကျောက်ဖုံး ခေါင်းညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်"

သူက ဂူးလျှံ လက်ထဲမှ ကင်းဆိပ်ဓားကို ကြည့်ရင်း...

"မင်းရဲ့ ကင်းဆိပ်ဓားအကြောင်း သူ့ကို ပြလိုက်စမ်းပါ"

ဟု ပြောလိုက်၏။

ဂူးလျှံ ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ အစ်ကိုကြီး သေသေချာချာ ကြည့်ထားပေတော့"

"ရွှမ်း"

စကားဆုံးလျှင် ကင်းဆိပ်ဓားအား ဆွဲထုတ်လိုက်သည်။

ဓားကွက်ပေါ်လာသည်နှင့် အေးစိမ့်မှုက ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံသွားတော့၏။

ဂူးလျှံက လီပေးကို ကြည့်ရင်း...

"စုမာဖုံး ရောက်လာရင်လည်း ကျွန်မက သုတ်သင်ပစ်မှာပဲ၊ သူက ရောက်မလာသေးတော့ အခု လောလောဆယ် ရှင့်အလှည့်ပဲပေါ့"

စကားဆုံးလျှင် လျှပ်တစ်ပြက် ခုတ်ချလိုက်လေသည်။

လီပေး ရင်ထိတ်သွားသည်။

ကင်းဆိပ်ဓား ကိုင်ဆောင်ထားသည့် ဂူးလျှံအား ရင်ဆိုင်ဖို့ မလွယ်ကြောင်း နားလည်ထားလေသည်။

ကင်းဆိပ်ဓားကြောင့် ဟာန်ရှောင် သေဆုံးခဲ့ရသည်ကို လည်းကောင်း၊ မြေခွေးနက် သေဆုံးခဲ့ရသည်ကိုလည်းကောင်း၊ သူကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်ထားပြီးပြီ မဟုတ်ပါလား။

ထို့ကြောင့်...

နောက်သို့ ခုန်ရှောင်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်...



အလွန်ထူးခြားသော အဖြစ်အပျက် ဖြစ်ပေါ်လာလေသည်။

ဂူးလျှံမှာ လီပေးကို ခုတ်ချရန် ဟန်ပြင်ပြီးမှ ချာခနဲ လှည့်ကာ...

"သေပေတော့"

အော်ငေါက်ကာ ကျောက်ဖုံးအား တိုက်ခိုက်လိုက်လေသည်။

ကင်းဆိပ်ဓား ပိုင်ဆိုင်ရေးအတွက် ကျောက်ဖုံးကို သုင်သင်ရှင်းလင်းလိုက်ခြင်း ဖြစ်ပေတော့သည် မဟုတ်ပါလား။

လီပေး ကြောင်အမ်းအမ်း ဖြစ်ကာ ငေးကြည့်နေမိလေတော့၏။

○ ○ ○

"ဝှစ်..."

လေတိုးသံတစ်ချက် ထွက်ပေါ်လာသည်။

ကင်းဆိပ်ဓားသည် ကျောက်ဖုံးထံ လျှပ်တစ်ပြက် တိုးဝင်သွားသည်။

ဂူးလျှံသည် အလစ်အငိုက်ဖမ်းကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။

သို့သော်...

ယခုတစ်ကြိမ် သူမ၏ တွက်ကိန်းမှားသွားလေသည်။

အကြောင်းကား...

ကျောက်ဖုံးသည် မြေခွေးနက်ထက်ပို၍ ပါးနပ်သူတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား"

ကျောက်ဖုံးသည် ဖြစ်ပေါ်လာနိုင်သည့် အားလုံးကို ကြိုတင်တွက်ဆထားခဲ့ဟန် ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူးလှျံ နောက်လှည့် တိုက်ခိုက်လာသည်နှင့် ခြေထောက်ကို ရှေ့ဆန့်ထုတ်ကာ မြင်းထန်စွာ ကန်ကျောက်လိုက်၏။

ဂူးလှျံကား ကျောက်ဖုံးကို သုတ်သင်နိုင်မည်ဟု တစ်ထစ်ချ ယုံကြည်ထား၏။

ကျောက်ဖုံး ယခုလို လက်ဦးအောင် တိုက်ခိုက်လာမည်ဟု မမျှော်လင့်ခဲ့ချေ။

ထို့ကြောင့်...

သူမက လုံးဝမရှောင် နိုင်တော့ပါ။

"ဝုန်း"

"အမယ်လေး"

စူးရှသော အော်ဟစ်သံနှင့်အတူ အဝေးသို့ လွင့်စဉ်သွားလေသည်။

သို့တိုင်...

ကင်းဆိပ်မားအား သူမလက်ထဲ၌ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားဆဲပင်။

ကင်းဆိပ်မား ရှိနေလျှင် အန္တရာယ်များအား ဖြေရှင်းနိုင်သည်ဟု ယုံကြည်ထားသည် မဟုတ်ပါလား။

သူမက မြေပေါ်မှ လူးလဲထလိုက်၏။

ထိုစဉ်...

"သေပေတော့"

ကျောက်ဖုံးက ကြုံးဝါးရင်း ဂူးလှျံထံသို့ ပြေးဝင်ကာ တိုက်ခိုက်လိုက်လေသည်။

ဂူးလှျံအား သုတ်သင်ရှင်းလင်းပြီး ကင်းဆိပ်မားကို အပိုင်စီးရန် အလျင်အမြန် ကြိုးစားလိုက်ခြင်း ဖြစ်လေသည်။



လီဟေးကား အခြေအနေကို ကောင်းစွာနားလည် သဘောပေါက်သွားချေပြီ။

မည်သူ့လက်တွင်း၌ ကင်းဆိပ်မား ရှိနေပါစေ။ နောက်ဆုံး သူ၏ အသက်ကို ရန်ရှာလာမည် မဟုတ်ပါလား။

ထို့ကြောင့် သူကလည်း ဒဏ်ရာရထားသော ဂူးလှျံထံမှ ကင်းဆိပ်မားကို လုယူရန် ကြိုးစားလိုက်လေတော့၏။

မြေပေါ်ခြေဆောင့်ကာ ရှေ့သို့ ခုန်ဝင်ပြီး ကျောက်ဖုံးကို တိုက်ခိုက်လိုက်သည်။

"ဟင်"

ကျောက်ဖုံး ထိတ်လန့်သွားသည်။

လီဟေး ကြားဝင်တိုက်ခိုက် လာမည်ဟု သူက ထင်မှတ်မထားခဲ့ချေ။

တွက်ဆမှု အနည်းငယ် မှားယွင်းသွားသည်နှင့်...

"ဝုန်း"

"အား"

ကျောက်ဖုံးမှာ လီဟေး၏ ခြေကန်ချက်ကြောင့် အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

လီဟေးက မြေပေါ်၌ လဲကျနေသော ဂူးလှျံက တိုးဝင်သွားလေသည်။

ထို့နောက်...

ကင်းဆိပ်မားအား လုယူရန် လက်လှမ်းလိုက်သည်။

ဤတွင် မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာခဲ့လေသည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com



ငှုးလျှံသည် ကျောက်ဖုံး၏ ခြေကန်ချက်ကြောင့် ဒဏ်ရာ ပြင်းထန်စွာ ရရှိထားပြီး ဖြစ်၏။

သို့သော်...

ကင်းဆိပ်မားကို မက်မောလွန်းသဖြင့် မားကို ကျစ်ကျစ် ပါအောင် ဆုပ်ကိုင်ထားသည်။

လီဟောက သူမ လက်ထဲမှ ကင်းဆိပ်မားအား လုယူရန် ကြိုးစားလာသောအခါ...

"သွားစမ်း"

အော်ငေါက်ကာ မားဖြင့် ဆီးကြိုခုတ်ချလိုက်သည်။

"ဟင်"

လီဟော အထိတ်တလန့် ဖြစ်သွားသည်။

သူ၏ မျက်နှာလည်း ဖြူဖပ် ဖြူရော် ဖြစ်သွား၏။

"မလုပ်နဲ့"

အော်ဟစ်ကာ ချက်ချင်း နောက်ပြန် ဆုတ်လိုက်သည်။

သို့သော်...

သူက အနည်းငယ် နောက်ကျသွားလေသည်။

ကင်းဆိပ်မားသည် သူ၏ လက်မောင်းအား ရှပ်ထိသွားလေ တော့သည်။

"ရှပ်"

"အား"

လီဟော ထိတ်လန့်တုန်လှုပ်ကာ လွှတ်ခနဲ အော်လိုက်မိ၏။

သူ၏ လက်မောင်းမှ သွေးမည်းများ စီးကျလာသည်ကို တွေ့ ရလေသည်။

လီဟော မျက်နှာပျက်သွား၏။



သူက လက်မောင်းတစ်ဝိုက် သွေးကြောများကို ကပျာကယာ ထိုးပိတ်လိုက်သည်။

တစ်ဖန်...

တိုက်ခိုက်ရန် စိတ်မကူးတော့ပဲ ဘေးသို့ ခုန်ထွက်ကာဝေး ရာသို့ ပြေးသွား၏။

မည်သို့ဆိုစေ...

သူ၏ လှုပ်ရှားမှုကြောင့် သွေးကြောပိတ်လိုက်သော်လည်း အဆိပ်က ပျံ့နှံ့သွားချေပြီ။

ခြေလှမ်းဆယ်လှမ်းမျှ ပြေးပြီး သွားသည်နှင့် ခန္ဓာကိုယ် တစ်ချက် တုန်ခါသွားပြီး...

"ဝေါ့"

ပါးစပ်ထဲမှ သွေးမည်းများ အန်ထုတ်လိုက်သည်။

ထို့နောက်...

"ဝုန်း"

မြေပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

[illegible]

## မိုင်ရှင်သစ်

လီဟေးမြေပေါ်၌ မှောက်လျက် လဲကျနေသည်။

သူ၏ ခန္ဓာကိုယ်ကား လှုပ်ရှားမှု အလျဉ်းမရှိတော့ပါချေ။

ကင်းဆိပ်ဓား အန္တရာယ်သည် အလွန်ပင် ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

လျှင်မြက်ဖျတ်လတ်ပြီး သိုင်းစွမ်းရည် ပြည့်ဝသော လူငယ်လေး လီဟေးပင်လျှင် ဓားရှပ်ထိရုံမျှဖြင့်ပင် သေဆုံးသွားခဲ့ရပြီဖြစ်သည်။

ရှုးလျှံက မြေပေါ်မှ လူးလိမ့်ထလိုက်သည်။

သူ၏ မျက်နှာတစ်ခုလုံး ရှုံ့မဲ့နေသည်။

သူမ၏ ဝမ်းဗိုက်နှင့် ရင်ဘတ်ကား မခံမရပ်နိုင်အောင် နာကျင်နေပေသည်။

ကျောက်ဖုံး၏ လက်ချက်ကြောင့် အတွင်းဒဏ် ပြင်းပြင်းထန်ထန် ရထားပြီဖြစ်ကြောင်း နားလည်မိ၏။

ကျောက်ဖုံးက ထပ်မံတိုက်ခိုက်ခြင်း မပြုဘဲ သူမကို စိုက်ကြည့်နေသည်။

ရှုးလျှံ အံကြိတ်ကာ...

"ရှင် တော်တော် ရက်စက်ပါလား"

ဟု ဒေါသတကြီး ပြောလိုက်သည်။



"ဟား...ဟား...ဟား"

သူမ၏ စကားကြားလျှင် ကျောက်ဖုံး သဘောကျစွာ ရယ်မောလိုက်သည်။

အတန်ကြာ ရယ်မောပြီးမှ ရှုးလျှံအား စေ့စေ့ကြည့်ပြီး...

"မင်းက ကျုပ်ထက်တောင် ပိုပြီး ရက်စက်သေးတယ်၊ ကျုပ်ကိုပါ ရှင်းပစ်ဖို့ စိတ်ကူးထားတယ် မဟုတ်လား၊ ဒါကြောင့် ကျုပ်က လက်ဦးအောင် တိုက်ခိုက် လိုက်ရတာပါ၊ ဒီလောက် ပြင်းပြင်းထန်ထန် ဒဏ်ရာရထားတာတောင် လီဟေးကို သတ်သင် ပစ်နိုင်ခဲ့တာ ချီးကျူးပါတယ်"

သူက ကျေနပ်သော လေသံဖြင့် ပြောလိုက်၏။

ရှုးလျှံ ခံပြင်းသွားသည်။

သူမက တံတွေး ပျစ်ခနဲ ထွေးလိုက်ပြီး...

"ထွီ...ရှင် ဓားလုတယ်ထင်ပြီး တိုက်ခိုက်လိုက်တာရှင့်၊ သူမှန်းသိရင် ကျွန်မ တိုက်ခိုက်မိမှာ မဟုတ်ဘူး၊ သူ့လက်ထဲ ကင်းဆိပ်ဓား ရောက်သွားရင် ရှင် ဘယ်နည်းနဲ့မှ ပြေးလွတ်မှာ မဟုတ်တော့ဘူး"

ဟု ဒေါသတကြီး ပြောလိုက်၏။

ကျောက်ဖုံး ခေါင်းညိတ်လိုက်သည်။

ထို့နောက်...

သူက ဖြူးရယ်လိုက်ပြီး...

"မင်းပြောတာ မှန်ပါတယ်၊ ဒါပေမယ့် အခု သူက မြေကြီးပေါ်မှာ လဲနေပြီလေ၊ ကျုပ်ကတော့ မားမားမတ်မတ် ရပ်နေနိုင်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလာ၏။

ဝူးလျှံ နားခေါင်း ရှုံ့လိုက်သည်။

“ရှင်လည်း မကြာခင် မြေကြီးပေါ် လဲကျရမှာပါ”

ကျောက်ဖုံး လက်ကာပြလိုက်၏။

“ကျုပ်က လောကြီးတဲ့ လူတစ်ယောက် မဟုတ်ပါဘူး။ မင်း သေဆုံးသွားတဲ့အချိန်ထိ ကျုပ် စောင့်နိုင်ပါတယ်၊ မင်းသေသွားမှပဲ ကင်းဆိပ်ခားကို ယူတော့မယ်”

မှန်ပေသည်။

ကျောက်ဖုံးအတွက် ကင်းဆိပ်ခားကို အလိုရှိလျှင် စိတ်လောကြီးစရာ မလိုချေ။

ဝူးလျှံ သေဆုံးမည့် အချိန်ကို စောင့်ဆိုင်းပြီးမှ အေးအေးဆေးဆေး ရယူနိုင်သည် မဟုတ်ပါလား။

ဝူးလျှံ အံတင်းတင်း ကြိတ်ကာ…

“ရှင့် လက်ချက်ကြောင့် ကျွန်မ သေသွားမယ် ထင်ရင် မှားမှာပေါ့၊ နောက်တစ်နှစ်ကြာတာတောင် ကျွန်မ သေဦးမှာ မဟုတ်ဘူးရှင့်”

ဟု အော်ပြောလိုက်၏။

ကျောက်ဖုံး ခေါင်းခါယမ်းလိုက်သည်။

“မင်း မှားနေပြီ၊ ကျုပ်ကလဲ တစ်နှစ်ကြာအောင် မစောင့်နိုင်ပါဘူး”

သူက ဝူးလျှံအား အေးစက်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်ပြီး…

“ကျုပ်က မင်း အမြန်ဆုံး သေသွားအောင် ကူညီပေးပါ့မယ်”



စကားဆုံးလျှင် လက်တစ်ဖက် ဝှေ့ယမ်းလိုက်သည်။

“ဗုစ်…ဗုစ်…ဗုစ်”

လေတိုးသံများနှင့်အတူ ဝင်းလက်တောက်ပသော အလင်းရောင်တန်းများ ထွက်ပေါ်လာသည်။

ပေါက်ခားကလေး သုံးချောင်းသည် ဝူးလျှံ၏ ရင်ဝ၊ ခြေထောက်နှင့် ဦးခေါင်းပိုင်းဆီသို့ သုံးနေရာခွဲကာ ပစ်လွှင့်လာတော့သည်။

ဝူးလျှံ ခေါ်မွသွားသည်။

“သွားစမ်း”

အော်ငေါက်ကာ လက်ထဲမှ ကင်းဆိပ်ခားကို ဝှေ့ယမ်းလိုက်လေသည်။

“ချွင်”

“ချွင်…ချွင်”

မြည်သံများ ထွက်ပေါ်လာပြီး ပေါက်ခားကလေး သုံးလက် မြေပေါ်ပြုတ်ကျသွားသည်။

ကျောက်ဖုံး၏ မျက်နှာ တည်ကြည်သွားသည်။

ဒဏ်ရာရသွားသည့်တိုင် ဝူးလျှံ၏ သိုင်းပညာမှာ ကြောက်စရာ ကောင်းနေကြောင်း နားလည်လိုက်၏။

“ဟား…ဟား…ဟား”

ဝူးလျှံ ရယ်မောလိုက်သည်။

ကျောက်ဖုံး၏ တိုက်ခိုက်မှုကို လုံးဝ အရေးမစိုက်သည့်သဘောဖြစ်သည်။

ကျောက်ဖုံး မဲ့ပြုံး ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်လောက် ခေါင်းမာနိုင်မလဲ ဆိုတာ ကြည့်ရသေးတာပေါ့"

စကားဆုံးလျှင် ယာဘက်လက်ကို ဝှေ့ယမ်းလိုက်ကာ ပေါက်ခြားများဖြင့် ပစ်ခတ်လိုက်သည်။

တစ်ဆက်တည်းဝင်...

ဝဲဘက်လက်ကို ဆန့်ထုတ်ကာ အဆိပ်အပ်များဖြင့် ပစ်ခတ်လိုက်သည်။

"ဝှစ်...ဝှစ်"

လေထိုးသံများ ထွက်ပေါ်လာသည်။

ကျောက်ဖုံး ပစ်လွှင့်လိုက်သော လက်နက်ပုန်းများသည် ဝူးလျှံထံ တစ်ဟုန်ထိုး တိုးဝင်သွားသည်။

ဝူးလျှံက ကင်းဆိပ်ခြားအား ဝှေ့ယမ်း လိုက်သည်။

"ချွင်"

"ချွင်...ချွင်"

ပေါက်ခြားကလေးများ မြေပေါ်ပြုတ်ကျသွားသည်။ ပေါက်ခြားကလေးများအား ရိုက်ထုတ်ပြီးချိန်တွင် အဆိပ်အပ်ကလေးများက ဝင်ရောက်လာသည်။

"ဟင်"

ဝူးလျှံ အထိတ်တလန့် ဖြစ်သွားသည်။

သူမက လက်ထဲမှ ကင်းဆိပ်ခြားကို တရကြမ်း ဝှေ့ယမ်းလိုက်သည်။

သို့သော်...ယခုတစ်ကြိမ် ဒဏ်ရာ ရထားခြင်းကြောင့် သူမ၏ လှုပ်ရှားမှု အနည်းငယ် နှေးကွေးသွားသည်။



ထို့အပြင်...

ကျောက်ဖုံးက ပရိယာယ်ဆင်ကာ တိုက်ခိုက်လာသည်က တစ်ကြောင်းမို့...

"အင့်"

လက်မောင်းနှင့် ရင်ဝတွင် လက်နက်ပုန်းနှစ်ခု ထိမှန်သွားလေသည်။

ဝူးလျှံ မသဲမကွဲ ညည်းညူရင်း နောက်ပြန်လဲကျသွားလေတော့သည်။

ထိုစဉ်...

"သေပေတော့"

ကျောက်ဖုံးက အော်ငေါက်ရင်း ပြေးဝင်လာသည်။

ဝူးလျှံ အနီးသို့ လျှပ်တစ်ပြက် ချဉ်းကပ်လာပြီး လက်ဝါးတစ်ချက် ရိုက်ချလိုက်သည်။

ဝူးလျှံမှာ မည်သို့မျှ ရှောင်တိမ်းနိုင်စွမ်း မရှိတော့ပါ။

"ဝုန်း"

"အမယ်လေး"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပြီး ဝူးလျှံမှာ မြေပေါ် သုံးလေးပတ်မျှ လိမ့်ကာ လွင့်စဉ်သွား၏။

ယခုတစ်ကြိမ်...

မြေပေါ်မှ ပြန်ထမလာနိုင်တော့ချေ။

ပြင်းထန်သော ဒဏ်ရာအပြင် အဆိပ်လက်နက်ပုန်း ထိမှန်သွားခြင်းကြောင့် သေဆုံးသွားပြီ ဖြစ်သည်။

သို့တိုင်...

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲ၌ ကင်းဆိပ်မှားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားဆဲပင်။

"ဟား...ဟား...ဟား"

ကျောက်ဖုံး သဘောကျစွာ ရယ်မောလိုက်သည်။

ကင်းဆိပ်မှား ရှိနေသော်လည်း ငှုးလျှံက အန္တရာယ် မပြုနိုင်တော့ကြောင်း သူကောင်းစွာ နားလည်ထား၏။

ရယ်မောရင်း ငှုးလျှံထံသို့ တစ်လှမ်းချင်း လှမ်းသွားလေသည်။

ငှုးလျှံ၏ မျက်လုံးအစုံ ပြူးကျယ်နေသည်။

သူမ၏ မျက်လုံးထဲတွင် နှုတ်ရှာမှုန်းတီးသော ခံပြင်းနာကျည်းသော အရိပ်အယောင်များ ပါဝင်နေ၏။

ကျောက်ဖုံးက ဂရုမစိုက်ပါ။

ငှုးလျှံ လက်ထဲမှ ကင်းဆိပ်မှားကို ဖြုတ်ယူလိုက်၏။

"ဟား...ဟား...ဟား"

သူက လက်ထဲ ရောက်ရှိလာသော ကင်းဆိပ်မှားကို ကြည့်ကာ ကျေနပ်စွာ ရယ်မောလိုက်သည်။

ထို့နောက်...

ထိုနေရာမှ ချာခနဲ လှည့်ထွက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်...

မမျှော်လင့်သော ပြောင်းလဲမှု ဖြစ်ပေါ်လာရလေသည်။

"ဟူး"

လေတိုးသံတစ်ချက် ထွက်ပေါ်လာပြီး လူရိပ်တစ်ခုသည် ရုတ်ခြည်း ရောက်ရှိလာကာ သူ၏ သွားလမ်းကို ပိတ်ဆို့ထားလိုက်လေသည်။



ကျောက်ဖုံး ရင်ထိတ်သွားသည်။

ကြားဝင်ဟန့်တားလာသူကို တွေ့လျှင် ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

သူ၏ မျက်လုံးအစုံသည် ပြူးကျယ်သွားသည်။

"ဟင်...စုမာဖုံး"

ဟုလည်း အလန့်တကြား ရေရွတ်မိလေတော့၏။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## လှည့်ကွက်

လေပြည်လေညင်း ဖွေ့ယမ်းတိုက်ခတ်လာသည်။

လေပြည်သည် အေးမြစေသော်လည်း ကျောက်ဖုံး၏ ရင်ထဲ၌ ပူလောင်နေပေသည်။

အကြောင်းကား...

မဟာရန်သူတော် စုမာဖုံးအား တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်သည်။

စုမာဖုံးကား ရောက်ရှိလာချေပြီ။

စုမာဖုံး ရောက်ရှိလာသဖြင့် ကင်းဆိပ်ဓား ရရှိထားသော်လည်း ရင်ဆိုင်ရန် မဝံ့မရဲ ဖြစ်နေလေသည်။

ကျောက်ဖုံး သက်ပြင်းတစ်ချက် မသိမသာ ချလိုက်၏။

စုမာဖုံး ရောက်ရှိလာခြင်းကြောင့် ထွက်သွားရန် မလွယ်တော့ကြောင်း နားလည်မိလေသည်။

"ဟား...ဟား...ဟား"

စုမာဖုံးက ရယ်မောလိုက်သည်။

ကျောက်ဖုံးနောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်၏။

စုမာဖုံးအား ကြည့်ကာ...

"မင်း...မင်း ဘယ်လိုလုပ် ရောက်လာတာလဲ"

ဟု အထိတ်တလန့် မေးလိုက်သည်။



စုမာဖုံးက...

"ကျုပ် သွားချင်တယ်ဆိုရင် တားမရသလို လာချင်တယ်ဆိုရင်လည်း တားလို့ မရဘူး ဆိုတာ မှတ်ထားပါ"

ဟု ပြောလာ၏။

ကျောက်ဖုံးမှာ ဟန်မဆောင်နိုင်အောင်ပင် မျက်နှာပျက်ယွင်းနေ၏။

"မင်း...မင်း ဗွားလျှံကို ခေါ်ပြီး ထွက်သွားတယ်ဆို"

စုမာဖုံး ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ကျောက်ဖုံးက...

"ဗွားလျှံ မသေဘူးပေါ့"

စုမာဖုံး နှာခေါင်းရှုံ့လိုက်သည်။

"ခင်ဗျား သေစေချင်တိုင်း သေရမှာလားဗျာ"

ကျောက်ဖုံး မြေပေါ်ခြေဆောင့်လိုက်၏။

"ကျုပ် လက်ထဲမှာ ကင်းဆိပ်ဓား ရှိနေပြီဆိုတာကိုလည်း သတိထားဦး၊ ကျုပ်က မင်းကို ကြောက်မယ်များ ထင်နေသလား"

ဟု ငေါက်လိုက်၏။

စုမာဖုံးက...

"ခင်ဗျားမှာ ကင်းဆိပ်ဓား ရှိတော့ကော ကျုပ်က ဂရုစိုက်ရမှာလား"

ကျောက်ဖုံး၏ မျက်နှာ တင်းမာသွားသည်။

သူက အလွယ်တကူ အလျှော့မပေးနိုင်ပါ။

ပြေးမလွတ်သည့် အတူတူ သူသေ ကိုယ်သေ ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်၏။

www.burmeseclassic.com



ကျောက်ဖုံး အံကြိတ်လိုက်သည်။

"ကောင်းပြီ၊ မင်းက ဂရုမစိုက်ဘူးဆိုရင် အခု သိရမှာပေါ့"

စကားဆုံးလျှင် လျှပ်တစ်ပြက် ရှေ့တိုးကာ တိုက်ခိုက်လိုက်၏။

သူကတရကြမ်းပင် တိုက်ခိုက်ခြင်း ဖြစ်လေသည်။

စုမာဖုံး နောက်သို့ လျင်မြန်စွာ ဆုတ်သွား၏။

တစ်ဆက်တည်းပင်...

"ရပ်လိုက်"

ကျယ်လောင်စွာ ဟန့်တားလိုက်သည်။

ကျောက်ဖုံး မျက်မှောင်ကြုတ်သွားသည်။

စုမာဖုံးအား အကဲခတ်ကြည့်ကာ...

"ဘာလဲ မင်း ကြောက်နေပြီလား"

ဟု ခနဲ့လိုက်၏။

စုမာဖုံး နှာခေါင်းရှုံ့လိုက်သည်။

"ကျုပ်က ဘာကြောင့် ကြောက်ရမှာလဲ"

ကျောက်ဖုံးက...

"ဒါဖြင့် ကျုပ်ကို ဘာကြောင့် ဟန့်တားရတာလဲ"

ဟု နားမလည်နိုင်ဟန်ဖြင့် မေးလိုက်၏။

သူ၏ စကားကြားလျှင်...

"ဟား...ဟား...ဟား"

စုမာဖုံးက ဆသောကျစွာ ရယ်မောလိုက်သည်။

အတန်ကြာ ရယ်မောပြီးမှ...

"ခင်ဗျား ပြေးလို့ မလွတ်ဘူးဆိုတာ ပြောချင်လို့ပါ အေးအေး ဆေးဆေး လက်နက်ချ အဖမ်းခံရင် ကောင်းမယ်"

ဟု ပြောလာ၏။



ကျောက်ဖုံး မဲ့လိုက်၏။

"ကျုပ်က အဖမ်းခံမယ့်အတူ မင်းကိုပဲ ရအောင် သတ်သင်မယ်ဆိုတာ မှတ်ထားပါ"

စုမာဖုံး ခေါင်းခါ ယမ်းလိုက်သည်။

သူက စိတ်ပျက်သော လေသံဖြင့်...

"ခင်ဗျားက အတော်ပြောရခက်တာပဲ ခင့်ဗျား နောက်ကိုလဲ လှည့်ကြည့်လိုက်ပါဦး"

ဟု ပြောလိုက်သည်။

ကျောက်ဖုံး ခေါင်းခါ ယမ်းလိုက်သည်။

"ဒါမျိုးတွေ ရိုးနေပြီ ကျုပ်ကို လှည့်စားလို့ မရဘူးဆိုတာ မှတ်ထားပါ"

သူက အလိမ်အညာ ခံမည် မဟုတ်ပေ။

ထို့ကြောင့်...

နောက်မလှည့်ကြည့်ဘဲ ပြောလိုက်ခြင်း ဖြစ်ပေသည်။

စုမာဖုံး မခုံးတွန့်လိုက်သည်။

"ခင်ဗျားကို ကျုပ် တကယ်ပြောနေတာ"

ကျောက်ဖုံး ခေါင်းခါယမ်းလိုက်၏။

"ကျုပ် မယုံဘူး"

စုမာဖုံး သက်ပြင်းတစ်ချက် ချလိုက်၏။

ထို့နောက်...

လက်တစ်ချက် ဝှေ့ယမ်းလိုက်ပြီး...

"ကောင်းပြီလေ ခင်ဗျား မယုံရင်လဲ မတတ်နိုင်ဘူး၊ ကိုသင်း ကျုပ် အမိန့်မပေးဘဲ ဘာမှ မလုပ်ပါနဲ့ဗျာ"

ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ စကားအဆုံးတွင် အနောက်ဘက်မှ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"စိတ်ချ၊ ကျုပ်က ကင်းဆိပ်ခါးကို ဖျက်ဆီးရရင်ပဲ ကျေနပ်ပါပြီ၊ ဘယ်သူ့ကိုမှ ပုဂ္ဂိုလ်ရေးအရ အာဃာတ မထားပါဘူး"

အလွန်ပင် အေးစက်သော စကားသံတစ်ချက်ပင် ဖြစ်သည်။

ရုတ်တရက်...

ကျောက်မာဖုံး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

မျက်စိမျက်နှာလည်း ပျက်သွားသည်။

အကြောင်းကား...

သူ၏ နောက်ဘက်တွင် အမှန်တကယ် ဝိုင်းရံထားသူများ ရှိကြောင်း သိလိုက်ရပြီ မဟုတ်ပါလား။

ထိတ်လန့် တုန်လှုပ်စွာဖြင့် မသိမသာ နောက်လှည့်ကြည့်လိုက်သည်။

ထိုအခါ...

အနောက်ဘက်တွင် ကိုထင်း၊ လုံယွမ်၊ ချီရသေ့နှင့် ဂူဟောင်တို့မှာ သူထံသို့ လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျောက်ဖုံး မျက်လုံးများ ပြာဝေသွားသည်။

သူက ထွက်ပြေးရန်ပင် စဉ်းစားမိ၏။

ကိုထင်းတို့အား ကြောက်ရွံ့၍ကား မဟုတ်ပါချေ။

စုမာဖုံး ပါဝင်နေခြင်းကြောင့် ရင်ဆိုင်ဖို့ မလွယ်ကြောင်း နားလည်ထားခြင်းပင်။

ကင်းဆိပ်ခါး လက်ဝယ်ရရှိလျှင် သိုင်းလောက၌ မည်သူ့ကိုမျှ မှုစရာ မလိုတော့ဟု ယူဆထား၏။

သို့သော်...



တကယ်တမ်း လက်ထဲရောက်လာသည့် အခါ၌မူ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု မရှိဘဲ ဖြစ်နေ၏။

ကင်းဆိပ်ခါး ရှိနေသော်လည်း စုမာဖုံးတို့လူစုအား ကျော်လွှား နိုင်ပါမည်လောဟု သံသယ ဝင်နေမိသည်။

ကျောက်ဖုံးက အခြေအနေကို အကဲခတ် ကြည့်လိုက်လေသည်။

တစ်ဆက်တည်းပင်...

"သွားစမ်း"

အော်ဟောက်ကာ လက်ကျ သေဆုံးနေသော ဂူးလျှံအား ကန်ကျောက်လိုက်သည်။

ဂူးလျှံ၏ ခန္ဓာကိုယ်သည် စုမာဖုံးထံ တိုးဝင်သွားသည်။

ဤသည်ကို အခွင့်ကောင်းယူကာ ကျောက်ဖုံးက ထွက်ပြေး ရန် ဟန်ပြင်လိုက်သည်။

သို့သော်...

"ဖုန်း"

စုမာဖုံးက တိုးဝင်လာသော ဂူးလျှံအား လက်ဝါးဖြင့် ရိုက်ထုတ် လိုက်သည်။

ထို့နောက်...

ပေါ့ပါးသွက်လက်စွာဖြင့် ကျောက်ဖုံး၏ သွားရာလမ်းအား ပိတ်ဆို့ထားလိုက်၏။

ကျောက်ဖုံး ခြေလှမ်း ရပ်လိုက်သည်။

သူက ထွက်ပြေး၍ ရမည်မဟုတ်ကြောင်း နားလည်လိုက် သည် မဟုတ်ပါလား။

စုမာဖုံးက ပြုံးစေ့စေ့ဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားထွက်ပြေးလို့ မရဘူး ဆိုတာ မှတ်ထားပါ"

ဟု ပြောလာသည်။

ကျောက်ဖုံး စိတ်လျှော့လိုက်မိသည်။

စုမာဖုံးက ရှေ့တိုးလာပြီး...

"ကျောက်ဖုံး ကင်းဆိပ်ခါးကို ချထားပြီး ထွက်သွားမယ် ဆိုရင် ခင်ဗျား အသက်ကို ချမ်းသာပေးလိုက်မယ်"

ဟု ပြောလိုက်သည်။

ထိုစကားကြောင့် ကျောက်ဖုံး အံ့သြသွားမိသည်။

စုမာဖုံးကိုလည်း မျက်လုံးပြူးကာ ကြည့်လိုက်မိ၏။

စုမာဖုံးသည် ကင်းဆိပ်ခါးအား မက်မောသူ မဟုတ်ကြောင်း နားလည်ထား၏။

ယခု...ကင်းဆိပ်ခါးအား လိုချင်မက်မောသည့် စကားမျိုး ပြောလာခြင်းကြောင့် တွေဝေသွားခြင်း ဖြစ်သည်။

သူ၏ စိတ်ထဲတွင်လည်း သံသယ ဝင်လာခဲ့သည်။

စုမာဖုံးအား အကဲခတ် ကြည့်ရင်း...

"ကင်းဆိပ်ခါး အခုထားခဲ့ရင် ကျုပ်ကို အသက်ချမ်းသာ ပေးမယ် ဟုတ်လား"

ဟု မေးလိုက်သည်။

စုမာဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ကျောက်ဖုံးက...

"ခင်ဗျား တကယ်ပြောတာနော်"

"တကယ်ပေါ့ ကင်းဆိပ်ခါး ထားခဲ့ပြီး ခင်ဗျား ကြိုက်တဲ့နေရာ သွားခွင့် ပြုမယ်"



ကျောက်ဖုံး မဲ့ပြုံး ပြုံးလိုက်၏။

"ကျုပ်က ကင်းဆိပ်ခါး မပေးဘူးဆိုရင်ကော"

ဟုမေးလိုက်သည်။

စုမာဖုံး၏ မျက်နှာ တင်းမာသွားသည်။

သူက နှုတ်ခမ်းတွန့်ရုံမျှ ပြုံးလိုက်ပြီး...

"လွယ်ပါတယ် မပေးဘူးဆိုရင် ခင်ဗျား သေရမှာပေါ့"

ဟု အေးစက်စက် ပြောလိုက်၏။

ကျောက်ဖုံး သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား"

သူ၏ ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

စုမာဖုံးက ဘာမျှမပြောဘဲ သူ့အား စိုက်ကြည့်နေ၏။

ကျောက်ဖုံးက...

"စုမာဖုံး မင်း ဘယ်လိုလုပ် စိတ်ထား ပြောင်းသွားရတာလဲ မင်းကိုယ်တိုင် ကင်းဆိပ်ခါးကို လိုချင်မက်မော နေပြီလားကွ"

ဟု မကျေမနပ် မေးလိုက်၏။

စုမာဖုံး ခေါင်းခါယမ်းကာ...

"ကျုပ်က ကင်းဆိပ်ခါးကို လိုချင်မက်မောနေလို့ မဟုတ်ဘူး၊ ဖျက်ဆီးပစ်ဖို့ ဆိုတာ နားလည်ထားပါ ပြီးတော့ လူတစ်ယောက်ကို သုတ်သင်ပစ်ဖို့လောက်ပဲ စိတ်ကူးတဲ့လူစားမျိုး ဟုတ်လား မဟုတ် လား ဆိုတာ ခင်ဗျား နားလည်စေချင်တယ်"

ကျောက်ဖုံးက...

"ကျုပ်ကို လွှတ်ပေးမှာနော်"

စုမာဖုံး ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖုံး နှုတ်ခမ်းတွန့်ရုံမျှ ပြုံးလိုက်ပြီ...

"မင်းက ကျုပ်ကို ဖမ်းဆီးပြီး နန်းတွင်းကို ခေါ်သွားမယ်ဆို"

စုမာဖုံး လက်ကာပြလိုက်၏။

"ခင်ဗျားသာ ကင်းဆိပ်ဓားကို စွန့်လွှတ်လိုက်မယ်ဆိုရင် ကျုပ်က နန်းတွင်းကို ခေါ်မသွားဘဲ လွှတ်ပေးလိုက်ပါ့မယ်ဗျာ"

ကျောက်ဖုံး တွေဝေသွားသည်။

တစ်ကြိမ် ရင်ဆိုင်ပြီးကတည်းက စုမာဖုံး၏ သဘောကို ကောင်းစွာ နားလည်ခဲ့၏။

စုမာဖုံးသည် သူ၏ အသက်ကို ချမ်းသာပေးကောင်း ပေးနိုင်သော်လည်း သူ၏ အပြစ်များကို ခွင့်လွှတ်မည် မဟုတ်ချေ၊

နန်းတွင်းသို့ ခေါ်သွားပြီး ထိုက်သင့်သော အပြစ်ဒဏ်ခံယူစေလိမ့်မည်သာ ဖြစ်ပေသည်။

မန်ချူးများနှင့် သူ၏ ဆက်သွယ်မှုများကို စုမာဖုံး သိရှိထားပြီး ဖြစ်သည်။

စုမာဖုံးကို စိုက်ကြည့်ရင်း...

"ကျုပ်ကို နန်းတွင်းကို ခေါ်မသွားဘဲ လွှတ်ပေးမယ်ဆိုတာ တကယ်ပြောတာနော်"

ဟု မေးလိုက်၏။

စုမာဖုံးက...

"လွှတ်ပေးပါမယ်လို့ ဘယ်နှစ်ခါ ပြောရမလဲ၊ ခင်ဗျားပြောနေတာနဲ့ ကျုပ် စိတ်မရှည်တော့ဘူး။ ခင်ဗျား အချိန်ဆွဲနေရင် ကျုပ်စိတ်ထား ပြောင်းလဲသွားနိုင်တယ်ဗျ"

ရုတ်တရက်...

"ဟား...ဟား...ဟား"



ကျောက်ဖုံးက ကောက်ကာငင်ကာ ရယ်မောလိုက်၏။

သူ၏ ရယ်မောသံကြောင့် စုမာဖုံး မျက်မှောင်ကြုတ်ကာ...

"ခင်ဗျား ဘာရယ်တာလဲဗျ"

ဟု မကျေမနပ်ဖြင့် မေးလိုက်၏။

ကျောက်ဖုံးက မခန့်လေးစား လေသံဖြင့်...

"ကျုပ် သဘောကျလို့ ရယ်တာပေါ့ဗျ"

ပြောပြီး ကို့ထင်းဘက် လှည့်ကာ...

"ကို့ထင်း ခင်ဗျား တစ်ချိန်တုန်းက ကျုပ်ကို ပြောခဲ့တာ မှတ်မိသေးသလားဗျ"

ဟု မေးလိုက်၏။

ကို့ထင်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ဘာပြောတာလဲဗျ"

ကျောက်ဖုံးက...

"အော်...ကျုပ်နဲ့ မိတ်ဆွေဖွဲ့မယ်ဆိုတာလေ"

ကို့ထင်း အနည်းငယ် စဉ်းစားလိုက်ပြီးမှ...

"ကျုပ်က ခင်ဗျား အကြောင်း ကောင်းကောင်း မသိသေးလို့ ပြောမိတာပါဗျာ၊ ခင်ဗျားဟာ လူယုတ်မာ တစ်ယောက်ဆိုတာသိရင် ကျုပ် ဘယ်ပြောပါ့မလဲ"

ဟု လေသံမာမာဖြင့် ပြောလိုက်သည်။

ထိုစကားကြားလျှင်...

"ဟား...ဟား...ဟား"

ကျောက်ဖုံးက အလိုက်သည်းလိုက် ရယ်မောလိုက်ပြန်လေသည်။

ကို့ထင်း မျက်မှောင် ကြုတ်သွားပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘာရယ် ပြန်တာလဲ"

ဟု မေးလိုက်သည်။

ကျောက်ဖုံးက ရယ်မောရင်း...

"ကျုပ်က ခင်ဗျား စကားကို သဘောကျလို့ပါ"

"ဘာ"

ကို့ထင်း၏ အသံဟိန်းထွက် လာသည်။

ကျောက်ဖုံးက သူ့အား စိုက်ကြည့်ကာ...

"ကို့ထင်းနဲ့ ကျုပ်ဟာ ဘယ်တုန်းကမှ မျက်နှာကြော တည်ခဲ့ကြတာ မဟုတ်ဘူး၊ ကျုပ်တို့နှစ်ယောက်ကြားမှာ ပူးပေါင်းမယ်ဆိုတဲ့ စကား မရှိဘူးဗျ ကျုပ်ကလဲ မိတ်ဆွေလုပ်ဖို့ ဘယ်တုန်းကမှ စိတ်ကူး မရှိခဲ့ဘူး၊ ကို့ထင်းလဲ ဒီအတိုင်းပဲ၊ အရှင်းဆုံး ပြောရရင် ကျုပ်တို့ နှစ်ယောက် မျက်နှာချင်း ဆိုင်မိတာနဲ့ တစ်ယောက်ကို တစ်ယောက် တိုက်ခိုက်ဖို့ အကွက်ချောင်း နေကြတာယ်ဆိုတာ မှတ်ထားပါ ခင်ဗျားဟာ ကို့ထင်း အတုပဲ"

ဟု ပြောလိုက်လေသည်။

"ဟင်"

ထိုစကားကြားလျှင်...

ကို့ထင်း မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

သူ၏ ဘေးမှ လုံယွမ်း၊ ချိရသေ့နှင့် ရှူးဟောင်တို့လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

ကျောက်ဖုံးကို စုမာဖုံး ဘက်လှည့်ကာ...

"မင်းကလဲ စုမာဖုံး အစစ် မဟုတ်ဘူးဆိုတာ ကျုပ် ရိပ်မိပြီ"

ဟု ပြောလိုက်လေသည်။

စုမာဖုံး မျက်နှာပျက်သွား၏။



နောက်သို့လည်း ခြေတစ်လှမ်း ဆုတ်သွားလေသည်။

ကျောက်ဖုံးက ဆက်ပြောလိုက်သည်။

"စုမာဖုံးဟာ ကင်းဆိပ်ဓားထက် အမှန်တရားနဲ့ ဥပဒေကို လေးစားတဲ့ လူတစ်ယောက်ပဲ၊ မင်းက ကင်းဆိပ်ဓားကိုပဲ အရေးထားတယ်၊ မင်းတို့ ဟန်ဆောင်နေကြတယ်ဆိုတာ ကျုပ် သိပြီ၊ ကဲ ပြောစမ်း မင်းတို့ဘယ်သူတွေလဲ၊ ဘာကြောင့် အခုလို ဟန်ဆောင်ပြီး ကျုပ်ကို ခြိမ်းခြောက်ရတာလဲ"

သူက လေသံမာမာဖြင့် မေးလိုက်၏။

သူ၏ စကားကြားရသည်နှင့် ကို့ထင်းတို့ နောက်ဆုတ်သွားကြသလို စုမာဖုံးလည်း ထပ်မံ နောက်ဆုတ်သွား၏။

ကျောက်ဖုံး ပြုံးလိုက်၏။

စုမာဖုံးမှာ အတုဖြစ်နေသောကြောင့် သူက မှ့စရာမလိုတော့ကြောင်း နားလည်ထားသည်။

လက်ထဲမှ ကင်းဆိပ်ဓားအား တစ်ချက် ဝှေ့ယမ်းလိုက်ပြီး...

"ကဲ...ကင်းဆိပ်ဓားကို လိုချင်ရင် လာယူကြပါ ကျုပ်ကတော့ မပေးနိုင်ဘူး လိုချင်တဲ့လူ လာယူကြဖို့ပဲ ရှိတယ်"

ဟု ခပ်တည်တည် ပြောလိုက်၏။

စုမာဖုံးက...

"ဟွန်း...ခင်ဗျားကိုယ် ခင်ဗျား ဘာမှတ်နေသလဲဗျ ကျုပ်က ကင်းဆိပ်ဓားကို မကြောက်ဘူးဆိုတာ မှတ်ထားပါ"

ဟု အော်ငေါက်လိုက်လေသည်။

ကျောက်ဖုံးက ရယ်မောရင်း...

"မကြောက်ဘူးဆိုရင် ဘာလုပ်နေတာလဲ လာယူလေကွာ"

ပြောရင်း ကင်းဆိပ်ဓားကို ကမ်းပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

စုမာဖုံးကား နေရာတွင် မလှုပ်မယှက် ရပ်နေသည် ရှေ့မတိုးသလို နောက်လည်း မဆုတ်ချေ။

ကင်းဆိပ်ခြားကိုလည်း လာမယှဉ်ဘဲ ငူငူကြီး ကြည့်နေလေသည်။

"ဟား...ဟား...ဟား"

ကျောက်ဖုံးက တဟားဟား ရယ်မောလိုက်သည်။

သူက စုမာဖုံးအား ကြည့်ကာ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး...

"ဘယ်လိုလဲ...မင်း လာမယှဉ်ရဲဘူး မဟုတ်လား၊ မင်းဟာ စုမာဖုံး အစစ် မဟုတ်ဘူးဆိုတာ ကျုပ် သိပါတယ်၊ ကဲပြောစမ်း မင်းဘယ်သူလဲ၊ မင်းရဲ့ မျက်နှာပေါ်က မျက်နှာဖုံးစွပ်ကို ချွတ်ပစ်လိုက်ရင် ကောင်းမယ်"

စုမာဖုံး၏ ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားသည်။

သူက ချက်ချင်းပင် ခေါင်းခါယမ်းလိုက်ပြီး...

"ကျောက်ဖုံး...ခင်ဗျား မှားနေပြီ၊ ကျုပ်က စုမာဖုံး အစစ်ဗျ"

ဟု အော်ပြောလိုက်သည်။

ကျောက်ဖုံး နှာခေါင်းရှုံ့လိုက်သည်။

"အပိုတွေ ပြောမနေနဲ့ မင်းဟာ စုမာဖုံး အတုဆိုတာ ကျုပ်သိပြီးပြီ"

"ကျုပ်က စုမာဖုံး အစစ်ဗျ"

ကျောက်ဖုံး ဒေါပွသွားသည်။

"ကောင်းပြီလေ၊ မင်း ဘယ်လောက် လိမ်ညာနိုင်မလဲဆိုတာ ကြည့်ရသေးတာပေါ့"



စကားဆုံးလျှင် ရုတ်တရက် ရှေ့သို့ ခုန်တိုးကာ တိုက်ခိုက်လိုက်လေသည်။

သူက တိုက်ခိုက်လာလျှင် စုမာဖုံး ရင်ထိတ်သွားသည်။

ကပျာကယာ နောက်ဆုတ်သွားပြီ...

"သွားစမ်း"

အော်ဟစ်ကာ လက်ဝှေ့ယမ်း လိုက်၏။

ထိုအခါ...

အဖြူရောင် အမှုန့်များ ရုတ်တရက် လွင့်ပျံလာလေသည်။

စုမာဖုံး ဆိုသူ၏ ဇာတိရုပ်မှာ ဘွားခနဲ ပေါ်လာပြီ ဖြစ်လေသည်။

အဖြူရောင် သိုင်းသမားများသည် ရန်သူနှင့် ယှဉ်ပြိုင် တိုက်ခိုက်သောအခါ ကောက်ကျစ် စဉ်းလဲသော နည်းလမ်းများ အသုံးမပြုဘဲ တရားမျှတစွာ ယှဉ်ပြိုင်တိုက်ခိုက်လေ့ ရှိပေသည်။

အဆိပ်နှင့် လက်နက်ပုန်းကို အနက်ရောင် သိုင်းလောကသားများ အသုံးပြုလေ့ ပြုထ ရှိကြ၏။

ယခု...

စုမာဖုံးက အဆိပ်မှုန့်ဖြင့် တိုက်ခိုက်လာခြင်း ဖြစ်လေသည်။

အဖြူရောင် အမှုန့်ကလေးများသည် လေနှင့်အတူ ကျောက်ဖုံးဓားပျံ လွင့်လာလေတော့သည်။

"ဟာ"

ကျောက်ဖုံး အထိတ်တလန့် အော်လိုက်၏။

မျက်စိ မျက်နှာလည်း ပျက်သွားသည်။

စုမာဖုံး အဖြစ် မျက်နှာဖုံးစွပ် တပ်ဆင်ကာ ဟန်ဆောင်နေသူမှာ မည်သူမည်ဝါ ဖြစ်ကြောင်း ချက်ချင်း ရိပ်မိလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်...

ကင်းဆိပ်ဓားကို ဝှေ့ယမ်းရင်း...

"မင်း ဘယ်သူလဲဆိုတာ ကျုပ်သိပြီ၊ အရိုးဆွေး အဆိပ်မှုန့်တွေဟာ ဆားလိန်တို့ ညီအစ်ကို ငါးယောက်ရဲ့ မူပိုင်အဆိပ်ပဲ၊ မင်းတို့ ငါးယောက်ဟာ ဆားလိန်တို့ ညီအစ်ကိုပဲ ဖြစ်ရမယ်"

ဟု မှတ်ချက်ချလိုက်သည်။

သူ၏ စကားကြားလျှင် စုမာဖုံး သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဟား...ဟား...ဟား"

သူ၏ ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ကျောက်ဖုံးအား ကြည့်ကာ...

"ကျောက်ဖုံး ခင်ဗျား ဘယ်ဆိုးလို့တုန်းဗျ၊ ခင်ဗျား သိသွားပေမယ့် အခု သေရတော့မယ်လေ"

သူက ကျေနပ်စွာ ပြောလာ၏။

မှန်ပေသည်။

အရိုးဆွေး အဆိပ်မှုန့်ဒဏ်ကို ခံနိုင်သူ ရှားပါးလှပေသည်။ အရိုးဆွေး အဆိပ်မှုန့် လွှမ်းခြုံမှု ခံလိုက်ရပါက ခွန်အားများ ယုတ်လျော့ကာ အတွင်းအား ပျောက်ကွယ်သွား၏။ ခြေလက်များ အကြောဆိုင်းကာ လှုပ်ရှား၍ မရတော့ချေ။

အဆိပ်တန်ခိုးကြောင့် နှလုံးဆွေးရပ်ကာ သေဆုံးသွားရမည် ဖြစ်လေသည်။

ကျောက်ဖုံးမှာ အရိုးဆွေး အဆိပ်မှုန့်ဒဏ်ကြောင့် ဒုက္ခတွေ့ရမည်မှာ သေချာလှပေသည်။

ဤတွင်...



မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာလေသည်။

ကျောက်ဖုံးက ဓားဝှေ့ယမ်းလိုက်သည်နှင့် ထူးခြားမှုများ ဖြစ်ပေါ်လာသည်။

အေးစိမ့်သော ဓား၏ အငွေ့အသက်များ ရုတ်ခြည်းထွက်ပေါ်လာလေသည်။

အဖြူရောင် အဆိပ်မှုန့်များသည် သံလိုက်ဖြင့် ဆွဲယူခြင်းခံရသော သံမှုန့်ကလေးများအလား ကင်းဆိပ်ဓားတွင် ပြေးဝင်ကပ်ငြိ သွားကြ၏။

ဓားတစ်ချက် နှစ်ချက် ဝှေ့ယမ်းလိုက်သည်နှင့် အဖြူရောင် အဆိပ်မှုန့်များ ချက်ချင်း ပျောက်ကွယ်သွားလေသည်။

"ယား"

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် စုမာဖုံး အကြီးအကျယ် ထိတ်လန့်သွားလေသည်။

ကျောက်ဖုံးလည်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

အတန်ကြာမှ...သူက သတိဝင်လာပြီး...

"ဟား...ဟား...ဟား"

သဘောကျစွာ ရယ်မောလိုက်လေသည်။

ကင်းဆိပ်ဓားအား အဘယ်ကြောင့် သိုင်းလောကသားများ လိုချင်မက်မောကြသည်ကို ထင်ရှားစွာ သိမြင်နိုင်ပြီ ဖြစ်ပေတော့သည်။

အမှန်စင်စစ်...

ကင်းဆိပ်ဓားသည် အဆိပ်ပြီးသော အဆိပ်ဓားတစ်လက် ဖြစ်နေပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကင်းဆိပ်ဓားသည် အလွန်တစ်ရာဝင် ကြောက်မက်ဖွယ်ရာ ကောင်းနေပါတော့သည်။

စုမာဖုံးတို့ လူစု ထိတ်လန့်ကာ နောက်ဆုတ်သွားကြ၏။

ကျောက်ဖုံးက စုမာဖုံးအား စေ့စေ့ကြည့်ရင်း...

"ဆားလိန် မင်းရဲ့ မျက်နှာပေါ်က မျက်နှာစွပ်ကို ခွာချလိုက်ရင် ကောင်းမယ် မင်းတို့ ကျုပ်ကို လိမ်ညာလှည့်စားလို့ မရတော့ဘူးကွ"

ဟု ပြောလိုက်၏။

ဆားလိန် စိတ်ပျက်သွား၏။

ချက်ချင်းပင် စုမာဖုံး၏ ရုပ်သွင် မျက်နှာဖုံးစွပ်ကို ချွတ်ပစ်လိုက်၏။

ထိုအခါ ကျောက်ဖုံးအား အနောက်ဘက်မှ ဝိုင်းရံထားကြသူများမှာလည်း မျက်နှာဖုံးကိုယ်စီ ချွတ်ပစ်လိုက်ကြ၏။

ထိုလူများကား ကိုထင်းတို့ မဟုတ်တော့ဘဲ ဆားစု၊ ဆားဂူ၊ ဆားယိနှင့် ဆားအောတို့ ဖြစ်နေသည်ကို တွေ့ရ၏။

အဆိပ်သိုင်းငါးဖော်သည် စုမာဖုံးအား မယုံနိုင်ကြောင်း ရိပ်မိလျှင် အလျှော့ပေးကာ ထွက်သွားခဲ့ကြသည်။

သို့သော်...

ကင်းဆိပ်ဓားအား ရယူနိုင်ရန် လက်မလျှော့ဘဲ တိတ်တဆိတ်နောက်မှ နောက်ယောင်ခံ လိုက်နေကြခြင်း ဖြစ်သည်။

ကျောက်ဖုံးက စုမာဖုံးအား ကြောက်ရွံ့နေမှန်းသိ၍ မျက်နှာဖုံးစွပ် အတုပြုလုပ်ကာ ခြိမ်းခြောက်လိုက်ကြခြင်း ဖြစ်သည်။

ဆားလိန် စကားပြော မှားသွားခြင်းကြောင့် ဟန်ဆောင်ထားသည့် အဖြစ်မှာ ပေါ်ပေါက်သွားသည်။



ထို့အပြင်...

ကျောက်ဖုံးဟာ အရိုးဆွေး အဆိပ်မှုန့်ဖြင့် တိုက်ခိုက်မိသည်မှာလည်း သူတို့၏ ဇာတိရုပ်ကို ဖော်ပြလိုက်သလို ရှိနေပေတော့သည်။

သို့ဖြစ်ရာ...

ဆက်၍ ဟန်မဆောင်နိုင်ကြတော့ဘဲ မျက်နှာဖုံးစွပ်များ ချွတ်ပစ်လိုက်ကြခြင်း ဖြစ်ပေသည်။

○ ○ ○

ဆားလိန်တို့ ညီအစ်ကိုငါးယောက်ကို တွေ့လျှင် ကျောက်ဖုံး အကျနပ်သွားသည်။

ကင်းဆိပ်ဓား ရှိနေခြင်းကြောင့် ဆားလိန်တို့ကို လုံးဝ မမှုတော့ချေ။

ဆားလိန်ကို စိုက်ကြည့်ရင်း...

"ဆားလိန် အခုအချိန်မှာတော့ ကျုပ်ဟာ ခင်ဗျားတို့ထက် တစ်ပန်းသာနေပြီဆိုတာ ခင်ဗျား သဘောပေါက်မှာပါ ဒါကြောင့် အသက်မသေချင်ရင် ကျုပ် စကား နားထောင်ဖို့ လိုလိမ့်မယ်"

ဟု အေးစက်သော လေသံဖြင့် ပြောလိုက်သည်။

ဆားလိန် မကျေမနပ်ဖြင့် ဖြစ်သွားသည်။

"ဟာဗျ ခင်ဗျား စကားကို ကျုပ်တို့ နားထောင်ရမယ် ဟုတ်လား"

ကျောက်ဖုံး ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် နားမထောင်ရင် ခင်ဗျားတို့ သေရမှာပဲ"

ဆားလိန် ခေါင်းခါယမ်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မြေခွေးနက်နဲ့ ဝူးလျှံကိုတောင် ခင်ဗျား ရှင်းပစ်လိုက်သေးတာပဲ၊ ကျုပ်တို့ ညီအစ်ကို ငါးယောက်ကိုကော အကောက်မကြံဘူးလို့ ဘယ်သူက ပြောနိုင်မှာလဲ၊ ခင်ဗျားကို ဘယ်လိုလုပ် ယုံကြည်ရမှာလဲဗျ"

ကျောက်ဖုံး ရယ်မောလိုက်၏။

"ဟား...ဟား...ဟား သူတို့က ကျုပ်ရဲ့ ပြိုင်ဘက်တွေလေဗျာ၊ သူတို့နှစ်ယောက်စလုံးက ကင်းဆိပ်ခြားကို ကျုပ်နဲ့ အပြိုင်သကြီး မကြီး လိုချင်ကြတာပဲ"

ဆားလိန် မဲ့လိုက်၏။

"ကျုပ်တို့နဲ့ ဘာထူးသလဲဗျ"

ကျောက်ဖုံးက...

"ထူးတာပေါ့၊ ခင်ဗျားတို့က ကင်းဆိပ်ခြားကို လိုချင်ပေမယ့် ကျုပ်ကို မယှဉ်နိုင်ဘူးလေ၊ ကျုပ်သာ ချမ်းသာမပေးရင် ခင်ဗျားတို့ ငါးယောက်စလုံး သေရမှာပဲ ဒီတော့ ကျုပ်စကားနားထောင်မှ ဖြစ်တော့မှာပေါ့"

သူက ပိုင်နိုင်စွာ ပြောလာ၏။

ဆားလိန် မကျေမနပ် ဖြစ်သွားသည်။

သူတို့အား နောက်လိုက်များအဖြစ် စည်းရုံးသိမ်းသွင်းနေခြင်းဖြစ်ကြောင်း နားလည်လိုက်သည်။ ကျောက်ဖုံး၏ မိမိကိုယ်ကို အထင်ကြီးနေခြင်းကို တွေ့ရလျှင် ခံပြင်းသွားသည်။

ကျောက်ဖုံးကို စိုက်ကြည့်ရင်း...

"ကျုပ်တို့ ခင်ဗျားရဲ့နောက် လိုက်လုပ်ရမယ် ဟုတ်လား ဟွန်း ဝေးပါသေးတယ်ဗျာ ကျုပ်တို့ ဘယ်တော့မှ ခင်ဗျားရဲ့နောက် လိုက်မလုပ်ဘူး"



ကျောက်ဖုံး၏ မျက်နှာ တင်းမာသွားသည်။

"ဒီလိုဆိုရင် ခင်ဗျားတို့ သေရမယ်ဆိုတာ မစဉ်းစားမိဘူးလား"

ဆားလိန် အံတင်းတင်းကြိတ်ကာ...

"ကျုပ်တို့ ငါးယောက်စလုံးကို ခင်ဗျား သတ်ပစ်နိုင်မှာ မဟုတ်ပါဘူးဗျာ ကျုပ်တို့ ညီအစ်ကို တစ်ယောက်ယောက် လွတ်သွားတာနဲ့ တစ်နေ့ ခင်ဗျားကို လက်တုန့်ပြန်မယ်ဆိုတာ နားလည်ထားပါ"

ကျောက်ဖုံး ခေါင်းခါယမ်းလိုက်သည်။

"အကျိုးမရှိတဲ့ အလုပ်ဘာကြောင့် လုပ်ချင်ရတာလဲ ဘာဖြစ်လို့ ကျုပ်နဲ့ မပူးပေါင်းချင်ရတာလဲ"

ဆားလိန်က...

"ကျုပ်တို့က တစ်သက်လုံး စိတ်ထင်ရာ လုပ်လာကြတာဗျ သူများ အမိန့်ပေးတာ နာခံမယ့်လူတွေ မဟုတ်ဘူး၊ အခု အချိန်ကျမှ ခင်ဗျားရဲ့ နောက်လိုက် လုပ်ရမယ်ဆိုတော့ ရယ်စရာကောင်းပါသေးတယ်ဗျာ"

ကျောက်ဖုံး တွေဝေသွားသည်။

အတန်ကြာ စဉ်းစားလိုက်ပြီးမှ...

"ဒါဖြင့် မိတ်ဆွေ ဖွဲ့မယ်ဆိုရင်ကော"

ဟု မေးလိုက်သည်။

ထိုစကားကြားလျှင် ဆားလိန် စိတ်ဝင်စားသွားသည်။

ကင်းဆိပ်ခြား ရရှိထားသော ကျောက်ဖုံးနှင့် ပြဿနာဖြစ်ခြင်းသည် အကျိုးမရှိ ကောင်းစွာနားလည်ထားပေသည်။

ကျောက်ဖုံးကို စိုက်ကြည့်ရင်း...

www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါဦး မိတ်ဆွေဖွဲ့တယ်ဆိုတာ ဘယ်လို သဘောလဲဗျ"

ဟု မေးလိုက်သည်။

ကျောက်ဖုံးက...

"ရှင်းပါတယ် ခင်ဗျားတို့ ငါးယောက် ပြဿနာ ရှိလာရင် ကျုပ်ဝင်ကူညီမယ် ကျုပ်မှာ ပြဿနာ ပေါ်လာတဲ့အခါ ခင်ဗျားတို့ ညီအစ်ကို ငါးယောက်က ဝင်ကူညီရမယ် အပြန်အလှန် သဘောပေါ့ ဘယ်နှယ့်လဲ"

အမှန်ဆိုလျှင်...

ကင်းဆိပ်ဗား လက်ဝယ် ရှိနေခြင်းကြောင့် အန္တရာယ်များ ဝိုင်းရံနေကြောင်း ကျောက်ဖုံး ဆင်ခြင်မိသည်။

ကင်းဆိပ်ဗားကို လိုချင်တပ်မက်သော အနက်ရောင် သိုင်းလောကများကိုသာမက အဖြူရောင် သိုင်းလောကသားများနှင့်ပါ ရင်ဆိုင်ရမည် ဖြစ်ကြောင်း နားလည်ထားပေသည်။

သို့ဖြစ်၍လည်း...

ဆားလိန်တို့ ညီအစ်ကို ငါးယောက်နှင့် မိတ်ဆွေဖွဲ့ လိုက်ခြင်းပင်။

ဆားလိန်တို့၏ အဆိပ်ပညာသည် ကြောက်မက်ဖွယ်ကောင်းအောင် အစွမ်းထက်ကြောင်း နားလည်ထား၏။

ဆားလိန်တို့ ငါးယောက်နှင့် အခြား အနက်ရောင် သိုင်းထိပ်သီးများကို စုစည်းနိုင်လျှင် သိုင်းလောကတစ်ခုလုံးအား ဗိုလ်ကျစိုးမိုးနိုင်သည်ဟု တွက်ဆထားမိလေသည်။

ဆားလိန်က ကျောက်ဖုံး၏ စကားကို သေသေချာချာ စဉ်းစားလိုက်သည်။



ယခုလောလောဆယ်...

ကျောက်ဖုံးအား ယှဉ်ပြိုင်နိုင်စွမ်း မရှိသေးကြောင်း နားလည်ထား၏။

ကျောက်ဖုံးနှင့် အလိုက်အထိုက် မဆက်ဆံနိုင်ခဲ့လျှင် သူတို့အတွက် အခြေအနေ ဆိုးရွားသွားနိုင်ပေသည်၊

ကျောက်ဖုံးနှင့် ပူးပေါင်းပြီးမှ အခွင့်ကောင်း ချောင်းကာ သုတ်သင် ပစ်နိုင်မည်ဟု တွက်ဆမိ၏။

ကင်းဆိပ်ဗား ရှိနေခြင်းကြောင့် သိုင်းလောကသားများ ရန်ပြုလာကြမည် ဖြစ်ရာ အချိန်တိုင်း ပြဿနာ အမျိုးမျိုးနှင့် ရင်ဆိုင်နေရပေလိမ့်မည်။

ရန်သူများနှင့် မကြာခဏ ရင်ဆိုင်ရပါလျှင် ကင်းဆိပ်ဗား မည်မျှပင် အစွမ်းထက်ပါစေ နောက်ဆုံး တစ်နေ့ ရှုံးနိမ့်ကာ လက်လွှတ်ရမည် ဖြစ်ပေသည်။

အခွင့်အရေးရသည်နှင့် ကျောက်ဖုံးအား သုတ်သင်ကာ ကင်းဆိပ်ဗားကို အရယူရန် ဆုံးဖြတ်လိုက်၏။

ကျောက်ဖုံး ပြောသည့်စကားကို သဘောတူဟန်ဖြင့် ခေါင်းညိတ်ပြလိုက်ပြီး...

"ကောင်းပြီလေ ခင်ဗျားပြောတာ ကျုပ် သဘောတူတယ်၊ ဒါပေမယ့် ကျုပ်ညီတွေရဲ့ သဘောထားကို မေးကြည့်ရဦးမယ်ဗျ"

ကျောက်ဖုံး ရယ်မောလိုက်၏။

ဆားလိန်တို့ ညီအစ်ကိုများကား သူ ဆင်ထားသော အကွက်ထဲသို့ ဝင်လာပြီဟု ယူဆကာ ရယ်မောလိုက်ခြင်း ဖြစ်၏။

"ဟား...ဟား...ဟား မေးပါဗျာ မေးပါ ခင်ဗျားတို့ အားလုံး သဘောတူတော့ ပိုကောင်းတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဆားလိန်က ဆားယိအက် လှည့်ကာ...

"ဆားယိ မင်း ဘယ်လို သဘောရသလဲ"

ဟု မေးလိုက်လေသည်။

ဆားယိ သက်ပြင်းချရင်း...

"ဘာတတ်နိုင်မှာလဲ အခုအချိန်မှာတော့ အစ်ကိုကြီး ပြောသလို သူနဲ့ ပူးပေါင်းလိုက်တာ အကောင်းဆုံး ဖြစ်နေပြီ မဟုတ်လား"

ဆားလိန် သဘောကျသွား၏။

အကြောင်းကား...

ဆားယိ အကင်းပါးပြီး အမြဲတမ်းလိုလို သူ၏ ဆန္ဒကို လိုက်လျောခဲ့သည် မဟုတ်ပါလား။

ကျန်လူများလည်း ခေါင်းညိတ်သဘောတူ လိုက်ကြလေသည်။

"အစ်ကိုကြီး ကောင်းမယ်ထင်သလို စီစဉ်ပါ"

ဆိုစကားကြားမှ ဆားလိန် စိတ်သက်သာရာ ရရှိသွားလေ၏။

ကျောက်ဖုံးအက် ပြန်လှည့်ကာ...

"အင်း ကျုပ် ညီတွေကတော့ ကျုပ် သဘောအတိုင်း လိုက်နာကြလိမ့်မယ် ခင်ဗျား ကြားတယ် မဟုတ်လားဗျ"

ကျောက်ဖုံး ခေါင်းညိတ်လိုက်၏။

"သိပ်ကောင်းတာပေါ့ဗျာ၊ ကျုပ်နဲ့ ပူးပေါင်းမယ်ဆိုရင် ခင်ဗျားတို့အားလုံး ကောင်းစားမှာပဲ၊ သိုင်းလောကတစ်ခုလုံး ကျုပ်ရဲ့ ခြေဖဝါးအောက် ရောက်လာပြီဆိုရင် ခင်ဗျားတို့လဲ စိတ်ထင်တိုင်း ကြံနိုင်ပြီပေါ့၊ ကျုပ်ဆီက ကင်းဆိပ်စား လုယူဖို့ စိတ်မကူးသမျှ ကာလပတ်လုံး ကျုပ်က ခင်ဗျားတို့ကို မိတ်ဆွေလိုပဲ သဘောထားမှာပါ၊ တစ်ခုတော့ရှိတယ် ကျုပ်အပေါ် သစ္စာဖောက်ဖို့ ကြိုးစားလာခဲ့ရင်တော့ ကျုပ် အနေနဲ့ ညှာတာနိုင်မှာ မဟုတ်ဘူး"



ဆားလိန်က တည်ကြည်သော မျက်နှာထားဖြင့်...

"စိတ်ချပါဗျာ၊ ကျုပ်တို့ ညီအစ်ကိုက ခင်ဗျားကို သစ္စာမဖောက်ဘူးလို့ ကတိပြုပါတယ်၊ ခင်ဗျားကလဲ ကျုပ်တို့အပေါ် အကောက်မကြံစေချင်ဘူး"

ဟု ပြောလိုက်သည်။

ကျောက်ဖုံး လက်ကာပြလိုက်၏။

"စိတ်ချ ခင်ဗျားတို့က ကျုပ်ရဲ့ ပြိုင်ဘက်မှ မဟုတ်ပဲ ခင်ဗျားတို့ကို ဒုက္ခမပေးဘူးလို့ ကတိပြုပါတယ်ဗျာ"

သူ၏ စကားကြောင့် ဆားလိန် ကျေနပ်သွားသည်။

အရိုးဆွေး အဆိပ်မှုန့် အသုံးပြုကာ တိုက်ခိုက်သော်လည်း ကျောက်ဖုံးအား အနိုင်မရခြင်းကြောင့် ပူးပေါင်းရန် လက်ခံလိုက်ခြင်း ဖြစ်သည်။

ကျောက်ဖုံး၏ ကမ်းလှမ်းချက်ကို လက်မခံလျှင် သူတို့၏ ကံကြမ္မာ ဆိုးရွားသွားမည် ဖြစ်ကြောင်း နားလည်ထား၏။

ကျောက်ဖုံးက...

"ကဲ...ခင်ဗျားတို့ သဘောတူပြီဆိုရင် ကျုပ်တို့ သွားကြရအောင်"

ဟု ပြောလာ။

ဆားလိန် အံ့သြသွားသည်။

ကျောက်ဖုံးအား ကြည့်ကာ...

"ဘယ်ကို သွားမှာလဲဗျ"

ကျောက်ဖုံးက ပြုံးရင်း...

"ကျင်းလိမ်မြို့စားကြီးရဲ့ စံအိမ်ကို သွားမယ်လေ"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဆားလိန် ထိတ်လန့်သွားသည်။

ကျောက်ဖုံးအား စိုက်ကြည့်ရင်း...

"ခင်ဗျား ဘာသွားလုပ်မှာလဲ"

ဟု မေးလိုက်သည်။

ကျောက်ဖုံး ပြုံးလိုက်သည်။

"ဟဲ...ဟဲ ကျုပ်က ကျင်းလိမ်မြို့စားကြီးရဲ့ မွေးနေ့ပွဲကို တက်ရောက်မယ့်လူ မဟုတ်ဘူးဆိုတာ ခင်ဗျားတို့ သိပါတယ်"

ဆားလိန် ခေါင်းခါယမ်းလိုက်၏။

"ခင်ဗျားနဲ့ မိတ်ဆွေဖွဲ့ထားတယ် ဆိုပေမယ့် ခင်ဗျားကို သူများက ဒုက္ခပေးလာမှ ကျုပ်တို့ ဝင်ကူညီနိုင်မှာဗျ ခင်ဗျားက သူများကိုလိုက်ပြီး ဒုက္ခပေးခဲ့ရင်တော့ ကျုပ်တို့ ကူညီချင်မှ ကူညီမယ်"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်၏။

"ဟား...ဟား...ဟား"

ကျောက်ဖုံး သဘောကျစွာ ရယ်မောလိုက်၏။

အတန်ကြာ ရယ်မောပြီးမှ...

"ကျင်းလိမ်မြို့စားကြီးရဲ့ စံအိမ်ကို အနယ်နယ် အရပ်ရပ်က သိုင်းထိပ်သီးတွေ ရောက်လာကြမှာပဲ မဟုတ်သား၊ သူတို့အားလုံး စုဝေးနေရင် ရင်ဆိုင်ဖို့ မလွယ်ဘူးဆိုတာ ကျုပ် သိပါတယ်ဗျာ၊ ကျုပ် ဆိုလိုတာက ကျင်းလိမ်မြို့စား စံအိမ်ကိုသွားတဲ့ လမ်းမှာ ကြိုတင်စောင့်ပြီး တဖွဲဖွဲ ရောက်လာကြမယ့် အပြူရောင် သိုင်းသမားတွေကို လှုစုခွဲပြီး လုပ်ကြဖို့ပါပဲ"

"ဟာ"

ဆားလိန် အထိတ်တလန့် အော်လိုက်၏။

ကျောက်ဖုံးကိုလည်း မျက်လုံးကြီးပြူးကာ ကြည့်လိုက်လေ၏။



ကျောက်ဖုံးသည် သူတို့ ထင်မှတ်ထားသည်ထက် ပို၍ အကြံကြီးသူ တစ်ယောက်ဖြစ်ကြောင်း နားလည်လိုက်လေသည်။

ဆားလိန်က မယုံကြည်နိုင်စွာဖြင့်...

"ဘာပြောတယ် အပြူရောင် သိုင်းသမားတွေကို လှုစ်ခွဲပြီး လုပ်ကြမယ် ဟုတ်လား"

ဟု မေးလိုက်၏။

ကျောက်ဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ဆားလိန်၏ မျက်နှာ ရှုံ့မဲ့သွားပြီ။

"ခင်ဗျားရူးနေသလား၊ သူတို့ကို ကျုပ်တို့က ဘယ်လောက်ကြာကြာ ဒုက္ခပေးနိုင်မှာလဲ၊ သူတို့လက်ချက်နဲ့ ကျုပ်တို့ ဒုက္ခရောက်သွားနိုင်တယ်ဆိုတာကိုလဲ ထည့်တွက်ဦးဗျ"

ဒေါသတကြီး ပြောလိုက်၏။

ကျောက်ဖုံးက အပြုံးမပျက်ပါ။

လေသံ အေးအေးဖြင့် ပြောလာသည်။

"အခြေအနေ ကြည့်ပြီး လုပ်ရမှာပေါ့ဗျာ၊ သိုင်းသမားတွေ အင်အားကောင်းတယ်ဆိုရင် ကျုပ်တို့ လက်ပိုက်ကြည့်နေကြရုံပဲ၊ အဲ...တစ်ယောက်စ နှစ်ယောက်စ ရောက်လာတဲ့အခါ ထွက်ပြီး သုတ်သင်လိုက်တာပေါ့ အမှည့်ခြွေ ခြွေတဲ့ သဘောပေါ့ဗျာ"

ဆားလိန် ပါးစပ်ပိတ်ထားလိုက်၏။

သူ၏ရင်ထဲ လေးလံလာသည်။

ကျောက်ဖုံးနှင့် ပူးပေါင်းမိသည်မှာ မှားပြီဟူသော အတွေးဝင်လာ၏။

မည်သို့ဆိုစေ။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖုံးထံမှ ကင်းဆိပ်မားကို အရယူရမည်သာ ဖြစ်ပေသည်။

အလွယ်ကူ ရယူနိုင်ရန် ကျောက်ဖုံးအား မဆုံးနိုင်သော တိုက်ပွဲများဆီသို့ ခေါ်ဆောင်သွားရမည် ဖြစ်သည်။

ယခုမူ...

ကျောက်ဖုံး ကိုယ်တိုင် လိုလိုလားလား တိုက်ပွဲများဆီသို့ သွားရန် ခြေလှမ်း ပြင်နေသည်။

သို့သော်...

သူ၏ ခြေလှမ်းများသည် သားရဲတွင်းဆီသို့ ဦးတည်နေမှန်း နားလည်ထား၏။

ယခု အချိန့်ရောက်မှ နောက်ဆုတ်ရန်လည်း မဖြစ်နိုင်တော့မှန်း ဆားလိန် သဘောပေါက်လိုက်သည်။

သူက သက်ပြင်းတစ်ချက် ချရင်း...

"ကောင်းပြီလေ၊ ခင်ဗျား သဘောအတိုင်း လုပ်ကြတာပေါ့၊ ကျုပ်တို့ လူအင်အားနဲ့ ခြေနိုင်လက်နိုင်ရှိမယ့် တိုက်ပွဲမျိုးသာ ဖန်တီးဖို့တော့ ခင်ဗျား မမေနဲ့၊ ခင်ဗျားမှာ ကင်းဆိပ်မား ရှိပေမယ့် သူတို့က လူအင်အားနဲ့ ဖိတိုက်လာရင် ကြာရှည်ခံနိုင်မှာ မဟုတ်ဘူးဗျ"

ကျောက်ဖုံး ခေါင်းညိတ်လိုက်သည်။

"ကျုပ် နားလည်ပါတယ်ဗျာ"

ဆားလိန်က...

"ဒါဖြင့် သွားကြရအောင်"

စကားဆုံးလျှင် ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်၏။

ကျောက်ဖုံး အားပါးတရ ပြုံးလိုက်သည်။



အောင်နိုင်သူ တစ်ယောက်၏ အပြုံးမျိုး ဖြစ်လေသည်။

ဆားလိန်တို့ ငါးယောက်သည် သူကြီးဆွဲရာ ကရမည့်သူများ ဖြစ်လာချေပြီ။

ဆားလိန်တို့ကို၍ အသုံးချ၍၎င်း၊ ကင်းဆိပ်မားကို အသုံးပြု၍၎င်း၊ တစ်ဖက်က အဖြူရောင် သိုင်းသမားများကို သုတ်သင်ရှင်းလင်းပြီး တစ်ဖက်က အနက်ရောင် သိုင်းသမားများကို စုစည်းရမည် ဖြစ်သည်။

သိုင်းလောက တစ်ခုလုံး သူ၏ ခြေဖဝါးအောက်သို့ ရောက်လာရန် မဝေးတော့ပြီဟု တွေးရင်း အားရပါးရ ပြုံးနေခြင်း ဖြစ်ပေတော့သည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## အကြံသမား

ကျင်းလိမ်မြို့....

ကျင်းလိမ်မြို့သည် အလွန်စည်ကား သိုက်မြိုက်သော မြို့ကြီး တစ်မြို့ ဖြစ်ပေသည်။

ယခု...

ကျင်းလိမ်မြို့တွင် ကျင်းလိမ်မြို့စားကြီး၏ မွေးနေ့ပွဲကျင်းပမည့် အခမ်းအနားကြောင့် ပို၍သာအောင် စည်ကားသိုက်မြိုက် နေပါတော့သည်။

ကျင်းလိမ်မြို့စားကြီး၏ မွေးနေ့ပွဲသို့ သိုင်းလောကသားများ အုပ်စုဖွဲ့၍၎င်း၊ တစ်ယောက်ခြင်းသော်၎င်း ရောက်ရှိလာကြလေသည်။

မွေးနေ့ပွဲကျင်းပမည့်နေ့ မရောက်မီ ဆယ်ရက်ခန့် အလိုကတည်းက ဧည့်သည်များ တဖွဲဖွဲ ရောက်လာကြခြင်း ဖြစ်ပေတော့သည်။

ကျင်းလိမ်မြို့စားဂေဟာသို့ မရောက်မီ နှစ်မိုင်ခန့် အကွာတွင် ရွာကလေး တစ်ရွာ ရှိသည်။

ထိုရွာကလေး၌ စားသောက်ဆိုင်တစ်ဆိုင်နှင့် တည်းခိုခန်း တစ်ခု ရှိပေသည်။

ခရီးဝေးမှ လာခဲ့ကြသော ဧည့်သည်များသည် ထိုရွာကလေးသို့ ဝင်ကာ ခေတ္တအမောဖြေ ခရီးတစ်ထောက် နားတတ်ကြလေသည်။



အချို့က စားသောက်ဖွယ်ရာများပင် မှာကြားသုံးဆောင်သလို အချို့က ညအိပ်စခန်းချ ကြလေသည်။

အထူးသဖြင့်...

မြင်းစီးလာသူများသည် မြင်းကို အစာရေစာ ကျွေးမွေးရန် ခေတ္တနားကြသည်။

အားလုံးသော လူများသည် ခရီးဝေးမှ လာခဲ့ကြရသဖြင့် ပင်ပန်းနွမ်းနယ် နေကြသည် မဟုတ်ပါလား။

ကျင်းလိမ်မြို့စားဂေဟာသို့ ရောက်တော့မည် ဖြစ်ရာ စိတ်အေးသွားပြီး အနားယူကြခြင်း ဖြစ်သည်။

ခရီးဝေး နှင်လာသော မြင်းများကိုလည်း ခေတ္တတစ်ဖြုတ် အနားပေးကြခြင်း ဖြစ်သည်။

ထိုရွာကလေးသည် ဧည့်သည်များ ရောက်ရှိလာခြင်းကြောင့် စည်စည်ကားကား ဖြစ်လာလေသည်။

သို့သော်...ကျင်းလိမ်မြို့စားကြီး၏ မွေးနေ့ပွဲ နီးကပ်လာသည့် သုံးရက်မြောက် အချိန်မှစ၍ ထူးခြားသော ဖြစ်ရပ်များ ပေါ်ပေါက်လာလေသည်။

အကြောင်းကား...

ထိုရွာကလေး၌ တည်းခိုပြီး ကျင်းလိမ်မြို့စားဂေဟာသို့ ခရီးဆက်ကြသူများမှာ ကျင်းလိမ်မြို့စားဂေဟာသို့ မရောက်ဘဲ လမ်းခုလတ်တွင် ပျောက်ဆုံးသွားကြခြင်း ဖြစ်ပေသည်။

အုပ်စုဖွဲ့၍ သွားလာကြသူများသာ ကျင်းလိမ်မြို့စားဂေဟာသို့ ခွာကင်းရန်ကင်း ရောက်ရှိသွားကြ၏။

တစ်ဦးတစ်ယောက်ချင်း သွားလာသူများကား ပျောက်ခြင်းလှ ပျောက်ဆုံးသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမတွင် ထိုကိစ္စကို မည်သူမျှ မသိကြသော်လည်း နောက်ပိုင်းလူများ ပျောက်ဆုံးနေသည်ကို တဖြည်းဖြည်း ရိပ်စားမိလာကြလေတော့သည်။

○ ○ ○

"ဟား...ဟား...ဟား"

ကျောက်ဖုံး၏ ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ဆားလိန်တို့ ညီအစ်ကိုငါးယောက်လည်း သဘောကျစွာ ရယ်မောလိုက်ကြသည်။

"ဟား...ဟား...ဟား"

သူတို့၏ ရယ်မောသံများ ဟိန်းထွက်နေ၏။

သူတို့၏ ရယ်မောသံနှင့် မရှေးမနှောင်းမှာပင်...

"ဟီး...ဟီး...ဟီး"

ရှည်လျားသော မြင်းဟီသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

မြင်းနှစ်ကောင်သည် ပိုင်ရှင်မဲ့သွားပြီ ဖြစ်၍ ရှည်လျားစွာ ဟီရင်း ခုန်ပေါက်ထွက်ပြေးသွားကြသည်။

မြင်းပိုင်ရှင် နှစ်ယောက်ကား သိုင်းလောကမှ ထင်ရှားသော "ကျားညီနောင်" ဖြစ်သည်။

သူတို့၏အတွင်းအားသည် ပြိုင်စံရှားလှသည်ဟု ကျော်ကြား၏။

တိုက်ကျာနယ်သားများ ဖြစ်ကြပြီး အနက်ရောင် သိုင်းလောကသားများအား နေရာမရွေး လိုက်လံသုတ်သင် ရှင်းလင်းနေသော သိုင်းသမားနှစ်ယောက်ဖြစ်သည်။



ယခု...

သူတို့သည် အဖိုးတန် လက်ဆောင်ပဏ္ဏာများ ယူဆောင်ကာ ကျင်းလိမ်မြို့စား၏ မွေးနေ့သို့ တက်ရောက်ရန် ထွက်လာခဲ့ကြသည်။

သို့သော်လည်း...

လမ်းခုလတ်တွင် ကျောက်ဖုံးတို့ လူစုနှင့် မမျှော်လင့်ဘဲ ရင်ဆိုင်တိုးမိကြသည်။

ကျားညီနောင်သည် ကျောက်ဖုံးထံ၌ ကင်းဆိပ်ခါးရှိကြောင်း မသိခဲ့ကြချေ။

ထို့ကြောင့်...

သုတ်သင်ရှင်းလင်းရန် ကြိုးစားခဲ့သည်။

ကျောက်ဖုံးက သူတို့အား ကိုယ်ယောင်ပြကာ လမ်းဘေးတောအုပ်ထဲသို့ မျှားခေါ်သွားခဲ့သည်။

ကျားညီနောင်လည်း ကျောက်ဖုံးအား အလွတ်မပေးဘဲ တရကြမ်း လိုက်လံ တိုက်ခိုက်ခဲ့၏။

တောအုပ်ထဲ ရောက်လျှင် ကျောက်ဖုံးက ကင်းဆိပ်ခါးဖြင့် အသုံးပြု တိုက်ခိုက်ခဲ့၏။

သူ့အား ဆားလိန်တို့ ညီအစ်ကို ငါးယောက်က ကူညီခဲ့ကြလေသည်။

ကျားညီနောင်မှာ ထောင်ချောက်ထဲ ရောက်နေပြီ ဖြစ်ကြောင်း ရိပ်မိကာ အပြင်းအထန် ခုခံတိုက်ခိုက်ခဲ့ကြသည်။

သို့သော်...

ကင်းဆိပ်ခါးကို ရင်ဆိုင်နိုင်ခြင်း မရှိသဖြင့် ကျားညီနောင်မှာ ကျဆုံးသွားခဲ့ရလေသည်။

ယခုဆိုလျှင်...

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖုံးတို့လှေစု ထောင်ချောက်ဆင်ကာ သုတ်သင်ရှင်းလင်းပစ်လိုက်သည့် ထိပ်တန်း သိုင်းသမား နှစ်ဆယ်ခန့်ပင် ရှိပြီဖြစ်လေသည်။

ကျောက်ဖုံးတို့သည် ထိုလူများ ယူဆောင်လာသော လက်ဆောင် ပစ္စည်းများကို အပိုင်စီးလိုက်ကြ၏။

ကျောက်ဖုံးက အတန်ကြာ ရယ်မောပြီးမှ မြေပေါ်၌လဲကျနေသော ကျားညီနောင်ကို ကြည့်ကာ...

"အင်း...ကျားညီနောင်ဟာ သိုင်းလောကမှာ အတော်ကလေး နာမည်ကြီးတာပဲ ဒါပေမယ့် နောက်ဆုံးကျတော့ ကျုပ် လက်ချက်နဲ့ သေဆုံးသွားရတာပဲ မဟုတ်လား"

ဟု ဝင့်ကြွားစွာ ပြောလိုက်လေသည်။

ဆားလိန်ကလည်း သူ့အလိုကျ မြှောက်ပင့် ပြောဆိုလိုက်လေသည်။

"မှန်တာပေါ့ဗျာ၊ ကင်းဆိပ်ဓား ပိုင်ရှင်ကို အန်တုလို့ ဘယ်ရပါ့မလဲ၊ ကျုပ်အခုလို လူမသိသူမသိ လှုပ်ရှားတိုက်ခိုက်နေရတာ ဘဝင်မကျဖြစ်ရတယ်ဗျာ ခင်ဗျား ဒီထက်ကောင်းတဲ့ နည်းလမ်း ရှာပါဦးလား"

ကျောက်ဖုံး မျက်မှောင်ကြုတ်သွား၏။

"ဒီထက်ကောင်းတဲ့ နည်းလမ်း ဟုတ်လား"

ဟု မေးလိုက်၏။

ဆားလိန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ကျောက်ဖုံး စိတ်ဝင်စားသွားပြီး...

"နေပါဦး ခင်ဗျားက ဘယ်လိုများ တွေးမိလို့လဲဗျ"



ဟု မေးလိုက်လေသည်။

ဆားလိန်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး...

"တကယ်လို့သာ ကျုပ်တို့မှာ လူအင်အား တောင့်တင်းရင် ကျင်းလိမ်မြို့စားဂေဟာသွားပြီး ဖြောင်ကျကျ စိန်ခေါ်လို့ရတယ် ကျုပ်တို့ကို ယှဉ်နိုင်သူ မရှိဘူးဆိုရင် သိုင်းလောကတစ်ခုလုံးကို ခြယ်လှယ်နိုင်ပြီပေါ့ဗျာ"

ဟု ပြောလိုက်သည်။

သူက ကျောက်ဖုံး သွေးကြွလာအောင် မြှောက်ထိုးပင့်ကော်မြှောက်ပေးလိုက်ခြင်း ဖြစ်ပေသည်။

ထိုစကားကြားလျှင်...

မှားသည် မှန်သည် မတွေးမိဘဲ ကျောက်ဖုံး စိတ်ဓာတ်တက်ကြွလာ၏။

သူက ဦးခေါင်း တဆတ်ဆတ်ညိတ်ရင်း...

"ဟုတ်တယ်၊ ကျုပ်ကလည်း ဖြောင်ကျကျ ရင်ဆိုင်ချင်တာပဲ ဒါပေမယ့် လူအင်အား မရှိတာခက်တယ်ဗျ"

ဟု ပြောလာ၏။

ဆားလိန် ပြုံးလိုက်သည်။

"လွယ်ပါတယ်ဗျာ၊ ခင်ဗျား နောက်က ရပ်တည်နေတဲ့ မန်ချူးတွေဆီမှာ အကူအညီ တောင်းလိုက်ရုံပေါ့"

ကျောက်ဖုံး ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူးဗျ"

ဆားလိန် မျက်မှောင် ကြုတ်သွား၏။

"ဘာကြောင့်လဲ"

ကျောက်ဖုံးက...

www.burmeseclassic.com

www.burmeseclassic.com



"မန်ချူးတွေက ကျူးကျော်ဖို့ စိုင်းပြင်းနေတာ မှန်ပေမယ့် အဆင့်သင့် မဖြစ်ခင် ဘာပြဿနာမှ မပေါ်စေချင်ကြဘူး။ သူတို့ ကိုယ်တိုင် ပါဝင်ရမယ့် ကိစ္စဆိုရင် ခေါင်းရှောင်နေကြမှာပဲ"

ဆားလိန် သဘောကျစွာ ရယ်မောလိုက်၏။

ကျောက်ဖုံးအား စိုက်ကြည့်ကာ...

"ကျုပ်တို့ဟာ မိတ်ဆွေရင်းတွေ ဖြစ်နေကြပြီးမို့ အကြံတစ်ခု ပေးပါရစေဗျာ"

ကျောက်ဖုံး ခေါင်းညိတ်လိုက်၏။

"ပြောပါ ဘယ်လိုအကြံများလဲ၊ ခင်ဗျား အကြံ သင့်မြတ်တယ်ဆိုရင် ကျုပ် လက်ခံရမှာပေါ့ဗျာ"

ဆားလိန်က...

"ဒီလိုဗျ၊ မန်ချူးတွေဘက်မှာ သိုင်းပညာတတ်တဲ့ လူတွေ ရှိတယ် မဟုတ်လား၊ သူတို့ကို ကျုပ်တို့လို အဝတ်အစားမျိုး ပြောင်းလဲဝတ်ဆင်နိုင်းရင် မန်းချူးလို့ တော်ရုံတန်ရုံ ဘယ်သူက သိနိုင်တော့မှာလဲ၊ ဝတ်စားဆင်ယင်ပုံ၊ သွားပုံလာပုံကအစ နည်းနည်း ပြုပြင်လိုက်ရင် ရပါတယ်ဗျာ"

ထိုစကားကြားလျှင် ကျောက်ဖုံး ဝမ်းသာသွားလေသည်။

အကြောင်းကား...

သူ၏ အကြံအစည် အမြန်ဆုံး အကောင်အထည် ဖော်နိုင်ရန် ဆားလိန်ပြောသည့် အကြံက အကောင်းဆုံး ဖြစ်ပေသည်။

မန်ချူးများဘက်၌ သိုင်းပညာကော်သော ထိပ်တန်းသိုင်းသမား အတော်များများ ရှိနေကြပေသည်။

ထိုလူများကို စည်းရုံးအသုံးပြုနိုင်လျှင် သူ၏ အကြံအစည် ကျိန်းသေ အောင်မြင်ရမည်ဟု ယုံကြည်လာလေတော့သည်။



"အင်း...ခင်ဗျားအကြံ ကောင်းသားပဲ၊ ကျုပ် စာပို့ခိုလွှတ်တင်ပြလိမ့်မယ်၊ သူတို့ သဘောတူရင် ချက်ချင်း လူလွှတ်ပေးလိုကြမှာပဲဗျ၊ ကျုပ်လက်ထဲမှာ ကင်းဆိပ်ဓား ရောက်နေပြီဆိုရင် ကျုပ်ရဲ့ တောင်းဆိုချက်ကို လိုက်လျောမှာ သေချာတယ်"

သူက ကျေနပ်သော လေသံဖြင့် ပြောလိုက်သည်။

သူတို့စကားကောင်းနေစဉ် အဝေးမှ မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဆားလိန်က...

"ယော...ကျုပ်တို့အတွက် နောက်ထပ် လက်ဆောင်ပို့မလူတွေ လာနေပြီ ထင်တယ်"

ထိုစကားကြောင့် ကျောက်ဖုံး ပြုံးလိုက်သည်။

သူတို့သည် တိုက်ပွဲတိုင်း အနိုင်ရခြင်းကြောင့် စိတ်ဓာတ်ကြွနေကြ၏။

နောက်ထပ် တိုက်ပွဲများ ရင်ဆိုင်ရန်လည်း အသင့်ဖြစ်နေကြလေသည်။

သေသေချာချာ နားထောင်လိုက်သောအခါ မြင်းခွာသံမှာ မြင်းသုံးလေးကောင် ခုရုံးပြေးလွှားလာရာမှ ထွက်လာခြင်းဖြစ်ကြောင်း ရိပ်မိလိုက်ကြသည်။

ဆားလိန်က...

"လူလေးယောက် လာနေတယ်ဗျ"

ဟု ပြောလိုက်၏။

ယခင်ကဆိုလျှင်...

လူလေးယောက်ခန့် ခုရုံးရောက်လာသော အုပ်စုဆိုလျှင် တိုက်ခိုက်ခြင်း မပြုဘဲ ရှောင်ရှားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ...

ဆားလိန်တို့ ညီအစ်ကိုငါးယောက်နှင့် ကျောက်ဖုံး ပေါင်း ခြောက်ယောက်သာ ရှိသည် မဟုတ်ပါလား။

သူတို့သည် တိုက်ပွဲပေါင်း မရေတွက်နိုင်အောင် ရင်ဆိုင်ရ မည်ဖြစ်ရာ လူများများနှင့် ရင်ဆိုင်ခြင်း မပြုဘဲ ရှောင်ရှားကြ၏။

ပိုင်လောက်ပြီထင်မှ တစ်ဦးတစ်ယောက်ချင်း လာသူများ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ၊ လာသူများကို ရင်ဆိုင် သုတ်သင် ကြလေသည်။

ဆားလိန်၏ စကားက တိုက်ခိုက်ခြင်း မပြုဘဲ တောအုပ်ထဲ ပုန်းအောင်းနေရန် ဖော်ပြလိုက်သလို ရှိ၏။

ကျောက်ဖုံး သက်ပြင်းတစ်ချက် ချလိုက်သည်။

သူက စိတ်လှုပ်ရှားနေပြီး ထွက်၍ တိုက်လိုသည်။

သို့သော်...

ဆားလိန်တို့၏ အကူအညီ မရမည်ကို စိုးရိမ်သဖြင့် အသာ ငြိမ်နေလိုက်၏။

ထိုစဉ်မှာပင်...

မြင်းခွာသံများသည် တောအုပ်ရှေ့သို့ ရောက်ရှိလာပြီး ရပ်တန့် သွားကြသည်ကို ကြားလိုက်ရ၏။

တစ်ဆက်တည်း စကားသံများ ထွက်ပေါ်လာသည်ကိုပါ ကြား လိုက်ရသည်။

"ကျားညီနောင်ရဲ့ မြင်းနှစ်ကောင်ဟာ ဒီတောအုပ်ထဲက ထွက် လာတာပဲ ကျားညီနောင်တော့ ပါမလာကြဘူး၊ သူတို့တစ်ခုခု ဖြစ်နေ ကြပြီ ထင်တယ်"



"ဟုတ်တယ်၊ မြို့စားဂေဟာကိုသွားတဲ့ ခြေသည်တွေ ဒီတော အုပ်ကို ဖြတ်ပြီးမှ ပျောက်သွားကြတယ် တောအုပ်ထဲမှာ တစ်ခုခု တော့ ဖြစ်နေပြီ"

"တို့တောအုပ်ထဲ ဝင်ကြည့်ကြရအောင်"

"ကောင်းတယ်"

စကားသံများနှင့် မရှေးမနှောင်းတွင် တောအုပ်ထဲ ဝင်လာသူ လေးယောက်ကို တွေ့မြင်လိုက်ရ၏။

ထိုလူလေးယောက်၏ ဝတ်စားဆင်ယင်ပုံကို ကြည့်ရခြင်း ဖြင့် ကျင်းလိမ်မြို့စားဂေဟာမှ သိုင်းသမားများ ဖြစ်ကြောင်း သိနိုင် ပေ၏။

ဆားလိန်က အသံတိုးတိုးဖြင့်...

"သိုင်းသမားတွေ ပျောက်ဆုံးနေတာ သူတို့ရိပ်မိသွားကြပြီ ကျုပ်တို့ ရှေ့ဆက်လှုပ်ရှားဖို့ မလွယ်တော့ဘူးထင်တယ်"

ဟု ပြောလိုက်၏။

သူတို့၏ အကြံကို ရှေ့ဆက်အကောင်အထည် မဖော်တော့ဘဲ နောက်ဆုတ်ရန် တိုက်တွန်းလိုက်ခြင်းပင် ဖြစ်သည်။

ကျောက်ဖုံး မကျေမနပ် ဖြစ်သွားသည်။

"အို...ဘာဖြစ်လို့ နောက်ဆုတ်ရမှာလဲ၊ သူတို့ကို သုတ်သင် လိုက်ရင် ပြီးတာပဲ၊ ဘယ်သူက သိနိုင်ဦးမှာလဲဗျ"

ပြောရင်း ကင်းဆိပ်ဓားကို ဆွဲထုတ်ကာ ရှေ့သို့ ခုန်ထွက် သွားလေသည်။

ဆားလိန်က ဟန့်တားရန် ကြိုးစားလိုက်သော်လည်း နောက်ကျ သွားချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖုံးက ရှေ့သို့ခုန်ထွက်သွားပြီး တောအုပ်ထဲသို့ လှမ်းဝင်လာသူ လေးယောက်ကို ဟန့်တားလိုက်တော့သည်။

၀ ၀ ၀

ပိုးဖလံ

တောအုပ်ထဲသို့ ဝင်လာသူ လေးယောက်မှာ ခြေလှမ်းတုံ့ခရပ်သွားကြ၏။

အကြောင်းကား ...

သစ်ပင်နောက်ကွယ်မှ လူတစ်ယောက် ခုန်ထွက်လာသည်ကတွေ့လိုက်ရခြင်းကြောင့်ပင်။

မရှေးမနှောင်းမှာပင် ...

နောက်ထပ် လူငါးယောက် ပြေးထွက်လာကြပြီး ပတ်ပတ်လည် ဝိုင်းရံထားလိုက်ကြသည်။

မြို့စားဇေဟာမှ သိုင်းသမားလေးယောက် ရင်ထိတ်သွားကြ၏။

တစ်ယောက်က ကျောက်ဖုံးကို စိုက်ကြည့်ရင်း ...

"ခင်ဗျားတို့က ဘယ်သူတွေလဲ၊ တောအုပ်ထဲမှာ ဘာလာလုပ်ကြတာလဲ"

ဟု မေးလာ၏။

ကျောက်ဖုံး ရယ်မောလိုက်သည်။

"မင်းတို့ လိုက်ရှာနေတဲ့ လူတွေလေကွာ"

"ဘာ"

"မင်းတို့ တောအုပ်ရှေ့က ဖြတ်သွားရင်း ပျောက်ဆုံးသွားတဲ့ သိုင်းသမားတွေကို လိုက်ရှာနေကြတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ"

"အေး...သူတို့ ဘယ်မှာရှိတယ်ဆိုတာ ကျုပ် သိတယ်"

ထိုလူ ဝမ်းသာသွား၏။

"ခင်ဗျား သိတယ်ဟုတ်လား၊ ပြောစမ်းပါဦး သူတို့က မြို့စားဂေဟာကို မလာဘဲ တောအုပ်ထဲမှာ ဘာလုပ်နေကြတာတုန်း"

"သိချင်ရင် လွယ်ပါတယ်၊ မင်းတို့ လိုက်သွားပြီး မေးကြည့်ပေါ့"

"ကျုပ်တို့ လိုက်သွားရမယ် ဟုတ်လား၊ ဘယ်လို လိုက်သွားရမှာလဲဗျ"

"သေမင်း တိုင်းပြည်ကိုပေါ့"

"ဘာဗျ"

"ဟား...ဟား...ဟား မင်းတို့ လိုက်ရှာနေတဲ့ လူအားလုံး သေကုန်ပြီလေ၊ သူတို့ကို တွေ့ချင်ရင် သေမင်းတိုင်းပြည်ကို လိုက်သွားကြပေါ့"

"ဘာ...သူတို့ သေကုန်ကြပြီ ဟုတ်လား ဘယ်လိုလုပ် သေကုန်တာလဲ၊ ခင်ဗျားတို့ကကော ဘယ်သူတွေလဲ"

"ဟား...ဟား...ဟား ကျုပ်တို့က သေမင်းနိုင်ငံကို ပို့ပေးတဲ့လူတွေလေ မင်းတို့ကိုလဲ ကူညီမှာပါကွ"

ပြောရင်း ရှေ့သို့ တိုးလာ၏။

မြို့စားဂေဟာမှ သိုင်းသမားလေးယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။

သူတို့သည် သိုင်းပညာထူးချွန် ကြသူများ ဖြစ်သော်လည်း မြို့စားဂေဟာ၌သာ နေထိုင်ခဲ့ကြခြင်း ဖြစ်သောကြောင့် သိုင်းလောကမှ အဖြစ်အပျက်ကို မသိချေ။



ကျောက်ဖုံးကိုလည်း မသိကြပါ။

တစ်ယောက်က ကျောက်ဖုံးကို စိုက်ကြည့်ကာ...

"နေစမ်းပါဦး ခင်ဗျားက ဘယ်သူလဲ ဘာကြောင့် မြို့စားကြီးရဲ့ မွေးနေ့ပွဲ တက်ရောက်လာတဲ့ လူတွေကို ရန်ရှာရတာလဲ"

ဟု မေးလိုက်၏။

ကျောက်ဖုံးက...

"ကျုပ်ကိုတောင် မသိကြတာ စိတ်မကောင်းစရာပဲ ကဲ သေသေချာချာ မှတ်ထားကြပေတော့ ကျုပ် နာမည် ကျောက်ဖုံးလို့ ခေါ်တယ် ကျုပ်ဟာ ကင်းဆိပ်ခါးကိုင်ပြီး သိုင်းလောကကို စိုးမိုးဖို့ ခြေလှမ်းပြင်နေတာကွ"

ထိုစကားကြားလျှင်...

မြို့စားဂေဟာမှ သိုင်းသမားလေးယောက် ထိတ်လန့်တုန်လှုပ် သွားကြလေတော့သည်။

○ ○ ○

လူတိုင်း လူတိုင်းသည် မြင့်မားသော အကြံအစည် ရှိကြသည် ချည်း ဖြစ်သည်။

သို့သော်...အကြံအစည်တိုင်းသည် လူ့လောကနှင့် အံဝင်ချင်မှ အံဝင်နိုင်မည် ဖြစ်ပါသည်။

တစ်ခါတစ်ရံ အကြံအစည် တစ်ရပ်သည် လောကလူသားများအတွက် များစွာ အန္တရာယ်များသော အကြံအစည်များ ဖြစ်နေတတ်ပေသည်။

မိမိအကြံ အထမြောက်ရေးအတွက် တရားသည် မတရားသည် ဆင်ခြင် စဉ်စားနိုင်ခြင်း မရှိအောင် ဖြစ်လာတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တရားဥပဒေကို အလိုအလျှောက်ပင် ချိုးဖောက်မိလျက်သား ဖြစ်သွားတတ်ပေသည်။

လောကတွင် မကောင်းမှုဟူသည် ဆိုတ်ကွယ်ရာ မရှိနိုင်ပါ။

သို့သော်...

ကျောက်ဖုံးကား မိမိအကြံအစည်မှလွဲ၍ အခြားဘာကိုမျှ ဆင်ခြင်စဉ်းစားနိုင်ခြင်း မရှိတော့ပေ။

မိမိအကြံအစည် အောင်မြင် အထမြောက်ရေးကိုသာ အာရုံရောက်နေပြီ ဖြစ်သည်။

မြို့စားဂေဟာမှ သိုင်းသမားလေးယောက်သည် ကျောက်ဖုံး၏ အကြံအစည်ကို သိရှိရသည့်အခါ ထိတ်လန့်အံ့သြ သွားကြသည်။

သိုင်းသမား လေးယောက်အနက် တစ်ယောက်သည် ကျောက်ဖုံးကို မျက်လုံးပြူး၍ ကြည့်ပြီး...

"ခင်...ခင်ဗျားက ကင်းဆိပ်စား ရထားပြီးပြီ ဟုတ်လား"

ကျောက်ဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ခင်ဗျား ဘယ်လိုလုပ် ရထားတာလဲဗျ၊ စုမာဖုံးက ကင်းဆိပ်စား နောက်ကို လိုက်နေတာပဲ"

"ဘာလဲ မင်း မယုံဘူးလား၊ ကောင်းပြီ ဒါဖြင့် သေသေချာချာ ကြည့်ထား"

စကားဆုံးလျှင် ရှေ့တိုးကာ ကင်းဆိပ်စားဖြင့် ခုတ်ချလိုက်၏။

ထိုလူ ကပျာကယာ ရှောင်တိမ်းရန် ကြိုးစားလိုက်သည်။

သို့သော်...

မည်းမည်း အရိပ်ကြီး လွှမ်းခြုံလာသည်ကို တွေ့မြင်လိုက်ရပြီးလျှင်



"အား"

စူးရှစွာ အော်ဟစ်ကာ မြေပေါ်ခွေခနဲ လဲကျသွား၏။

"ဟင်"

"ဟာ"

ကျန်လူသုံးယောက် အထိတ်တလန့် ဖြစ်သွားကြသည်။ အခြေအနေ မဟန်မှန်းသိလျှင် လက်နက်ကိုယ်စီ ဆွဲထုတ်ကာ ရင်ဆိုင်တိုက်ခိုက်လိုက်၏။

သို့သော်...ဆားလိန်တို့ ညီအစ်ကို ငါးယောက်က သူတို့ထက် လျင်မြန်နေပေတော့၏။

ကျောက်ဖုံး လှုပ်ရှားလိုက်သည်နှင့် တစ်ပြိုင်နက် သူတို့လည်း ခပ်သွက်သွက်လေး လှုပ်ရှားလိုက်ကြသည်။

ဝင်းလက်သော အလင်းရောင်များ ဖြိုးဖြိုးပျက်ပျက် ထွက်ပေါ်လာသည်။

"အား"

"အွန့်"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာ၏။

မြို့စားဂေဟာမှ သိုင်းသမား သုံးယောက်ကား တစ်ယောက်ပြီး တစ်ယောက် မြေပေါ်သို့ လဲကျသွားသည်။

"ဟား...ဟား...ဟား"

ကျောက်ဖုံးက သဘောကျစွာ ရယ်မောလိုက်၏။

ဆားလိန်က မကျေမနပ်ဖြင့်...

"ကျောက်ဖုံး ကျုပ်တို့ ဒီမှာ ဆက်နေရင် အန္တရာယ် ဖြစ်လိမ့်မယ်၊ ဒီက မြန်မြန် ထွက်သွားရင် ကောင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု သတိပေးလိုက်သည်။

သူ၏ သတိပေးစကားကို ကျောက်ဖုံးက လုံးဝအရေးမစိုက်ပါချေ။

"အို... ကျုပ်တို့ ဘာဖြစ်လို့ ထွက်သွားရမှာလဲ"

ဆားလိန်က...

"ကျုပ်တို့ ထွက်မသွားရင် ပျောက်ဆုံးနေတဲ့ သိုင်းလောကသားတွေကို လိုက်ရှာနေကြတဲ့ လူတွေနဲ့ ရင်ဆိုင်ကြရမှာပဲ"

ကျောက်ဖုံး မဲ့ပြုံး ပြုံးလိုက်၏။

"ဘာဖြစ်လဲ၊ လာတဲ့လူ မှန်သမျှ ရှင်းပစ်တာပေါ့"

ဆားလိန် ဒေါပွသွားသည်။

"သူတို့က တစ်ယောက်ချင်း လာမှာ မဟုတ်ဘူး၊ အုပ်စုဖွဲ့ပြီးလာကြမှာ၊ ခင်ဗျား ဘယ်လို ရင်ဆိုင်မလဲ"

ဆားလိန် ထိတ်လန့်ကြောက်ရွံ့နေသည်ကို တွေ့လျှင် ကျောက်ဖုံး ဒေါသထွက်သွားသည်။

မြေပေါ် ခြေတစ်ချက် ဆောင့်ကာ...

"ခင်ဗျားဟာ အတော်ကြောက်တတ်တာပဲ၊ ကျုပ်တို့မှာ ကင်းဆိပ်မြား ရှိနေပြီပဲ၊ ဘာကြောက်စရာ လိုသလဲဗျ"

ဆားလိန်က...

"ကျုပ်က ကြောက်တာ မဟုတ်ဘူး၊ အခြေအနေကို အမှန်အတိုင်း ပြောနေတာ၊ ခင်ဗျားက ကင်းဆိပ်မြား အားကိုးပြီး အမှန်အတိုင်း မမြင်နိုင်ဘဲ ဖြစ်နေတာဗျ"

ကျောက်ဖုံး၏ မျက်နှာ တင်းမာခက်ထန် သွားသည်။

"ကျုပ် နားမလည်ဘူး ခင်ဗျားတို့ ကျုပ်စကား နားမထောင်ဘဲ သွားမယ်ဆိုရင် ကျုပ်ကို သစ္စာဖောက်တယ်လို့ ယူဆရမှာပဲ"



လူသည် အားကိုးရလာသည့်အခါ ကိုယ့်ကိုယ်ကို ဘဝင်မြင့်တတ်၏။

အထိတ်တလန့် အကြောက်အရွံ့ဟူ၍ မရှိတော့ပေ။

ကိုယ့်ကိုယ်ကို လုံခြုံစိတ်ချရပြီဟု မှတ်ယူလာတတ်လေ့ ရှိကြသည်။

ကျောက်ဖုံးသည် ကင်းဆိပ်မြား အားကိုးရှိလာပြီဖြစ်၍ အမှန်ကို အမှန်တိုင်း မမြင်တတ်တော့ချေ။

ကိုယ့်ကိုယ်ကို ထင်တစ်လုံးဖြင့် အဟုတ်ကြီးမှတ်နေပေပြီ။

ဆားလိန်မှာ အတော်ပင် အကြံအိုက်နေ၏။

ရှေ့တိုးမရသလို နောက်ဆုတ်၍လည်း မရ။

အားကျပ်နံကျပ် အနေအထား ရောက်ရှိနေပြီ ဖြစ်လေသည်။

ကျောက်ဖုံးက...

"ခင်ဗျား ထွက်သွားချင်တယ်ဆိုရင် ကျုပ်လက်ထဲက ကင်းဆိပ်မြားက ခွင့်ပြုမှ သွားနိုင်မယ်ဗျ"

ဟု ပြတ်သားစွာ ပြောလိုက်သည်။

ဆားလိန် သက်ပြင်းချလိုက်သည်။

တော်အုပ် တစ်နေရာသို့ မျှော်ကြည့်ရင်း...

"ခင်ဗျားရဲ့ ကင်းဆိပ်မြားက ခွင့်ပြုတယ် ဆိုရင်တောင် ကျုပ်တို့ သွားလို့ရမှာ မဟုတ်တော့ဘူးဗျ"

သူ၏ စကားကြောင့် ကျောက်ဖုံး မျက်မှောင်ကြုတ်ကာ...

"ဘာဖြစ်လို့လဲ"

ဆားလိန်၏ မျက်နှာ တည်ကြည် လေးနက်သွားသည်၊

"ဘာဖြစ်ရမှာလဲ၊ ဟိုမှာ ကျုပ်တို့ကို သုတ်သင်မယ့်လူတွေ လာနေပြီလေဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖုံးမှာ ဆားလိန်၏ စကားကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး လှမ်းကြည့်လိုက်သည်။

ထိုအခါ ...

တောအုပ်ထဲသို့ လူတစ်စု လှမ်းဝင်လာနေကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

○ ○ ○



## မကောင်းမှုဒဏ်

တောအုပ်အရပ် လေးမျက်နှာမှ လူနှစ်ဆယ်ကျော်ခန့် ဝင်ရောက်လာကြသည်ကို တွေ့မြင်လိုက်ရ၏။

ရှေ့ဆုံးမှ ဦးဆောင်လာသူကား ကျင်းလိမ်မြို့စားကြီး ဖြစ်ပေသည်။

သူ၏ နောက်မှ ကိုယ်ရံတော် သိုင်းသမားများ မွေးနေ့ပွဲကို ရောက်ရှိလာသော ထိပ်သီးသိုင်း အကျော်အမော်များ လိုက်ပါလာကြ၏။

ကျောက်ဖုံး မျက်နှာ ပျက်သွားသည်။

သူ၏ ခန္ဓာကိုယ်လည်း တုန်တုန်ယင်ယင် ဖြစ်လာသည်၊

ပတ်ပတ်လည်တွင် သိုင်းသမားများ ပြေးပေါက်မရှိအောင် ဝိုင်းရံထားကြပြီ ဖြစ်သည်။

သိုင်းသမားများ အတွင်း၌ ကို့ထင်း၊ လုံယွမ်၊ ဂူဟောင်ကို့ ပါလာကြသည်ကိုလည်း တွေ့မြင်လိုက်ရ၏။

အမှန်တော့ သူတို့သည် လီဟောချန် ထားခဲ့သော သဲလွန်စ အတိုင်း နောက်မှ လိုက်လာခဲ့ကြသည်။

ကျန်းနန်းနယ်သို့ အရောက်တွင် လမ်းစပြတ်သွားခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလိမ်မြို့စားထံသို့ ဝင်ရောက်အကူအညီ တောင်းကြခြင်း ဖြစ်၏။

သိုင်းသမားများ ပျောက်ဆုံးနေသော ကိစ္စနှင့် ပတ်သက်၍ ကျင်းလိမ်မြို့စားကြီး ကိုယ်တိုင်လည်း ဒွိဟဖြစ်နေရာ စုံစမ်းရန် ထွက်လာခြင်း ဖြစ်သည်။

သိုင်းသမားများ ပျောက်ဆုံးသည်ဟူသော တောအုပ်သို့ ရောက်လျှင် ကျောက်ဖုံးတို့ လူစုနှင့် ဆိုက်ဆိုက်မြိုက်မြိုက် တိုးမိ ခြင်းပင်။

ကျောက်ဖုံးတို့၏ လက်ချက်ကြောင့် သေဆုံးနေကြသော ကိုယ်ရံတော် သိုင်းသမားလေးယောက်၏ အလောင်းက သက်သေခံနေပေသည်။

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ မရှိပါ။

မည်မျှ လျှို့ဝှက်စွာ လုပ်ကိုင်သည်ဖြစ်စေ မကောင်းမှုကို ဖုံးကွယ်၍ မရနိုင်ပါ။

လောကအကျိုး မပြုသော တိုင်းပြည်နှင့် လူမျိုးကို အကျိုးမပြုသော မည်သည့် အကြံအစည်မျှ အောင်မြင်နိုင်မည် မဟုတ်ပါ။

အမှန်တရားသည် မကောင်းမှုအားလုံးကို ချေဖျက်၏။

မကောင်းမှု ကျူးလွန်သူအတွက် ပြေးစရာမြေ မရှိပေ။

မကောင်းမှု အဏ်ကို တန်ပြန်ခံစားရမည်မှာ မလွဲကေန် သဘာဝတရားပင် ဖြစ်တော့သည်။

ကျောက်ဖုံးတို့ကား ပြေးမလွတ်တော့ချေ။

သူတို့လက်ချက် မဟုတ်ပါဟူ၍လည်း ငြင်းဆန်၍ မရတော့ပါချေ။

အကြောင်းကား... သူတို့အကြောင်း ကောင်းစွာ သိရှိထားသော ကိုထင်းတို့ ပါလာကြသည် မဟုတ်ပါလား။



ကျင်းလိမ်မြို့စားကြီးက ကျောက်ဖုံးကို သိရှိထားသည်။

"ကျောက်ဖုံး မင်းက အခုအချိန်ထိ မိုက်မဲနေတုန်းပဲကိုး"

ဟု ရေရွတ်လိုက်၏။

ကျောက်ဖုံးက အံကြိတ်ရင်း...

"ခင်ဗျားစကား ကြည့်ပြောပါ၊ ကင်းဆိပ်ဓားက ကျုပ်လက်ထဲ ရောက်နေပြီ၊ ခင်ဗျားတို့အားလုံး ဒုက္ခတွေ့ရလိမ့်မယ် ဆိုတာ မှတ်ထား"

"ဘာ ကင်းဆိပ်ဓား မင်းလက်ထဲမှာ ဟုတ်လား"

"ဟုတ်တယ်"

ပြောရင်း ကင်းဆိပ်ဓားကို ဝှေ့ယမ်း ပြလိုက်လေသည်။

ကျင်းလိမ်မြို့စားကြီး မျက်နှာပျက်သွားသည်။

ကိုထင်းတို့လည်း မျက်စိမျက်နှာ ပျက်နေကြသည်။

ကျောက်ဖုံး၏ လက်ထဲ၌ ကင်းဆိပ်ဓား ရှိနေခြင်းကြောင့် ရင်ဆိုင်ဖို့ မလွယ်ကြောင်း ရိပ်မိထားကြသည်။

ကျောက်ဖုံးက...

"ကင်းဆိပ်ဓား ဘယ်လောက်ကြောက်စရာ ကောင်းတယ် ဆိုတာ ခင်ဗျားတို့ သိတယ်မဟုတ်လား၊ ပြီးတော့ ဟောဒီအဆိပ် သိုင်းငါးဖော်လဲ ရှိသေးတယ်၊ ခင်ဗျားတို့ လူများပေမယ့် ကျုပ် မမှုသေးဘူးဗျ"

မှန်ပေသည်။

ဆားလိန်တို့ ငါးယောက်သည်လည်း အဆိပ်ကို နိုင်နင်းစွာ အသုံးချနိုင်ကြလေသည်။

အဆိပ်ဖြင့် တိုက်ခိုက်လာမည်ဆိုပါက လူများသော်လည်း အနိုင်ရဖို့ လွယ်မည် မဟုတ်ချေ။

www.burmeseclassic.com



နောက်ဆုံး...

အနိုင်ရသည့်တိုင် ကြီးမားသော တန်ဖိုး ပေးဆပ်ရမည် ဖြစ်သည်။

ကိုထင်းတို့ အခက် ကြုံတွေ့နေကြ၏။

ထိုစဉ်မှာပင်...

"ကျောက်ဖုံး...ကင်းဆိပ်စား လက်ထဲရှိတာနဲ့ လူတကာ အပေါ် အနိုင်ကျင့်လို့ ရမယ်ထင်ရင် မှားသွားမှာပေါ့"

ရုတ်တရက်...

စူးရှသော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

စကားသံနှင့်အတူ လူရိပ်တစ်ခု ရောက်ရှိလာသည်။

ထိုလူအား တွေ့ရလျှင် ကိုထင်းတို့ ဝမ်းသာသွားကြလေသည်။

ကျောက်ဖုံးကား မျက်နှာပျက်သွား၏။

ရောက်လာသူကို မယုံကြည်နိုင်စွာ ကြည့်ရင်း...

"စု...စုမာဖုံး"

ဟု ရေရွတ်လိုက်သည်။

မှန်ပေသည်။

စုမာဖုံး အချိန်မီ ရောက်လာခဲ့ပြီ ဖြစ်၏။

စုမာဖုံးက ကျောက်ဖုံးထံသို့ မျက်နှာမူကာ တစ်လှမ်းချင်း လျှောက်သွားလေတော့သည်။

○ ○ ○

စုမာဖုံး ရှေ့တိုးလာ၏။



ကျောက်ဖုံး လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

ထိုစဉ်မှာပင်...

"ယား"

အော်ဟစ်သံနှင့်အတူ ဆားလိန်က စတင် လှုပ်ရှားလေသည်။ သူက စုမာဖုံးအား တိုက်ခိုက်လိုက်ခြင်း မဟုတ်။ ကျောက်ဖုံးအား တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။

"သစ္စာဖောက်"

ကျောက်ဖုံးက အော်ဟစ်ရင်း ကင်းဆိပ်စားကို ဝှေ့ယမ်းလိုက်၏။

"အား"

စူးရှသော အော်သံ ထွက်ပေါ်လာ၏။

ဆားလိန် မြေပေါ် ဝုန်းခနဲ ပြုတ်ကျသွားသည်။

မြေပေါ်၌ တစ်ချက်လူးလွန့်ပြီး ငြိမ်ကျသွားလေသည်။

ဆားလိန် ခံလိုက်ရသည်ကို တွေ့လျှင် ဆားယိတို့ မခံနိုင်တော့ဘဲ ကျောက်ဖုံးအား ဝင်ရောက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြ၏။

သူတို့စိတ်ဝမ်း ကွဲကြချေပြီတည်း။

ကျောက်ဖုံးက ဆားယိတို့အား သတိပြုမိလိုက်သည့် တစ်ခဏတာ အချိန်အတွင်းမှာပင် လူရိပ်သဏ္ဌာန်တစ်ခု ရုတ်ခြည်းသူ၏ ရှေ့သို့ ရောက်လာ၏။

"ဟင်"

ကျောက်ဖုံး ထိတ်လန့်တ ကင်းဆိပ်စားဖြင့် ခုတ်လိုက်၏။ ထိုစဉ် သူ၏ လက်မောင်းတစ်ဖက် ထုံကျသွားပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဖတ်"

ကင်းဆိပ်ဓားကို လက်လွှတ်လိုက်ရ၏။

ကင်းဆိပ်ဓားကား ပုတ်ထုတ်ခြင်း ခံလိုက်ရသဖြင့် လဲကျသေဆုံးနေသော ဆားလိန် အနီးသို့ ကျရောက်သွားလေသည်။

ကျောက်ဖုံးက သူ့အား ဝင်ရောက်တိုက်ခိုက်လာသူအား တိတ်လန့် ကြောက်ရွံ့စွာ ကြည့်လိုက်၏။

ထိုလူမှာ စုမာဖုံး ဖြစ်နေသည်တကား။

စုမာဖုံးက စိုက်ကြည့်နေ၏။

ထို့ကြောင့်...

ကျောက်ဖုံး မနေတတ် မထိုင်တတ် ဖြစ်လာလေသည်။

ကင်းဆိပ်ဓားကား သူနှင့် အလှမ်းကွာဝေးသွားချေပြီ။

စုမာဖုံးသည် ကင်းဆိပ်ဓားနှင့် လက်တစ်ကမ်း အကွာတွင် ရောက်ရှိနေသည် မဟုတ်ပါလား။

စုမာဖုံးကား ကင်းဆိပ်ဓားကို လားလားမျှ အရေးမစိုက်ပါချေ။

ကျောက်ဖုံးကို စိုက်ကြည့်ရင်း...

"ခင်ဗျားရဲ့ ကောက်ကျစ် ယုတ်မာလှတဲ့ အကြံဉာဏ်တွေ ရှေ့ဆက် အသုံးမချနိုင်တော့အောင် ကျုပ် တားဆီးရမှာပဲ"

ကောက်ကျစ် ယုတ်မာသူအဖို့ နောက်ဆုံး ရလာဒ်မှာ ဘေးဒုက္ခသာ ဖြစ်ပေသည်။

မကောင်းမှု ကျူးလွန်သူသည် မိမိ၏ မကောင်းမှု ဒုစရိုက်လုပ်ငန်းများ ဘွားခနဲ ပေါ်ပေါက်လာသည့်အခါ ခြေမကိုင်မိ လက်မကိုင်မိ ထိတ်လန့် တုန်လှုပ်သွားကြသည်မှာ မုချဖြစ်သည်။

ကျောက်ဖုံး နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်မိ၏။



စုမာဖုံးကို ကြည့်ရင်း...

"မင်း... မင်း ဘယ်လိုလုပ် ဒီကိုရောက်လာတာလဲ ဗိုး ကို ဆေးက မပေးတော့ဘူးလေ"

စုမာဖုံး ပြုံးလိုက်၏။

"ခင်ဗျားက ကျုပ်ထက်တောင် ဗိုးလျှံအတွက် စိတ်ပူတာကိုး မပူပါနဲ့ဗျာ စိုးရိမ်စရာ မလိုတော့ပါဘူး သူ့ကို ကျုပ်ဆေးကိုယ်တိုင် ကြပ်မတ်ပြီး ဆေးကုရပေးနေပါတယ်၊ ကျုပ် မိတ်ဆွေတွေလည်း ကျုပ် ဆရာကို ဝိုင်းဝန်းကူညီ နေကြတယ်လေ"

"နေဦး...မင်းက ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲ"

"လွယ်ပါတယ်၊ ခင်ဗျားတို့ နောက်ကို တစ်ချိန်လုံး နောက်ယောင်ခံ လိုက်လာတဲ့ လီပေား ချန်ထားတဲ့ လျှို့ဝှက် အမှတ်အသားတွေအတိုင်း လိုက်လာတာပေါ့"

"လီပေား သေသွားတာ မင်း သိသလား"

"သူက ခင်ဗျား မလွတ်အောင် လမ်းပြပေးခဲ့တယ် ၊သူတာဝန်ကျေပါတယ်"

ကျောက်ဖုံး ကြံရာမရ ဖြစ်သွားသည်။

"သေပေတော့"

အော်ငေါက်ကာ လက်နက်ပုန်းများဖြင့် ပစ်ခတ်လိုက်၏၊

စုမာဖုံး မဲ့ပြုံး ပြုံးလိုက်သည်။

"ခင်ဗျား ဘာတတ်နိုင်မှာလဲ"

ပြောရင်း အင်္ကျီလက်အား ဝှေ့ယမ်းလိုက်သည်။

လက်နက်ပုန်းများမှာ မြေပေါ် တဖြုတ်ဖြုတ် ပြုတ်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖုံး မျက်နှာပျက်သွားသည်။

သူက ချက်ချင်းပင် ချာခနဲ လှည့်ကာ ထွက်ပြေးသွား၏။

ရှမာဖုံးက ဆားလိန် အနီးကျနေသော ကင်းဆိပ်ဓားအား လှုပ်တစ်ပြက် ကောက်ယူကာ ပစ်ပေါက်လိုက်၏။

"ဝှစ်"

ကင်းဆိပ်ဓားက ကျောက်ဖုံး၏ နောက်ကျောတည့်တည့်သို့ ပစ်လှွင့်စိုက်ဝင် သွားလေသည်။

"အား"

ကျောက်ဖုံး၏ စူးရှသော အော်သံနက်ကြီး ထွက်ပေါ်လာလေ တော့သည်။

○ ○ ○

အဆိပ်သိုင်း ငါးဖော်ကား ဆားလိန် သေဆုံးသွားပြီးနောက် အမှားများ သိမြင်ကာ အမြင်မှန် ရလာကြလေသည်။

ရှမာဖုံးက ကင်းဆိပ်ဓားအား ကျင်းလိမ်မြို့စားကြီး လက်သို့ အပ်လိုက်၏။

အမှန်တော့ ကျင်းလိမ်မြို့စားကြီးသည် ကင်းဆိပ်ဓား ပြဿနာကို ဖြေရှင်းရန် ရှမာဖုံးအား လျှို့ဝှက်တာဝန် ပေးခဲ့သော နန်းတွင်း၌ အရေးပါသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပေသည်။

ကျင်းလိမ်မြို့စားကြီးသည် အန္တရာယ်ကြီးလှသော ကင်းဆိပ်ဓားကြောင့် နောက်ထပ်မည်သူမျှ ဒုက္ခမရောက်စေရန် ဖျက်ဆီးဖို့ ယူဆောင်သွား၏။

အားလုံးသော သိုင်းသမားများသည် ကင်းဆိပ်ဓားအား



ဖျက်ဆီးပုံကို ကြည့်ရှုရန်နှင့် ကျင်းလိမ်မြို့စားကြီး၏ မွေးနေ့ တက်ရောက်ရန် တစ်ရုံတစ်ရုံးတည်း လိုက်ပါသွားကြ၏။

ရှမာဖုံးကား လိုက်ပါသွားခြင်း မရှိချေ။

အကြောင်းမှာ ဆေးဝါးကုသခြင်း ခံနေသော ဓားလျှံ အလျင်အမြန် ပြန်သွားလိုနေသည် မဟုတ်ပါလား။

အပြန်ခရီးတွင် သူ၏ ခြေလှမ်းများ ပေါ့ပါးသွက်လက်နေ

တာဝန်ဝတ္တရားကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ပြီး အပြုံ ကြီးဆိုနေမည်ဖြစ်သော ဓားလျှံကို တွေ့လိုမြင်လို နေပေတော့

○ ○ ○

လေပြည်လေညင်း ဖွေ့ယမ်း တိုက်ခတ်လာ၏။

ငှက်ကလေးများက တေးသီချင်း သီဆိုလျက်။

ဝန်းကျင်တစ်ခုလုံး ကြည်လင်နေ၏။

မကြာမီ လောကကြီး တစ်ခုလုံး သာယာလှပလာတော့ မဟုတ်ပါလား။

အမှန်တရားသည် လောကကို စောင့်ရှောက်၏။

အမှန်တရားကို မျက်ကွယ်ပြုသသည် လူ့လောက၌ ဝိုင်းဂြ မှုကို ခံရမည် ဖြစ်သည်။

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ မရှိဟု ဆိုရိုးစကားရှိ

မကောင်းမှု ကျူးလွန်သူသည် မိမိ၏ မကောင်းမှု သည့်အရာနှင့်မျှ ဖုံးကွယ် ဖျောက်ဖျက်၍ မရနိုင်ချေ

မကောင်းသော အပြုအမူ လုပ်ရပ်တိုင်းသည် မကောင်းေ အကျိုးဆက်ဖြင့်သာ နိဂုံးချုပ်ရမည် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တရား ထွန်းကားလာသည်နှင့်အမျှ လောကသည် အစဉ်ထာဝရ သာယာလှပနေမည်သာ ဖြစ်ပေတော့သည်။

(တတိယပိုင်း တတိသိမ်းပြီး၏)

တက္ကသိုလ် ဝင်းကြွယ်

BURMESE CLASSIC

www.burmeseclassic.com